
# လက်ဆွဲ ဥာဏ်စဉ် ကျမ်း



ရန်ကုန်မြို့-ဗုဒ္ဓသာသနာ့ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး၏နာယက
မော်လမြိုင်မြို့-ပဋိပတ္တိဝိပဿနာသာသနာပြု အသင်းကြီး၏
ဩဝါဒစရိယ မဟာနာယက
(သက်တော်-၆၇) (သိက္ခာတော်-၄၈)

**ဉာဏစာရီ-မဟာထေရ် ဆရာတော်၏ပုံ။**

၁၀၆၂၇

# နိုင်ငံတော် ကမ္မဋ္ဌာနာစရိယဖြစ်၍

ရန်ကုန် မော်လမြိုင် စသော
ဝိပဿနာအဖွဲ့ကြီးငယ် စုစု (၂၅၄) ဖွဲ့တို့၏ ဩဝါဒါစရိယ
မဟာနာယကဆရာတော် ဉာဏစာရီ မဟာထေရ်သည်
ဝိပဿနာ နည်းပြဆရာများ ဝိပဿနာအဟော
ဆရာများနှင့် ကဝိကဝိန် သုခမိန်စာပေရှင်
ပရိယတ္တိ ပဋိပတ္တိ ၂-ဘက်မြင်တို့၏ လွယ်ကူစေခြင်း အကျိုးငှာ
ပါဠိတော် အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ
ဂဏ္ဌိကျမ်းစုံညှိ၍ မိမိရရ ပြည့်ပြည့်ဝဝ စိစိငှငှ တိတိကျကျ
သိရှိကြစေရန် စီမံရေးသားအပ်သော

## သာသနာ (၂၅၀၀) ပေါ်သည့်စာ

ဝိပဿနာ

# လက်တွေ့ဉာဏ်စဉ်ကျမ်း

ဗုဒ္ဓာသယ ပါဠိဆရာအဖွဲ့မှ ကြီးကြပ်ပုံနှိပ်သည်
၁၃၂၈-ခု တပို့တွဲလပြည့်
ဒုတိယ နှိပ်ခြင်း

စာအုပ်ရေ (၁၅၀၀)

---

ဗုဒ္ဓာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
၄၆၁-A

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၁၅)

ထုတ်ဝေသူ- ဦးတူး။

မှတ်ပုံတင်အမှတ်- ( ၀၁၄၈ )။

အောင်သစ္စာ စာပေတိုက် အမှတ်-၁၈၊
လက်ခုပ်ပင် ကမာရွတ်။

ပုံနှိပ်သူ- ဦးသန်းမောင်။

မှတ်ပုံတင်အမှတ် ( ၀၇၉၄ )

ဣဋ္ဌာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| နိဒါန်း | | (က) |
| ဝိပဿနာပညာရှိမှ မဂ်ဖိုလ်နိဗ္ဗာန်ရ | .... | ၁ |
| သတိပဋ္ဌာန်အစွမ်းနှင့် ဓာတ်တရားအစွမ်းပြ | .... | ၃ |
| မြဲမြဲသုခ လုထားကြ | .... | ၄ |
| နိဗ္ဗာန်ဝင်လမ်းစဉ် ၇-ပါး | .... | ၅ |
| နိဗ္ဗာန်တွေ့မြင် | .... | ၁၁ |
| နိဗ္ဗာန်ဝိပဿနာအမြုတေ | .... | ၃၁ |
| အတွင်းမှုပြိုင် ရန်သူနိုင် | .... | ၃၄ |
| ရုံးတော်ကြီး ၂-ရပ် အဆုံးအဖြတ် | .... | ၄၉ |
| ဆွေးနွေးခဏ်း ၇-မျိုး | .... | ၈၃ |
| ပညာတံခွန်နေ့ | .... | ၉၅ |
| အာဇာနည်ရွေးကြ ရှစ်ဌာနနှင့် ဆ,ပါ | .... | ၉၇ |
| ဘုရား,တရား,သံဃာအစစ်နှင့် တထစ်တက်ကြ နတ်ပြည်ရောက်ပုံ ငါးဌာန သက်သေပြ | .... | ၁၀၃ |
| ဘုရားအစစ်နှင့် သဒ္ဒါအစစ် မှန်မှ နတ်ဘဝရ | .... | ၁၀၅ |
| ဘုရားငါးဆူဖူးရ အကျိုးငါးဆင့်မြင့်ပုံ | .... | ၁၀၆ |
| ဘုရား,တရား,သံဃာဟာ တရားတခုထဲပါ | .... | ၁၁၁ |
| ဗုဒ္ဓ-ဓမ္မ-သံဃ | .... | ၁၁၁ |
| ကိုးကွယ်စစ်ဆေးကြည့်တော့ | .... | ၁၁၂ |
| ပုံတော်ဘုရားနှင့် ဂုဏ်တော်ဘုရား | .... | ၁၁၃ |
| ဗုဒ္ဓဘုရား ၄-မျိုး,၅-မျိုး | .... | ၁၁၅ |
| စေတီတော် ၂-မျိုး | .... | ၁၁၆ |
| ဂိုဏ်းသင့်၍ ငရဲ၌ ရှည်မြင့်စွာ ခံရပုံ | .... | ၁၁၈ |
| ဉာဏ်စဉ်ဝတ္ထု | | |
| လင်းနို့ဉပမာ ဉာဏ်စဉ်တက် | .... | ၁၂၀ |
| မြွေဟောက်ဉပမာ ဉာဏ်စဉ်တက် | .... | ၁၂၁ |
| အိမ်ဉပမာ ဉာဏ်စဉ်တက် | .... | ၁၂၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| နွားဥပမာ ဉာဏ်စဉ်တက် | | .... | ၁၂၄ |
| ဘီလူးမနှင့်ညား ယောကျာ်း ဥပမာ | | .... | ၁၂၅ |
| သူငယ်ဥပမာ ဉာဏ်စဉ်တက် | | .... | ၁၂၅ |
| ငတ်မွတ်ခြင်းဝတ္ထု ဉာဏ်စဉ် | | .... | ၁၂၆ |
| ရေငတ်ဝတ္ထု ဉာဏ်စဉ် | | .... | ၁၂၆ |
| အချမ်းနှိပ်စက် ဉာဏ်စဉ် | | .... | ၁၂၇ |
| အပူနှိပ်စက် ဉာဏ်စဉ် | | .... | ၁၂၇ |
| အမှောင်နှိပ်စက် ဉာဏ်စဉ် | | .... | ၁၂၇ |
| အဆိပ်စားမိ ဉာဏ်စဉ် | | .... | ၁၂၇ |
| ကျွားရှင် မြင်းထင်စီးသူ ဉာဏ်စဉ် | | .... | ၁၂၇ |
| ဘီလူးမနှင့်ညား သူဌေးသား ပရိညာစဉ် | | .... | ၁၃၀ |
| မလှုပ်ဖူးအညာခံရ ဥစ္စာစောင့်မဖြစ်ပုံ | | .... | ၁၃၃ |
| ဝိသုဒ္ဓိ ၇-ပါး ရတနာ့ရွှေအိုး,ရွှေတွင်းကြီး | | .... | ၁၃၆ |
| ဝိသုဒ္ဓိ ၇-ပါး က၊ခ၊ဂ၊ဃ၊င၊စ၊ဆ၊ဇ၊ဈ၊ည၊ဋ၊ဌ၊ ဍ၊ဎ၊ ၁၄-ပုံစံ | | .... | ၁၃၉ |
| ငါးချက်ထွက်မြောက်စဉ် လမ်းရိုးကြီး | | .... | ၁၄၄ |
| လောကီနိဗ္ဗာန်နှင့် ယှဉ်ပြချက် | | .... | ၁၄၅ |
| **ဇာတ်သရုပ်ဖော်ဘယံ ကိုးဝတ္ထု** | | | |
| ပါဠိလိစောင်းသမားဝတ္ထု ကိုးကွယ်ရာမှ ဘေးရောက် | | | ၁၄၅ |
| အိုးထိန်းသည်ဝတ္ထု | ဥပမာ | .... | ၁၄၆ |
| အိမ်မီးလောင်သောယောကျာ်း | ဥပမာ | .... | ၁၄၆ |
| အစာမကြေသော.... | ဥပမာ | .... | ၁၄၇ |
| လေငန်းထ သေရ, သစ်ပင်နှင့်ငှက် | ဥပမာ | .... | ၁၄၇ |
| ရွှေလိုချင် မီးထဲဝင်ချေးမ | ဥပမာ | .... | ၁၄၈ |
| အဘကိုနှင်ထုတ်သောသား | ဥပမာ | .... | ၁၄၉ |
| ပုရောဟိတ်ဘုရင်နှင့် ပဒုမ္မကုသလ | ဥပမာ | .... | ၁၄၉ |
| ဗောဓိပက္ခိယ ၃၇-ပါး တန်ခိုးပြ | | .... | ၁၅၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခေတ်တခုရှ ဗောဓိပက္ခိယ အစုံပါပုံ | .... | ၁၅၁ |
| မဂ္ဂင် ၈-ပါး၌ ဗောဓိပက္ခိယအစုံပါပုံ | .... | ၁၅၄ |
| ဗောဓိပက္ခိယ သာသနာဖြစ်ပုံ | .... | ၁၅၄ |
| ဗောဓိပက္ခိယ သာသနာ့အုံဩဘွယ်ပါဝင်ပုံ | .... | ၁၅၄ |
| ဗောဓိပက္ခိယ သဒ္ဓမ္မပဋိရူပက ဗုဒ္ဓဓမ္မဖြစ်ပုံ | .... | ၁၅၅ |
| ဗောဓိပက္ခိယ ၄-ဂုဏ်သွားလမ်းတဲ့ | .... | ၁၅၅ |
| ဗောဓိပက္ခိယမကျင့် သာသနာကွယ်သတဲ့ | .... | ၁၅၆ |
| ဗောဓိပက္ခိယ၌ စကြာရတနာ ၇-ပါးရှိပုံ | .... | ၁၅၆ |
| ဗောဓိပက္ခိယ အောင်ပွဲရ ၃-မည့်ပုံ | .... | ၁၅၇ |
| အောင်မြေအပြလက်ာစုများ | .... | ၁၅၈ |
| ဗောဓိပက္ခိယ တန်ခိုးပြလက်ာများ | .... | ၁၅၈ |
| ဗောဓိပက္ခိယသာ နိယျာနိကပါတဲ့ | .... | ၁၆၁ |
| ဗောဇ္ဈင် ၇-ပါးကိုယ်တွေ့ရပုံ | .... | ၁၆၅ |
| သတိပဋ္ဌာန် ၄-ပါးကိုယ်တွေ့ရပုံ | .... | ၁၆၈ |
| သမ္မပ္ပဓာန် ၄-ပါးကိုယ်တွေ့ရပုံ | .... | ၁၆၉ |
| ဣဒ္ဓိပါဒ် ၄-ပါးကိုယ်တွေ့ရပုံ | .... | ၁၆၉ |
| ဣန္ဒြေ ၅-ပါးကိုယ်တွေ့ရပုံ | .... | ၁၇၁ |
| ဗိုလ် ၅-ပါးကိုယ်တွေ့ရပုံ | .... | ၁၇၁ |
| မဂ္ဂင် ၈-ပါးကိုယ်တွေ့ရပုံ | .... | ၁၇၂ |
| သံသာရတိုင်းပြည် | .... | ၁၇၃ |
| ဗမာပြည်၌ ပဒေသာပင် ၄-ပင် | .... | ၁၈၀ |
| ဗမာပြည်၌ ၂ ကြိမ်လွတ်လပ်ပြီ | .... | ၁၈၄ |
| အမှန်နှင့်အမှား ဆွေးနွေးခဏ်း | .... | ၁၈၆ |
| ခြောက်ဌာနပြရှင်းလင်းခဏ်း | .... | ၁၈၈ |
| လူမြင် နတ်မြင် ဗြဟ္မာမြင် ရှင်းလင်းခဏ်း | .... | ၁၈၈ |
| စာမတတ်တဲ့ဒကာကြွယ် ဖြေဆိုပုံ | .... | ၁၉၁ |
| မိုးညှင်းလက်ာနှင့်ကမ္မဋ္ဌာန်းထိုင်ပုံ | .... | ၁၉၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကံခေတ်ရောက်တဲ့ အသား၊ ကံခေတ်မရောက်တဲ့အသား | ၂၅၇ |
| ရတနာ့တိုက်ကြီး သိလျက် မဖွင့်ကြ .... | ၂၅၉ |
| ဝိဇ္ဇာနှင့် အဝိဇ္ဇာ ဘူတရုပ်နှင့် ဥပါဒါရုပ် .... | ၂၆၀ |
| ပါရမီပြ ရုပ်ပေါ် နာမ်ကသိ သတိပဋ္ဌာန် ၄-ပါး .... | ၂၆၁ |
| အုဋ္ဌဖိုဆရာတော်ဘုရားကြီးနှင့် စွယ်တော်တန်ခိုးပြ .... | ၂၆၂ |
| ဂူဟာသိဝမင်းနှင့် စွယ်တော် တန်ခိုးပြ .... | ၂၆၃ |
| ပညတ်မှ ပရမတ် အထင်အမြင် တွေ့ရန် .... | ၂၆၇ |
| ပရိညာ ၃-ပါး ၂-မျိုး .... | ၂၆၉ |
| ရုပ်ခွဲ,နာမ်ခွဲ,ပညတ်ခွဲ,ပရမတ်ခွဲ .... | ၂၇၀ |
| အကြောင်း အကျိုး ပစ္စယပရိဂ္ဂဟဉာဏ် အမျိုးမျိုး .... | ၂၇၁ |
| ခန္ဓာ,အာယတန,ဓာတ်,သစ္စာ ကိုယ်တွေ့များ .... | ၂၇၄ |
| ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့ .... | ၂၇၅ |
| ပဋိစ္စသမုပ္ပါဒ်၌ စတုစတ္တာလီသ ဉာဏ်တော်ကြီး .... | ၂၇၆ |
| ပဋိစ္စသမုပ္ပါဒ်၌ သတ္တသတ္တတိ ဉာဏ်တော်ကြီး .... | ၂၇၇ |
| ပဋ္ဌာန်း ၂၄-ပစ္စည်း ကိုယ်တွေ့နည်း .... | ၂၇၉ |
| အေးခေတ်တခု၌ အစုံပါလာပုံ .... | ၂၈၁ |
| အေးခေတ်ပေါ်ရာ၌ ပရိညာ ၃-ပါး ပါလာပုံ .... | ၂၈၂ |
| ဝိသုဒ္ဓိ ၇-ပါး ကိုယ်တွေ့များ .... | ၂၈၃ |
| ဉာဏ်စဉ် ၁၆-ပါး ကိုယ်တွေ့ .... | ၂၈၄ |
| အတိုချုပ် မဂ်ဖိုလ်နိဗ္ဗာန် ကူးသွားပုံ ၂-မျိုး .... | ၂၈၇ |
| ယောဂီအမေး ဉာဏစာဂီအဖြေ ၃-ပုဒ် .... | ၂၈၉ |
| ဗုဒ္ဓုပ္ပါဒ လူ့ဘဝ ၃၁-ဘုံ ထက်မြတ်လှပုံ .... | ၂၉၂ |
| သာသနာ့အစစ်နှင့် တွေ့ပြီ,ကြုံပြီ,ရပြီလား .... | ၂၉၄ |
| ဉာဏစာဂီရေး ကျမ်းစာများ အမွေခံပူဇော်ကြရန် .... | ၃၀၁ |
| တိတ္ထိတို့ကျင့်ဝတ် .... | ၃၁၁ |
| နိယတဂတိက သာဓက ၁၀-ပါး .... | ၃၁၃ |
| သာယာဝတီ ဦးဥေယျ၏ ဆုံးမစာ .... | ၃၂၆ |

# နိဒါန်း

# စိတ် စိတ် စိတ် စိတ် စိတ်

၁ ၂ ၃ ၄ ၅

(လင်္ကာ) ချမ်းသာကခုံ၊မက်မောမှုကြောင့်၊ပုပ္ပုရွရွ၊ ကြိုးပမ်းကြလည်း၊ ဒုက္ခပင်လယ်၊ ကျယ်ထက်-ကျယ်သည်၊ ရှယ်တိုင်း မမြောက်ပါတကား။

| | | | | |
|---|---|---|---|---|
| အကုသိုလ်ဝင် | ကုသိုလ်ကုန် | ရုပ်သေ | နာမ်သေ | သေဘက်သွား |
| ပကောဋိ | ပကောဋိ | ဂုဏ်း | ဂုဏ်း | ဂုဏ်း |
| ၈၆၄ | ၈၆၄ | ၈၆၄ | ၈၆၄ | ၈၆၄ |

(လင်္ကာ) ချမ်းသာနိုးနိုး၊ စိတ်အားကိုးနှင့်၊ အကျိုးငံ့မျှော်၊ စောင့်ပါသော်လည်း၊သွေချော်တိမ်းပါး၊ ထင်ချက်မှားသည်၊ထင်စားရကျိုး မနပ်ပါတကား။

မန္ဓာတ်မင်းဟာ ပုခက်တွင်း၌ (၈၄၀၀၀)၊ ပြေး့ကစား အရွယ်၌ (၈၄၀၀၀)၊ အိမ်ရှေ့မင်း၌ (၈၄၀၀၀)၊ စကြာမင်း၌ (၈၄၀၀၀)၊ စာတုမဟာရာဇ်၌ (၈၃၀၀၀) တာဝတိံသာ၌ (၁၂၉) ကုဋေ ဗ-သန်း နေ၏။ သိကြားမင်းပေါင်း ၃၆-ယောက်လဲလေ၏၊စည်းစိမ်ဖြင့် မရောင့်ရဲပါ။

(လင်္ကာ) ဆန္ဒအာသာ၊ လိုဏ္ဍစ္ဆာနှင့်၊တဏှာလောင်မီး၊ ထိန်ထိန်ငြီး၍၊ ကြီးပွားလေလေ၊ ရှာဖွေကြံရေး၊ မှုရှုပ်ထွေး၏၊ အေးခွင့်မရှင်း၊ နောက်ဆံတင်းသည်၊ထန်ပြင်း ဒုက္ခပါတကား။

စူဠနီဗြဟ္မဒတ်မင်းသည် စိတ်အာသာ လောဘရမက် ပြင်းထန်စွာထွက်သဖြင့် တရာသော တိုင်းပြည်တို့ကို ခြိမ်းချောက်၍ သိမ်းယူ၏။ မိမိလာတပြည်ကျန်တာကိုပင် စိတ်၌လိုချင်သေး၍ တိုက်ခိုက်ရာ ရှုံးပြေးကြီးပြေးခဲ့ရ၏။ ဉာဏ်ဆင်ပြီး ဉပကာရီနန်းပြင်၌ ဝိဒေဟရာဇ်မင်းကို ဘမ်းပြန်ရာ၊ မိမိပင် မဟော်သဓာ၏ လက်တွင်းသို့ကျ၍ အသက် ချမ်းသာပေးရန် တောင်းပန်ရ၏။ မဟော်သဓာကလည်း တရာ့တပါးသော မင်းတို့ကို

သူ့ပြည်နှင့်သူ မင်းပြန်ပေး၍ မူလအတိုင်း တချော့တပါးသော ပြည်၌ တရာ့တပါးသော မင်းတို့ပြန်၍ အုပ်စိုးရလေသည်။

စိတ်တရားကား ဤမျှဆိုးရွားး၏၊ အလိုမပြည့်နိုင်၊ အာသာမပြေနိုင်၊ ဝိပဿနာ ပရမတ်တရားနှင့်ကိုင်မှ နိုင်နင်းပါသည်။ သို့အတွက် စိတ်ကို နိုင်နင်းအောင် ပရမတ်ဝိပဿနာကို ရှုပွားကြကုန်ရာသတည်း။

———

# ဝိပဿနာတရားတော်၏ ဂုဏ်တော်ကြီး

## သရက်မြို့ ဦးတက်ထွန်း၏ အံ့ဩဘွယ်

၁၃၁၇-နှစ်၊ပြာသိုလဆုတ် ၁၁-ရက်နေ့၌ သရက်မြို့အနောက်ရပ် ဆုံတန်းလမ်းနေ ဘိနပ်ကုန်သည်ကြီး ဒေါ်ဒေါ်ရှင်၏ ခင်ပွန်း ဝိပဿနာ ယောဂီ ဦးတက်ထွန်းသည် အနည်းငယ်မျှသော ရောဂါဖြင့် သွားလာ စားသောက်ရင်း ခံစားကာ နေတော့၏၊ ၅-ရက်ခန့်မျှကြာ၏။ ဆုံးမည့်နေ့၌ နာရီကိုသာ မေးလေသည်။၉-နာရီထိုးလျှင် တရားသမားတို့အား ပျော်ပျော်ပါးပါးနှင့် ကုသိုလ်ရရ နေကြတော့ဟု ပြောကာ ဆေးသောက်ပြီး တရားအာရုံနှင့် ငြိမ်၍နေရှာ၏။ တမိနစ်ခန့်မျှ ရှူရှိုက်ပြီး ကံကုန်လေသည်။ ။ကံကုန်သော အချိန်နှင့်ကိုက်ညီစွာ ဆုံတန်းဒေါင့် အိမ်၌နေသော အသက် ၄၀-ကျော်ရှိ မမြ၌ အိပ်မက်မြင်မက်တော့သည်။ မြင်မက်ပုံကား၊ အထက် ကောင်းကင်မှ အဖူတန်းကြီးသည် မြေဆီသို့ ကျကျလာနေသည်။ မြေပြင်ရောက်တော့ ကျကျလာသမျှသော အရာဝတ္ထုတွေဟာ ထီးဖူးဖြစ်၍ ထီးဖူးများခွေပတ်ပြီး လှပကြွရှသော ပန်းရထားကြီး ဖြစ်သွားလေသည်။ ပန်းရထားပေါ်၌ နတ်သမီးများ ဝန်းဝိုင်းခြံရံကာ နေကြလေသည်။ ထိုအခါ သုံးနှစ်လောက်က ကံကုန်သွားသော ဦးဘိုးရိက ဝတ်ဖူးစင်ကြယ်စွာ ဝတ်ဆင်လာပြီးတော့ ဒီပန်းရထားကြီးဟာ ဦးတက်ထွန်းဘို့ လာခေါ်တဲ့ ပန်းရထားဘဲဟု မမြအား ပြောပြပါသည်။ ထိုနောက် ဦးတက်ထွန်းသည် အရင်ကထက် ၃-ဆကြီးသော ကိုယ်ဖြင့် လူရုပ်မပြောင်းဘဲ မိမိအိမ်မှ ထွက်လာပြီးတော့ ပန်းရထားပေါ်သို့တက်ပြီး မိမိဘို့ထားသောနေရာ၌ ထိုင်လိုက်ပါသည်။ ပန်းရထားလည်း ကောင်းကင်သို့ တက်သွားတော့သည်။ ထိုအခါ လူမဲမဲကြီး ၄-ဦးသည် မြေထဲမှ ထွက်လာပြီး ပန်းရထားကိုလိုက်ရာ မမှီဘဲ ကောင်းကင်၌ပင် ရပ်တန့်နေပါသည်၊ ဒုတိယလူမဲကြီးတဦးသည် မြေထဲမှ ခွဲထွက်လာပြီး ကောင်းကင်သို့ တက်လိုက်ရာ ပန်းရထားကို ဆွဲကိုင်၍ နေတော့ နတ်သား ၂-ဦးက လူမဲကြီးအား မင်းတို့ စစ်ဆေးဘို့ကိစ္စကား ကုန်ခန်းခဲ့လေပြီ ပြန်တော့ဟု ပုဝါပြ၍ နှင်တော့ ကောင်းကင်၌ပင် ရပ်တန့်လျက် ကျန်ရစ်ခဲ့လေသည်။ပန်းရထားကား တိမ်ကြားထဲသို့ဝင်ရင်း ပျောက်

ကွယ်သွားတော့ကမှ လူမဲကြီးငါးဦးဟာ မြေသို့ကျ၍ ဖြုဖြုဖွေးဖွေးကြီး ဖြစ်လျက် ရှိတော့သည်။ အံ့ဩစရာ ကောင်းသည်ကား အလောင်းကို ငါးညနှင့် တနေ့ခင်း ထားသော်လည်း (၁) ပုပ်သိုးခြင်းမရှိဘဲ ပကတိ အတိုင်းဖြစ်၍နေသည်။ (၂) လူအရှင်ကဲ့သို့ ပျော့ပျောင်းနူးညံ့၍နေသည်။ (၃) ထူးဆန်း သည်ကား အလောင်းစင်နှင့် အလောင်း ကောင်၌ ယင် တကောင်မျှလာ၍မနားချေ။ ပတ်ဝန်းကျင်၌ ထားရှိသော ခေါင်းအုံး နံရံ ရေချိုင့် များ၌သာ ယင်ကောင် တကောင် တလေ တွေ့ရ ပါသည်။ (၄) မသာ ချကာနီးမှ ပါးတွင် ညိုကွက်သော အရောင် အနည်းငယ်မျှ တွေ့ရသည်။ ဝေဒနာမခံစားရ၊ သတိမလစ်ရ၊ တရားအားထုတ်ရင်း ကံကုန်ရ၊ အိပ်မက် ပြရ၊ ငါးညနှင့် တနေ့ခင်း အထိ မပုပ်ရ၊ ယင်ကောင် မနားရ၊ မတောင့်တင်းရခြင်း တို့ကား စတုကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်လာ (တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလ္လဝန္တိ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ အဿ) ဟူသော ဘုရား ဗျာဒိတ်တော်နှင့် ညီညွတ်လှစွာ၊ ဝိပဿနာ အားထုတ်လို့ ကံကုန်တော့ နတ်ပြည်ရောက်၊ဟိုကျတော့ မင်္ဂဖိုလ်ရ ဆိုတာနှင့် တပြေးတည်း တကိုက် ထည်း ညီညွတ်စွာ သတ္တိပြသွားလေသဖြင့် ကျန်ရစ်သော ယောဂီတို့သည် ဝိပဿနာတရားကို ကြိုးစား၍ ပွားများကြပါရန် အကျိုးမြော်၍ နှိုးဆော် အပ်ပါသတည်း။

# ဦးဇောတိကရဲ့ မေတ္တာစေတနာ

## တသံသရာလုံး ချမ်းသာ ကြဘို့ပါဘဲ

### အဟော သာသနံ နိယျာနိကံ

### သာသနာဆိုတာ ကျွတ်ရာ လွတ်ရာဌာန

(၁) နံပါတ် ၇-စုကြည့်ပါ။ ကဿပ ဘုရားသခင် လက်ထက်တော်က (၁) ရဟန်းတစုတပုံ။ (၂) ရဟန်းမိန်းမ တစု။ (၃) သာမဏေများ တစု။ (၄) သာမဏေမတစု။ (၅) သိက္ခမာန်တစုတို့ ငရဲနှင့်ပြိတ္တာ ဖြစ်ရပုံ ကြည့်ကြပါ။

ယခု ဂေါတမ ဘုရားသခင် လက်ထက်တော်နှင့် ပေါဋ္ဌိလ၊ မဟာသိဝ၊ မဟာနာဂ၊ ဒွေ့သဟာယက၊ သာတာဂိရိ၊ ဟေမဝတာရ၊ ကပိလ၊ မိလိန္ဒ အလောင်းတော် ၉-ဦးသားတို့ ပိဋကတ နိကာယ်အင်္ဂါ ဓမ္မကွန္ဒာ ဆောင်ကြ ပေမဲ့ ဝိပဿနာ ကင်းလို့ လိုတာကို မရကြဘဲ နစ်ကြ (၂)နံပါတ် ၉-ဦး ကြည့်ပါ။

(၃) နံပါတ် ၃-ဦးလဲကြည့်ကြပါ။ ဘာများလိုနေလို့လဲ။ ကုသိုလ်ကြီး (၃၇)ပါး ပြည့်ပြည့်ဝဝ ပိုပိုလျှံလျှံ ရှိကြ၍ ဝိဇ္ဇာရ အဘိညာဉ်လဲရ သမာပတ်လဲရ ဈာန်လဲ ရကြတဲ့ အာဠာရ, ဥဒက, ဒေဝီလ-တို့ဟာ ပုဗ္ဗေ နိဝါသဉာဏ်ဖြင့် ရှေးကမ္ဘာ-၄ဝ၊ အနာဂတံသဉာဏ်ဖြင့် နောက်ကမ္ဘာ-၄ဝ၊ မြင်စွမ်းနိုင်ကြပေမဲ့။ (ဝိပဿနာမပွားရလို့) ရုပ်ပြစ်ရှစ်ပါးတွင် တနေရာ၌ ထောင်ကျ အကျဉ်းခံကာ နေရသော ကမ္ဘာကျော် မဟာခေါ် ၃-ဦးလဲ ကြည့်ပါ။

(၄) နံပါတ် ၂၀-ဦး ဘာကြောင့် သာသနာ့အမွေ ရကြသလဲ။ အာဠဝက၊ အင်္ဂုလိမာလ၊ တံငါအရိယ၊ တမ္ဗဒါဋ္ဌိက၊ ပဗ္ဗတမုဆိုး၊ ကုက္ကုဋ မိတ္တမုဆိုး၊ ခိုးသားကိုးရာ၊ ခုနစ်ရာ၊ ငါးရာ၊ သုစိလောမ၊ ခရလောမ၊ ဟေမဝတာရ၊ သာတာဂိရိ၊ ၎င်းတို့ အခြံအရံများ၊ ကာဠိယက္ခိနီ၊ ပိယင်္ကရ ပြိတ္တာမ၊ ဖား၊ လင်းနို့ငါးရာ၊ နောက်ငါးရာ၊ မြင်း၊ ဆင်၊ မျောက်၊ ကျေးသား၊ နွား၊ မဏိအက္ခနဂါး၊ သဘင်သည်ဥဂ္ဂါသေန၊ ဂါမဏိ၊ ၂-ဦး၊

သန္တတိအမတ်၊ အရက်မူးကြီး၊ ပေါင်း ၂၈-ဦး တို့အား သာသနာတော်ကြီး၏ ပရမတ္ထအမွေ မဂ်, ဖိုလ်, နိဗ္ဗာန်အမွေ ဓမ္မဒါယာဒ ဓမ္မအမွေခံများရ၍၊ တသံသရာလုံး ပြုံးပြုံးကြီးဖြင့် လုံးလုံးကြီး စံစားသွားရတော့မည်။

စဉ်းစားဝေဘန်၍ကြည့်စေလိုတာကတော့။ (၁) နံပါတ်၌ အဘိုးစာန်ပုဂ္ဂိုလ် ၄-စုဟာ ဘာများလို၍ နစ်နာဆုံးရှုံးရတာလဲ တွေးပါ ကြံပါ စဉ်းစားပါ ဝေဘန်ပါ။ (၂) နံပါတ်က ၉-ဦးဟာ၊ ပိဋကတ်ဆောင် နိကာယ်ဆောင် အင်္ဂါဆောင် ဓမ္မက္ခန္ဓာဆောင်ကြီးတွေဖြစ်၍ သို့ကလောက်အဘိုးတန်ပါလျက် ဘာများလိုနေ၍ (မောဃ၊ တုစ္ဆ၊ ရိတ္တ) ဖြစ်ရတာလဲ၊ နောက်တော့ ဘယ်လမ်းစဉ်သို့ ပြောင်းရွှေ့ကျင့်ရတာလဲဆိုတာ တွေးပါ၊ ကြံပါ စည်ပါ ဝေဘန်ပါ။ (၃) နံပါတ် (၂) နံပါတ်နှင့် တူပါပြီ။ (၄) နံပါတ်က ၂၈-ဦးဟာ လူဘီလူး၊ သရဲဘီလူး၊ ပြိတ္တာဘီလူးနှင့် တိရစ္ဆာန်အညံ့စား အောက်တန်းစားတွေ ဖြစ်ပါလျက်နှင့် ဘာကိုရထားလို့ ဘာကိုလုပ်မိလို့ မဂ်, ဖိုလ်, နိဗ္ဗာန် ရသွားကြပြီလဲဆိုတာ စဉ်းစား ဝေဘန်ကြပါ။ ငါဟာလဲ (၁) လား (၂) လား (၃) လား (၄) လားဆိုတာ ပြောင်းလုပ်ပါ။

အဲဒါ-တကယ့်မဟာမေတ္တာအစစ်ပါဘဲ။

---

# ဆရာတော်ကြီးတပါးနှင့် ဦးခင်

ဆရာတော်ကြီးတပါးသည် ဥပုသ်နေ့တွင် ဦးခင်နှင့်တွေ့၍ မောင်ခင်ရ၊ မင်း့ဆရာ ဉာဏစာဂီ ပြတဲ့တရားက တယ်ပြီး ကြမ်းထမ်းလှပါကလားကွာ တုန်တုန်ရီရီနှင့်ယိမ်းယိုင်နှင့်၊ငါတို့ကြားဘူးတာကတော့ တရားဆိုတာ နိပုဏ၊ သိမ်မွေ့ထသော။ ဂမ္ဘီရ၊ နက်နဲထသော-စသည်ဖြင့်။ သုခုမံ, သဏှံ, နိပုဏံ, ဒုဒ္ဒသံ, ဂမ္ဘီရံ, ပဏ္ဍိတဝေဒနီယံ, အတက္ကာဝစရံ, ဒုရနုဗောဓံ-ဟူ၍ရင်း ၊ကျမ်းဂန်များ၌ တွေ့ရသည်။ ထို့ပြင်လဲ သုဒုဒ္ဒသံ သုနိပုဏံ ယတ္ထကာမနိပါတိနံ-ဟူ၍ရင်း၊ ပဋိဓသောတဂါမိ နိပုဏံ-ဟူ၍ရင်း၊ များစွာပင် တွေ့ထားရာ ကြမ်းထမ်းတာဟာ တခုမှ မပါပါတကားကွ။

တကာခင်က။ အရှင်ဘုရား အမိန့်ရှိတဲ့ သိမ်မွေ့ နူးညံ့ နက်နဲ ခက်ခဲတဲ့ တရားဟာလဲ တရားတမျိုးပါဘုရား။ ဉာဏစာဂီအရှင် ပြနေတဲ့ တရားဟာလဲ တရားတစားပါဘုရား။ မှန်တာချည်းပါဘဲ အရှင်ဘုရား။

ဆရာတော်။ ။သိမ်မွေ့ နူးညံ့ တာနှင့် ကြမ်းထမ်းတာ မတူဘဲဟာ တရားထဲ ရောမထည့်ပါနှင့်ကွ။

ခင်။ ။မရောပါဘူးဘုရား၊ နူးညံ့တဲ့တရားနှင့် ကြမ်းထမ်းတဲ့တရားလို့ ခွဲပြီးလျှောက်ထားပြီးပါဘဲ။

ဆရာတော်။ ။ကြမ်းထမ်းတာ တရားဆိုပါလျှင် သက်သေပြပါအုံး။

ခင်။ ။ဩဠာရိကံဝါ, သုခုမံဝါ, ဟီနံဝါ, ပဏီတံဝါ-စသည်နှင့် တဆဲ့တပါးဟောထားတာ။ အနတ္တလက္ခဏာ သုတ်တော်မှာရင်း၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးမှာရင်း ဟောထား ပါသည်။ ။အနက်ကား။ ။ဩဠာရိကံဝါ၊ ယုတ်ရင်းသည်လည်း ဖြစ်သော။ သုခုမံဝါ၊ သိမ်မွေ့သည်လည်း ဖြစ်သော။ ဟီနံဝါ၊ ယုတ်ညံ့သည်လည်း ဖြစ်သော။ ပဏီတံဝါ၊ မွန်မြတ်သည်လည်းဖြစ်သော။ ယံရုပံ၊ အကြင် ၁၁-ပါးသောရုပ်တရားသည်။ ။ အဲဒါက သက်သေ(၁)ပါဘုရား။ ထို့ပြင်လဲ မြတ်စွာဘုရားက သားတော် ရာဟုလာအား ဓာတ်တရားကိုပေးတော့။

(ပထဝီဓာတုံ ခေါ ရာဟုလ အာပေါဓာတုံ ခေါ ရာဟုလ တေဇောဓာတုံ ခေါ ရာဟုလ ဝါယောဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော

ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ဝိစိကိစ္ဆံ ပဇဟတိ၊အဝိဇ္ဇာ ပဟီယတိ။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ)။

သံယုတ်ပါဠိတော်၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာ ၃-ပါးသတ်၍ ဝိဇ္ဇာရရာ၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် တို့ဟာ အလွန်ကြမ်းသည့်, နုံသည်ဟု ဘုရားဟော တွေ့ရတာက ၂-နံပါတ် ပါဘုရား။ထို့ပြင် သီတေနာပိ ရုပ္ပတိ ဥဏှေနာပိ ရုပ္ပတိ-စသော ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်ကြီး၌ လာရာဝယ်၊အအေးဓာတ် အပူဓာတ်ကြောင့် ရုပ် ဖောက်ပြန်တယ်ဆိုရာ၌ ကြမ်းထမ်းတဲ့ ရုပ်များ ပါရှိပါသည်။ အဲဒါက ၃-နံပါတ်ပါဘုရား။ထို့ပြင် ဘာဝနာ ၄၀-၌(စလတော)လှုပ်ရှားယိမ်းယိုင် ခြင်းဟု ပါရှိပါသည်။ အဲဒါက ၄-နံပါတ်ပါဘုရား။ဘုရားကြောင့် တရား ကြောင့် မြေကြီးလှုပ်ရာ၌ သံကမ္ပိ၊ အိုးထိန်းစက်ကဲ့သို့လှုပ်၏။ သမ္ပကမ္ပိ၊ ယောဉ်လှဲ့သကဲ့သို့လှုပ်၏။ သမ္ပဝေဓိ၊ အထက်အောက်လှုပ်၏။ အဲဒါလဲ ကြမ်းကြမ်းထမ်းထမ်းလှုပ်တာမို့ ၅-နံပါတ်ပါဘုရား။

နောက်လဲ အကိုးအကားတွေ ရှိပါသေးသည်၊အဲဒီငါးချက်ဟာ ဘုရား ဟောပင် မဟုတ်ပါလား အရှင်ဘုရား။

ဆရာတော်။ ။ကဲကဲ-မင်းတို့ ဉာဏစာဂိက ခွဲဟောပုံ ပြစမ်းပါအုံး။ ။

ခင်။ ။အောက်ပါ ဇယားကွက်အတိုင်း ဟောပါသည်။

| | | |
|---|---|---|
| ၇ | အဘိအတိ၊မဟာ့မဟာ သုခုမတရားက | မဂ်ဖိုလ်နိဗ္ဗာန်ပါဘဲ။ |
| ၆ | အဘိ၊အတိမဟာ သုခုမတရားက | ဉာဏ်စဉ် ၁၀-ပါး၊၁၃-ပါး။ |
| ၅ | အဘိအတိ၊သုခုမတရားက | စေတသိက် ၅၂-ပါး။ |
| ၄ | အတိသုခုမ၊တရားက | စိတ် ၆၊၈၉၊၁၂၁-ပါး။ |
| ၃ | သုခုမတရားက | ရုပ် ၁၆-ပါး။ |
| ၂ | ဩဠာရိကတရားက | ရုပ် ၈-ပါး။ |
| ၁ | အတိဩဠာရိက တရားက | ဓာတ်ကြီး ၄-ပါး။ |

မြတ်စွာဘုရားသခင်သည် သားတော်ရာဟုလာအား (ပထဝီဓာတုံ ခေါ် ရာဟုလ)အစရှိသဖြင့် အကြမ်းဆုံး, အယုတ်ဆုံး, ရုန့်ရင်းဆုံး တရားဖြင့် ကမ္မဋ္ဌာန်းပေးပါသည်။ အဲဒီ ဓာတ်တရားကြောင့် ရဟန္တာချည်း ကုဋေ

တသိန်း ဖြစ်၍ သွားပါသည်။သောတာပန်, သကဒါဂါမ်, အနာဂါမ်များ ဖြစ်သွားတာ တသချေမျှ ဖြစ်ပါသည်။အကြမ်းဆုံးမို့ အကျတ်ဆုံး ဖြစ်ပါသည်။အဲဒါ တခါထဲဟောရာ၌ ကျွတ်ကြတာပါ။အရှင်ဘုရား။ ဉာဏစာဂီ အရှင်ကား အောက်ဆုံး (၁) နံပါတ်ကစပြီး အကြမ်းဆုံး,အကျွတ်ဆုံး အတိဩဠာရိက ရာဟုလာအား ဘ,ဘုရားပေးတဲ့ နည်းအတိုင်း ပြသနေတာမို့ သာဓကလဲ ခိုင်မာပါသည်၊ နိုင်ငံအကြိုက်လည်း ဖြစ်ပါတော့သည်၊ လွယ်ကူပါသည်၊ သက်သာပါသည်၊ လျင်မြန်ပါသည်၊ ၁၀-မိနစ် ခန့်မျှဖြင့် တွေ့နိုင်ပါသည်၊ ချောင်ချိပါသည်၊ အရှင်ဘုရားများ အမိန့်ရှိတဲ့ အလွန်တရာမှ သိမ်မွေ့ပါသည်၊ နက်နဲပါသည်၊ ခက်ခဲပါသည်ဆိုတဲ့ တရားကတော့ ၇-နံပါတ် မဂ်ဖိုလ်နိဗ္ဗာန်ပါ။သို့ကြောင့် အရှင်ဘုရားပြောတာလဲ မှန်တယ်။ ဉာဏစာဂီဘရားလဲ မှန်တယ်ဆိုတာ ၇-နံပါတ်တရားနဲ့ ၁-နံပါတ်တရား ချင်း ဖြစ်တာမို့ မှန်တာပါဟု လျှောက်တော့။

မောင်ခင်ချေါငါတို့ဟာ စာပေကျမ်းဂန်တတ်မြောက်ပေမဲ့ သတိမမူတော့ ဂူမမြင့်ဘူးကွ၊ ဟုတ်ပေသကွာ ဉာဏစာဂီပြတာ (၁) အတိဩဠာရိက ဖြစ်တဲ့ ဓာတ်ကြီး လေးပါးကို ရှင်ရာဟုလာကဲ့သို့ ကိုယ်တွေ့ ရှာလျှင် (၂) ဩဠာရိကဖြစ်တဲ့ရုပ်တရား ၈-ပါးကို တွေ့မှာဘဲ တွေ့လျှင် (၃) သုခုမ ရုပ် ၁၆-ပါးတွေ့မှာဘဲ တွေ့လျှင် (၄) အတိသုခုမဖြစ်တဲ့စိတ်တရား ၆-ပါး၊ ၈၉-ပါး၊ ၁၂၁-ပါးကို တွေ့မှာဘဲ တွေ့လျှင် (၅) အတိအတိသုခုမဖြစ်တဲ့ စေတသိက်တရားကိုတွေ့မှာဘဲ တွေ့လျှင်(၆) အတိအတိ မဟာသုခုမ ဖြစ်တဲ့ ဉာဏ် ၁၀-ပါး၊ ၁၃-ပါးရမှာဘဲ ရလျှင် (၇)အတိအတိ မဟာမဟာ သုခုမ ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမှာဘဲ။ ဉာဏစာဂီပြသပုံကို ငါက လုံးဝထောက်ခံပါပြီကွယ်၊ တယ်ပြီးနေရာကျသဟေ့။ ပထဝီဓာတုံ ခေါ် ရာဟုလ-ပါဠိတပုဒ် ထဲနှင့် နိဗ္ဗာန်အထိ သွားပုံကို ယခုမှဘဲ သဘောပေါက်တော့တယ်ကွယ်။ ငါတို့ထင်မြင်ယူဆတဲ့ သိမ်မွေ့တဲ့ တရားဟာ မဂ်ဖိုလ်နိဗ္ဗာန် ဖြစ်၍ နေပါပကော။သူပြောတဲ့ ကြမ်းထမ်းတဲ့ တရားဟာ ဓာတ်ကြီး ၄-ပါး တရားပင် ဖြစ်၍ နေပါပကောကွယ်။ ငါတို့များ ကပ်၍လွဲတာဘဲဟေ့။ ထိုနောက် ဆရာတော်ကြီးက ဉာဏစာဂီဟောနည်း ပြောနည်း ဖောက်သယ် ချစမ်း ပါဦးဟု ခိုင်းသဖြင့်—

အဲဒီ (၁-၂-၃-၄-၅-၆-၇) တရားတွေစဉ်ဟာ ယောဂီများ၏ ပဓာနက္ကမဘဲတဲ့။ အဲဒီ အစဉ်အတိုင်း တွေ့သွားရန် တက်၍သွားကြရန် ဘယ်သူက လမ်းစဉ်ခင်းထားပါသလဲ မေးခဲ့လျှင် လက်သယ် (ဒါန၊ သီလ၊ သမထ)ကုသိုလ်ပါဘဲ။ အဲဒီ ဒါန,သီလ,သမထ ကုသိုလ်က ခန္ဓာကိုယ်ကြီးကို ဖြစ်စေတယ် မဟုတ်လား။ သူတည့်ထားတဲ့ လမ်းစဉ်အတိုင်း ဝိပဿနာက ရှုပွားတက်ရောက် ရပါတယ်။ ဆိုလိုရင်းကတော့ ဒါနက ခင်းထားတဲ့ (၁-၂-၃-၄-၅-၆-၇) လမ်းစဉ်အတိုင်း ဝိပဿနာ ရှု၍သွားပါ။ သီလက ခင်းထားတဲ့လမ်းစဉ်အတိုင်း ဝိပဿနာကရှု၍သွားပါ။သမထကခင်းထားတဲ့ လမ်းစဉ်အတိုင်း ဝိပဿနာရှု၍ သွားပါဟု (ဒါန,သီလ,သမထ,ဝိပဿနာ) ၄-ဖက် ၄-တန် စုံညီမှ နိဗ္ဗာန် ရပုံကို နည်းအမျိုးပေါင်း (၆၀)ကျော်ဖြင့် ဉာဏစာဂီအရှင် ဟောတာပါဘုရား။

ဆရာတော်ကြီး။ ။အေး-အေး-အေး-အေး တို့များဟာ အထင်မှားကုန်ပြီ၊ အပြစ်ရကုန်ပြီကွယ်ဟု ပြောပြော ဆိုဆိုနှင့် ကုဋီတက်ရန် ထသွားပါတော့သည်။

(သာသနာ့အဆီ စတုတ္ထတွဲ၌ ကြမ်းထမ်းစွာ ဖြစ်ပေါ်ပုံ ပါ၌ အနက် တမျိုးပါသေး၏)။

---

# သာသနာ ၂၅၀၀–ပြည့်နှစ်

## ဗုဒ္ဓဘာသာတိုင်းပြည်

# သာသနာ့မြို့တော် ရာဇဝတ်ဝန်ကြီး ရုံးတော်မှ

## ဝရမ်းစာ

**သာသနာသက္ကရာဇ် ၂၅၀၀-ပြည့်နှစ်၊ ကဆုန်လပြည့်ဘုရားနေ့၌ ထုတ်ဝရမ်း။**

ဗုဒ္ဓဘာသာ တိုင်းပြည်ဝယ် သာသနာ့မြို့တော် နယ်အဝင် ပုထုဇဉ်ရွာ၌ (၁) မောင်အန္ဓတို့အိမ်။ (၂) မောင်ဗာလတို့အိမ်။ (၃) မောင်ပုထုဇ္ဇနတို့အိမ်။ (၄) မောင်ဝဋ္ဋနတို့ အိမ်များမှာ၊ သက္ကာယဒိဋ္ဌိ ဆိုတဲ့ ဘိန်းတွေ ဝှက်ထားတယ်။ ဝိစိကိစ္ဆာဆိုတဲ့ လက်နက်တွေ ဝှက်ထားတယ်။ သီလဗ္ဗတပရာမာသဆိုတဲ့ ကစားဝိုင်းတွေ ထူထောင်နေတယ်လို့ သတင်းရထားတယ်။ ဝိပဿနာတရားပြဆရာဆိုတဲ့ ပုလိပ်တွေက၊ သွားရောက် ရှာဖွေ ဘမ်းယူခဲ့ရမည်။ ဝိပဿနာသာသနာပြု ဥပဒေကျမ်းပြု ကမ္မဋ္ဌာန်းဌာန အချုပ်ကြီးများက စစ်ဆေးရမည်။ အပြစ်ရှိ ဘမ်းရျမိခဲ့သော်၊ အာသဝ ၄–ပါးအပြစ်။ ဩဃ ၄–ပါးအပြစ်။ ယောဂ ၄–ပါးအပြစ်။ ဂန္ထ ၄–ပါးအပြစ်။ ဥပါဒါန် ၄–ပါးအပြစ်။ နီဝရဏ ၆–ပါးအပြစ်။ အနုသယ ၇–ပါးအပြစ်။ သံယောဇဉ် ၁၀–ပါး။ နောက် ၁၀–ပါးအပြစ်။ ကိလေသာ ၁၀–ပါး အပြစ်အတိုင်း။ (၁၁)ကာမဆဲ့တစ်ထောင်မှာ (၁၆)ရူပါတဆဲ့ခြောက်ထောင်မှာ (၄)အရူပလေးထောင်မှာ၊ ကမ္ဘာနှင့် ချီ၍ ကြာကြာကြီး ထောင်ချ ထားရမည်။ ၎င်းတွင်မကဘဲ ဒုစရိုက် ၁၀–ပါး ဒုရာဇီဝအထိ၊ တော်လှန်အပြစ်ကျူးလွန်ခဲ့သော် ငရဲကြီး ၈–ထပ်၊ ငရဲငယ် ၁၂၈–ထပ်၊ ပြိတ္တာ အစားစား၊ အသုရကာယ်အစားစား၊ ကုန်းနေတိရစ္ဆာန်ကိုးကုဋေ၊ ရေနေတိရစ္ဆာန်ဆယ်ကုဋေ၊ ထောင်၌အကျဉ်းချ၍ နှစ်ပရိစ္ဆေဒများများကြီး ချုပ်နှောင် နှိပ်စက်ရမည်။

သမ္မာဒိဋ္ဌိနယ်ထဲမှာ။ (၁) သက္ကာယဒိဋ္ဌိအမှုအခင်း။ (၂) ဝိစိကိစ္ဆာ အမှုအခင်း။ (၃) သီလဗ္ဗတပရာမာသ အမှုအခင်း ဖြစ်ပွားလို့၊ ရာဇဝတ်ဝန်ကြီး ရုံးတော်မှ ဝရမ်း ထုတ်ခြင်း ဖြစ်ပါသည်။ (ပုလိပ်တွေ ဘမ်းရန် သွားကြပါပြီ)။

၂၅၀၀-ပြည့်နှစ်မှာ

# ဝရမ်းဖြင့် ဘိန်းဘမ်း၊ လက်နက်ဘမ်း၊ ကစားဝိုင်းဘမ်းပုံ

ပုလိပ်များသည် ပုထုဇဉ်ရွာသို့ရောက်တော့ ကလျာဏသူကြီးထံသွားပြီး သူကြီး ဝါးရမ်းပါလာတယ်၊သတင်းရထားတဲ့ အိမ်တွေသို့ ဝင်မွှေရှာဖွေပြီး ဘမ်းရမယ်၊ လာလိုက်ခဲ့ဟု ခေါ်၍လူစုခဲ့ပြီး မောင်အန္ဓတို့အိမ်, မောင်ဗာလတို့အိမ်, မောင်ပုထုဇ္ဇနတို့အိမ်, မောင်ဝဋ္ဋနတို့အိမ်ကို ဝိုင်းထားပြီး အသိသက်သေ အရပ်လူကြီးများနှင့်အတူ ရှာဖွေပါရော။ ရှာဖွေတော့ သတင်းရထားတဲ့အတိုင်း ထို ၄-အိမ်မှ သက္ကာယဒိဋ္ဌိ ဘိန်းတွေ မိတယ်၊ ဝိစိကိစ္ဆာလက်နက်တွေလဲ မိတယ်၊သီလဗ္ဗတပရာမာသ ကစားဝိုင်းလဲ မိတယ်။ မိတော့ ပစ္စည်းသက်သေနှင့် အတူတကွ ဘမ်းပြီးချုပ်သွားပါရော။ (အန္ဓ၊ ဗာလ၊ ပုထုဇ္ဇန၊ဝဋ္ဋနတို့မှာ)လူလဲမိထား၊ပစ္စည်းလဲမိထားသဖြင့် ရုံးတင်ပြီး တရားစွဲခံရ၍ အစစ်အဆေး ခံကြရသည်ကား။

ရုံးမင်းက။ အေန္ဓ၊ ဗောလ၊ ပေုထုဇ္ဇန၊ ဝေဋ္ဋနတို့၊ (ဘုရားဟု ပြိုင်တူ ထူးကြသည်)။

မင်း။ ။မောင်မင်းတို့ဟာ ဘာလူမျိုးတွေလဲ။
(မြန်မာလူမျိုးတွေပါ)။

မင်း။ ။မောင်မင်းတို့ဟာ အဘယ်ဘာသာကို ကိုးကွယ်ကြပါသလဲ။
(ဗုဒ္ဓဘာသာမှို ဘုရား, တရား, သံဃာကို ကိုးကွယ်ကြပါတယ်)။

မင်း။ ။မောင်မင်းတို့ဟာ ဗုဒ္ဓဘာသာလား။
(ဟုတ်ကြပါတယ်)။

မင်း။ ။မောင်မင်းတို့ဟာ ဗုဒ္ဓဘာသာဆိုလျှင် ဘာကုသိုလ်များ လုပ်ကြသလဲ။
(ဒါန၊သီလ၊သမထ ကုသိုလ်များ တခါတရံပြုကြပါတယ်)။

မင်း။ ။သာသနာပအခါမှာ ဒါန၊သီလ၊သမထပြုကြတယ်၊ ဒီလူတွေကို ဗုဒ္ဓဘာသာဟု ကမ္ဘာကခေါ်ပါရဲ့လား။

(အေးအေး ဟုတ်သားတဲ၊ သာသနာပခေတ်မှာ ဒါနပြု၊ သီလပြု၊ သမထရှုကြပေမဲ့ ဗုဒ္ဓဘာသာဆိုတဲ့ ဘွဲ့တော်ကြီးကို မရခဲ့ကြဘူးကွ၊အခေါ်လဲ မခံကြရဘူးကွ)။

(ကိုင်း-ကိုင်း ရှုံးမင်းက မေးနေပြီ၊ငါတို့ ဘယ်လိုဖြေကြမလဲ ဟု စဉ်းစားကာ နေကြတော့)။

ရှုံးမင်းက။ မှန်ရာကို ဖြေကြဟု အမိန့်ပေးတော့။

(ဗုဒ္ဓဘာသာဟု မခေါ်ကြပါ)။

ရှုံးမင်း။ ။သာသနာပက ဒါန၊ သီလ၊ သမထကိုပြုတဲ့ လူတွေကို ဗုဒ္ဓဘာသာဟု မခေါ်ပါလျှင် ယခုသာသနာတွင်းက ဒါန၊ သီလ၊ သမထပြုတဲ့လူတွေကို ဗုဒ္ဓဘာသာဟု ခေါ်စရာ ရှိပါသလား။

(မဖြေနိုင်၍ ငေးမှိုင်ကာ နေကြသည်)။

ကြည့်ကြစမ်း။ ။ဒါန၊ သီလ၊ သမထ ၃-ပါးထဲရှိ။ သာသနာပ ခေတ်တဲ့။

ကြည့်ကြစမ်း။ ။ဒါန၊သီလ၊သမထ၊ဝိပဿနာ ၄-ပါးရှိ။ သာသနာတွင်း ခေတ်တဲ့။မောင်မင်းတို့ဟာ ဝိပဿနာတရားကို မပြုရသေး မရသေးလို့ ဗုဒ္ဓဘာသာလဲ မဟုတ်၊ သာသနာတွင်းလူလဲ မဟုတ်၊ အင်္ဂါပြတ်၍ နေကြတယ်။

အန္ဓ၊ ဗာလ၊ ပုထုဇ္ဇန၊ ဝဠဉ္စနတို့ဘက်က ငှားထားတဲ့ (မာယာဝီဘွဲ့ရ) ရှေ့နေက။ ။သာသနာတော်တွင်းမှာ ယခုလိုကိုးကြ ဖြစ်နေကြတဲ့ လူတွေကို အများကပင် ဗုဒ္ဓဘာသာတွေဘဲလို့ ခေါ်ကြပါတယ်။ ဘုရားကိုယ်တော်တိုင်ကလဲ ဒီလူတွေကို ငါ၏ချစ်သား,ချစ်သမီးတို့ဟူ၍ ခဏခဏ မကြာမကြာ ခေါ်ပါသဖြင့် ဒီလိုလူတွေဟာ ဗုဒ္ဓဘာသာလဲ မှန်ပါတယ်၊ ဘုရား၏သားတော်ချစ်,သမီးတော်ချစ်များလဲ ဖြစ်ကြပါတယ်။

ရှုံးမင်း။ ။သက်သေပြပါဦး။

ရှေ့နေ။ ။ဘိက္ခဝေ၊ အို-ငါ၏ချစ်သား, ချစ်သမီးတို့ ဟူ၍။ ဘိက္ခဝေ တွေဟာ များစွာတွေ့ရပါသည်။

ရှုံးမင်း။ ။ပရမတ္ထသံဃာထဲပါတဲ့ ရဟန်း၊ရှင်၊ယောကျ်ား၊ မိန်းမတို့ကို သာလျှင် မှချယူရပါတယ်၊ သံဃာ့ဂုဏ်တော်ကြီး ၉-ပါးနှင့် မညီညွတ်သေးသော ပုထုဇဉ် ရဟန်းများကို တောင်မှ (သမုတိသံဃာ)ဟူ၍ နိုင်ငံအသိဆိုထားရာ ဒိဋ္ဌအန္ဓ ဒိဋ္ဌဗာလ၊ ဒိဋ္ဌပုထုဇ္ဇန၊ဒိဋ္ဌဝဋ္ဋနုံတို့ကို သမုတိသံဃာတော်ထဲသို့ ထည့်စွက်ပြီး ဘိက္ခုငေထဲ ရောမွှေပြီးတော့ မြတ်စွာဘုရား၏ သားတော်တွေ သမီးတော်တွေ အဖြစ်နှင့် ရှေနေမင်းကိုးကွယ်နိုင်ပမလား။

(ရှေရှောက်ပြီး လှော်လေ-နစ်လေ ဖြစ်တော့မည့်အရေးကို အဝေးက မြင်နေသဖြင့်၊ တုဏှိဘော နေရှာတော့၏)။

ယခုလူတွေကို ဘုရားသားတော် သမီးတော် ဆိုလျှင်။

လောကဌ် မိဘနှင့် သားသမီး ဆိုတာ ပစ္စည်းမကဲ့ အစားမကဲ့ အပိုင် အဆိုင် မကဲ့ပါ။ အရှိလဲ မကဲ့ပါ။ အနေ့လဲမကဲ့ကြပါ။ ဥပမာ-ကောသမ္ဗီ သူဋ္ဌေးကြီး၏ ပစ္စည်း အမွေတွေ အားလုံးကို ကိတ္တိမသား ဃောသကဟာ အကုန်လုံး ရပါသည်။ ပိုင်ပါသည်။ ဆိုင်ပါသည်။ သုံးစွဲရ ပါသည်။ (ကောသမ္ဗီသူဋ္ဌေးနှင့် ကိတ္တိမသား ဃောသကဟာ)။ ခရေနှင့် မီးလိုပါဘဲ။ အမွေမပေးလို။ သတ်ဖြတ်ထာပင် ၇-ကြိမ်တိတိပင်။ ရင်နှစ်သားချစ်ဖြစ်ပါ မှုကား၊ အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။ (ဃောသက ဝတ္ထု သက်သေ တည်း)။ ထို့အတူပင် မြတ်စွာဘုရားမှာ ပရမတ္ထတရား ၄-ပါးပစ္စည်းများ၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ပဋိစ္စ သမုပ္ပါဒ်ပစ္စည်းများ ရှိ၍နေပါတယ်။ အဲဒီပစ္စည်းတွေကို သုံးမှ၊ စွဲမှ၊ စုမှ၊ လုမှ၊ ပိုင်မှ၊ ဆိုင်မှ၊ ရမှ၊ ယူမှ၊ ဘုရား သားတော် သမီးတော် အဖြစ်ကို ရောက်ပါမည်။ (မဂ်, ဖိုလ်, နိဗ္ဗာန် ပစ္စည်းနှင့် မစင်သေးပါ)။ ကဲ-ကဲ (အန္ဓ ဗာလ ပုထုဇ္ဇန ဝဋ္ဋန) တို့ကို ဗုဒ္ဓဘာသာထဲ သားတော်-သမီးတော် ထဲသို့ ထည့်သွင်း နိုင်ကြ ပါရဲ့လား။ ။(မထည့်နိုင်တော့ပါဟု ဝန်ခံကြ တော့သည်)။ သက္ကာယဒိဋ္ဌိ ဘိန်းတွေမိလို့၊ ဝိစိကိစ္ဆာ လက်နက်တွေ မိလို့၊ သီလဗ္ဗတပရာမာသ ကစားဝိုင်းမိလို့ စစ်ဆေး အပြစ်ပေး တော့မည်။ ကြည့်၍နေကြတော့ (အပြစ်နဲ့အဘမ်းခံရသူ ၄-ဦးတို့)။ ။(ဘုရား)။ ။ မောင်မင်းတို့သည် ရုံခါရုံခါ ဒါနပြုကြသည်ဟုပြောတယ်။ ဒါနပြုပုံ၊ အလှူ

ပေးပုံ ပြောပြစမ်းပါ။ ။(၄-ဦး)။ ။ကျွန်တော်တို့ ဒါနပြုတာကတော့ (၁) အလှူခံ ဘုန်းတော်ကြီး ၁၀-ပါး ၁၁-ပါးလောက် ပင့်ပါတယ်။ (၂) ဆွမ်း, ကွမ်း, ထီး, ဘိနပ်, သင်္ကန်း-စသော အလှူပစ္စည်း တွေကို ဘုန်းတော်ကြီး များအား လှူပါတယ်။ (၃) ကျွန်တော်တို့ ကိုယ်တိုင်ပင် သာဟတ္ထိကဒါန မြောက်အောင် ကပ်လှူပါတယ်။ ။ဤပုံ အစစ်ခံတော့ ရေးမှတ် ထားလေသည်။ တဖန် ရုံးမင်းက။ ။အချင်း ၄-ဦးသားတို့.... (ဘုရား)။ ။မောင်မင်းတို့သည် ရံခါရံခါ သီလ ဆောက်တည် ကြတယ် ဆိုတော့၊ ဘယ်လို ဆောက်တည်ကြပါသနည်း-ပြောပြစမ်းပါ။ ။၄-ဦးက ကျွန်တော်မျိုး တို့သည် သူတပါး၏အသက်ကိုလဲ မသတ်ကြပါ၊သူတပါး၏ ပစ္စည်းကိုလဲ မခိုးကြပါ၊ သူတပါး၏ သားမယားကိုလဲ မလွန်ကျူးကြပါ၊ သူတပါးတို့အား ယုံကြည်အောင် မလိမ် မညာကြပါ၊ အရက် သေစာလဲ မသောက် ကြပါ စသည်ဖြင့် အစစ်ခံကြ လေသည်။ ။ရေးမှတ်၍ ထားပြန်၏။

တဖန် ၄-ဦးသားတို့။ ။သမထကို ပွားများပါတယ် ဆိုရာ၌ ဘယ်လို များပွားများကြပါသနည်း၊ ပြောပြပါ။ ။၄-ဦးတို့က ပြောပြသည်ကား ကျွန်တော် တို့သည် တခါတရံ လူသေကောင်ကို ကြည့်ပြီးတော့ ငါလဲဘဲ တနေ့ဘော့ ဒီအသေမျိုးဖြင့် သေရဦး တော့မည်၊ ငရက် နှစ်ရက် ရှိလျှင် ဖူးဖူးရောင်လာပြီး ပုပ်ဆွေးတော့မည်ဟု အသုဘပွားများပါသည်ဟု အစစ်ခံကြရာ။ ။ရေးမှတ်၍ထားပြန်၏။

ဒါနပြုရာ၌ သက္ကာယဒိဋ္ဌိဘိန်း လက်ပူးလက်ကြပ် မိသွားပြီ။

မောင်မင်းတို့ ဒါနပြုတုန်းက၊ ဘုန်းတော်ကြီး ၁၀-ပါး ၁၁-ပါးပင့်တယ်ဟု စကားထွက်နေတယ်။ (ဝိပဿနာနည်း၊ အဘိဓမ္မာနည်း၊ ပရမတ်နည်းမှာ) ရုပ်နာမ်မှတပါး သဘောမျှမှတပါး ဘုန်းတော်ကြီးလဲ မရှိပါ၊ ပုဂ္ဂိုလ်သတ္တဝါလဲ မရှိပါ၊ အမှား ၂၆-ပါးလဲ မရှိပါ၊ တဖန် ဆွမ်း, ကွမ်း, ဆေး,ပစ္စည်း,သင်္ကန်း-စသော ဝတ္ထုတွေကို ဘုန်းတော်ကြီးတို့အား လှူ၏ဟု စကားထွက်၍နေပါတယ်။ ပရမတ္ထနယ်မှာ အမှန်မှာ ဆွမ်းလဲမရှိ၊ ကွမ်းလဲ မရှိ၊ ဆေးပစ္စည်း သင်္ကန်းလဲမရှိ၊ ရှိတာက ရုပ်တရားပါဘဲ။ တဖန် မိမိကိုယ်တိုင်ပင် သာဟတ္ထိက မြောက်အောင် ကပ်လှူတယ် ဆိုရာ၌ မိမိလဲမရှိ၊

အားလုံး အမှားကိုအမှန်လုပ်ခြင်း၊ ထင်မှား မှတ်မှား အယူမှား အမြင်မှား တာမို့ သက္ကာယဒိဋ္ဌိတန်းလန်းနှင့် ဒါနပြုမိခဲ့ပြီ။ အဲဒါ ဘိန်းဘမ်းမိတာဘဲ။

| | |
|---|---|
| ဘုန်းကြီးဆိုဒါမရှိ ပညတ်ခေါ်ပင်။ | ရှိတာက ရုပ်နာမ်ဘဲ။ |
| ဆွမ်းကွမ်းဆိုဒါမရှိ ပညတ်ပင်။ | ရှိတာက ရုပ်တရားပါဘဲ။ |
| မိမိဆိုဒါမရှိ ပညတ်ခေါ်ပင်။ | ရှိတာက ရုပ်နာမ်ပါဘဲ။ |
| အမှားမိစ္ဆာ ဒိဋ္ဌိဘက်က ပြုကြတာ | အမှန် သစ္စာဘက်က မပြုမိကြလေ။ |

ဒါနပြုရာ၌ အမှားနယ်က ပြုမိခြင်း၊ အမှန် သစ္စာကို ဖျက်မိခြင်း၊ (လျှော့လျှင်မိစ္ဆာ–သာလျှင်ဒိဋ္ဌိ) ၂–ပြန် ငြိနေသောကြောင့်၊ သက္ကာယဒိဋ္ဌိ ဘိန်းတွေ လက်ပူး လက်ကြပ်မိ နေပါပြီ။ ။ဘာများ လျှောက်လဲချင်ပါ သေးသလဲဟု မေးလျှင် ၎င်း၏ ရှေ့နေနှင့်တကွ ၄–ဦးသားတို့ ငေးမှိုင်ကာ နေကြလေသည်။

သီလစောင့်ရာ၌ သက္ကာယဒိဋ္ဌိ ဘိန်း လက်ပူး လက်ကြပ်မိသွားပြီ။

မောင်မင်းတို့ဟာ သီလစောင့်ရာ၌(ငါမသတ်တော့ဘူး ဟု)အထင်မှား အမြင်မှား အယူမှားကြတယ်။ (ပရမတ်တရားမှာ ငါမရှိ,သူမရှိ လူ,နတ်, ဗြဟ္မာ,သတ္တဝါမရှိပါဘဲလျက် ငါအစွဲကြီးစွဲပြီးတော့ သီလနှင့်တွဲထားတယ်။ ထို့ပြင် သူ့အသက်ကို ငါမသတ်တော့ဘူး၊ သူ့ဥစ္စာကို ငါမခိုးတော့ဘူး၊ သူ၏သားမယားကို ငါမဖျက်ဆီးတော့ဘူး၊ သူ့ကို ငါကလိမ်၍ မပြောတော့ဘူး၊ သေအရက်ကို ငါမသောက်တော့ဘူး ဟူ၍ သီလစောင့်ရှောက် ရာ၌ သီလက ကုသိုလ် ကောင်းမှု ဖြစ်၍ နေပါလျက် (ငါအစွဲ–သူအစွဲ) ဒိဋ္ဌိစွဲကြီး တန်းလန်းနှင့်ပြုကာ နေကြတော့။ ကုသိုလ်နှင့် အကုသိုလ် တွဲတွဲ ပြုရာသို့ ရောက်ပြန်ပါတယ်။ အဲဒါဟာ လက်ပူး လက်ကြပ် ဘိန်းဘမ်းမိနေ တာဘဲ။အဲဒီတော့ သီလကိုစောင့်ရာ၌ အမှားနယ်ကပြုမိခြင်း၊ အမှန်သစ္စာကို ဖျက်ဆီးမိခြင်း(လျှော့လျှင် မိစ္ဆာ–သာလျှင် ဒိဋ္ဌိ)၂-ပြန်ပင် ငြိ၍ နေသော ကြောင့် သက္ကာယဒိဋ္ဌိဘိန်းတွေ လက်ပူးလက်ကြပ် မိ၍နေတော့သည်။ ။ ကဲ–ကဲ–မောင်မင်းတို့ ၄–ဦးဟာ ဘာများ လျှောက်လဲချင်သေးသလဲဟု မေးတော့ ငေးမှိုင်ကာနေကြသည်။

သမထပွားရာ၌ သက္ကာယဒိဋ္ဌိဘိန်း လက်ပူးလက်ကြပ်မိပြီ။

မောင်မင်းတို့ ၄-ဦး သမထပွားတုန်းက လူသေအလောင်းမြင်၍ ငါ လဲဘဲ ဒီပုံ တနေ့တော့ သေရအုံးမည်ဟု အစစ်ခံထားတယ် မဟုတ်လား။ ပရမတ္ထနယ်၌ လူလဲမရှိပါ၊ သေဘာလဲမရှိပါ၊အလောင်းလဲမရှိပါ၊ အကောင် လဲမရှိပါ၊ငါလဲမရှိပါ။

ရုပ်သုံး၊ ရွာသုံး၊ တိုင်းသုံး၊ ပြည်သုံး၊ ကမ္ဘာသုံး အားဖြင့် ပညတ်ထား တာပါ၊ သမုတ်၍ ထားဘာပါ၊ အမည်မှည့်ထားတာပါ၊ တကယ် မရှိပါ။ ရှိတာက ရုပ်နာမ် ၂-ခုပါ။ မရှိတာကို အရှိလုပ်ခြင်း၊ ရှိတာကို မသိခြင်း။ အဲဒါဟာ ပရမတ္ထသာသနာတော်ကြီးကို စော်ကားတာဘဲ၊ ကွယ်အောင် ပြုတာဘဲ။ သမထကိုပွားများရာ၌ သမထက ကုသိုလ်ကောင်းမှုဖြစ်၍ နေပါ လျက် ငါစွဲ-သူစွဲ-ဒိဋ္ဌိစွဲ-တန်းလန်းကြီးနှင့် ပြုကာ-ပြုကာ နေကြတော့ ကုသိုလ်နှင့် အကုသိုလ်တွဲ၍ ပြုနေရာသို့ ရောက်၍နေပါတော့သည်၊အဲဒါဟာ လက်ပူးလက်ကြပ် ဘိန်းဘမ်းမိတာပါဘဲ။ ။အဲဒီတော့ သမထကို ပွားရာ၌ အမှားနယ်က ပြုမိခြင်း၊အမှန်သစ္စာကို ဖျက်ဆီးမိခြင်း (လျော့လျှင် မိစ္ဆာ- သာလျှင် ဒိဋ္ဌိ) ၂-ပြန်ငြိ၍ နေသောကြောင့် သက္ကာယဒိဋ္ဌိဘိန်းတွေ လက်ပူး လက်ကြပ်မိ၍ နေပါတော့သည်။

| ဒါနပြုရာ၌ | အလှူခံပုဂ္ဂိုလ် | အလှူပေးပုဂ္ဂိုလ် | အလှူထယ်ဝတ္ထု |
|---|---|---|---|
| ရုပ်နာမ်-၂ | ဒိဋ္ဌိ | ဒိဋ္ဌိ | ဒိဋ္ဌိ |
| သီလ၌ | ငါမသတ် | သူ့အသက်ကို | လက်နက်ဖြင့် |
| ရုပ်နာမ်-၂ | ဒိဋ္ဌိ | ဒိဋ္ဌိ | ဒိဋ္ဌိ |
| သမထ၌ | လူသေကို | ငါရှုတယ် | ငါလဲဒီပုံဖြစ်မှာဘဲ |
| ရုပ်နာမ်-၂ | ဒိဋ္ဌိ | ဒိဋ္ဌိ | ဒိဋ္ဌိ |

ဒါနပြုလို့ သူဌေး, သူကြွယ်, ပဒေသရာဇ်, ကေရာဇ်, စကြာမန္တတ် လောက်သာ ရပါမည်။ ဒိဋ္ဌိပါရှိနေလို့ အဘိုးတန်သော မဂ်,ဖိုလ်,နိဗ္ဗာန်တွေ ဆုံးရှုံးနစ်နာခံရသည်။ အပ်ဝင်တာနှင့် ပေါက်ဆိန် ထွက်သည်နှင့် တူလျက် နေတော့သည်။ ဒါနပြုလို့ ဘာတရာ, ဘဝတဏှထောင်လောက်သာ အပါယ် တံခါး ပိတ်သွားမည်။ဒိဋ္ဌိပါရှိနေလို့ တသံသရာလုံး အပါယ်တံခါး မပိတ်ဘဲ ခံကြရဦးမည်။

ဒါနလဲပြု ဒိဋ္ဌိလဲ ကွာနေပါလျှင် တသံသရာလုံး မဂ်ဖိုလ်ချ၍ ဒေပါယ်တံခါးပါပိတ်၍ အကောင်းဆုံးကြီးတွေနှင့် ခံစား၍ သွားရတော့မည်။

**သတိရကြပါရန် ဂါထာဆောင်ပုဒ်**

အဆိပ်နှင့်ပျားၤ ရောထားသည့်ပုံ။ ချိုလှ-ချိုလှၤ မျိုချအကုန်။
အဆိပ်ဘက်မှၤ အခက်ခတွေ့ကြုံၤ ဒုက္ခဘေး-မျှော်တွေးကြောက်ကြကုန်။

ဒါန,သီလ,သမထသည် ပျားနှင့်တူ၏၊ ဝိစိကိစ္ဆာ, သီလဗ္ဗတ, ပရာမာသ သုံးပါးသည် အဆိပ်နှင့်တူ၏။ တွဲ၍စားလျှင် မဂ်ခသေ, ဖိုလ်သေ, နိဗ္ဗာန်ပါ ဓသမည်။ ၂၄-သင်္ချေ ကုဋေ ၆၀ ဗိုလ်ခြေ တသိန်းတို့ ဒါနပြုသလို၊ သီလ စောင့်သလို၊ သမထပွားသလို အတုယူ၍ ပြုကျင့်ကြပါကုန်။ သီလသမထ၌ သက္ကာယဒိဋ္ဌိ အဆိပ်ပါလျှင် ဘိန်းဘမ်းမိလျှင် ဒီပုံပါဘဲ။

ငင်းတို့အိမ်၌ လက်နက်ဘမ်း၍ မိပြန်ပြီ။

အချုပ်မှာ ခန္ဓာကိုယ်သည် အိမ်ပင်တည်း။ ဝိစိကိစ္ဆာသည် လက်နက် ပင်တည်း။ မောင်အန္ဓ၊ ဗာလ၊ ပုထုဇ္ဇန၊ ဝဋ္ဋနတို့။ မောင်မင်းတို့ အိမ်တွေ၌ ရှာဖွေတော့ လက်နက်တွေ့ရတယ်၊ သက်သေနှင့်တကွ ဘမ်းမိထားတယ်။ ကဲ-ကဲ-စစ်ဆေးမယ်။ ။မောင်မင်းတို့ ဘာကို ကိုးကွယ် ပါသလဲ၊ ။ ဘုရား-တရား-သံဃာ ကိုးကွယ် ပါတယ်။ ။ကောင်းပြီ ဘယ်ဘာသာ ထဲက ဘုရား တရား-သံဃာကို ကိုးကွယ် ပါသလဲ။ ။ဗုဒ္ဓဘာသာထဲက ဘုရား-တရား-သံဃာကို ကိုးကွယ် ပါသည်။ ။ကောင်းပြီ၊ ဘုရားဟာ ဘယ်ဒင်းလဲ။ ။ကျွန်တော်တို့ အိမ်တွင် ဘုရားစင် ပေါ်က ဘုရားဟာ ဘုရားပါဘဲ။

ရှုံးမင်း။ ။ဘုရားဆိုတာ၊ ကပ္ပိလဝတ်ပြည်က သုဒ္ဓေါဒန မင်းကြီး၏ သားတော်ဘဲ၊ မယ်တော်မာယာ၏ သားတော်ဘဲ၊ ယသော်ဓရာ၏ ကြင် ဘက်တော်မှ ဖြစ်လာသော ဘုရားဘဲ၊ ရာဟုလာမင်းသား၏ ခမည်းတော် ဖြစ်သော ဘုရားဘဲ၊ ဆံမြိတ်တော်ခံ၍ဘုဥ်းပေးတဲ့ ဘုရား၊ အသံတော်ရှစ်ပါး ရှိတဲ့ ဘုရား၊ ရောင်ခြည်တော် ခြောက်သွယ်ရှိတဲ့ ဘုရား၊ ခြေဘဝါးတော်၌ စက်သက္ခဏာတော် ၁၀၈-ကွက်ရှိတဲ့ ဘုရား၊ တရားဟောတဲ့ ဘုရား၊ ယခု သင်တို့ပြောတဲ့ဘုရားဟာ၊ ကပ္ပိလဝတ်ပြည်က သုဒ္ဓေါဒနမင်း၏ သားတော်

ဘုရားလား။ ။မဟုတ်ပါဘူး။ ။နို-ဘယ်ဘုရားလဲ။ ။သစ်သား ထုထားတာလဲ ဘုရားပါ၊ ကြေးသွင်းထားတာလဲ ဘုရားပါ၊ ကျောက်ထု ထားတာလဲ ဘုရားပါ၊ အုဋ္ဌအင်္ဂတေနဲ့ပြုလုပ်ထားတာလဲ ဘုရားပါ၊ ဆေးနဲ့ ရေး၍ထားတာလဲ ဘုရားပါ၊ ဓာတ်ပုံနဲ့ကူးယူထားတာလဲ ဘုရားပါ။

ရုံးမင်း။ ။အို-ကျွန်ုပ်တို့သိထားတာကတော့ ဘုရားဟာတဆူထဲဘဲ။ ယခုမောင်အန္ဓတို့ပြောပြတော့ ဘုရားတွေများလှချည့်ကလား။ ကဲ-ဒါဖြင့် ကမ္မဋ္ဌာန်း ထိုင်တော့ စိတ်ထဲမှာ ဘုရား ထင်လာတယ်၊ အဲဒါကော။ ။ ဒါလဲ ဘုရားပါဘဲ။ ။သီရိဓမ္မာသောကမင်းတရားကြီးကို ကာလနဂါးက ဖန်ဆင်း၍ ဘုရားအသွင်ပြတယ်၊ အဲဒါကော။ ။ဒါလဲ ဘုရားပါဘဲ။ ။ သံဃာတော်တွေ ခြံရံပြီးတော့ ရွာအစုံစုံ မြို့အဖြာဖြာတို့၌ လှည့်လည်ပြီး တရားဟော၍ ချွတ်နေတဲ့ အရှင်ဂေါတမကော၊ ဒါလဲ ဘုရားပါဘဲ။ ။ ဣတိပိသော ဂုဏ်တော် ကိုးပါးကော၊အဲဒါလဲ ဘုရားပါဘဲ။ ။သဗ္ဗညုတ ဉာဏ်တော်ကြီးကော၊အဲဒါလဲ ဘုရားပါဘဲ။ ။အိပ်မက်ထဲမှာ မြင်ရတဲ့ ဘုရားကော၊ အဲဒါလဲ ဘုရားပါဘဲ။

မောင်အန္ဓ၊ မောင်ဗာလ၊ မောင်ပုထုဇ္ဇနတို့၊ ဘုရားဆိုတာ တလောက လုံးမှာ တဆူသာ ရှိပါတယ်။ ။(ကေပုဂ္ဂလော ဘိက္ခဝေ လောကသ္မိံ ဥပ္ပဇ္ဇမာနေ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ (လ) အရဟံ သမ္မာ သမ္ဗုဒ္ဓေါ) ဟူ၍ တဆူထဲသာရှိတယ်လို့ ကျမ်းဂန်အစောင်စောင်မှာ တွေ့ရ ပါတယ်။ သင်တို့အလို တာလောက်များလှတဲ့ ဘုရားထဲမှာ ဘယ်ဘုရားက အစစ်လဲ ဘယ်ဘုရားက အတုလဲ ပြောပြကြပါ။ ။မသိကြတော့ပါ၊ သူများက ဘုရားပြောလို့ ဘုရားဟု မှတ်ထားခြင်းမျှသာ ဖြစ်ပါသည်။ ။ ကဲ-ကဲ-လိုရင်းမေးမြန်းအုံးမယ်၊ အရှင်ဗက္ကလိမထေရ်ဟာ ဘုရားကိုကြည်ညို နေတော့၊ ဘုရားက ခန္ဓာကိုယ်ကြီးဟာ ဘုရား မဟုတ်သေးဘူး၊ တရား မြင်မှ ဘုရားအစစ်မြင်တယ်လို့ ဟောထားတာများကိုကော ကြားဘူးပါ ရဲ့လား။ ။ကြားဘူး သလိုလိုပါဘဲ၊ ဘာကို ဘုရားဟု ခေါ်တယ်လို့တော့ ကွဲကွဲပြားပြား မသိခဲ့ပါဘူး။ ဟိုဘုရားလို ဒီဘုရားလိုနှင့် အသက်ကြီး၍ လာခဲ့တာပါဘဲ။ ။ကဲ-ကဲ-ဒါဖြင့် ဘုရားမှာလဲ ဝိစိကိစ္ဆာနှင့် တရားမှာလဲ ဝိစိကိစ္ဆာနှင့် နေမှာပါဘဲ။ သံဃာမှာလဲ ဝိစိကိစ္ဆာနှင့် နေမှာပါဘဲ။ အိမ်မှာ

ပုလိပ်တွေရှာဖွေတော့ လက်နက်ကိုမိသွားတာလိုဘဲ၊ သင်တို့ရဲ့ခန္ဓာကိုယ်၌ ယောဂီများကရှာဖွေတော့ ဘုရား, တရား, သံဃာနှင့်စပ်ပြီး၊ ဝိစိကိစ္ဆာ လက်နက်တွေမိ၍နေပါပြီ။ ၁၆-ပါးသော ဝိစိကိစ္ဆာတွေလဲ ခန္ဓာအိမ်မှာ ရှိနေပုံ ဘမ်းမိပါပြီ။ ၈-ပါးသော ဝိစိကိစ္ဆာတွေလဲ ခန္ဓာကိုယ်မှာပင် တွေ့ရ ပါပြီ။ ဘမ်းပါပြီ။

ကျေနပ်အောင်ဘမ်း၍ပြပါအုံးမယ်။ ယခုဘဝမှ သေလွန်ခဲ့သော် သင်တို့ ၄-ဦးသားဟာ လူ့ဘုံသွားမှာလား နတ်ဘုံသွားမှာလား အပါယ်လေးဘုံသို့ သွားမှာလား ဧကန် ပြောပြကြပါ။ ။ဘယ်ဘုံ သွားမယ်လို့ ဧကန် မသိ ကြပါ။ ။လူ့ဘုံသို့သွားမှာလိုလို နတ်ဘုံသို့သွားမှာလိုလို အပါယ်ဘုံသို့ သွားမှာလိုလို ဖြစ်၍နေကြတယ်။ ဧကန် မပြောနိုင်တာဟာ ဝိစိကိစ္ဆာ ပါဘဲ။

အဲဒီတော့ ကုသိုလ်နှင့် အကုသိုလ်မှာ ဒွန်တွဲခါ နေတယ်။ ။ဒါနနှင့် ဝိစိကိစ္ဆာတွဲနေ၊ လူ့ဘဝရဦး၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဆုံးရှုံးပါရော။ သီလနှင့် ဝိစိကိစ္ဆာတွဲနေ၊ နတ်ဘဝရဦး၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဆုံးရှုံးပါရော။ သမထနှင့် ဝိစိကိစ္ဆာတွဲနေ ဗြဟ္မာဖြစ်ဦး မဂ်ဖိုလ်နိဗ္ဗာန်ဆုံးရှုံးပါရော။အဲဒါဟာ အိမ်၌ လက်နက်ဘမ်းမိတာလို ခန္ဓာ၌ ဝိစိကိစ္ဆာ ဘမ်းမိပုံပါဘဲ။

အဆိပ်နှင့်ပျား ဂါထာနှင့် နိဂုံးသတ်ကြပါလေ။

## ၎င်းတို့အိမ်၌ ကစားဝိုင်းဘမ်း၍ မိပြန်ပြီ

အိမ်မှာရှာဖွေတော့ ကစားဝိုင်းဘမ်း၍မိတာလို၊ ခန္ဓာမှာရှာဖွေတော့ သီလဗ္ဗတပရာမာသ ရှိပုံဘမ်းမိသည်။ ။မောင်အန္ဓတို့၊ သင်တို့ဟာ အစစ် ခံစဉ်ကတော့ ဗုဒ္ဓဘာသာထဲက(ဘုရား, တရား, သံဃာ)ရတနာ သုံးပါးကို သာလျှင် ကိုးကွယ်ပါသည်ဟု ပြောတယ်။ ။ကျွန်ုပ်တို့မျက်မြင် တရွာလုံး မြင်၊တမြို့လုံးမြင်၊ တရပ်လုံးမြင်နေရတာကတော့ သင်တို့ရဲ့အိမ်မှာ ဂြိုဟ်စာ ကျွေးတာကို မြင်မြင်နေရပါတယ်။ အဲဒီ ဂြိုဟ်စာကျွေးတာဟာ (ဘုရား, တရား,သံဃာ)လား ပြောပြပါ။ ။ဘုရား,တရား,သံဃာမဟုတ်ပါ။ ။ နို့ဘာလဲ။ ။ဂြိုဟ်စာကျွေးတာဟာ (ဘုရား,တရား,သံဃာ)ဆိုတဲ့ ရတနာ ၃-ပါးမှ အလွတ်ပါ၊အပိုပါဘဲ။ ။ပြောတုန်းကတော့ ဗုဒ္ဓဘာသာအယူ

ပါတဲ့ (ဘုရား, တရား, သံဃာ)ဆိုတဲ့ ရတနာ ၃-ပါးကိုသာ ကိုးကွယ်ပါတယ်တဲ့။ ယခုမျက်မြင်နဲ့ စစ်ဆေးကြည့်တော့လဲ အပိုအမိုတွေနဲ့ ရောနေပါပကော။(လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ)ဆိုတာကို ကြားဘူးတယ် မဟုတ်ပါလား။ ။မောင်အန္ဓတို့ ရှေ့နေက။ ။ဗမာတပြည်လုံးရှိ ဗုဒ္ဓဘာသာခေါ်တဲ့ လူမျိုးတွေဟာ ဒါမျိုးတွေနဲ့ပါဘဲ။ ။အစိုးရရှေ့နေ။ရောကြိတ်ပြီးပြွတ်သိပ်ကြီး မပြောပါနှင့်။ ဗုဒ္ဓဘာသာတိုင်း မရောပါ၊ အချို့ဆိုတဲ့စကားထည့်ပြီး ပြောပြစေချင်ပါတယ်။ အရိယူပဝါဒ ကံကြီးထိုက်တတ်တာမို့ အလွန်ကြောက်စရာ ကောင်းလှပါတယ်၊ အချို့ ဗုဒ္ဓဘာသာများသာ ဒီလိုရောနေကြတာပါ။

(နေ)။ ။အဲဒီလိုရောနေကော (ဘုရား, တရား, သံဃာ) ရတနာပါပြီးမို့ ဗုဒ္ဓဘာသာလို့ မဆိုထိုက်ပေဘူးလား။

စိုး။ ။(လျော့လျှင်မိစ္ဆာ၊ သာလျှင့်ဒိဋ္ဌိ) အဲဒါကိုဘဲ စိစစ်၍ကြည့်ပါတော့ဗျာ။ ထို့အပြင်လဲ (ဝန္ဒာမိ) ပုဒ်အနက်ထုတ်နှင့် မကိုက်ညီပေဘူးဗျ။ ဝန္ဒာမိကို အနက်ပေးတော့၊ (ဝန္ဒာမိ၊ ဘယ၊ လာဘ၊ ကုလ၊ ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို၊ အောက်မေ့၍သာ၊ အသင့်နှလုံး၊ ဆို့ပိတ်ဖုံး၍၊ သုံးတန်စေတနာ၊သုံးဖြာဒွါရ၊ပဏာမဖြင့်၊ကြည်ဆွသဒ္ဓါ၊ရှိခိုးပါ၏အရှင်ဘုရား-တဲ့)၊ (၁) ဘယ၊ ဘေးကိုကြောက်၍ ရှိခိုးခြင်း၊ကိုးကွယ်ခြင်းဟာလဲ သရဏဂုံ မထိုက်ဘူးတဲ့ဗျာ။ (၂) လာဘ လာဘ်ကိုလိုချင်၍ ရှိခိုးခြင်း၊ ကိုးကွယ်ခြင်းဟာလဲ သရဏဂုံ မထိုက်ဘူးတဲ့ဗျာ။ (၃) ကုလ၊အမျိုးတို့၏ စရိုက်ဘာသာ အလေ့အလာကြောင့် ရှိခိုးခြင်း၊ကိုးကွယ်ခြင်းဟာလဲ သရဏဂုံ မထိုက်ဘူးတဲ့ဗျာ။(နို့ဘယ်လိုကိုးကွယ်ပြီး ဘယ်လိုရှိခိုးမှ သရဏဂုံ တည်ပါသလဲဟု မေးခဲ့ပါလျှင်) (ဂုဏ်တော်ပေါင်းကို အောက်မေ့၍သာ၊အသင့်နှလုံး၊ဆို့ပိတ်ဖုံး၍၊ သုံးတန်စေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏ အရှင်ဘုရား)ဟု ပြခဲ့ပါ၍ (၁) ဘုရားကို ကိုးကွယ်လျှင် ရှိခိုးပါလျှင် ဘုရား၏ ဂုဏ်တော်ကိုးပါးကို နှလုံးသွင်းပြီးတော့ ကိုးကွယ်ကြ ရှိခိုးကြပါတဲ့။ (၂) တရားတော်ကို ကိုးကွယ်လျှင် ရှိခိုးပါလျှင် တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို နှလုံးသွင်းပြီးတော့ ကိုးကွယ်ကြ ရှိခိုးကြပါတဲ့။ (၃) သံဃာ

တော်ကို ကိုးကွယ်လျှင် ရှိခိုးလျှင် သံဃာတော်၏ဂုဏ်တော် ၉-ပါးကို နှလုံးသွင်းပြီးတော့ ကိုးကွယ်ပါ ရှိခိုးကြပါတဲ့။ အဲဒါထက် လွန်သော်၎င်း၊ လျော့သော်၎င်း (လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ)၂-ပြန်ပင် ငြိတတ်ပါသည်။

ရှုံးမင်း။ ။မောင်အနန္ဒတို့သည် ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ကိုးကွယ်တယ်ဟု ပြောသော်လည်း အမြင်အတွေ့မှာ။ ။ဂြိုဟ်စာကျွေးကြခြင်း၊ အတွင်း ၃၇-မင်း၊ အပြင် ၃၇ မင်း၊ ကိုယ်စောင့်နတ် ၁၂-ပါးမှော ဗေဒင်ယုံကြည်ခြင်း၊ နက္ခတ်ယုံကြည်ခြင်း၊အတိတ်နိမိတ်၊ စံနည်း၊ တဘောင်၊ ဘဝေါတို့ကို ယုံကြည်ခြင်း၊ဓာတ်ရိုက်၊ နတ်တိုက်၊အင်းအိုင်၊ခါးလှည့်၊လက်ဖွဲ့၊ မန္တန်တို့ကို ယုံကြည်ခြင်းစသော အိန္ဒိယဗြာဟ္မဏ ကုလား ပုဏ္ဏားတို့၏ ဘာသာရိုးရာတွေက များပြားစွာ ဖိနှိပ်စိုးအုပ်ခြင်း ခံစား၍ နေရကား ဘုရားရှင်ကြီးပင် အဲဒါတွေဟာ(သီလဗ္ဗတပရာမာသ သံယောဇဉ်ရောဂါ စွဲကပ်နေတဲ့ လူတွေပါဘဲဟု) ဆုံးဖြတ်၍ ထားပါတယ်။

အရှင်မဟာသီလဝံသ၏ သံဝေဂပျို့မှာ–

ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမားယုတ်မာ၊နတ်မိစ္ဆာကို၊ ဘိုးလာဘွားဖက်၊ သားမြေးဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံပြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်,အနီ၊ တလီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မှုံဆိုင်မှုံခဲ၊ ကြက်,ဝက်လဲ၍၊ ဗုံနှဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာ ဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊ မရှိလျှင်း၏၊ ဆောင်နှင်းမင်္ဂလာ၊ လူ့ဒါပုညာ၊ ပြုကာလလည်း၊ မိဘရှေးမှတ်၊ ငါတို့နတ်ကို၊ ပေးအပ်အပ်လျှင်၊ ပွဲသမ်းပြင်၍၊ အရှင်မှတ်မှတ်၊ ကိုယ်ငယ်ကြပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆိုများရွယ်ရွယ်၊ ရှက်ဇဖွယ်နှင့်၊ ဘယ်ငယ်တခါ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဘူးပါအံ့၊ မိစ္ဆာစွဲမှုဟ်၊ ဘယ်အရပ်မှာ၊ နတ်ဘို့နေရာ၊ အိမ် ခန်းဝါနှင့်၊ သာယာ ခမ်းနား၊ နတ် မယားနှင့်၊ နတ်သားနတ်လင်၊ ကြည့်မမြင်တည်း၊ ငြိုငြင်စိတ်စွဲ၊ အံသွားခဲ၍၊ ညှဉ်းဆဲနှိပ်စက်၊

နတ်တို့လက်နှင့်၊ ထုတ်လျက်ဆွဲငင်၊ ပြုကြအင်ကို၊ မမြင်ဘူးပါ၊ သည်အရာကို၊ မိစ္ဆာဒမာဟ၊ အယူခွ၍၊ နတ်မျှသခင်၊ နတ်ဘုရင်ဟု၊ နတ်တွင်အကြီး၊ ငါ့သမီးကို၊ ဖမ်းဆီးတတ်ငြား၊ ငါ့မယားကို၊ ဖမ်းစားတတ်ချေ၊ ချမ်းသာစေဟု၊ ကချေပွဲလမ်း၊ အခမ်းအနား၊ နတ်ထိန်းများနှင့်၊ သောက်စားဟစ်အော်၊ တကျော်ကျော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်သံပစ်၍၊ မူးယစ်မှိုင်းဝေ၊ အထွေထွေလျှင်၊ လူ့ပြေရပ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဘောကပ်၍၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျှင်းအပ်စွာ၊ ယခုမှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲသည်၊ ပေးမြဲတို့မှာ၊ ထင်မှတ်ရာသည်၊ မိစ္ဆာယူမိယူမှားတည်း။

မိစ္ဆာယူမှား၊ အလားလားနှင့်၊ လေးပါးပါယ်ဝ၊ လူ့ဗာလတို့၊ ကြံဆကောင်းစွာ၊ မာယာလှည့်ဖြား၊ လူငနွားတို့၊ မယားထွေထွေ၊ သံခြေညှင်းညှင်း၊ နှားချိုသွင်း၍၊ မောင်မင်းနှင့်ငါ၊ ချစ်ကြပါငြား၊ ထိုအကြားတွင်၊ နှစ်ပါးမလို၊ မကြည်ညိုအောင်၊ တို့ကိုဖျက်ဆီး၊ ရှင်နတ်ကြီးအား၊ ခင်နှီး ကော်ဇော၊ အုန်း ငှက်ပျောနှင့်၊ မနော်လင်ပန်း၊ အခန်းခန်း နှင့်၊ ပွဲလမ်းကျင်းပ၊ ပူဇော်သလျှင်၊ နှစ်မလည်းချစ်၊ မောင်လည်းချစ်၍၊ ငုပ်နစ်ကျွမ်းလောင်၊ ပေါင်းရ အောင်လျှင်၊ လက်ဆောင် စကား၊ ပြောပြငြားသော်၊ ချစ်အားကြီးစွာ၊ ကိလေသာကို၊ မြိုန်စွာမက်မော၊ တဏှာဇောလည်း၊ ဖြောဖြောအင်ချိုက်၊ လူငမိုက်က၊ အကြိုက်နှင့်ကြုံ၊ ကိုယ်လုံးထုံ၍၊ အယုံတရား၊ ရှိပေငြား၍၊ မယားယုတ်မာ၊ နတ်မိစ္ဆာကို၊ မေတ္တာချစ်ခင်၊ ရှိသည်အင်နှင့်၊ သူ့လင်အိမ်သွေး၊ အထွေးထွေးဖြင့်၊ ပါယ်လေးဝဘောင်၊ လိုက်၍မြှောင်သည်၊ လက်ဆောင်အများ၊ နတ်ကန္ဒားကို၊ သစ်ငါး အသင့်၊ စင်နိမ့်မြင့်နှင့်၊ လိုသင့်လိုရာ၊ ငွေသပြာကို၊ များစွာထုပ်ပိုး၊ ဆယ်စုံဖြိုးမှ၊ တိုး၍ချစ်ပါ၊ ဆုပန်ကာနှင့်၊ ရတနာသုံးဦး၊ မြတ်ကျေးဇူးကို၊ မကူးစိတ်မှာ၊ ရှင်းရှင်းခွါ၍၊ မောဟာဂတိ၊ ကိုယ်လုံးငြိလျက်၊ မရှိတရား၊ အမှားမှားနှင့်၊ မီးပွားမီးပူ၊ ရန်သူနှိပ်စက်၊ ခံစားလျက်နှင့်၊ ဖိုသ်မက်ရှစ်တန်၊ မဆန်စုန်ဆင်း၊ ခန္ဓာကင်းသည်၊ ပြည်မင်းပါယ်ဝရင်သာတည်း။

ထို့ပြင်–ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့မှာ–

တချို့–သသူ၊ အမိုက်လူကား၊ အယူမှားချွတ်၊ မီးကိုနတ်ဟု၊ အမှတ်တရ၊ ရိုညွတ်ခ၏၊ တောစတောင်ခြေ၊ နေသည့်တစု၊ မိလက္ခုကား၊ အမ္ဗုအာပေါ်၊ ပယော်ခတာယ၊ ကံဒကနှင့်၊ ဝါလဝါရိ၊ အစရှိသား၊ အဘိဓာန၊ နာမအများ၊ ဝေါဟာပြားသည့်၊ ရေအားဒေဝ၊ မှတ်ကုန်ကြ၏၊ ထိုမှတပါး၊ နတ်ဝင်များမူ၊ ထင်ရှားသသူ၊ သေသောဟူက၊ အယူမလွဲ၊ နတ်ဖြစ်မြဲဟု၊ ဝမ်းထဲပြော်ပြတ်၊ မှတ်သိရကား၊ ဘူးကရားနှင့်၊ မှန်းထားမည်ရည်၊ နတ်အိမ်တည်၍၊ အကြည်အညို၊ နတ်ကိုချည်းသာ၊ လုံးပန်းရှာသည်၊ ရတနာသုံးပါး၊ အမြတ်အားမူ၊ များများမယုံ၊ အာရုံနှောင့်နှေး၊ နှစ်ခွတွေးလျက်၊ နာရေးဖျားတာ၊ ရောက်သောခါလည်း၊ ကြမ္မာဘုံဟောင်း၊ အိမ်မကောင်းကို၊ မြဲခကြောင်းပင့်ကူ၊ ထောက်တိုဟူသား၊ အလှူသီတင်း၊ ဆည်းပူးခြင်းကို၊ စင်းစင်းမပြု၊ နတ်မှုစုံးရွယ်၊ အကယ်ကာယ်သို့၊ ရယ်ဘွယ်အိုးကြီး၊ မရှက်သီးဘဲ၊ ကန္နားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်သည်ပန်းနှစ်၊ ဆင်ကာရစ်လျက်၊ လက်ရှစ်လက်စန်း၊ တဖြင်သန်းတည့်၊ သွမ်းမှန်းမသိ၊ မျက်စိသံလည်၊ နတ်ရူးသည်ဟု၊ မတည်မတန့်၊ လွင့်ပျံ့နှလုံး၊ သူမိုက်ထုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည့်၊ မိစ္ဆာယောင်တိယောင်ယမ်းတည်း။ ။မယ်တော်ကြီးတဲ့၊အမတော်ကြီးတဲ့၊ မောင်ကော်ကြီးတဲ့၊ ဘာတဲ့–ညာတဲ့နှင့် ရှိနေကြတာတွေဟာ [ကြည့်စမ်းတော့၊ အရှင်မဟာသီလဝံသနှင့် အရှင်မဟာရဋ္ဌသာရ ၂–ပါးတို့က ဆုံးဖြတ်ထားသည်ကား (ဖိုလ်,မဂ်,ရှစ်တန်၊မဆန်စုန်ဆင်း၊ခန္ဓာကင်းသည်၊ ပြည်မင်းပါယ်ဝ ရပ်သာတည်း)ဟု ဆုံးဖြတ်၍ ထားပါတယ်]။ မဂ်,ဖိုလ်သို့ မဆန်တော့ဘဲ စုန်မြဲစုန်ဆင်းပြီး၊ အပါယ်မင်း ဒယ်တွင်းမှာ ကယ်ချင်းမရဘဲ အမယ်မင်းတာတပြီး၊ ကမြင်းထမိလို့၊ ညင်းမရဘဲ၊ ခံရတော့မှာဘဲတဲ့။

ဘုရားဟော ပါရာဇိကဏ် ပါဠိတော်၊ စတုတ္ထပါရာဇိက၊ ဝိနီတဝတ္ထုတော်များ၌ နတ်ဝင်မ ပြင်းပြင်းပြပြ မဟာဒုက္ခ ခံစားရပုံကို ဟော၍ထားတာများလဲ ကြည့်ကြပါဦးတော့။ ၊ငါးရာ့ငါးဆယ် ဇာတ်တော်မှာလဲ နတ်ကိုးကွယ်လို့ မိစ္ဆာဖြစ်ပုံကို စူဠသုတသောမဇာတ်, မဟာသုတသောမဇာတ် ဓမ္မဒိန္နာမိဖုရားကိုဘမ်းတော့ တရားဟောပြရာ၊ နတ်ကပင်သက်သေခံရပုံကိုရင်း၊ နတ်ကိုးကွယ်တာကို ထားလိုက်ပါအုံးတော့။ ဝိဇ္ဇာရ၊

အဘိညာဉ်ရ၊ သမာပတ်ရ၊ ဈာန်ရတဲ့ ဗြဟ္မာကြီးများ ကိုးကွယ်တာတောင် (မိစ္ဆာ+မိစ္ဆာ+မိစ္ဆာ) နှင့် (၅၅၀) ဇာတ်တော်မှာ များစွာပင် လာရှိပါသည်။ သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်ကော်ကြီး၌လည်း ဗြဟ္မာကိုးကွယ်လို့ ဗြဟ္မာကြီးများပင် ဇာလပိုက်ကွန်ထဲ၌ မိနေတဲ့ ငါးပမာလိုများစွာပင် နှစ်နာကြရကြောင်းဖြင့် ဘုရားဟောခဲ့ပါသည်။ ဗကဗြဟ္မာကြီးပင် ကမ္ဘာ ၅၀၀-မှ(၆၄)၊ ၎င်းမှ(၃၂)၊ ၎င်းမှ(၁၆)၊ ၎င်းမှ(၈)ကမ္ဘာအထိ ကျဆင်းလာခဲ့ရပုံ၊ မိစ္ဆာဒိဋ္ဌိဖြစ်ပုံ ဟောထားခဲ့ပါသည်။ ကိုးကွယ်ဘွယ်ရာ ဘုရားခွင့်ပြုထားခဲ့တာက (ဘုရား၊ တရား၊ သံဃာ၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ)အဲဒီ ၇-ပါးပါဘဲ။ ကမ္ဘာဟောင်းကြီး ပျောက်ရတာ၊နေ ၇-စင်း ထွက်လို့တဲ့။ထိုအတူပင် ပုထုဇဉ်ကမ္ဘာဟောင်းကြီး ပျောက်ဘွယ်ရာမှာ(ဘုရား၊ တရား၊သံဃာ၊ဒါန၊သီလ၊သမထ၊ဝိပဿနာ) အဲဒီ နေ ၇-စင်းဟာ ခန္ဓာကိုယ်ကမ္ဘာမှာ ထွက်ပေါ်ရှိနေပါလျှင် ပုထုဇဉ်ဘဝပျောက်၍ အရိယာကမ္ဘာသစ်၌ နေကြရပါတော့မည်။ (တနည်း) ခတ် ၄-ပါး၊ရတနာ ၃-ပါး နေ ၇-စင်းထွက်လျှင် ကမ္ဘာဟောင်းပျောက် ကမ္ဘာသစ် ရောက်ပါရောတဲ့။ (တနည်း) ခတ် ၄-ပါး၊ လက္ခဏာရေး ၃-ပါး၊ နေ ၇-စင်းထွက်လျှင် ပုထုဇဉ်ပျောက် အရိယာဘဝ ရောက်ပါရောတဲ့။

ဝရမ်းထုတ်၊ဘိန်းဘမ်း၊လက်နက်ဘမ်း

ကစားဝိုင်းဘမ်း ပြီး၏။

---

မော်လမြိုင်မြို့နယ် လူကြီးများ လျှောက်ထားချက်အဖြေ

# ကြွမ်းကြွမ်းထမ်းထမ်း တရားပေါ်တက်မို

## သာဓကများ

တပည့်တော်များ အားထုတ်နေတဲ့ခေတ်တရားကို အချို့သော စာပေရှင်များက ယုံမှားခြင်းဖြစ်၍ မေးမြန်းကြပါသည်။ တရားဆိုတာ နူးညံ့ရမယ်· ယခုမှာ ယိမ်းလိုက် ယိုင်လိုက်နှင့် ဖြစ်၍နေတာ တရားလား မတရားလား ဆိုတာ အဖြေပေးပါဟု ဖြစ်နေပါသည်။

ခန္ဓာကိုယ် တခုလုံးဟာ တရားချည်းဘဲ၊ ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ-ပါဠိအရဖြင့် နုနုဘဲတွေ့ရ-တွေ့ရ၊ ကြမ်းကြမ်းဘဲတွေ့ရ-တွေ့ရ တရားချည်းပါ။ (တရားရှာ ကိုယ်မှာတွေ့) စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ လက္ခဏာတ္တယ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ ပါဠိလဲ ကြည့်ရမည်။

### တုန်တုန်လှုပ်လှုပ်ပေါ်သော ဝါယောဓာတ် ၉-ပါး

ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး၌ ဟံသာဝတီမူ နံပါတ်-၁၇၀၊ ကြောင်းရေ ၂၄-၌။

ယထာရူပေဟိ ကာယသင်္ခါရေဟိ ယာ ကာယဿ၊(၁) အာနမနာ၊ (၂) ဝိနမနာ၊ (၃) သန္နမနာ၊ (၄) ပနာမနာ၊ (၅) ဣဉ္ဇနာ၊ (၆) ဖန္ဒနာ၊ (၇) စလနာ၊ (၈) ကမ္ပနာ၊ (၉) လဃ်နာ။

(အနက်ကား)။ ။ယထာရူပေဟိ၊ အကြင်သို့ သဘောရှိကုန်သော။ ကာယသင်္ခါရေဟိ၊ ကံ,စိတ်,ဥတု,အာဟာရ တည်းဟူကုန်သော အကြောင်းတရား ၄ ပါး အပေါင်းသည် ပြုပြင်အပ်ကုန်သော (ဝါ) ပြုပြင်ခြင်းတို့ကြောင့်။ကာယဿ၊ခန္ဓာကိုယ်၏။ (၁) အာနမနာ၊ရှေ့သို့ညွှတ်၍ လှုပ်ခြင်း။

(၂) ဝိနမနာ၊လက်ဝဲသို့ အထူးထူးညွတ်၍လှုပ်ခြင်း။ (၃) သန္နမနာ၊ ထက်ဝန်းကျင်ညွတ်၍ လှုပ်ခြင်း။ (၄) ပဏာမနာ၊ နောက်သို့ ညွတ်၍ လှုပ်ခြင်း၊ (တွန်းသကဲ့သို့ဟူ၏)။ (၅) ဣဉ္ဇနာ၊ ရိုးရိုးတုန်လှုပ်ခြင်း။ (၆) ဖန္ဒနာ၊ ကြောက်သွေး တုန်သကဲ့သို့ လှုပ်ခြင်း၊ (၇) စလနာ၊ ယိမ်းယိုင်၍ လှုပ်ခြင်း။ (၈) ကမ္ပနာ၊ မြေငလျင်ကဲ့သို့ လှုပ်ခြင်း။ (၉) လဃ်နာ၊ ခုန်၍လှုပ်ခြင်း။ ။အဲဒါတခုကား အဋ္ဌကထာ အလိုတည်း။ ။ထို့ပြင်၊ ပါရာဇိကဏ်အဋ္ဌကထာပါဠိ၊ ဟံမူ၊နံပါတ်–၃၆၀၊ ကြောင်းရေ ၁–၌။

ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တမ္ပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လဃ်နာကာရပတ္တံဝိယ ဟောတိ။ ။ကာယဒရထေ၊ ကိုယ်၏ ပူပန်ခြင်းသည်။ ဝူပသန္တေ၊ ငြိမ်းအေးသည်ရှိသော်။ ကာယောပိ၊ ကိုယ်သည်၎င်း။ စိတ္တမ္ပိ၊ စိတ်သည်၎င်း။ လဟုကံ၊ ပေါ့ပါးသည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်သည်။ အာကာသေ၊ ကောင်းကင်၌။ လဃ်နာကာရ ပတ္တံဝိယ၊ ခုန်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဒါလောက်နှင့်ပင် ယုံမှား ကင်းလောက် ပါပြီ။ မလုံလောက်သေးဘူး ထင်လျှင်–

ကြမ်းကြမ်းပေါ် နုနုပေါ်ပုံ

သာရဒ္ဓေ ကာယေ စိတ္တေစ၊ အဓိမတ္တံ ပဝတ္တတိ။
အသာရဒ္ဓမှိ ကာယမှိ၊ သုခုမံ သံပဝတ္တတိ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပထမအုပ်၊ နံပါတ်–၂၄၀၊ ကြောင်းရေ ၂၉–၌။

ကာယေစ၊ ကိုယ်သည်၎င်း။ စိတ္တေစ၊ စိတ်သည်၎င်း။ သာရဒ္ဓေ၊ ပူပန်သည်ရှိသော်။ အဓိမတ္တံ၊ အတိုင်းထက်အလွန်။ ပဝတ္တတိ၊ ခုတ်ပေါ်မှု ကြမ်းတော့၏။ စိတ္တေစ၊ စိတ်သည်၎င်း။ ကာယမှိစ၊ ကိုယ်သည်၎င်း။ အသာရဒ္ဓမှိ၊ ပူပန်ခြင်း ငြိမ်းသည်ရှိသော်။ သုခုမံ၊ သိမ်မွေ့နူးညံ့စွာပင်။ သံပဝတ္တတိ၊ ခုတ်ပေါ်ညင်းညင်းဖြစ်တော့၏။

# နိဒါန်း

လေဖျက်သော ကမ္ဘာ၌ ကမ္ဘာမြေကြီးပင် လွင့်စင်၍ရင်း၊ မြင့်မိုရ်တောင်ကြီးပင် လွင့်စင်၍ရင်း၊ ကောင်းကင်သို့ ပြေးတက်ပြီး၊ တခုနှင့်တခု တိုက်မိကြ ခိုက်မိကြ၍ သဘောမျှ ကြွင်းကျန်ရပုံ။ အဲဒါလဲ ကြမ်းကြမ်း ပေါ်တာ ပါဘဲ။ ဘုရားအလောင်း ပဋိသန္ဓေနေစ, ဖွားစ, ဘုရားဖြစ်စ, ဓမ္မစကြာ ဟောစ, အာယုသင်္ခါရ လွှတ်စ, ပရိနိဗ္ဗာန် ပြုစ, အခါကြီး ခြောက်ကြိမ် တို့၌၊ ၃၂-ပါးသော မြေလှုပ်ခြင်း စသောခေတ်ကြမ်းများပင် ပေါ်ပါသေးသည်။ ကြမ်းကြမ်းနှင့် တရားပေါ်ပုံ။ ဤမျှဖြင့် ဝိစိကိစ္ဆာ ကင်းလောက်ပါပြီ။



သာသနာ (၂၅၀၀) ပေါ်သည့်စာ

# ဝိပဿနာလက်တွေ့ဉာဏ်စဉ်ကျမ်း

---

## (၁) ဝိပဿနာပညာရှိမှ၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ရောက်နိုင်ပုံ

ဝိပဿနာမှသာလျှင်(မဂ် ဖိုလ် နိဗ္ဗာန် သို့)ရောက်ကြောင်း

သာဓက(၁၁၀)မှ

တပုဒ်နမူနာအဖြစ်ထုတ်ပြဦးအံ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ပညာယ ပရိဟီနေန၊ ပဿ လောကံ သဒေဝကံ။
နိဝိဋ္ဌံ နာမရူပသ္မိံ၊ ဣဒံ သစ္စန္တိ မညတိ။

၂။ ပညာဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ။
သာစ ယသ္မာ ပဇာနာတိ၊ ဇာတိဘဝပရိက္ခယံ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ ပညာယပရိဟီနေန၊ ဝိပဿနာဉာဏ်ပညာမှ ယုတ်လျော့သဖြင့်။ နာမရူပသ္မိံ၊ နာမ်ဓာတ်ရုပ်ဓာတ်၌။ နိဝိဋ္ဌံ၊ ဒိဋ္ဌိငါ တဏှာငါ မာနငါ စွဲကပ်၍နေသော။ သဒေဝကံ၊ နတ်, ဗြဟ္မာနှင့် တကွသော။ လောကံ၊ ကာမရူပ အရူပ သုံးလောကကို။ ပဿ၊ ရှုစမ်းပါလော့။ ဣဒံ၊ ဤလောကကို။ သစ္စန္တိ၊ အမှန်ဟူ၍။ မညတိ၊ မှတ်ထင်၏။ လောကသ္မိံ၊ လောက သုံးပါး၌။ ပညာဟိ၊ ဝိပဿနာပညာ မဂ်ပညာသည်သာလျှင်။

ဣတိဝုတ်ပါဠိ ၄၆၁-၁

သေဋ္ဌာ၊ အမြတ်ဆုံးပင်တည်း။ ယာယံ၊ အကြင် ဝိပဿနာမဂ်ပညာသည်။ နိဗ္ဗာနဂါမိနီ၊ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှာ ဖြစ်ပါလေ၏။ သာစ၊ ထိုဝိပဿနာ မဂ်ပညာသည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ တသ္မာ၊ ထိုကြောင့်။ ဇာတိဘာပရိက္ခယံ၊ ဇာတိနှင့်ဘဝကို ကုန်ခန်းစေတတ်၏။ (ဝါ)၊ ဇာတိနှင့်ဘဝ ကုန်ခန်းခြင်း နိဗ္ဗာန်ကို၊ ကုန်ခန်းရာ ကုန်ခန်းကြောင်း နိဗ္ဗာန်ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိမြင်နိုင်ပါပေ၏။

နိဗ္ဗာန်သို့ အမြန်ရောက်လိုကြပါလျှင် ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာကို အရရှာဖွေကြပါလေ။ ရှာနည်းကား၊ ခန္ဓာမှာသတိထား၊ သမာဓိရမည်။ ခဏတ်ခပါတော့ ပညာဖြင့် သိမည်။ ထိုအခါ (သီလ, သမာဓိ, ပညာ) သာသနာသုံးရပ်စုံ၍ နိဗ္ဗာန်ထုတ်ချောက် ပေါက်ရောက်သွားတော့မည်တည်း။

# သတိပဋ္ဌာန်အခွင်းနှင့် ခေတ်တရားအခွင်းပြ

## (၂) သတိပဋ္ဌာန်တရားကြောင့် ရဟန္တာ ၃-ယောင်းဖြစ်ပုံ

ဒေသနာပရိယောသာနေ ပန တိံသဘိက္ခုသဟဿာနိ အရဟတ္တေ ပတိဋ္ဌဟိံသု။ ။မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာနံပါတ်-၃၆၅။ ကြောင်းရေ ၂၄-ဟံမှဲ့။

ပန၊ အကျိုးကိုပြဦးအံ့။ ဒေသနာပရိယောသာနေ၊ မဟာသတိပဋ္ဌာန်၏ အဆုံး၌။ တိံသဘိက္ခုသဟဿာနိ၊ သုံးသောင်းကုန်သော ရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်ပြီ။

ခေတ်ကမ္မဋ္ဌာန်းကြောင့် ကုဋေတသိန်း ရဟန္တာဖြစ်၍၊သေက္ခ ၇-ဦး ရောက်လာ အသင်္ချေမျှ ကျွတ်ကြပါသည်။

အန္တဝနေ နိသိန္နော ဉူဋ္ဌရဟုလောဝါဒံ ကထေသိ၊ ဒေသနာပရိယော သာနေ ရာဟုလတ္ထေရော ကောဋိသတသဟဿေဟိ ဒေဝတာဟိ သဒ္ဓိံ အရဟတ္တံ ပါပုဏိ သောတာပန္န သကဒါဂါမိ အနာဂါမိနံ ဒေဝတာနံ ဂဏနာ နတ္ထိ ဘိ။ ။ဧကအင်္ဂုတ္တိုရ်အဋ္ဌကထာ။ ကဝိမူ ၂၀ဂ-နံပါတ်။ ၂၁-ကြောင်း၌။

အန္ဓာဝနေ၊ အန္ဓဝုန်တော၌။ နိသိန္နော၊ နေလျက်။ စူဠရာဟုလော ဝါဒံ၊ စူဠရာဟုလောဝါဒသုတ်ကို။ ကထေသိ၊ ဟောပြီ။ ဒေသနာပရိယော သာနေ၊ ဟောပြီးသည်၏ အဆုံး၌။ ရာဟုလတ္ထေရော၊ အရှင် ရာဟုလာ မထေရ်သည်။ ကောဋိသတသဟဿေဟိ ဒေဝတာဟိ၊ ကုဋေတသိန်းသော နတ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်ပြီ။ သောတာပန္န သကဒါဂါမိ အနာဂါမိနံ၊ သောတာပန်, သက ဒါဂါမ်, အနာဂါမ်ဖြစ်ကုန်သော။ ဒေဝတာနံ၊ နတ်တို့၏။ ဂဏနာ၊ အရေ အတွက်သည်။ နတ္ထိ၊ မရှိ။ (ဝါ)၊ အသင်္ချေပင်တည်း။

သတိပဋ္ဌာန် ဣရိယာပထပဗ္ဗ သမ္ပဇညပဗ္ဗ တို့ကား သမူဟ,ဃန,သဏ္ဌာန, သန္တတိ,နာမ-ဆိုတဲ့ မညတ် ငါးပါးကို မထိုးဖောက်ရ သေးသဖြင့် ခေတ် ရောက်ချန်ငါးဆင့်ကျင့်ချသေး၍ အရိယာအဖြစ်နဲပါးသည်။ခေတ်တရားကား ပညာငါးဆင့်ကို ဖောက်စရာမရှိတဲ့တွေ့၍ အရိယာအဖြစ် များပြားပါသည်။

# မြဲမြဲသုခ လှထားကြ

## (၃) ယနေ့ကစ၊ နိဗ္ဗာန်ကြ၊ ချမ်းသာတိုးလို့၊ ချေမ်းလှ

| စူဠသောတာပန် ၂ | မဇ္ဈိမသောတာပန် ၁၁ | မဟာသောတာပန် ၃ |
|---|---|---|
| နာမရူပပရိစ္ဆေဒ<br>ပစ္စယပရိဂ္ဂဟ | သမ္မသန ကစ၍<br>ဂေါတြဘူအထိ ၁၁ဉာဏ် | မဂ်ဖိုလ်ပစ္စဝေက္ခဏာ<br>ဉာဏ် ၃-ပါး |

၁-စူဠသောတာပန်ဂါထာ။
နာမရူပ၊ပစ္စယ ၂-ဖြာ။
ကိုယ်မှာတွေ့ပြား၊ဘုရားရွှေဗျာ။
သံသာဝဋ်မှ၊ကျွတ်ကြမြန်စွာ။
နိဗ္ဗာန်နန်း၊စံမြန်းတက်တော့မှာ။
သဘောကျ၊သောတစူဠပါ၊

၂-မဇ္ဈိမသောတာပန်ဂါထာ။
အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာ။
ဉာဏ်စဉ်ဒသ၊ရကြသူမှာ။
နိဗ္ဗာန်ပို့ပြား၊ရထားယာဉ်သာ။
မဇ္ဈိမ၊သောတအစစ်ပါ။

၃-မဟာသောတာပန်ဂါထာ။
ပစ္စဝေက်နှင့်၊ဖိုလ်မဂ် ၃-ဖြာ။
နိဗ္ဗာန်တွေ့ပြား၊တရားကိုယ်မှာ။
မဟာသောတာ၊ခေါ်ကြလေပါ။
ပရမတ်၊ထက်ချပ်ဆောင်ခဲ့တာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌။
ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ။ အဲဒါ စူဠသောတာပန်၏ သာကေ ပါဘဲ။

မဇ္ဈိမ သောတာပန်၌ မိဂပဒ ဝလဉ္ဇနနည်းဖြင့် ပြထားပါသည်။

မဟာသောတာပန် ပါဠိသာကေ ကား။
သောတာပန္နော ဟမသ္မိ အဝိနိပါတ ဓမ္မော နိယတော သမ္ဗောဓိ ပရာယ နော။ ။နိဒါနဝဂ္ဂသံယုတ် ပါဠိတော် နံပါတ်-၃၀။ မဟာဝဂ္ဂ သံယုတ် ပါဠိတော်။ နံပါတ်-၂၈၇။ ဒသ အင်္ဂုတ္တိုရ် ပါဠိတော် နံပါတ်-၃၇၀။ မဟာပရိနိဗ္ဗာနသုတ် ၆၉-ကြောင်း၌ ပါရှိပါသည်။

တဖန် စုဠသောတာပန်အတွက်။ ။သောတံ အာဒိတော အာပဇ္ဇိ သု ပါပုဏိ သူတိ သောတာပန္နာ။ စူဠာသောတာပန္နာ စူဠသောတာပန္နာ– ဟူသော မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၌ အရိယာ မဂ်သောတသို့ ရှေးဦးစွာ ငယ်ငယ်နှင့် စပြီးရောက်ရှိလို့ စူဠသောတာပန် ခေါ်ရတာပါတဲ့။ ။တဿ တတ္ထ သုခိနော ဓမ္မပါနိ ပလဝတ္ထိ ဒဋ္ဌော ဘိက္ခဝေ သတုပ္ပါဒေါ။အဲထခေါ သောသတ္တော ခိပ္ပမေဝ ဝိသေသဘာဂိ အသာ– စတုကအင်္ဂုတ္တိုရ်ပါဠိတော် အရ ဝိပဿနာရပြီး သေချာင် နတ်ပြည် မင် ဖိုလ် နိဗ္ဗာန် ၄–တန်ရဘို့ ကေန်တဲ့၊ အဲဒါထောက်၍ နိယတဂတိက ဖြစ်ပုံပါဘဲ။

## (၄) နိဗ္ဗာန်ဝင် လမ်းစဉ် ၇ ပါး သံသရာကို ဘာဖြင့် ကူးရမှာလဲ

၁။ မဂ္ဂကုသလော ပုရိသောတိ ဘိက္ခဝေ တထာဂတဿေတံ နာမံ။ ။ မဟာဝဂ္ဂသံယုတ် ပါဠိတော်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ မဂ္ဂကုသလော၊ ကန္တာရခရီးခဲ၌ လမ်းစဉ် လမ်းဖြောင့်၌ လိမ်မာသော။ ပုရိသောတိတော၊ ယောကျ်ား အာဇာနည်ဟူသော ဤအမည်သည်ကား။ တထာဂတဿ၊ ငါဘုရား၏သာလျှင်။ နာမံ၊အမည်တော်တည်း။

ချစ်သားတို့၊ လမ်းဖြောင့် လမ်းကောင်း၌ လိမ်မာလှသော ယောကျ်ား အာဇာနည်ဆိုတာ ငါဘုရားတဲ အခြားသူမဟုတ်ပါ–တဲ့။

### ကန္တာရကူးသန်းကြ

> ကန္တာရေတိ နိရုဒကေ ဣရိလော ကန္တာရေတ္ထိ နယတ္ထိ တ္တောတိဟိ ကန္တာရော။(ဥဒကံ ဂဟေတွာ တရိတဗ္ဗာနံ)။ ဝိမာနဝတ္ထု အဋ္ဌ ကထာ သေရီသက ဝိမာနအဖွင့်၌။
>
> နံပါတ် ၃၁၆–ကြောင်းဗရ ၁၂–သုမူ။

ကန္တာရောတိ ဘဝကန္တာရော၊ ဝိပဿနံ ဥဒကံ ဂဟေတွာ တရိတဗ္ဗာနံ၊ ၎င်းအနုရူပအဋ္ဌကထာ။ ။လောကအသုံး ကန္တာရဆိုတာ ရေဖြင့်ကူးခတ်မှ လိုရာဌာနသို့ရောက်ပါသည်။ထို့အတူ ဘဝကန္တာရဆိုတာလဲ ဝိပဿနာခတ် တရားရေကို ယူဆောင်၍ ကူးခတ်ပါမှ မင်ဖိုလ်နိဗ္ဗာန်သို့ရောက်နိုင်ပါသည်။ ကန္တာရကို ရေဖြင့် ယူဆောင်ကူးမှ ရောက်နိုင်တယ်ဟု အဋ္ဌကထာက ဖွင့်ပြ

သဖြင့်(ရေ)ဆိုတာ ဗုဒ္ဓဟူးနံတည်း၊ လေးဂဏန်းတည်း၊ ခေတ်ကြီး ၄-ပါး ပင်တည်း။ သို့အတွက် ခေတ်ကြီး ၄-ပါးကို အခြေခံထား၍ ကူးသွားမှ ရောက်နိုင်ပါသည်။

သံသရာကူးပုံ ၂၄-သင်္ချေကုဋေ(၆၀)ဗိုလ်ခြေတသိန်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ခေတ်၊ | ကလာပ်၊ | လက်၊ | ဉာဏ်၊ | မဂ်၊ | ဖိုလ်၊ | နိဗ္ဗာန် | } လမ်းစဉ်တည်း။ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | |

(၁) ခေတ်ကြီး ၄-ပါးကို ဦးစွာ အာဒိကမ္မဖြင့် ရှာ၍ရှုမှ(၂)ကလာပ် တရားကိုတွေ့မည်။ (၃) ကလာပ်ကိုတွေ့မှ လက္ခဏာရေး ၃-ပါးကိုတွေ့မည်။ (၄) လက္ခဏာရေး ၃-ပါးကိုတွေ့မှ ဉာဏ်စဉ် ၁၀-ပါး,၁၆-ပါးကိုတွေ့မည်။ (၅) ဉာဏ်စဉ်ကိုတွေ့မှ မဂ်ဉာဏ်ကိုရမည်။ (၆) မဂ်ဉာဏ်ကိုရမှ ဖိုလ်ဉာဏ်ကို ရမည်။(၇)ဖိုလ်ဉာဏ်ကိုရမှ နိဗ္ဗာန်ရောက်မည်။ အဲဒါ ၂၄-သင်္ချေ ကုဋေ ၆၀ ဗိုလ်ခြေတသိန်းတို့၏ ထွက်မြောက်သော လမ်းရိုးစဉ်လာကြီးပင်တည်း။

၎င်းလမ်းစဉ်ကို အပ္ပဿုတ ဒုပ္ပညပုဂ္ဂိုလ်များ ယုံကြည်အောင် သာဓက အမြွက်မျှပြဦးမည်။ နံပါတ်စဉ်အတိုင်း ပါဠိကို ထောက်ထား ယုံကြည် ကြပါ။

(၁) ခေတ်ကြီးလေးပါးကို ဦးစွာတွေ့ရမည်ဆိုတာ

(က) တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊အတ္ထိနာမံ အတ္ထိရူပံ တတ္ထ ကတမံ နာမံ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဣဒံ ဝုစ္စတိ နာမံ တတ္ထ ကတမံ ရူပံ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ ဣဒံ ဝုစ္စတိ ရူပံ။ ။ဝိဘင်း ပါဠိ တော် ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ ပထမ၌ ခေတ်ကြီး ၄-ပါးရှု။ နောက် ဥပါဒါရုပ်ထဲက ရှုပါတဲ့။

(ခ) ကတမဉ္စ ဘိက္ခဝေ ရူပံ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာ ဘူတာနံ ဥပါဒါယ ရူပံ ဣဒံ ဝုစ္စတိ ရူပံ။ခန္ဓဝဂ္ဂသံယုဂ်ပါဠိတော်။

(ဂ) ကတမဉ္စ ဘိက္ခဝေ ရူပံ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာ ဘူတာနံ ဥပါဒါယရူပံ။ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။

(ဃ) အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတူတိ အာဒိနာ နယေန သကသန္တတိယံ စတ္တာရိ မဟာဘူတာနိ တဒနုသာရေန ဥပါဒါရူပါနိ စေဝ။ ။မူလပဏ္ဏာသအဋ္ဌကထာ၊ သဗ္ဗာသဝသုတ် အဖွင့်။

(င) စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ သဂ်ဟအဋ္ဌကထာ။ဓာတ်ကြီး ၄-ပါးနှင့် ဥပါဒါရုပ်ရုပ်တွဲ။

(စ) ယံကိဉ္စိ ရူပံ သဗ္ဗန္တံ ရူပံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံတိ ဧဝံ သံခိတ္တေနေဝ ဣမသ္မိံ အတ္တဘာဝေ ရူပံ ပရိဂ္ဂဏှာတွာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဓာတ်ကြီး ၄-ပါးက စ၍ ပရမတ်တရားရုပ်နာမ်တို့ကို သေသေချာချာ အကျဉ်းချုပ်၍ ပြထားပါသည်၊ ရုပ်ကို သိမ်းဆည်းပုံပြသည်။

(ဆ) ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ ဝိစိကိစ္ဆံ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ်ပါဠိတော်။ ဤပါဠိဖြင့် သားတော် အရှင် ရာဟုလာမထေရ်ကို ဓာတ်ကြီး ၄-ပါးဖြင့် အနိစ္စဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာကို ခွါစေ၍ ပယ်ရှားစေ၍ ဝိဇ္ဇာ ရစေပုံဖြင့် ထိပ်တန်းတရားမှန်း သိရပါသည်။

(ဇ) ဆဓာတုယော အယံပုရိသော။ ။ဓာတုဝိဘင် သုတ်ဖြင့် ဓာတ် ၆-ပါး တရားဖြင့် ပညတ်ခွါပုံ ဒိဋ္ဌိခွါပုံကိုပြ၍ ဒါထက် ရှင်းတာ မရှိပြီ။

(ဈ) သာဝကာပိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာပါဠိဖြင့် ဓာတ်တရားရှုလို့ နိဗ္ဗာန်ရပုံကို အစ,အဆုံးပြသဖြင့် အခြားတရားတွေ ဝင်ရှုပ်စရာ မလိုပြီ။

(ည) အန္တ္တဝနေ နိသိန္နော စူဠရာဟုလောဝါဒံ ကထေသိ၊ ဒေသနာပရိယောသာနေ ရာဟုလတ္ထေရော ကောဋိသတသဟဿေဟိ ဒေဝတာဟိ သဒ္ဓိံ အရဟတ္တံ ပါပုဏိ သောတာပန္န သကဒါဂါမိ

အနာဂါမိ ဒေဝတာနံ ဂဏနာ နတ္ထီတိ။ ။ကေအင်္ဂုတ္တိုရ် အဋ္ဌ ကေထာ။ ကဝိမူ နံပါတ်-၂၀၀၊ ကြောင်းရေ ၂၅-၌ ရဟန္တာကုဋ္ဌေ တသိန်း၊ သောတာပန် သကဒါဂါမ် အနာဂါမ် သေက္ခအသင်္ချေ ခေတ်တရားဖြင့် ကျွတ်ကြပုံပြပါသည်။

မူလပင်ရင်း အရင်းခံ ခေတ်တရားဖြင့် ကျွတ်ကြပုံကို အကျဉ်းမျှသာ သိသာရုံပြထားပါသည်၊ အကျယ်ကို အလိုရှိပါသေးလျှင် ဘဏ်တိုက်ကြီး ခေါ်သော ဉာဏစာဂိကျမ်းကြီးဝယ် နံပါတ်-၁၃၄ ကြောင်းရေ ၁၁-က စ၍ ပါဠိသာဓက ၃၀-ဖြင့် ကိုးကားသက်သေ ပြထားပါသည်။ ဒါထက် အကျယ်ဆုံးကို အလိုရှိပါသေးလျှင် ပါဠိ ၂၀၀၀-ကျော်တို့ဖြင့် သက်သေ ပေးပါဦးမည်။ (အရင်လို-လမ်းအိုလိုက်) စကားပုံအတိုင်းတည်း။

## (၂) ခေတ်ရှုလို့ ကလာပ်တွေ ပေါ်ပုံကား

(ဖေဏုပမံ ကာယမိမံ ဝိဒိတွာ)။ ။ဓမ္မပဒပါဠိတော် နံပါတ်-၇ ကြောင်းရေ ၁-၌ ကိုယ်ထဲမှ ရေမြှုပ်ဥပမာဖြင့် တွေ့ရမည်တဲ့။ ။(မရီစိ ဓမ္မံ အဘိသမ္ဗုဓာနော)။ ။ဓမ္မပဒပါဠိတော် နံပါတ်-၇၊ ကြောင်းရေ ၂-၌ တံလျှပ်ပမာဖြင့် တလျှပ်လျှပ် တရိပ်ရိပ် တဖွိုးဖွိုး တဖျင်းဖျင်းဖြင့် ကလာပ် များပေါ်မည်တဲ့။ ။(ယထာ ပုဗ္ဗုဠကံပဿေ)ဓမ္မပဒပါဠိတော်နံပါတ်-၂၂ ကြောင်းရေ ၂၅-၌ ရေပွက်ပမာဖြင့် ကလာပ်တွေပေါ်တာကို တွေ့ရမည်တဲ့။ (ယထာ ပဿေ မရီစိကံ)။ ။ဓမ္မပဒပါဠိတော် နံပါတ်-၂၂၊ ကြောင်းရေ ၂၅-၌ တံလျှပ်ပမာ ကလာပ်ပေါ်တာကို တွေ့ရမည်တဲ့။

နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ပုဇ္ဇ လှုပ်ရှား ပွဲရှု ကြွထသဘောတို့၏ ခွဲခြားနေခြင်းကို နှလုံးမသွင်းလို့သာ ဃနဖြင့် ဖုံးလွှမ်း ခံရ၍ အနတ္တတရား မတွေ့ရတာတဲ့။ပုဇ္ဇ လှုပ်ရှားခြင်းသဘော ကွဲပြားမှု၊ ခြားနားမှုကို အထူးနှလုံးသွင်းနေပါလျှင် ဃနမဖုံးနိုင်ဘဲ အနတ္တတရား တွေ့မှာပါဘဲတဲ့။ ။ဠတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဠတရီတရံ ကောဋ္ဌာသံ အပတွာ တတ္ထတတ္ထေဝ ပဇ္ဇံပဇ္ဇံ သန္ဓိသန္ဓိ ဩဓိဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာဝိယ တဋတဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ တသ္မာ အနိစ္စာ ဒုက္ခာ

အနတ္တာ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။ကလာပ်တရား, ပရမတ်တရား ဆိုတာ ဖြစ်တဲ့ နေရာမှာပင် ပျက်ရမယ်တဲ့။ ထိုဖြစ်တဲ့နေရာမှ တခြားနေရာသို့ မရောက်ဘဲ ထိုထိုဖြစ်တဲ့ နေရာ၌သာလျှင် အဆစ်အဆစ်, အစပ်အစပ်,အပိုင်းအပိုင်းဖြစ်၍ အနိစ္စဖြစ်ရမယ်တဲ့။ ဥပမာ။ အိုးကင်းပူပူရဲရဲထဲသို့ နှမ်းတွေကိုထည့်၍ကြည့်တော့ တဖြစ်ဖြစ် တဖြောက်ဖြောက်နှင့် ကလာပ်သံ, အပျက်သံ, အနိစ္စသံများ မရောဘဲ မနှောဘဲ ပျက်ပျက် နေတယ်တဲ့။ ဒါကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ ဖြစ်ရတာတဲ့။ အဲဒီဥပမာအတိုင်း ဖြိုးဖြိုး, ဖျင်းဖျင်း, ရိပ်ရိပ်, ရှိန်းရှိန်း, လှုပ်လှုပ် စသည်ဖြင့် ကလာပ်ပေါ်ပုံကို တွေ့ရပါသည်။

နိဗ္ဗာန်ဝင်တရားတော် (၁၀)ခု ရှင်းလင်းချက်နှင့် စွက်ဖက်၍ ကြည့်ပါလေ။

## (၃) ဓာတ်ကိုတွေ့လို့ အနိစ္စ,ဒုက္ခ,အနတ္တ,တွေ့ရပုံ

ပထဝီ ဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော(လ) ပထဝီ ဓာတုံ ခေါ ရာဟုလ ဒုက္ခတော ဇာနတော ပဿတော(လ) ပထဝီ ဓာတုံ ခေါ ရာဟုလ အနတ္တတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟာတိ ဝိစိကိစ္ဆံ ပဇဟာတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ သံယုတ်ပါဠိတော်၌ တိုက်ရိုက်ပင်။ ပထဝီဓာတ်ကိုရှုနေရင်း အနိစ္စ, ဒုက္ခ, အနတ္တ-တွေ့မည်။ တွေ့တော့ ဇာနတောအရ ကိုယ်တွေ့ ပဿတောအရ ဉာဏ်မြင် ၂-ပါးပင်ရတော့ ဒိဋ္ဌိ, ဝိစိ, အဝိဇ္ဇာ ၃-ပါးကွာ၍ ဝိဇ္ဇာ ၇-ပါးရရောတဲ့။ ဘုရားက သားတော် ရာဟုလာကို ပေးတဲ့ လမ်းစဉ်ပါဘဲ။ ထို့ပြင်လည်း ဓမ္မပဒပါဠိတော်မှာ အနိစ္စာ ဝတ သင်္ခါရာ၊ ဒုက္ခာ ဝတ သင်္ခါရာ၊ အနတ္တာ ဝတ သင်္ခါရာ-ဟူ၍ ဟောတော်မူထားတဲ့ သုံးဂါထာကိုရှင်း၊ ထိုမှတပါးလဲ ဓမ္မပဒပါဠိတော်၌ပင် သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ-ဆိုတဲ့ဂါထာ။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ-ဆိုတဲ့ဂါထာ။ သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။

အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ-ဆိုတဲ့ဂါထာ။ ၎င်းသုံးဂါထာ၌ လေးလေးနက်နက်စဉ်းစားပါလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့တော့ ဒုက္ခ တရား၌ ငြီးငွေ့မယ်တဲ့။ ငြီးငွေ့တော့ ဝိသုဒ္ဓိအစစ် နိဗ္ဗာန်သို့ မဂ်နှင့်ရောက် မယ်တဲ့။ ခေတ်ကကလာပ်၊ ကလာပ်မှ လက္ခဏာရောက်ပုံ ဆက်ပုံသိကြပါ။

## (၄) လက္ခဏာမှ ဉာဏ်စဉ် ၁၀ ပါး တွေ့ရပုံ

သမ္မသနဉာဏံ ဥဒယဗ္ဗယဉာဏံ ဘင်္ဂဉာဏံ ဘယဉာဏံ အာဒီနဝဉာဏံ နိဗ္ဗိဒါဉာဏံ မုစ္စိတုကမျတာဉာဏံ ပဋိသင်္ခါဉာဏံ သင်္ခါရုပေက္ခာဉာဏံ အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာဉာဏာနိ။ ။သင်္ဂဟာအဋ္ဌကထာ ၁၂၈-နံပါတ်၊ ၁၆-ကြောင်းရေ၌။ လက္ခဏာရေး ၃-ပါးမှ ဉာဏ်စဉ် ၁၀-ပါး ဆက်လာပုံတည်း။

## (၅) ဉာဏ်စဉ်မှ မဂ်လေးပါးဆက်လာပုံ

တတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယ ဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ။ ။သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂ ဒေါသ မောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ။ သကိံ ဣမံ လောကံ အာဂန္တာ။ ။အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမ ရာဂ ဗျာပါဒါနံ အနဝသေသပ္ပဟာနေန အနာဂါမိနာမ ဟောတိ။ အနာဂန္တာ ဣတ္ထတ္တံ။ ။အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသ ကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ။ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျောတိ။ ။သင်္ဂဟာအဋ္ဌကထာ ၁၃၄-နံပါတ်။ ၉-ကြောင်းရေ သူမူ၌ မဂ် ၄-ဆင့်က ကိလေသာကို ၄-ကြိမ်ပယ်ပုံ သတ်ပုံ ပြောချပုံကို ပြသွားပါသည်။

## (၆) မဂ်ကြောင့်ဖိုလ်အကျိုးပေါ်လာပုံ

တထာ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမ ဂေါတြဘု နာမေန စတုက္ခတ္တုံ တိက္ခတ္တု မေဝ ဝါ

**ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ပဉ္စမံ ဝါ ဆဗ္ဗီသတိ မဟဂ္ဂတ လောကုတ္တရဇဝနေသု ယထာဘိနီဟာရဝသေန ယံ ကိဉ္စိ ဇဝနံ အပ္ပနာဝီထိ မောတရတိ။**

သင်္ဂဟအဋ္ဌကထာ နံပါတ်-၅၂။ ကြောင်းရေ-၁။ သုမူ၌
လျှပြန်းသိရန် ဝီထိပုံစံ ကြည့်ပါ။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် ဖိုလ် |
| မဇ္ဈိမ သောတာပန် | | | | မဇ္ဈိမသောတာပန် | | | | မဟာသောတာပန် | |

ဝီထိပုံစံ၌ မဂ်နောက်မှ ဖိုလ်စိတ် ၂-ကြိမ်ဆက်၍ ဖြစ်ပုံတည်း။

## (၇) ဖိုလ်စိတ်က နိဗ္ဗာန်အာရုံပြုပုံ

ပဝတ္တံ သင်္ခါရံ၊ အပဝတ္တံ နိဗ္ဗာနံ။ ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။ ဇာတိ သင်္ခါရာ၊ အဇာတိ နိဗ္ဗာနံ။ ဇရာ သင်္ခါရာ၊ အဇရံ နိဗ္ဗာနံ။ မရဏံ သင်္ခါရာ၊ အမတံ နိဗ္ဗာနံ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ပြခဲ့သော ၁-၂-၃-၄-၅-၆-၇-တို့ကား ခေတ်မှ ကလာပ်၊ ၎င်းမှ လက္ခဏာရေး ၃-ပါး၊ ၎င်းမှ ဉာဏ်စဉ် ၁၀-ပါး၊ ၎င်းမှ မဂ်၊ ၎င်းမှ ဖိုလ်၊ ၎င်းမှ နိဗ္ဗာန်ရောက်ပုံကို အစကပင် ပြခဲ့ပြီး၍ ယခု ခေတ်ကစ၍ ၇-ဆင့်နှင့် နိဗ္ဗာန်ရောက်ရပုံကို အပြီးအဆုံး နိဂုံးအုပ်၍ ပြပါသတည်း။

အဲဒါ သံသရာကူးခတ်ပုံ ရှင်းလင်းချက် ပြီး၏။

---

## (၅) နိဗ္ဗာန်တွေ့မြင်
## ပြခဲ့ပြီးတဲ့ ခုနစ်ဌာန နိဗ္ဗာန်ဝင်လမ်းစဉ်တွင်

၁-ခေတ်၊ ၂-ကလာပ်၊ ၃-လက္ခဏာ၊ ၄-ဉာဏ်စဉ်တုန်းက နိဗ္ဗာန်မြင်ပုံ၊ ၅-မဂ်၊ ၆-ဖိုလ်တုန်းက နိဗ္ဗာန်မြင်ပုံ ဤနှစ်မျိုးကို သိ၍ထားကြပါ။

၁-၂-၃-၄-က နိဗ္ဗာန်မြင်ပုံကား...

## သုမေဓာသူဌေးသား အနုမာနနိဗ္ဗာန်မြင်ပုံ

၁။ ယထာပိ ဒုက္ခေ ဝိဇ္ဇန္တေ၊ သုခံနာမပိ ဝိဇ္ဇတိ။
ဧဝံ ဘဝေ ဝိဇ္ဇမာနေ၊ ဝိဘဝေါပိ ဣစ္ဆိတဗ္ဗကော။

ဗုဒ္ဓဝင်ပါဠိတော်။

ယထာပိ၊ ဥပမာမည်သည်ကား။ ဒုက္ခေ၊ဆင်းရဲသည်။ ဝိဇ္ဇန္တေ၊ထင်ရှားစွာရှိခဲ့သော်။ သုခံနာမအပိ၊ ချမ်းသာမည်သည်လည်း။ ဝိဇ္ဇတိယထာ၊ ထင်ထင်ရှားရှားကြီး ရှိသကဲ့သို့။ ဧဝံတထာ၊ထို့အတူပင်။ ဘဝေ၊ဘဝသည်။ ဝိဇ္ဇမာနေ၊ထင်ထင်ရှားရှားကြီး ရှိခဲ့ပါသော်။ ဝိဘဝေါအပိ၊ ဘဝကင်းသော နိဗ္ဗာန်ကိုလည်း။ ဣစ္ဆိတဗ္ဗကော၊ရှိတယ်ဟု အလိုရှိအပ်တော့၏။

လောက၌ ဆင်းရဲခြင်းတရားရှိသော် ချမ်းသာခြင်း တရားရှိသကဲ့သို့ ဘဝဆိုတဲ့ သင်္ခတရှိနေလို့ ဝိဘဝဆိုတဲ့ အသင်္ခတနိဗ္ဗာန်ရှိတယ်ဟူလို။

၂။ ယထာပိ ဥဏှေ ဝိဇ္ဇန္တေ၊ အပရမ္ပိ ဝိဇ္ဇတိ သီတလံ။
ဧဝံ တိဝိဓဂ္ဂိ ဝိဇ္ဇန္တေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ။

ဗုဒ္ဓဝင်ပါဠိတော်။

ယထာပိ၊ ဥပမာမည်သည်ကား။ ဥဏှေ၊အပူသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားစွာရှိသော်။ အပရံ၊အပူမှတပါးသော။ သီတလံပိ၊ အချမ်းသည်လည်း။ ဝိဇ္ဇတိယထာ၊ရှိသကဲ့သို့။ဧဝံတထာ၊ ထို့အတူ။ တိဝိဓဂ္ဂိ၊ရာဂ, ဒေါသ, မောဟအားဖြင့် ၃-ပါး အပြားရှိသော မီးသည်။ ဝိဇ္ဇန္တေ၊ ထင်ထင်ရှားရှား ရှိသော်။ နိဗ္ဗာနံပိ၊သုံးပါးအပြားရှိသော ထိုမီး၏ငြိမ်းရာ နိဗ္ဗာန်ကိုလည်း။ဣစ္ဆိတဗ္ဗကံ၊ ရှိတယ်ဟု အလိုရှိအပ်တော့၏။ ။လောက၌ အပူရှိသော် ဆန့်ကျင်ဘက် အအေးရှိသကဲ့သို့ ရာဂ, ဒေါသ, မောဟ မီး ၃-ပါးရှိနေလို့ မီး ၃-ပါး ငြိမ်းရာ နိဗ္ဗာန်ရှိတယ်ဟူလို။

၃။ ယထာပိ ပါပေ ဝိဇ္ဇန္တေ၊ ကလျာဏမပိ ဝိဇ္ဇတိ။
ဧဝမေဝ ဇာတိ ဝိဇ္ဇန္တေ၊ အဇာတိပိ ဣစ္ဆိတဗ္ဗကာ။

ဗုဒ္ဓဝင်ပါဠိတော်။

ယထာပိ၊ဥပမာမည်သည်ကား။ပါပေ၊မကောင်းမှုသည်။ ဝိဇ္ဇန္တေ၊ထင်ထင်ရှားရှားရှိခဲ့သော်။ ကလျာဏမ္ပိ၊ ကောင်းမှုသည်လည်း။ ဝိဇ္ဇတိယထာ၊ ရှိနေသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဇာတိ၊ ဇာတိတရားသည်။ ဝိဇ္ဇန္တေ၊ အသင်အရှား ရှိခဲ့သော်။ အဇာတိ၊ ဇာတိမရှိသော နိဗ္ဗာန်ကိုလည်း။ ဣစ္ဆိတဗ္ဗကာ၊ အလိုရှိအပ်သောဘာ၏။ ။လောကဝယ် မကောင်းမှုရှိသို့ ကောင်းမှုလဲရှိရသည်။ထို့အတူပင် ဇာတိတရားရှိနေလို့ အဇာတိနိဗ္ဗာန်လဲ ရှိတော့သည်။

၄၊ ယထာပိ ဂူထဂတော ပုရိသော၊ တဠာကံ ဒိသွာန ပူရိတံ။
န ဂဝေသတိ တံတဠာကံ၊ နဒေါသော တဠာကဿ သော။
ဧဝံ ကိလေသ မလဓောဝေ၊ ဝိဇ္ဇန္တေ အမတန္တဠေ။
နဂဝေသတိ တံ တဠာကံ၊ န ဒေါသော အမတန္တလေ။

ဗုဒ္ဓဝင်ပါဠိတော်။

ယထာပိ၊ဥပမာမည်သည်ကား။ ဂူထဂတော၊မစင်ကျင်းကြီး အလိမ်းလိမ်းကပ်သော။ ပုရိသော၊ယောကျ်ားသည်။ ပူရိတံ၊ရေဖြင့်ပြည့်သော။ တဠာကံ၊ တဖက်ဆည်းကန်ကို။ ဒိသွာန၊ မြင်ရပါလျက်။ တံတဠာကံ၊ ထိုတဖက်ဆည်းကန်သို့။ န ဂဝေသတိ၊ မစင် ဆေးကြော ခြင်းငှါ မမှီးမကပ်။ သော ဒေါသော၊ ထိုမမှီးမကပ်သော အပြစ်သည်။ တဠာကဿ၊ တဖက်ဆည်းကန်၏။ န ဒေါသော၊ အပြစ်မဟုတ်။ တဿ၊ထိုမမှီးမကပ်သော ယောကျ်ား၏။ ဒေါသောယထာ၊ အပြစ်သာလျှင်ဖြစ်သကဲ့သို့။ ဧဝံတထာ၊ထို့အတူပင်။ ကိလေသမလဓောဝေ၊ ကိလေသာဟူသော အညစ်အကြေးကို ဆေးလျှော်ရာဖြစ်သော။ အမတန္တဠေ၊ အမြိုက်နိဗ္ဗာန် တည်းဟူသော တဖက်ဆည်းကန်ကြီးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားစွာ ရှိ၍နေပါလျက်။ တံတဠာကံ၊ ထိုအမြိုက်နိဗ္ဗာန်တည်းဟူသော တဖက်ဆည်းကန်ကြီးကို။ န ဂဝေသတိ၊ ကိလေသာကို ဆေးကြော ခြင်းငှါ မမှီးမကပ်။ သော၊ ထိုအပြစ်သည်။ အမတန္တဠေ-အမတန္တဠဿ၊ အမြိုက် နိဗ္ဗာန် တည်းဟူသော တဖက်ဆည်း ကန်ကြီး၏။ န ဒေါသော၊ အပြစ်မဟုတ်။ တဿ၊ ထိုနိဗ္ဗာန်သို့ မကပ်သော သူ၏သာလျှင်။ ဒေါသော၊ အပြစ်ပင်တည်း။

မစင်ကျင်ကြီး လိမ်းကျံ၍နေသောသူသည် ရေတွေပြည့်နေတဲ့ ကန်တော်ကြီးကို မြင်တွေ့ရပါလျက်နှင့် ဆင်း၍ရေမချိုး, မဆေးမကြောဘဲ နေ၏။ အဲဒါ ကန်၏အပြစ်မဟုတ်၊ ထိုသူ၏ အပြစ်သာတည်း။ ထို့အတူပင် ကိလေသာ လိမ်းကျံနေသော သူသည် ရေချိုးစရာ, ဆေးကြောစရာ အမြိုက်နိဗ္ဗာန်ဆိုတဲ့ ကန်တော်ကြီး ရှိ၍နေပါလျက် နိဗ္ဗာန်အမြိုက် ကန်ထဲသို့ဆင်း၍ ရေမချိုး, မဆေးမကြောပေ။ အဲဒါ နိဗ္ဗာန်ကန်တော်ကြီးရဲ့ အပြစ်ကား မဟုတ်တော့ပေ၊ ထိုသူ၏အပြစ်သာ ဖြစ်တော့၏။

**ဝိသုဒ္ဓါရုံလင်္ကာ**။ ။မစင်လူးလျှင်၊ ကြည်လင်ဆည့်၊ ရေစင်ရှိလျက်၊
မဆေးရက်၊ကန်တွက် မဟုတ်ချေ၊ ။ဟူ၍ သတိပေးခဲ့ပါသည်။

၅။ ယထာ အရိဟိ ပရိရုဒ္ဓေါ၊ ဝိဇ္ဇန္တေ ဂမနေ ပထေ။
န ပလာယတိ သော ပုရိသော၊ န ဒေါသော အဉ္စသဿသော။
ဧဝံ ကိလေသပရိရုဒ္ဓေါ၊ ဝိဇ္ဇမာနေ သိဝေ ပထေ။
န ဂဝေသတိ တံ မဂ္ဂံ၊ န ဒေါသော သိဝမဉ္စသော၊

ဗုဒ္ဓါဝင်မြါဠိတော်။

ယထာပိ၊ ဥပမာ မည်သည်ကား။ အရိဟိ၊ ရန်သူတို့သည်။ ပရိရုဒ္ဓေါ၊ ထက်ဝန်းကျင် ရံအပ်သော။ ပုရိသော၊ ယောကျ်ားသည်။ ဂမနေ၊ ထွက်ပြေးရာဖြစ်သော။ ပထေ၊ လမ်းခရီးသည်။ ဝိဇ္ဇန္တေ၊ ထင်ရှားစွာ ရှိပါလျက်။ သော၊ ထိုယောကျ်ားသည်။ န ပလာယတိ၊ မပြေး။ သော၊ ထိုအပြစ်သည်။ အဉ္စသဿ၊ လမ်းခရီး၏။ န ဒေါသော၊ အပြစ် မဟုတ်ပါပေ။ ဧဿ၊ ထို ယောကျ်ား၏၊ ဒေါသောယေဝ၊ အပြစ်သည် သာလျှင်တည်း။ ဧဝံ တထာ၊ ထို့အတူ။ ကိလေသပရိရုဒ္ဓေါ၊ ကိလေသာ ရန်သူ များသည် ခြံရံ အပ်သော။ ပုရိသော၊ ယောကျ်ားသည်။ သိဝေ၊ ကိလေသာတို့ ငြိမ်းရာ ဖြစ်သော။ ပထေ၊ နိဗ္ဗာန်ခရီးသည်၊ ဝိဇ္ဇမာနေ၊ ထင်ရှားစွာရှိ၍ နေပါလျက်၊ တံ မဂ္ဂံ၊ ထိုနိဗ္ဗာန်ခရီးသို့။ န ဂဝေသတိ၊ မမှီးမကပ် နေအံ့။ သော ဒေါသော၊ ထို မမှီးမကပ်သော အပြစ်သည်။ သိဝအဉ္စသဿ-သိဝ အဉ္စသဿ၊ နိဗ္ဗာန်ခရီး၏။ န ဒေါသော၊ အပြစ်မဟုတ်ပါ။ ဧဿ၊ ထို ယောကျ်ား၏။ ဒေါသောယေဝ၊ အပြစ်သာလျှင်တည်း။

ရန်သူများအဝိုင်းခံရသော ယောကျ်ားသည် ပြေးထွက်ဘို့ရန် လမ်းကြီး ဖွင့်၍ ထားပါလျက် မပြေးဘဲ နေငြားအံ့၊ လမ်း၏ အပြစ် မဟုတ်ပါ၊ ယောကျ်ား၏ အပြစ်သာတည်း။ ထို့အတူပင် ကိလေသာ ရန်သူများ အဝိုင်းခံရသော သူသည် ပြေးထွက်ဘို့ရန် မဂ္ဂင်လမ်းကြီး ရှိ၍နေပါလျက် နိဗ္ဗာန်ဘက်သို့ မပြေးထွက်အံ့၊ မဂ္ဂင်၏အပြစ်မဟုတ်ပါ၊ ယောကျ်ား၏ အပြစ် သာတည်း။

**ဝိသုဒ္ဓါရုံလင်္ကာ။** ။ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွား ဘို့ရာ၊ လမ်းပေါက်သော်လျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ပေ။ (သတိပေး၏)။

**ပါဠိ။** ယထာပိ ဗျာဓိမာ ကာ ပုရိသော၊ ဝိဇ္ဇမာနေ တိကိစ္ဆကေ။
န တိကိစ္ဆာပေတိ တံ ဗျာဓိံ၊ န သော ဒေါသော တိကိစ္ဆကေ။
ဧဝံ ကိလေသဗျာဓိဟိ၊ ဒုက္ခိတော ပရိပီဠိတော။
န ဂဝေသတိ တံ အာစရိယံ၊ န သော ဒေါသော ဝိနာယကေ။

ဗုဒ္ဓဝင်ပါဠိတော်။

ယထာပိ၊ ဥပမာ စည်သည်ကား။ ဗျာဓိမတော၊ အနာဖြင့် နှိပ်စက် အပ်သော။ ပုရိသော၊ ယောကျ်ားသည်။ တိကိစ္ဆကေ၊ ဆေးသမားသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိပါလျက်။ တံ ဗျာဓိံ၊ ထိုအနာကို။ န တိကိစ္ဆာပေတိ၊ မကုစားစေအံ့။ သော ဒေါသော၊ ထိုဆေးမကုခြင်း အပြစ်သည်။ တိကိစ္ဆ ကေ–တိကိစ္ဆကဿ၊ ဆေးသမား၏။ န ဒေါသော၊ အပြစ် မဟုတ်ပါ။ တဿ၊ ထိုရောဂါသည် ယောကျ်ား၏။ ဒေါသောယေဝ၊ အပြစ်သာလျှင် တည်း။ ဧဝံ တထာ၊ ထို့အတူ။ ကိလေသဗျာဓိဟိ၊ ကိလေသာ တည်းဟူ သော အနာတို့သည်။ ပရိပီဠိတော၊ နှိပ်စက်အပ်သည် ဖြစ်၍။ ဒုက္ခိတော၊ ဆင်းရဲသော။ ပုရိသော၊ ယောကျ်ားသည်။ တံ အာစရိယံ၊ ထို အနာကု နိုင်သော ဆရာကို။ န ဂဝေသတိ၊ ရှာ၍ ဆေးမကုပေ။ သော ဒေါသော၊ ထိုရှာ၍ ဆေးမကုသော အပြစ်သည်။ ဝိနာယကေ-ဝိနာယကဿ၊ ဆရာ၏။ န ဒေါသော၊ အပြစ်မဟုတ်ပါ။ တဿ၊ ထိုကိလေသာရှိသော ယောကျ်ား၏။ ဒေါသောယေဝ၊ အပြစ်သာလျှင်တည်း။

**ဝိသုဒ္ဓါရုံလက်ာ။** ။အနပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထဝိပဿနာယာဉ်၊ သန့်စင်လျှော်ဆေး၊ ဧရအေးလေးမဂ်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊ မဆေးလို၊ မင်းပျိုကိုယ့်တွင်ပေ။

**ဝိပဿနာနယ်က ကိုယ်တွေ့နိဗ္ဗာန်မြင်ပုံ**

၁။ သန္တိကေ န ဝိဇာနန္တိ၊ မဂ္ဂါ ဓမ္မဿ ကောဝိဓာ။ ။ဓမ္မပဒ ပါဠိတော်။

ဓမ္မဿ၊ သစ်တနယ်က ရုပ်တရား, စိတ်တရား, စေတသိက်တရား၌။ အကောဝိဓာ၊ မလိမ်မာ မတွေ့ မမြင်ကြကုန်သော။ မဂ္ဂါ၊ သား,သမင်နှင့်တူကြကုန်သော သတ္တဝါတို့သည်။ သန္တိကေ၊ မိမိ၏အနီး၌။ ဓမ္မံ၊ နိဗ္ဗာန်တရားတော်ကြီးကို။ န ဝိဇာနန္တိ၊ မတွေ့မမြင် မသိကြလေကုန်။ ။နိဗ္ဗာန်တရားဟာ အနီး၌ကပ်၍ နေပါသည်၊ သို့ပေမဲ့ မမြင်ကြ မတွေ့ကြ မသိကြပါ။ အကြောင်းကား-သစ်တနယ်က ရုပ်တရား စိတ်တရား စေတသိက်တရားတို့၌ မလိမ်မာကြလို့ပါတဲ့။ သစ်တနှင့် အသစ်တဟာ ဆန့်ကျင်ဘက်သဘောနှင့် တွေ့ရတယ်။ ဥပမာပြမယ်-အပူရှိလျှင် အချေရှိတယ်၊ ဆင်းရဲရှိလျှင် ချမ်းသာရှိတယ်၊ အမဲရှိလျှင် အဖြူရှိတယ်၊ မကောင်းတာရှိလျှင်ကောင်းတာရှိတယ်၊ မမြတ်တာရှိလျှင် မြတ်တာရှိတယ်၊ အဲဒီ ဥပမာအတိုင်းတွေ့ရတယ်။ ။စိတ်၌ ဖြစ်ပျက်ရှိလို့ မဖြစ်မပျက်တာ နိဗ္ဗာန်ပါဘဲ။

စိတ်၌ ဥပါဒ်ဋ္ဌီဘင်ရှိလို့ ဥပါဒ်ဋ္ဌီဘင်မရှိခြင်းဟာ နိဗ္ဗာန်ပါဘဲ၊ စိတ်သစ်တရှိလျှင် ထိုစိတ်မဖြစ်ထာဟာ နိဗ္ဗာန် အသစ်တပါဘဲ၊ စေတသိက်သစ်တရှိ၊ ထိုစေတသိက် မဖြစ်ခြင်း အသစ်တနိဗ္ဗာန်ပါဘဲ၊ ရုပ်သစ်တရှိထိုရုပ်မဖြစ်မပျက်ခြင်းဟာ အသစ်တနိဗ္ဗာန်ပါဘဲ။ သစ်တကို တွေ့ရလျှင်၎င်းဆန့်ကျင်ဘက် အသစ်တကို တွေ့မြဲပါဘဲ။သစ်တနှင့် အသစ်တကားဆန့်ကျင်ဘက်အားဖြင့် ပြန်လှန်သိရပါတယ်။

၂။ သစ်တ ဒေါသ ဒဿနေနစ တပ္ပိပရီတေ နိဗ္ဗာနေ နိန္နဘာဝယ ပက္ခန္ဒနတော။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၁၀-ကြောင်းပေ၊ ချုံချုပ်ကြောဘက်၌။

သင်္ခတဒေါသဒဿနေနစ၊ သင်္ခတနယ်က ရုပ်တရား, နာမ်တရားတို့၏ အပြစ်ကိုမြင်သဖြင့်လည်း။ တဗ္ဗိပရီတေ၊ထိုရုပ်နာမ်သင်္ခတ၏ အပြန်ဆန့်ကျင်ဘက်ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ နိန္နတာယ၊ ညွတ်သည်၏ အဖြစ်ဖြင့်။ ပက္ခန္ဒနတော၊ ပြေးဝင်သောကြောင့်တည်း။ ဥပမာ ရောဂါရလျှင် ရောဂါ ပျောက်ခြင်းသို့ ညွတ်ကိုင်းရှိုင်းသကဲ့သို့ သင်္ခတတွေ့လျှင် ၎င်းသင်္ခတ၏ ဆန့်ကျင်ဘက်ဖြစ်သော အသင်္ခတဖြစ်သော နိဗ္ဗာန်သို့ ညွတ်ခြင်း, ကိုင်းရှိုင်းခြင်းပြု၍ နေတော့၏။

၃။ ဝိပဿနာသည် တဒင်္ဂဖြင့် ခန္ဓာဘိသင်္ခါရကို စွန့်၏၊ ကိလေသာကိုလည်းစွန့်၏၊ သင်္ခတ၏အပြစ်ကိုမြင်၍ အသင်္ခတသို့ညွတ်၏၊ ကိုင်းရှိုင်း၏။

ဝိပဿနာဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတိ သင်္ခတဒေါသဒဿနေနစ တဗ္ဗိပရီတေ နိဗ္ဗာနေ တံနိန္နတာယ ပက္ခန္ဒတီတိ ပရိစ္စာဂပဋိနိဿဂ္ဂေါစေဝ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိစ ဝုစ္စတိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာနာပါနခဏ်း ၂၄၉--၌ရှင်း၊ တတိယာပါရာဇိကဏ် အဋ္ဌကထာနံပါတ် ၃၃-၃၄ ၌ရှင်း။

ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာဉာဏ်သည်။ တဒင်္ဂဝသေန၊တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့်၊ခန္ဓာဘိသင်္ခါရေဟိ၊ခန္ဓာကို ဖြစ်စေတတ်သော အဘိသင်္ခါရတို့နှင့်။ သဒ္ဓိံ၊တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ ပရိစ္စဇတိ၊ စွန့်လည်း စွန့်တတ်၏။ သင်္ခတဒေါသဒဿနေနစ၊ သင်္ခတတရားတို့၏ အပြစ်ကို မြင်သဖြင့်လည်း။ တဗ္ဗိပရီတေ၊ ထိုသင်္ခတ တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော။ နိဗ္ဗာနေ၊ ဖြစ်ပျက်မရှိသော နိဗ္ဗာန်၌။ တံနိန္နတာယ၊ ထိုနိဗ္ဗာန်သို့ ညွတ်သည်၏အဖြစ်ဖြင့်။ပက္ခန္ဒတိစ၊ပြေးလည်း ပြေးဝင်တတ်၏။ တသ္မာ၊ထိုကြောင့်၊ ဝိပဿနာ၊ဝိပဿနာကို။ ပရိစ္စာဂပဋိနိဿဂ္ဂေါစေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂ ဟူ၍ရှင်း။ ပက္ခန္ဒနပဋိနိဿဂ္ဂေါတိစ၊ ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍ရှင်း။ ဝုစ္စတိ၊ဆိုအပ်၏။ အဲဒါ ဝိပဿနာဖြင့် နိဗ္ဗာန်ကိုမြင်ပုံ, နိဗ္ဗာန်သို့ ပြေးဝင်ပုံ သိကြပါလေ။

၄။ ပဋ္ဌက္ခန္ဓေ သင်္ခတတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဋ္ဌန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ

နိယာမံ ဩက္ကမတိ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် ပညာဝဂ်၊ ဝိပဿနာကထာ။

ပဉ္စက္ခန္ဓေ၊ ငါးပါးသော ခန္ဓာတို့ကို။ သင်္ခတတော၊ ကံ,စိတ်,ဥတု,အာဟာရတို့သည် မပြတ်မလပ် ပြုပြင်အပ်သောကြောင့်။ (ဝါ)ပြုပြင်အပ်သောအားဖြင့်။ ပဿန္တော၊ဝိပဿနာဉာဏ်ဖြင့် မြင်သောသူသည်။ အနုလောမိကံ၊ လောကုတ္တရာအားလျော်သော။ခန္တိံ၊တရားကို နှစ်သက်တတ်သောဉာဏ်ကို။ ပဋိလဘတိ၊ရရှိ၏။ ပဉ္စန္နံ ခန္ဓာနံ၊ငါးပါးကုန်သော ခန္ဓာတို့၏။ နိရောဓော၊ မဖြစ်မပျက် ချုပ်ခြင်းသဘောသည်။ အသင်္ခတံ၊ ပြုပြင်ခြင်းမှ ကင်းသော။ နိဗ္ဗာနံ၊နိဗ္ဗာန်ပင်တည်း။ ဣတိ၊ဤသို့။ တံ၊ထိုနိဗ္ဗာန်ကို။ ပဿန္တော၊မြင်သောယောဂီသည်။ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသော အားဖြင့် မြဲသော လောကုတ္တရာ မဂ်သို့။ ဩက္ကမတိ၊သက်၏။ ။အဲဒါဟာလဲ ဝိပဿနာဖြင့် နိဗ္ဗာန်ကိုမြင်ပုံတည်း။

၅။ မဟာရာဇ သဗ္ဗသင်္ခါရေ ယထာသဘာဝံ သဘာဝဝသေန သမ္မသိတွာ အဂ္ဂဖလံ အရဟတ္တံ ပတ္တတ္တာ။ ။ဆက္ကနိပါတ်၊ ဝိဇ္ဇာဓရဇာတ် အဋ္ဌကထာ နံပါတ်-၂၉ဝ၊ ကြောင်းရေ ၃၁။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့ကို။ ယထာသဘာဝံ၊ ဖြစ်ပျက်စသော သဘောအတိုင်း။ သဘာဝဝသေန၊ သူ့သဘော၏ အစွမ်းအားဖြင့်။ သမ္မသိတွာ၊ အနိစ္စ,ဒုက္ခ,အနတ္တတင်၍ သုံးသပ်သဖြင့်။အဂ္ဂဖလံ၊အမြတ်ဆုံး ဖိုလ်ဟုဆိုအပ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်တည်း။ ။ဤ၌ သင်္ခါရတို့ကို ပူခြင်းစသော ဝိသေသလက္ခဏာသဘော၊ အနိစ္စ,ဒုက္ခစသော သာမညလက္ခဏာသဘောဖြင့် သုံးသပ်သွားခဲ့သော် အရဟတ္တမဂ်၏ ခဏ၌ နိဗ္ဗာန်ကိုအာရုံပြု၍ အရဟတ္တဖိုလ်သို့ ရောက်သည်ဟု အန္တဒီပကနည်းနှင့် ပြသည်။ ဝိပဿနာအခိုက်၌ နိဗ္ဗိန္ဒဉာဏ်, မုစ္စိတုကမျတာဉာဏ်သို့ ရောက်ကတဲက သင်္ခတကိုမြင်၍ ၎င်း၏ ဆန့်ကျင်ဘက် ဖြစ်သေးအသင်္ခတသို့ ညွတ်မြဲကိုလည်း သိရဘော့သည်။ ဒါမှ ၁-၂-၃-၄-နှင့် ညီညွတ်မည်။

၆။ ဝိပဿနာစိတ္တံ တံ နိန္နံ တပ္ပေါဏံ တပ္ပဗ္ဘာရံ ကရောတိ။ ။
သုတ်သီလက္ခန်အဋ္ဌကထာ။ နံပါတ်-၁၇၈။ ကြောင်းရေ-၁။ ချစ်ဆွေမူ။

ဝိပဿနာစိတ္တံ၊ ဝိပဿနာ စိတ်သည်။ တံ နိန္နံ၊ ထိုနိဗ္ဗာန်သို့ ညွတ်၏။ တပ္ပေါဏံ၊ ထိုနိဗ္ဗာန်သို့ကိုင်း၏။ တပ္ပဗ္ဘာရံ၊ ထိုနိဗ္ဗာန်သို့ရှိုင်း၏။

၇။ သာဝကာ ဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

ဟိ၊ မှန်၏။ သာဝကာ၊ သာဝက တို့သည်။ စတုန္နံ ဓာတူနံ၊ ဓာတ်ကြီး ၄-ပါးတို့တွင်။ ဧကဒေသမေဝ၊ တစိတ်တဒေသ ကိုသာလျှင်။ သမ္မသိတွာ၊ အနိစ္စ,ဒုက္ခ,အနတ္တ-ဖြင့် သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ။ဤ၌ အစနှင့်အဆုံးကိုသာပြသဖြင့် အလယ်၌ ဝိပဿနာဖြင့် သခ်တမှုပြန်သော အသခ်တကိုမြင်သည်ကား ပြီးစီးတော့၏။ ၁-၂-၃-၄-၅- ၆-နှင့် ညီညွတ်အောင်ညှိ၍ သိကြပါကုန်။

ဇာတိဓမ္မော ဇရာဓမ္မော၊ ဗျာဓိဓမ္မော အဟံ တဒါ။
အဇရံ အမတံ ခေမံ၊ ပရိယေသိဿာမိ နိဗ္ဗုတိံ။

ဗုဒ္ဓဝင်ပါဠိတော်။

တဒါ၊ ထိုသုမေဓာဖြစ်သောအခါ၌။ အဟံ၊ ငါသုမေဓာသည်။ ဇာတိဓမ္မော၊ ပဋိသန္ဓေနေရခြင်းသဘောရှိ၏။ ဇရာဓမ္မော၊ အိုရခြင်းသဘောလည်း ရှိ၏။ ဗျာဓိဓမ္မော၊ နာရခြင်း သဘောလည်း ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ တဗ္ဗိပရိတံ၊ အပြန်ဖြစ်သော။ အဇရံ၊ အိုခြင်းမရှိသော။ အမတံ၊ သေခြင်း မရှိသော။ ခေမံ၊ ဘေးရန်လည်းမရှိသော။ နိဗ္ဗုတိံ၊ ရုပ်,နာမ်,ခန္ဓာ-တို့ ငြိမ်းခြင်းရှိသောနိဗ္ဗာန်ကို။ ပရိယေသိဿာမိ၊ ရှာမှီးပေအံ့။

အချို့ကား မရှိခြင်းဟာ အဘာဝပညတ် ဟူ၍ စွဲယူ ထားတတ်ကြ လေသည်။ သို့ဖြစ်ခဲ့သော် အဇရံ၊ အိုခြင်းမရှိသော။ အမတံ၊ သေခြင်း မရှိသော။ ခေမံ၊ ဘေးရန်မရှိသော။ ပါဠိတို့မှ မရှိခြင်း, ကင်းခြင်းကို နိဗ္ဗာန်ဟု ဘုရားဟောထားတာကို သတိပြုကြ ပါကုန်လော့။ (ယတ္ထ န

ဇာယတိ န ဇီရတိ န မီယတိ)။ ဥဒါန်း၌လည်း ဖြစ်ခြင်းမရှိ, အိုခြင်းမရှိ, သေခြင်းမရှိတာ နိဗ္ဗာန်ဟူ၍ ဟောထားတာ ရှိလေပြီ။

သခ်တတခုထဲကို သဲသဲမဲမဲ မြဲမြဲစွဲစွဲ ရှုရန်

ဆန့်ကျင်ဘက် အသင်္ခတမြင်၍ အဆုံးရောက်ပုံကား–

ဘောေ ဓမ္မာ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အတိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ကေနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကော ဓမ္မော၊ တခုသော ဓာတ်တရားကို။ ဘာဝိတော၊ ပွားများခဲ့သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာခဲ့သည်ရှိသော်။ အတိညာယ၊ သစ္စာ ၄–တန် ရုပ်နှင့်နာမ်ကို ကေန် တိတိ ပိုင်းခြား၍သိရခြင်းအကျိုးငှာ။ သမ္မောဓာယ၊ သောတာပန်, သက ဒါဂါမ်,အနာဂါမ်, အရဟံဖြစ်၍ သိရခြင်း အကျိုးငှာ။ နိဗ္ဗာနာယ၊ ခန္ဓာ ဥပါဒိ ဗိတ်မရှိသဖြင့် အနုပါဒိသေသ နိဗ္ဗာန်အလို့ငှာ။ သံဝတ္တတိ၊ ဆင့်ကာ ဆင့်ကာ ကျင့်ကျင့်လာသော် မြင့်ကာမသေ့ ဖြစ်ရပါပေသတည်း။

အဲဒါ အစနှင့်အဆုံးကိုပြသဖြင့် အလယ်က သိသင့်သမျှ မြင်သင့်သမျှ တွေ့ကိုပါ သိပြီး မြင်ပြီး တွေ့ပြီး ဆိုတာ သဒ္ဒါတတ်က ယူတတ်ကြ တော့သည်။

အဲဒီ ၉–နံပါတ်ပါဠိကား ၇–ဆင့်ဖြင့် နိဗ္ဗာန်ဝင်ပုံပြသည်။

၁–ဓာတ်၊ ၂–ကလာပ်၊ ၃–လက်၊ ၄–ဉာဏ်၊ ၅–မဂ်၊ ၆–ဖိုလ်၊ ၇–နိဗ္ဗာန် လမ်းဖြင့် ဝင်သည်။

ဝိပဿနာ(တောလေးဆယ်)ဖြင့် နိဗ္ဗာန်မြင် နိဗ္ဗာန့်ဝင်ပုံ

တောလေးဆယ်ပါဠိ နိဗ္ဗာန်အထိရှုပုံ

ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးမှာ ၄၀–ပုဒ်ထုတ်ပြသည်။

၁ ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော (နိစ္စံ နိဗ္ဗာနန္တိ) ပဿန္တော သမ္မတ္တ နိယာမံ ဩက္ကမတိ။

| | | | | |
|---|---|---|---|---|
| ၂ | ပဉ္စက္ခန္ဓေ ဒုက္ခတော | လ | သုခံ နိဗ္ဗာနန္တိ | ဩက္ကမတိ။ |
| ၃ | ပဉ္စက္ခန္ဓေ ရောဂတော | ။ | အရောဂံနိဗ္ဗာနန္တိ | ။ |
| ၄ | ပဉ္စက္ခန္ဓေ ဂဏ္ဍတော | ။ | အဂဏ္ဍံ နိဗ္ဗာနန္တိ | ။ |
| ၅ | ပဉ္စက္ခန္ဓေ သလ္လတော | ။ | အသလ္လံ နိဗ္ဗာနန္တိ | ။ |
| ၆ | ပဉ္စက္ခန္ဓေ အဃတော | ။ | အနဃံ နိဗ္ဗာနန္တိ | ။ |
| ၇ | ပဉ္စက္ခန္ဓေ အာဗာဓတော | ။ | အနာဗာဓံ နိဗ္ဗာနန္တိ | ။ |
| ၈ | ပဉ္စက္ခန္ဓေ ပရတော | ။ | အပရံ နိဗ္ဗာနန္တိ | ။ |
| ၉ | ပဉ္စက္ခန္ဓေ ပလောကတော | ။ | အပလောကနံ နိဗ္ဗာနန္တိ | ။ |
| ၁၀ | ပဉ္စက္ခန္ဓေ ဤတိတော | ။ | အနီတိကံ နိဗ္ဗာနန္တိ | ။ |
| ၁၁ | ပဉ္စက္ခန္ဓေ ဥပဒ္ဒဝတော | ။ | အနုပဒ္ဒဝံ နိဗ္ဗာနန္တိ | ။ |
| ၁၂ | ပဉ္စက္ခန္ဓေ ဘယတော | ။ | အဘယံနိဗ္ဗာနန္တိ | ။ |
| ၁၃ | ပဉ္စက္ခန္ဓေ ဥပသဂ္ဂတော | ။ | အနုပသဂ္ဂံ နိဗ္ဗာနန္တိ | ။ |
| ၁၄ | ပဉ္စက္ခန္ဓေ စလတော | ။ | အစလံ နိဗ္ဗာနန္တိ | ။ |
| ၁၅ | ပဉ္စက္ခန္ဓေ ပဘင်္ဂုတော | ။ | အပဘင်္ဂုံ နိဗ္ဗာနန္တိ | ။ |
| ၁၆ | ပဉ္စက္ခန္ဓေ အဓုဝတော | ။ | ဓုဝံ နိဗ္ဗာနန္တိ | ။ |
| ၁၇ | ပဉ္စက္ခန္ဓေ အတာဏတော | ။ | တာဏံ နိဗ္ဗာနန္တိ | ။ |
| ၁၈ | ပဉ္စက္ခန္ဓေ အလေဏတော | ။ | လေဏံ နိဗ္ဗာနန္တိ | ။ |
| ၁၉ | ပဉ္စက္ခန္ဓေ အသရဏတော | ။ | သရဏံ နိဗ္ဗာနန္တိ | ။ |
| ၂၀ | ပဉ္စက္ခန္ဓေ ရိတ္တတော | ။ | အရိတ္တံ နိဗ္ဗာနန္တိ | ။ |
| ၂၁ | ပဉ္စက္ခန္ဓေ တုစ္ဆတော | ။ | အတုစ္ဆံ နိဗ္ဗာနန္တိ | ။ |
| ၂၂ | ပဉ္စက္ခန္ဓေ သုညတော | ။ | ပရမံသုညံ နိဗ္ဗာနန္တိ | ။ |
| ၂၃ | ပဉ္စက္ခန္ဓေ အပရမတ္ထတော | ။ | ပရမတ္ထံ နိဗ္ဗာနန္တိ | ။ |
| ၂၄ | ပဉ္စက္ခန္ဓေ အာဒီနဝတော | ။ | အနာဒီနဝံ နိဗ္ဗာနန္တိ | ။ |
| ၂၅ | ပဉ္စက္ခန္ဓေ ဝိပရိဏာမဓမ္မတော | ။ | အဝိပရိဏာမဓမ္မံနိဗ္ဗာနန္တိ | ။ |
| ၂၆ | ပဉ္စက္ခန္ဓေ အသာရကတော | ။ | သာရံ နိဗ္ဗာနန္တိ | ။ |
| ၂၇ | ပဉ္စက္ခန္ဓေ အဃမူလတော | ။ | အနဃမူလံ နိဗ္ဗာနန္တိ | ။ |
| ၂၈ | ပဉ္စက္ခန္ဓေ ဝဓကတော | ။ | အဝဓကံ နိဗ္ဗာနန္တိ | ။ |
| ၂၉ | ပဉ္စက္ခန္ဓေ ဝိဘဝတော | ။ | အဝိဘဝံ နိဗ္ဗာနန္တိ | ။ |

၃၀ ပဉ္စက္ခန္ဓေ အာသဝတော ။ အနာသဝံ နိဗ္ဗာနန္တိ ။
၃၁ ပဉ္စက္ခန္ဓေ သင်္ခတတော ။ အသင်္ခတံ နိဗ္ဗာနန္တိ ။
၃၂ ပဉ္စက္ခန္ဓေ အာမိသတော ။ နိရာမိသံ နိဗ္ဗာနန္တိ ။
၃၃ ပဉ္စက္ခန္ဓေ ဇာတိဓမ္မတော ။ အဇာတိံ နိဗ္ဗာနန္တိ ။
၃၄ ပဉ္စက္ခန္ဓေ ဇရာဓမ္မတော ။ အဇရံ နိဗ္ဗာနန္တိ ။
၃၅ ပဉ္စက္ခန္ဓေ ဗျာဓိဓမ္မတော ။ အဗျာဓိံ နိဗ္ဗာနန္တိ ။
၃၆ ပဉ္စက္ခန္ဓေ မရဏဓမ္မတော ။ အမတံ နိဗ္ဗာနန္တိ ။
၃၇ ပဉ္စက္ခန္ဓေ သောကဓမ္မတော ။ အသောကံ နိဗ္ဗာနန္တိ ။
၃၈ ပဉ္စက္ခန္ဓေ ပရိဒေဝဓမ္မတော ။ အပရိဒေဝံ နိဗ္ဗာနန္တိ ။
၃၉ ပဉ္စက္ခန္ဓေ ဥပါယာသဓမ္မတော။လ။အနုပါယာသံနိဗ္ဗာနန္တိ။
၄၀ ပဉ္စက္ခန္ဓေ သံကိလေသိကဓမ္မတော ။လ။ အသံကိလေသိကံ
နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ဤဥဒ္ဒိဋ္ဌတူသော ပါဠိများကိုမြှုပ်၍ မတူသော ပါဠိများကိုသာ သိသာရုံမျှ ဖော်ပြထားရာ မြှုပ်ထားသော (ပေယျာလ) များကို ဖော်၍ သိကြပါကုန်၊ ပထမအပုဒ်သာ အပြည့်အစုံ ပြထားပါသည်။

ပထမအပုဒ်ကို အနက်ပြန်၍ ပြမယ်။ ။ပဉ္စက္ခန္ဓေ၊ ငါးပါးကုန်သော ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ပဿန္တော၊ မြင်သော ယောဂီသည်၊ အနုလောမိကံ၊ လောကုတ္တရာမဂ်နှင့်လျော်သော။ ခန္တိံ၊ တရားဉာဏ် နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ နိစ္စံ၊မြဲသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ မြင်သောယောဂီသည်၊ သမ္မတ္တနိယာမံ၊ မဖောက်မပြန်သော သဘောရှိသော မိမိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် မြဲသော လောကုတ္တရာမဂ်သို့။ ဩက္ကမတိ၊ သက်ရောက်တော့၏။

ပညာရှိများကား ပါဠိတော်(၄၀)ပုဒ် မြင်တာနှင့် သိသာ ထင်ရှားလိမ့်မည်။

လူပြိန်း,လူညံ့,လူအ,လူနတို့အဘို့ ရှင်းပြမည်။

၁ ခန္ဓာငါးပါး၌ အနိစ္စမြင်တော့ နိစ္စနိဗ္ဗာန်ကိုမြင်၍ မင်္ဂဖိုလ်ရောက်သည်။
၂ ခန္ဓာငါးပါး၌ ဒုက္ခမြင်တော့ သုခနိဗ္ဗာန်ကိုမြင်၍ မဂ်ဖိုလ်ရောက်သည်။
၃ ခန္ဓာငါးပါး၌ ရောဂါမြင်တော့ အရောဂနိဗ္ဗာန်ကိုမြင်၍ လ။
၄ ခန္ဓာငါးပါး၌ အိုင်းနာမြင်တော့ အိုင်းနာမရှိ နိဗ္ဗာန်မြင်၍ ။
၅ ခန္ဓာငါးပါး၌ ငြောင့်မြင်တော့ ငြောင့်မရှိ နိဗ္ဗာန်ကိုမြင်၍ ။
၆ ခန္ဓာငါးပါး၌ အကျိုးယုတ်, အကျိုးမဲ့မြင်တော့ အကျိုးရှိတဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၇ ခန္ဓာငါးပါး၌ ဝဋ်ဆိုး ၃-ပါးမြင်တော့ ဝဋ်ဆိုး ၃-ပါးမရှိတဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၈ ခန္ဓာငါးပါး၌ သူစိမ်းမြင်တော့ အိမ်သားနိဗ္ဗာန်ကိုမြင်၍ ။
၉ ခန္ဓာငါးပါး၌ ပျက်စီးခြင်းမြင်တော့ မပျက်စီးတဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၁၀ ခန္ဓာငါးပါး၌ ထိတ်လန့်ဘွယ် မြင်တော့ မထိတ်လန့်ဘွယ် နိဗ္ဗာန်ကိုမြင်၍ ။
၁၁ ခန္ဓာငါးပါး၌ ကပ်၍ နှိပ်စက်ထာမြင်တော့ ကပ်၍ ချီးမြှောက်သော နိဗ္ဗာန်ကိုမြင်၍
၁၂ ခန္ဓာငါးပါး၌ ဘေးကိုမြင်တော့ ဘေးမရှိတဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၁၃ ခန္ဓာငါးပါး၌ တွယ်တာနှိပ်စက်တာမြင်တော့ မတွယ်တာတဲ့နိဗ္ဗာန်ကို မြင်၍ ။
၁၄ ခန္ဓာငါးပါး၌ လှုပ်ရှားတာမြင်တော့ မလှုပ်ရှားတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၁၅ ခန္ဓာငါးပါး၌ ဖရိုဖရဲမြင်တော့ ဖရိုဖရဲမရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၁၆ ခန္ဓာငါးပါး၌ မခိုင်မြဲတာမြင်တော့ ခိုင်မြဲတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၁၇ ခန္ဓာ ငါးပါး၌ မစောင့်ရှောက်ထာ မြင်တော့ စောင့်ရှောက်တဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၁၈ ခန္ဓာငါးပါး၌ ပုန်းအောင်းဘို့ မရှိတာမြင်တော့ ပုန်းအောင်းစရာ နိဗ္ဗာန်ကိုမြင်၍ ။
၁၉ ခန္ဓာ ငါးပါး၌ ကိုးကွယ်စရာမမြင်တော့ ကိုးကွယ်စရာ နိဗ္ဗာန်ကို မြင်၍ ။

၂၀ ခန္ဓာ ငါးပါး၌ အချီးအနှိမ်းကို မြင်တော့ အချီးအနှိမ်း မဟုတ်တဲ့ နိဗ္ဗာန်ကိုမြင်၍ မဂ်ဖိုလ်ရောက်သည်။
၂၁ ခန္ဓာငါးပါး၌ အနှစ်မရှိတာမြင်တော့ အနှစ်ရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၂၂ ခန္ဓာငါးပါး၌ သူညကိုမြင်တော့ ဝိသေသသုညနိဗ္ဗာန်ကိုမြင်၍ ။
၂၃ ခန္ဓာငါးပါး၌ ပညတ်ကိုမြင်တော့ ပရမတ္ထနိဗ္ဗာန်ကိုမြင်၍ ။
၂၄ ခန္ဓာငါးပါး၌ အပြစ်ကိုမြင်တော့ အပြစ်မရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၂၅ ခန္ဓာငါးပါး၌ ဖောက်ပြန်တာမြင်တော့ မဖောက်မပြန်တဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၂၆ ခန္ဓာငါးပါး၌ အနှစ်မရှိတာမြင်တော့ အနှစ်ရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၂၇ ခန္ဓာငါးပါး၌ အကျိုးမဲ့ခြင်း မှုချင်းမြင်တော့ အကျိုးရှိနိဗ္ဗာန်ကို မြင်၍ ။
၂၈ ခန္ဓာငါးပါး၌ သူသတ်ကိုမြင်တော့ မသတ်တဲ့နိဗ္ဗာန်ကိုမြင်၍ ။
၂၉ ခန္ဓာငါးပါး၌ ဆုံးရှုံးခြင်းမြင်တော့ မဆုံးရှုံးတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၃၀ ခန္ဓာ ငါးပါး၌ အာသဝကို မြင်တော့ အာသဝမရှိတဲ့ နိဗ္ဗာန်ကို မြင်၍ ။
၃၁ ခန္ဓာငါးပါး၌ ပြုပြင်ရတာ မြင်တော့ မပြုမပြင်ရတဲ့ နိဗ္ဗာန်ကို မြင်၍
၃၂ ခန္ဓာငါးပါး၌ မာရ်မင်းအစာမြင်တော့ မာရ်မင်းအစာမဟုတ်တဲ့ နိဗ္ဗာန်ကိုမြင်၍ ။
၃၃ ခန္ဓာငါးပါး၌ အိုခြင်းမြင်တော့ မအိုခြင်းနိဗ္ဗာန်ကိုမြင်၍ ။
၃၄ ခန္ဓာငါးပါး၌ ဖြစ်ခြင်းကိုမြင်တော့ မဖြစ်ခြင်းနိဗ္ဗာန်ကိုမြင်၍ ။
၃၅ ခန္ဓာငါးပါး၌ နာခြင်းကိုမြင်တော့ နာခြင်းမရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၃၆ ခန္ဓာငါးပါး၌ သေခြင်းကိုမြင်တော့ သေခြင်းမရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၃၇ ခန္ဓာငါးပါး၌ စိုးရိမ်ခြင်းမြင်တော့ စိုးရိမ်ခြင်းမရှိတဲ့နိဗ္ဗာန်ကိုမြင်၍ ။
၃၈ ခန္ဓာငါးပါး၌ ငိုကြွေးခြင်းမြင်တော့ ငိုကြွေးခြင်းမရှိတဲ့နိဗ္ဗာန်ကို မြင်၍ ။
၃၉ ခန္ဓာငါးပါး၌ ဥပါယာသမြင်တော့ ဥပါယာသမရှိတဲ့ နိဗ္ဗာန်ကို မြင်၍ ။

၄၀ ခန္ဓာငါးပါး၌ ညစ်နွမ်းခြင်းမြင်တော့ မညစ်နွမ်းတဲ့နိဗ္ဗာန်ကိုမြင်၍ ။

တတန်း တတန်း၌ ပထမ မြင်တာကား ဝိပဿနာ ဉာဏ်အမြင်တည်း။ (သင်္ခတ)တရားကိုမြင်တာတည်း။ ဒုတိယအမြင်ကား နိဗ္ဗာန်ကို ဂေါတြဘူ မဂ်ဖိုလ်က မြင်တာတည်း။ (အသင်္ခတ)တရားကိုမြင်တာတည်း။ (၂)ကစ၍ (၄၀)အထိ သင်္ခတအမြင်နှင့် အသင်္ခတ အမြင်တို့ပင်တည်း။ (၁) နမူနာ အတိုင်း ယူပါလေ။

သင်္ခတကိုမြင်သဖြင့် သူ၏ဆန့်ကျင်ဘက်ဖြစ်သော (အသင်္ခတ)နိဗ္ဗာန်ကို မြင်နိုင်သည်၊ ဥပမာ-ရောဂါကို မြင်သဖြင့် ထိုရောဂါ၏ ပျောက်ခြင်းလဲ မြင်သကဲ့သို့တည်း။

ဉာဏ်လေးသူ ဉာဏ်ထိုင်းသူများ သိဘို့ရန် ညွှန်ကြားဦးအံ့။

၁။ ဥပ္ပါဒေါဒုက္ခံ အနုပ္ပါဒေါသုခံ၊ ရုပ်နာမ်ဖြစ်ပေါ်ခြင်းဟာ ဒုက္ခဘဲ၊ ရုပ်နာမ်မဖြစ်ပေါ်ခြင်းဟာ သုခဘဲ။

၂။ နိမိတ္တံဒုက္ခံ အနိမိတ္တံသုခံ၊ နိမိတ်ရှိတာဒုက္ခဘဲ၊ နိမိတ်မရှိတာ သုခဘဲ။

၃။ ပဝတ္တံဒုက္ခံ အပဝတ္တံသုခံ၊ ဖြစ်ပေါ်မှုဟာ ဒုက္ခဘဲ၊ မဖြစ်ပေါ်မှုဟာ သုခဘဲ။

၄။ အာယူဟနံ ဒုက္ခံ အနာယူဟနံ သုခံ၊ အားထုတ်ခြင်းဟာ ဒုက္ခဘဲ၊ အားမထုတ်ခြင်းဟာသုခဘဲ။

၅။ ပဋိသန္ဓိဒုက္ခံ အပဋိသန္ဓိသုခံ၊ ပဋိသန္ဓေနေခြင်းဟာဒုက္ခဘဲ၊ ပဋိသန္ဓေ မနေခြင်းဟာသုခဘဲ။

၆။ ဂတိဒုက္ခံ အဂတိသုခံ၊ အလားရှိခြင်းဟာ ဒုက္ခဘဲ၊ အလားမရှိခြင်း ဟာ သုခဘဲ။

၇။ နိဗ္ဗတ္တိဒုက္ခံ အနိဗ္ဗတ္တိသုခံ၊ ဖြစ်ခြင်းဟာ ဒုက္ခဘဲ၊ မဖြစ်ခြင်းဟာ သုခဘဲ။

၈။ ဥပ္ပတ္တိဒုက္ခံ အနုပ္ပတ္တိသုခံ၊ ဘွားကနဲ ပေါ်လာခြင်းဟာ ဒုက္ခဘဲ၊ ဘွားကနဲ မပေါ်လာခြင်းဟာ သုခဘဲ။

၉။ ဇာတိဒုက္ခံ အဇာတိသုခံ၊ ဇာတိရှိတာ ဒုက္ခဘဲ ဇာတိမရှိတာ သုခဘဲ။

၁၀။ ဇရာဒုက္ခံ၊ အဇရာသုခံ၊အိုခြင်းဟာ ဒုက္ခဘဲ၊ မအိုခြင်းဟာသုခဘဲ။

ဋ္ဌကထာ ၄၆၁-၄

၁၁။ ဗျာဓိဒုက်၌ အဗျာဓိသုခံ၊ နာခြင်းဟာ ဒုက္ခဘဲ၊မနာခြင်းဟာ သုခဘဲ။

၁၂။ မရဏဒုက်၌ အမရဏသုခံ၊ သေခြင်းဟာ ဒုက္ခဘဲ၊ မသေခြင်းဟာ သုခဘဲ။

၁၃။ သောကဒုက်၌ အသောကသုခံ၊ စိုးရိမ်ခြင်းဟာ ဒုက္ခဘဲ၊မစိုးရိမ်ခြင်းဟာ သုခဘဲ။

၁၄။ ပရိဒေဝဒုက်၌ အပရိဒေဝသုခံ၊ ငိုကြွေးခြင်းဟာ ဒုက္ခဘဲ၊ မငိုကြွေးခြင်းဟာ သုခဘဲ။

၁၅။ ဥပါယာသောဒုက်၌ အနုပါယာသောသုခံ၊ ပြင်းစွာပူပန်ရခြင်းဟာ ဒုက္ခဘဲ၊ ပြင်းစွာမပူပန်ရခြင်းဟာ သုခဘဲ။ ဤပြခဲ့သော ပါဠိတော် ပဋိသမ္ဘိဒါမဂ် ဒေသနာတော်၌ ဥပ္ပါဒေါဒုက်၌ဖြင့် သစ်တတရားကို ပြပါသည်။ အနုပ္ပါဒေါသုခံဖြင့် နိဗ္ဗာန်ကို ပြပါသည်။ ဤကား လူသိမများတာနှင့် ပြပုံတည်း။

နိဗ္ဗာန်ကို လူသိများတာနှင့် ပြထားသည်ကား။

၁။ ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနံ၊ ဖြစ်ထာသင်္ခါရ၊ မဖြစ်ထာ နိဗ္ဗာန်။

၂။ ပဝတ္တံသင်္ခါရံ အပဝတ္တံနိဗ္ဗာနံ၊ဖြစ်ခြင်းသင်္ခါရ၊ မဖြစ်ခြင်း နိဗ္ဗာန်။

၃။ နိမိတ္တံသင်္ခါရံ အနိမိတ္တံ နိဗ္ဗာနံ၊နိမိတ်ရှိ သင်္ခါရ၊ နိမိတ်မရှိ နိဗ္ဗာန်။

၄။ အာယူဟနာ သင်္ခါရာ အနာယူဟနံ နိဗ္ဗာနံ၊ အားထုတ် သင်္ခါရ၊ အားမထုတ် နိဗ္ဗာန်။

၅။ ပဋိသန္ဓိသင်္ခါရာ အပဋိသန္ဓိ နိဗ္ဗာနံ၊ ပဋိသန္ဓေနေခြင်းသင်္ခါရ၊ ပဋိသန္ဓေမနေခြင်း နိဗ္ဗာန်။

၆။ ဂတိသင်္ခါရာ အဂတိနိဗ္ဗာနံ၊ အလားရှိ သင်္ခါရ၊ အလားမရှိ နိဗ္ဗာန်။

၇။ နိဗ္ဗတ္တိသင်္ခါရာ အနိဗ္ဗတ္တိ နိဗ္ဗာနံ၊ဖြစ်ခြင်းသင်္ခါရ၊ မဖြစ်ခြင်း နိဗ္ဗာန်။

၈။ ဥပ္ပတ္တိသင်္ခါရာ အနုပ္ပတ္တိ နိဗ္ဗာနံ၊ဖြစ်ခြင်းသင်္ခါရ၊ မဖြစ်ခြင်း နိဗ္ဗာန်။

၉။ ဇာတိသင်္ခါရာ အဇာတိ နိဗ္ဗာနံ၊ ဇာတိရှိတာသင်္ခါရ၊ ဇာတိမရှိတာ နိဗ္ဗာန်။

၁၀။ ဇရာသင်္ခါရာ အဇရံ နိဗ္ဗာနံ၊ အိုခြင်းရှိတာ သင်္ခါရ၊ အိုခြင်းမရှိတာ နိဗ္ဗာန်။

၁၁။ ဗျာဓိသင်္ခါရ အဗျာဓိ နိဗ္ဗာန်၊ နာခြင်းသင်္ခါရ၊ နာခြင်းမရှိတာ နိဗ္ဗာန်။

၁၂။ မရဏာသင်္ခါရ အမရဏာနိဗ္ဗာန်၊ သေခြင်းသင်္ခါရ၊ သေခြင်းမရှိတာ နိဗ္ဗာန်။

၁၃။ သောကောသင်္ခါရ အသောကံ နိဗ္ဗာန်၊ စိုးရိမ်ခြင်းသင်္ခါရ၊ စိုးရိမ်ခြင်းမရှိ နိဗ္ဗာန်။

၁၄။ ပရိဒေဝံ သင်္ခါရ အပရိဒေဝံ နိဗ္ဗာန်၊ငိုကြွေးခြင်းသင်္ခါရ၊ မငိုကြွေးခြင်း နိဗ္ဗာန်။

၁၅။ ဥပါယာသောသင်္ခါရ အနုပါယာသော နိဗ္ဗာန်၊ ပြင်းစွာ ပူပန်ခြင်းဟာ သင်္ခါရဘဲ၊ ပြင်းစွာမပူပန်ခြင်းဟာ နိဗ္ဗာန်ဘဲ။

အဲဒါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဘုရားဟောထားပုံတည်း။

သဋ္ဌာယတနဝဂ္ဂသံယုတ် ပါဠိတော်, ဒေဝဒဟဝဂ်၊တတိယသုတ်တော်လာ
နိဗ္ဗာနပကာသက ဂါထာတော်များ

၁။ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖဿာ ဓမ္မာစ ကေဝလာ။
ဣဋ္ဌာ ကန္တာ မနာပါစ၊ ယာဝ တတ္ထီတိ ဝုစ္စတိ။

၂။ သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။

၃။ သုခံ ဒိဋ္ဌမရိယေဘိ၊ သက္ကာယဿ နိရောဓနံ။
ပစ္စနိကမိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

၄။ ယံပရေ သုခတော အာဟု၊ တဒရိယာ အာဟု ဒုက္ခတော။
ယံပရေ ဒုက္ခတော အာဟု၊ တဒရိယာ သုခတော ဝိဒူ။

၅။ ပဿဓမ္မံ ဒုဝိဇာနံ၊ သမ္မုဠှေတ္ထ အဝိဒ္ဒသူ။
နိဝုတာနံ တမော ဟောတိ၊ အန္ဓကာရော အပဿတံ။

၆။ သတဉ္စ ဝိဝဋံ ဟောတိ၊ အာလောကော ပဿတာမိဝ။
သန္တိကေ န ဝိဇာနန္တိ၊ မဂါဓမ္မဿ အကောဝိဒါ။

၇။ ဘဝရာဂ ပရေတေဘိ၊ ဘဝရာဂါနုသာရိဘိ။
မာရဓေယျာ နုပန္နေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ။

၈။ ကောသနု မညတြ မရိယေဟိ၊ ပဒံ သမ္မုဒ္ဓမရဟာတိ။
ယံ ပဒံ သမ္မဒညာယ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

၁။ ဣဋ္ဌာ၊ အလိုရှိအပ်သည်လည်း ဖြစ်ကုန်ထသော။ ကန္တာ၊ နှစ်သက်အပ်သည်သည်းဖြစ်ကုန်ထသော။ မနာပါ၊ နှလုံးကိုပွါးစေတတ်သည်လည်း ဖြစ်ကုန်ထသော။ ရူပါစ၊ အဆင်းမျိုးစုံ ရူပါရုံတို့သည်၎င်း။ သဒ္ဒါစ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်၎င်း။ ဂန္ဓာစ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်၎င်း။ ရသာစ၊ အရသာမျိုးစုံ ရသာရုံတို့သည်၎င်း။ ဖဿာစ၊ တွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း။ ကေဝလာ၊ အလုံးစုံကုန်သော။ ဓမ္မာစ၊ စိတ်, စေတသိက်, ရုပ်စုံ ဓမ္မာရုံတို့သည်၎င်း။ ယာဝတာ-ယတ္တကာ၊ အကြင်မျှလောက် ကာလပတ်လုံး။ အတ္ထိ၊ ဥပါဒ်, ဌီ, ဘင် ထင်ထင်ရှားရှား ဖြစ်ပေါ်လျက် ရှိကြကုန်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်ပေတော့၏။

၂။ သဒေဝကဿ၊နတ်နှင့်တကွဖြစ်သော။လောကဿ၊လူအပေါင်းအား။ ဝါ၊ လူအပေါင်းသည်။ ဧတေဓမ္မာ၊ ထိုအလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ် ကုန်သော အာရုံ ၆-ပါး တရား တို့ကို။ သုခသမ္မတာ၊ ချမ်းသာကြောင်းတရားဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်ကုန်၏။ ယတ္ထ၊ အကြင် အသခ်တဓာတ် နိဗ္ဗာန်မြတ်၌။ ဧတေဓမ္မာ၊ ထိုအာရုံခြောက်ပါး တရားတို့သည်၊ နိရုဇ္ဈန္တိ၊ မဂ်ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် ချုပ်ငြိမ်းကြကုန်၏။ တံ ဓမ္မံ၊ ထိုအာရုံခြောက်ပါးတို့၏ ချုပ်ငြိမ်းရာဖြစ်သော အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို။ တေသံ၊ ထိုလူအပေါင်းတို့သည်။ ဒုက္ခသမ္မတံ၊ ဆင်းရဲကြောင်းတရားဟူ၍ သမုတ်ပညတ် ခေါ်ဝေါ်အပ်၏။

၃။ သက္ကာယဿ၊ ထင်ရှားရှိသော လောကီခန္ဓာတရား ငါးပါးတို့၏ အပေါင်း တည်းဟူသော ကာယ၏။ နိရောဓနံ၊ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း ဖြစ်သော အသခ်တဓာတ် တရားမြတ်ကို။ အရိယေဟိ၊ အရိယာသခင် အရှင်မြတ် တို့သည်။ သုခံ၊ ချမ်းသာကြောင်း တရား ဟူ၍။ ဒိဋ္ဌံ၊ ကိုယ်တိုင်ထင်လင်း ထိုးထွင်း၍ သိသောဉာဏ်ဖြင့် ကေန် မျက်မှောက်ပြု၍ မြင်အပ်၏။ ပဿတံ၊ မျက်မှောက် ထင်ထင် ကိုယ်တိုင် မြင်၍ စင်စစ်ကေန် အမှန်ကို သိဘတ်ကုန်သော ပညာရှိတို့သည်။ ဒိဋ္ဌံ၊ ကိုယ်တိုင် ထင်လင်း

ထိုးထွင်း၍ သိသောဉာဏ်ဖြင့် ကေန်မျက်မှောက်ပြု၍ မြင်အပ်သော။ ဣဒံ၊ ဤနိဗ္ဗာန် တရားမြတ်သည်။ သဗ္ဗလောကေန၊ အရိယာ တို့၏ ပညာစက္ခု ကင်းသော လောကဝေါဟာ သတ္တဝါ အပေါင်းနှင့်။ ပစ္စနိကံ၊ ဆန့်ကျင် ဘက်သည်။ ဟောတိ၊ ဖြစ်၏။

၄။ ယံ ဓမ္မံ၊ အကြင် လောကီတရား ခန္ဓာများ အပေါင်း မကောင်း သောကာယ သမူဟကို။ ပရေ၊ အရိယာမှ တပါးကုန်သော ပညာနည်းသူ လူပြိန်းတို့သည်။ သုခတော၊ ချမ်းသာကြောင်းတရားဟူ၍။ ဝါ၊ သုခလုံးလုံး အတုံးကြီးအစစ် ကေန်ဖြစ်၏ဟူ၍။ အာဟု ကထေသုံ၊ ဆိုကြကုန်ပြီ။ တံ ဓမ္မံ၊ ထိုလောကီတရား ခန္ဓာများအပေါင်း မကောင်းသောကာယ သမူဟကို။ အရိယာ၊ အရိယာသခင် အရှင်မြတ် တို့သည်။ ဒုက္ခတော၊ ဆင်းရဲကြောင်း တရားဟူ၍။ ဝါ၊ ဒုက္ခလုံးလုံး အတုံးကြီးအစစ် ကေန်ဖြစ်၏ဟူ၍။ အာဟု ကထေသုံ၊ ဆိုကြကုန်ပြီ။ ယံ ဓမ္မံ၊ အကြင် အသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူ သော တရားတော်မြတ်ကို။ ပရေ၊ အရိယာမှ တပါးကုန်သော ပညာမဲ့သူ လူပြိန်းတို့သည်။ ဒုက္ခတော၊ ဆင်းရဲကြောင်းတရားဟူ၍။ ဝါ၊ ဒုက္ခစင်စစ် အတုံးကြီးဖြစ်၏ဟူ၍။ အာဟု ကထေသုံ၊ ဆိုကြကုန်ပြီ။ တံ ဓမ္မံ၊ ထိုအသင်္ခတ ဓာတ် နိဗ္ဗာန် တည်းဟူသော တရားတော်မြတ်ကို။ အရိယာ၊ ဘုရား အစရှိသော အရိယာသခင် အရှင်သူမြတ် တို့သည်။ သုခတော၊ ချမ်းသာ ကြောင်းတရားဟူ၍။ ဝါ၊ ချမ်းသာလုံးလုံး အတုံးကြီးအစစ် ကေန်ဖြစ်ကုန် ၏ဟူ၍။ ဝိဒူ၊ ကိုယ်တိုင်ကိုယ်တိုင် ပိုင်ပိုင်ထင်ထင် သိမြင်တော်မူကြကုန်၏။

၅။ ဒုဝိဇာနံ၊ အလွန် ထင်မြင်နိုင်ခဲစွာ ထသော။ ဝါ၊ အလွန်တရာ မြင်ခက်စွာထသော။ ဓမ္မံ၊ အသင်္ခတဓာတ် တရားတော်မြတ် တည်းဟူသော နိဗ္ဗာန်ကို။ ပဿ၊ ကြည့်ရှုစရာ ကောင်းလှပါ၍ ပညာစက္ခုဖြင့် ကြည့်ရှုစမ်း ပါလေ့။ ဧတ္ထ၊ ဤအသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသောတရားတော်မြတ်၌။ အဝိဒ္ဒသူ၊ မသိရှာကုန်သော သတ္တဝါအပေါင်း တို့သည်။ သံမူဠှာ၊ မောဟ တောင်မင်း ကွယ်ကာ ခြင်းကြောင့် လွန်မင်း လှစွာ တွေဝေကြ ကုန်၏။ နိဝုတာနံ၊ နီဝရဏ မှောင်ကြီး ပိတ်ကာဆီး၍ ဖိစီးနှိပ်စက် အပ်ကုန်သည် ဖြစ်၍။ အပဿတံ၊ ပညာမျက်စိ အမြင်မရှိကုန်သောသူတို့အား။ အန္ဓကာရော၊

(၁) နေဝင် (၂) လကွယ် (၃) တောကြီးအလယ် (၄) မိုးမဲကြီးတက်၍ လေးချက်အင်္ဂါ ညီစွာပိတ်ဆီး မိုးမှောင်ကြီးထက် ဆထက်ရာထောင် မက မှောင်ခြင်းကို ပြုတတ်သော။ တမော၊ အရောင် မရှိသော မှောင်အတိ တခဲနက်သည်။ ဟောတိ၊ ဖြစ်ရတော့၏။

၆။ တံ၊ ထိုအသခ်ာခတ် နိဗ္ဗာန် တည်းဟူသော တရားမြတ်သည်။ သတ္ထာ သတံ ပန၊ ဘုရား အစရှိကုန်သော အရိယာ ပညာရှိတို့အားကား။ ဝိဝဋ္ဋံ၊ အပိတ်အပင်မရှိ ဟင်းလင်း ပွင့်သည်။ ဟောဘိ၊ ဖြစ်၏။ အာလော ကော၊ အရောင်အလင်းကို။ ပဿတိဣဝ၊ အရောင်ထင်ထင် မြင်အပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပဿတိ၊ အရောင်ထင်ထင် မြင်အပ်၏။ မဂ္ဂါ မဂ္ဂဘူတာ၊ တောထဲနေငြား သမင်သားနှင့် အလားတူ ဖြစ်၍ ဖြစ်ကုန်သော။ ဓမ္မဿ၊ သစ္စာ ၄-ပါး မြတ်တရား၌။ အကောဝိဒါ၊ ကျွမ်းကျင် လိမ်မာ ပညာ မရှိ ကုန်သောသူတို့သည်။ သန္တိကေ၊ ကာယာနုပဿနာ ဝေဒနာနှင့် စိတ္တာဓမ္မ ဤလေးဝကို လုံ့လကြိုးကုတ် အားထုတ်၍မူ ပေါက်ရောက်သူအား နီးနား ၌သာ မြင်နိုင်ပါလျက်။ န ဝိဇာနန္တိ၊ နားရွက်နှင့်မျက်စိ ကြည့်တိုင်းဝေးလှ မမြင်ရသို့ ကြည့်လိုက် တိုင်းသာ လွန်ဝေးကွာ၍ ကောင်းစွာ မသိမမြင် ကြကုန်။

၇။ ဘဝရာဂပရေတေဟိ၊ ဘဝရာဂဖြင့် နှိပ်စက်အပ်ကုန်ထသော။ ဘဝ ရာဂါနုသာရိဘိ၊ မြစ်ရေမျောသွား တုံးအလားသို့ ဘဝရာဂ ဩဃရေယာဉ် တသွင်သွင်စီး မြစ်ခရေကြီး၌ ဖောင်စီး၍သာ လိုက်ချပါကုန်ထသော။ မာရ ဓေယျာနုပ္ပန္နေဟိ၊ ကရွတ်ကင်းလျှောက် တုံ့ပြန်ရောက်သို့ အခေါက်ခေါက် သာ မာရ်မင်းရွာဟု သံသရာကွင်းညွတ် သုံးပါးဝဋ်၌ မလွတ်တုံ့ခေါက် ပြန်ကာနှောက်၍နေကုန်ထသော။ သတ္တေဟိ၊ သတ္တဝါထိုထို များပုဂ္ဂိုလ်တို့ သည်။ အယံ ဓမ္မော၊ နက်နဲစွာလှ အသခ်တခေါ်မှတ် ဤနိဗ္ဗာန်တရားတော် မြတ်ကို။ သုသမ္ဗုဒ္ဓေါ၊ သိရန်ဘို့ဝယ် ကောင်းစွာလွယ်သည်။ န၊ မဟုတ်ချေ တကား။

၈။ ယံ ပဒံ၊ အကြင် အကြောင်းရင်းဇစ် အမှန် ဖြစ်သော အသခ်တ ခေတ် နိဗ္ဗာန်မြတ်ကို။ အရိယာ၊ ဘုရား အစရှိကုန်သော အရိယာသခင်

အရှင်မြတ်တို့သည်။ သမ္မသမ္ဗာ၊ ကောင်းစွာ။ အညာယ၊ အရဟတ္တမဂ်ဉာဏ် ဖြင့် အမှန်မြင်သိ၍။ ဝါ၊ အမှန်မြင်သိခြင်းကြောင့်။ အနာသဝါ၊ အာသဝေါ မရှိ ကင်းကုန်သည် ဖြစ်၍။ ပထမံ၊ ရှေးဦးစွာ။ ကိလေသပရိနိဗ္ဗာနေန၊ ကိလေသာမီး အပူကြီးသည် အပြီးချက်ချွင်း ထက်ဝန်းကျင်မှ ငြိမ်းအေး ခြင်းဖြင့်။ ပစ္ဆာ၊ နောင်အခါ၌။ ခန္ဓပရိနိဗ္ဗာနေန၊ ခန္ဓာနာမ်ရုပ် အကြွင်းမဲ့ ချုပ်ခြင်း အဆုံးသတ် ငြိမ်းအေး ခြင်းဖြင့်။ ပရိနိဗ္ဗန္တိ၊ ကရွတ်ကင်းရှောက် တုံ့ပြန်ရောက်သို့ နောက်ကိုတခါ မာရ်မင်းရွာဟု သံသရာကွင်းညွတ် သုံးပါး ဝဋ်သို့ စိတ်ညွတ်ပြန်ကာ မရောက်လာဘဲ တခါထဲသိမ်း ဆိမ်းငြိမ်းသို့ ထက်ဝန်းကျင်မှ ချုပ်ငြိမ်းတော်မူကြကုန်၏။ တံ ပဒံ၊ ထိုအကြောင်းရင်းစစ် အမှန်ဖြစ်သော အသခ်တဓာတ် တရားမြတ်ဖြစ်သော နိဗ္ဗာန်ကို။ အရိယေဘိ၊ ဘုရား အစရှိကုန်သော အရိယာအရှင် သခင်သူမြတ် တို့ကို။ အညတြ၊ ကြဉ်လိုက်သောအား ပယ်ကာထား၍။ ကော၊ နတ်နှင့်လူဝယ် အဘယ် သူသည်။ သမ္ဗုဒ္ဓုံ၊ လက်ပေါ် တင်ထား ပတ္တမြားသို့ ပိုင်းခြား ထင်ထင် သိမြင်ခြင်းငှာ။ အရဟတိနု၊ ထိုက်အံ့နည်း။

ဤကား(၈)ဂါထာ၏အနက်တည်း။

---

## (၆) နိဗ္ဗာန်ဝိပဿနာအမြုတေ

၁။ အစ္စုတ္တံ၊ ဘဝ စက်ကြီးကို ဖျက်ဆီးလိုက်ပြီ ဖြစ်၍ အလည် ရပ်ခြင်း သဘော။

၂။ အကတံ၊ မည်သူမည်ဝါ မည်သည့်အရာကြောင့် ဖြစ်လာရသည် မရှိ ခြင်းသဘော။

၃။ အနန္တံ၊ အစကားဒီမှာ အဆုံးကဟိုမှာဟု လက်ညှိုးထိုး၍ပြစရာ မရှိ ခြင်းသဘော။

၄။ အစ္စုတံ၊ မွေးမှု ဖြစ်မှုကို နိုင်ပြီး ဖြစ်ခြင်းကြောင့် သေမှုပျက်မှု မရှိ ခြင်းသဘော။

၅။ အသခ်တံ၊ ကံ, စိတ်, ဥတု, အာဟာရတို့၏ ပြုပြင်မှုမှ ကင်းခြင်း သဘော။

၆။ အနိစ္စာရုံ၊ အာရုံလုံးစုံ ဇာတ်သိမ်းကုန်သဖြင့် ၃-ဘုံထက် မြတ်ခြင်းသဘော။

၇။ အပလောကိတံ၊ ညစ်ကြေးမတင် ကြေးညှော်စင်သဖြင့် ကြည်လင်တောက်ပခြင်းသဘော။

၈။ ပဏီတံ၊ ခံစားရသောလူသားကို မအီမဝစေနိုင်သဖြင့် မွန်မြတ်ခြင်းသဘော။

၉။ သရဏံ၊ ဘေးရန်မျိုးစုံ အကုန်လုံသဖြင့် ခိုလှုံရာဖြစ်ခြင်းသဘော။

၁၀။ ခေမံ၊ ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုး အနာမျိုးတို့ မချဉ်းကပ် နိုင်ခြင်းသဘော။

၁၁။ တာဏံ၊ ဘေးရန်ဒုက္ခ ဟူသမျှကို တားမြစ်တတ်သော သဘော။

၁၂။ လေဏံ၊ မွေးခြင်း, သေခြင်းဟူသော သားရဲတိရစ္ဆာန် အလိုက်ခံရသော သတ္တဝါ၏ ခိုအောင်းရာ လိုဏ်ဂူသဘော။

၁၃။ ပရာယဏံ၊ ဤလောက၌ တွေ့ကြုံရသော ဆင်းရဲဒုက္ခအပေါင်းမှ လုံခြုံခြင်းသဘော၊

၁၄။ သိဝံ၊ အပူဒုက္ခ ဟူသမျှကို မြူမျှမကြွင်းကျန်တော့ပြီဖြစ်၍ ငြိမ်းခြင်းသဘော။

၁၅။ နိပုဏံ၊ တကယ်တမ်း မလုပ်သူ,မကျင့်သူတို့ အဟုတ်တမ်း မသိနိုင်သော သိမ်မွေ့ခြင်းသဘော။

၁၆။ သစ္စံ၊ အမှားကို လွန်မြောက်နေသဖြင့် ဖောက်လွဲဖောက်ပြန်မရှိ မှန်ခြင်းသဘော။

၁၇။ ဒုက္ခက္ခယံ ဆူမှု,ပူမှု,ဒုက္ခစုတို့၏ ကုန်ခြင်းသဘော။

၁၈။ အနာသဝံ၊ ယင်ကောင်သည် ရဲရဲနီအောင် တောက်ပပူပြင်းသော သံချောင်းသို့ မချဉ်းမကပ် မနားသကဲ့သို့ အာရုံ ၄ ပါးဝသို့ မချဉ်းမကပ် မငြိတွယ်ခြင်းသဘော။

၁၉။ ပါရံ၊ ဒုက္ခဟူသော ဤမှာဘက်ကမ်းမှ လွန်မြောက်၍ ထိုမှာဘက်ကမ်းသဖွယ် ဖြစ်ခြင်းသဘော။

၂၀။ ပရံ၊ မဂ်ဖိုလ်တို့အာရုံ သုခချမ်းသာ အလုံးစုံတို့၏ အထွဋ်အထိပ်ဖြစ်၍ အမြင့်မြတ်ဆုံးသဘော။

၂၁။ မောက္ခံ၊ သတ္တဝါကို ဆင်းရဲဒုက္ခတွင်းမှ အရှင်းကင်းလွတ်စေတတ်သောသဘော။

၂၂။ နိရောဓံ၊ ရုပ်နာမ်ဟူသော ဒုက္ခ၏ မှီရာများကို ဖျက်ဆီးပြီးခြင်းသဘော။

၂၃။ အနိဒဿနံ၊လုံ့လအား၊ဉာဏ်အား ချို့တဲ့သော သာမန်လူသားတို့ ဉာဏ်မျက်စိ၌ ထင်မြင်နိုင်ခြင်း မရှိခြင်းသဘော။

၂၄။ ဓုဝံ၊ ဖြစ်မှု၊ပျက်မှု၊ပြောင်းလဲမှု အားလုံး ချုပ်ငြိမ်းကုန်ဆုံးသဖြင့် ခိုင်ခံ့ခြင်းသဘော။

၂၅။ အဗျာပဇ္ဇံ၊ အာရုံရန်သူ ဟူဟူသမျှတို့၏ အနှောင့်အယှက်တို့မှ ကင်းလွတ်ခြင်းသဘော။

၂၆။ ဒီပံ၊ အမြင့်ဆုံး၊အမြတ်ဆုံးဖြစ်၍ ဘေးရန်အကင်းဆုံး ကိုင်းကျွန်းသဖွယ်သဘော။

၂၇။ ဝိဝဋ္ဋံ၊ ဖြစ်ချီ၊ပျက်ချီ ဘဝစက်အလည် ရပ်ခြင်းသဘော။

၂၈။ ကေဝလံ၊ တုစရာ၊ ယှဉ်စရာ၊ နှိုင်းယှဉ်စရာမရ အဒုတိယ တစုထည်းသာ တည်ခြင်းသဘော။

၂၉။ အနီတိကံ၊ ရောဂါဘေးဆိုး ရန်အမျိုးမျိုးတို့မှ ကင်းဝေးသဖြင့် မြေခြင်းသဘော။

၃၀။ အနာလယံ၊ များစွာအာရုံ ကာမဂုဏ်တို့ကို တပ်ငြိစွဲလမ်း တောင့်တမှုမှ ကင်းဝေးခြင်းသဘော။

၃၁။ အက္ခယံ၊ မည်သူ၊မည်ဝါ၊မည်မျှ တန်ခိုးကြီးသောသူမှ ဖျက်လို့မရခြင်းသဘော။

၃၂။ ငိမုတ္တံ၊ အဖြစ်ရှိက အပျက်ရှိရသော အဆင့်အတန်းမှ လွတ်ခြင်းသဘော။

၃၃။ အပဝဂ္ဂံ၊ မည်သူ၊မည်ဝါ၊မည်သည့်သတ္တဝါသာလျှင် နိဗ္ဗာန်အဆင့်အတန်းသို့ ရောက်စေဟု လူဖြူ၊လူမဲ ခွဲခြားခြင်း မရှိတဲ့သဘော။

၃၄။ ဝိရာဂံ၊ ညစ်ကြေးမတင် သန့်စင်ခြင်းသဘော။

ဇုန္တာသယ ၄၆၁-၅

၃၅။ ယောဂက္ခေမံ၊ ယောဂ ဟူသော နှောင်ကြိုးတို့ကို ဖြတ်ခြင်း သဘော။

၃၆။ ဝိသုဒ္ဓံ၊ ဘဝကြေးညှော်တို့ကို ဆေးလျှော်သုတ်သင်ပြီးဖြစ်၍ ဖြူစင်ခြင်းသဘော။

၃၇။ နိဗ္ဗုတံ၊ အပူမီးဟူသမျှကို သတ်ငြိမ်း၍ ငြိမ်းခြင်းသဘော။

၃၈။ အနာဒိ၊ မည်သူ့ မည်ဝါက ပြုလုပ်ဖန်တီးသဖြင့် ပေါ်ပေါက်လာရခြင်း မဟုတ်သောကြောင့် အစမရှိခြင်းသဘော။

၃၉၊ အမတံ၊ ဖြစ်ခြင်းမရှိ၍ သေခြင်းလည်း မရှိခြင်းသဘော။

၄၀။ သန္တိ၊ အလိုမီး၊အမျက်မီး၊အမှောင်မီးတို့ လက်စသတ်ကင်းငြိမ်းပြီးဖြစ်၍ ပကတိ ငြိမ်ခြင်းသဘော။

ဤနိဗ္ဗာန်၏ သဘော သဘာဝတ္တတို့ကို ခေတ် ၄–ပါးက စပြီး ရှုပွါးမှ အဆင့်ဆင့်မြင့်၍ တွေ့ရ, မြင်ရ, ထင်ရ, မျက်မှောက် ပြုကြရပါမည်။ စာနှင့်ဆိုလျှင် စာမြင်တဲ၊ စိန္တာမယဆိုလျှင် စိန္တာမယမြင်တဲ ဖြစ်မည်။ဝိပဿနာ ရှုပွါးလို့ တန်းရောက်မှ အမှန်မြင်ပါလိမ့်မည်။

---

## (၇) အတွင်းမှုပြိုင် ရန်သူနိုင်

ကပ္ပပြဿနာကျမ်း ၉၀–၌၎င်း၊ နိဗ္ဗာန်ဝိပဿနာအမြုတေကျမ်း ၂၈–၌၎င်း၊ နိဗ္ဗာန်ပုဒ် ၄၀–ကို အညီအမျှတွေ့ရ၍ ရေးထည့်ဖော်ပြအပ်ပါသည်။

ထို့ပြင် ဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိ ကျမ်း၌ နိဗ္ဗာန် ၅၂–ပါး ရှိသေး၏။ နိရောဓ ဂ–ကျမ်း၌ နိဗ္ဗာန် ၁၀၀–ကျော်ရှိသေး၏။ အဘိဓာန်ပါဠိ သဂ္ဂကဏ္ဍ၌ နိဗ္ဗာန် ၄၀–ကျော်ရှိသေး၏။ ထိုထို ပါဠိတော် အဋ္ဌကထာများ၌ များစွာ ရှိသေး၏။ ဉာဏာဘိဝံသ ဓမ္မသေနာပတိ ထေရ် ရေးသားအပ်သော နိဗ္ဗာန်အလင်းပြကျမ်း၊ နိဗ္ဗာနဝိနိစ္ဆယကျမ်း၊ ဘဏ်ဘိုက်ကြီး၌ ရေးထည့် ထားသော ငါးနိဗ္ဗာန် ရပြီလားကျမ်း၊ နိဗ္ဗာနသာရကျမ်း၊ အသင်္ခတနိဗ္ဗာန် နိဒါန်းကျမ်းတို့၌၎င်း၊ ယခုရေးနေသော နိဗ္ဗာန်တွေ့မြင် ကျမ်းတို့၌ နိဗ္ဗာန်နှင့် စပ်ဆိုင်ရာတို့ကို သိထားကြပါကုန်။

## အတွင်းနေမှ ရန်သူကိုအောင်နိုင်ပုံ (၁)

သမ္မာကျုံးမြောင်း

သတိမြို့တာ

လက်နက်ပညာ

ခန္ဓာမြို့တော်

စိတ်ဘုရင်

ပျော်သည်

ဘုရင်သည် ရန်သူမရှိဘဲ နန်းတော်၌ပျော်ရွှင်စွာစံနေရတာလို အရိယာစိတ်၌ ဒိဋ္ဌိ ဝိစိ ရန်သူမရှိဘဲ လောကုတ္တရာ နန်းတော်၌ ပျော်ရွှင်ရသည်။

ပုံစံ၌ **လင်္ကာကား**

သတိမြို့တာ၊ သမ္မာကျုံးမြောင်း၊ လက်နက်ကောင်းပညာ၊ ခန္ဓာမြို့တော်၊ စိတ်ဘုရင်ပျော်သည်၊ ရန်သူတော်များကင်းလို့ကိုဝ်။

ပဌမဦးစွာ၌ ရှင်ဘုရင်သည် နန်းတော်၌ နေပေမဲ့ ၄-ဘက်က ရန်သူတော်တွေ လာ၍ဝိုင်း၍ တိုက်ခိုက်ခြင်းကို အတန်တန် အဖန်ဖန် ခံနေရသဖြင့် စဉ်းစား ကြံစည်ရာ နန်းမြို့တော်ကို ရန်သူများ မဝင်နိုင်ရန် ကျုံးမြောင်းကာရံခြင်း မပြုလို့ဟု သိမြင်၏။ တဖန် ထို့ထက် လုံအောင် ကြံစည်ပြန်ရာ ကျုံးမြောင်း၏ အတွင်းဘက်မြေပြင်ကလဲ မြို့ရိုးမြို့တာ ဝန်းရံကာမနေလို့ဟု သိမြင်ပြန်၏။ ထိုအသိဝိဇ္ဇာ ဉာဏ်မြင်အတိုင်း နန်းတော် မြို့ရိုးမြို့တာဖြင့် ဝန်းရံကာထားပြီးတော့ ထို့ထက်ပင်လုံခြုံရန် မြို့ရိုးမြို့တာကိုဝန်းရံပြီး ကျုံးမြောင်းကာ၍ ၄-ဘက်ကလဲ နိဂုံးကြီး ၄-ခု၊ မြို့ရံ မြို့လက်နှင့် အတွင်းမြို့နန်းတော်၌ စိုးစံတော့ ရန်သူများ မနှောင့်ယှက် နိုင်တော့ဘဲ ဧမြေမြပျော်ပျော်ရွှင်ရွှင်နှင့် စိုးစံနေရတော့သည်။ ။အဲဒါ ဥပမာတည်း။ ငါတို့၏ စိတ်ဟာ ဒုက္ခဆိုလျှင် လွန်စွာပင် ရွံမုန်းလှ၏။ တာပေမဲ့ ဒုက္ခကို ဖြစ်စေတတ်တဲ့ (က)ဘေး (ခ)ဘေး (ဂ)ဘေး (ဃ)ဘေးကြီးတို့ ငင်ရောက်ပြီး နှိပ်စက်ညှဉ်းပန်း နေသောကြောင့် စိတ်ဘုရင်ဟာ ခန္ဓာမြို့တော်၌ မီးတဆဲ့တပါး လောင်၍နေရတော့သည်။ သံသရာလဆန်းတရက်နေ့ကစပြီး ယနေ့အထိ ဒုက္ခရောက်တုန်းပင်။ ဘုရင်ဥပမာအတိုင်း မိမိထံသို့ ရန်သူတော်များ မဝင်ရောက် နိုင်အောင်ဟာ ပဌမဦးစွာ သတိဆိုတဲ့ မြို့ရိုးမြို့တာကြီးရံ၍ အထဲမှာနေရမည်။ ဒုတိယ၌ ၎င်းမြို့ရိုးမြို့တာကို အပြင်ကရံ၍ ကျုံးမြောင်း ပတ်လျက် အတွင်းမှာသာ နေရမည်။ တတိယ၌ ၎င်းကျုံးမြောင်းကို

၄-ဘက်က မြို့ရိုးထား၊ မြို့ဝန် စောင့်ရှောက်စေ၍ နေရမည်။ ထိုသည့်အခါ ကျမှ (က)ဘေး (ခ)ဘေး (ဂ)ဘေး (ဃ)ဘေးများ မဝင်နိုင်တော့ဘဲ သောတာပန်ဘုရင်, သကဒါဂါမိဘုရင်, အနာဂါမိဘုရင်, ရဟန္တာဘုရင် ဖြစ်၍ နိဗ္ဗာန်အထိ ပြေမည်။

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေမာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊နိရယမှိ သမပ္ပိတာ။

ဓမ္မပဒပါဠိတော်။

ပစ္စန္တံ၊ အစွန်အဖျားကျ၍နေသော။ နဂရံ၊ သူခိုးဓားပြ ထူထပ်လှသော မြို့ကို။ သန္တရဗာဟိရံ၊ တွင်းပြင်ရှင်းကြ နှစ်ဌာနနှင့်တကွ။ ဂုတ္တံယထာ၊ လုံခြုံအောင်စောင့်ရှောက်သကဲ့သို့။ ဧဝံတထာ၊ ထိုနည်းထားယူ အလားတူ သာလျှင်။ အတ္တာနံ၊ ခိုးသူဓားပြ ထူထပ်လှသော မိမိ၏ ခန္ဓာကိုယ်ကြီးကို။ သန္တရဗာဟိရံ၊ တွင်းပြင်ရှင်းကြ နှစ်ဌာနနှင့်တကွ။ ဂေါပေထ၊ လုံခြုံအောင် စောင့်ရှောက် ကြပါ ကုန်လော့။ ခဏော၊ မဂ်ဖိုလ်နိဗ္ဗာန် ရကြောင်းမှန်လှ သော ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးသည်။ ဝေါ၊ စင်စစ်ကေန်။ မာ ဥပစ္စဂါ၊ ကုန်လွန် ကွယ်ပျောက်၍ မသွားပါစေလင့်။ ဟိ၊ မှန်ကန် လှပေ၏။ ခဏာ တီဘာ၊ မဂ်ခဏ,ဖိုလ်ခဏ,နိဗ္ဗာန်ခဏ-တို့ ကုန်လွန်ကြရကုန်သော သတ္တဝါ တို့သည်။ နိရယမှိ၊ အပါယ်ငရဲ ဩဃထဲ၌။ သမပ္ပိတာ၊ ဖြစ်ရခံရ လူးလှိမ့်ရ ကုန်သည် ဖြစ်၍။ သောစန္တိ၊ နှလုံးမပြုံး တန်ခိုးသိမ်၍ ပြော်-စိုးရိမ်ကြရ လေကုန်သတည်း။

**ဥပမေယျကား** စိတ်သည် ဘုရင်နှင့်တူ၏၊ ခန္ဓာကိုယ်ကြီးသည် မြို့တော် နှင့်တူ၏၊ပညာသည် လက်နက်ကောင်းနှင့်တူ၏၊ သတိသည် မြို့တံ မြို့ရိုးနှင့် တူ၏၊ သမာဓိသည် ကျုံးပြောင်းနှင့်တူ၏၊ မြို့ရိုး ၄-ဘက်သည် ဓာတ်ကြီး ၄-ပါးနှင့်တူ၏။ (က) ဘေး (ခ) ဘေး (ဂ) ဘေး (ဃ) ဘေးတို့သည် ရန်သူများနှင့်တူ၏၊ ပြေမြ ဘေးမခဘဲ စံနေရခြင်းသည် သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာဖြစ်၍ အတွင်းမှာ နေတာနှင့် တူလှပေ သတည်း။

## ဘုရင်များရေချိုး ပိုက်လေးမျိုး အတွင်းမှာ (၂)

တောသူတောင်သား သူဆင်းရဲများသည်၎င်း၊ကုန်သည် လယ်လုပ်သားများသည်၎င်း၊ သူဌေး, သူကြွယ်များ သည်၎င်း မြစ်ထဲဆင်း၍ ရေချိုးကြတော့ ပိုက်များမကာဘဲ ရေချိုးမိလို့ မျောလိုမျော နစ်လိုနစ် မိကျောင်း ငါးမာရ်း ဆွဲလိုဆွဲနှင့် သေပွဲကြီး ဝင်ကြရလေသည်။

ဘုရင်များတော့ မြစ်၌ရေချိုးလျှင် ပိုက် ၃-ထပ်, ၄-ထပ် ကာရံပြီးမှ ရေချိုးတာမို့ မျော လဲမမျော နစ်လဲမနစ်၊ ငါးလိပ်များလဲ မဆွဲတဲ ပျော်ရွှင်မြဲပျော်ရွှင်ရပေသည်။ အဲဒါ ဥပမာတည်း။ ပုထုဇဉ်,လူ,နတ်,ဗြဟ္မာများသည် ဒါနပြုပြီး လောဘကြေးညှော်ကို ဆေးလျှော် သီလစောင့်ပြီး ဒေါသနှင့် ဒုစရိုက်ကြေးညှော် ဆေးလျှော် သမထပွါးပြီး မောဟကြေးညှော်တို့ကို ဆေးလျှော် ရေချိုးကြပေမဲ့ ပိုက် ၃-ထပ်လို့ဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ကိုယ်တွေ့ဖြစ်ပျက် ပိုက် ၃-ထပ်၏ အတွင်းကနေပြီး ရေမချိုးမိကြလို့၊ ထို့ပြင် ပိုက် ၄-ထပ်လို့ဆိုတဲ့ ဓာတ်ကြီး ၄-ပါးအတွင်းကနေပြီး ရေမချိုးမိကြလို့ ဒိဋ္ဌိငါး, မာနမိကျောင်း ဝိစိကိစ္ဆာ, မကာရ်း, အဝိဇ္ဇာ, ဝဲ, တဏှာရေစီးကြော၌ မျောလိုမျော နစ်လိုနစ် အစာဖြစ်လို ဖြစ်၍ သေကြရတော့သည်။

အရိယာ,လူ,နတ်,ဗြဟ္မာများသည် လောဘကို ဒါနနှင့် ဆေးကြော၍ ဒေါသကို သီလနှင့် ဆေးကြော၍ မောဟကို သမထဖြင့် ဆေးကြော၍ ရေချိုးပေးပေမဲ လက္ခဏာရေး ၃-ပါးဆိုတဲ့ ပိုက်အတွင်းမှာ ဓာတ်ကြီး ၄-ပါးဆိုဘဲ့ ပိုက်အဘွင်းမှာ ရေချိုးကြတာမို့ ဒိဋ္ဌိငါးလဲ မကိုက်နိုင်, မာနမိကျောင်းလဲ မမျိုနိုင်,ဝိစိကိစ္ဆာမကာရ်းလဲ မဝါးနိုင်,အဝိဇ္ဇာဝဲလဲ မစုတ်နိုင်, တဏှာရေကြော၌လဲ မမျောနိုင် မြိုင်မြိုင်ဆိုင်ဆိုင် ရေချိုး၍. စင်ကြယ်ကြကုန်တော့သည်။ သင်တို့လည်း အရိယာများကဲ့သို့ ဓာတ် ၄-ပါး လက္ခဏာရေး ၃-ပါးနှင့်တွဲပြီး ဒါန,သီလ,သမထပြုကြပါကုန်။

## ရေအတွင်းက ပြိုင်နိုင်ပုံ၊ ဓာတ်အတွင်းက ပြိုင်မှနိုင်ပုံ (၃)

ရှေးသရောအခါ ဟိမဝန္တာတောဝယ် ရေကန်တခု၌ ဖားငယ်တကောင် နေထိုင်ပေသည်။ ကေသရာဇာ ခြင်္သေ့တစီးလည်း အစာရှာရင်း ရောက်

လာရာ ခြသေ့်ကဲ့သို့ ထိုင်နေသော ဖားငယ်ကိုမြင်သဖြင့် ဒေါသထွက်ပြီး ဟယ်-ဖားငယ်၊ သင်သည် ငါကဲ့သို့သော ဘုရင်လာတာတောင်မှ ဂရုမပြု အရေးမထား မလေးစားဘဲ ခြသေ့်မင်းကို အန္တုပြီး ခြသေ့်ထိုင်ဖြင့် ရန်စ ပေသည်။ သင့်ကို ငါကဟောက်၍ သတ်အံ့ဟု ကြိမ်းဝါး၏။ ဖားငယ်က အရှင်ခြသေ့်မင်းကို အကျွန်ုပ် အန္တုသည် မဟုတ်ပါ၊ ဖားတို့မမွတာကား ဤလိုသာထိုင်မြဲ ဖြစ်ပါသည်ဟု တောင်းပန်၏။ တာမေမဲ့ ဒေါသကြီးသော ခြသေ့်က ဟောက်လိုက်ရာ ဖားငယ်မှာ ရေအတွင်း၌ ငုပ်လျှိုးပုန်းအောင်း လို့ မသေဘဲရှိတော့၏။ခြသေ့်သည် သုံးကြိမ်စေ့အောင် ဟောက်၍သတ်၏။ ဖားငယ်လည်း သုံးကြိမ်စေ့အောင် ရေထဲ၌ငုပ်လျှိုး၍နေ၏။ ခြသေ့်သည် ရင်ကွဲ၍ ကန်စောင်း၌ သေရှာလေသည်။ ဖားငယ်သည် မိမိ၏အဆွေ ဖားတို့ဖြင့် စုရုံးလျက် ခြသေ့်၏အသားကို စားကြလေ၏။

ဤ၌ ဖားငယ်သည် ကန်ကိုရင်း, ရေကိုရင်း အမှီရ၍ အသက်မသေဘဲ ရှိခဲ့လေသည်။ခြသေ့်ကား ဒိဋ္ဌိနှင့်တူ၏၊ဖားငယ်ကား ယောဂီနှင့်တူ၏၊ ရေကန် ကား သာသနာနှင့်တူ၏၊ ရေကား ဗုဒ္ဓဟူးနံ၊ ၄-ဂဏန်းမို့ ခေတ် ၄-ပါးနှင့် တူ၏၊ ငုပ်၍နေခြင်းကား ဝိပဿနာ ရှုပွါးတာနှင့်တူ၏၊ ခြသေ့်၏ရန်မှ ဖားငယ်လွတ်ခြင်းကား ဒိဋ္ဌိရန်မှ ယောဂီလွတ်မြောက်ထာနှင့်တူ၏၊ခြသေ့်၏ အသားကိုစားရခြင်းသည်ကား အပါယ်တံခါးပိတ်၍နေရ၊ ဆင်းရဲသံသရာ ပြတ်၍နေရ၊ ဘုံစဉ်စံ၍နေရ၊ သိဒ္ဓိကိုးတန်ရ၍နေရ၊ ခြောက်ဆဲ့ခုနစ်ဆင့်ဖြင့် မြင့်ချင့်တိုင်းမြင့်၍နေရ၊ သာသနာမကွယ်ရ၊ သာသနာအမြစ်တွယ်၍နေရ၊ ဘုရားမကွယ်, တရားမကွယ်, သံဃာမကွယ်တော့ဘဲ တသံသရာလုံး တက်၍ တက်၍သာ နိဗ္ဗာန်သို့ ရောက်တော့အံ့။ ဖားငယ်သည် ရေ၌ငုပ်သကဲ့သို့ ယောဂီသည် ခေတ်ကို ရှုပွါး၍ အရိယာဘဝသို့ ကူးပြောင်းကြပါစေ သတည်း။

## ဦးပေါ်ဦး နန်းစောင့် တံခါးဖွင့်၍မပေးပါ (၄)

အမရပူရခေတ်ဝယ် ဘိုးတော် ဦးဝိုင်း၏ လက်ထက်တော် တုန်းက ရှင်ဘုရင် ဘိုးတော်ဦးဝိုင်းသည် ဥပုသ်တော်သုံးလို၍ ထီးစောင့် နန်းစောင့် ကြငှန်းစောင့်ရန် ဝန်တို့အား ရွေးချယ်စိစစ်ရာ ဦးပေါ်ဦးအား သဘောကျ

ရွေးချယ်လေ၏။ ဦးပေါဦးအား စိတ်ချယုံကြည်၍ ထိးစောင့် နန်းစောင့် ထားပြီး ဥပုသ်တော် သုံးလေသည်။

ဦးပေါဦးကလည်း ၇-ရက်မျှ ထိးစောင့် နန်းစောင့်ထားခြင်းမှာ ငန် အများတွင် ငါ့ကို ယုံကြည်စိတ်ချ၍ ထားခြင်းဖြစ်ထာတဲဟု သိ၍ ပိုမိုလွန် ကဲစွာ ဂရုပြု၍ စောင့်ထိန်းကာ နေလေသည်။

တနေ့သ၌တော့ ဘုရင်သည် ရက်မစေ့သေးဘဲ ည အချိန်အခါ မဟုတ် သည့်၌ နန်းတံခါးသို့ရောက်လာပြီးတော့ တံခါးဖွင့်ပေးရန် တံခါးမှူးအား အမိန့်ပေးလေ၏။

တံခါးမှူးက ဘုရင်မှန်း သိလျှင်၊ အရှင်မင်းကြီး ကျွန်တော်မှာ ဦးပေါဦး၏ အမိန့်တော်က ကြပ်တည်းစွာ မိန့်ဆိုထားသဖြင့် ဦးပေါဦး အား အကြောင်းကြားရပါဦးမည်ဟု သံတော်ဦးတင်၏။

ဘုရင်ကလည်း အကြောင်းကြားစေတော့ဟု မိန့်၏။

ဦးပေါဦးလည်း တံခါးအနီးသို့ ရောက်၍လာတော့၊ ဘုရင်က ဟဲ့- ပေါဦး တံခါးဖွင့်တော့ဟု ဆို၏။

ဦးပေါဦးက သိလျက်နှင့်ပင် တံခါးအဖွင့် ခိုင်းသည်ကား အဘယ်သူ နည်းဟု ပြန်မေး၏။

ငါဟာ ရှင်ဘုရင်ဘဲဟု ဆို၏။

ဦးပေါဦးက ငါဘုရင်ဆိုတိုင်း ဖွင့်ရမည်လော၊ လောကမှာ အသံတူလဲ မရှားဘူး၊ ရုပ်တူလဲမရှားဘူး၊ အသွင်တူလဲမရှားဘူး၊ ငါဘုရင်ဆိုတိုင်း တံခါးဖွင့်၍ ပေးမိသော် ထီးရေး-နန်းရေး ကြုံလာက မခက်ပါလော။ ထီးနန်းရဲ့ တန်ဘိုးဟာ အဘိုးမဖြတ်နိုင်အောင် ထိုက်တန် ပါတယ်၊ ဘုရင် ဆိုတာဟာလဲ အချိန်နဲ့ အခါနှင့် လာတာမျိုးသာ ဖြစ်တယ်၊ ယခုလာတာ ဟာ ဘုရင်မဟုတ်၍ တံခါးမဖွင့်ပေးနိုင်၊ ကဲ-ကဲ-ပြန်ပေတော့ဟု ဘုရင်ကို ပင် နှင်ခဲ့လေသည်။

ဘုရင်လည်း စိတ်မဆိုးတဲ့အပြင် ဦးပေါဦးအား ယုံကြည် စိတ်ချကိုင်း မှန်ပါပေသည်၊ ပညာရှိပါပေသည်၊ အမြော်အမြင် ရှိပါပေသည်၊ ဌာနာ ဌာန၌ နားလည်ပါပေသည်ဟု ကြံစည်ကာချီးမွမ်းပြီး ဥပုသ်ဆောင်သို့ပင် ပြန်ရလေသည်။

ဘုရင် ရက်စွေ၍ အချိန်အခါနှင့် ပြန်လာမှပင် တံခါးဖွင့်၍ ပေးသည်။ ဘုရင်က ခွေးမသားပေါဦး၊ နင်ဟာ ငါ့မှန်း သိလျက်နှင့် တံခါးကိုဖွင့်၍ မပေးဘူးဟု မြည်ရာ၊ဦးပေါဦးက ဘုရားဟာ ဘုရားလိုနေသည်၊ ဘုရင်ဟာ ဘုရင်လိုနေရမည်။ ဝန်ကလဲ ဝန်လိုကျင့်တာမို့ ထိးနန်းအတွက် ယခုအရေး မပေါ်ပါဟု သံတော်ဦးတင်၏။ အဲဒါ ဥပမာတဲ။

ဥပမေယျမှာ ဘုရားသည် ယောဂီအား အကုသိုလ်မဝင်စေရန် ကိလေသာ မဝင်စေရန် တံခါးခြောက်ပေါက်ကို ပိတ်ရမည်ဟု ခန္ဓာကိုယ် နန်းတော်ကို အပ်နှံ၏။ ဦးပေါဦးကဲ့သို့ စိတ်ချယုံကြည်လောက်အောင် တံခါး ခြောက် ပေါက်ကိုပိတ်ရမည်၊ အချိန်အခါမဟုတ်လျှင် ဘုရင်ဘဲဖြစ်ဖြစ် ဘာဘဲဖြစ်ဖြစ် တံခါးဖွင့်၍ မပေးရချေ၊ဦးပေါဦးမှာ တံခါးဖွင့်၍ မပေးသဖြင့် စိတ်ချရပါ ပေသည်၊ ယုံကြည်ရပါပေသည်၊ထီးရေး နန်းရေးမှ အေးဆေးရပါပေသည် ဟု တနိုင်ငံလုံးကပင် ချီးမွမ်းခြင်းကို ခံရလေသည်၊ ဆုတော် လာဘ်တော် များလည်း ရရှိလေသည်။

ဘုရင်ကား ဘုရားနှင့် တူ၏၊ ဦးပေါဦးကား ယောဂီနှင့် တူ၏၊ ထီးနန်း ကား ခန္ဓာကိုယ်နှင့်တူ၏၊ နန်းမတံခါးကား ဒွါရခြောက်ပါးနှင့်တူ၏၊ လုံလဲ အောင် ပိတ်၍ထားခြင်းကား အပြင်အာရုံ ၆-ပါးမလာအောင် သမာဓိဖြင့် ပိတ်ထားသည်နှင့်တူ၏၊ ဆုတော်လာဘ်ဘော်ရခြင်းသည်ကား သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ စည်းစိမ်ကိုရတာနှင့်တူ၏။

အချုပ်မှာ-ဦးပေါဦးကဲ့သို့ အတွင်းအာရုံနှင့်သာ အချိန် ကုန်ခန်းစေ ရမည်၊ နောင်တဖန် ပူပန်ခြင်းငြိမ်းစေရမည်၊ အတွင်းမှာနေလို့ တံခါးပိတ်လို့ စည်းစိမ်ဂုဏ်သိမ်ရပုံတည်း။

## အတွင်းမှနေ ရန်သူကိုအောင်နိုင်ပုံ (၅)

ရှေးသရောအခါ ကာသိကတိုင်း လယ်ကွင်း လယ်ဟာပြင်၏ အစပ်၌ လှည်းလမ်းတခုရှိရာ၊ ထိုလှည်းလမ်း၏ နံဘေး ၂-ဘက်၌ ခရောင်းနှင့် နွားခြေရာခွက်များကို အမှိုပြုပြီးတော့ ဘီလုံးငှက်မနှင့် သားငယ်ကလေးတို့ နေကြ၏။

အမိဘီလုံးငှက်မက သားငယ်ကို အစာရှာရန် သွားခါနီးတိုင်း မှာခဲ့၏။ ငါ့သားမောင်၊ ဟောဒီက ဘိုးဘွားမိဘပိုင် နွားခြေရာခွက်၌သာ နေရစ်ပါလေ၊ ဟောဟိုကလယ်ကွင်းလဟာ ပြင်ကြီး၌ မသွားလေ၊ ကျက်မစားပါလေနှင့်ဟု အမြဲမှာခဲ့၏။

တနေ့သ၌ ဘီလုံး ငှက်ငယ်ဟာ ကြံစည်တယ်၊ ဩော်-ငါ၏ အမိဟာ သွားခါနီးတိုင်း မှာခဲ့တယ်၊ နွားခြေရာခွက်အတွင်းမှာသာ နေပါတဲ့။ ကွင်းပြင်သို့ မထွက်ပါနှင့်တဲ့။ ကိုင်း-ကိုင်း-စမ်းသပ်၍ ကြည့်ရသေးတာပေါ့ဟု နွားခြေရာခွက်ထဲမှ ထွက်ခဲ့ ပြီးတော့ ပျော်စရာ ကောင်းလှတဲ့ လယ်ကွင်းလဟာပြင်ထဲမှာ ကျက်စားပါရောဗျ။

ထိုအခါ သိမ်းငှက်သည် ထိုးသုတ်၍ ဘီလုံးငှက်ငယ်ကို ကောင်းကင်သို့ ချီယူ သွားပါရောတဲ့။ ဒီအခါကျမှ ဘီလုံးငှက်ငယ်က ငါ့အမေ ပြောတာ မှန်တယ်၊ ဒီခဘားမြင်လို့ ဒီစကားပြောတာဘဲ။ အမိစကားနားမထောင်မိလို့ ရန်သူ၏ လက်တွင်းသို့ သက်ဆင်းရလေခြင်း၊ နွားခြေရာခွက်၌ နေပါလျှင် ရန်သူများမစော်ကားနိုင်၊ ကွင်းပြင်ထွက်မိလို့ စော်ကားတာကို ခံရတာဘဲဟု မြည်တမ်းသတဲ့။

ထိုအခါ သိမ်းငှက်က အလို-ငါကဲ့သို့သော ငှက်ဇော်ဂျီကို နွားခြေရာကဘဲ ခုခံခုခံ၊လဟာပြင်ကဘဲ ခုခံခုခံ မင်းက ငါ့ကို နိုင်မှာတဲ့လားကွ။ ကဲကဲ-စမ်းကြည့်ပါ၊နွားခြေရာခွက်ကပင် ခုခံပါတော့ဟု လွှတ်လိုက်တယ်။

ဘီလုံးငှက်ငယ်လဲ ကဲ-အဆွေ ငါသည် ငါတို့ရိုးရာ ဘိုးဘွားပိုင် ခံတပ်ကိုရပြီ၊ တိုက်ခိုက်စမ်းပါလေဘ့ဟု ခေါ်တယ်။

သိမ်းငှက်ကလဲ ကောင်းကင်မှအဟုန်ဖြင့်ဆင်းတဲ့၍ထိုးသုတ်ရာ ဘီလုံးငှက်ကနွားခြေရာခွက်၌ ပြေးကပ်သဖြင့် ၃-ကြိမ်တိတိ လွတ်မြောက်လေ၏။ သိမ်းငှက်မှာလည်း ၃-ကြိမ်တိတိ မြေခရောင်းဖြင့် ရင်အုံကို အရှိန်ပြင်းပြင်းနှင့် ခတ်မိရာ ရင်ကွဲ၍ သေရှာလေသည်။

ဘီလုံးငှက်ငယ်လည်း အစာရှာရာမှ ပြန်လာသော မိခင်ကို ရွှင်ရွှင်ပျပျ လက်ညှိုးညွှန်ပြသကဲ့သို့ ပြသပြီး မိမိတို့ဘိုးဘွားမိဘရိုးရာ နွားခြေရာခွက်၏ အတွင်းမှာ နေမိလို့ ရန်သူကို အောင်ရကြောင်းဖြင့် ချီးမွမ်းပြောဆိုပြီး

ရန်သူ၏နယ်ဖြစ်တဲ့ လဟာပြင်တွင် နေမိစဉ်က ရန်သူ၏လက်ထဲမှာ ဒုက္ခနှင့် နေခဲ့ရကြောင်း ပြောပြ၏၊ အဲဒါဥပမာ။

အမိကား ဘုရားနှင့်တူ၏၊ သားငယ်ကား ယောဂီနှင့်တူ၏၊ နွားခြေရာခွက်ကား ရုပ်နာမ်ခေတ် ၄-ပါး,၆-ပါးနှင့်တူ၏၊ ကွင်းပြင်ကား ကာမဂုဏ်ငါးပါးနှင့်တူ၏၊ သိမ်းငှက်ကား (အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ)ငါးဦးနှင့်တူ၏၊သိမ်းငှက်၏ အစားခံရခြင်းကား အပါယ်လေးဘုံ၌ ခံနေရတာနှင့်တူ၏၊နွားခြေရာခွက်ကြောင့် သိမ်းငှက်သေရခြင်းကား ခေတ်၄-ပါး,၆-ပါးကြောင့်(အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ)ငါးဦး ချုပ်ထာနှင့်တူ၏။

အဲဒါ အတွင်းမှာနေလို့ ရန်သူကို အောင်နိုင်တာပါတဲ့။ ၂၄-သင်္ချေကုဋေ-၆၀ ဗိုလ်ခြေတသိန်းစီ ဘုရားတဆူ ပွင့်တိုင်းပွင့်တိုင်း လွတ်မြောက်သွားကြသည်ကား ခေတ် ၄-ပါး,၆-ပါး အတွင်းမှာနေလို့ပါတဲ့။ငရဲဘုံမှာ အပြည့်, အပါယ်ဘုံမှာအပြည့် ခံစားနေရသော သတ္တဝါများကား အပြင်အာရုံ ကာမဂုဏ်နယ်မှာ နေမိလို့ဟု သိရှိကြပါကုန်လော့။

## မြွေဆိုး ရှင်ဘုရင့်ရန် အတွင်းက တွန်းလှန်ပုံ (၆)

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ်အခါက အထူးအဆန်းကြီးတခု ဖြစ်ဘူး၏။ ဖြစ်ပုံကား၊ မြွေဆိုးတကောင်သည် ပထဝီဇယမန္တန်၏ တန်ခိုးဖြင့် တောသုံးထောင်မှာရှိနေတဲ့ သတ္တဝါများအပေါ်မှာ ဘုရင်ဖြစ်၍ နေတယ်။

တနေ့သ၌ မြွေဆိုးဘုရင်သည် တောသားတွေ အားလုံးအား စုရုံး၍ မိန့်ခွန်းပြော၏။အို-အမျိုးသားတို့၊ ငါတို့နေတဲ့ ဇမ္ဗူဒိပ်ကျွန်းဟာ ယူဇနာ တသောင်းကျယ်တယ်၊ အဲဒီ ယူဇနာတသောင်းကို ၃-ပိုင်း ၃-ပုံပုံ၍ တပုံသောယူဇနာ ၄-ထောင်အရပ်ကား ရေနေဖြစ်၍ နေပါတယ်၊ ဒုတိယတပုံ ယူဇနာ ၃-ထောင်အရပ်ဟာ လူနေဖြစ်၍ နေပါတယ်၊တတိယတပုံ ယူဇနာ ၃-ထောင်ဟာ တောနေဖြစ်၍ ငါတို့နေကြရတယ်။ အဲဒီတော့ ငါတို့ တောသားတွေဟာ နေစရာကျဉ်းကြပ်လှတယ်၊ ဦးရေလဲများတယ်၊ လူတွေမှာတော့ ဦးရေနဲနဲနှင့် ယူဇနာ ၃-ထောင် ချဲ့ယူထားတယ်။ သို့ဖြစ်၍ လူတို့

နေရာ၌ နယ်ခွဲ၍ အုပ်စိုးကြကုန်အံ့ဟု မိန့်ခွန်းပြောတော့ တောသား အားလုံး သဘောကျသဖြင့် လူတို့နယ်သို့ စစ်ခင်းရန် စီစဉ်ကြ၏။

စီစဉ်ပုံကား-ခြသေ့ တစီးကို ဆင် ၂-ကောင်၏ အပေါ်ကထားသည်၊ ခြသေ့အပေါ်ကမှ မြေခွေးဘုရင်နှင့် ခွေးမိဖုရားနေသည်၊ဝင်းကိုခြသေ့များ က ဝန်းရံ၍နေရသည်။ ခြသေ့ကို ကျားများက ဤသို့စသည်ဖြင့် စီစဉ်ကာ ထားပြီးတော့ ၎င်းအစီအစဉ်အတိုင်း လူ့နယ်သို့ဝင်ကြလေသည်။ လူများ ကား၊ တိရစ္ဆာန်တပ်ကြီး ချီ၍ဝင်လာလျှင် ကြောက်လန့်တုန်လှုပ်၍ ဘေး လွတ်ရာသို့ ပြေးကြကုန်၏။ တိရစ္ဆာန်တပ်ကြီးသည်ကား တဖြေးဖြေးနှင့် နယ်သိမ်း၍သိမ်း၍ ချီတက်လာရာ ဗာရာဏသီပြည်ကိုပင် ဝန်းရံမိတော့၏။

ဗြဟ္မဒတ်မင်းလည်း ကြောက်လန့်တုန်လှုပ်လျက် အမတ်များကိုခေါ်ပြီး တိုင်ပင်တော်မူသည်။ ဘုရားအလောင်းကား မှူးမတ်ပုရောဟိတ်ဖြစ်ခိုက်မို့ အရှင်မင်းမြတ်၊ သိတ်ပြီး စိုးရိမ်တော်မမူပါလင့်၊ ယခုချီတက်လာတဲ့ တပ်မ ကြီးဟာ တိရစ္ဆာန်အစုအရုံးမို့ ဒုဂ္ဂတိအဟိတ် တိရစ္ဆာန်တွေပါ။ ဉာဏ်ပညာ မကျယ်ဝန်းပါဘူး၊ ကျွန်ုပ်တို့ကား လူမို့ ဉာဏ်ပညာ ကျယ်ဝန်းပါတယ်။ သွားရောက် စုံစမ်းပရစေအံ့ဟု နှစ်သိမ့်စေပြီးတော့ မြို့ရိုး,မြို့တာ၏ထိပ်မှ အပြင်ဘက်သို့ ကြည့်လိုက်သောအခါ ဆင်တပ်ကတတန်, မြင်းကတတန်, ကျားကတတန်,ကြံ့ကတတန်ဟု သီးသန့်ပြီး စီစဉ်လျက် ဝန်းရံကာ နေကြ သော တိရစ္ဆာန် တပ်ကြီးကား မျက်စိတဆုံးပင်တည်း၊ အသဲယားစရာ ကောင်းလှ၏။

အလောင်းတော်သည် အရှေ့ဘက်, တောင်ဘက်, အနောက်ဘက်, မြောက်ဘက်တို့ကို လှည့်လည်၍ တပ်နေတပ်ထားကို ကြည့်မိတော့ ခြသေ့များ ရံလျက် အလယ်က ဆင် ၂-စီးအပေါ်၌ ခြသေ့တစီး, ၎င်းအပေါ်၌ မြေခွေးမင်းကို မိဖုရားနှင့်တကွ မြင်တော့၊ အင်း-အင်း- ဒင်းဘဲ ဒင်းဘဲ အချုပ်အချာ အာဏာပိုင်ဟာ သူဘဲဟု သိ၍ မြို့ရိုး မြို့တာ ထိပ်ကနေပြီး ပဋိသန္ဓာရစကား ပြောကြား သည်ကား တောသုံး ထောင်ကို အစိုးရသော မင်းမြတ်၊ ယခု ကြွလာခြင်းသည် ကောင်းသော လာခြင်းပေတည်းဟု အစချီ၍ လာပုံ လာနည်း အသီးသီးကို မေးတော့၊

မြေခွေးဘုရင်က တောနယ်ကျဉ်း၍ နယ်ချဲ့လာကြောင်း။ စစ်ပင်ထိုးအံ့လော၊ ပြည်ပင်အပ်အံ့လောဟု မေး၏။ ဘုရားအလောင်းက ၇-ရက်မျှငံ့လင့်ပါဦး၊ ၇-ရက်စေ့လျှင် တခုခုတော့ပြုရမှာပါ၊ အကယ်၍ စစ် ၂-ဘက်ဆိုင်ခဲ့ပါသော် အရှင့်မင်းမြတ်ဘက်က ဘယ်လက်နက်ဖြင့် ဖိအံ့နည်းဟုမေးတော့- ခြင်္သေ့တွေက ဟိန်းဟောက်မည်၊ ကျားတွေက ကိုက်ခဲ စားဝါးမည်၊ ကျွဲတွေက ခတ်မည်၊ နွားတွေက ဝှေ့မည် စသည်ဖြင့် သူ့မှာရှိကဲ့ သတ္တိအားလျော်စွာ ပြောပြတော့၊ ဘုရား အလောင်းဟာ သဘော ကျလှုပြီး ရွှင်ရွှင် ပျပျနှင့် ပြန်လာခဲ့၍ ဘုရင့်ထံမှာ ခစားပြီး အရှင်မင်းကြီး မကြောက် ပါနှင့်တော့၊ တိရစ္ဆာန်တွေဟာ(သူ့အတတ်နှင့်သူ့ကိုစူး နှုတ်လို့မရနိုင်ဘူး)ဆိုတဲ့ စကားပုံအတိုင်းဖြစ်၍ သေကြေပျက်စီး ပြုန်းတီးကုန်ကြမှာပါ။(ကိုယ့်ရှူးကိုယ်ပတ်) စကားပုံကဲ့တို့ ဖြစ်ကြလေတော့မည်။ (သူ့ငါးဆီနှင့် သူ့ငါးကြော်) စကားပုံအတိုင်း ဖြစ်ကြတော့မည်။ ၇-ရက်အတွင်း၌ ပွဲသိမ်းသဘင် တရွှင်ရွှင်နှင့် ကြည်ကြည်လင်လင် နေကြပါဟု ပြော၍ လုပ်စရာရှိတာကို လုပ်၍ နေကြသည်။

၇-ရက် စေ့မြောက်သောအခါ၌ ဘုရားအလောင်းသည် တိုင်းသူ ပြည်သား တို့အား မကြောက်မလန့် ကြပါရန်၊ နား ၂-ဖက်၌ ဝါဂွမ်း ဆို့၍ ထားရန် မှာကြားစည်လည်စေခဲ့ပြီး၊ မြေခွေးနှင့်တဲ့တဲ့ အတွင်းမြို့ရိုးမြို့တာ ကနေပြီးတော့ ပြည်ကိုကားမအပ်နိုင်ပါ၊ စစ်ပင် ထိုးပါတော့အံ့။ ယခုပင် စစ်ပွဲကြီးဆင်နွှဲကြပါစို့ဟု ပြောပြ၏။

ဘုရားအလောင်းဘက်က အရက်မူးလူဆိုးတို့ကား ခွေးဘုရင်ကို ဆဲရေး တိုင်းထွာ ပြုကြသည်မှာ အို-ချီးစားခွေးတို့ လူတို့၏ချီးကိုစားရန် လာခဲ့ကြ သလော စသည်ဖြင့် ဆဲရေးရာ၊ မြေခွေး ဘုရင်သည် စိတ်ဆိုးလှ သဖြင့် အမိန့်ပေးလေ၏။ ခြင်္သေ့များကဟောက်ကြ၊ ကျားများကဟိန်းကြလေရာ၊ ဆင်တွေ မြင်းတွေ ကျွဲတွေ ကြွံတွေ နွားတွေပါ လန့်ဖြတ်ပြီး အတင်း နင်း၍ ကိုက်ဖြတ် ကုတ်သတ် ကြလေ၍ စုပုံပြုံအုံ၍ သေကြေ ပျက်စီးကြ ကုန်၏။ မြေခွေး ဘုရင်နှင့် မိဖုရားဟာလဲ ဆင်တွေနင်း၍ ကိုယ်ပါ ပြား လျှားလျက် အသက်ထွက်ရှာတော့၏။ တိရစ္ဆာန်တပ်ကြီး ပျက်တော့၏။

တိရစ္ဆာန်တို့ သေကြကုန်လေလျှင် ဘုရားအလောင်းသည် ပြည့်တံခါးကိုဖွင့်၍ နွားသား ကျွဲသား သမင်သားတို့ကို အလိုရှိသလို ယူစားကြလေ။ အပုပ်ဘဝသို့ မရောက်မီ သိမ်းဆည်းကြလေကုန်ဟု အမိန့်ပေး၏။ အသားများကိုယူ၍ ချက်ပြုတ်စားသော်လဲ မကုန်နိုင်၍ အသားတွေကိုလှီးဖြတ်ပြီး နေပူလှန်း ကြပ်တိုက်ထားရာ၊ အဲဒီကစပြီး အမဲခြောက် သားခြောက်စပြီး ဖြစ်ပေါ် လာလေသတည်း။ တိရစ္ဆာန် တပ်ကြီးကား ဝိုင်းမိပါလျက် မိမိတို့ပင် ပျက်ပြုန်းဆုံးရှုံးရကုန်၏။

(ဘုရားအလောင်းနှင့် လူဘိုကား အတွင်းမှာနေကြတာမို့ ဘေးမခဘဲ မြေမြနှင့် အနိုင်ရကြလေသည်)။ ထို့အတူ ဘုရား သားတော် သမီးတော် ယောဂီတို့သည်သည်း အတွင်းက ပရမတ်အာရုံ ခုတ်တရား ကလာပ်တရား လက္ခဏာရေး ၃-ပါး၌ မှီခိုကာနေကြပါလျှင် အပြင်ကရန်၍ နေကြသော (က)ဘေးကြီးများ၊ (ခ)ဘေးကြီးများ၊ (ဂ)ဘေးကြီးများ၊ (ဃ)ဘေးကြီးများတို့ မဝင်နိုင် မနှိပ်စက်နိုင်ဘဲ လွတ်မြောက်မည်။ အရိယာများ လွတ်မြောက် နေကြဒါဟာ အတွင်းတရားနှင့် နေကြလို့ပါ၊ ပုထုဇဉ်များ မလွတ်မြောက်ကြတာဟာ အပြင်အာရုံတရားနှင့် နေမိကြလို့ပါဘဲ။

## အတွင်းနေမှ ရန်သူကိုအောင်နိုင်ပုံ (၇)

ရှေးသရောအခါ ဝိစာရဏ ဉာဏ်ပညာရှိသော လိပ်ကြီးတကောင်သည် မိမိအသက် ရှည်ရေး အတွက် ကြံစည်သော် ဟိမဝန္တာ တောအတွင်း၌ နေသော်လဲ သားရဲ တို့၏ ဘေးရန်ကြောင့် အသက် တိုနိုင်ပုံကို သိမြင်၍ ဘောနယ်နှင့် လူနယ် အကြားကား ဘေးရန် ပါး၏၊ အကြောင်းကား တောသား တို့သည် လူကို ကြောက်ရွံ့သဖြင့် နယ်စပ်၌ မနေဝံ့ချေ။ တော အတွင်း၌သာ အနေများတော့သည်၊ လူများလဲ ကျားရဲ သားရဲ ဘေးရန် ကြောင့် နယ်စပ်၌ မနေဝံ့ချေ၊ လူနယ်အတွင်းကျကျ၌သာ နေလေ့ နေထ ရှိကြကုန်၏။ လူနယ်နှင့် တောနယ်အစပ်ကား ဘေးရန် နဲပါးလှပေသည်ဟု ဆင်ခြင်ကြံစည်ပြီးတော့ လိပ်ကြီးသည် နယ်စပ်၌နေလေ၏။

ထိုအခိုက်၌ မြင်းလတ် အရွယ်ပမာဏ ရှိကြကုန်သော တောခွေးကြီး ငါးကောင်ဟာ အစာရှာချင်း ရောက်လာသဖြင့် လိပ်ကြီးနှင့် ရင်ဆိုင် တွေ့

ကြလျှင်၊ လိပ်ကြီးကိုဝိုင်းဝန်း၍ ထားကြကုန်တော့၏။ လိပ်ကြီးသည်ကား ခြေ ၂-ဖက် လက် ၂-ဖက် ခေါင်းတခု အားဖြင့် ငါးခုကို ထိန်းသိမ်း၍ ကိုယ်၏ အတွင်း၌ သွင်းထားရာ၊ ခွေးကြီး ၅-ကောင်တို့ မစားနိုင် မကိုက်နိုင် ဘဲ ရှိကုန်ဘော့၏။ လိပ်ကြီးကား ကြံစည်၏၊ ငါ၏ခေါင်းဟာ အပြင်သို့ထွက်လျှင် ခေါင်းအနားက ခွေးကစားမည် အမှန်တည်း၊ ဘယ်ဘက်ကလက် အပြင်သို့ ထွက်လျှင် ဘယ်ဘက်အနားက ခွေးကစားမည် အမှန်တည်း၊ ညာဘက်က လက် အပြင်သို့ထွက်ခဲ့လျှင် ညာဘက်နားက ခွေးကစားမည် အမှန်တည်း၊ ဘယ်ဘက်ကခြေ အပြင်သို့ထွက်လျှင် ဘယ်ဘက်အနားက ခွေးကစားမည်၊ ညာဘက်ကခြေ အပြင်သို့ ထွက်ခဲ့လျှင် ညာဘက်နားက ခွေးကစားမည် အမှန်ပင်။ ခွေးစားခံရ၍ သေကြေရခြင်းသည် မရှုမလှ ပြင်းပြစွာ နာကျင် ရင်းနှင့် သေရမည်ဖြစ်သည်။ ယင်း လက်,ခြေ,ဥကျောင်း ငါးခုကို အတွင်း၌ ဝှက်ထားပြီး အစာမရ၍ တဖြေးဖြေး အားလျော့ပြီး သေရခြင်းက မြတ်သေး၏ဟု ကြံစည်ပြီး လက်,ခြေ,ခေါင်းတို့ကို အတွင်း၌သွင်းထား၍ သည်းခံလျက်နေခဲ့ရာ ခွေးကြီးများလည်း ငမ်းမှ ဆာလောင်သော ဒဏ် ချက်ကို မခံနိုင်၍ အခြား၌ အစာရှာရန် ထွက်သွားကြကုန်၏။ အဲဒီတော့မှ ပညာရှိ လိပ်ကြီးမှာ လက်,ခြေ,ဥကျောင်းကို အတွင်း၌ သွင်းထား၍သာ အစား အဝါး မခံရသည်။ အကယ်၍ လက်,ခြေ,ဥကျောင်းကို အပြင်၌ ထားမိပါမူကား ခွေးကြီးတွေစား၍ သေမည်တကား။ အဲသည် ဥပမာလိုပင် သဲလုံးအမျှ ပွင့်တော်မူကြကုန်တဲ့ ဗုဒ္ဓမြတ်စွာတို့၏ တပည့်သားတွေဟာ စိတ်ဘရားကို အပြင်အာရုံ၌ မထားဘဲ အတွင်းက ရုပ်,နာမ်,အနိစ္စ,ဒုက္ခ, အနတ္တ၌သာ ထားကြသဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရကြ၍ လွတ်မြောက်ကြ ကုန်ပြီတကား။ ပုထုဇဉ် အမိုက်အကာဏ်းတို့မူကား စိတ်ကို အပြင်အာရုံ ကာမဂုဏ်တို့၌ ထားကြသဖြင့် အပါယ် ၄-ဘုံ ခွေးကြီးဘွေအုံ၍ စုပြုံကာ စားခြင်းကို ခံရကြကုန်ပြီတကားဟု သဘိထားကြပါကုန်လော့။

မဟာသဓာ သုခမိန်သည် စူဠနီဗြဟ္မဒတ်မင်း၏ နယ်အတွင်း၌ပင် ဥပကာရီမြို့တည်၍ မြို့ရိုး,မြို့တာ ကျုံးမြောင်းအတွင်း ဥမင်အတွင်းမှာ နေကြလို့ ရန်သူတော်စူဠနီဗြဟ္မဒတ်မင်းက ၁၈-ခေါဘဏီတပ်ကြီးနှင့် ဝိုင်း၍ ဘမ်းသော်လည်း မရပါ၊ မဟောသဓာသုခမိန်ကသာ အနိုင်ရပါသည်။

အတွင်း၌နေလျှင် အပြင်ကရန်များ မတတ်နိုင်ပါ၊အပြင်၌နေမှ အပြင်က ရန်များ တတ်နိုင်ပါသည်။ အရိယာများကား အတွင်းတရားနှင့် နေသဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရကြပါသည်။ ပုထုဇဉ်များကား အပြင်တရားနှင့် နေလို့ အပါယ်ဘုံ၌ နေကြရပါသည်။ သတိပြု၍ လွတ်မှုကို ရှာကြံကြပါ ကုန်လော။

## ရန်ကုန်မှမန္တလေးသို့ လေယာဉ်ပျံစီးသွားရာ (ဥ)

ခရီးသည်များသည် ရန်ကုန်မှ မန္တလေးသို့ အလျင်အမြန် ၂-နာရီ အတွင်း သွားလို ရောက်လိုသော် ၁-ငွေပေး၍ ၂-လက်မှတ်ယူ၍ ၃-လေ ယာဉ်ပျံ၏အတွင်း ထိုင်ခုံပေါ်၌ ထိုင်လျက် လိုက်ရုံမျှသာ တာဝန်ရှိတော့ သည်။အခြားဘာကိစ္စမှ မပြုရပါ၊လေယာဉ်ပျံ၏ ကိစ္စသာ ရှိပါတော့သည်။ ယောဂီများဟာလဲ ၁-သတိပြု၍ ၂-သမာဓိရအောင်နေ၍ ၃-ပေါ်သိ ပေါ်သိဖြင့် ပါရမီက ပြသမျှနှင့် လိုက်သွားပါလျှင် မပင်မပန်းဘဲ ချမ်း သက်သာစွာရောက်မည်၊ အမြန်ရောက်ဘို့ရန်မှာ တရားတော်၏ တာဝန်မျှ သာတည်း၊ရထားစီးဥပမာ, သင်္ဘောစီးဥပမာစသည်ဖြင့် လျော်သလိုပြပါ။ ခရီးသည်များက လေယာဉ်ပျံကို စီးကြတော့ အတွင်းကပင် စီးသလော, အပြင်ကပင် စီးလိုက်သလောဟု ဉာဏ်ရှိပါ။အပြင်က အတောင်ပေါ်မှာ အမြီးပေါ်မှာ စီးပြီးလိုက်ငြားအံ့ ဘာဖြစ်မည်လဲ ယခုခရီးသွားများဟာ အတွင်းကသာ စီးကြတယ်၊ အရိယာများ ဥပမာဟု မှတ်ပါလေ။

အတွင်းနေမှ ရန်သူအောင်နိုင်ပုံပြီး၏။

## မိစ္ဆာမြင်နှင့် သစ္စာမြင် ခွဲသိကြရန်
## တနည်း။ အဝိဇ္ဇာမြင်နှင့် ဝိဇ္ဇာမြင် ခွဲသိကြရန်

| | | |
|---|---|---|
| ၃၂ | ခန္ဓာ၌ | ၄၂။ |
| ၉၆ | ၂ | ၆၆။ |

ဤပုံစံကို သေသေချာချာကြည့်တော့ လူနတ်ဗြဟ္မာ တို့၏ ခန္ဓာကိုယ်မှာ။ အမှန်သစ္စာဟာ ၂-ပါးထဲသာရှိ တယ်လို့ ဘုရားသခင် ဟောထားပါသည်။ ယခုတော့ (လျော့လျှင်မိစ္ဆာ သာလျှင်ဒိဋ္ဌိ)စကားပုံအတိုင်း လျော့လိုလျော့တော့မိစ္ဆာ ပါဘဲ၊သာချင်သာနေလို့ ဒိဋ္ဌိပါဘဲ၊ခန္ဓာမှာတကယ်တမ်းရှိ၍ နေတာကတော့

ရုပ်နာမ် ၂ ပါးပါဘဲ၊ သတ္တာပါဘဲ၊ မိစ္ဆာမပါ မရှိပါ၊ တာပေမဲ့ ရှိတာကို မတွေ့မမြင်တော့ ၃၂-ကောဋ္ဌာသကို တွေ့ပါရော အမှားဒိဋ္ဌိပါဘဲ၊ အမှား မိစ္ဆာကပ်ပါရောတဲ့။ ရုပ်နာမ်အမှန်ကို မတွေ့ဘဲ ၄၂ ကောဋ္ဌာသကို တွေ့ပြန် ပါရော မိစ္ဆာဒိဋ္ဌိပါဘဲ၊ ၆၆-မျိုးကို တွေ့ပြန်ပါရော လျော့လျှင်မိစ္ဆာ သာလျှင် ဒိဋ္ဌိပါဘဲ၊ ၉၆-မျိုးကို တွေ့ပြန်ပါရော လျော့လျှင်မိစ္ဆာ သာလျှင် ဒိဋ္ဌိပါဘဲ။ ။ပရမတ္ထတွေမြင် သတ္တာတွေမြင်တဲ့ ယောဂီ များမှာတော့ ပူချင်ပူ ချောင်ဘောနဲ့ဘဲ ပေါ်ပေါ်.... (ပေါ်သိ ပေါ်သိ ပေါ်သိ)နှင့် (ဝါ) ရုပ်နာမ် ရုပ်နာမ် ရုပ်နာမ်နှင့် အမှန်သတ္တာကိုသာ အာရုံပြု၍ ရှုပွား၍ အာကုသိုလ်ကိုနှင်ထုတ်၍ ကိလေသာကိုသတ်၍ တနာရီ သို့မဟုတ် မိနစ်-၃၀ အောင်ပွဲရနေသည်။

## ပုထုဇဉ်အမြင်နှင့် အရိယာအမြင်

ဥပမာပြမည် လူပြိန်းပါသိကြတော့၊ ဟောဒါ လင့်မနစ် ပုလင်းပါဘဲ။ အဲဒါကို ထောင်လို့ဘဲကြည့်ကြည့် စောင်းလို့ဘဲကြည့်ကြည့် လှိမ့်လို့ဘဲ ကြည့်ကြည့် ပုလင်းထဲကရေတွေဟာ မပျက်မစီး ပကတိအတိုင်း မြင်ရ ပါသည်။ အဲဒါ ပုထုဇဉ်အမြင်နှင့် ဥပမာထားသည်။ ။လင်မနစ်ပုလင်း၌ ဗူးဆို့ကိုဖွင့်လိုက်တော့ အရည်တွေဟာ တပုလင်းလုံး ဆူပွက်ပြီး ပျက်စီး၍ အနိစ္စသဘောပြ၍နေသည်။ အဲဒါလို တခုလုံးအပ်ချစရာမရှိတဲ့ အနိစ္စမျိုးကို တွေ့ရတာက အရိယာအမြင်နှင့် ဥပမာတူပါသည်။ ပုထုဇဉ်မှာ ဗူးဆို့ မဖွင့်ဘဲ ကြည့်မြင်တွေ့ရတာမို့ ပညတ်အနိစ္စ ကျဲတဲဘဲပါ၊ အရိယာအမြင် မှာတော့ ဗူးဆို့ဖွင့်ပြီး ဆူပွက်တာကို မြင်ရတာမို့ တကိုယ်လုံး အနိစ္စ တွေ့ မြင်ရပါသည်၊ လင်မနစ်ပုလင်းကား ခန္ဓာကိုယ်နှင့်တူ၏၊ ရေတွေကား ရုပ်နာမ်နှင့်တူ၏၊ ဗူးဆို့မဖွင့်ခြင်းကား ဒိဋ္ဌိမကွာဘဲ ကပ်၍နေတာနှင့်တူ၏၊ ရေတွေဟာ ခဏနှင့်ပြောင်းလဲနေခြင်းကား ပညတ်အနိစ္စ ကျဲတဲတဲနှင့်တူ၏၊ ဗူးဆို့ကို ဖွင့်နေခြင်းကား ဝိပဿနာကို အားထုတ်နေတာနှင့်တူ၏၊ ဗူးဆို့ ပွင့်သွားခြင်းကား ဒိဋ္ဌိဝိစိကိစ္ဆာ သွားတာနှင့်တူ၏၊ တပုလင်းလုံး ဆူပွက်နေ ခြင်းကား တကိုယ်လုံး အနိစ္စတွေနှင့်တူ၏၊ ဆူဘာ ပွက်တာကို သိသိ ရှုနေ ခြင်းကား ဉာဏ်စဉ်တက်တက်နေတာနှင့် တူတော့၏။ ဥပမာပြပြီး ဟောကြ ပါလေ။

## ၃၂-၄၂-၆၆-၉၆-မတွေ့ရ၊ ဗုဒ္ဓပမာနှင့်သာ တွေ့ရမည်

ခန္ဓာကိုယ်မှာ တွေ့နေကြတာက ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊ ၆၆-မျိုး ၉၆-မျိုး ပညတ်နယ်ကသာ တွေ့နေကြသည်။ ယခင် လင်မနစ် ဥပမ လို တကိုယ်လုံး၌ ပျက်ပျက်နေတော့ ဘုရားသခင်က (ယာထ ပုဗ္ဗုဠကံ ပသေ)တဲ့ ရေပွက်တွေလို တကိုယ်လုံးမှာ တွေ့ရမယ်။ (ယထာ ပသေ မရီစိကံ)တဲ့ ခန္ဓာကိုယ်မှာ တရိပ်ရိပ် တလှုပ်လှုပ် တသုတ်သုတ် တရှိန်းရှိန်း ဖြိုးဖြိုး ဖြင်းဖြင်း ရိုးတိုး ရွှာ စိုးစိုး စစ်စစ်နှင့် တံလျှပ်လိုတွေ့ရမည်။ ဒီလို တွေ့မှသာလျှင် (ဧဝံလောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ)တဲ့။ ပါဠိ အတိုင်း ညီစွာတွေ့၍ သေမင်း၏နယ်မှ လွတ်မည်တဲ့၊ (ဧဝံ ဤသို့။လောကံ၊ ဆူပွက်ရိပ်ရိပ် ဖြစ်ပျက်လောကကို။ အဝေက္ခန္တံ၊ ရှုမြင်နေသော ယောဂီကို။ မစ္စုရာဇာ၊ရှင်သေမင်းသည်။ နပဿတိ၊ မမြင်နိုင်)တဲ့။ အဲဒါလိုတွေ့မှ ပညတ် လုံးဝပျောက်၍ ပရမတ္ထသို့ရောက် ဉာဏ်စဉ်ပေါက်ပြီး မဂ်ရောက်တော့ မည်တည်း။

---

### (ဂ) ရိုးတော်ကြီး ၂-ရပ် အဆုံးအဖြတ်
### သေရေး ရှင်ရေးတမျှ ကိစ္စကြီး ၂-မျိုး

ယခု ခန္ဓာကိုယ်ကြီး ၇၅-နှစ်မျှ တည်တံ့နေရာ ၁-ကမ္ဘာ၊ ၂-ကမ္ဘာ ၃-ကမ္ဘာ၊၄-ကမ္ဘာ၊ ၅-ကမ္ဘာ၊ ၆-ကမ္ဘာ၊ ၇-ကမ္ဘာ၊၈-ကမ္ဘာ၊ ၉-ကမ္ဘာက ပြုခဲ့ဒိသော အကုသိုလ်များ လိုက်လာ၍ ရောက်ရှိနေပုံတည်း။ ၂-မှာ ဆယ် ကမ္ဘာမှ ၉၉-ကမ္ဘာအထိ ဤအတွင်းက ပြုခဲ့မိသော အကုသိုလ် ကိလေသာ များလိုက်လာပြီး ဝင်ရောက်နေကြပုံကို ပြပါသည်။ ၃-မှာ ကမ္ဘာတရာက အကုသိုလ် ကိလေသာတွေ လိုက်လာဝင်ရောက်နေပုံတည်း။ ၄-မှာ ကမ္ဘာ တထောင်က အကုသိုလ် ကိလေသာများ ငင်းနည်း။ ၅-မှာ ကမ္ဘာ တသောင်းမှ။ ၆-မှာ ကမ္ဘာတသိန်းမှ၊ ၇-မှာ ကမ္ဘာတသန်းမှ။ဂ-မှာ ကမ္ဘာ တကုဋေမှ။၉-မှာ ကမ္ဘာပေါင်းအသင်္ချေမှ။ ၁၀-မှာ ကမ္ဘာပေါင်း အသင်္ချေ အနန္တမှ အကုသိုလ်များ ကိလေသာများ လိုက်ခါလာကြပြီးတော့ ဝင် ရောက် ခိုလှုံနေပုံတည်း။

ငါတို့၏ ခန္ဓာကိုယ်မှာ တကမ္ဘာကစ၍ ကမ္ဘာပေါင်း အသင်္ချေ အနန္တ အထိမှ လိုက်လာတဲ့ အကုသိုလ်တွေ ကိလေသာတွေကို ပထမ မဝင်ရအောင် လာလမ်းကို ဖြတ်နိုင်ဘို့ နှင်ထုတ်နိုင်ဘို့နှင့် ဒုတိယလမ်းမှာ လမ်းဖြတ် ထားသော အပိုင်းအပိုင်း အတစ်တစ်တို့ကို ဈာပန ပြာချဘို့ ကိစ္စကြီးကား ငါဘို့အဘို့ အရေးအကြီးဆုံးပင် ဖြစ်ပေတော့၏၊ အဲဒီကိစ္စကြီး ၂-ခု အရ လုကြပါ၊ ဒါမှ ဘုရားသား အစစ်ပါဘဲ။

အကုသိုလ်လာလမ်း ကိလေသာလာလမ်းကို ပထဝီဓာတ်ဝိဇ္ဇာ ဗုံးကြဲ၍ ဖြတ်ကြ၏၊ အာပေါဓာတ်ဝိဇ္ဇာ ဗုံးကြဲ၍ ဖြတ်ကြ၏၊ တေဇောဓာတ်ဝိဇ္ဇာ ဗုံးကြဲ၍ ဖြတ်ကြ၏၊ ဝါယောဓာတ်ဝိဇ္ဇာ ဗုံးကြဲ၍ ဖြတ်ကြ၏။ လမ်းစဉ် အပိုင်းပိုင်းပြတ် အကုသိုလ် မလိုက်နိုင် ကိလေသာ မလိုက်နိုင်တော့ပါ။ (အပါယဂါမိက၊ အကုသိုလ်နှင့် ကိလေသာကို ရည်ညွှန်း၍ ရေးတာပါ)၊ (ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယ ဒိဋ္ဌိ ပဟာတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ)။ စသည်ဖြင့် ဉာဏဇာဂရီ ဘဏ်တိုက်ကြီး၌ သာဓကပေါင်း ၇၅၃-ရေးသားခဲ့ လေပြီ။ ဝိပဿနာတက္ကသိုလ် ကျမ်းကြီး၌လည်း သာဓကများစွာ ရေးခဲ့ ပါပြီ။ ဓာတ်ကြီးလေးပါးနှင့် လမ်းဖြတ်ထားတော့ အပါယ် ၄-ဘုံ မလား နိုင်ဘဲ အပါယ်တံခါးပိတ်ပုံ ဆင်းရဲသံသရာကြီးပြတ်ပုံကိုလဲ-

> စတုန္နံ ဓာတူနံ အညတ္ထတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ၊ နတ္ထေဝ ဓမ္မေ အစ္စေ ပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာန ယောနိံဝါ ပေတ္တိဝိသယံဝါ ဥပ္ပဇ္ဇိဿတိ။

တိကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဟံမူ၊ နံပါတ် ၁၁၊ ကြောင်းရေ-၁။

အကုသိုလ်နှင့် ကိလေသာ လာလမ်း ဖြတ်ပုံ၊ ပါဠိတော် ၂-ပုဒ်၏ အနက်ကား

ရာဟုလ၊ ချစ်သားရာဟုလာ။ ပထဝီဓာတုံ၊ (အကုသိုလ်လမ်း ကိလေသာ လမ်းကို ဖြတ်နိုင်သော) ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောယောဂီအား။ ပဿတော၊ ဉာဏ်မြင်သိသော

ယောဂီအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလမ်းမကြီးကို။ ပဇဟတိ၊ ပယ်သတ်နိုင်တော့၏။ ဝိစိကိစ္ဆံ-ဝိစိကိစ္ဆာ ယုံမှားခြင်းဆိုတဲ့ လမ်းမကြီးကို။ ပဇဟတိ၊ ပယ်သတ်နိုင်တော့၏။ အဝိဇ္ဇာ၊ အမှန်ကိုမသိခြင်းဆိုတဲ့ အဝိဇ္ဇာလမ်းမကြီးကို။ ပဟီယတိ၊ ပယ်သတ်နိုင်တော့၏။ ဝိဇ္ဇာ၊ အမှန် သစ္စာ သိခြင်း ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတော့၏။ အဲဒါက အကုသိုလ်လမ်း ကိလေသာလမ်းကို ဖုံးကြဲဖျက်ဆီးပုံတည်း။

## လမ်းပျက်လို့ အပါယ်တံခါးပိတ်သွားပုံကား

စတုန္နံ ဓာတူနံ၊ ၄-ပါးကုန်သော ဓာတ်တရားကြီး တို့၏။ အညတ္တတ္တံ၊ တပါးစီခြားနားနေပုံကို။ စေ ဇာနေယျ၊ တွေ့သဖြင့် အကယ်၍သိငြားအံ့။ ပထဝီဓာတုယာ၊ ပထဝီဓာတ် ကိုရင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်ကိုရင်း။ တေဇောဓာတုယာ၊ တေဇောဓာတ် ကိုရင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်ကိုရင်း။ ဓမ္မ၊ ဓာတ်ကြီး ၄-ပါးတရား၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းသဒ္ဓါနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ၏တပည့်သားသည်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်ဘုံ သို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာ အသူရကာယ်ဘုံ သို့ရင်း။ နတွေဝ-ဥပပဇ္ဇိဿတိ၊ ကယ်သောအခါမျှ မရောက်နိုင် တော့သတည်း။ (အဲဒါက လမ်းပြတ်လို့ အပါယ်တံခါးပိတ်သွားတာ ပါဘဲ။ သာသနာ တွင်းမှာ ဒါကို အရရှာဘို့ အရေးကြီးလှလေသည်)။

## လမ်းပြတ် အပိုင်းငါးခုကို ဈာပနပြာချပစ်ပုံ

ပြခဲ့ပြီးအတိုင်း ဓာတ်ကြီး ၄-ပါးနှင့် လမ်းကို ဖြတ်တောက်လိုက်သောအခါ အပိုင်းပိုင်း အတစ်တစ် ကြီးဟာ ငါးခု ဖြစ်၍ နေသည်။ အဲဒါကို ဝိပဿနာဉာဏ်စဉ်ဖြင့် ဈာပန ပြာချမီးရှို့ပစ်တော့ အပိုင်း အတစ်တွေဟာ ပြာဘဝရောက်ရပါသည်။ ထို့ကြောင့် ဈာနသံယုတ်ပါဠိတော်၌။

ဈာယေထ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အဂ္ဂိနာ။ ။ဟူ၍ ဘုရားဟောထားပါသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ အကုသိုလ် ကိလေသာ တို့ကို။ ဝိပဿနာအင်္ဂနာ၊ ဝိပဿနာမီးဖြင့်။ ဈာယထ၊ မီးတိုက် ပြာချ ကြပါ ကုန်လော့။

ကမ္ဘာကြီးလောက်၊ အကုပျောက်၊ မရောက် အပါယ်ရွာ။
အကုသိုလ်တိုက်၊ မီးဝင်မြှိုက်၊ ရှုခိုက် ဝိပဿနာ။
အကုသိုလ်အနန္တ၊ ဝိပဿမှ၊ ပြာချ နိုင်သည်သာ။

စူဠနိဒ္ဒေသ ပါဠိတော်ကြီး၌၎င်း၊ မဟာနိဒ္ဒေသ ပါဠိတော်ကြီး၌၎င်း၊ (ဉာဏအင်္ဂနာ) ဟူ၍ များစွာပင် ပြထားပါသေးသည်။ (ပညာယ ဇရိ သုဇ္ဈတိ) ပါဠိလဲရှာပါကုန်။

ရှုံးတော်ကြီးနှစ်ရပ်မှ ဆုံးဖြတ်ပြီး စစ်ဆေးပြီး အဆီညှစ်၍ အနှစ် ထုတ်ပြီး (တရားဟောပုံ သာဓကများ)။

### သင်္ခတဓာတ်နှင့် အသင်္ခတဓာတ် ပေါ်ပုံ တွေ့ရပုံ

၁။ (ဖေဏူပမံ ကာယမိမံ ဝိဒိတွာ)။ ။ဓမ္မပဒပါဠိတော်၊နံပါတ်-၇၊ ကြောင်းရေ ၁-၌။ဤခန္ဓာကိုယ်ကြီးထဲမှရုပ်တရားတွေ တကိုယ်လုံးပေါ်လာ တော့ ရေမြှုပ်ပမာနှင့်ပေါ်တာကို တွေ့ရမည် သိရမည်တဲ့။ (အနက်ကား) ဣမံကာယံ၊ ဤကိုယ်ကြီးကို၊ ဖေဏူပမံ၊ ရေမြှုပ်အစိုင်ကဲ့သို့။ ဝိဒိတွာ၊ တွေ့သိ မြင်၍။ အဲဒီအတိုင်း တွေ့ရ, သိရ, မြင်ရမယ်တဲ့။ ဘုရားကပြတဲ့ ပါဠိပါဘဲ။ ဒီပုံတွေ့ ကျွတ်လွတ်ပြီ။

၂။ (မရီစိဓမ္မံ အဘိသမ္ဗုဓာနော)။ ။ဓမ္မပဒပါဠိတော် နံပါတ်-၇၊ ကြောင်းရေ ၂-။

မရီစိဓမ္မံ၊ တံလျှပ်ကဲ့သို့ တွေ့ရသော ရုပ်တရားကို။ အဘိသမ္ဗုဓာနော၊ ပညတ်ကိုဖြိုခွဲပြီး နဂိုဘဲဖြစ်၍ နေတာကို ထူးသော ဉာဏ်ဖြင့်သိသည် ဖြစ်၍ ဒါမျိုးတွေ့ ကျွတ်ပြီလွတ်ပြီ။

၃။ (ယထာ ပုဗ္ဗုဠကံ ပဿေ)။ ။ဓမ္မပဒ ပါဠိတော် နံပါတ်-၂၂၊ ကြောင်းရေ-၂၅။

ပဋ္ဌဗ္ဗဌက်၊ ရေပွက်ကို။ ပဿေယျယထာ၊ မြင်ရသကဲ့သို့။ ကာယေ၊ ခန္ဓာကိုယ်၌။ ရူပံ၊ ရုပ်တရားကို။ ပဿေ၊ မြင်ရာ၏။ ။ဒါလိုမြင်တော့ သေမင်း၏နိုင်ငံမှ လွတ်မြောက်သွားပြီတဲ့၊ ဘုရား၏ဗျာဒိတ်တော်ကြီးပါဘဲ။

၄။ (ယထာ ပဿေ မရီစိကံ)။ ။ဓမ္မပဒ ပါဠိတော် နံပါတ်-၂၂၊ ကြောင်းရေ-၂၅။

မရီစိကံ၊ တံလျှပ်ကို။ ပဿေယျယထာ၊ မြင်ရသကဲ့သို့။ ကာယေ၊ ခန္ဓာကိုယ်၌။ မရီစိကံ၊ တံလျှပ်ပမာ ဖြစ်ပျက်နေတာကို။ ပဿေ၊ မြင်ရ၏၊ ဝေါ၊ ဤသို့၊ လောကံ၊ ဖြစ်ပျက်လောကကို။ အဝေက္ခန္တံ၊ ရှု၍နေသောယောဂီကို။ မစ္စုရာဇာ၊ သုံးဆဲ့တနိုင်ငံ ပိုင်စံစိုးနှင်း ရှင်သေမင်းသည်။ နပဿတိ၊ မမြင်နိုင်တဲ့။

၅။ ပြခဲ့ပြီး အတိုင်း ရုပ်တရားစုကို နာမ်တရားက တွေ့ရတဲ့ သူမှာ (တွေ့န္တရေ အနေကာနိ ကောဋိသတသဟဿာနိ သင်္ခါရာ ဥပ္ပဇ္ဇန္တိ စ ဝယန္တိ စ)။ ။ဟူသော သံယုတ် အဋ္ဌကထာကြီး ၃ ကျမ်းနှင့် ဝိဘင်းအဋ္ဌကထာ၊ အနိစ္စဖြစ်ပုံ ဥဒယဗ္ဗယ တွေ့ရပုံ ရှေ့နောက်ချိန်၍ ကြည့်ကြပါ။

တွေ့န္တရေ၊ ဤတစက္ကန့်အတွင်း၌။ အနေကာနိ ကောဋိသတသဟဿာနိ၊ များစွာကုန်သော ကုဋေတသိန်းကုန်သော နာမ်သင်္ခါရနှင့် ကုဋေငါးထောင်ကျော်ကုန်သော ရုပ်သင်္ခါရတို့သည်။ ဥပ္ပဇ္ဇန္တိစ၊ ဥဒယသဘော ဖြင့်လည်း ဖြစ်ကြ ကုန်၏၊ ဝယန္တိစ၊ ဝယသဘောဖြင့်လည်း ပျက်ကြ ကုန်၏။ အဲဒါမှ ပြခဲ့ပြီးသော ၁-၂-၃-၄-၅-နှင့် တရားတွေ့ရပုံ လွတ်မြောက်ပုံဟာ ကိုက်ညီပါသည်။ ယောဂီများ ယခုတွေ့နေကြပုံမှာ ဒီစာအတိုင်းပါဘဲ။

၆။ ပရမတ္ထရုပ်တရား နာမ်တရား ဆိုတာ ကေတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း,ဝေံမမွတာနည်းနှင့် တွေ့ရပါသည်။ အချို့ဆရာများ ပြသဖြင့် ယောဂီအချို့ အားထုတ်နေတဲ့ ထ, ထိုင်, ရပ်, သွား ရုပ်ပုံကျ်များဟာ လားလားမျှ စပ်မရပါ ဟပ်မရပါ။ စိတ်ကပြုပြင်ပေးရ ဗျာပါရစိုက်ပေးရသဖြင့် အဗျာပါရနှင့်မကိုက်။ ကမ္မဇ,ဥတုဇ,အာဟာရဇ ရုပ်များ လွတ်ကျန်နေခဲ့ပါသည်။ ဤလို အနတ္တ ၄-ချက်နှင့် စစ်ဆေးတော့ ပြခဲ့ပြီးသော ၁-၂-၃-၄-၅-၆-မှ ရုပ်တရားများသာ ကိုက်ညီနေပါသည်။

၇။ ပရမတ္ထ ရုပ်တရား ဆိုတာ တတ္ထ တတ္ထေဝ ဘိဇ္ဇန္တိ ခီယန္တိ စဝန္တိ မီယန္တိ ဝိပရိဏာမဓမ္မံ ဂစ္ဆန္တိ-စခသာ အဋ္ဌကထာပါဠိများနှင့် ညီရမည်တဲ့။

ပရမတ္ထ ဓမ္မာ၊ ပရမတ္ထ ရုပ်နာမ် များသည်။ တတ္ထ တတ္ထေဝ၊ ထိုထို ဖြစ်ပေါ်ရာဌာနၝ်သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ခီယန္တိ၊ ကုန်ခန်းကြကုန်၏။ စဝန္တိ၊ ရွေ့လျောကြကုန်၏။ မီယန္တိ၊ သေကြကုန်၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြ ကုန်၏။ ထိုထို ဖြစ်ရာဌာနၝ် ကုဋေ တသိန်းမကဘဲ ပျက်ကြရ ကုန်ခန်းကြရ ရွေ့လျောကြရ သေကြရ ဖောက်ပြန်ကြရတာ ယခု ယောဂီများ တွေ့တာနှင့် တညီထဲပါတဲ့။

၈။ ပရမတ္ထ ရုပ်အစစ် ဆိုတာဟာ ပရမတ္ထဓမ္မာနံ ဟိ ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရံ န သင်္ကမတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဟိ၊ အမှန်ကိုပြဦးအံ့။ ပရမတ္ထဓမ္မာနံ၊ တံလျှပ်ကဲ့သို့ ဖြစ်သော ပရမတ္ထ ရုပ်ဘရားတို့အား။ ကေသဂ္ဂမတ္တမ္ပိ၊ တဆံဖျားမျှလည်း။ ဒေသန္တရံ၊ ဒီရပ် တပါးသို့။ န သင်္ကမတိ၊ မပြောင်းမရွေ့နိုင်ပါ။ (ထ,ထိုင်,ရပ်,သွား ပညတ် ရုပ်များနှင့်) ရေပွက်,တံလျှပ်,ရုပ်များ ညှိပါဠိနှင့် ချိန်ကြည့်ပါလေ။

၉။ ပရမတ် ရုပ်, နာမ်, များဆိုတာ လူတို့မျက်စိ ဒိဗ္ဗစက္ခု ဗြဟ္မာ့စက္ခု ဖြင့် မမြင်ရ နိုင်ပါ။ (အန္ဓိဘူတော အယံလောကော) ဆိုတဲ့ ဓမ္မပဒ ပါဠိ ထောက်ထားပါ။ (အန္ဓိဘူတသ္မိံ လောကသ္မိံ) ဝိနည်း မဟာဝါ ပါဠိလဲ ထောက်ပါ။ (ဗြဟ္မလောကောပိ ခေါ အာဝုသော သင်္ကာယပရိယာပန္နော နိစ္စော ဓုဝေါတိ ဂါဟတိ)။ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိ ထောက်ထားပါ။

၁၀။ တံလျှပ်ပမာ ရုပ်များစွာ-ဆိုတဲ့ ပရမတ်ရုပ်များဟာ သဏ္ဌာန်လဲ မရှိတဲ့ အာကာရ ဝိကာရ ကြိယာမျှသာရှိပါသည်။ (သဗ္ဗေပိ ပရမတ္ထဓမ္မာ နာမ သဗ္ဗသော သဏ္ဌာနရဟိတာ ဟောန္တိ အာကာရ ဝိကာရ ကိရိယမတ္တာ ဝေ အနုမတ္တေပိ သဏ္ဌာနေ ဒိဿမာနေ တသ္မိံ ဝတ္ထုသ္မိံ အနေကာ ပရမတ္ထ ဓမ္မာ ပဝတ္တန္တိ)။ ။သုတ္တနိပါတ်အဋ္ဌကထာ။

သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ပရမတ္ထဓမ္မာနာမ၊ပရမတ္ထတရားတို့ မည်သည်ကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သဏ္ဌာနရဟိတာ၊ သဏ္ဌာန်မှ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာကာရ ဝိကာရ ကြိယမတ္တာဝေ၊ အခြင်းအရာမျှ ဖောက်ပြန်ခြင်းမျှ အမူအရာ ကြိယာမျှတို့ သာလျှင်။

ဟောန္တိ၊ဖြစ်ကုန်၏။ အနုမတ္တေပိ၊အနုမြူမျှလည်း။ သဏ္ဌာနေ၊သဏ္ဌာန်သည်။ ဒိဿမာနေ၊မြင်ရသော၊ တသ္မိံ ဝတ္ထုသ္မိံ ၊ထိုဝတ္ထု၌။ အနေကာ၊မရေတွက်နိုင်ကုန်သော။ ပရမတ္ထဓမ္မာ၊ ပရမတ္ထတရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ။ ဤပါဠိအလိုအားဖြင့် ပရမတ္ထတရားအားလုံးဟာ သဏ္ဌာန်လဲ ငင်းရမည်။ အာကာရ၊ အခြင်းအရာမျှသာ ဖြစ်ရမယ်။ ဝိကာရ၊ ဖောက်ပြန်ခြင်းမျှသာ ဖြစ်ရမယ်။ကြိယမတ္တာဝေ၊ ကြိယာအမူအရာမျှသာ ဖြစ်ရမယ်။ ။အကယ်၍ အနုမြူမျှ သဏ္ဌာန်ထင်ခဲ့သော် ထိုထိုဝတ္ထု၌ ပရမတ္ထတရားတွေဟာ မရေနိုင်အောင်ဖြစ်၍ နေပြီတဲ့။ သမူဟ,ဃန,သဏ္ဌာန,သန္တတိ,နာမဆိုတဲ့ ပညတ်တွေ ဖြစ်၍နေပြီတဲ့ဗျား။

၁၁။ ဓာတ်ကြီး ၄-ပါး ဖြစ်လာငြားက ဏ္ဏ,ဂန္ဓ,ရသ,ဩဇာ ဤလေးဖြာ မြဲစွာပါမြဲဘည်း။ ။ထိုဓာတ်ရှစ်ပါး မပြားမကွဲ တသားထဲမှတ် အဋ္ဌကလာပ် ဓာတ်ခဲတခု ခေါ်ရိုးပြုကြ နှိုင်းတုစရာ ပမာမရ သေးငယ်လှသော သဘောမျှသာတည်း။ ။အဲဒါမှ တံလျှပ်သဖွယ်ပို ပရမတ်အစစ်ပါခင်ဗျား။

(အဋ္ဌကလာပ် ဓာတ်ခဲအပေါင်း ထောင်သောင်းမက အနန္တများစွာ ပေါင်းစုလာသော် အမာ, အပျော့ အပေါ့, အလေး အသေး, အကြီး အနည်းနည်း အထွေထွေ ပွေပွေလီလီ အရည်,အဖတ် ဒြဗ်သဏ္ဌာန် ပေါ်လာပြန်သည် မှားရန်အကြောင်း နိမိတ်တည်း) ဆိုတဲ့ လယ်တီ ဆရာတော် လင်္ကာနှင့်ပင် ရှင်းနေပါပြီ။

၁၂။ ဇာတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဇာတရိတရံ ကောဋ္ဌာသံ အပတွာ တတ္ထ တတ္ထေဝ ပဒ္ဒံပဒ္ဒံ သန္ဓိသန္ဓိ ဩဓိဩဓိ ဟုတွာ ဇတ္တကပါလေ ပက္ခိတ္တတိလာဝိယ တဋ္ဌတဋ္ဌယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဇာတိ၊ဤသို့။ တတ္ထတတ္ထ၊ထိုထိုသို့သော အရပ်ဌာနဌ်။ ဥပ္ပန္နာ၊ဖြစ်ကြကုန်သော ပရမတ္ထတရားတို့သည်။ ဇာတရိတရံ ကောဋ္ဌာသံ၊ တပါးတပါးသော ဌာနအစုသို့။ အပတွာ၊ မရောက်မူ၍။ ဝါ၊ ရွှေ့မရ ပြောင်းမရ မူ၍။ တတ္ထ

တတွေဝ၊ ထိုထိုဖြစ်ရာ ဌာနဥ္စသာလျှင်။ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်။ သန္ဓိသန္ဓိ၊ အစပ်အစပ်။ ဩဓိဩဓိ၊ အပိုင်းအပိုင်း၊ ဟုတ္ဘာ၊ ဖြစ်ကြကုန်၍။ တတ္တက ပါလေ၊ ရဲရဲတောက်သော အိုးကင်း၌။ ပက္ခိတ္တတိလဝါဟ၊ ထည့်သော နှမ်းများကဲ့သို့။ တဋတဋယန္တာ၊ ဖျစ်ဖျစ် ဖျစ်ဖျစ် မြည်ကုန်လျက်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာ၊ အမြဲ မရှိကြကုန်။ ဒုက္ခာ ဆင်းရဲကြကုန်၏။ အနတ္တာ၊အစိုးမရကြကုန်။ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး ၃-ပါးတွေ့ကို ပြတဲ့ပါဠိမို့ အရကျက်ပါလေ။

၁၃။ နဟိ ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတ္ဘာ ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမနံနာမ အတ္ထိ။

ဝိဘင်းအဋ္ဌကထာ။

ဟိသစ္စံ၊မှန်လှ၏။ ရူပါရူပဓမ္မာနံ၊ ရုပ်တရား,နာမ်တရားတို့အား။ ဥပ္ပါဒ ဒေသေ၊ ဖြစ်ပေါ်ရာအရပ်၌။ အနိရုဇ္ဈိတ္ဘာ၊ မချုပ်ပါဘဲ။ ကေသဂ္ဂမတ္တမ္ပိ၊ တဆံဖျားမျှလည်း။ ဒေသန္တရသင်္ကမနံနာမ၊အရပ်တပါးသို့ ရွေ့ပြောင်းခြင်း မည်သည်။ နတ္ထိ၊မရှိ။ ပရမတ္ထတရားဟာ ရွေ့မရ, ပြောင်းမရ, ယူမရ, စိတ်နဲ့ လုပ်မရပါဗျား။

၁၄။ ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ။ ။သံယုတ်ပါဠိတော် (တရားရှာ ကိုယ်မှာတွေ့) လမ်းဆုံးရွာရောက် ပါဠိပါဘဲ။ ။ကာယ ပသာဒနှင့် ဖောဋ္ဌဗ္ဗနှင့်ခပ်လို့ ကာယဝိညာဉ်ပေါ်၊ (ကာယ ဖောဋ္ဌဗ္ဗ ဝိညာဏ) ဖဿ ဖြင့် တွေ့ ဝေဒနာပါလာ၏။ ဤကိုယ်တွေ့မှာ ပထဝီဓာတ်ပေါ်ပုံ-၁၃၊ အာပေါ ပေါ်ပုံ-၂၊ တေဇောဓာတ်ပေါ်ပုံ-၆၊ ဝါယောဓာတ်ပေါ်ပုံ-၁၁၊မို့ ၃၂-မျိုး ကိုယ်တွေ့ပေါ်ပါသည်၊ ပရမတ်အစစ်ပါဘဲ။

၁၅။ ထရုပ်,ထိုင်ရုပ်,သွားရုပ်,ရပ်ရုပ်များကဲ့သို့ စိတ်ကြောင့်မဟုတ်ရပါ၊ အတ္တနောသဘာဝံ ဓာရေန္တီတိဓာတု အရ၊ အနတ္တသဘောနှင့် သူ့သဘော သူဆောင်၍ ပါရမီအတိုင်း ပေါ်တာပါဘဲ တွေ့ရတာပါဘဲ ဗျာပါရ နဲ့နဲ့မှ မပါတော့ပါ။

သာဓက (၁၅)နှင့် ပထမပိုင်းပြီး၏။

ဉာဏစာဂီဆရာတော်သည် ဓာတ်တရားတခုကိုသာ (ခဲခဲ မဲမဲ စွဲစွဲ မြဲမြဲ ရဲရဲ ရင့်ရင့် ကိုင်ထားသည်)။ (ထရုပ်, ထိုင်ရုပ်, သွားရုပ်, ရင်ရုပ်များကို ဥပေက္ခာထားသည်)။ဒါဟာ အကြောင်းရှိရမည်၊ယုံလောက်တဲ့အကြောင်း ကို ထုတ်ဖော်ပြပါ။

ဓာတ်တရား၏မူမှန်ပုံ အခြေအမြစ်ဖြစ်ပုံ ပရမတ်စစ်ပုံ ပြခဏ်း

၁။ ကမ္ဘာလောကဓာတ်ကြီး တခုလုံးကိုခြုံ၍ သဗ္ဗညုတ ရွှေဉာဏ်တော် ကြီးဖြင့် ကြည့်တော့ (စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်) ဟူ၍ ပရမတ္ထတရား ၄-ပါးသာရှိပါတယ် ယင်းပရမတ္ထတရား ၄-ပါးကို ဒေတုကထာပါဠိတော် အဋ္ဌကထာ ဋီကာ၊ အနု မဓု ယောဇနာ ဂဏ္ဌိ ကျမ်းစုံညှိ၍ တိတိကျကျ မိမိရရ ပြည့်ပြည့်ဝဝ သိရှိကြဘို့ရာဟု ဓာတ်ကြီး ၁၈-ပါးနှင့်ဝေဘန်၍ ဘုရားရှင်ကြီး ကိုယ်တော်တိုင်ကပင် ဟောကြားထားပါသဖြင့် ဓာတ်တရားအပြင် ဘာမှ မရှိတော့ ဓာတ်ပင်ရှိပါသည်။ ပိုင်လှ၏၊ ခိုင်လှ၏၊ နိုင်လှ၏၊ မြိုင်လှ၏၊ မယိုင် နိုင်တော့ပေတဲ့။ ဝိနိစ္ဆယ ၁-ပါဘဲ။

၂။ ဧကော ဓမ္မော ဆိုတာဟာ (ဓာတ်တရားတခုထဲပါတဲ့)ဆုံးဖြတ်ပုံ။
ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဧကဓမ္မဝဂ်၊ ဧကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကောဓမ္မော၊ တခုသည်းသောဓာတ်တရားကို။ ဘာဝိတော၊ ပွါးများအပ်သည် ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ အဘိညာယ၊ သစ္စာ ၄-တန် ရုပ်နှင့်နာမ်ကို ကေန်တိတိ ပိုင်းခြား၍သိရခြင်းအကျိုးငှာ။ သမ္ဗောဓာယ၊ သောတာပန် သကဒါဂါမ် အနာဂါမ် အရဟာန် ဖြစ်ရခြင်း အကျိုးငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။သံဝတ္တတိ၊ ဖြစ်၏။ဤကားအနက်တည်း။ ။ဓာတ်တရား တခုထဲကို ခဲခဲမဲမဲ စွဲစွဲမြဲမြဲ ရဲရဲရင့်ရင့် ဘာဝိတော-အရဖြင့် ရှုပွါးပါလျှင်၊ ဗဟုလီကတော-အရဖြင့် ရှုပွါးပါလျှင်အဘိညာဉ်ဆိုတဲ့ သစ္စာ ၄-တန်ရုပ်နှင့် နာမ်ကိုလဲ တွေ့ပြီးသိပါလိမ့်မယ်တဲ့။ သမ္ဗောဓဆိုတဲ့ သောတာပန် သကဒါ

ဂါမ် အနာဂါမ် ရဟန္တာလဲ ဖြစ်ပါလိမ့်မယ်တဲ့။ အနုပါဒိသေသနိဗ္ဗာန်ကိုလဲ ရပါလိမ့်မယ်တဲ့။ ဘုရားရှင်ကြီးကပင် ဝန်ခံထားတယ်မဟုတ်ပါလား။

အဲဒီ ဧကော ဓမ္မော ဆိုတာ တခြားမဟုတ်ပါ။ (ဓာတ်တရားတခုထဲပါဘဲတဲ့)၊ သာဓကမှာ (ဧကေကော ဓမ္မော ယထာ သဘာဝံ ဝိဒဟတိ ဓိယတီတိ အာဒိနာ အတ္ထဝသေန ဓာတူတိ ဝုစ္စတိ)။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယအုပ် နံပါတ်-၁၀၂၊ ကြောင်းရေ ၃-သုမှု။

ဧကေကောဓမ္မော၊ တခုတခုသောပရမတ္ထတရားသည်။ ယထာသဘာဝံ၊ မိမိ မိမိဉ္ဈရှိသော ပင်ကို စိတ် သဘော စေတသိက် သဘော ရုပ်သဘော နိဗ္ဗာန်သဘောကို။ ဝိဒဟတိ၊ သိစေတတ်၏။ ဓိယတိ၊ ဆောင်အပ်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ အတ္ထဝသေန၊ လိုရင်းမူလ အရင်း အမြစ်သဘော၏ အစွမ်းဖြင့်။ ဓာတူတိ၊ ဓာတ်တရားချည်းဘဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။အားလုံး ရှိရှိသမျှ ပရမတ္ထ ဓမ္မဟာ ဓာတ်တရားချည်းပါဘဲတဲ့။

တနည်း။ ။သခ်တတောတိ စက္ခုဓာတု တာဝ ဇာတိတော ဧကော ဓမ္မော တွေဝ သခ်ံ ဂစ္ဆတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယအုပ် နံပါတ်-၁၀၄၊ ကြောင်းရေ ၁၆-သုမှု။

သခ်တတောတိ၊ သခ်ာသဘော အားဖြင့်။ စက္ခုဓာတု၊ စက္ခုဓာတ်ပင်တည်း။ တာဝ၊ ရှေးဦးစွာ။ ဇာတိတော၊ ဇာတ်အားဖြင့်။ ဧကော ဓမ္မော တွေဝ၊ ဧကော ဓမ္မော-ဟူ၍သာလျှင်။ သခ်ံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ပရမတ္ထတရားမှန်လျှင် စစ်လျှင် ဓာတ်တရားတခုထဲပါဘဲ၊ ဘာမှ လာ၍ မရှုပ်ပါနှင့်။

၃။ ဓာတ်တရားရောက်မှ ဝိပဿနာရောက်ပါသည်။

တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ ပဋိကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ ဟောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ နံပါတ်-၁၉၈၊ ကြောင်းရေ ၁၅-ဟံမှု။

တတ္တ၊ ထိုဘာဝနာ-၄၀ သမထ ၄၀-တို့တွင်။ ဓာတုဝသေန၊ ဓာတ်၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောတော်မူအပ်သော ဒေသနာသည်။ ဝိပဿနာကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းသည်။ ဟောတိ၊ ဖြစ်၏။ ပဋိကူလဝသေန၊ စက်ဆုပ်ဘွယ်၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောအပ်သော ကမ္မဋ္ဌာန်း-၄၀ သည်။ သမထကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းသည်။ ဟောတိ၊ ဖြစ်၏။(ဓာတ်ဖြင့် ဟောလာလျှင် ဝိပဿနာဘဲဗျို့)။ အခြားကား ဟိုဒင်းပါ။

၄။ စကြဝဠာ အနန္တမှာ သင်္ခတဓာတ်နှင့် အသင်္ခတဓာတ် ၂-ပါးသာ ရှိပါတယ်။

| | |
|---|---|
| သင်္ခတဓာတ်တရား၊ | အသင်္ခတဓာတ် နိဗ္ဗာန်တရား၊ |
| စိတ်,စေတသိက် ရုပ်တရားဘဲ၊ | ၎င်း ၃-ပါးချုပ်ငြိမ်းခြင်း ဓာတ်ပါဘဲ၊ |
| ဥပါဒ်,ဌီ,ဘင်,ရှိ၍နေသည်၊ | ဥပါဒ်,ဌီ,ဘင်,မရှိပြီ။ |

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညတ္ထတ္တံ ပညာယတိ၊ ဣမာနိ ခေါ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။

တိကအင်္ဂုတ္တိုရ်ပါဠိတော် နံပါတ် ၁၂၃။

ဘိက္ခဝေ၊ ချစ်သားတို့။ သင်္ခတဿ၊ ကံ,စိတ်,ဥတု,အာဟာရ တို့သည် ပြုပြင်အပ်သော သင်္ခတ,စိတ်,စေတသိက် ရုပ်တရား၏။ သင်္ခတလက္ခဏာနိ၊ သင်္ခတလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့တည်း။ ကတမာနိ တီဏိ၊အဘယ် ၃-ပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဖြစ်မှုသည်။ ပညာယတိ၊ ထင်ရှား၏၊ ဝယော၊ ပျက်မှုသည်။ ပညာယတိ၊ ထင်ရှား၏။ ဌိတဿ၊ဌီ၏။ အညတ္ထတ္တံ၊တပါး၏အဖြစ်သည်။ ပညာယတိ၊ထင်ရှား၏။ ဘိက္ခဝေ၊ချစ်သားတို့။ သင်္ခတဿ၊သင်္ခတဓာတ်၏။ သင်္ခတလက္ခဏာနိ၊ သင်္ခတလက္ခဏာတို့သည်။ ဣမာနိတီဏိ၊ဤသုံးပါးတို့ပင်တည်း။

စိတ်,စေတသိက်,ရုပ်ဆိုတဲ့ သင်္ခတဓာတ်ဟာ ဥပါဒ်နဲ့ ဌီနဲ့ ဘင်နဲ့မို့ ရှုပါတဲ့၊ ဓာတ်ကိုအရေးတကြီး အခြေတည် မူလပင်ရင်းပြု၍ ရှုရပုံကိုပြသည်။

တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ အသင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ နဥပ္ပါဒေါ ပညာယတိ၊ နဝယော ပညာယတိ၊ နဌိတဿ အညထတ္တံ ပညာယတိ၊ ဣမာနိ ခေါ ဘိက္ခဝေ တီဏိ အသင်္ခတဿ အသင်္ခတလက္ခဏာနိ။

တိကအင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်-၁၊ ကြောင်း-၂၅။

ဘိက္ခဝေ၊ချစ်သားတို့။ အသင်္ခတဿ၊ အသင်္ခတဓာတ်နိဗ္ဗာန်၏။ အသင်္ခတလက္ခဏာနိ၊ အသင်္ခတဓာတ်၏ လက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤ ၃-ပါးတို့တည်း။ ကတမာနိတီဏိ၊အဘယ် ၃-ပါးတို့နည်းဟူမူကား။ ဥပ္ပါဒေါ၊ဖြစ်မှုသည်။ နပညာယတိ၊ မထင်။ ဝယော၊ ပျက်မှုသည်။ နပညာယတိ၊ မထင်။ ဌိတဿ၊ဌီ၏။ အညထတ္တံ၊ တပါး၏အဖြစ်သည်။ န ပညာယတိ၊ မထင်။ ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတဿ၊ အသင်္ခတဓာတ် နိဗ္ဗာန်၏။ အသင်္ခတလက္ခဏာနိ၊ အသင်္ခတဓာတ်၏ လက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤ ၃-ပါးတို့တည်း။

စကြဝဠာ အနန္တမှာ သင်္ခတဓာတ်နှင့် အသင်္ခတဓာတ် ၂-ပါးထဲရှိ၍နေတာမို့ အဆင့်ဆင့် ရှုပြီးရောက်ရမည်။ အခြားကိုရှုလျှင် ပညတ်ကပ်၍နေမည်သာတည်း။

၅။ သတိပဋ္ဌာန်ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ဣရိယာပထ သမ္ပဇည ဓာတုမနသိကာရစသည်ဖြင့် ရှုပွားဘို့ ဟောပြထားခဲ့ရာ ဣရိယာပုထ် ၄-ပါးဖြင့်ရင်း၊ သမ္ပဇညနည်းဖြင့်ရင်း ရှုရမည်မဟုတ်ပါလား။ (အပရေဝါဒ)သတိပဋ္ဌာနသုတ်ကို ခြုံ၍ကြည့်တော့ကာ အကုသိုလ်မဝင်ရုံနှင့် သမာဓိတည်ရုံအတွက် ဣရိယာပထပဗ္ဗနှင့် သမ္ပဇညကို ဟောပါသည်။ ဝိပဿနာအဘို့တော့ ဓာတုမနသိကာရပဗ္ဗဖြင့် ထိးတင်၍ ထားပါသည်၊ ၁-၂-၃-၄ ပြန်ကြည့်ပါဦး။

၆။ ဣရိယာပထနှင့် သမ္ပဇညကို ဝိပဿနာဟု ဆိုထားသည် မဟုတ်ပါလော။ ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၁၉၅၊ ကြောင်းရေ ၁၆-ဟံမူ။

ဣရိယာပထပဗ္ဗံ၊ ဣရိယာပထပဗ္ဗကိုင်း။ စတုသမ္ပဇညပဗ္ဗံ၊ စတုသမ္ပဇည ပဗ္ဗကိုင်း။ ဓာတုမနသိကာရပဗ္ဗံ၊ ဓာတုမနသိကာရပဗ္ဗကိုင်း။ ဣတိဣမာနိ တီဏိ၊ ဤ ၃-ပါးတို့ကို။ ဝိပဿနာဝသေန၊ ဝိပဿနာ၏ အစွမ်းအားဖြင့်။ ဝုတ္တာနိ၊မိန့်အပ်ကုန်၏။

ဓာတုမနသိကာရပဗ္ဗ အထက်တန်း ဝိပဿနာပါတဲ့။
သမ္ပဇည အလယ်တန်း ဝိပဿနာပါတဲ့။
ဣရိယာပထ အောက်တန်း ဝိပဿနာပါတဲ့။

လေ့ခါးထစ်ကဲ့သို့ ဓာတ်တရားရောက်ရန် ဟောထားပါသည်။

၇။ ဣရိယာပထမှ ဓာတ်တရားအရောက်ရှုရပုံက သက်သေခံ၍နေပါပြီ။

ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယာ ဝါယောဓာတု ဝိပ္ဖါရေန သကလဿ ကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ၊ ဌာနာဒီသုပိ ဧသေဝနယော။

သတိပဋ္ဌာနသုတ် အဋ္ဌကထာအဖွင့်။

ဂစ္ဆာမီတိစိတ္တံ၊သွားမည်ဆိုတဲ့စိတ်သည်။ဥပ္ပဇ္ဇတိ ဖြစ်၏။ တံ၊ထိုစိတ်သည်။ ဝါယံ၊ ဝါယောဓာတ်လေကို။ ဇနေတိ၊ဖြစ်စေ၏။ ဝါယော၊ လေဓာတ်သည်။ ဝိညတ္တိံ၊ကာယဝိညတ်ဓာတ်ကို။ဇနေတိ၊ဖြစ်စေ၏။စိတ္တကြိယာဝါယောဓာတု ဝိပ္ဖါရေန၊ စိတ်အမူအရာကြောင့် ဖြစ်သော ဝါယောဓာတ် ပျံ့နှံ့သဖြင့်။ သကလဿ ကာယဿ၊ တကိုယ်လုံး၏။ပုရတော၊ ရှေးသို့။ အဘိနီဟာရော၊ ဆောင်ပို့တွန်းကန် ရွေ့ရှားခြင်းကို။ ဂမနန္တိ၊ သွားတယ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဌာနာဒီသုပိ၊ ရပ်ခြင်းအစရှိသည်တို့၌လည်း။ ဧသေဝနယော၊ ဤကဲ့သို့သောနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

သွားသောဣရိယာပုထ်တခု၌ ၁-သွားချင်လို့ဆိုတာက မနောဝိညာဏ ဓာတ်ဘဲ၊ ၂-ဝါယောက လေဓာတ်ဘဲ၊ ၃-သွားခြင်း အမူအရာ ဝိညတ် ဓာတ်ဘဲ၊ ၄-မှတ်ထာက ဓမ္မဓာတ်ဘဲ။ ဤလို ဓာတ်အထိ ရှုပွါးနိုင်မှ ဝိပဿနာစစ်ထာပါ။

၈။ ဓာတ်တရားတွေ့ပြီး အသီးသီးခွဲခြားနိုင်မှ အနတ္တလက္ခဏာ တွေ့ရ တာပါ။

နာနာဓာတုယော ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

ဝိဘင်းနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

နာနာဓာတုယော၊ အထူးထူးသော ဓာတ်တရားတို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ထိုးထွင်းဖောက် ဖြိုခွဲ၍။ ဃနဝိနိဗ္ဘောဂေ၊ ဃန အခဲကို ဖြိုခွဲခြင်းကို။ ကတေ၊ ပြုအပ်သည် ရှိသော်။ အနတ္တလက္ခဏံ၊ အနိဿရ အသာမိက အဝသဝတ္တန စသော အစိုးမရခြင်း အရှင်မပိုင်ခြင်း အလိုမလိုက်ခြင်း စသော အနတ္တလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်သော သဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်တော့၏။

ဓာတ်အသီးသီးခွဲပြီး ဃနတုံးချေနိုင်မှ အနတ္တလက္ခဏာ ထင်နိုင်တယ် ဆိုတာ၊ ဥပမာ သွားတယ် ဆိုတဲ့ ဣရိယာပုထ်၌ ၁-သွားချင်လို့က မနော ဝိညာဏဓာတ်တကွဲရ၏။ ၂-ဝါယောက လေဓာတ်တကွဲရ၏။ ၃-သွားခြင်း ကြိယာက ဝိညတ်ဓာတ်တကွဲရ၏။ ၄-မှတ်ထာက ဓမ္မဓာတ်တကွဲရ၏။ ဤလို သွားခြင်းဣရိယာပုထ်ဃန၌ ဓာတ် ၄-ဖြာ အသီးအသီးရ၍ တခုကတခုကို ငါ့အစွမ်းဘဲ ငါ့သတ္တိဘဲဟု မယူနိုင် မယူဆနိုင် မပိုင် အစိုး မရပါ၊ အနတ္တလက္ခဏာကား ဤပုံလို ဓာတ်အသီးသီး ပေါ်၍ ဃနပျောက်မှ လက္ခဏာ တွေ့ရသည်။

၉။ ဓာတ်တွေ့မှ အနတ္တတွေ့၏၊ အနတ္တမှ သာသနာတရားအစစ်ပါတဲ့။

အနတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒါ န ပညာယတိ၊ ဗုဒ္ဓုပ္ပါဒေယေဝ ပညာယတိ။

ဝိဘင်းအဋ္ဌကထာ၊ နံပါတ်-၄၃၊ ကြောင်းရေ ၁၀-ဇုံပူ။

အနတ္တလက္ခဏံ အနတ္တလက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားသာသနာကို။ ဝိနာ၊ ကြဉ်၍။ နပညာယတိ၊ မထင်နိုင်။ ဗုဒ္ဓုပ္ပါဒေယေဝ၊ ဘုရား ပွင့်ပါမှ ဘုရားသာသနာတော်အတွင်း၌သာလျှင်။ ပညာယတိ၊ ထင်မြင်နိုင်ပါ၏။

၁၀။ ဓာတ်တွေ့မှ ဓာတ်မှာပါတဲ့ ရုပ်နာမ်ကို တွေ့နိုင်ပါသည်။

သီတေနာပိ ရုပ္ပတိ။ ။ခန္ဓဝိဘင်းအဋ္ဌကထာ။

သိတေနာပိ၊ သေသာတေဇော ခေတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ။အကြွင်း ပါဠိ အနက် သိသာ၍ မချဲ့တော့ပြီ။ သိတေနက ခေတ်တရား၊ ရုပ္ပတိက ရုပ်တရား၊ (ခေတ်တွေ့မှ ရုပ်တွေ့ပုံ)။ ခေတ်ပေါ်မှ နာမ်က သိရတာမို့ (ခေတ်တွေ့မှ နာမ်ကိုတွေ့ရပါသည်)။

၁၁။ ခေတ်ကိုတွေ့မှ ဥပါဒါရုပ်ကို တွေ့နိုင်ပါသည်။

စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ။ ။ ဤကျမ်း၏ ပထမ၌ သာဓကများစွာဖြင့် ဖော်ပြ၍ ပြီးခဲ့ပါပြီ။ ။စတ္တာရိ၊ ၄-ပါး ကုန်သော။ မဟာဘူတာနိစ၊ မဟာဘုတ်ခေါ် ခေတ်ကြီး ၄-ပါး တို့ရင်း။ စတုန္နံ မဟာဘူတာနံ၊ ၄-ပါးကုန်သော မဟာဘုတ်ကြီး တို့ကို။ ဥပါဒါယ ရူပဉ္စ၊ မှီ၍ဖြစ်သော ဥပါဒါရုပ် ၂၄-ပါးရင်း။ ။အဲဒါ ခေတ်ကြီး ၄-ပါးတွေ့မှ ဥပါဒါရုပ်ကို တွေ့ရပုံတည်း။

၁၂။ အနိစ္စ,ဒုက္ခ,အနတ္တ-ဆိုတာ ခေတ်ကြီး ၄-ပါး၌ ပါရှိနေတာမို့ ခေတ်ကိုတွေ့မှ အနိစ္စ,ဒုက္ခ,အနတ္တ-ကို တွေ့နိုင်ပါသည်။

၁-ပထဝီဓာတုံခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော။
၂-ပထဝီဓာတုံခေါ် ရာဟုလ ဒုက္ခတော ဇာနတော ပဿတော။
၃-ပထဝီဓာတုံခေါ် ရာဟုလ အနတ္တတော ဇာနတော ပဿတော။

မဟာရာဟုလောဝါဒသုတ်တော်။

ရာဟုလ၊ ချစ်သားရာဟုလာ။ ပထဝီဓာတုံ၊ ပထဝီခေတ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊ အစိုးမရသော အားဖြင့်။ ဇာနတော၊ ကိုယ်တွေ့ သိသည် ရှိသော်။ ပဿတော၊ ဉာဏ်တွေ့မြင်သည်ရှိသော်။

၁၃။ ခေတ်တွေ့မှ အနိစ္စ,ဒုက္ခ,အနတ္တ-တွေ့မည်၊ တွေ့မှ သက္ကာယဒိဋ္ဌိကွာ ဝိစိကိစ္ဆာကွာ အဝိဇ္ဇာကွာမည် ဝိဇ္ဇာလဲရမည်။

ပထဝီဓာတုံခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

ရာဟုလ၊ ချစ်သားရာဟုလာ။ ပဌဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊ အစိုးမရသော အားဖြင့်။ ဇာနတော၊ ကိုယ်တွေ့ သိသည် ရှိသော်။ ပဿတော၊ ဉာဏ်တွေ့မြင်သည် ရှိသော်။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်သတ်နိုင်၏။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ ပဇဟတိ၊ ပယ်သတ်နိုင်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်သတ်နိုင်၏။ ဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာ အနိစ္စဝိဇ္ဇာ, ဓာတ်ဝိဇ္ဇာ ဒုက္ခဝိဇ္ဇာ, ဓာတ်ဝိဇ္ဇာ အနတ္တဝိဇ္ဇာ-စသော ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်တော့၏။

၁၄။ ဓာတ်တရားတွေ့၍ အသီးသီး ခွဲခြားနိုင်တော့ အပါယ်တံခါးပိတ်ပုံ။

စတုန္နံ ဓာတူနံ အညတ္ထတ္တံ ပထဝီ ဓာတုယာ အာပေါ ဓာတုယာ တေဇော ဓာတုယာ ဝါယော ဓာတုယာ နတွေ့ဝခမေ့ အဝေစ္စပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။

တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်-၁၁၈၊ကြောင်းရေ ၁-ဟံမူ။

စတုန္နံဓာတူနံ၊ဓာတ်ကြီး ၄-ပါးတို့၏။ အညထတ္တံ၊ တပါးစီခွနပုံကို။ စေဇာနေယျ၊ ကျေပြီး အကယ်၍ သိငြားအံ့။ ပထဝီဓာတုယာ၊ ပထဝီဓာတ်ကိုရင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်ကိုရင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်ကိုရင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်ကိုရင်း။ ဓမ္မေ၊ ဓာတ်ကြီး ၄-ပါးတရား၌။ အဝေစ္စပသာဒေန၊တုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတို့၏ တပည့်သားသည်။ နိရယံဝါ၊ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာနှင့် အသူရကာယ်ဘုံသို့ရင်း။ နခတွဝ ဥပပဇ္ဇိဿတိ၊ဘယ်သောအခါမှ မရောက်တော့သတည်း။

၁၅။ ဓာတ်ကိုတွေ့မှ အဝိဇ္ဇာချုပ်သည်၊အဝိဇ္ဇာချုပ်မှ ပဋိစ္စသမုပ္ပါဒ်စက်သံသရာကြီးရပ်သည်။မိုး ၁၁-ပါး၊ မူလ ၂-ပါး၊ ဝဋ် ၃-ပါး၊ အစပ် ၃-ပါး၊

အလွှာ ၄-ပါး၊အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ ၂၀။ ဒုက္ခက္ခန္ဓသာ၊ ဆင်းရဲ အားလုံး ချုပ်ရပါတော့သည်။

စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် နံပါတ် ၃၅၊ကြောင်းရေ-၂ ဟံမူ။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုဓာတ်ကို။ (ဓာတ်အားလုံးယူရန် နမူနာ) အနိစ္စတော၊ အနိစ္စအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိခဲ့သော။ ပဿတော၊ ဉာဏ်တွေ့မြင်သော။ ဘိက္ခုနော၊ရဟန်းအား။ အဝိဇ္ဇာ၊အဝိဇ္ဇာကို။ပဟီယတိ၊ ပယ်သတ်နိုင်တော့၏။ ဝိဇ္ဇာ၊ ဝိပဿနာ ဝိဇ္ဇာ မဂ်ဖိုလ်ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တော့၏။

ဓာတ်တွေ့၍ အဝိဇ္ဇာသေပြီး ဝိဇ္ဇာရရှိတော့ (အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်,ရုပ်,သဠာယတန, ဖဿ,ဝေဒနာ, တဏှာ,ဥပါဒါန်, ဘဝ,ဇာတိ, ဇရာ, မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသ,ဒုက္ခက္ခန္ဓသာ,အားလုံး အဆင့်ငါးဆင့် ချုပ်ရပါသည်)။ ချုပ်သွားတော့ မီး ၁၁-ပါး၊မူလ ၂-ပါး၊ ဝဋ် ၃-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊အင်္ဂါ ၁၂-ပါး ဒုက္ခက္ခန္ဓသာ အားလုံးချုပ်ငြိမ်းရပါတော့သည်။ ဓာတ်တွေ့ သံသရာရပ်၍ ဆင်းရဲအားလုံး ချုပ်ငြိမ်းရပုံတည်း။

၁၆။ သတိပဋ္ဌာန်ကြောင့် ရဟန္တာ ၃-သောင်း ကျွတ်၍။ ။ဓာတ်တရားကြောင့်မူကား ရဟန္တာ ကုဋေတသိန်းနှင့် (သေက္ခပေါင်း) တသင်္ချေ ကျွတ်၍ အားချင်းမတူကြပါ။

ဒေသနာပရိယောသာနေ ပန တိံသဘိက္ခု သဟဿာနိ အရဟတ္တေ ပတိဋ္ဌဟိံသုတိ။

မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာအဖွင့်နံပါတ် ၃၆၅၊ကြောင်းရေ ၂၄-ဟံမူ။

ဒေသနာပရိယောသာနေပန၊ မဟာသတိပဋ္ဌာနသုတ်ကို ဟောပြီး၍ အဆုံး၌မူကား။ တိံသဘိက္ခုသဟဿာနိ၊ (သုံးသောင်း) သော ရဟန်းတို့သည်။ အရဟတ္တေ၊အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊တည်ကြကုန်ပြီ။

**အန္တဝနေ** နိသိန္နော စူဠရာဟုလောဝါဒံ ကထေသိ၊ ဒေသနာပရိယောသာနေ ရာဟုလတ္ထေရော ကောဋိသတသဟဿေဟိ ဒေဝ

တာဟိ သဒ္ဒိံ အရဟတ္တံ ပါပုဏိ၊ သောတာပန္န သကဒါဂါမိ ဒေဝ
တာနံ ဂဏနာ နတ္ထိတိ။

ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ နံပါတ်-၂၇၀၊ ကြောင်းရေ ၂၅-ကဝိမှု။

အန္ဓဝနေ၊ အန္ဓဝုန်တောဌ်။ (ဝါ)၊ မိုက်တောဌ်။ နိသိန္နော၊ နေတော်မူလျက်။ စူဠရာဟုလောဝါဒံ၊ စူဠရာဟုလောဝါဒ သုတ်တော်ကို။ ကထေသိ၊ ဟောပြီ။ ဒေသနာပရိယောသာနေ၊ ဒေသနာတော်၏အဆုံး၌။ ရာဟုလတ္ထေရော၊ အရှင်ရာဟုလာမထေရ်သည်။ ကောဋိသတသဟဿေဟိ ဒေဝတာဟိ၊ နတ်ပေါင်းကုဋေ တသိန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ ရောက်တော်မူလေပြီ။ သောတာပန္န သကဒါဂါမိ အနာဂါမိ ဒေဝတာနံ၊ သောတာပန် သကဒါဂါမ် အနာဂါမ်နတ်တို့၏။ ဂဏနာ၊ အရေအတွက်သည်။ နတ္ထိ၊ မရှိပြီ။ (ဝါ)၊ တသချေင်တည်း။ သတိပဋ္ဌာန်တရားနှင့် ခေတ်ဘရား ကွာခြားပုံ အားချင်းမတူပုံမှာ သတိပဋ္ဌာန် တရားကြောင့် ရဟန္တာသုံးသောင်းမျှသာ ဖြစ်သည်၊ ခေတ်တရားကြောင့် ရဟန္တာကုဋေ တသိန်း ဖြစ်သည်၊ သောတာပန် သကဒါဂါမ် အနာဂါမ်ကား တသချေမျှ ဖြစ်သေးသည်။ ဤဇယားနှင့် ပါဠိ ၂-ပုဒ်, အနက် ၂-ပုဒ်ကို ယှဉ်ကြည့်မှ ကွာခြားမှန်း သိရသည်။

၁၇။ သတိပဋ္ဌာန်ခေတ်တရား ပုဂ္ဂိုလ်အလိုက် ပိုင်းခြားပုံမှာ။

| | | |
|---|---|---|
| ကာယာနုပဿနာသတိပဋ္ဌာန် | | နေယျပုဂ္ဂိုလ်များအတွက်။ |
| ဝေဒနာနုပဿနာ | ၎င်း | ဝိပဉ္စိတညူဒန္ဓများအတွက်။ |
| စိတ္တာနုပဿနာ | ၎င်း | ဝိပဉ္စိတညူတိက္ခများအတွက်။ |
| ဓမ္မာနုပဿနာ | ၎င်း | ဥဃ္ဃဋိတညူများအတွက်။ |

ယခု သာသနာနှစ် ၁၀၀၀-ကား နေယျခေတ် သာသနာတည်း၊ (ယောဘုယျ)ပင်။

၁၈။ လက်တွေ့ ခေတ်တွေ့မှ ပဋိဝေဓ ဆိုက်နိုင်ပါသည်။

သမုဒ္ဒတော ကေဗိန္ဒုသြ ရသေ ပဋိဝိဒ္ဓေ သေသဥဒကဿ ပဋိဝေဓော ဝိယ ကေခမ္မေ အနိစ္စာဒိတော ပဋိဝိဒ္ဓေ သဗ္ဗေပိ ပဋိဝိဒ္ဓါ ဟောန္တိ။

ပဥ္စပကြိုဏ်အဋ္ဌကထာ၊ နံပါတ်-၁၄၅၊ ကြောင်းရေ ၉-ဟံမှု။

သမုဒ္ဒတော၊ သမုဒ္ဒရာထဲမှ။ ကေဗိန္ဒုသြ၊ ရေတပေါက်၏။ ရသေ၊ ငန်သောအရသာကို။ ပဋိဝိဒ္ဓေ၊ လျှာဖြင့် ကိုယ်တွေ့တွေ့ရသည်ရှိသော်။ သေသ ဥဒကဿ၊ ကြွင်းသောရေ၏။ ရသံ၊ ငန်သောအရသာကို။ ပဋိဝေဓေဝိယ၊ ထိုးထွင်း၍ သိရသကဲ့သို့။ ကေဓမ္မေ၊ တခုသော ဓာတ်တရားကို။ အနိစ္စာ ဒိတော၊ အနိစ္စအစရှိသောအားဖြင့်။ ပဋိဝိဒ္ဓေ၊ ကိုယ်တွေ့သိရသည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံသောတရားတို့ကိုလည်း။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍သိရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမုဒ္ဒရာမှရေကို လက်ဖျားနှင့်တို့ပြီး လျှာမှာတင်တော့ (ငန်ဓာတ်ကို) တကာယ်တွေ့ရ ကိုယ်တွေ့ လက်တွေ့ တွေ့ရ၏။ အဲဒါဟာ ပဋိဝေဓသဘောတည်း။ ဓာတ်တရား စသည်ကိုလည်း အရသာပေါ်အောင် သဘောပေါ်အောင် တွေ့မှ ပဋိဝေဓပါတဲ့။

၁၉။ ဓာတ်တွေ့မှ ယထာဘူတဉာဏ်ရ သမ္မပညာယ ရနိုင်ပါသည်။

ပထဝီဓာတုယေဝေသော ဝေံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။

စတုကအင်္ဂုတ္တိုရ်ပါဠိတော်။

ခန္ဓာကိုယ်မှ တောင့်ပေါ် တင်းပေါ်တာကို တွေ့ရတော့ ငါမဟုတ် သူမဟုတ်ပါတကား၊ တောင့်တဲ့ ပထဝီဓာတ်ပါဘဲ။ တင်းတဲ့သဘော ပထဝီ ဓာတ်ပါဘဲဟု သိ၏။အဲဒါ ယထာဘူတဉာဏ် သမ္မပညာယဉာဏ်ပါဘဲတဲ့။

အနက်ကား။ ။သော၊ ဤအပြင်မှ တောင့်တင်းခြင်း အတွင်းမှ တောင့်တင်းခြင်းသဘောသည်။ပထဝီယေဝ၊ပထဝီဓာတ်သဘောသာတည်း။ နာဟံ၊ ငါမဟုတ်။ နပရော၊ သူတပါး မဟုတ်ပါတကား။ ဝေံ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်လှစွာ။ သမ္မပညာယ၊ မဖောက်မပြန် မှန်ကန်သော ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ။ပဋိဝေဓဉာဏ်လဲ ရလေပြီ၊ ကိုယ်တွေ့မို့ စိတ်ချတော့။

၂၀။ ဓာတ်တွေ့မှ သုညမြင် လောကဠ် မတပ်မက် ကိလေသာ ငြိမ်း၍ နေရမည်။

ဓာတုသော သုညတော ပဿ၊ မာလောကံ ပုန ရာဂမိ။

ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿတိ။

ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်၊ နံပါတ်-၇၅၊ ကြောင်းရေ-၁၀၊ ဇနပဒ ကလျာဏီဝတ္ထု။

နန္ဒေ၊ ဇနပဒကလျာဏီ မည်တဲ့ နှမ ရူပနန္ဒာ။ လောကံ၊ ဖြစ်ပျက်ဆိုတဲ့ လောကကို။ ဓာတုသော၊ ရုပ်ဓာတ်နာမ်ဓာတ် အားဖြင့်ဖုင်း။ သုညတော၊ ငါငါ,သူသူ လူလူ,နတ်နတ်မှ ဆိတ်သုဉ်းသောအားဖြင့်ဖုင်း။ ပဿ၊ ရှု၍ နေပါလော့။ ပုန၊ တဖန်။ မာရာဂမိ၊ ရာဂအလိုသို့ မလိုက်ပါနှင့်။ ဘဝေ၊ ဘဝ၌။ ဆန္ဒံ၊ ဆန္ဒရာဂကို။ ဝိရာဇေတွာ၊ ကုန်ခန်းစေသည်ရှိသော်၊ ဥပသန္တော၊ ကိလေသာမှငြိမ်းလျှော်။ စရိဿတိ၊ သွားရလတ့်။

၂၁။ ဓာတ်ကိုတွေ့မှ သဘောသဘာဝကို တွေ့မည်။
ဂေါသီလဓာတုကောတိ ဂေါသီလသဘာဝေါ။

ဒက္ခိဏဝိဘင်္ဂအဋ္ဌကထာနှင့် ဖုင်းဋီကာ။

ဓာတ်သဘော သဘာဝ အတူတူပင်တည်း။

ဂေါသီလဓာတုကောတိ၊ နွားတို့၏အလေ့ဓာတ်ခံရှိသည် ဟူသည်ကား။ ဂေါသီလသဘာဝေါ၊ နွားအလေ့ သဘောသဘာဝရှိသည်ပင်တည်း။

၂၂။ ဓာတ်ဟာ သဘောတည်း၊ သဘောဟာ တရားပင်တည်း။
ဓမ္မောတိ သဘာဝေါ၊ (ဓာတုကော သဘာဝေါ)။
ပိဋ္ဌဇာတ်အဋ္ဌကထာ၊ နံပါတ်-၁၁၃၊ ကြောင်းရေ။ ။စတုကနိပါတ်။
ဓမ္မောတိ၊ တရား ဆိုသည်ကား။ သဘာဝေါ၊ သဘောပင်တည်း။ ဓာတုကော၊ ဓာတ်ခံဆိုသည်ကား။ သဘာဝေါ၊ သဘောပင်တည်း။

၂၃။ ဒုက္ခသစ္စာဘဲ ခန္ဓာငါးပါးဘဲ ဆိုတာ ဓာတ်ကမ္မဋ္ဌာန်းရှုမှ တွေ့ရတာပါ။

ဒုက္ခသစ္စံ နာမ ရူပါဒယော ပဉ္စက္ခန္ဓာကဲ ဝဝတ္ထပေတွာ ဓာတုကမ္မဋ္ဌာန ဝသေန။

မူလပဏ္ဏာသ အဋ္ဌကထာ၊ ဒုတိယအုပ်၊ နံပါတ်-၂၄၁၊ ကြောင်းရေ ၄-ဇံမူ။

ဒုက္ခသစ္စံနာမ၊ ဒုက္ခသစ္စာမည်သည်ကား။ ရူပါဒယော၊ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏဖြစ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ဒုက္ခအစုတို့ ပင်တည်း။ ဣတိ၊ဤသို့။ ဝဝတ္ထပေတွာ၊ပိုင်းခြားမှတ်သား၍။ ဓာတုကမ္မဋ္ဌာန ဝသေန၊ဓာတ်,ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့်။

၂၄။ ခေတ်တရားတွေ့၍ မဟာအတ္ထ မဟာသံဝေဂစသော အကျိုး ၇-ပါးရပုံ။

ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟတော သံဝေဂါယ သံဝတ္တတိ၊ မဟတော အတ္ထာယ သံဝတ္တတိ၊ မဟတော ယောဂက္ခေမာယ သံဝတ္တတိ၊ မဟတော သတိသမ္ပဇညာယ သံဝတ္တတိ၊ ဉာဏဒဿန ပဋိလာဘာယ သံဝတ္တတိ၊ ဒိဋ္ဌဓမ္မ သုခဝိဟာရာယ သံဝတ္တတိ၊ ဝိဇ္ဇာဝိမုတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၁၉၅၊ ကြောင်းရေ ၁-ဟံမှူ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကောဓမ္မော၊ တခုသော ခေတ်တရားကို။ ဘာဝိတော၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်။ မဟတောသံဝေဂါယ၊ ကြီးစွာ သံဝေဂရရှိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတောအတ္ထာယ၊ ကြီးစွာသော အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော ယောဂက္ခေမာယ၊ ကြီးမားစွာ ယောဂ ၄-ပါး ကုန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော သတိသမ္ပဇညာယ၊ ကြီးစွာသတိရှိခြင်း,ဉာဏ်ပညာ အဆင်အခြင် ရှိခြင်းငှာ။သံဝတ္တတိ၊ဖြစ်၏။ ဉာဏဒဿနပဋိလာဘာယ၊ ဉာဏ်အမြင်ကို ရရှိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊ ယခုဘဝ၌ ချမ်းသာစွာ နေရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဝိဇ္ဇာဝိမုတ္တိဖလ သစ္ဆိကိရိယာယ၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ။ခေတ်ရှုလို့ အကျိုး ၇-ပါး ရရှိပုံတည်း။

ကာယဂတာသတိ ခေတ်ကိုရှုမှ အမြတ်နိဗ္ဗာန်ကို ခံစားရပုံ။

အမတန္တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာ သတိံ ပရိဘုဉ္ဇန္တိ။ အမတန္တေ ဘိက္ခဝေ န ပရိဘုဉ္ဇန္တိ၊ယေ ကာယဂတာ သတိံ န ပရိဘုဉ္ဇန္တိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၉၅၊ ကြောင်းရေ ၆-ဟံမှူ။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိ ခေတ်တရားကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ တေ၊ ထိုသုံးဆောင်သော သူတို့သည်။ အမတံ၊သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်တော့၏။ ဘိက္ခဝေ၊ချစ်သားတို့။ ယေ ၊အကြင်

သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိ ခေတ်တရားကို။ န ပရိဘုဥ္ဇန္တိ၊ မသုံးဆောင်ကြကုန်။ တေ၊ထိုမသုံးဆောင်ကြကုန်သော သူတို့သည်။ အမတံ၊ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ကို။န ပရိဘုဥ္ဇန္တိ၊မသုံးဆောင်ကြရကုန်။ ။ခေတ်တရားပွားမှ နိဗ္ဗာန်ရမည်ဟူ၏။

၂၅။ ခေတ်တရားရှုပွားမှ အရိယာလေးမျိုးဖြစ်၏။

သော ပန အရိယော စတုဗ္ဗိဓော ဟောတိ၊ အာစာရအရိယော ဒဿန အရိယော လိင်္ဂအရိယော ပဋိဝေဓ အရိယောတိ။

တိကနိပါတ် တိလမုဋ္ဌိဇာတ်အဋ္ဌကထာ နံပါတ်–၂၄၄၊ ကြောင်းရေ–၁၁။

သောပန အရိယော၊ ထိုအရိယာသည်။ စတုဗ္ဗိဓော၊ ၄–ပါး အပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။ အာစာရအရိယော၊ ခေတ်ဘရားတွေ့အောင် ကျင့်၍နေသော အရိယာဂုဏ်း။ ဒဿနအရိယော၊ ခေတ်ဘရားတွေ့မြင်သော အရိယာဂုဏ်း။ လိင်္ဂအရိယော၊ အရိယာနှင့် အသွင်တူသောအရိယာဂုဏ်း။ ပဋိဝေဓအရိယော၊ မဂ်,ဖိုလ်ဆိုက်သော အရိယာဂုဏ်း။ ဣတိ၊ဤသို့။ စတုဗ္ဗိဓော၊ ၄–ပါး အပြားရှိသည်။ ဟောတိ၊ဖြစ်၏။

၂၆။ ခေတ်တရား အားထုတ်လို့(နတ်,မဂ်,ဖိုလ်,နိဗ္ဗာန်မြင်ရ)။

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ။ဒန္ဓော ဘိက္ခုဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။

စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်–၄၂၂၊ ကြောင်းရေ ၉–ဟံမူ။

တဿ၊ ထိုလူ့ပြည်က ခေတ်တရား အားထုတ်သောသူအား။ တတ္ထ၊ထိုနတ်ပြည်၌။ သုခိနော၊ချမ်းသာစွာ။ ဓမ္မပဒါနိ၊အားထုတ်ခဲ့သော တရားအစုတို့သည်။ ပလဝန္တိ၊ပေါ်၍လာကုန်၏။ ဘိက္ခုဝေ၊ချစ်သားတို့။ သတုပ္ပါဒေါ၊ ငါသည် နတ်ပြည်၌ ဖြစ်ပြီဟူသော သတိရခြင်းသည်။ ဒန္ဓော၊ နှံ့နှေးသေး ပေ၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပံယေဝ၊ ဆောလျင်စွာသာလျှင်။ ဝိသေသဂါမီ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။

၂၇။ ခေတ္တတ္ထ သဘာဝတ္ထ သုညတတ္ထ နိဿတ္တ နိဇ္ဇီဝ အတူတူပင်။

ဓာတွတ္ထောနာမ သဘာဝတ္ထော၊ သဘာဝတ္ထောနာမ သုညတတ္ထော၊ သုညတတ္ထောနာမ နိဿတ္တတ္ထောတိ ဧဝံ သဘာဝ သုညတ နိဿတ္တတ္ထေန ပထဝီယေဝဓာတု ပထဝီဓာတု၊ အာပေါဓာတု အာဒီသုပိ ဧသေဝနယော။

ဝိဘင်းအဋ္ဌကထာ နံပါတ်-၄၇၊ ကြောင်းရေ ၂၃-ဇမ္မူ။

ဓာတွတ္ထောနာမ၊ ပူ,ဇ-စသော ဓာတ်အနက် မည်သည်ကား။ သဘာဝတ္ထော၊ သဘော၏ အနက်ပင်တည်း။ သဘာဝတ္ထော နာမ၊ သဘော၏ အနက်မည်သည်ကား။ သုညတတ္ထော၊ ငါ,သူ မရှိခြင်း အနက်ပင်တည်း။ သုညတတ္ထောနာမ၊ ငါ,သူ မရှိခြင်း အနက် မည်သည်ကား။ နိဿတ္တတ္ထော၊ သတ္တဝါ မရှိခြင်း အနက်ပင်တည်း။ ဣတိဧဝံ၊ ဤသို့။ သဘာဝ သုညတ နိဿတ္တတ္ထေန၊ သဘောသာ ရှိခြင်း ငါဆိတ်သုဉ်းခြင်း သတ္တဝါ မရှိခြင်းဖြင့်။ ပထဝီယေဝ၊ ပထဝီသဘောသာလျှင်။ ဓာတု၊ ဆောင်၍လာသောဓာတ်ပင်တည်း။ ပထဝီဓာတု၊ပထဝီသဘောသာလျှင်ဓာတ်။ အာပေါဓာတုအာဒီသုပိ၊ အာပေါဓာတ်အစရှိသည်တို့၌လည်း။ ဧသေဝနယော၊ ဤကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ် ရှုအပ် သိအပ် မြင်အပ်၏။

၂၀။ (က) ဓာတ်တရားရှုပွါးတော့ ဘာများကို ပယ်နိုင်ပါသနည်း။
ဆဓာတုယော အယံ ပုရိသော။

ဥပရိပဏ္ဏာသပါဠိတော်၊ ဓာတုဝိဘင်္ဂသုတ်။

အယံပုရိသော၊ ပညတ်အားဖြင့် ဤယောကျ်ားသည်။ ဆဓာတုယော၊ ပရမတ်အားဖြင့် ဓာတ် ၆-ပါးသာတည်း။ (၁) ပရမတ်ဓာတ် ၆-ပါးကိုပင် ပညတ် ယောကျ်ားဟု ခေါ်နေပါသည်။ ဓာတ် ၆-ပါး တွေ့လျှင် ပညတ် နယ်ကယောကျ်ား စသည် ပယ်နိုင်တော့၏။

(ခ) ဆဓာတုယော အယံ ပုရိသောတိ အာဒီသု ဇီဝသညာ သမူဟ နတ္ထံ ဓာတုဒေသနံ အကာသိတိ။

ဝိဘင်းအဋ္ဌကထာ၊ နံပါတ်-၆၇၊ ကြောင်းရေ ၁၁-ဇမ္မူ။

ဤသို့ ဆဓာတုယော အယံ ပုရိသောတိ အာဒီသု၊ ဆဓာတုယော အယံ ပုရိသော-အစရှိကုန်သောပါဠိတို့၌။ ဇီဝသညာသမူဟနတ္ထံ၊ အသက်ရှိတယ်

ဆိုတဲ့ အမှား ဖောက်ပြားဘဲဆိုတဲ့ အမှတ်မှား များကို ပယ်နုတ်ဖြုတ်ခွါခြင်းငှာ။ ဓာတုဒေသနံ၊ ဓာတ် ၄-ပါး ဓာတ် ၆-ပါး ၈-ပါး ၁၈-ပါး ဒေသနာတော် မြတ်ကို။ အကာသိ၊ ပြုပြီ။ ဓာတ် ၄-ပါး ၆-ပါး ၈-ပါး ၁၈ ပါးကို ဘုရားသခင် ဟောရတာဟာ အခြားမဟုတ်။ ဇီဝဒိဋ္ဌိ၊ အသက်ရှိဘယ်။ သညာဝိပလ္လာသ၊ ဖောက်ပြား, မိန်းမ-စသော အမှတ်မှားတို့ကို ပယ်ဘို့ နုတ်ဘို့ ဖြုတ်ဘို့ ခွါဘို့ ဟောရတာပါ။

(ဂ) ဆဒ္ဓာတုယော အယံ ပုရိသောတိ အာဒီသု ဇီဝသညာ သမူဟနတ္ထံ ဝါတုဒေသနံ အကာသိတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ သုမ္မ၊ နံပါတ်-၁၀၂၊ ကြောင်းရေ-၁၃၊ (ခ)နှင့် တူပြီ။

(ဃ) ဝိဇာနနသဘာဝေ ဝိညာဏေ ဇီဝသညီနံ သညာ သမူဟနတ္ထမ္ပိ အဋ္ဌာရသေဝ ဝုတ္တာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်-၁၀၄၊ ကြောင်းရေ ၃-သုမ္မ။

ဝိဇာနနသဘာဝေ၊ အထူးသိခြင်း သဘောမျှသာရှိသော။ ဝိညာဏေ၊ စိတ်, ဝိညာဉ်ခြောက်ပါး၌။ ဇီဝသညီနံ၊ အသက်,လိပ်ပြာ ရှိတယ်ဟု အမှတ်ရှိကုန်သောသူတို့၏။ သညာသမူဟနတ္ထမ္ပိ၊သညာဝိပလ္လာသကို ပယ်နုတ် ဖြုတ်ခွါခြင်းငှါ။ အဋ္ဌာရသေဝ၊ တဆဲ့ရှစ်ပါးသော ဓာတ်တရားတို့ကိုသာလျှင်။ ဝုတ္တာ'ဟောအပ်ကုန်ပြီ။ မြင်စိတ်ကြားစိတ် နံစိတ် လျက်စိတ် ထိသိစိတ် ကြံသိစိတ် ၆-ပါး ၇၉-ပါး၁၂၁-ပါး၌ အသက်ရှိတယ် လိပ်ပြာရှိတယ်ဟု မှတ်မှားသိမှား အယူမှားကြကုန်သော ဝိပလ္လာသရှိသူတို့၏ ထိုထိုဝိပလ္လာသ အမှားများကို ပယ်, နုတ်, ဖြုတ်, ခွါခြင်းငှါ ဓာတ်တရား အစားစားကို ဘုရားသခင် ဟောရပါတယ်။

(င) ဝိဇာနနသဘာဝေ ဝိညာဏေ ဇီဝသညီနံ သညာသမူဟနတ္ထမ္ပိ အဋ္ဌာရသေဝ ဝုတ္တာ။

ဝိဘင်းအဋ္ဌကထာ၊နံပါတ်-၆၈၊ ကြောင်းရေ ၃၀-ဇမ္မူ၌၊(ဃ)နှင့်တူပါပြီ။

(စ) ဓမ္မောဟိ သဘာဝေါ။

ပိဋကဇာတ်အဋ္ဌကထာ၊ စတုကနိပါတ်၊ နံပါတ်-၁၁၃၊ ကြောင်းရေ ၁-၌ ဤပါဠိမျိုး ၁၂-ပုဒ် စုဆောင်းထား၏။

ဓမ္မောဟိ၊ တရားဆိုသည်ကား။ သဘာဝေါ၊ ရုပ်သဘော နာမ်သဘော နိဗ္ဗာန်သဘောမျှသာတည်း။ (ဝါ)၊ တနည်းကား။ သဘာဝေါ၊ သဘော ဆိုသည်ကား။ဓမ္မောဟိ-ဓမ္မောဝေ၊ စိတ်တရား စေတသိက်တရား ရုပ်တရား နိဗ္ဗာန်တရားသာလျှင်တည်း။

သဘောသည် တရားပါဘဲ၊ တရားဆိုတာလဲ သဘောပါဘဲ။ အဲဒါမှ ပရမတ်တရားဘဲ။ ယောကျ်ား,မိန်းမ,ငါ,သူတပါး,ပုဂ္ဂိုလ်,သတ္တဝါ-စသော ၂၆-ပါး အတ္တဓရှိဟု ပယ်သည် နုတ်သည် ခွါသည် ကွာစေသည်။

(ဆ) ဓမ္မာ နိဿတ္တာ နိဇ္ဇီဝ သဘာဝါ။ ။အဋ္ဌသာလိနီအဋ္ဌကထာ။

ဓမ္မာ၊ တရားတို့မည်သည်ကား။ သဘာဝါ၊ သဘောမျှသာရှိကြကုန်၏။ နိဿတ္တာ၊ သတ္တဝါဆိုတာလဲမရှိကုန်။ နိဇ္ဇီဝါ၊ အသက်, လိပ်ပြာလဲ မရှိကုန်။ ဓမ္မာနှင့်သဘာဝကား ပရမတ္ထတည်း။ (တရားနှင့်သဘောပါဘဲ)။ သတ္တနှင့် ဇီဝကား ပညတ်တည်း။ (သတ္တဝါ, အသက်) မရှိတာ အရှိလုပ်ပုံ ဓမ္မနှင့် သဘာဝကိုတွေ့လျှင် အတ္တနှင့်ဇီဝ အစွဲမှား အယူမှား ပြုတ်သွားပါပြီ။

(ဇ) တေသံ စက္ခုသောတ ဃာနဇိဝှါ ကာယမနောဓာတု မနော ဝိညာဏဓာတု ဘေဒေန တဿ အနေကတံ စက္ခုရူပါဒိပစ္စယာ ယထာ ဝုတ္တိတာယ အနိစ္စတဋ္ဌ ပကာသေတွာ ဒီဃရတ္တာ နုသယိတံ ဇီဝသညံ သမူဟနိတုကာမေန ဘဂဝတာ အဋ္ဌာရသ ဓာတုယော ပကာသိတာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ် နံပါတ်-၁၀၄၊ကြောင်းရေ ၇-သုမှူ။

ထိုထို လူ, နတ်, ဗြဟ္မာတွေမှာ တကယ့်ကို ရှိ၍နေတာကတော့ (စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်,မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ အပြားအားဖြင့် အနေက များပြားလှစွာ ဓာတ်သဘောတရား အနေနှင့်သာရှိ၍ နေပါသည်)။ (ပုဂ္ဂိုလ်, သတ္တဝါဆိုတဲ့ အမှားတွေ မရှိပါ) ထိုထိုစက္ခုနှင့်ရူပတို့ သောတနှင့်သဒ္ဒတို့ ဃာနနှင့်ဂန္ဓတို့

ကာယနှင့်ဖဿဒွါတို့ မနနှင့်မနောတို့ အာရုံအာရမ္မဏိက အဖြစ်ဖြင့် ကျေးဇူးပြုကာနေကြလို့ မမြဲပုံ, ဆင်းရဲပုံ, အစိုးမရပုံတို့ကို ပြပြီး သံသရာကာလ ပတ်လုံး ရှည်လျားစွာ အစွဲအလန်း ပါလာတဲ့ အနုသယ အသက်ဇီဝ လိပ်ပြာရှိတယ်ဆိုတဲ့ သိမှား, မှတ်မှား, အယူမှားတာတွေကို ချုပ်ငြိမ်း ပပျောက် ပယ်နုတ်လိုပါသဖြင့် မြတ်စွာဘုရား သခင်ကြီးက ၁၈-ပါးသော ဓာတ်တရားတော်ကြီးကို မဟောဘဲ မနေနိုင် ဟောနေရပါသည်၊ အရေးကြီးလှ၏။

(အနက်ကား) တေသံ၊ ထိုပရမတ္ထတရားတို့တွင်။ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနောဓာတု မနောဝိညာဏဓာတုံ ဘေဒေန၊ စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်,ဇိဝှါဓာတ်,ကာယဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ အပြားအားဖြင့်။ တဿ ထိုဓာတ်တရား၏။ အနေကတ်၊ တပါးမက များပြားလှသည့် အဖြစ်ကိုရင်း။ စက္ခုရူပါဒိပစ္စယာ၊ စက္ခု ဓာတ်နှင့် ရူပအစရှိသော ဓာတ်တို့ ကျေးဇူးပြုခြင်းကြောင့်။ ယထာဝုတ္တိ တာယ၊ အကြင်အကြင် ဓာတ်သဘောတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ် ဖောက်ပြန်၍ခနေသဖြင့်။ အနိစ္စတဥ္စ၊ အမြဲမရှိသော သဘောကိုရင်း။ ပကာ သေတွာ၊ ပြ၍။ ဒီဃရတ္တာနုသယိတံ၊ နေ့ညများစွာ ကိန်းဝပ်၍လာသော။ ဇီဝသညံ၊ အသက်လိပ်ပြာ ရှိ၏ဟူသော မှတ်မှား,သိမှား,အယူမှားခြင်းကို။ သမူဟနိတုကာမေန၊ ပယ်သတ် နုတ်ဖြတ်ခြင်းငှာ အလိုရှိသော။ ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်။ အဋ္ဌာရသဓာတုယော၊ ၁၈-ပါးသော ဓာတ် တရားတို့ကို။ ပကာသိတာ၊ ထင်ရှားအောင် ပြသတော်မူအပ်လေကုန်ပြီ တကား။

(ဈ) ၂၉။ ဓာတ်အထိတွေ့မှု (ဇာနာတိ) ဓာတ်အသိမြင်မှု (ပဿတိ) တဲ့ဗျား။

ဇာနာတိ ပဿတီတိ သဟ ဝိပဿနာယ မဂ္ဂေါ ဝုတ္တော၊ပထဝီဓာတု အာဒယော သဝိညာဏကကာယံ သုညတော နိဿတ္တတော ဒဿေတုံ ဝုတ္တာ။

ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဗဟုဓာတုကသုတ်အဖွင့်။

ဇာနာတိ ပဿတိတိ၊ တွေ့တယ်,မြင်တယ် ဟူသည်ကား။ ဝိပဿနာယ၊ ဝိပဿနာအတွေ့ အမြင်နှင့်။ သဟ၊ တကွ။ မဂ္ဂေါ၊မဂ်က အတွေ့အမြင်ကို။ ဝုတ္တော၊ ဆိုအပ်ပါ၏။ ပထဝီဓာတုအာဒယော၊ ပထဝီဓာတ် အစရှိသည်တို့ကို။ သဝိညာဏကကာယံ၊ အသက် ဝိညာဉ်ရှိသောကိုယ်ကို။ သုညတော၊ ဆိတ်သုဉ်းသော အားဖြင့်။ နိဿတ္တတော၊ သတ္တဝါမရှိသော အားဖြင့်။ ဒဿေတုံ၊ ပရမတ်အမှန်ကိုပြခြင်းငှာ။ ဝုတ္တာ၊ ဟောအပ်ကုန်၏။

ဆိုလိုရင်းမှာ၊ စက္ခု သောတစသော ဓာတ်များ ပထဝီစသော ဓာတ်များ၌ ဇီဝမရှိ သုညသာတည်း၊သတ္တမရှိ သုညသာတည်း။ဒီလိုဟောပြတော့ သိသဖြင့် အတွေ့ရှာ အမြင်ရှာတယ်၊ ဝိပဿနာအခိုက်၌ ဌာန,သဘာဝ, ပမာဏ, ကလာပ, ပဟာန, ဉာဏ, အာနုဘာဝ ခုနစ်ပါးနှင့်တွေ့တော့ (ဇာနာတိ)ကိုယ်တွေ့သိ ဖြစ်တော့၏၊(ပဿတိ)ဉာဏ်တွေ့အမြင်ဖြစ်တော့၏။ အဲဒါကို တွဲပြတော့ (ဇာနာတိ-ဇာနတော) ကိုယ်တွေ့ဘဲ၊ (ပဿတိ-ပဿတော)ဉာဏ်မြင်ဘဲဟု အနက်ပြန်ဆိုပါသည်။

၃၀။ ဓာတ်သဘော၌ ဓုဝ,သုဘ,သုခ,အတ္တ ကင်းဆိတ်နေပုံ။

အပိစ အဇ္ဈတ္တိကာနိ သုညဂါမောဝိယ ဒဋ္ဌဗ္ဗာနိ၊ဓုဝ သုဘ သုခတ္တဘာဝ ဝိရဟိတတ္တာ ဗာဟိရာနိ ဂါမဃာတကစောရာဝိယ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒု-အုပ် နံပါတ်-၁၀၁၊ကြောင်းရေ ၉-သုမူ။

အပိစ၊ စင်စစ်သော်ကား။ အဇ္ဈတ္တိကာနိ၊ အဇ္ဈတ္တိကဖြစ်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဓာတ် ၆-ပါးတို့ကို။ သုညဂါမောဝိယ၊ ရွာဆိုးကုန်းကြီးကဲ့သို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဓုဝသုဘသုခတ္တဘာဝဝိရဟိတတ္တာ၊ခိုင်ခံ့ခြင်း,တင့်တယ်ခြင်း, ချမ်းသာခြင်း,အစိုးရခြင်း အဖြစ်မှကင်းသောကြောင့်ပင်တည်း။ ဗာဟိရာနိ၊ ဗာဟိရဖြစ်ကုန်သော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဓာတ် ၆-ပါးတို့ကို။ ဂါမဃာတကစောရာဝိယ၊ ရွာကိုသတ်သော ခိုးသူကြီးကဲ့သို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏၊ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ။ဓုဝသုဘသုခတ္တဘာဝဝိရဟိတတ္တာ၊ ခိုင်ခံ့ခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အစိုးရခြင်း အဖြစ်မှ ကင်းသောကြောင့်တည်း။

၃၁။ ခေတ်တခုထဲ သဲသဲမဲမဲ ရှုပွါးရုံနှင့် မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်နိုင်
ပါသည်။

သာဝကာဟိ စတုန္နံ ခေတူနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသ အဋ္ဌကထာနှင့် အနုပဒသုတ် အဖွင့်များ။

ဟိသစ္စံ၊မှန်၏၊ သာဝကာ၊သာဝကသုံးမျိုးတို့သည်။စတုန္နံ ခေတူနံ၊၄-ပါး ကုန်သော ခေတ်တရားတို့တွင်။ ကေဒေသမေဝ၊ တစိတ်တဒေသကိုသာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။

၃၂။ နာမ်ခေတ်နှင့် ရုပ်ခေတ် တခုခု ကိုယ်တွေ့ သိပါလျှင် အထူးထူး
ကျင့်စရာမရှိပါ၊ ဒါ၌ ခဲပါလေ။

နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဥ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နံပါတ်-၇၅၊ ကြောင်းရေ ဂ-ဟံမူ။

နာမရူပေ၊ နာမ်ခေတ်နှင့်ရုပ်ခေတ်ကို။ ပရိညာတေ၊ ကိုယ်တွေ့ဖြင့် ပိုင်းခြား၍သိသည်ရှိသော်။ အရိယသာဝကဿ၊ အရိယာတပည့်အား။ ကိဥ္စိ၊ တစုံတခုသော။ ဥတ္တရိ၊ အလွန်။ ကရဏီယံ၊ ပြုဘွယ်သည်။ နတ္ထိ၊ မရှိချေ။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။ ။နာမ်,ရုပ် ၂-ပါးတွေ့လျှင် ပရိညာဆိုက် ဝိသုဒ္ဓိဆိုက် ဉာဏ်ဆိုက်အောင် ကျင့်ကျင့် သွားဘို့သာ ကိစ္စရှိပါတော့သည်။နာမ်,ရုပ်,အပြင် ခန္ဓာ,အာယတန,ခေတ်,သစ္စာ, ရှာနေဘို့ မလိုတော့ပါ၊ အစုံ ပါသွားပါပြီ၊ ထူးထွေပြီး ခန္ဓာအနိစ္စ အာယတန အနိစ္စ ဓာတ်အနိစ္စ သစ္စာအနိစ္စ ရှာဘို့မလိုတော့ပါ။

၃၃။ နာမ်ခေတ်ရုပ်ခေတ် သိမ်းဆည်းမိသော် နေယျပုဂ္ဂိုလ်အား မဂ်ရ
တော့မည်။

ရူပါရူပပရိဂ္ဂဟာဒိဝသေန နေယျဿ ပရိညာ ဘဝတိ။

ပဋိပတ္တိက္ကမ ဋီကာပါဠိ၊နံပါတ်-၂၀၇၊ ကြောင်းရေ ၆-သုမူ။

ရူပါရူပပရိဂ္ဂဟာဒိဝသေန၊ဒါကရုပ်ဘဲ ဒါကနာမ်ဘဲဟု သိမ်းဆည်းခြင်းစသည်တို့၏အစွမ်းအားဖြင့်။ နေယျသ၊ နေယျပုဂ္ဂိုလ်အား။ ပရိညာ၊ ဉာတ, တီရဏ, ပဟာန-ပရိညာ ၃-ပါးသည်။ ဘဝတိ၊ ဖြစ်၏။ ။ရုပ်,နာမ် ၂-ခုသာရှု၍နေပါလျှင် နေယျပုဂ္ဂိုလ်အတွက် ပရိညာ ၃-ပါးရမည်။ မဂ်, ဖိုလ် ရောက်မည်။ ပထမသာသနာနှစ် ၁၀၀၀-၌ ပဋိသမ္ဘိဒါပတ္တ အတွက်၊ ဒုတိယ သာသနာနှစ် ၁၀၀၀-၌ ဆဠဘိည အတွက်၊ ယခု သာသနာနှစ် တတိယ ၁၀၀၀-၌ကား နေယျပုဂ္ဂိုလ် တေဝိဇ္ဇာ အတွက်မို့ ယခုမှ ကျန် သာသနာနှစ် ၅၀၀-အတွင်း၌ နေယျပုဂ္ဂိုလ်အဖြစ်နှင့် တေဝိဇ္ဇရဟန္တာအထိ တက်ရောက်နိုင်ပါသည်၊ ကြိုးစားအားထုတ်ကြပါကုန်။

၃၄။ အာယတန ဆဲ့နှစ်ပါးဟာလဲ ရုပ်ဓာတ် နာမ်ဓာတ် ၂-ခုပါဘဲ အပိုမရှိပါ။

ဒွါဒသာပိ အာယတနာနိ နာမရူပမတ္တမေဝ ဟောန္တိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်-၁၀၁၊ ကြောင်းရေ ၁၈-သုမူ။

ဒွါဒသာပိ အာယတနာနိ၊ ၁၂-ပါးသော အာယတန တို့သည်လည်း။ နာမရူပမတ္တမေဝ၊ နာမ်,ရုပ်, မျှသည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ အဘိဓမ္မာ ၇-ကျမ်း၌ ဟောခဲ့သမျှ ကမ္ဘာလောက၌ ရှိရှိသမျှ တရားစုနှင့် အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး သစ္စာ ၄-ပါး ခန္ဓာ ၅-ပါး ပဋိစ္စ သမုပ္ပါဒ် ၁၂-ပါး, ၁၈-ပါး ပဋ္ဌာန်း ၂၄-ပစ္စည်း, ဘဝ ယောနိ ဂတိဋ္ဌိတိ သတ္တဝါသ အားလုံးတို့ပါ (ရုပ်ဓာတ် နာမ်ဓာတ် ၂-ပါး၌ စုဝေးရကုန် သဖြင့် ရုပ်,နာမ် ၂-ပါးသာ ဖြစ်ကုန်၏။ မဂ်ရအောင် ရုပ်,နာမ်,သာ မဲ၍ ရှုပါလေ။

၃၅။ နာမရူပပစ္စယ ၁၆-တန်တို့၌ တခုခုတရား၌ မဲမဲရှုပါလေ။

ဝိပဿကေန ပန ကမ္မန္တရဉ္စ ဝိပါကန္တရဉ္စ ဧကဒေသတော ဇာနိတဗ္ဗံ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်-၂၀၈၊ ကြောင်းရေ ၁၈-သုမူ။

ပန၊ ဝိပဿနာ ပွါးများရာ၌ အကျယ်မချဲ့ရပုံကို ပြဆိုပါဦးအံ့။ ဝိပဿကေန၊ ဝိပဿနာရှုပွါးသောယောဂီသည်။ ကမ္မန္တရဉ္စ၊ ကံထဲကထူးတဲ့တခုခု

ကိုင်း။ ဝိပါကန္တရဋ္ဌ၊ ဝိပါက်ထဲကထူးတဲ့ ဝိပါက် တခုခုကိုင်း။ ကေဒေသတော၊ တစိတ်တဒေသအားဖြင့်။ ဇာနိတဗ္ဗံ၊ သိအပ်၏။

ဝိပဿနာပွါးသူများ သတိထားရန်မှာ၊ ရုပ်တရား အဘယ်မျှများများ နာမ်တရား ဘယ်လောက်ပင်များများ ထို့အတူ ပရိညာ ဝိသုဒ္ဓိ ဉာဏ်စဉ် ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းတို့ အဘယ်မျှပင် များများ ထင်ရှားတာ တခုခု၌ စွဲမြဲရှုပါလေ။ တစိတ်တဒေသလောက်သာ ရှုပါလေ၊ အကျယ်ကြီးမရှုပါနှင့်။ ကောဓမ္မောလဲ သတိပြုပါ။ ကောယနော လဲမမေ့ပါနှင့်။ ဝေနေယျတခု တရားတခုထဲပါ။ ရှဉ့်တကောင် များတစင်းပါ။ ငါးသိုင်းများ ဟင်းဟုန်တတ်ပါသည်။

၃၆။ ဘဝ ၉-ပါး၊ယောနိ ၄-ပါး၊ဂတိ ၅-ပါး၊ဌိတိ ၇-ပါး၊သတ္တာဝါသ ၉-ပါးတို့၌ (၁) အကြောင်းအကျိုး စပ်ခြင်းတခုထဲရှုပါ၊ ၎င်းတို့၌ ရုပ်, နာမ်တခုထဲရှုပါ၊ မချဲ့ပါနှင့်။

သဗ္ဗဘဝ ယောနိ ဂတိ ဌိတိ နိဝါသေသု ဟေတုဖလသမ္ဗန္ဓဝသေန ပဝတ္တမာနံ နာမရူပမတ္တမေဝ ခါယတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒု-အုပ် နံပါတ်-၂၀၉၊ကြောင်းရေ ၃-သုမူ။

သဗ္ဗဘဝယောနိဂတိဌိတိနိဝါသေသု၊ အလုံးစုံသော ဘဝ ၉-ပါး, ယောနိ ၄-ပါး,ဂတိ ၅-ပါး,ဌိတိ ၇-ပါး,သတ္တာဝါသ ၉-ပါးတို့၌။ဟေတုဖလသမ္ဗန္ဓဝသေန၊ အကြောင်းအကျိုး စပ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တမာနံ၊ဖြစ်သည်ရှိသော်။ နာမရူပမတ္တမေဝ၊နာမ်,ရုပ် ၂-ပါးမျှသည်သာလျှင်။ ခါယတိ၊ ထင်မြင်ရတော့၏။ ။ချဲ့လျှင် ဥဒ္ဒစ္စဖြစ်တတ်သည်။

၃၇။ ဓာတ် ၆-ပါး ကိုယ်တွေ့ ဉာဏ်တွေ့သိလျှင် ဓာတုကုသလဘွဲ့ကြီးရပုံ။

ဆဟိမာ အာနန္ဒ ဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇော ဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု၊ ဣမာခေါ အာနန္ဒ ဓာတုယော ယတော ပဇာနာတိ-ယတော ပဿတိ၊ တ္တောဝတာပိ ခေါ အာနန္ဒ ဓာတုကုသလော။

ဥပရိပဏ္ဏာသပါဠိတော်၊ ဗဟုဓာတုကသုတ်တော်။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ပထဝီဓာတု၊ ပထဝီဓာတ်ငင်း။ အာပေါဓာတု၊ အာပေါဓာတ်ငင်း။ တေဇောဓာတု၊ တေဇောဓာတ်ငင်း။ ဝါယောဓာတု၊ဝါယောဓာတ်ငင်း။ အာကာသဓာတု၊ အာကာသဓာတ်ငင်း။ ဝိညာဏဓာတု၊ဝိညာဏဓာတ်ငင်း။ ဣတိ၊ဤသို့။ ဓာတုယော၊ဓာတ်တို့သည်။ဣမာဆ၊ဤ ၆-ပါးတို့ပင်တည်း။ အာနန္ဒ၊ချစ်သားအာနန္ဒာ။ ဣမာခေါ ဓာတုယော၊ ဤ ၆-ပါးသော ဓာတ်တရားတို့ကို၊ ယတော၊ အကြောင်းဌာနမှ။ ပဇာနာတိ၊ ကိုယ်တွေ့ပေါ်၍သိ၏။ ယတော၊ အကြောင်းဌာနမှ။ ပဿတိ၊ ကိုယ်တွေ့ပေါ်၍ ဉာဏ်ဖြင့်မြင်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တ္တောဝတာပိခေါ၊ ဤမျှဖြင့် သာလျှင်။ ဓာတုကုသလော၊ဓာတ်တရား၌ လိမ်မာသည်။ဟောတိ၊ဖြစ်၏။ ။ ဤ၌ ပါဠိအနက်ဖြင့်ပင် သိသာထင်ရှားလှပါပြီ။

၃၀။ ဇာနာတိ ပဿတီတိ သဟ ဝိပဿနာယ မဂ္ဂေါ ဝုတ္တော၊ ပထဝီဓာတု အာဒယော သဝိညာဏကကာယံ သုညတော နိဿတ္တတော ဒဿေတုံ ဝုတ္တာ။

ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဗဟုဓာတုကသုတ် အဖွင့်တည်း။

ဤပါဠိအနက်နှင့် အဓိပ္ပါယ်ကို အောက်တွင် (စျ) ၂၉-၌ အပြည့်အစုံ ရေးခဲ့ပါပြီ။ ဇာနာတိဆိုတာ ဌာန,သဘာဝ, ပဏာမ, ကလာပ, ပဟာန, ဉာဏ, အာနုဘာဝနဲ့ ကိုယ်တွေ့ တွေ့ခြင်းပါဘဲ၊ ဝိပဿနာ အခိုက်၌ရင်း, မဂ်အခိုက်၌ရင်း တွေ့ခြင်းပါဘဲ။ ပဿတိဆိုတာလဲ ယင်း ၇-ပါးဖြင့် တွေ့၍ ဝိပဿနာအခိုက် မဂ်အခိုက်၌ ဉာဏ်ဖြင့် သိရခြင်းတည်း။ ဓာတ် ၆-ပါး တပါးပါး ပေါ်တိုင်းပင် ငါ-သူစသည်မှ ဆိတ်သုဉ်းခြင်း, သတ္တဝါမှ ဆိတ်သုဉ်းခြင်း တွေ့ရတော့သည်။

၃၉။ ဓာတ်ပေါ်မှ သုညတွေ့ အနတ္တတွေ့ပုံ။

တာသု တာသု ဓာတူသု ဉာဏေန ဝိနိဘုဇ္ဇိတွာ ဝိနိဘုဇ္ဇိတွာ ဒိဿမာနာသု ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏပိဏ္ဍောဝိယ ဝိလယံ ဂစ္ဆန္တိ၊ ယထာ ပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မမတ္တာတိ အနတ္တလက္ခဏံ ပါကဋ္ဋတရံ ဟောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

တာသုတာသုဓာတူသု၊ ထိုထိုသို့သော ဓာတ် ၄-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၈-ပါးတို့၌။ ဉာဏေန၊ ဉာဏ်ဖြင့်။ ဝိနိဘုဇ္ဇိတွာ-ဝိနိဘုဇ္ဇိတွာ၊ ထိုးဖောက် ဖြိုခွဲ၍။ ဒိဿမာနာ၊ ထင်မြင်လာသည်ရှိသော်။ ဟတ္ထေန၊ လက်ဖြင့်။ ပရိမဇ္ဇိယမာနေ၊ ကြိတ်ချေ ဆုတ်နယ်အပ်သော။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြှုပ်အစိုင်ကဲ့သို့။ ဝိလယံ၊ ကြေပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနာ၊ ဖြစ်သည်ရှိသော်။ ဧတေ၊ ဤဓာတ်တရားတို့သည်၊ သုညာ၊ အတ္တဒိဋ္ဌိ ၂၆-မျိုးမှ ဆိတ်ကုန်၏။ဧတေ၊ ဤဓာတ်တရား တို့သည်။ ဓမ္မမတ္တာ၊ သူ့သဘောအတိုင်း သူဆောင်၍ ဖြစ်ခနေတဲ့ တရားတို့ပင်တည်း။ ဣတိ၊ ဤသို့။ အနတ္တလက္ခဏံ၊အနတ္တလက္ခဏာ ၂၆-မျိုးသည်၊ ပါကဋ္ဌဘာဝံ၊အလွန့်အလွန် ထင်ရှားသည်။ဟောတိ၊ဖြစ်၏။ ။ ပါဠိအနက်နှင့်ပင် သိလောက်၍ မချဲ့ပြီ။

၄၀။ ဓာတ်ခွဲပေါ်တော့ ဃနမပျောက် အနတ္တငုပ်၍ခနေပုံ။

နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ အနတ္ထလက္ခဏံ န ဥပဋ္ဌာတိ။

ဝိဘင်းနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂-ကျမ်း။

နာနာဓာတုဝိနိဗ္ဘောဂဿ၊ အထူးထူးသောဓာတ်ကို ခွဲခြား ပိုင်းခြားခြင်းကို။ အမနသိကာရာ၊တွေ့လဲမတွေ့ နှလုံးလဲမသွင်းခြင်းကြောင့်၊ ဃနေန၊ အစိုင်အခဲဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏ အဖြစ်ကြောင့်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာ ၂၆-မျိုးသည်။ နဥပဋ္ဌာတိ၊ မထင်ပေ။

၄၁။ ဓာတ်ခွဲပေါ်တော့ဃနပျောက်ပြီး အနတ္တလက္ခဏာပေါ်ပုံ။

နာနာဓာတုယော ပန ဝိနိဘုဇ္ဇိတွာ ဃနေ ဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

ဝိဘင်းနှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ နံပါတ်-၄၃၊ ကြောင်းရေ ၂၈-ဇံမူ။

ပန၊ ဃနပျောက်ပုံ အနတ္တလက္ခဏာ ပေါ်ပုံကို ပြဆိုဦးအံ့။ နာနာဓာတုယော၊ အထူးထူးသောဓာတ်တို့ကို။ ဝိနိဘုဇ္ဇိတွာ၊ ဖြိုခွဲဖောက်ထွင်း၍။ ဃနေ၊ အစိုင်အခဲဃနကို။ ဝိနိဗ္ဘောဂေ၊ ဖြိုခွဲပိုင်းခြား ထိုးဖောက်ခြင်းကို။ ကတေ၊ပြုအပ်သည်ရှိသော်။အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာ ၂၆-မျိုးသည်။

ယာဝတာဝသရသတော၊ ဟုတ်မှန်သော မိမိသဘော အားဖြင့်။ဥပဋ္ဌာတိ၊ ထင်မြင်လာရတော့၏။

၄၂။ ခေတ်ပေါ်၍ သတ္တ ပုဂ္ဂလပျောက်၊ ဗာလ အန္ဓ ပုထုဇ္ဇနမှ လွတ်ရပုံ။

ဣမဿ ပန ဘိက္ခုနော ပုဗ္ဗေ ဗာလပုထုဇ္ဇနကာလေ ဂိဟိဘူတဿာပိ ပဗ္ဗဇိတဿာပိ တာဝဒေဝ သတ္တောတိဝါ ပုဂ္ဂလောတိဝါ သညာ အန္တရ ဓာယတိ၊ ယာဝ ဣမမေဝ ကာယံ ယထာ ဌိတံ ယထာ ပဏိဟိတံ ဃန ဝိနိဗ္ဘောဂံ ကတွာ ဓာတုသော ပစ္စဝေက္ခတိ၊ ဓာတုသော ပစ္စဝေက္ခတော ပနဿ သတ္တသညာ အန္တရဓာယတိ၊ ဓာတုဝသေနေဝ စိတ္တံ သံတိဋ္ဌတိ။

မူလပဏ္ဏာသအဋ္ဌကထာ၊ နံပါတ်-၂၅၄၊ ကြောင်းရေ ၅-ဇံမူ။

ဣမဿ ပန ဘိက္ခုနော၊ ဤရဟန်းအားကား။ ပုဗ္ဗေ၊ ဂိပဿနာမပွါးမီ ရှေးအဘို့၌။ ဗာလ ပုထုဇ္ဇန ကာလေ၊ မိုက်မဲသော ပုထုဇဉ်အဖြစ်၌။ ဂိဟိဘူတဿာပိ၊ လူဖြစ်စဉ်က ရှင်း။ ပဗ္ဗဇိတဿာပိ၊ ရဟန်း ဖြစ်စဉ်က ရှင်း။ တာဝဒေဝ၊ ထိုထိုခေတ်ပေါ်သောအခါ၌သာလျှင်။ သတ္တောတိဝါ၊ သတ္တဝါ ဟူသော။ ပုဂ္ဂလောတိဝါ၊ ပုဂ္ဂိုလ်ဟူသော။ သညာ၊ အမှတ်မှားသည်။ အန္တရဓာယတိ၊ ချုပ်ကွယ်တော့၏။ ယာဝ၊ အကြင်မျှလောက်။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုသာလျှင်။ ယထာဌိတံ၊ တည်မြဲအတိုင်း။ ယထာပဏိ ဟိတံ၊ ဆောက်တည်မြဲ အတိုင်း။ ဃနဝိနိဗ္ဘောဂံ၊ ဃနဖြိုခွဲခြင်းကို။ ကတွာ၊ ပြု၍။ ဓာတုသော၊ ဓာတ်သဘော အားဖြင့်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဓာတုသော၊ ဓာတ်သဘော အားဖြင့်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုသူအား။ သတ္တသညာ၊ သတ္တဝါဟူသောအမှတ်မှားသည်။ အန္တရ ဓာယတိ၊ ပျောက်ကွယ်တော့၏။ ဓာတုဝသေနေဝ၊ ဓာတ်သဘော၏အစွမ်း ဖြင့်သာလျှင်။ စိတ္တံ၊ စိတ်သည်။ သံတိဋ္ဌတိ၊ တည်တော့၏။ ။ခေတ်ပေါ်က် ဃနပျောက် သတ္တပျောက် ပုဂ္ဂလပျောက် အန္ဓ ဗာလ ပုထုဇ္ဇန အဖြစ်မှ လွတ်မြောက်ပါပြီတဲ့ဗျား။

၄၃။ ခေတ်ခန္ဓာငါးပါး၌ ငါစွဲ ငါ့ဥစ္စာစွဲလျှင် ဗာလပုထုဇ္ဇဉ်ဘဲတဲ့။

ဣမဿ ပန ဘိက္ခုနော ဗာလပုထုဇ္ဇနကာလေ ခန္ဓပဥ္စကေ အဟံ မမာတိ ဂဟိတကာလော။

အဋ္ဌသာလိနီအဋ္ဌကထာ။

ဣမဿပနဘိက္ခုနော၊ ဤရဟန်းအား။ ဗာလပုထုဇ္ဇနကာလေ၊ ဗာလ ပုထုဇဉ်ဖြစ်သောအခါ၌။ ခန္ဓပဥ္စကေ၊ ခတ်သားဖြစ်တဲ့ ခန္ဓာငါးပါး၌။ အဟံ၊ ငါပင်တည်း။ မမ၊ ငါ့ဉစ္စာပင်တည်း။ ဣတိ၊ ဤသို့။ ဂဟိတ ကာလော၊ သက္ကာယဒိဋ္ဌိဖြင့်ယူမှားသောကာလကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

၄၄။ ဣမဿ ပန ဘိက္ခုနော ဗာလပုထုဇ္ဇနကာလေ ပဥ္စက္ခန္ဓေ အဟံ မမာတိ ဂဟိတကာလော။ ။ရူပဝိဘာဂ၊ အဋ္ဌကထာ ၄၃–နှင့်တူပြီ။

၄၅။ ဗာလပုထုဇ္ဇနဿ ခန္ဓပဥ္စကေ အဟံ မမာတိ ဂဟဏံ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်–၂၆၇၊ ကြောင်းရေ ၂၂–သုမှူ။

ဗာလပုထုဇ္ဇနဿ၊ ဗာလပုထုဇဉ်အား။ ခန္ဓပဥ္စကေ၊ ခတ်သား ခန္ဓာငါးပါး၌။ အဟံ၊ ငါပင်တည်း။ မမ၊ ငါ့ဉစ္စာပင်တည်း။ ဣတိ၊ ဤသို့။ ဂဟဏံ၊ ဒိဋ္ဌိစွဲဖြင့်ယူခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၄၆။ ဗာလပုထုဇ္ဇနဿ အဟံ မမာတိ ခန္ဓာနံ ဂဟဏံ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်–၂၆၈၊ ကြောင်းရေ ၅–သုမှူ။ ။ (၄၅)နှင့် တူပြီ။

၄၇။ ခတ်တရား သဒ္ဓမ္မမသိလို့ ဗာလများ သံသရာကြီး ရှည်လျား ရသည်။

ဒီဃော ဗာလာနသံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဓမ္မပဒပါဠိတော်၊ နံပါတ်–၈၊ ကြောင်းရေ ၁၇–သုမှူ။

သဒ္ဓမ္မံ၊ ခတ်တရား သဒ္ဓမ္မကို။ အဝိဇာနတံ၊ မတွေ့မသိ ကြကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ သံသရာကြီးသည်။ ဒီဃော၊ ရှည်လျားလှပေ၏။

၄၈။ ခတ်တရားတွေ့လို့ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ပြုတ်ကျပုံ။

ယာ စ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီဓာတု။ ပထဝီယေ ဝေသာ နေတံ မမ၊ နေသော ဟမသ္မိ။ နေသော မေ အတ္တာတိ၊ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

စတုက၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ နံပါတ် ၄၁၂-ဟံမူ။

ရာဟုလ၊ ချစ်သားရာဟုလာ။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တိကဖြစ်သော။ ယာစ ပထဝီဓာတု၊ အကြင် ပထဝီဓာတ်သည်ရှင်း။ ဗာဟိရာ၊ ဗာဟိရ ဖြစ်သော။ ယာစပထဝီဓာတု၊အကြင်ပထဝီဓာတ်သည်ရှင်း။အတ္ထိ၊ရှိ၏။သော၊ဤ ၂-ပါး သော အဇ္ဈတ္တိက,ဗာဟိရပထဝီဓာတ်သည်။ပထဝီယေဝ၊ပထဝီဓာတ် သဘော တခုထဲသာတည်း။ (တော်၊ ဤပထဝီဓာတ်သည်။ န မမ၊ ငါ၏ဥစ္စာ မဟုတ် ပါတကား)။ တဏှာစွဲပြုတ်ကျပုံ။ (သော၊ ဤပထဝီဓာတ်သဘောသည်။ အဟံ၊ ငါသည်။ န အသ္မိ၊ မဖြစ်ပါ တကား)။ မာနစွဲ ပြုတ်ကျပုံတည်း။ (သော၊ဤပထဝီဓာတ်သဘောသည်။ မေ၊ငါ၏။ အတ္တာ၊အစိုးရခြင်းသည်။ န၊မဟုတ်ပါတကား)။ ဒိဋ္ဌိစွဲ ပြုတ်ကျပုံတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပ္ပညာယ၊ မဖောက်မပြန် မှန်ကန်သောပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ အဲဒါ ယထာဘူတဉာဏ်ရပုံနှင့် သမ္မပညာရရှိပုံတည်း။

ဉာဏစာဂီ မဟာထေရ် တင်ပြသော ပါဠိ အဋ္ဌကထာနှင့် ကိုးကား၍ သက်သေ ပြထားသော စာတမ်းသည် ပိဋကတ်ကျမ်းစာ ပါဠိတော် အဋ္ဌကထာစကားပင်ဖြစ်၍ ပါဠိတော် ရုံးတော် အဋ္ဌကထာ ရုံးတော် ၂-ရပ်မှ ဆုံးဖြတ်အပ်သောစာတမ်းဟူ၍ အတည်ပြုလိုက်ပါသည်။

ရုံးတော်ကြီး ၂-ရပ် အဆုံးအဖြတ်ကား ပြီး၏။

---

## (၉) ဆွေးနွေးခဏ်း

နှမ်းတလုံးစာမျှသောဂုဏ်ကိုငဲ့ကွက်၍၊
မြင့်မိုရ်တောင်မကသောအကျိုးကို မပျက်ကြပါစေလင့်။

ယခု ပြခဲ့သော သာမက တွေနှင့် ရုပ်, နာမ်, အနိစ္စ, ဒုက္ခ, အနတ္တ, ပရိညာ, ဝိသုဒ္ဓိ-ဉာဏ်စဉ် စသည် တို့ကား မူလ, ဘူတ, ပကတူပ-ဖြစ်တဲ့ ဓာတ်ကို ဦးစွာတွေ့ပြီးမှ ဆက်လက်ရလာတဲ့ တရားများသာဖြစ်ကြောင်းကို

၄၈-ခုသော ပါဠိ သာဓက ကျမ်းဂန်လာ စကား မျှဖြင့် အမြွက်မျှ သတိပေးအပ်ပါသည်။ (ကယ်တာကို) အထင်မှားပြီး (ကျယ်တာ)ဟု မယူဆကြပါနှင့်၊ နိဗ္ဗာန်ဝင် တရားတော်၌လည်း (အားလုံး ခတ်ချည်းဘဲ)ဟု ရေးခဲ့ပါပြီ။ ဘယ်ကမ္မဋ္ဌာန်းနှင့်ပင်စစ ခတ်အထိ တွေ့ရမှ လုံးဝ မှန်ကန်ပါသည်။

နိုင်ငံအနှံ့အပြားလှည့်လည်ကာ **သာသနာ**ပြုတော့၊
ကိုယ်တိုင်တွေ့လာခဲ့ရသော မှတ်တမ်းကလေးတခုပါ။

(အဘိဓမ္မာ ဆရာတဦးနှင့် ဆွေးနွေးခဏ်း)။ ။အဘိဓမ္မာ ဆရာကြီးတဦးက လာရောက်ပြီး သူသည် သင်္ဂြိုဟ် အတိုင်း အဘိဓမ္မာ အတိုင်း သဘောပေါက်၍ (သိ၍,တတ်၍,လိမ္မာ၍) နေပါသည်။ ဒိဋ္ဌိများလဲ မရှိတော့ပါ။ ဝိစိကိစ္ဆာလဲကွာ၍နေပါသည်-တဲ့။ စာသဘောအတိုင်း သဘောတရားတို့ကို သိ-သိ နေတော့ ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါ-လဲမရှိ၊ ဝီထိစဉ်အတိုင်း ပျက်-ပျက် နေတာကို သဘောကျ၍ နေပါတယ်-တဲ့။ ။ဆရာတော်က ဘယ်လို အထင် ရပါသလဲတဲ့။ ။ဒီတော့။ ။ဆရာကလဲ ထင်တာကို **ပြောရမှာဖြင့်**၊ ပုံကိုကြည့်ပါ။

| ဝိ | သိ | ဝေ | က | ကော | က | ဂေါ |
|---|---|---|---|---|---|---|
| ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ |
| ပိ | ပိ | ပိ | ပိ | ပိ | ပိ | ပိ |

အဲဒီပုံစံဟာ တခြားသူမဟုတ်ပါ၊ ဝိပဿီဘုရား၊ သိခီဘုရား၊ ဝေဿဘူဘုရား၊ ကက္ကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရား ၇-ဆူ ပွင့်တိုင်း ပွင့်တိုင်း ပိဋကတ် ၃-ပုံ ၇-ကြိမ် ၇-ဘဝ ဆောင်ရွက်၍ လာဟဲ့ အရှင်ပေါဋ္ဌိလ ကမ္ဘာကျော်ကြီး၏ ပိဋကတ်အသိ စာအသိ သဘောသိ မနေသိ-များဟာ ၇-ဆူ ပွင့်သည်တိုင်အောင် မဂ်,ဖိုလ်ကို မရသေးဘူးတဲ့။ ပိတ်ဆုံး အရှင်ပေါဋ္ဌိလဘဝ၌ တုစ္ဆ, ရိတ္တ, မောဃ-ဟု ဘုရားကိုယ်တော်တိုင် ကဲ့ရဲ့ခြင်းခံရတာလဲ ကြည့်ပါဦး။ ထို့နောက် ဤလောက်ပာတ်တဲ့ပုဂ္ဂိုလ်ကျော်ကြီးဟာ ဘာမှ စာမတတ်သေးတဲ့ ရှင်သူငယ်ကလေး၏ အထံ၌ တပည့်ခံရပုံလဲ ကြည့်ပါဦး။ ဒါလောက်နှင့်ပင် ရိပ်မိလောက်ပါပြီ။

(က) ဒေသနာပညတ္တိနာမ၊ ဒေသနာသိဟာ ပညတ်သိမျှတဲ့ဗျာ။ (ခ) ကော် ဘဂဝါ ဓမ္မံ ပဏ္ဏတ္တိဟိ ဝိဝိဓာဟိ ဒေသေတိ။ ။ကော်၊ တခုထဲသာ ဖြစ်သော။ ဓမ္မံ၊ တရားတော်ကို။ ဝိဝိဓာဟိ၊ အထူးထူး အပြားပြား များကုန်သော။ ပဏ္ဏတ္တီဟိ၊ ပညတ်တို့ဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒေသေတိ၊ ဟော တော်မူခဲ့၏။ ။ဒေသနာသိ စာသိ ကျမ်းဂန်သိဟာ ပညတ်သိဘဲ။

ဟောသည်က တေးထပ်တပုဒ်တွေ့ထားတယ် ဖတ်ကြည့်စမ်းပါ။

(စာပေကိုဖတ်ကြလို့ တတ်သမျှသညာ၊ ဓာတ်ဓမ္မ မမြင်ပါလျှင် ပညာနှင့် ကွာဝေး။ ဘာမသိ ညာကဝိမှန်တယ် ပါဠိသံ ပြောကြမနေး။ မဂဓ ကုလားပမာလို ကြွားဝါကာ အရေး၊ဆန်း,ဆကရိုက် ဘာသာဂ လေးရယ်နှင့် ငါဘဝေးမောက်ခါ။ကိုယ်ပိုင်ဉာဏ် သဘာဝကိုလ တခါမျှ အားထုတ်မရှာ။ မိုက်လိုက်တဲ့ အဝိဇ္ဇာရယ်၊ ပိတ်ကာခါ သူ့ကလွှမ်းရင်ဖြင့်၊ မဂ်စခန်း ဖိုလ်ဘလာ ဝေးလိမ့်မှတ်ပါ။ ခုကာလ စာဆရာရယ် ပါဝါကွယ် လုပ်ပါနှင့် လေး) ဤကဗျာလောက်နှင့်ပင် သတိရဘို့ ရှိပါတော့သည်။

၁၂၆၄ ခုနှစ်က တပည့်ပဏ္ဍိတအား လယ်တီဆရာက ဆုံးမပုံ။

ပါရမီသမ္ဘာရှိပါတိ တသာကိဘုန်းဝေ၊ စာမရိထုံးအနေလို သုံးမသွေ သိလ။ ပရိယတ်စံမဟောမှာ ဉာဏ်ကဝေ ချီးလောက်သူပ။ စိတ္တနှင့်ပညာ သာသနာမှန်လှ၊ ဘာဝနာဉာဏ်အစမှာတော့ အနန္တဝေးပယ်။ သမ္ပဇဉ်ဆိုခွင့် များမှာတော့ ဂြိုဟ်နှင့်လား မေးမဲ့သူကွယ်၊ လက္ခဏာ မြင်နှုန်းကျယ်သည်၊ ယာဉ်သုံးသွယ် နေရာကျကိုဖြင့်၊ပေယျာလ နာနာကန် ရွေးမျှမချန်။ပရိယတ် ကလေး ဉာဏ်မှာသာ အရေးသန်သန် သူစွဲရှာထင့်လေး။

ဤကဗျာ ဆုံးမစာ၌ပင် တပုဒ်စီ တွေးကြည့်က သိသိသာသာကြီး အခိပ္ပါယ်ပြ ပြနေတာမို့ သိသာလှပါပြီ။

ငါဟာ ဘယ်အတန်းစားလဲဟု အကွက်သာ ထောက်၍ ကြည့်ပါလေ။

| | | |
|---|---|---|
| ပရိယတ် အသိ။ | ပဋိပတ် အသိ။ | ပဋိဝေဓ အသိ။ |
| သုတမယ အသိ။ | စိန္တာမယ အသိ။ | ဘာဝနာမယ သိ။ |
| စာသိ၊ ပေသိ။ | ကြံစည်တွေးတော သိ။ | ကိုယ်တွေ့ အသိ။ |
| မဟာပေါဠိလ အသိ။ | မိလိန္ဒမင်း အသိ။ | ရှင်သူငယ် အသိ။ |

(၁) သုတမယအသိ,ပရိယတ်အသိ,စာသိ,ပေသိဆိုတဲ့ အောက်တန်းမှာ အရှင်ပေါဋ္ဌိလတို့ အရှင်မဟာသိငတို့ အရှင်မဟာနာဂတို့ ဒေဝဒဟာယကတို့ သာတာဂိရိ ဟေမဝတာရ မိလိန္ဒမင်း ကပိလ ဘုရားအလောင်းတော် ၉-ဦး တို့ကိုကြည့်က တိတိကျကျ သိရပါလိမ့်မည်။ ၎င်းတို့ ၉-ဦးဟာ ပိဋကဆောင်ကြီးတွေပါဘဲ၊ အကျော် အမော် ဇော်ကြီးတွေပါဘဲ၊ ၎င်း ၉-ဦးထဲက မိလိန္ဒမင်းဆိုဘာ အာကတ်ပညာကြီး ၁၉-ပါးတောင် တတ်မြောက်ပြီး သူ့တိုင်းပြည်မှာ ၁၂-နှစ်တိုင်အောင် ရဟန်းသဃ်ာ မကပ်ဝံ့ဘူး၊ သာသနာ ဘယ်လောက် ညှိုးနေသလဲ တွေးကြည့်ပါဦး။ အရှင့်နာဂသေန ရဟန္တာလာရောက် ချွတ်ပါမှ ကျွတ်သွားပါတယ်။ အဲဒါ စာသိ,ပေသိ,ကျမ်းသိ, ဂန်သိ,အမှန်မသိတော့ ရန်အပြည့် ပြုနေပုံ သက်သေပါဘဲ။

အဲဒါလို တမောကြီး ပြောပြမှ ဝိပဿနာ ပွားရှာလေသည်။ သားမု ၃-ကြိမ်ပါဘဲ။

## လာပြန်ပြီ ယောဂီတဦးနှင့် ဆရာတဦးပါ ဆွေးနွေးခန်း

၎င်းဆရာကား မိမိကိုယ်တိုင်ကပင် ဝိပဿနာစာအုပ်များကို ဖတ်ကြားပြီးတော့ ထိုအသိကို အခြေခံပြု၍ မှန်းဆခြင်း၊ချင့်ချိန်ခြင်း၊တွေးတောခြင်း၊ ချိန်ဆ စိတ်ကူး ဝေဘန် ကြံစည် စဉ်းစားခြင်းဖြင့် ရုပ်,နာမ်တို့၏ အဖြစ် အပျက်ကို ဆင်ခြင်သုံးသပ်ကာ နေပါတယ်၊ အဲဒါဟာ ဝိပဿနာ အလုပ် မဟုတ်ဘူးလားတဲ့။

(၁) သုတမယဉာဏဂေါစရော ယော ပရိယတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ-ဟူသော နေတ္တိအဋ္ဌကထာ၌ သုတမယဉာဏ်ဆိုတာ သညာစေတသိက်, သညာသိ, သင်သိ,မေးသိ, နာသိ, ဆောင်သိ၊ရုပ်, နာမ်ခန္ဓာ,ဓာတ်, သစ္စာ, အနိစ္စ,ဒုက္ခ,အနတ္တ စာသိမျိုးတည်း။

(၂) စိန္တာမယဉာဏဂေါစရော ယော အာကာရ ပရိဝိတက္က ဒိဋ္ဌိ နိဇ္ဈာနက္ခန္တိဟိ ဂဟေတဗ္ဗာကာရော ဝိမုတ္တာယတန ဝိသေသော ပဋိပတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ-ဟူသော နေတ္တိအဋ္ဌကထာ၌ စိန္တာမယဉာဏ်ဆိုတာ ဝိတက်စေတသိက် ဝိတက်သိ ကြံစည်သိတည်း။ ရုပ်, နာမ်, ခန္ဓာ, ဓာတ်သစ္စာ, အနိစ္စ, ဒုက္ခ,အနတ္တ,အကြံ,အတွေးနှင့် သိဘာမျိုးပင်တည်း။

(၃) ဝိပဿနာဉာဏာဒိသဟဂတော ဘာဝနာမယ ဉာဏဂေါစရော ယော ပဋိဝေဓသဒ္ဓမ္မောတိ ဝုစ္စတိ–ဟူသော နေတ္တိအဋ္ဌကထာ၌ ဘာဝနာ မယဉာဏ်ဆိုတာဟာ ပညာစေတသိက်, ပညာသိ,ကိုယ်တွေ့သိ, ပဋိဝေဓသိ၊ ဌာန,သဘာဝ,ပမာဏ,ကလာပ,ပဟာန,ဉာဏ,အာနုဘာဝနှင့် ၇-မျိုးအထိ သိတာမျိုးပါ။ ရုပ်,နာမ်,ခန္ဓာ,ဓာတ်သစ္စာ,အနိစ္စ,ဒုက္ခ,အနတ္တတို့ကို ယင်း ၇-မျိုးဖြင့် ကိုယ်ထဲက ပူသလို သေလို နာကျင်သလို တကယ်တွေ့ အသိ မျိုးကို ဆိုပါသည်။

(က) ကာယေနစေဝ ပရမတ္ထသစ္စံ သစ္ဆိကရောတိ။ပညာယစ အတိဝိဇ္ဈ ပဿတိ–ဆိုတဲ့။

စတုကအင်္ဂုတ္တိုရ်ပါဠိတော် နံပါတ်–၃၆၅၊ ကြောင်းရေ ၁၆–ဟံမူ။

(ခ) ကာယေနစေဝ ပရမတ္ထသစ္စံ သစ္ဆိကရောတိ။ပညာယစ တံပဋိဝိဇ္ဈ ပဿတိ–ဆိုတဲ့။

မဇ္ဈိမပဏ္ဏာသပါဠိတော် ၈င်္ကီသုတ်။

(ဂ) ဓမ္မံ ကာယေန ပဿတိ–ဆိုတဲ့။

ဓမ္မပဒပါဠိတော် နံပါတ် ၃၃–။

(ဃ) ဓမ္မံ ကာယေန ပဿယံ–ဆိုတဲ့။

အသီတိနိပါတ်၊ကုဏာလဇာတ် ပါဠိတော်များ၌။

ဌာန, သဘာဝ, ပမာဏ,ကလာပ, ပဟာန, ဉာဏ, အာနုဘာဝနှင့်တွေ့၍ ဉာဏ်ဖြင့် ထိုးထွင်းသိရမည်ဟု ဆိုထားပါတယ်။ (ဖဿပစ္စယာဝေဒနာ)တဲ့၊ ကိုယ်မှာတွေ့ပြီး ဝေဒနာအထိပေါ်မှ ဘာဝနာမယ အသိပါဟု ပြောပြရာ ထိုဆရာတပည့် ၂–ဦးက တာဖြင့် တပည့်တော်တို့၏ တရားဟာ(စိန္တာမယ) အဘန်းဘဲ ရောက်သေးတာဘဲ၊ ကိုယ်တွေ့ပြပေးပါဟု ပြောသဖြင့် ၁၀–မိနစ် ခန့်မျှ အတွေ့ပြခဲ့ရသည်။

## ကိုယ်၌ကိုင်စမ်းပြသော ဆရာတဦးနှင့် ဆွေးနွေးခဏ်း

နိုင်ငံလှည့်ဟောလျှင် တာမျိုးတွေ့ တွေ့သွားမြဲ ဓမ္မတာမို့ ဆရာတဦး ရောက်လာပြီး အတော်ကြာကြာ နှီးနှောရမှ ပရမတ္ထအတွေ့သဘောကို

ထိုဆရာက ဟောဒီမှာ ကြည့်စမ်းပါ အရှင်ဘုရား၊ လက်မောင်း၌ ဟောဒီလို ကိုင်စမ်းသပ်ကြည့်တော့ သဘောကိုသာ တွေ့ရပါသည်။ ပူတာက၊ တောက တေဇောဓာတ်ရဲ့ သဘောပါ၊ နုတာ၊ ကြမ်းတာက ပထဝီဓာတ်ရဲ့ သဘောပါဟု ဝိပဿနာတရားရှာပုံ အားထုတ်ပုံကို ပြရှာပေသည်။ ။အဲဒီတော့ ဆရာက ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ များမှာ ပြထားဟာကတော့၊ (ကေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရ နည်း၊ ဓမ္မတာနည်းဖြင့်) တရားတွေ့ရမည်ဟု အဆိုအလာရှိထားတော့၊ ဆရာပြတဲ့ ဓာတ်သဘောက စမ်း၍ပေးမှ ထိထိပေးမှ ကိုင်တွယ်ပေးမှ တွေ့ရတာမို့ ဗျာပါရဟု ခေါ်သည်။ တရားအစစ်ကတော့ (အဗျာပါရနှင့် သဘာဝ ဓမ္မရေတီဘိ ဓာတု) အရ သူ့သဘော သူဆောင်၍ ဌာန၊ သဘာဝ၊ ပမာဏ၊ ကလာပ၊ ပဟာန၊ ဉာဏ၊ အာနုဘာဝနဲ့ ပေါ်ရမှာဘဲ။ ဥပမာ ပင်လယ်၌ ရေတက်လာတာနှင့် ငါးပိအိုး၌ ရေတွေ စိုထိုင်းပေါ်တာလို၊ တနည်း ပြဒါးတိုင်၌ အပူဒီကရီ နံပါတ်စဉ် တိုးတက်လာတာကို ဗျာပါရ မစိုက်တဲ့ တွေ့ရမှာပါ။ ဥပမာ၊ (အာကာသေ ဝိဇ္ဇုပ္ပါဒေါဝ) ပါဠိအရ သူ့သဘောနှင့်သူ ဖြစ်ထာမှ အနတ္တပါဟု ပြောပြရာ တာဖြင့် ဗျာပါရ မစိုက်ရဘဲ ပေါ်တဲ့နည်းဖြင့် ပြသပါဟု တောင်းတော့ ၁၀-မိနစ်ခန့်ဖြင့် ထိုင်ပုံ၊ တွေ့ပုံပြ၍ သာသနာပြုခဲ့ဘူးလေသည်။

## သတိပဋ္ဌာန်နည်း တရားပြဆရာတဦး

ရင်းသည် ရောက်လာ၍ တပည့်တော်သည် သတိပဋ္ဌာန်ပါဠိတော်ကြီး ထဲက ဣရိယာပထနည်းကို အားထုတ်ပါတယ်၊ ပြလဲပြ၍ နေပါတယ်။ တာဖြင့် သွားခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်း၊ ထိုင်ခြင်းတို့၌ ဓာတ်တရားအထိ ပြသပါရဲ့လားဟု မေးတော့။ ။လှမ်းတာ၊ ချတာ၊ ထိတာ စသည်တို့၌ သတိ မလွတ်ဘို့၊ အသိစိပ်ဘို့၊ အမှတ်မကျဲဘို့သာ ပြပါသည်။ သတိပဋ္ဌာန်နည်း၌ (သွားတယ်မှတ်) ဆိုရာဝယ်၊ အဋ္ဌကထာဆရာကြီးတွေက ဖွင့်ပြသည်ကား- ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ ဝါယော ဝိညတ္တိံ ဇနေတိ စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖါရေန သကလဿ ကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ၊ ဌာနာဒီသုပိ ဧသေဝ နယော။ ။သတိပဋ္ဌာနသုတ် အဋ္ဌကထာ

ဖွင့်ပုံ။ ။(၁) သွားချင်တာက မနောဝိညာဏဓာတ်ပါတဲ့၊ (၂) လေကဝါယောဓာတ်ပါတဲ့၊ (၃) လှုပ်ရှားသွားနေခြင်းက ဝိကာရရုပ်ဓာတ်၊ (၄)မှတ်ခြင်းက ဓမ္မဓာတ်ဘဲ၊(သွားတယ်)တခုထဲ၌ ဓာတ် ၄-ပါး ခွဲနိုင်မှ ခြားနားမှ အာကာသလဲပေါက်မှ ဃနလဲပျောက်မှာ။ အဲဒီ အဋ္ဌကထာအတိုင်း သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း၌ ဓာတ် ၄-ပါးစီ ပေါ်အောင်တွေ့မှ ဝိပဿနာ-တဲ့ ဆရာရဲ့၊ ဟောဒီမှာ ကြည့်စမ်းပါ။ (ဃနဖျက်ရာ အာကာသရှိရာ အနတ္တပေါ်ရာတို့၌)။ ။နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ-တဲ့၊ ဝိဘင်းနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဆိုနေပါတယ်၊ ဓာတ်တခုစီနေအောင်လဲ ခွဲခွါထားရမယ်၊ ပိုင်းခြားနေပုံ နှလုံးသွင်းရမယ်။ ဒီတော့မှ ဃနပျောက်မှာ အနတ္တပေါက်မှာ ဓာတ်တရား အသီးသီးလဲမခွဲ၊ပိုင်းခြားတာလဲ မတွေ့ရ၊ နှလုံးလဲ မသွင်းတော့ ဃနလဲမပျောက်၊ အနတ္တလဲ မပေါက်ဘူး ဆရာရဲ့။ နာနာဓာတုယောဝိနိဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ-ဆိုတဲ့ ဝိဘင်းနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါ။

ထို့ပြင်လဲ၊ တတ္ထ ယသ္မာ ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ် ၁၉၅၊ ကြောင်းရေ ၁၆-ဟံမူ၌။

ဣရိယာပထ, သမ္ပဇည, ဓာတုမနသိကာရ-ဟူ၍ ဝိပဿနာ တက်စဉ်အတိုင်း ဓာတ်ရောက်အောင်တက်ကြဘို့ရာ ဖွင့်ထားပါသည်။ ကြည့်ဦးတော့၊

တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ။ ပဋိကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ ဟောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ နံပါတ်-၁၉၇၊ ကြောင်းရေ ၁၅-ဟံမူ။

ဤ၌ ဓာတ်တရားတွေမှ ဝိပဿနာကမ္မဋ္ဌာန်းဟု ဆိုထားပါတယ်။ ဓာတ်တရား မဟုတ်သေးလျှင် သမထဘဲဆိုတာ အဝုတ္တသိဒ္ဓိနည်းဖြင့် သိပါလေ။ ထို့ပြင် ဓာတုတော သုညတော ပဿ။ မာလောကံ ပုန ရာဂမိ၊ ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿတိ။

မဓုပဒအဋ္ဌကထာ၊ ဒုအုပ်၊ နံပါတ်-၇၅၊ ကြောင်းရေ-၁၀။

ဇုန္တာသယ ၄၆၁-၁၂

ဓာတ်တွေ့အောင် ရှာပါ၊ သုညဖြစ်အောင် ရှုပါ၊ ဖြစ်ပျက် လောကကို တဖန် မနှစ်သက်ဘဲ ရှိမည်။ ဘဝ၌ ဆန္ဒရာဂ ကင်းမည်၊ နိဗ္ဗာန် ရမည်တဲ့။ ရှင်းလို့လင်းလို့ပါဘဲ၊ ထိုမှတပါးလဲ။

ပထဝီ ဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ–တဲ့။

ရာဟုလောဝါဒသုတ်တော်၌ ပထဝီဓာတ်ကိုရှာပါ၊ အနိစ္စရှာပါ၊ ကိုယ်တွေ့ကျင့်ပါ၊ ဉာဏ်မြင်ရှုပါ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ ၃–ပါးစလုံး ချုပ်ငြိမ်း၍ ဝိဇ္ဇာပေါ်မည်တဲ့။

ထို့ပြင်လဲ စက္ခုံဓာတုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ နံပါတ်–၃၅၊ ကြောင်းရေ ၂-ဟံမူ။

စက္ခုဓာတ်ရှာပါ၊ အနိစ္စရှုပါ၊ ကိုယ်တွေ့ရှာပါ၊ ဉာဏ်မြင်ရှုပါ၊ အဝိဇ္ဇာ ချုပ်ငြိမ်း၍ ဝိဇ္ဇာရမည်။

ထိုမှတပါး သာဝကာဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ မူလပဏ္ဏာသအဋ္ဌကထာ၊ သာဝက ၃–မျိုးဟာ ဓာတ်ကြီး လေးပါးထဲက တပါးပါးဆိုတဲ့ တစိတ်တဒေသမျှရှု၍ နိဗ္ဗာန်သို့ ရောက်ကြပါတယ်တဲ့။ ထို့ပြင်လည်း စတုန္နံ ဓာတူနံ အညာတတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ နတ္တေဝ ဓမ္မေ အဝေစ္စပသာဒေန သမ္မန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာန ယောနိံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။ တိကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိတော်၊ နံပါတ် ၁၁၈–ဟံမူ၌၊ ဓာတ် ၄-ပါးတွေ့၍ အပါယ်မကျ၊ အပါယ်တံခါးပိတ်သွားပုံ ပြထားပါသည်။

ဤအခဏ်း၌ပြထားသော ပါဠိများကား (ရုံးတော်ကြီး ၂–ရပ် အဆုံးအဖြတ်)၌ ပါပြီးဖြစ်၍ အနက်မရေးတော့ပါ၊ အနက်ကို ၎င်းမှပြန်ကြည့်ပြီး ယူကြပါ။ (ရုံးတော်ကြီး ၂–ရပ် အဆုံးအဖြတ် အခဏ်းကား) ဓာတ်ကို ရှုပွါးလို့ရသောအကျိုးများပင် ဖြစ်တော့၏။

## သတိပဋ္ဌာန်နည်းပြ လူဆရာတဦးနှင့် တွေ့ခဲ့ရပုံ

တပည့်တော်သည် မဟာသတိပဋ္ဌာနသုတ် ပါဠိတော် အတိုင်း ဣရိယာပထနှင့် ပြသနေပါသည်။ ။အရှင်ဘုရားသဘော ဘယ်လိုပါလဲဘုရားတဲ့။ ။ ဖြေပုံကား။ ။တတ္ထ ဘဂဝါ ဥဂ္ဃဋိတညုဿ ပုဂ္ဂလဿ သမထံ ဥပဒိသတိ။ နေယျဿ ဝိပဿနံ သမထံ ဝိပဿနံ ဝိပဥ္စိတညုဿ။ ။နေတ္တိ ပါဠိတော်၊ နယသမုဋ္ဌာန၊ နံပါတ် ၈၈-ပြည်ကြီးမဏ္ဍိုင်မူ။ ။တတ္ထ၊ ထိုပုဂ္ဂိုလ်နှင့် ကမ္မဋ္ဌာန်းညီရာ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဂ္ဃဋိတညုဿ-ပုဂ္ဂလဿ၊ ဥဂ္ဃဋိတဉ္ဉူ ပုဂ္ဂိုလ်အား။ သမထံ၊ သမထကမ္မဋ္ဌာန်းကို။ ဥပဒိသတိ၊ ညွှန်ပြတော်မူပေ၏။ ဝိပဥ္စိတညုဿ၊ ဝိပဥ္စိတဉ္ဉူ ပုဂ္ဂိုလ်အား။ သမထံ၊ သမထကိုင်း။ ဝိပဿနံ၊ ဝိပဿနာ ကိုင်း။ ဥပဒိသတိ၊ ညွှန်ပြတော်မူပေ၏။ နေယျဿ၊ နေယျပုဂ္ဂိုလ်အား။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပဒိသတိ၊ ညွှန်ပြတော်မူပေ၏။

| | |
|---|---|
| ဥဂ္ဃဋိတညုပုဂ္ဂိုလ်အတွက် | သမထကမ္မဋ္ဌာန်းနှင့်လျော်၏။ |
| ဝိပဥ္စိတညုပုဂ္ဂိုလ်အတွက် | သမထနှင့်ဝိပဿနာလျော်၏။ |
| နေယျပုဂ္ဂိုလ်အတွက် | ဝိပဿနာသက်သက်လျော်၏။ |

ယခု သာသနာ ၂၅၀၀-၌ နေယျခေတ်မို့ ခါတ်ဝိပဿနာသာရှုသင့်၏။ ဣရိယာပထကား သမထမို့ ဥဂ္ဃဋိနှင့်ရင်း၊ ဝိပဥ္စိနှင့်ရင်း သင့်လျော်ပါသည်။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-၌ သဏ္ဌာန်ပါ ပါပါနေလို့ (ပရမတ္ထဓမ္မာ သဏ္ဌာနရဟိတာ)နှင့် မကိုက်လှပါ။ ပရမတ္ထဓမ္မာ၊ ပုံ,ဧ,လှုပ်ရှားခြင်း ပရမတ်တရားတို့သည်။ သဏ္ဌာနရဟိတာ၊ ပုံသဏ္ဌာန်မှ ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ၊စိတ်ကသွားချင်တော့သွားတယ်၊ စိတ်ကရပ်ချင်တော့ရပ်တယ်၊ စိတ်က ထိုင်ချင်တော့ထိုင်တယ်၊ စိတ်က လျောင်းချင်တော့ လျောင်းတယ် ဆိုရာ၌ စိတ္တဇရုပ်ပါရ ပါရှိနေခြင်း၊ အနတ္တ သဘောမကိုက်ပါ။ (သဗ္ဗေ ဓမ္မာ အနတ္တာနှင့် မညီ ထင်ပါသည်)။ ဓမ္မောဟိ သဘာဝေါ ဆိုတဲ့ ဇာတ်အဋ္ဌကထာ ပါဠိနှင့် ချိန်ထိုးကြည့်ပါဦး။ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါနှင့်လဲ စဉ်းစားကြည့်စရာပင်။ စိတ္တဇရုပ်ပါရ ထင်ရှားရကား စိတ်မချလို့ အသုံးပင် မပြုသေးပါ၊ ကုရုတိုင်း မိထိလာပြည် ကမ္မာသ

ဓမ္မနိဂုမ်း၌ ၃-သောင်းကုန်သော ရဟန်းတို့အား ဥဋ္ဃဋိတညူပုဂ္ဂိုလ်များဖြစ်၍ သမထဖြင့် အရင်းပြု, သမထဝိပဿနာအလယ်ပြု, ဝိပဿနာ အဆုံးသတ်၍ ဟောပြခဲ့ရာ ၃-သောင်းလုံးပင် ရဟန္တာ ဖြစ်ကြပါသည်။ ဥဋ္ဃဋိတညူကား သမထကိုဖောက်နိုင်ပေ၏။ ဥဋ္ဃဋိတညူမှန်လျှင် အကျဉ်းဟောရုံနှင့် သမထဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် ရသည်၊ ဝိပဉ္စိတညူမှန်လျှင် အကျယ်ဟောရုံနှင့် သမထ, ဝိပဿနာဖြင့် ရသည်၊ နေယျမှန်လျှင် အားထုတ်မှ ဝိပဿနာသက်သက်ဖြင့် မဂ်,ဖိုလ်ရသည်။

## မြင် သိ ပျက် ဆရာတဦး

မြင်,သိ,ပျက်,အနိစ္စ ဆရာတဦးက မြင်တာ၌ အဆင်းကရုပ်ဘဲ၊အမြင်က နာမ်ဘဲ၊ ပျက်ထာက အနိစ္စဘဲ၊ ဝိပဿနာအစစ်ဖြစ်တယ် မဟုတ်လားဟု မေးမြန်းလျှောက်ထားပေသည်။ ။(၁)ပရမတ်အစစ်ကို အာဋ္ဌာရ,ဥဒက, ဒေဝိလ,ဈာန်ချ,ဝိဇ္ဇာရ,အကိညာဉ်ရ,သမာပတ်ရ ရှေး ၄၀-ကမ္ဘာ၊ နောက် ၄၀-ကမ္ဘာကို မြင်စွမ်းနိုင်ကြတဲ့ အာဇာနည်ကြီးတွေတောင် ရုပ်ပြစ် ဂ-ပါး အပါအဝင် ဘဝင်၌ ဖြစ်ကြရပါတယ်။ ထို့ပြင် အသညသတ် ဗြဟ္မာများ တောင် ရှေးရှေး လူ့ဘဝက ပညတ်ရုပ်၌အကျိုးမြင်, နာမ်၌ အပြစ်မြင်၍ မိစိတ္တံ မိစိတ္တံ-ဟုရှုရာ ရုပ်ပြစ် ဂ-ပါးအပါအဝင် အသညသတ်ဘုံ၌ ဖြစ်ကြရ ပါတယ်၊အရူပဗြဟ္မာကြီးများဟာ ရှေးရှေး လူ့ဘဝက ပညတ်ရုပ်, ပညတ် နာမ်ကိုမြင်ပြီး ရုပ်၌အပြစ် နာမ်၌အကျိုးမြင်ပြီး၊မိရူပံ မိရူပံ-ဟုရှုရာ အရူပ ဆိုတဲ့ ရုပ်ပြစ် ဂ-ပါး အဝင်အပါဘုံ၌ ဖြစ်ကြရပါတယ်။ (၂) ထို့ကြောင့် ပရမတ်တရားကို လူမျက်စိ,နတ်မျက်စိ,ဗြဟ္မာမျက်စိနှင့်တောင်မှ မမြင်နိုင်ပါ။ ပရမာနုမြူမျှ မြင်တာတောင် (သမူဟ, ဃန,သဏ္ဍာန, သန္တတိ,နာမ) ဆိုတဲ့ ပညတ်ငါးပါး ပါနေပါသည်။ (၃) ဗြဟ္မလောကောပိ ခေါ် အာဝုသော သက္ကာယ ပရိယာပန္နော နိစ္စော ဓုဝေါတိ ဂါဟတိ-ပါဠိကို ထောက်လျှင် ပရမတ်ကို မမြင်လို့သာလျှင် သက္ကာယဒိဋ္ဌိနယ်၌ နေကြရတာပါဘဲ။ (၄) အန္ဓိဘူတော အယံလောကော-တောက်လျှင် လူ, နတ်, ဗြဟ္မာ ၃-ဦး သားတွေဟာ ပရမတ်ကိုမမြင်ကြရလို့ အကာဏ်းဟု ဘုရားကခေါ်တာပါ။ (၅) အန္ဓိဘူတသ္မိံ လောကသ္မိံ အာဟဉ္ဆံ အမတဒုန္ဒုဘိံ-ပါဠိ ထောက် တော့လဲ လူ, နတ်, ဗြဟ္မာတွေဟာ ပရမတ်ကို မမြင်ရလို့ အကာဏ်းဟု

အခေါ်ခံရတာပါ။ (၆) သောဏာသိင်္ဂါလာဒယောပိ စက္ခုနာ အရိယေ ပဿန္တိ နစ တေ အရိယာနံ ဒဿာဝိနော။ ။မူလပဏ္ဏာသ အဋ္ဌကထာ နံပါတ် ၂၀၊ကြောင်းရေ ၂၂-ဇံမူဠ်။ ။အိမ်ခွေး မြေခွေးများဟာ မျက်စိဖြင့် အရိယာတို့ကို မြင်ကြကုန်သော်လည်း ထိုအိမ်ခွေး မြေခွေးများဟာ အရိယာတို့ကို အမြင်မခေါ်ကုန်၊မမြင်ကြဘူးသာ ခေါ်ကြကုန်၏။(၇)မံသစက္ခုနာဝါ ဒိဗ္ဗစက္ခုနာဝါအရိယာ ဒိဋ္ဌာပိ အဒိဋ္ဌာဝ ဟောန္တိ၊မံသစက္ခုဖြင့်ရင်း,ဒိဗ္ဗစက္ခု ဗြဟ္မစက္ခုဖြင့်ရင်း အရိယာတို့ကို မြင်ကြကုန်သော်လည်း မမြင်သည်သာ ဖြစ်ကြကုန်၏ ဟူသတတ်။ ။မူလပဏ္ဏာသ အဋ္ဌကထာ နံပါတ်-၂၀၊ ကြောင်းရေ ၂၂ ဇံမူဠ်ဖွင့်ပြပုံတည်း။(၈)မာယူပမဉ္စ ဝိညာဏံ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ဝိညာဏ် ၆-ပါးဟာ မျက်လှည့်မြင်ပါဘဲတဲ့။ (၉) ဓိစိတ္တံ ဓိစိတ္တံ သန္တမေတံ ပဏီတမေတံ-အသညသတ် ဗြဟ္မာအလောင်းများ ပညတ်ရုပ်, ပညတ်နာမ်ကို မြင်ကြပုံ။ (၁၀) ဓိရူပံ ဓိရူပံ သန္တမေတံ ပဏီတမေတံ အရူပဗြဟ္မာအလောင်းများ ပညတ်ရုပ်,ပညတ်နာမ်ကို မြင်ကြပုံ။ (၁၁)စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ-မျက်စိဖြင့် ရူပါရုံအဆင်းကို မြင်တော့ နိမိတ္တဂ္ဂါဟီဒိဋ္ဌိသာ ဖြစ်ကြပါသတဲ့။ (၁၂) စက္ခုနာ ရူပံ ဒိသွာ အနုဗျဉ္ဇနဂ္ဂါဟီ ဟောတိ၊ ယင်း ၂-ပုဒ်ကား အာသီဝိသောပမ သံယုတ်ပါဠိတော်တည်း။မျက်စိဖြင့် ရူပါရုံအဆင်းကိုမြင်လို့ အနုဗျဉ္ဇနဂ္ဂါဟီဒိဋ္ဌိသာ ဖြစ်ကြပါတယ်တဲ့။(၁၃) မဟာဇာနိယော ဝတ ဘော အာဠာရော ဥဒကော-ဝိနည်း မဟာဝါပါဠိတော်။ ။မျက်စိမြင်, ဒိဗ္ဗစက္ခုမြင်, ဗြဟ္မာစက္ခုမြင်,ဝိဇ္ဇာမြင်, အဘိညာဉ်မြင်,သမာပတ်မြင်,ဈာန်မြင် ရောက်ပေမဲ့ မဟာအရှုံးကြီး ရှုံးနေကြပါသတဲ့၊ ပရမတ်ရောက်အောင် မမြင်ကြလို့ပါ။ (၁၄) တဿစ ရူပဿ ဣဋ္ဌာကာရဂ္ဂဟဏေ အဘိဇ္ဈာ။ အနိဋ္ဌာကာရဂ္ဂဟဏေ ဒေါမနဿံ။ သမပေက္ခဏေ မောဟော။နေတ္တိဝိဘာဝနိဋီကာ။ လှတာကိုမြင်တော့ အဘိဇ္ဈာ၊ ပြိတ္တာဘဝ ရောက်ဘို့ရန်တည်း။ မလှတာကိုမြင်တော့ ဒေါမနဿ၊ ငရဲကျဘို့ရန်တည်း။ အလယ်,အလတ်,အဆင်းကိုမြင်တော့ မောဟဖြစ်၊ တိရစ္ဆာန်နှင့် အသူရကာယ်ဘုံ ရောက်ဘို့တည်း။ (၁၅) စိတ္တဝိပလ္လာသေန သံသဋ္ဌော။ အဆင်းကို မြင်တော့ စိတ္တဝိပလ္လာသ သညာဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ ဖြစ်ကြ၏။ (၁၆) စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ ဘိက္ခုံ အဘိဇ္ဈာဒယော ပါပကာ

အကုသလာ ဓမ္မာ အန္ဓာသဝေယျုံ၊အာသီဝိသ ဥပမာ။ သံယုတ်ပါဠိတော်။ အကုသိုလ်မြင်မှို အကုသိုလ်များ စုပုံ၍ ဝင်နေကြပါသည်ဟု ပြောပြတော့၊ ထိုဆရာက တပည့်တော်မြင်တာဟာ အာဋ္ဌာရ, ဥဒက, ဒေဝီလ-ကို မမှီသေး ပါဘူး။ သူဘို့ဘောင်မှ အရှုံးကြီးမြင်နှင့် ရပ်ပြစ် ဂ-ပါးအဝင်သို့ ဒုံးစိုင်းကာ ပြေးဝင်ရသေးတယ်ဆိုတော့၊ တပည့်တော်၏အမြင်ဟာ ဘာမှ တန်းမရောက် သေးပါ၊ ကိုယ်တွေ့ ဓာတ်တရားကို ပေးသနားပါဟု ဘောင်းပန် သဖြင့် ပြသရပေသည်။

## ပညတ်နယ်က ကလာပ်ပျက်ဆရာ တဦး

နိုင်ငံရေးဝါသနာပါ၍ အာဖောင်ဖောင်နှင့် ပြောတတ် ဆိုတတ်သော ဆရာကြီးတဦးဟာ တရားဘက်၌လည်း အတော်ပေါက်ရောက်၍ နေပေ၏။ သူဟာ တရားကိုအာရုံပြုလိုက်ပြီဆိုမှဖြင့် နှင်းတွေကျကျနေသလို မှုံမှုန်တွေ ထထနေသလို အခိုးအငွေ့တွေ ပျက်ပျက်နေသလို ပိုးစုံးကြူးတွေ တလက်လက် နေသလို တွေ့၍ ကလာပ်ပျက်အနိစ္စကို တကယ်တွေ့ရပြီဟု အထင်ကြီးလျက် နေပေရှာ၏။ တရားပွဲ၌ ရုပ်တရားကိုတွေ့ရပုံ။ (၃၃-ဆင့်) တစ်ကစပြီး ပြပြ လာရာ ၁၆-ဆင့် ၁၇-ဆင့်၌ တရားနာရတော့၊ ပုံစံနှင့်ပြတာကိုမြင်ရတော့ သြော်-ပရမတ်တရားဆိုတာ လူ့မျက်စိ နတ်မျက်စိ ဗြဟ္မာမျက်စိနှင့်တောင်မှ မတွေ့ရဘူးတဲ့။ အာဠာရ, ဥဒက, ဒေဝီလ-တို့တောင်မှ ဝိဇ္ဇာနဲ့ အဘိညာဉ်နဲ့ သမာပတ်နဲ့ ဈာန်နဲ့ ရှေးရှေးကမ္ဘာ ၄၀-အထိ မြင်နိုင်၊ နောက်နောင်၌ ကမ္ဘာ ၄၀-အထိ မြင်နိုင်တဲ့ အမြင်ကြီးတွေတောင်မှ မှားပြီး၊ ရစ်ပြစ်ရှစ်ပါး အဝင်ထဲသို့ ကျရောက် ရသေးတာဘဲ၊ ငါ၏ အမြင်ကလေးဟာ ဘာဟုတ် သေးသလဲ ဘာနဲ့ဘဲမြင်မြင်၊ မံသစက္ခု, ဒိဗ္ဗစက္ခု, ဗြဟ္မာစက္ခုဘဲ မြင်မြင်၊ ပညတ် မလွတ်သေး ပါတကားဟု အမှားကို မြင်ပြီးတော့ အမှန် ဘက်သို့ ကူးပြောင်းလာရာ၊(ယထာ ပုဗ္ဗုဋ္ဌကံ ပဿေ)အမြင်အတွေ့၊ (ယထာ ပဿေ မရိစိကံ) အမြင်အတွေ့သို့ ရောက်အောင် ကျင့်ဆောင်ကြိုးစား၍ နေသဖြင့် ၎င်းအား သာဓု-သာဓု-သာဓု-အကြိမ်ကြိမ် ခေါ်ခဲ့ရပေသတည်း။

## ငါးမျိုးကိုဖောက်ခွဲနိုင်မှ ပရမတ်ကိုတွေ့ရပါသည်

(၁) နာမပညတ် ခွါကြပုံကား၊ ငါမဟုတ်, သူမဟုတ် နာမ်,ရုပ်သာ ဟုတ်သည်ဟု ခွါရှုပစ်ကြလေသည်။ (၂) သမူဟပညတ်ခွါကြပုံ၊ သောင်ပြင်

သဲစုကို အဝေးကကြည့်တော့ တပြင်ထဲ တသားထဲ မြင်ရသည်။ အနီးကပ်၍ ကြည့်တော့ သဲတလုံးစီခြားနေတာ တွေ့ရသည်၊ သမူဟပညတ် ခွါပုံတည်း။ (၃) ဃနပညတ်ခွါကြပုံမှာ မြေခဲ, ထုံးခဲ, တသားထဲနေပေမဲ့။ (ဝါ)၊ ဃန သဘော အစိုင် သဘော ရှိ၍ နေပေမဲ့ ထောင်းထု ကြိတ်ချေတော့ အာကာသနှင့် ခြားခြားပြီး အမှုန်တွေ ဖြစ်ရသည်ဟု ဃနပညတ်ကို ခွါကြသည်။ (၄) သဏ္ဌာနပညတ်ကို ခွါပုံမှာ၊ ရွှံ့နှင့်ဖြစ်စေ၊ ရွှေနှင့်ဖြစ်စေ၊ ပုံစံ သဏ္ဌာန်ဖြစ်အောင်ပြုပြင်၍ထားတော့ နွားဘဲ, ကျွဲဘဲ, ဆင်ဘဲ, မြင်းဘဲ ဟု ထင်ရအောင် သဏ္ဌာနပညတ်ဖြစ်၍နေသည်။ အဲဒါကို ထုချေတော့ အရည်ကျိုတော့ နွား, ကျွဲ, ဆင်, မြင်း,သဏ္ဌာန်ပညတ်ပျောက်ရသည်ဟု သဏ္ဌာန ပညတ်ကိုခွါကြသည်။ (၅) သန္တတိပညတ်ကို ခွါပုံကား၊ မြစ်ရေ ပေါ်၌ သစ်ပင်၏အရိပ်ထွက်နေရာ အရိပ်၌ သန္တတိပညတ်ကြီးဖြစ်၍နေပေမဲ့ အရိပ်၏ အောက်က မြစ်ရေမှုကား စီးဆင်းပျက်၍နေသောကြောင့် သန္တတိပျက်သည် ဟု သန္တတိပညတ်ကို ခွါကြပါသည်။ကျွန်ုပ်တို့ကား ဝိပဿနာတရားကို အား ထုတ်တော့ ကြက်သီးထသလို တဖြိုးဖြိုးတဖြင်းဖြင်း တွေ့ရတာမို့ ထိုရုပ်ပျက် ခတ်ပျက်၌ ပျက်၍နေတော့ သန္တတိပညတ်မပါ ကွာ၏။ သဏ္ဌာန်ပုံစံမပါ၊ သဏ္ဌာနပညတ် ကွာ၏။ သဏ္ဌာန်ပုံစံ မရှိတော့ ကျွဲ, နွား, ဆင်, မြင်း-ဟု နာမည်လဲမပါ နာမည်လဲမတပ်ရ နာမပညတ်ကွာ၏။ အစိုင်အခဲ မရှိလို့ ဃနပညတ်လဲ ကွာ၏။ ဖြိုးဖြိုးဖြင်းဖြင်းတွေ စုတာမဟုတ်လို့ သမူဟပညတ် လည်း ကွာ၏။ ပညတ်ငါးပါး ကွာလို့ ပရမတ် သက်သက်ကို တွေ့ရတော့ သတည်း။

သာသနာ(၂၅၀၀) ပေါ်သည့်စာ ပြီး၏။

---

## (၁၀) ပညာ့တံခွန်နေ့

ဖေဖော်ဝါရီလ ၂၀-ရက်၊ တပို့တွဲလဆန်း ၉-ရက်၊ တနင်းလာနေ့သည် ကား ပညာ့တံခွန် နေ့ဟု သတ်မှတ် ထားသော ပညာရေး ဆိုင်ရာ နေ့ထူး နေ့မြတ် တရက်ပင် ဖြစ်ပေသည်။ လွတ်လပ်သော ပြည်ထောင်စု ခေတ်၏ ဗမာ့ပညာရေးကို ဤနေရာတွင် ကျွန်ုပ်တို့ ဆင်ခြင်စဉ်းစား၍

ကြည့်ကြပါစို့။ လွတ်လပ်ပြီးခေတ်တွင် လူထုပညာရေးဌာနဟူသော ဌာန တခု ပေါ်ထွက်လာပြီး ပြည်သူလူထုကြီး တရပ်လုံးအား တောကြိုအုံကြား မကျန် အခြေခံပညာရေးကို ရရှိနိုင်စေရန် လူငယ်များနှင့် လူကြီးများ(ဝါ) သက်ကြီးသက်ရွယ်အိုများကအစ(စာမတတ်သူ မရှိစေရ)ဟူသော စီမံကိန်း ဖြင့်(လူသစ်,တိုင်းသစ်,ပြည်သစ်,ခေတ်သစ်)ဆောက်လာခဲ့သည်မှာ လွန်စွာမှ အားရဝမ်းမြောက်ဖွယ်ဂင် ဖြစ်ချေသည်။ ၎င်းပြင် ကိုယ်လက်ကြံ့ခိုင်ရေး ကာယပညာ,ကျန်းမာရေးပညာ စသည်ဖြင့်၎င်း၊ ဒုရိယာ,ဂီတ,ပန်းချီ,ပန်းပု စသော သုခုမပညာရပ်များဘက်တွင်၎င်း၊ ဆိုင်ရာ ပညာသင်ကျောင်းများ, သင်တန်းများ ဖွင့်၍ပေးခြင်းဖြင့် လူထုအား ပညာကိုပေးလျက်ရှိပေသည်။ ဤသည်ကို ထောက်ဆရှုမြင်ရသဖြင့် ဗမာပြည်၏ တက်လမ်းကား စိုပြီး ရှင်လန်း ပဒုမ္မာရွှေကြာပန်း သီတာရေဖျန်းသလို လန်းလန်းဆန်းဆန်း ရှိပါတော့မည်။အထူးအားဖြင့် ဗုဒ္ဓဘာသာတို့ အရေးအကြီးဆုံး ပညာရပ် ကား ဝိပဿနာ သံသရာ့ထွက်လမ်း ပညာစခန်း ထိပ်ဆုံးတန်းကြီးပင် တည်း။၎င်းအထက်ဆုံးတန်း ပညာရပ်များကို ကျေးဇူးတော်ရှင် ဉာဏစာဂီ မဟာထေရ်မြတ်သည် ကျမ်းပေါင်း တရာကျော်ဖြင့် လူထုကြီး တရပ်လုံး အား အမှားကို စင်ကြယ်စေပြီး အမှန်သစ္စာ မြတ်ဘန်ဆာဖြင့် ဆင်မြန်း စေကာ လူ့နန်း, နတ်နန်း, ဗြဟ္မာ့နန်း, မဂ်နန်း, ဖိုလ်နန်း, နိဗ္ဗာန်နန်းသို့ အလျှင်ဆုံး, အမြန်ဆုံး, အသက်သာဆုံး,အချောင်ချိဆုံးဖြင့် တင်ပို့နေပေရာ ဗမာတို့၏(ဂုဏ်မဟာ)ကို ပြန်ကာလှန်ကာ စဉ်းစားတိုင်း အထူးဝမ်းမြောက် အားတက်မိပါတော့သည်။

ဗမာပြည်မှာ လောကီပညာရော, လောကုတ္တရာပညာရော ပညာ ချွန်ကြမှ လူရည်ချွန်များ ဖြစ်ကြပေမည်။ လူရည်ချွန်မှုလည်း (ယောကျ်ား တခွန် လူရည်ချွန်က မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းတည်း)ဟူသော ပျို့ကဗျာ လင်္ကာဆောင်ပုဒ်အတိုင်း (သာသနာ တော်ကြီးဘဝက် ၂၅၀၀-စက်မှာ ဓမ္မစကြာ မြိုက်သာဉ်သာဖြင့် ခေမာပူရ အမတစခန်း ပြည်တော်နန်းသို့ ချမ်းသာယာ သောမနာဖြင့် ဝမ်းသာ အားရ ရွှင်ပျပျနှင့် သဟဇာတ တူတကွပင် ရောက်ကြောင်း မြင်သည် ကံပင်အရင်း လုံ့လသွင်း) ဟူသော ပညာရှိများ အမှတ် အသားနှင့်

ညီညွတ်မည် ဖြစ်ကြောင်း စေတနာကောင်းဖြင့် ရေးသား လိုက်ရပါ သတည်း။

(ဗမာပြည်စောင့်နတ်ကြီး)

နေရပ်၊ တာဝတိန်။
လမ်းအမှတ်၊ မာဃိန်။
တိုက်အိမ်နံပါတ်၊ သာကိန်။
ရာထူးကြီးက၊ သမ္ဘာထိန်။

---

## (၁၁) အာဇာနည်ရွေးကြ ပေါင်းသင်းကြ

ဒုလ္လဘော ပုရိသာ ဇညော၊ န သော သဗ္ဗတ္ထ ဇာယတေ။
ယတ္ထ သော ဇာယတေ ဓီရော၊ တံ ကုလံ သုခမေဓတိ။

ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ်၊ ဂါထာတော်တည်း။ ။ပုရိသာဇညော၊ ယောကျ်ားမြတ် အာဇာနည်ကို။ ဒုလ္လဘော၊ ရခဲအပ်လေစွတကား။ သော၊ ထိုယောကျ်ားမြတ် အာဇာနည်သည်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော အရပ်၌။ နဇာယတေ၊ မဖြစ်ပေါ်ချေတကား။ ယတ္ထ၊ အကြင်အရပ်၌။ သောဓီရော၊ ထိုယောကျ်ားမြတ် အာဇာနည်သည်။ ဇာယတေ၊ ဖြစ်ခဲ့ငြားအံ့။ တံကုလံ၊ ထိုအမျိုးကို။ သုခမေဓတိ၊ ချမ်းသာအောင် ဆောင်ရွက်ပေ၏။

(၁) အာဇာနည်စစ်၊မစစ် စာသဘောနှင့် ပုဂ္ဂိုလ်၏ အလုပ်သဘော ယှဉ်ကြည့်ပါ။

သေလေ သေလေ နမဏိကံ၊ ဂဇေ ဂဇေ နမုတ္တိကံ။
ဝနေ ဝနေ နစန္ဒနံ၊ ဌာနေ ဌာနေ နပဏ္ဍိတံ။

လောကနီတိကျမ်း ပဏ္ဍိတကဏ္ဍ ဂါထာ ၇-နံပါတ်။ ။သေလေ သေလေ၊ တောင်တောင်ဟူသမျှ၌။ နမဏိကံ၊ ပတ္တမြားရတနာမရှိ။ ဂဇေ ဂဇေ၊ဆင်ဆင်ဟူသမျှ၌။ နမုတ္တိကံ၊အမြုတေမရှိ။ (ဝါ) အပြုံချည်းသက်သက် ဆင်မရှိ။ ဝနေဝနေ၊ တောတောဟူသမျှ၌။ နစန္ဒနံ၊ စန္ဒကူး နီ့ဖြူမရှိ။ ဌာနေ ဌာနေ၊ အရပ်အရပ်ဟူသမျှ၌။ နပဏ္ဍိတံ၊ ပညာရှိ အာဇာနည်မရှိ။ တောမှန်

သမျှ၌ စန္ဒကူးနံ့သာပင် မပေါက်ပါ၊ တောင်မှန်သမျှ၌ ပတ္တမြား ကျောက် ရတနာမထွက်ပါ၊ဆင်မှန်သမျှ၌ အပြူချည်းသက်သက်မဖြစ်ပါ၊ လူမှန်သမျှ၌ အာဇာနည် ယောကျ်ား ပညာရှိချည်း မဖြစ်ပါ။

ခုဗ္ဗုတ္တရာ ကျွန်မအာဇာနည်က မိဖုရားငါးရာ အရိယာဖြစ်စေသည်။

သံကိစ္စသာမဏေ အာဇာနည်က ခိုးသား ၅၀၀၊ ၅၀၀-အရိယာ ဖြစ်စေသည်။

၂။ ၃၁-ဘုံကား (အတ္တဒိဋ္ဌိ)နယ်ကြီးအစစ်ပါတကား။

၃၁-ဘုံက လူ,နတ်,ဗြဟ္မာတွေကိုရော၊ ၎င်း လူ,နတ်,ဗြဟ္မာတွေ ပြုလုပ် နေကြတဲ့ ၃၅-ပါးသော ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်များကိုရော အတ္တဒိဋ္ဌိက လက်ဝါးကြီးအုပ်၍ ထားပါတယ်။ အတ္တဒိဋ္ဌိက စက္ကန့်, မိနစ်, နာရီနှင့် မျိုါး နေပါတယ်။ အတ္တဒိဋ္ဌိက ချယ်လယ်၍ နေပါတယ်။ လူ, ရဟန်းများ အတ္တဒိဋ္ဌိ မလွှတ်သေးပါ။ (အနိစ္စ ဒုက္ခ လက္ခဏာနိ ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ ပညာယန္တိ။ ဝိဘင်း အဋ္ဌကထာ၊ နံပါတ်-၄၃၊ ကြောင်းရေ ၁၀-ဇုံမှ၌ ဒါန, သီလ, သမထ, ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ဈာန်, အနိစ္စ, ဒုက္ခ-တရား ၉-ပါးဟာ မြတ်စွာဘုရားတို့ ပွင့်လဲရှိ၏၊ မပွင့်လဲ ရှိ၏။ ဓမ္မာရား ၉-ပါးတဲ့ဗျား။ (တနည်း)။ ဒါန, သီလ, သမထ-စသော ၃၅-ပါးဟာ မြတ်စွာဘုရားတို့ မပွင့်လဲရှိ၏၊ ပွင့်လဲရှိ၏။ အဲဒါကြောင့် ကမ္ဘာ့ နိယာမဓမ္မာတရား အစစ်တဲ့ဗျား။ ပြခဲ့ပြီးသော ဝိဘင်း အဋ္ဌကထာ၊ နံပါတ်-၄၃၊ ကြောင်းရေ ၁၀-ဇုံမှ၌ ပြထားပါသည်။

အနတ္တသာသနာတော် ဘုရားနယ်ကြီးလာပါပြီ။

> အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ၊ ဗုဒ္ဓုပ္ပါဒေ ယေဝ ပညာယတိ။

ဝိဘင်း အဋ္ဌကထာ၊ နံပါတ်-၄၃၊ ကြောင်းရေ ၁၀-ဇုံမှ၌ ပြထား ပါသည်။

အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာ သာသနာတော်ကြီး သည်ကား။ ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရားတို့ပွင့်ခြင်းကို။ ဝိနာ၊ ကြဉ်ထား၍။ နပညာယတိ၊

မထင်ရှားပေ။ ဗုဒ္ဓုပ္ပါဒေယေ၀၊ မြတ်စွာဘုရားတို့ပွင့်တော်မူ၍ဟောပြတော်မူမှသာလျှင်။ ပညာယတိ၊ နေအသွင် လအသွင် ထင်ရှားလေ၏တကား။

အနတ္တကိုမတွေ့သူကား သာသနာကို မတွေ့သေး မကြုံသေး မရသေး။ အနတ္တကိုတွေ့သူကား သာသနာကို တွေ့ပြီး ကြုံပြီး ရပြီးဟု မှတ်ပါလေ။

အနတ္တမှု၊ ဗုဒ္ဓသာသနာ၊ သာသနာပ၊ မလုပ်ကြရာ၊
အကယ်၍ကား၊ လုပ်ငြားမိရာ၊ ဒေဝီလ-ကြည့်ကြ ဤပမာ။ } မြန်မာဂါထာ

သမုဒ္ဒရာ သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်ကြီးတွေဟာ (အနတ္တ) လက်နက်ကြီးဖြင့် (အတ္တ) ဝါဒကို တိုက်ဖျက် ကြပါသည်။ ဘုရား တဆူ တဆူလျှင် တွယ်ကပ်၍ ကျွတ်လွတ် သွားကြသော ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းစီတို့လည်း (အနတ္တ) လက်နက်ကြီးဖြင့် (အတ္တ) ဝါဒကို ဖျက်နိုင်၍ လွတ်မြောက် ကြပါသည်။ ယခု မကျွတ်ဘဲ မလွတ်ဘဲ ကျန်ရစ်ခဲ့သော သတ္တဝါအထုကြီးကား (အနတ္တ)လက်နက်ကြီး မရှိကြလို့ (အတ္တ) ဝါဒကို မဖျက်နိုင်လို့ ကျန်ခဲ့ကြတာပါတဲ့။

(သံသရာရေယဉ်ကြော အတ္တကြောင့်မျော)

၃။ ခေတ်သုံးပါးလူထု၌ (အတ္တဝါဒ)ကမ္ဘာနာကြီးစွဲကပ်နေပုံ။

ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်, သုံးခေတ်အတွင်း၌ နေကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတွေမှာ ဘာရောဂါများ စွဲကပ်၍နေပါသနည်းဟု သဗ္ဗညုတရွှေဉာဏ်တော်ကြီးဖြင့်ကြည့်တော့ ဘုရား၏ဉာဏ်တော်အဝမှာ (အတ္တ ဝါဒ) ရောဂါများ စွဲကပ်လို့ မကျွတ်ထားဘဲ ဟူ၍ မြင်တော်မူတော့ မြတ်စွာဘုရားက ဇီဝက ဆေးဆရာပမာ သုံးခေတ်သားတွေက ရောဂါသည်ပမာ (အတ္တဝါဒ)က ကမ္ဘာနာရောဂါ၊ ဆေးတော်က(အနတ္တ) ဒေသနာဖြင့် ၄၅-ဝါတိတိ မိမိရရ စိစိငှငှ ပြည့်ပြည့်ဝဝ တိတိကျကျကြီး ကုမ ပယ်ရှား သွားပေသည်။

အနတ္တတရားတော်ကြီးဆိုတာ

(၁) သင်္ခတဓာတ်၊ သင်္ခါရနယ်က။ (၂) အသင်္ခတဓာတ်၊ ဝိမုတ္တိနယ်က။ တကမ္ဘာလုံးရှိ တရားကို ခြုံလိုက်တော့ အမှန်ရှိတဲ့ တရားဟာ (၁) သင်္ခတဓာတ်နှင့်၊ (၂) အသင်္ခတ ဓာတ်သာ ရှိ၍ နေပါတယ်။

ခေတ်ကြီး ၄-ပါးဆိုတဲ့ သင်္ခတခေတ်ကိုတွေ့မှ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတခေတ်ကို ရမည့်အမှန် ကေန်တည်း။ (ပဝတ္တံ သင်္ခါရံ အပဝတ္တံ နိဗ္ဗာနံ) ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က ပြထားပါသည်။

၅။ (၁) သင်္ခတခေတ်ကိုခွဲပြန်တော့

တရားဆိုတဲ့(ဓမ္မ)၌ စစ်ဆေးကြည့်ပြန်တော့၊ (ဓရ)ခေတ် ရမ္မပစ္စည်း။ သဒ္ဒါနည်းဖြင့် (ဓးမ္မာ) ဟူ၍ရင်း။ (ဓမ္မ) ဟူ၍ရင်း ဖြစ်လာရသည်။ မူရင်းကား (ဓရခေတ်) ရမ္မပစ္စည်းပင် တွေ့ရ တော့၏။ ။ခေတုဆိုတဲ့ ခေတ်တရား စစ်ဆေး၍ ကြည့်ပြန်တော့လဲ မူရင်းကား (ဓရ) ခေတ်၊ တုပစ္စည်းပင် တွေ့ရတော့သည်။ မငြင်းနဲ့တော့၊ ငြင်းလို့လဲမရတော့ဘူး။ သဒ္ဒါကို မသင်ဘူးတဲ့လူသာ မတတ်လို့ ငြင်းနေတာပါ။ ပုံစံပြမယ်၊ ဘုရား ဆိုတဲ့ ဗုဒ္ဓေါ၌ ဗုဓခေတ် တပစ္စည်း သိဝိဘတ်ကိုသာ တွေ့ရပါသည်။တရား ဆိုတဲ့ ဓမ္မော၌ ဓရခေတ် ရမ္မပစ္စည်း သိဝိဘတ်ကိုသာ တွေ့ရပါသည်။ သံဃာဆိုတဲ့ သံဃော၌ သံရှေးရှိသော ဟနခေတ် ရပစ္စည်း သိဝိဘတ်သာ တွေ့ရပါသည်။ ထို့ကြောင့် ဘုရားအစစ်ဟာလဲ ခေတ်ပါဘဲ၊ တရားအစစ် ဟာလဲ ခေတ်ပါဘဲ၊သံဃာအစစ်ဟာလဲ ခေတ်ပါဘဲ။စတ္တာရော မဟာဘူတာ ဟူ၍ ဘုရားဟောခဲ့ပါသည်။

၆။ သင်္ခတခေတ်က အသင်္ခတခေတ်သို့ တက်ရောက်သွားပုံ

ခေတ်၊ ကလာပ်၊ လက္ခဏာ၊ ဉာဏ်စဉ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်။

၁ ၂ ၃ ၄ ၅ ၆ ၇

ဝိပဿနာ အားထုတ်နည်းအတိုင်း တရားရှာတော့ ပထမဦးစွာ (၁) ခေတ်ကြီး ၄-ပါးကို တွေ့ရပါသည်။ ၎င်းမှ ကလာပ်များ၊ ၎င်းမှ လက္ခဏာရေး ၃-ပါး၊ ၎င်းမှ ဉာဏ်စဉ်များ၊ ၎င်းမှ မဂ်တရား၊ ၎င်းမှ ဖိုလ် တရား၊၎င်းမှ နိဗ္ဗာန်တရားသို့ ရောက်သွားပါသည်။

၇။ ကယ်ဆယ်မည့်သူ လာပါပြီ။

မြတ်စွာဘုရား သခင်ကြီးဟာ(၄၅)ဝါ ကာလပတ်လုံး ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တရားတော်များကို ဟောကြားခဲ့ပါသည်။ ၎င်းတို့ အထဲက

ကေနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဒွါဒသမဝဂ်၌ ကယ်ဆယ်မည့်သူကို ဖော်ပြခဲ့သည်ကား॥ ॥ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ကတမော ဘိက္ခဝေ ဧကပုဂ္ဂလော၊ သမ္မာဒိဋ္ဌိကော ဟောတိ အဝိပရိတဒဿနော॥ ॥ဘိက္ခဝေ၊ ချစ်သားတို့॥ ဧကပုဂ္ဂလော၊ တယောက်သော ပုဂ္ဂိုလ်သည်॥ လောကေ လောက၌॥ ဥပ္ပဇ္ဇမာနော၊ဖြစ်ထွန်းပေါ်ပေါက်၍ လာခဲ့သည်ရှိသော်॥ ဗဟုဇနဟိတာယ၊ များစွာသော လူအပေါင်း၏ စီးပွါးခြင်းငှာ॥ ဗဟုဇနသုခါယ၊ များစွာသော လူအပေါင်း၏ ချမ်းသာခြင်းငှာ॥ ဗဟုနောဇနဿ များစွာသော လူအပေါင်း၏॥အတ္ထာယ၊ အကျိုးငှာ॥ ဒေဝမနုဿာနံ၊ နတ်, လူတို့၏॥ ဟိတာယ၊ စီးပွါးခြင်းငှာ॥ သုခါယ၊ ချမ်းသာခြင်းငှာ॥ ဥပ္ပဇ္ဇတိ၊မုချကိန်းသေ ဖြစ်ရပါပေ၏॥ ဘိက္ခဝေ၊ ချစ်သားတို့॥ ဧကပုဂ္ဂလော၊တယောက်သောပုဂ္ဂိုလ်သည်॥ ကတမော၊အဘယ်ပါနည်း॥ သမ္မာဒိဋ္ဌိကော၊ ပညတ်ကိုပယ် ပရမတ်၌ တွယ်သဖြင့် တကယ်စင်ကြယ်မြင့်မြတ် ဖြောင့်မှန်သော အယူရှိသော ပုဂ္ဂိုလ်သည်॥ အဝိပရိတဒဿနော၊ အားလုံးကိုပင် အနိစ္စ,ဒုက္ခ,အနတ္တတွေ့၍ မဖောက်ပြန်သော ဉာဏ်အမြင်ရှိသောပုဂ္ဂိုလ်သည်॥ ဟောတိ၊ဖြစ်၏॥ ॥ဤပါဠိတော်ဖြင့်ရင်း၊ (သမ္မာဒိဋ္ဌိကော အဝိပရိတဒဿနော) ကောက်ချက်အရဖြင့်ရင်း၊ သမ္မာဒိဋ္ဌိအစစ်ဖြစ်၍နေသူ မဖောက်ပြန်တဲ့ ဉာဏ်ပညာရှိ၍နေသူက ကယ်ဆယ်၍ကျွတ်လွတ်အောင် ဟောပြပို့ဆောင် ပါလိမ့်မည်တဲ့॥ သမ္မာဒိဋ္ဌိနှင့် အဝိပရိတဒဿနဉာဏ်ရှိ၍ နေသူကား အဘယ်သူနည်းဟူမူကား ဝိပဿနာလမ်းစဉ်အတိုင်း ခတ်ကြီးလေးပါးကို တွေ့ရှိနေသူ နောက်တဆင့် ကလာပ်တရားလက္ခဏာရေးသုံးပါး, ဉာဏ်စဉ်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား မြင်နေသူ,တွေ့နေသူ,ရနေသူကား သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ပင်တည်း॥ ॥အဝိပရိတဒဿနပုဂ္ဂိုလ်ပင်တည်း॥ ॥ဤမှပြန်သော ဗျတိရေကနည်းအားဖြင့် ခတ်, ကလာပ်,လက္ခဏာ, ဉာဏ်စဉ်,မဂ်,ဖိုလ်,နိဗ္ဗာန် ဤတရား ၇-ပါးကို တွေ့လဲမတွေ့သေး၊မြင်လဲမမြင်သေး၊ရလဲမရသေးသောသူများကား မိစ္ဆာဒိဋ္ဌိတို့ပင်တည်း၊ ဝိပရိတဒဿန ပုဂ္ဂိုလ်တို့ပင်တည်း၊ သမ္မာဒိဋ္ဌိက အဝိပရိတဒဿနပုဂ္ဂိုလ်များသာလျှင် (ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ

အတ္တာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ) ဟူသော အကျိုးများကို ပြုလုပ်၍ ပေးနိုင်ပါသည်။

ထိုမှအပြန်ဖြစ်သော မိစ္ဆာဒိဋ္ဌိကပုဂ္ဂိုလ်များ ဝိပရိတဒဿနပုဂ္ဂိုလ်များ မှုကား (ဗဟုဇနအဟိတာယ၊) လူအပေါင်းတို့ စီးပွါးမဲ့ခြင်းငှာ (ဗဟုဇန အသုခါယ၊) လူအပေါင်းတို့ မချမ်းသာစေခြင်းငှာ (ဗဟုနော ဇနဿ အနတ္ထာယ၊) လူအပေါင်းတို့ အကျိုးမဲ့ခြင်းငှာ။ (အဟိတာယ အသုခါယ ဒေဝမနုဿာနံ၊) လူ၊နတ်၊ဗြဟ္မာတို့၏ အစီးအပွါး မရှိခြင်းငှာ မချမ်းသာခြင်းငှာ ဖြစ်ပေါ်၍လာသော အဆိပ်ပင်၊ လောင်မီး၊ ဘီလူး၊ သူရဲတွေပါ တဲတဲ့၊ သိထားကြပေတော့။

## သမ္မာဒိဋ္ဌိက အဝိပရိတဒဿနပုဂ္ဂိုလ် ဘာပြုသလဲ

(သောဗဟုဇနံ အသဒ္ဓမ္မာ ဝုဋ္ဌာပေတွာ သဒ္ဓမ္မေ ပတိဋ္ဌာပေတိ) ၎င်း ပါဠိပင်။ သော၊ ထိုသမ္မာဒိဋ္ဌိက အဝိပရိတဒဿနပုဂ္ဂိုလ်သည်။ ဗဟုဇနံ၊ များစွာသော လူ၊ နတ်၊ ဗြဟ္မာ တွေကို။ အသဒ္ဓမ္မာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ မပို့သော တရားမှ။ ဝုဋ္ဌာပေတွာ၊ ထမြောက်စေ၍။ သဒ္ဓမ္မေ၊ မဂ်၊ဖိုလ်၊ နိဗ္ဗာန်သို့ ပို့နိုင်သော တရား၌။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ ။၎င်းပြပြီး သော (သော ဗဟုဇနံ အသဒ္ဓမ္မာ ဝုဋ္ဌာပေတွာ သဒ္ဓမ္မေ ပတိဋ္ဌာပေတိ) ဟူသော ပါဠိနှင့် ယခုပြလတံ့သော (ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတ ပရမတ္ထ ဝသေန ဝိသေသေန ဂိဝ်ခါဝါ ပဿတီတိ ဝိပဿနာ) ဟူသော ပါဠိကား သဘောအဓိပ္ပါယ် အားဖြင့် တထပ်ထဲ ရှိ၍နေပေသည်။ လူများအပေါင်း အား ကိလေသာအကုသိုလ်တို့၏ အာရုံဖြစ်တဲ့ ပညတ်တရားတွေကို ဖယ်ရှား စေ ကြဉ်ထားစေ၍ ပရမတ္ထဆတ်ဆတ်ဖြစ်တဲ့ ဓာတ်တရား ကလာပ်တရား လက္ခဏာရေး ၃-ပါး ဉာဏ်စဉ် ၁၀-ပါး မဂ်တရား ဖိုလ်တရားကို တွေ့စေနိုင်။ နည်းပေးပြသ ဆုံးမသြဝါဒ ပေးတဲ့ သမ္မာဒိဋ္ဌိက အဝိပရိတ ဒဿန ပုဂ္ဂိုလ် သာလျှင် အသဒ္ဓမ္မမှ ထမြောက်စေ၍ သဒ္ဓမ္မ၌ တည်စေပါ တယ်တဲ့။ ဝါ၊ ပညတ်ကိုခွါစေ၍ ပရမတ်၌ နေစေပါသတဲ့။

## ၈။ ကယ်ဆယ်မည့်သူကိုပြပြီး နိဂုံးအုပ်ပြန်ပြီ

အယဉ္ဇ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော
ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ
အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။

ဧကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒွိတိယဝဂ်။

ဘိက္ခဝေ၊ ချစ်သားတို့။ အယဉ္စဧကပုဂ္ဂလော၊ ဤ သမ္မာဒိဋ္ဌိ အဝိပရိတ အယူရှိသော ပရမတ္ထပုဂ္ဂိုလ်တယောက်သည်သာလျှင်။ လောကေ၊ လောက သုံးပါး၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်ထွန်း လာသည် ရှိသော်။ ဗဟုဇနဟိတာယ၊ လူအပေါင်းတို့ စီးပွါးခြင်းငှါ။ ဗဟုဇနသုခါယ၊ လူအပေါင်းတို့ ချမ်းသာ ခြင်းငှါ။ ဗဟုနောဇနဿ၊ များစွာသော လူအပေါင်း၏။ အတ္ထာယ၊ အကျိုးငှါ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဗုဒ္ဓဘာသာ အစစ်အမှန် ဖြစ်လျှင် ဘုရားဟောဒေသနာတော်အတိုင်း လိုက်နာ၍ သမ္မာဒိဋ္ဌိကပုဂ္ဂိုလ် အဝိပရိတ ပုဂ္ဂိုလ်မျိုးကို သာလျှင် ရှာကြံ၍ ငိပဿနာ တရားနှင့် ဘဝကို ကုန်လွန်စေရာသည်၊ နိဗ္ဗာန်သို့ မုချရောက်မည်။

ကယ်ဆယ်မည့်သူကို ရွေးချယ်ခဏ်းပြီး၏။

---

## (၁၂) ဘုရား,တရား,သံဃာ,ဆည်းကပ် နတ်ပြည်ရောက်ရန်

(က) ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ခ) ယေ ကေစိ ဓမ္မံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

(ဂ) ယေ ကေစိ သံဃံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

သီလက္ခန်အဋ္ဌကထာစသောအဋ္ဌကထာများ၊ ဋီကာ,အနု,မဓု,ယောဇနာ, ကျမ်းများ၌ လာသော သုံးဂါထာတော်ကြီးပင်တည်း။

(၁) ယေကေစိ၊ ခပ်သိမ်းကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရား ကိုဋ္ဌင်း။ ဓမ္မံ၊ တရားတော်မြတ် ကိုဋ္ဌင်း။ သံဃံ၊ သံဃာတော်မြတ် ကိုဋ္ဌင်း။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတာသေ၊ ဆည်းကပ်ကြကုန်၏။ တေ၊ ထို ဘုရား, တရား, သံဃာကို ဆည်းကပ်ကြကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါ တို့သည်။ အပါယဘူမိံ၊ အပါယ် လေးဘုံသို့။ နဂမိဿန္တိ၊ မသွားရောက်ရကုန်လတ့်။ မာနုသံဒေဟံ၊ လူ၏ခန္ဓာကိုယ်ကြီးကို။ ပဟာယ၊ စွန့်၍။ ဒေဝကာယံ၊ နတ်တို့ အပေါင်းအဖော်ကို။ ပရိပူရေဿန္တိ၊ ပြည့်စေကုန်လတ့်။ ။ဤ၌ တူရာပါဋ္ဌိကိုချန်လှပ်၍၊ (ဓမ္မံ, သံဃံ) ၂-ခုကို ယူပြီး ပဌမဂါထာ၌ ထည့်၍ ပဌမဂါထာကိုသာ အနက်သမ္ဗန် ပါသည်။ ဂါထာ၏ အလိုကား ဘုရား, တရား, သံဃာကို ကိုးကွယ်လျှင် နတ်ပြည် ရောက်လတ့်တဲ့။

(၂) ဓမ္မပဒ ပါဠိတော် ယက်ကန်းသည်မ ဝတ္ထုမှ (အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ)ပါဠိ။

(တနုကေတ္တ ဝိပဿတိ) ပါဠိဖြင့် သိကြပါ။ ။တွေ၊ ဤလူများ အပေါင်းတွင်။ တနုကော၊ နည်းပါးသောလူစုသည်။ ဝိပဿတိ၊ ဝိပဿနာ ရှု၏။ တေန၊ ထို့ကြောင့်။ အပ္ပေါ၊ နည်းပါးသောဝိပဿနာ လူစုသည်။ သဂ္ဂါယ၊နတ်ပြည်သို့။ ဂစ္ဆတိ၊ရောက်၏။ ။ဝိပဿနာသမားများ ကေန်မုချ နတ်ပြည်ရောက်အံ့တဲ့။

(၃) ဝိပဿနာပွါးသူများ ကေန်မုချ နတ်ပြည်ရောက်ပုံ

(၁) လူ့ပြည်၌ ဝိပဿနာပွါး၍သေလျှင် နတ်ပြည်ကေန် မဂ်ဖိုလ်ကေန်ရ။
(၂) လူ့ပြည်၌ ဝိပဿနာပွါး၍သေလျှင် နတ်ပြည်ကေန် နတ်ချင်းချင်း

တရားဟောတော့ မဂ်ဖိုလ်ကေန်ရ။ (၃) လူ့ပြည်၌ ဝိပဿနာပွါး၍သေလျှင် နတ်ပြည်ကေန် ဖြဟ္မာ့ဘိကျွ တရားဟော မဂ်ဖိုလ်ကေန်ရ။ (၄) ဝိပဿနာပွါး၍သေလျှင် နတ်ပြည် ‌ေကန်ရောက်၊ နတ်ချင်းချင်း သတိပေးတော့ မဂ်ဖိုလ်ရ။ ဗျာဒိတ်တော်ကြီး ၄-ပါး ဘုရားဟောတည်း။ ။စတုကန်ပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဟံမူ၊ နံပါတ်-၄၂၂၊ကြောင်းရေ ၃၃-၌ ပါရှိပုံ။

## (၄) ဝိပဿနာကြောင့်နတ်ဖြစ် သမဏနတ်သား

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ၌ နံပါတ် ၇၅-တွင် ပါရှိပုံမှာ ရဟန်းတော်တပါး ဝိပဿနာ အားထုတ်နေရင်း တရားမရမီ စုတေ့ရာ နတ်ပြည်၌ဖြစ်၏။ရှေးဘဝက ရဟန်း၏ အမူအရာအတိုင်း နေထိုင်သဖြင့် နတ်သမီးတထောင်က ကေန္တရဟန်းဘဝမှ စုတေ့လာတဲ့ နတ်သားဘဲ၊ သေပြီး၍ နတ်ဖြစ်၍နေမှန်း မသိရှာပေ။မှန်ထောင်၍ ပြတော့မှ သိလေရာ နတ်သမီးတထောင်နှင့်အတူ ဘုရားထံသွားပြီး တရားနာတော့ အားလုံးပင် သောတာပန် အရိယာဖြစ်ကြတော့၏။ ဤ ၄-မျိုးကို ထောက်၍ ဝိပဿနာပွါးပြီးမှသေလျှင် ကေန်နတ်ပြည် ကေန်မဂ်ဖိုလ်ဟု ဆိုရဲ၏။

## (၅) ဝိပဿနာကြောင့် နတ်ပြည်ကေန် တန်းရောက်ကြပုံ

ကဿပဘုရားလက်ထက်တော်က တောင်ထိပ်တက်ပြီး ကျင့်ကြသော ၇-ဦးအနက်၊ ရှင်ဒဗ္ဗလောင်း, သဘိယလောင်း, ကုမာရကဿပလောင်း, ဒါရုစိလောင်း, ပုက္ကုသာတိလောင်း ၅-ဦးနှင့် ပဉ္စဂ္ဂပုဏ္ဏား လင်မယားဗာဝရိပုဏ္ဏားတစုံ ငါးသောင်းကျော်တို့ဟာ ဝိပဿနာကြောင့်ပင် နတ်ပြည်၌ ဘဝပေါင်း ကုဋေကုဋာ စံကြရပါသည်။

---

## (၁၃) ဘုရားအစစ် အမြဲတမ်းကိုးကွယ်၍ ကေန်မုချကိန်းသေ နတ်ပြည်ရောက်ကြပါရန်

ဘုရားကို ကိုးကွယ်လျှင် ကေန်နတ်ပြည်သို့ မုချပင် ရောက်နိုင်ကြောင်းဖြင့် ပြခဲ့ပြီးသော အခဏ်း၌ ၁-၂-၃-၄-၅-ကို ထောက်ဆ၍ ယုံကြည်ပါပြီ။ ဘုရားအစစ်နှင့် သဒ္ဓါအစစ်မှန်မှ ရောက်ပါသည်။

ဇုန္တာသယ ၄၆၃-၁၄

သဒ္ဓါအစစ်ရဘို့ရန်မှာ ရတနာသုံးပါး အစစ်ကိုရမှ သဒ္ဓါယုံကြည်ခြင်း ဖြစ်နိုင်ပါသည်။ (ဗုဒ္ဓါဒီသု ဝတ္ထုသု သဒ္ဓါပဋိလာဘော၊ သဒ္ဓါမူလိကာစ သမ္မာဒိဋ္ဌိ ဒသသု ပုညကြိယာဝတ္ထုသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ)။

သီလက္ခန်အဋ္ဌကထာ သာမညဖလသုတ်အဖွင့်၌။ ။ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ ဝတ္ထုသု၊ ဝတ္ထုတို့၌။ သဒ္ဓါပဋိလာဘော၊ သဒ္ဓါတရားကို ရခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဉာဏ်သည်။ သဒ္ဓါမူလိကာစ၊ သဒ္ဓါတရားသာလျှင် အရင်းခံရှိ၏။ ဒသသု ပုညကြိယာ ဝတ္ထုသု၊ ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့တွင်။ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိကို။ ဒိဋ္ဌိဇုကမ္မန္တိ၊ အယူဖြောင့်မှန်သော ကံဟူ၍။ဝါ၊ဒိဋ္ဌိဇုကမ္မဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤအဋ္ဌကထာ အဆိုကို ကြည့်ပါလျှင် ဘုရား, တရား, သံဃာကိုက မှန်မှ သဒ္ဓါအစစ် ဖြစ်နိုင်ပါတယ်တဲ့၊ သဒ္ဓါတရားက အရင်းခံမှလည်း သမ္မာဒိဋ္ဌိအစစ် ဖြစ်နိုင်ပါတယ်တဲ့၊ သမ္မာဒိဋ္ဌိ အစစ်ကိုမှ ဒိဋ္ဌိဇုကမ္မဟူ၍ ခေါ်ဝေါ်အပ်ပါသတဲ့။ ဤသဒ္ဓါမျိုး, ပညာမျိုး, သတိမျိုး, ဝီရိယမျိုး, သမာဓိမျိုးဆိုတဲ့ ဗိုလ်ငါးပါးဖြင့် တိုက်ပွဲဆင်မှလည်း ကိလေသာကို အောင်မြင်နိုင်ပါမည်၊ အပြီးတိုင် အောင်မြင်ပါလိမ့်မည်။

(ကိလေသာမှန်က ကြိတ်ချေပြ ငါးဝဗိုလ်အင်္ဂါ) လင်္ကာ။

## (၁၄) သဒ္ဓါတရားအစစ်ရရှိအောင်ဟာ၊ ဘုရားငါးပါး စေတီငါးပါးနှင့် စစ်ပြပါဦးမည်။

(၁) ဥဒ္ဒိဿဘုရား၊ ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ သစ်သား၊ အုတ်၊ အင်္ဂတေ၊ ရွှေငွေဖြင့် ပုံတော်တူအောင် ထုလုပ်ထားသော ဘုရားတဲ့၊ ဤဘုရားတို့ကား အထယ်, ဒြပ်, သဏ္ဌာန် ပုံစံ ပါရှိနေသောကြောင့် ပညတ်ဘုရားပင်တည်း။ ပရမတ် ဘုရားမဟုတ်ပါ။ တူအောင် ထုလုပ်သူက ပန်းပု ပန်းရံဆရာများ ဖြစ်၍လည်း စိတ်ကို မနည်းပင် ပြုပြင်ရဦးမည်။ ထုသူက ဗမာဖြစ်လျှင် ဘုရားပုံစံဟာ ဗမာနှင့် တူပြန်သည်။ ကုလားက ထုလုပ်လျှင် ကုလားလိုလို တရုပ်ကထုလျှင် တရုပ်လိုလို မြင်ရသည်။ အမှန်မှာ ဘုရားသည် ဗမာနှင့် ကုလားနှင့် တရုပ်နှင့်တူမည် မဟုတ်ပါ။

(အတုလံဆိုတဲ့)ပါဠိကို ထောက်ဆပါလေ။ အတုလံဆိုတာ အရာရာတိုင်းမှာ ပင် မနှိုင်းမယှဉ်အပ်ဘူးတဲ့ဗျား။ အဲဒါလဲသတိထားကြပါ။ အချို့ကကပ်ကပ် သတ်သတ်ပြောကြသေး၏။ မြတ်စွာဘုရားကို ဖူးတာဟာ မျက်နှာသဏ္ဌာန် တော် မရည်စူးပါဘူးတဲ့။ ထိုထိုပုံတော်၌ (၃၂)ပါးသော လက္ခဏာတော် ကြီး (၈၀) သော လက္ခဏာတော်ငယ် အသံတော် (၈)ပါး၊ (၁၀၈)ကွက် စက်လက္ခဏာများပါရှိတာကို ရည်စူးပြီး ဖူးကြတာပါတဲ့။ (တော်ပါသေးရဲ့ တန်ပါသေးရဲ့) တဆင့်တက်လာပြီမို့ သာဓုပါဘဲ။ အသင်-ကိုးကားပြတဲ့ (၃၂)ပါးတို့၊ (၈၀)တို့၊ (၈)ပါးတို့၊(၁၀၈)ကွက်တို့ဟာ ဘုရားမဟုတ်သေး ပါဘူးဗျ။ အဲဒီလက္ခဏာတော်တွေဟာ သိဒ္ဓတ္ထဘုရား အလောင်းတော် ကလေးဖွားတော်မူစကထဲက ပါရှိတဲ့ လက္ခဏာမို့လို့ (လက္ခဏာတော်ဘဲလို့) တကမ္ဘာလုံးက ခေါ်နေပါတယ်။ ဘုရားလို့ မခေါ်ပါတကား။ စဉ်းစားကြ ပါ။ အဲဒီလက္ခဏာတော်တွေဟာ ဘုရားဖြစ်ခဲ့ပါလျှင် အဲဒီ လက္ခဏာတော် တွေရှိနေတုန်းမှာပင် မယ်ယသော်နှင့်ထိမ်းမြားပြီး ရွှေနန်းမကြီးသုံးဆောင် ၌(၁၆)နှစ်သားကစ၍(၂၉)နှစ်အထိကာမဂုဏ်ဖြင့်ပျော်စံနေတာကိုလဲ သတိ ထားကြပါလေ။ မိဖုရားပေါင်း သုံးသိန်းခြောက်သောင်းနှင့် ငြိမ့်ညောင်း၍ နေစဉ်၌(၃၂)ပါးတို့၊ (၈၀)တို့၊ (၈)ပါးတို့၊ (၁၀၈)ကွက်တို့ဟာ ထင်ရှားရှိ လျက်ပင်တည်း။ ဆိုလိုတာကတော့ ပုံစံမြင်ရတော့ မြတ်စွာဘုရား၏၊ ဂုဏ် တော်ကိုးပါးကို ကွက်ကွက် ကွင်းကွင်း ထင်လင်း သိမြင်ဘို့ရာ အောက် အဆင့်ဖြင့် ဖူးကြရတာပါ။ ဥပမာ-မိဘ ကွယ်လွန်ပြီးသော သား, သမီးများ သည် မိဘ၏ ပုံစံရုပ်ပုံ ဓာတ်ပုံကို မြင်ရသောအခါ မိဘသည် ဓာတ်ပုံမဟုတ်၊ ဓာတ်ပုံလည်း မိဘမဟုတ်။ ဒါပေမဲ့ အနည်းငယ် တူတန်သမျှကို မြင်ရ၍ ဩော်-ငါတို့ မိဘဟာ ငါတို့အား ဘယ်ပုံပြုစုခဲ့ပေတယ်။ ဘယ်အမွေကို ပေးခဲ့ပေတယ် စသည်ဖြင့် မိဘ ၂-ပါးပြုခဲ့သမျှ စိတ်ထား စေတနာထား ပြုပုံမူပုံ ဂုဏ်တော်ကိုသိမြင်၍ ကျေးဇူးပေါ်အောင် အကျိုးတရား တိုးပွား အောင်သာ ကိုးကွယ်၍ ထားရပါတယ်။

(၂) နိမိတ္တဘုရား ဆိုတာကတော့ ကမ္မဋ္ဌာန်းအားထုတ်သော အခါ ဝယ် မျက်စိထဲ၌ စိတ်မနောထဲ၌ ထင်မြင်နေသော မြတ်စွာဘုရားပုံတော် သဏ္ဌာန်တော် ဘုရားတည်း။ အဲဒါလဲ ရှေးရှေးက မမြင်ဘူးတာကို သညာ

ဖြင့် မှတ်ထားလို့ ဗမာလိုလို ကုလားဘုရားလိုလို စသည်ဖြင့် မြင်ရ, ထင်ရခြင်းတည်း၊ ဂုဏ်တော်ဘုရား ရောက်မှ အနည်းငယ်တန်းမြင့်မည် မရပ်ပါနှင့်ဦး။

(၃) နိမ္မိတဘုရားဆိုတာ မဟာဖုဿဒေဝ မထေရ်အား မာရ်နတ်က ဖန်ဆင်းပြတယ်၊ သုရမ္ဗဒ ဒါယကာအား မာရ်နတ်က ဖန်ဆင်း၍ ပြတယ်၊ အရှင် ဥပဂုတ် ရဟန္တာအား မာရ်နတ်က ဖန်ဆင်းပြတယ်၊ သီရိဓမ္မာသောကမင်းနှင့် အသန္ဓိမိတ္တာ မိဖုရားတို့ကို အကြောင်းပြု၍ ပါဠလိပုတ်တမြည်လုံးရှိ ပုထုဇဉ် အရိယာတို့ကိုပါ မြင်ရအောင် ကာလနဂါးမင်းက ဖန်ဆင်းပြတယ်။ အဲဒီဖန်ဆင်းပြသော ပုံစံသဏ္ဌာန် ဘုရားကား၊ တကဲ့သက်တော်ရှိစဉ်က ဘုရားကြီး၏ ပုံသဏ္ဌာန်ဖြစ်၍ ပညတ်ဘုရားပင်။ မာရ်နတ်ဖန်ဆင်းတဲ့ ဘုရားပင်။ နဂါးဖန်ဆင်းတဲ့ ဘုရားပင်တည်း။ (ဂုဏ်တော်ဘုရားသို့ မရောက်သေးပါတကား)။ ပရမတ်ဘုရားသို့ မရောက်သေးပါ တကား။ ဤဘုရားလောက်နှင့်လဲ မရပ်ကြနဲ့။

(၄) သခင်ချို ၂၀-နှင့်ကမ္ဘာတသိန်းလောက်ကပြုခဲ့သော လက်သမားကံတရားကြောင့် မယ်တော်မာယာဝမ်းဝယ် သန္ဓေစွဲပြီး ဖွားတော်မူ၍ ၃၅-နှစ်တွင် ဘုရားဖြစ်တော်မူတဲ့ ဂေါတမဗုဒ္ဓ ခန္ဓာတော်ပဥ္စက ပြုဗ်ပုံစံ အတ္တပညတ် ဘုရားဟာလည်း အများကတော့ ဘုရားဘဲလို့ ဆိုကြပေမဲ့ ဘုရားကိုယ်တော်တိုင် ကတော့ ဒါဟာ ဘုရား မဟုတ်သေးဘူးတဲ့။ ခန္ဓာကိုယ်ယုတ် အကောင် ပုပ်ကြီးဘဲတဲ့ဗျ။ အရှင် ဝက္ကလိ မထေရ်ဟာ ဘုရားကိုယ်သာ ကြည်ညိုစွာဖြင့် ရှေလည်တော်မျှော်ပြီး တမော်မော်နှင့်ဘုရားဖူးကာ နေတော့ မြတ်စွာဘုရားက။ ။(ကိန္တေ ဝက္ကလိ အပေဟိ ဣမိနာပူတိကာယေန ဒိဋ္ဌေန)၊ ဝက္ကလိသံယုတ်မှာ။ ။ဝက္ကလိ၊ ချစ်သား ဝက္ကလိ။ အပေဟိ၊ ငါဘုရား အနားမှ ထသွားပါလေလော့။ ဣမိနာပူတိကာယေန ဒိဋ္ဌေန၊ ဤအကောင်ပုပ်ကြီးကို ရှု၍သာနေသဖြင့်။ တေ၊ သင်ချစ်သားအား။ ကိံ ၊မဂ်ဖိုလ်အားဖြင့် ဘာအကျိုးရှိချေအံ့နည်း။

ကိုယ်တော်တိုင် ဘုရားကိုဖူးတာတောင်မှ မြတ်စွာဘုရားက ဒီအကောင်ပုပ်ကြီးကို ဖူးကာနေသဖြင့် မဂ်အကျိုး, ဖိုလ်အကျိုး ရမှာတဲ့လား မရနိုင်

ဘူး၊ အနားက ထွက်သွားပါလေတဲ့၊ နှင်ထုတ်ခံရသေး၏။ (အဲဒါလဲ ဂုဏ်တော်ဘုရားသို့ မရောက်သေးပါ)။

(၅) ခေတ် ၄-ပါး စသော တရားတော် ဘုရားမှ တွေ့တာနှင့်ပင် ပညတ် ပရမတ်ကွဲပါရော၊ ရုပ်နာမ်ကွဲပါရော၊ အနိစ္စဒုက္ခအနတ္တ ကွဲပါရော၊ ပရိညာစဉ်၊ ဝိသုဒ္ဓိစဉ်၊ ဉာဏ်စဉ်၊ မဂ်စဉ်၊ ဖိုလ်စဉ်တက်၍ နိဗ္ဗာန်ပေါက်ရောက် ပါရောတဲ့ဗျား။ ဤခေတ် ၄-ပါးဆိုတဲ့ ဘုရားမှ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးစသော အားဖြင့် မှားထင်စရာမရှိ ဒြပ်သဏ္ဌာန် ပုံစံပညတ်လဲ မရှိ ဒါးခုတ်လှံထိုး အမျိုးမျိုးနှင့် ဖျက်ဆီး၍ရသော ဘုရားလဲမဟုတ်၊ ဤတရားဆိုတဲ့ ဘုရားအစစ်ကို။ ဝါ၊ ခေတ်ဘုရား ပရမတ်ဘုရားကိုရည်စူး၍။ (ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ) ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပဿတိ၊ တွေ့မြင်၏၊ သိ၏။ သော ဝ၊ ထိုသူသည်သာ လျှင်။ မံ၊ ငါဘုရားအစစ်ကို။ ပဿတိ၊မြင်နိုင်တော့၏။ ။(တရားကိုမြင်မှ ဘုရားကို မြင်တယ်တဲ့ဗျား။ (ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ) ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ နပဿတိ၊ မမြင်ချေ။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မမြင်ရပေ။ (တရားမမြင်လို့ ဘုရားမမြင်တဲ့ဗျား) လုပ်ကြပါအုံး။

ယောဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿေ နပဿတိ။

ဝက္ကလိထေရ အပဒါန်ပါဠိတော်လာဂါထာ။

ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓမ္မံ၊ ရုပ်နာမ် ခန္ဓာ ခေတ်သစ္စာနှင့် ဆဲ့နှစ်ဖြာ အာယတန ပရမတ္ထဓမ္မကို။ ပဿတိ၊ ကိုယ်တွေ့၊ ဉာဏ်တွေ့ စိတ်ပါတွေ့၍ ဆွေ့ဆွေ့ခုန်ခုန် တုန်တုန်ခိုက်ခိုက် အထဲစိုက်အောင် အမြဲပိုက်ဘို့ သိမြင်ရလေ၏။ သော၊ ထို ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာနှင့် ဆဲ့နှစ်ဖြာအာယတန ပရမတ္ထကို မှချပိုင်ပိုင် တွေ့သိနိုင်သော ပုဂ္ဂိုလ်သည်။ ပဏ္ဍိတော၊ ကဝိ ကဝိန္ဒ၊ သုခမိန်ဟု နှုတ်မြွန်ခွန်းဟ အမိန့်တော် ရသဖြင့် ပဏ္ဍိတအစစ်လည်း မည်ပါပေတော့၏။ မံ၊ ပရမတ်ဘုရား

ခေတ်အသားမှို မှတ်သားထိုက်သော ဘုရားစစ်ကို။ ပဿတိ၊ မုချပိုင်ပိုင် တွေ့သိနိုင်ပေ၏။ သဒ္ဓမ္မံ၊ ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာနှင့် ဆဲ့နှစ်ဖြာအာယတန ပရမတ္ထဆိုတဲ့တရားတော်ကို။ အပဿမာနော၊ ကိုယ်တွေ့ ဉာဏ်တွေ့ စိတ်ပါ တွေ့ခြင်း မရှိသောသူသည်။ မံပဿမို၊ဝက္ကလိပမာ မြတ်ဗုဒ္ဓါကို သေချာစေ့စေ့ အဟုတ်ပင်တွေ့ရငြားသော်လည်း၊ န ပဿတိ၊ ခေတ်ဘုရား ကလာပ်ဘုရား ပရမတ်ဘုရားကို အမှတ်ထားကာ မုချ မပိုင်လေသောကြောင့် ဩော်.... ဒုက္ခလှိုင်လှိုင်ဖြင့် မသိမမြင်နိုင်ဘဲ ရှိလေတော့သတည်း။

### ဝက္ကလိမဟာထေရ်အို၊ လေးဆစ်ချိုးကလေး

ဝက္ကလိထေရ် သမဏကိုလှ၊မိန့်ဟောပြဘုရားရှင်။ (၁)အဟုတ် လင်းလိုက်မယ်ကွဲ့၊ ရုပ်အဆင်း သင်ကြည်ညိုလို့ ဘယ်လိုပင် ဦးတင်ချသော်လဲ မင်း ငါ့ကို မမြင်။ ။(၂) ပရမတ်မှန်၊ ခေတ် ဉာဏ်ထုတ်ပါလို့၊ နာမ်ရုပ်ကိုတဲ့ တွေ့ခဲ့လျှင်၊ သည်တွင့်မှ မြင်ရ ငြား။ ။(၃) သွားလေ ငါ၊ အနားကို သင်မလာနှင့်၊ ခန္ဓာကိုယ် ဉာဏ်မှာသိအောင်၊ ကြည့်ပချစ်သား။ ။(၄)

### စရဏဘုရားနှင့်၊ ဝိဇ္ဇာဘုရား၊ လုံ၍ ဖူးကြရန်လေးချိုး

ဘုရားနှင့်တွေ့ပေမဲ့ အလကားဟေ့ မင်းတို့မှာ။ (၁) အကျွတ် နှင့် ဝေးရှေ့ထင့် လွတ်သေးပေါင် ဤသာသနာ၌။ ကမ္မဋ္ဌာသတိ ကင်းတာမို့၊ အရှရ သိမလင်းတယ်ကွယ်၊ ဖျင်းတဲ့သူပါ။ ။(၂) ခေတ်ခြောက်ဖြာ ဝိဇ္ဇာမျိုးကိုလှ၊ အသိမျိုး နဲ့ခဲ့ရှာ၊ လွဲပါ ပေါ့ သည်ဘုရား။ ။(၃) မှာထားနော်၊ ခေတ်သားကို ဉာဏ် မမျှော်လို့ ကိုယ်တော်တိုင် ရင်ဆိုင်တွေ့ပေမဲ့ ပညာဉာဏ်,သင်မပြည့် တယ်ကွယ်၊ လွဲခေ့ပါမွား။ ။(၄) (ခန္ဓာကိုယ်တရားက စရဏ ဘုရား) ခေတ်ဘုရားက ဝိဇ္ဇာဘုရားဖူးကြပါ။

### ဘုရားမမြင်၊ တရားမမြင်တာဟာ၊ ကာဏ်းလိုပေါ်

ဘေးဖြစ်ထာ၊ လေးသစ္စာ မမြင်ကာဏ်းတာကြောင့်၊ ပင်ပန်း ရှာ လူအချို့မှာဖြင့်၊ ပူလို့မဆုံး။ ။(၁) သနားလေသနော်၊

တရားကိုအရေဖျော်၍၊ တဇွန်းနေဘ် သွန်းကော်လို့ တိုက်ချင်လှ၊ မပြူလာ သူနာမိုက်တို့မှာ၊ မောဟိုက်လို့ ချုံးကြတော့၊ သံသရာ တောတဝိုက်မှာကွယ်၊ မျောလိုက်ကြအုံး။ ။(၂) ဒွေးချိုးပြီး၏။

---

## (၁၅) ဘုရားတရားသံဃာကို စစ်ဆေးတော့ တရားတခုထဲစုနေပုံ

| (က) | (ခ) | (ဂ) |
| --- | --- | --- |
| ဘုရား | တရား | သံဃာ |
| တရားဘဲတွေ့ရ၏။ | တရားဘဲတွေ့ရ၏။ | တရားဘဲတွေ့ရ၏။ |

(က) ဘုရားကို ဆန်းစစ်တော့၊ ဘုရားဟုခေါ်တဲ့ အမည်တော်ကလဲ ပညတ်တရားပါဘဲ၊ ခန္ဓာပဥ္စကဒြပ်အစု၌ စစ်ဆေးကြည့်တော့လဲ ရုပ်နာမ် ၂-ပါးနှင့် ခန္ဓာငါးပါးတရားကိုသာတွေ့ရ၏။ ဘုရားဟာ တရားအစုပါဘဲ။ (ခ) တဖန် တရားတော်ကို စစ်ဆေး၍ ကြည့်တော့လဲ မဂ် ၄-ပါး ဖိုလ် ၄-ပါး နိဗ္ဗာန်တရားနှင့် ရုပ်နာမ်တရားကိုသာ တွေ့ရတော့သည်။ ။ (ဂ) တဖန် သံဃာတော်ကို စစ်ဆေး၍ ကြည့်တော့လဲ၊ သံဃာတော်ဆိုတဲ့ အမည်ကတော့ နာမပညတ်တရားပါဘဲ၊ ခန္ဓာပဥ္စက ဒြပ် အစုကြီးကတော့ ရုပ်နာမ် ၂-ပါးနှင့် ခန္ဓာငါးပါး တရားကိုသာ တွေ့ရတော့၏။ ထို့ကြောင့် ဘုရား တရား သံဃာဆိုတာ တရားချည်းဘဲ ဖြစ်တော့၏။

---

## (၁၆) ဗုဒ္ဓ............ဓမ္မ............သံဃ............

ရတနာသုံးပါးကို အခြေအမြစ်နှင့် စစ်ဆေးကြည့်တော့ အလယ်မှာ မဇ္ဈိမ ပဋိပဒါနှင့်ရှိ၍နေသော ဓါတ်တရား၊ ကလာပ်တရား လက္ခဏာရေး သုံးပါး စသည်တို့ကို ရှုပွားသဖြင့် ဗောဓိ သတ္တ အလောင်းတော်ဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သဗ္ဗညုတရွှေဉာဏ်တော် ကို ရပြီး ဗုဒ္ဓရယ်လို့ ဘုရားဖြစ်တော်မူရပါသည်။ အလယ်က တရားကို

အာရုံပြု၍ ဘုရားဖြစ်သည်ဟု ဆိုလိုပါသည်။ ။တဖန် သံဃာတော်ကို စစ်ဆေးပြန်တော့ အလယ်မှာရှိတဲ့ ရုပ် နာမ် ခန္ဓာ ခေတ်သစ္စာတို့ကို ရှုပွား သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုအာရုံပြု၍သာလျှင် သံဃာဘော်ဖြစ်ရပါသည်။

---

## (၁၇) [ကိုးကွယ်] ဆိုတာကို စစ်ဆေးကြည့်တော့

(ကိုး+ကွယ်)ကို တွေ့ရပါသည်။ (ကိုး) ဆိုတာ တနင်းလာနံတည်း။ ၂-ဂဏန်းတည်း၊ ရုပ်နာမ် ၂-ပါးတည်း၊ ၎င်းရုပ်နာမ် ၂-ပါးကို အမြဲတန်း ကိုးစားကြပါဟူ၏။ (ကွယ်) ဟာလဲ တနင်းလာနံ ၂-ဂဏန်းတည်း၊ (အဝိဇ္ဇာနှင့်တဏှာ) တည်း၊ ၎င်း အဝိဇ္ဇာတဏှာ ကွယ်ရမည်တဲ့။ ဆိုလိုရင်း မှာ ရုပ်နာမ်ဘရားနှစ်ပါးကို ကိုးစားအားထား၍ ရှုပွားပါလျှင် အဝိဇ္ဇာ တဏှာ ကွယ်သွားပါမည်။အဝိဇ္ဇာတဏှာ ၂-ပါး ကွယ်သွားပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်ရ၍ လွတ်မြောက်မည်တည်း။ ဤလို ဘုရားရော တရားရော သံဃာ ရော တရားချည်း။ ကောဓမ္မောအဖြစ်နှင့် တွေ့ရသော ယောဂီသည် ဘုရား တရား သံဃာ၌ ယုံမှားခြင်းမရှိ၊ ပရမတ္ထသဒ္ဓါ ဖြစ်တော့၏။ ၎င်း သဒ္ဓါကို အရင်းခံပြီး ရုပ်နာမ်ရှုတော့ ပရမတ္ထသမ္မာဒိဋ္ဌိ ဖြစ်ပြန်၏။ ရုပ်နာမ် ကို သတိပြုတဲ့ သတိတရား။ ရုပ်နာမ်အာရုံ၌ တည်ကြည်တဲ့ သမာဓိတရား။ အချိန်ကာလများအောင် အားထုတ်တဲ့ဝီရိယတရား။ ဤ-ဗိုလ်ငါးပါးဖြင့် တိုက်ဖျက်မှသာ ကိလေသာတွေ ပြာကျကုန်မည်။

(ကိလေမှန်က၊ ကြိတ်ချေပြ၊ ငါးဝဗိုလ်အင်္ဂါ)
လင်္ကာကို ထောက်ထားပါ။

ဗုဒ္ဓဘာသာ၌ ကိုးကွယ်ရာ ဘုရား တရား သံဃာဟူ၍ ရတနာ သုံးပါး ရှိလေသည်။ ထိုရတနာသုံးပါး၌ ဗုဒ္ဓဘုရားများစွာတို့သည် သမုဒ္ဒရာဝါလု၊ သဲစုံမက ပွင့်တော်မူ၍ သွားကြလေပြီ။ သံဃာတော်အရှင်မြတ်အပေါင်းတို့ သည်လည်း ရေတွက်၍မရအောင်ပင် ပေါ်ပေါက်ခဲ့ကြလေပြီ။ ဗုဒ္ဓဘုရား နှင့် သံဃာတော် အရှင်မြတ်များသည် ထာဝရမစဲ အမြဲရှိ၍နေကြသည် မဟုတ်ချေ။ (ပညတ်သဘောနှင့်ရေးတာ)။ ။တရားဟုခေါ်သော ဓမ္မ သဘောကား ဘုရားများ ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အမြဲမပြတ်

ရှိပေသည်။ သာသနာပ,အခါ၌ ထိုဓမ္မသဘောတို့ကို လူများက မသိကြ၍ သာ မရှိဟု ထင် မှတ် နေ ကြ ခြင်း ဖြစ်သည်။ ။ရတနာသုံးပါး၌လည်း။ ဘုရားသည် အလုံးစုံသော တရားအပေါင်းတို့ကို သိခြင်း ဟောကြားခြင်း အာရုံပြုခြင်း ပြုသည့်အတွက်ကြောင့် တရားပင် ဖြစ်လေသည်။ ။သံဃာ သည်လည်း ဘုရားဟောကြားအပ်သောတရားများကို သင်အံ, လေ့ကျက် ခြင်း ကျင့်ကြံ,အားထုတ်ခြင်း လူများအား ဟောပြခြင်း အာရုံပြုနေခြင်း ကြောင့် တရားပင်ဖြစ်၍ နေပါသည်။ ဘုရား တရား သံဃာ ဆိုတာသည် တရားပင်ဖြစ်တော့သည်။ ။တရားဆိုတာဟာ အမှန်ရှိတဲ့ တရားတည်း။ ဗုဒ္ဓ နှင့် သံဃာကလည်း အမှန်သဘောတရားအတိုင်းပင် ဟောပြောကြ ပေ၏။ ပရမတ္ထတရား သစ္စာတရားဟူ၍ နာမည်ဝ.ပ်ကြ၏။ ထိုမှန်ကန်ခြင်း သဘောကို တရားဟူ၍၎င်း။ (ဓမ္မ)ဟူ၍၎င်း ခေါ်ကြ၏။ ဓမ္မဟူသော စကားသည် ဓာတု ဟူသော စကားမှ ဆက်လာသဖြင့် ဓာတု ဟူ၍၎င်း၊ ဓာတ်ဟူ၍၎င်း၊ ခေါ်ရလေသည်။ ထို့ကြောင့် ဗုဒ္ဓ ဘုရားတို့ သည် လောကဓာတ်၌ ရှိသော ဓာတ်၏ သဘောအလုံးစုံတို့ကို အမှန်လဲ သိမြင်၍ အမှန်လဲ ဟောပြကြကုန်သည်။ (ပထဝီဓာတုံ ခေါ ရာဟုလ) စသော ပါဠိကိုရင်း၊ ပရမတ္ထလေးပါး၏ အခြေခံကိုပြလို၍ (စတ္တာရိမဟာ ဘူတာနိ)ဟူ၍ ဟောတော်မူအပ်သော ပါဠိကိုရင်း ထောက်ထားပါကုန်။ သင်္ခတဓာတ်နှင့် အသင်္ခတဓာတ် ၂-ပါးသာရှိတော့၏။

---

## (၁၈) ပုံတော်ဘုရားနှင့် ဂုဏ်တော်ဘုရား

(၁) ကျောက်ဆင်းတု ကြေးဆင်းတုစသော ပုံတော်ဘုရား။ (၂) သိဒ္ဓတ္ထမင်းသားကဲ့သို့ ၃၂-၈၀-၈-၁၀၈-ပါး ဆိုတဲ့ ပုံနှင့် နိမိတ်လက္ခဏာ ဘုရား။ (၃)ဥရုဝေလတော၌ သက်န်းဝတ်နှင့်တကွ ၃၂-၈၀-၈-၁၀၈-ပါး ရှိသော ဘုရားကဲ့သို့ သဏ္ဍာန်တော်ဘုရား။ (၄)ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ် မှာ ရုပ်နာမ်ဆိုင်ရာကိုရှုပြီး မဂ်,ဖိုလ်ကိုပါ ရနေတဲ့ဒြပ်ပုံစံဘုရား။ (၅)၎င်းပုံစံ ကိုမြင်၍ အကြောင်းနှင့် အကျိုးစပ်ပြီး တရားသဘောအတိုင်း ဖူးရသော ဂုဏ်တော်ဘုရား။ (၆) မိမိလဲဘဲ ဘုရားကျင့်သကဲ့သို့ ကျင့်မယ်ဟု ဆုံးဖြတ်

လျက် ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို သိပြီးဖူးရသော ပရမတ္ထဘုရား။ (၇) မိမိ၌ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အတွေ့နှင့် ရှုပွားရင်း တက်ရောက်သွားတော့ ရှေးဘုရားတို့လဲတဲ၊ ဒီလမ်းစဉ်အတိုင်း ဘွားကြတာပါကလားဟု သဘောပေါက်ပြီး၊ ရှေ့ဉာဏ်တော်ကို အာရုံပြု၍ ဖူးရသော ဉာဏ်တော်ဘုရားဟူ၍ ဘုရားခုနစ်ဆူ ဖူးကြပါရန်။ ။အနည်းငယ်ချဲ့၍ ပြဦးအံ့။ ပဌမ၌ ဘုရား၏ ပုံသဏ္ဌာန် ပညတ်ကား။ ပန်းပုဆရာ ပန်းရံဆရာ ပန်းချီဆရာ ပန်းရံဆရာတို့၏ လက်ရာမှို ပညတ်လဲမကွာ ဒိဋ္ဌိလဲမကွာ အဝိဇ္ဇာလဲမကွာ ၎င်းထုလုပ်သူဆရာတို့၏ လက်ရာ၌ပင် ငြိးဆုံးရပ်နေကြသည်၊ ၎င်းဆရာတို့ကား ဗမာဖြစ်လျှင် ဗမာဘုရားပုံအသွင်နှင့် အင်္ဂလိပ်က ထုလျှင် အင်္ဂလိပ် ဘုရားပုံအသွင်နှင့် ဗမာလိုလို ကုလားလိုလို အင်္ဂလိပ်လိုလို တရုပ်လိုလို ဂျပန်လိုလို ဘုရားပုံတော်ဟာ ဖြစ်၍သာ နေပါတော့သည်။ အထင်မှားစရာ အမြင်မှားစရာပင်တည်း။ ။(အတုလံ)ဂုဏ်တော်ကြီးနှင့် လုံးဝမကိုက်ညီပါ။ ဂုဏ်တော်ကိုးပါး ရောက်အောင်တန်းတက် ဖူးမြင်ကြပါကုန်။ ။(၂)ဒုတိယပုံသဏ္ဌာန်တော်ကား သိဒ္ဓတ္ထမင်းသားငယ်ကလေး ဖွားတော်မူသည်က တောမထွက်မီအတွင်း၌ မင်းသားကိုယ်မှာ(၃၂)ပါးသော လက္ခဏာတော်ကြီး ၈၀-သော လက္ခဏာတော်ငယ်၊ အသံတော် ၈-ပါး၊ (၁၀၈)ကွက်သော စက်လက္ခဏာတော် ရှိတုန်းပင်။ မယ်ယသော်နှင့် နန်းမသုံးဆောင်၌ ပျော်တုန်းပင် ရှိပါသေးသည်။ အပြင်ကသာ ဘုရားသဏ္ဌာန် လက္ခဏာ တစိတ်တဒေသနှင့်ပါတဲ့အတွင်းမှာမူကား အကုသိုလ် ကိလေသာတို့ကို မသတ်ဖြတ်ရသေးပါ။ ရှေ့သို့တက်၍ဖူးကြပါဦး။ ဤမျှနှင့်မရပ်ကြပါနှင့်ဦး။ (၃)တတိယပုံသဏ္ဌာန်တော်၌ကား။ သိဒ္ဓတ္ထမင်းသားဟာ တောထွက်၍ သင်္ကန်းတော် ဝတ်ဆင်မြန်းပြီး ဥရုဝေလ တောကြီးထဲမှာ တကဲ့ ဘုရားနှင့် မခြားတဲ ပုံသဏ္ဌာန်တော်အစစ်ပါတကားဟု မှားယွင်းလောက်အောင်တူ၍ နေပြန်ပါသည်။ အပြင်ရံကပုံပန်း သဏ္ဌာန်ပညတ်လောက်သာတူသော်လည်းအတွင်းကဓာတ်ပရမတ်ကို မတွေ့သေးသဖြင့် ကိလေသာကား အရင်က အတိုင်းဘဲ ရှိပါသေးသည်။ ဤမျှနှင့် ရပ်၍ မနေကြပါနှင့်ဦး။ ရှေ့သို့ တဆင့်တက်၍ ဖူးကြပါကုန်။ (၄)စတုတ္ထပုံတော်ကား ဗောဓိပင်နှင့် ရွှေပလ္လင်မှာ နေဝင်တော့ခန္ဓာမှ အစပြု၍ ဓာတ်ပရမတ်ကို ရှုပွားလို့ ပရိညာစဉ် ဝိသုဒ္ဓိစဉ် ဉာဏ်စဉ်

မဂ်စဉ် ဖိုလ်စဉ်ရပြီးမှ ဂုဏ်တော်ကိုးပါးကို ရသဖြင့် ၎င်းဂုဏ်တော်ကိုးပါးကို လူ နတ် တွေက ရမ်းရမ်းပြီး မှန်းဆ၍ ဖူးကြခြင်းသာ ဖြစ်ပါသည်၊ ဤတွင် မရပ်ကြနှင့်ဦး။ ရှေ့သို့ တဆင့်တက်၍ ဖူးကြပါဦး။ ။(၅)ပဥ္စမကား ပုံတော်ကို မြင်ရတော့ ဒီဂုဏ်တော် ၉-ပါးတွေဟာ အကြောင်းမဲ့ ရလာတာ မဟုတ်ဘူး။ အကြောင်းရှိရမည်ဟု ကြံစည်တော့ ရှေးရှေးက ကျင့်ကျင့်လာသော စရဏနှင့် (၁၅)နှစ်ဌ် ဝိပဿနာပွားများတဲ့ ဝိဇ္ဇာကြောင့် ဂုဏ်တော်ကိုးပါးကိုရတာ အမှန်ဘဲဟုအကြောင်းနှင့်အကျိုး ဆက်စပ်၍ အာရုံပြုကာ ဖူးကြရပါတယ်။ ဤဌ်လဲ မရပ်ကြပါနှင့်ဦး ရှေ့သို့ တဆင့်တက်ကြပါဦး။ (၆)ဆဋ္ဌမကား ပုံစံကိုမြင်ရ၍ပင် ငါဟာလဲဘဲ ရှေးရှေးက ဒါန သီလသမထ ပြုခဲ့လေပြီ။ယခုပင်ဝိပဿနာ ရှုပွားတော့မယ်ဟုကြံစည်ပြီးရှုပွားတော့ ခတ်တရား လက္ခဏာရေးသုံးပါး ပရိညာသို့ ပါချမိအတိုင်းရ၍ ပရမတ် ဘုရားကို ဖူးရပါတော့သည်။ ဤဌ်လဲ မရပ်ကြပါနှင့်ဦး၊ ရှေ့သို့ တဆင့်တက်၍ ဖူးကြပါဦး။ ။(၇) သတ္တမပုံစံတော်ကို မြင်၍ပင် မြတ်စွာဘုရားများလဲ ခန္ဓာမှ ခတ်ကလာပ်၊ ပရမတ် လက္ခဏာစသည်ဖြင့် ရှုပွါး၍၊ နိဗ္ဗာန်သို့ တက်ကြလေသည်။ ဤဘုရားများ သွားလာသော လမ်းစဉ်အတိုင်းပင် ငါဟာလဲ ခတ် ပရမတ် လက္ခဏာရေး ပရိညာ လမ်းစဉ် အတိုင်း တက်ရောက်၍ လာခဲ့လေပြီတကားဟု ဘုရားအစစ်အမှန်ကို ဖူးရပြန်တော့သည်။ ဤအထိ တက်၍ဖူးကြပါလေ။

အဲဒါ ဘုရားအစစ်ကို ဖူးမြင်နည်း ၇-ဆင့်ပါဘဲ။

---

## (၁၉) ဗုဒ္ဓဘုရား လေး-ငါး မျိုး

(၁) သုတဗုဒ္ဓဆိုတာ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ဓါတ်တဆဲ့ရှစ်ပါး၊ သစ္စာ ၄-ပါးစသော ပရမတ်တရားတို့ကို ကြားနာမှတ်သား၍၊ သိကာနေကြသော မိန်းမ, ယောကျ်ား၊ လူရှင်ရဟန်းများ၊ ဗဟုဿုတရှိ၍ နေသူများပင်တည်း။ (၂) အနုဗုဒ္ဓဆိုတာ ဘုရားသို့အတုလိုက်ပြီး သိရှိကြကုန်သော ခုဇ္ဇုတ္တရာ၊ သာမာဝတီ၊ နန္ဒမာတာ၊ ဥတ္တရာ၊ ဝိသာခါ၊ အနာထပိဏ်၊ ဗိမ္ဗိသာရစသော အရိယာများပင်တည်း။ (၃)သာဝကဗုဒ္ဓဆိုတာ ပကတိ

သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကပုဂ္ဂိုလ် အရိယာများသာတည်း။ (၄)ပစ္စေကဗုဒ္ဓါဆိုတာ သာသနာပ၌ ဘုရားမှအသီးအခြားပွင့်၍ အရဟတ္တ ဖိုလ်သို့ ရောက်ကုန်သော ဘုရားငယ်တွေ၊ ပစ္စေကဗုဒ္ဓါတို့ပင်တည်း။ ။ (၅) သမ္မာသမ္ဗုဒ္ဓဆိုတာ ဒီပင်္ကရာ၊ ဂေါတမစသော ဘုရားမြတ်စွာတို့ပင် တည်း။ ။၎င်းအကြောင်းကို မဏိဒီပဋီကာကြီး မျက်နှာနံပါတ် (၂) ကြောင်းရေ(၁၆)သုမှု၌။ ။သုတဗုဒ္ဓါနုဗုဒ္ဓ ပစ္စေကဗုဒ္ဓ သဗ္ဗညုဗုဒ္ဓ သင်္ခါ တေသု စတူသုဗုဒ္ဓေသု သုတဗုဒ္ဓတ္တာ၊ ဟူ၍ ဖွင့်ပြခဲ့ပါသည်။ သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ နံပါတ် ၂၂။ ကြောင်းရေ ၁၆ ဇံ မှု၌၎င်း။ ကေ နိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ နံပါတ် ၉၂။ ကြောင်းရေ၂ ကဝိမှု၌၎င်းဖွင့်ပြ အပ်လေပြီ။ အမှာအတိုင်း ပါဠိ ရှာယူကြပါကုန်။ ။ပြခဲ့ပြီးသော ဘုရား လေးဆူ ငါးဆူတို့အထဲ၌ ရှိသော မိန်းမများ၊ ယောကျ်ားများ၊ ရှင်ရဟန်းများ၊ နတ်ဗြဟ္မာများကိုပင် (ဗုဒ္ဓ)ဘွဲ့တော်ကြီးပေး၍၊ ကျမ်းဂန် များ၌ ဖွင့်ဆိုတော်မူကြသေးပေရာ။ ။ယခုကာလ၌ ခတ်တရား၊ကလာပ် တရား ပရမတ်တရားကို တွေ့တွေ့နေကြတဲ့ မိန်းမများ၊ ယောကျ်ားများ တချို့အား စူဠသောတာပန်၊ တချို့အား မဇ္ဈိမသောတာပန်၊ တချို့အား မဟာသောတာပန် ဘွဲ့များဖြင့် ခေါ်ဝေါ်တာကို။ တနည်း၊ မဂ်ကလေးရ၊ မဂ်သတ်ရ၊မဂ်ကြီးရကြလို့ မဂ်ရပုဂ္ဂိုလ်၊ ဖိုလ်ရပုဂ္ဂိုလ်ဟု ခေါ်ဝေါ်တာကိုပင် အင်မတန်မှ ကြီးလေးသော အပြစ် ပုဒ်မကြီး တပ်၍ နေကြသည်ကား (အပ္ပဿုတော)တို့ပင်တည်း။ ။ယခု မိန်းမယောကျ်ားအချို့ကို ဘုရားဟု ဖွင့်၏၊ အရိယာဟုဖွင့်၏၊ မဂ်ရဖိုလ်ရဟုဖွင့်၏၊ ကျမ်းဂန်ဗဟုဿုတနည်းပါး သောသူကား အရာရာ၌အပြစ်များလှ၏။

ဗုဒ္ဓဘွဲ့၊ အရိယာဘွဲ့၊ မဂ်ရ၊ ဖိုလ်ရဘွဲ့၊ အတင်းလု၍ ပူကြပါ။

---

## (၂၀) စေတီတော်နှစ်မျိုး

(၁) အုတ်၊ ထုံး၊ သဲ၊ ရေ၊ ဘိလပ်မြေတို့ဖြင့် ပုံသဏ္ဌာန် လုပ်ပြီး ဓာတ်တော်များထည့်၍ဌာပနာသောဓာတုစေတီတော်။ (၂) ဒါနသီလ သမထဖြင့် လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတည်ပြီး၊ စာတလုံး ဘုရားတဆူ

ကျနှင့် စာဘုရား၊ အက္ခရာဘုရားတွေ ဌာပနာထားသော ဓမ္မစေတီတော်။ အဲဒီစေတီတော် ၂–မျိုးတို့တွင်(၁)ပဌမအမျိုးကိုသာ လူသိများ၍ လေးစားကြ၊ ရိုသေကြ၊ ပူဇော်ကြပါသည်။ ။(၂)နံပါတ်စေတီတော်မျိုးကိုမူကား။ စေတီမှန်းတောင်မှ မသိကြဘဲ၊ အမျိုးအရိုးကြည့်ပြီး၊ ချိုးချိုးဖဲ့ဖဲ့ ပြောဆိုကဲ့ရဲ့ဝံ့ကြပါပေသည်။ (အကာဏ်းတစ္ဆေမကြောက်)ဆိုတဲ့စကားပုံ မှန်လိုက်ထာ။ ဗမာပြည်မှာ ဒီလိုစေတီတော်များအား ပြစ်မှားနေသူများ အလွန်ပေါများလေသည်။ တပည့်မကောင်း၊ ဆရာ့ခေါင်း။ သား, သမီးမကောင်း မိဘခေါင်း ပြည်သားမကောင်း ဘုရင့်ခေါင်း။ မစားရဘဲနှင့် အဝီစိ အကျမခံကြပါနှင့်တော့။ နှစ်ပေါင်း ကုဋေ ၂ သောင်းမှ အဝီစိတရက်ထဲပါဘဲ။ ။(၁) ဓာတုစေတီတော်ကို ဖူးမျှော်သူများအတွက် သဒ္ဒါတိုးဘို့ စေတနာဖြိုးဘို့လောက်သာထားခဲ့ပါတယ်။ (၃)ဓမ္မစေတီတော်ကိုမူကား မဂ်ပေါက်,ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ဘို့ထားခဲ့တာပါ။ ။သက်သေပြဦးမယ်။ မဟာမင်္ဂလသုတ်တော်ကို ဟောစဉ်က ဓမ္မစေတီဖြင့် ကုဋေ (၂၀)မျှ ကျွတ်သွားပါသည်။ ။အဘိဓမ္မာ ၇–ကျမ်းဟောစဉ်က ဓမ္မစေတီဖြင့် ကုဋေ (၂၂)မျှ ကျွတ်လွတ်ကြပါသည်။ မဟာသမယသုတ်ကို ဟောစဉ်က ဓမ္မစေတီဖြင့် တသင်္ချေမျှ ကျွတ်လွတ်ကြပါသည်။ ။သမစိတ္တာသုတ်ကို ၇–ကြိမ်ဟောစဉ်က ၇–သင်္ချေကျွတ်ကြပါသည်။ ။ဓမ္မစကြာသုတ် ဟောစဉ်က ဓမ္မစေတီဖြင့် လူကငါးဦး၊ ဗြဟ္မာက (၁၈)ကုဋေ၊ နတ်များတသင်္ချေ ကျွတ်ကြပါသည်။ ။(၄၅)ဝါ ဘုရားဟောရာ၌ ဓမ္မစေတီဖြင့် ၂၄–သင်္ချေ ကုဋေ(၆၀) ဗိုလ်ခြေ တသိန်းနီးပါး ကျွတ်လွတ်ထွက်မြောက်ကြပါသည်။

ဓာတုစေတီနှင့် ဓမ္မစေတီ အကျိုးပြ တန်ခိုးပြပုံ ပြီး၏။

စေတီတော်ငါးမျိုး၌ အဂါရဝ မဖြစ်စေနှင့်။

(၁) ဥဒ္ဒိဿစေတီတော်၊ ရုပ်ပွါးတော် ပုံတော်များတည်း။ ။(၂)ပရိဘောဂ စေတီတော်၊ သပိတ်, သင်္ကန်း စသော ဝတ္ထုများတည်း။ ။(၃)သာရီရိက စေတီတော်၊ စွယ်တော် အံတော် ညှပ်ရိုးတော်များတည်း။ (၄) ဓာတုစေတီတော်၊ ဓာတ်တော်များတည်း။ ။(၅) ဓမ္မစေတီတော်၊ ပိဋကတ်တော်များ၊ စာပေများတည်း။ ။

(၁) ဥဒ္ဒိဿစေတီကို မိဘများ၏ရုပ်ပုံ, ဓာတ်ပုံများကဲ့သို့ သတိရကြရန်၊ ဆုံးမဩဝါဒကို လိုက်နာရန် ထားကြလေသည်။ ။(၂) ပရိဘောဂစေတီတော်ကို တပည့်သားများတို့ သုံးစွဲပုံ နည်းနာရရုံ၊ သတိရရုံ ထားကြလေသည်။ ။(၃) သာရီရိက စေတီတော်ကို ဖူးမြင်ရသောသူတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်စေရန် ထားကြလေသည်။ ။(၄) ဓာတုစေတီတော်ကို အယူမှားသောသူတို့အား တန်ခိုးပြ၍ အယူမှန်စေရန်၊ အယူမှန်ပြီးသူတို့လည်း သတိသံဝေဂ ရကြရန် ထားကြလေသည်။ ။(၅) ဓမ္မစေတီတော်ကို မဂ်ရ၊ ဖိုလ်ရ၊ နိဗ္ဗာန်ရကြစေရန်၊ ဤမျှ မရနိုင်သူတို့အားလည်း ဒါနပြုတတ်ကြဘို့၊ သီလဆောက်တည်တတ်ကြဘို့၊ သမထ ပွါးများတတ်ကြဘို့၊ ဝိပဿနာ အားထုတ်တတ်ကြဘို့၊ ရှင်ပြုပေးဘို့၊ ရဟန်းပြုပေးဘို့၊ ကံကြီး, ကံငယ် ပြုတတ်ဘို့၊ နိဗ္ဗာန်အထိ တက်နိုင်ကြဘို့ ထားကြလေသည်။

ယောခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။ ။မဟာပရိနိဗ္ဗာနသုတ်တော်နှင့် ဝိနည်း အဋ္ဌကထာ၊ ဗာဟိရ နိဒါန်း ပါဠိတော်တည်း။ ။ချစ်သား အာနန္ဒာ၊ ငါဘုရားသည် သုတ္တန်နှင့် အဘိဓမ္မာကိုလည်း ဟောအပ်ပြီ။ ဝိနည်းကိုလည်း ပညတ်အပ်ပြီ။ ထိုထို ငါဘုရားဟောသမျှ၊ ပညတ်သမျှ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် သင်ချစ်သားတို့၏ ဆရာဘုရား (၈၄၀၀၀) ဖြစ်ရစ်လတ့်တဲ့၊ ဘုရားက ကိုယ်စားတော် ထားခဲ့ပုံတည်း။ ။(အက္ခရံ ကေမေကဥ္စ၊ ဗုဒ္ဓရူပံ သမံသိယာ) အက္ခရာဘလုံး ဘုရားတဆူ၊ စာတလုံး ဘုရားတဆူ၊ ဓာတ်တပါးပေါ်လျှင် ဘုရားတဆူကျ ဥပနာပြီးသားမို့ ဓမ္မစေတီတော် အထက်ဘန်းကြီးတွေပါတကားဟု များများကြီး ဂါရဝပြုကြ၊ နိဝါတပြုကြ၊ ကုသိုလ်ရကြပါစေသတည်း။

---

## (၂၁) ဂိုဏ်းသင့်၍ ငရဲ၌ ရှည်မြင့်စွာ ခံရပုံ

(၁) နိပ္ပရာဓ၊ ဒေါသမမြင်၊ နှလုံးစင်သား၊ အကြင်သူအား၊ တရားမရှု၊ ပြစ်မှားပြုသော်၊ တန္တုပမာ၊ လေညာရှေ့ရှူ။ လွင့်သောမြူလျှင်၊ တူရူမျက်နှာ၊ ရောက်ပြန်လာသို့၊ ဝေဒနာ

ဇာနီ၊ အစရှိသား၊ ခတ်ထိဆယ်ပါး၊ ဒဏ်အပြားလည်း၊ ကိုယ်အားမလှဲ၊ ရောက်မြဲကေန်၊ ဟောမိန့်သံ၏၊ (ဘူရိဒတ်ဇာတ်ပေါင်းပျို့မှ ယူ၍ပြသည်)။ ။

(၂) မင်းနှင့်ရဟန်း၊ထွေဆန်းတသီး၊ မြွေနှင့်မီးကို၊မကြီးငယ်ဟု၊ လေးမပြုဘဲ၊ ဂရုမထင်၊ မဆန့်ကျင်နှင့်။ ။ကိုးခဏ်းပျို့မှ။

(၃) ဘူဇင်္ဂမံ ပါဝကဉ္စ၊ ခတ္တိယဉ္စ ယသဿိနံ၊ ဘိက္ခုဉ္စ သီလသမ္ပန္နံ၊ သမ္မဒေဝ သမာစရေ။ ။ကောသလ သံယုတ်ပါဠိတော်။ ။

မြွေ၊ မီးဖွား၊ မင်းငယ်၊ ရဟန်း၊ ဤ ၄-ပါးကို မပြစ်မှားကြပါနှင့်တဲ့။ ပြစ်မှားမိပါလျှင် ယခုဘဝ၌ဖြစ်စေ၊သံသရာ၌ဖြစ်စေ၊ အပါယ်ပြည်၌ နစ်လတံ့။ ။

(၄) (ဗုဒ္ဓ ဓမ္မာ အစိန္တိယာ) တရားကို ပြစ်မှားမိက မီးကြီးငရဲမှ မပေါ်လာပြီ။ ။

(၅) ရဟန်းတို့အား၊ မဆိုထားဘိ၊ ရှေးဖျားကာလ၊ တာပသကို၊ ပြစ်မှားကြသည်၊ ဒန္တကီနှင့်၊ တိုင်းပြည်အားလုံး၊ ပျက်ပြုံဆုံးသည်၊ ပတ်ကုံးဇမ္ဗူ ထင်ရှားတည်း။ ။ဝိဓူရပျို့မှ။

(၆) စသည်မှန်စွာ၊ ပြည့်တန်းဆာနှင့်၊ ဆရာပဏ္ဍိတ်၊ ပရောဟိတ်မည်။ ဒန္တကီဟု၊ ခေါ်မည်သညာ၊ ဤသုံးဖြာကြောင့်၊ မြင့်ခေါင်တောင်တာ၊ ခြောက်ဆယ်သာတည်း၊ပြဟာအရ၊ တာကြယူဇနာ၊ ခြောက်ဆယ်သာတည်း။ ကုမ္ဘတော်၊ တိုင်းပြည်ဌာန၊ သဲတောင်ကျသည်၊ မိုက်စသုံးဦးအလိုတည်း။ ။ ဝိဓူရပျို့မှ။

(၇) သားကျော်ရင်းမှန်၊မောဂ္ဂလာန်လျက်၊ မျက်မာန်မဆ၊ပဗ္ဗဇ္ဇကို၊ ဒါသဝစီ၊ ဆိုမိသည့်ကြောင့်၊ တာရှည်ဘဝ၊ ကျွန်ဖြစ်ရသည်၊ ဇီဇ အထင်အရှားတည်း။နာရဒပျို့။ ။မျှားစွာသောသက်သေ သာကေ, ရှိပါသော်လည်း ဤမျှ အမြွက်ပြကကြောက်ကြလန့်ကြလတံ့၊အပါယ်၄-ပါးမှ ဤစာကြောင့် အခါခပ်သိမ်း လွတ်ကြပါစေသတည်း။

## (၂၂) ဝိပဿနာ ဉာဏ်စဉ် ဝတ္ထုကျမ်း

ဝဂ္ဂုလိ ကဏ္ဍသပ္ပေါစ၊ ဃရံဂေါဏော ယက္ခိဒါရကော၊
ခုဒ္ဒံ ပိပါသံ သီတုဏှံ၊ အန္ဓကာရံ ဝိသေနစ။ ။

ဝိ။ နံပါတ် ၂၆၀ ကြောင်းရေ ၂၉ သုမှူ၌။

### ဝဂ္ဂုလိယ၊ လင်းနို့ဝတ္ထု (၁)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ်၊ နံပါတ် ၂၆၂၊ ကြောင်းရေ ၄၊သုမှူ၌။ ။ လင်းနို့တကောင်သည် ငါးကိုင်းရှိသော သစ်ပင်ကြီး၌နားနေပြီး ဤသစ်ပင်ကြီး၌ အပွင့်ကိုရင်း အသီးကိုရင်းရပေလတ္တံ့ဟု ကြံစည်ပြီး နား၏။ ပဌမအကိုင်း၌ အပွင့် အသီးကို ရှာဖွေသောအခါ မတွေ့ဘဲ၊ ဤအကိုင်း၌ တစုံတခုသော အပွင့်သည်ရင်း၊ အသီးသည်ရင်း မရှိချေ။ ယူစရာကို မမြင်ချေ။ တဖန် ဒုတိယအကိုင်း၌ ရှာဖွေသောအခါ အပွင့်အသီးကို မမြင်ချေ။ တတိယအကိုင်း၌ ရှာဖွေသောအခါ အပွင့်အသီးကို မမြင်ချေ။ စတုတ္ထအကိုင်း၌ ရှာဖွေသောအခါ အပွင့်အသီးကို မမြင်ချေ။ တဖန် ပဉ္စမအကိုင်း၌ ရှာဖွေသောအခါ အပွင့်အသီးကိုမမြင်ချေ။ ထိုအခါ၌ ထိုလင်းနို့သည် ဤငါးကိုင်းရှိသော သစ်ပင်ကြီးကား သီးပွင့်မရှိလေစွတကား။ ဤသစ်ပင်ကြီး၌ တစုံတခုသော ယူစရာ စားစရာ အသီးအပွင့် မရှိပါတကား ဟူ၍ သစ်ပင်၌ အာလယကိုစွန့်၍ သစ်ပင်အကြားမှ ဖြောင့်မတ်စွာ အထက်သို့ တက်၍ သစ်ခွကြားမှ ဥက္ကောင်းကိုဖော်၍ အထက်သို့ မြော်၍ ကောင်းကင်သို့ ပျံတက်လေ၏။ တဖန် တပါးသောအပင်၌ နားပြန်လေ၏။ ဤဝတ္ထု၌ လင်းနို့ကဲ့သို့ ယောဂီပုဂ္ဂိုလ်တို့ကို မှတ်ပါ။ ငါးခက်, ငါးကိုင်းရှိသော သစ်ပင်ကြီးကဲ့သို့ ဥပါဒါနက္ခန္ဓာငါးပါးကိုမှတ်ပါ။ လင်းနို့သည် သစ်ပင်၌ နားနေသကဲ့သို့ ယောဂီသည် ခန္ဓာငါးပါး၌ ငါဘဲ ငါ့ဟာဘဲဟု မှတ်မှား သိမှား အယူမှားခြင်းကိုမှတ်ပါ။ ထိုလင်းနို့သည် အကိုင်းတိုင်း၌ အပွင့် အသီးကို ရှာသကဲ့သို့ ယောဂီသည် ခန္ဓာကိုယ်၌ ဝိပဿနာဖြင့် အားထုတ်ခြင်းကို မှတ်ပါ။ လင်းနို့သည် ထိုသစ်ပင်၌ အပွင့် အသီးကို မတွေ့သကဲ့သို့ ယောဂီသည် ထိုခန္ဓာငါးပါး၌ နိစ္စ၊ ဓုဝ၊ သဿတ၊သုခ၊ သုဘ၊ အတ္တတို့ကို မတွေ့ရ။ မမြင်ရခြင်းကိုမှတ်ပါ။ လင်းနို့သည် ပထမအကိုင်း၌ အပွင့် အသီးကို ရှာ မတွေ့ရသကဲ့သို့ ယောဂီသည် ရူပက္ခန္ဓာ၌ ရှာတော့ နိစ္စလဲ မတွေ့ရ။ ခိုင်ခံ့

သော ဓုဝသဘောလဲ မတွေ့ရ၊ သဿတမြဲခြင်းလဲ မတွေ့ရ၊ သုခလဲမတွေ့ရ၊ သုဘလဲမတွေ့ရ၊ အတ္တလဲ မတွေ့ရခြင်းကို မှတ်ပါ။ လင်းနို့သည် ဒုတိယ အကိုင်း တတိယအကိုင်း စတုတ္ထအကိုင်း ပဉ္စမအကိုင်း၌ ရှာဖွေတော့ အပွင့် အသီးကို မတွေ့ရ သကဲ့သို့ ယောဂီသည်လည်း ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၌ ရှုပွားသောအခါ ပြခဲ့ပြီး အကိုင်း နိစ္စ၊ ဓုဝ၊ သဿတ၊ သုခ၊ သုဘ၊ အတ္တတို့ကိုမတွေ့ရခြင်းကိုမှတ်ပါ။ ဤအပင်၌ အပွင့် အသီး မရှိစွတကားဟု သိသကဲ့သို့ ဤခန္ဓာငါးပါး၌ နိစ္စ၊ ဓုဝ၊ သဿတ၊ သုခ၊ သုဘ၊ အတ္တတို့ မရှိပါတကားဟု ဒိဋ္ဌိကွာခြင်းကို မှတ်ပါ။ သစ်ပင်၌ အာလယကို စွန့်လွှတ်သကဲ့သို့ ခန္ဓာငါးပါး၌ ငါစွဲ သူစွဲ ငါ့ဟာစွဲကို ဖြုတ်ခြင်း, ပြုတ်ခြင်းကိုမှတ်ပါ၊ သစ်ပင်၌ လိုတာကိုမရ၍ စိတ်ပျက်သကဲ့သို့ ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ တွေ့သဖြင့် ငြီးငွေ့ခြင်း နိဗ္ဗိန္ဒညာဏ်၊ ထွက်သွားလိုခြင်း မုစ္စိတုကမျတာဉာဏ် တို့ကို မှတ်ပါ။ လင်းနို့သည် သစ်ခက်ကြားမှ ဖြောင့်ဖြောင့်တက်ပြီးသွားသကဲ့သို့ ယောဂီသည်ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမတိုင်အောင် တက်၍ သွားခြင်းကို မှတ်ပါ။ လင်းနို့သည် ဥက္ကောင်းမော်၍ ကောင်းကင်သို့ ကြည့်သကဲ့သို့ ယောဂီသည် နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်ဖြင့် ကြည့်ခြင်းကိုမှတ်ပါ။ လင်းနို့သည် ကောင်းကင်၌ ပျံတက်သကဲ့သို့ ယောဂီသည် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ သွား၍ အာရုံပြုခြင်းကိုမှတ်ပါ၊ လင်းနို့သည် တပါးသော သစ်ပင်၌ နားသကဲ့သို့ ယောဂီသည် ဖိုလ်သို့ရောက်၍နေခြင်းကို မှတ်ပါလေ။

---

## (၂၃) ကဏှသပ္ပမည်သော မြွေဝတ္ထု (၂)

တဦးသော ယောကျ်ားသည် ငါးတို့ကို ဘမ်းယူအံ့ဟု ငါးဘမ်းသော ဆောင်းကိုယူ၍ ရေ၌ချတော့၏။ ထိုယောကျ်ားသည် ဆောင်းဝမှ လက်ကို ထည့်သွင်း၍ ငါးကိုစမ်းသပ်ရာ ရေအတွင်းမှာဖြစ်သောကြောင့် ငါး၏ လည်ပင်း၌ ကိုင်မိပြီး ငါသည် ငါးကိုရရှိပြီဟု ငမ်းမြောက်ဝမ်းသာ ဖြစ်၍ နေ၏။ ထိုယောကျ်ားသည် ငါမူကား ကြီးစွာသောငါးကို ရပေပြီဟု ဖော်၍ မ၍ ကြည့်သောအခါ လည်ရေးသုံးဆင့်ကိုမြင်ရမှ ငါးမဟုတ်

မြွေကြီးပါတကားဟု သိ၍ ကြောက်လန့်၏၊ အပြစ်ကိုမြင်တော့၏။ ကိုင်မိ ဘမ်းမိလျက် ငြီးငွေ့တော့၏။ မြွေကို လွှတ်ပစ်လိုသည်ဖြစ်၍ လွှတ်ပစ်ခြင်း၏ ဥပါယ်တမည်ကိုရှာသော် မြွေ၏ အမြီးဖျားမှစ၍ ရစ်ပတ်တာကို ဖြေရှင်းပြီး ခေါင်းပေါ်၌ လက်မြှောက်၍ သုံးကြိမ်တိုတိ ဝှေ့ရမ်းတော့၏။ ဝှေ့ရမ်းသဖြင့် မြွေမှာ အားနည်း၍နေတော့မှ ဟယ်-ယုတ်မာကြမ်းထမ်းလှသော မြွေ သွားပေတော့ကွာ ဟု ပြောပြောဆိုဆိုနှင့် အားအဟုန် အရှိန်ရရနှင့် လွှတ် ပစ်လိုက်၏။ ယောကျ်ားလည်း လျင်မြန်စွာ ကမ်းသို့တက်၍ ဩော်.... ငါသည်ကား ကြီးလှစွာသော မြွေ၏ဘေးမှ လွတ်မြောက်ခဲ့ပြီတကား ဟု လာခဲ့သောလမ်းကိုကြည့်လျက် ရပ်နေ၏။ ထိုယောကျ်ားအား ငါးဘဲဟု မှားပြီး မြွေ၏လည်ပင်း၌ကိုင်၍ နှစ်သက်သောအခါကဲ့သို့ ယောဂီအား ဒါန သီလ သမထဖြင့်မှားပြီး ဆုတောင်းမိလို့ ခန္ဓာကိုယ် အတ္တဘော မြွေကြီးကိုရ၍ နှစ်သက်သောအခါကို မှတ်ပါ။

ရေထဲမှ ဖော်ယူ၍ ကြည့်သောအခါ လည်ရေးသုံးဆင့်ကို မြင်သကဲ့သို့ ရေနှင့်တူတဲ့ ပညတ်မှဖော်၍ ပရမတ်ဆိုတဲ့ ဟာလာဟင်း လွင်ပြင်၌ ယူ၍ ရှုပွါးသောအခါ ဿနတွေကွဲ၍ ရုပ်နာမ်သာတွေ့ရပြီး အနိစ္စ ဒုက္ခ အနတ္တကို မြင်တာကိုမှတ်ပါ။ မြွေမြင်တော့ ကြောက်လန့်သကဲ့သို့ လက္ခဏာရေး သုံးပါးကိုမြင်တော့ ဘယဉာဏ်ဖြစ်ထာကို မှတ်ပါ။ မြွေကြောင့် သေဘေး ရောက်မှာကို မြင်သကဲ့သို့ ဒိဋ္ဌိကြောင့် အပါယ်ကျမည့် အပြစ်မြင်ခြင်း စသည်တို့ကို မှတ်ပါ။ မြွေကို ကိုင်မိသောအခါ ငြီးငွေ့သကဲ့သို့ နိဗ္ဗိန္ဒဉာဏ်ကို မှတ်ပါ။ မြွေမှ လွတ်မြောက်လိုသကဲ့သို့ ပုထုဇဉ်ဘဝမှ လွတ်မြောက်ချင်သော မုစ္စိတုကမျတာဉာဏ်ကို မှတ်ပါ။ မြွေမှ လွတ်ဘို့ရန် ဥပါယ်တမည်ကို ရှာသကဲ့သို့ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့၌ လက္ခဏာရေး သုံးပါးတင်၍ အားတိုက် ရှုပွါးနေခြင်းကို မှတ်ပါ။ ယောကျ်ားသည် မြွေကို အမြီးဖျားမှကိုင်ပြီး သုံးကြိမ်ဝှေ့ရမ်းပြီး လွှတ်လိုက်သကဲ့သို့ ယောဂီ သည် ကိလေသာကို အနုလုံ သုံးကြိမ်ဖြင့် အားနည်းစေပြီးမှ ဂေါတြဘူ ဉာဏ်ဖြင့် လွှတ်လိုက်ခြင်းကို မှတ်ပါ။ တနည်း ယောဂီသည်လည်း လက္ခ ဏာရေး သုံးပါးသို့တင်ပြီး သင်္ခါရတို့ကို ပရိကံ၊ ဥပစာ၊ အနုလုံဖြင့် ဝှေ့ရမ်း၍၊အားနည်းစေ၍ နောက်ထပ်တဖန် (နိစ္စတို့၊သုခတို့၊သုဘတို့၊အတ္တတို့

မထင်မြင်နိုင်အောင် အားနည်းစေ၍ ဂေါတြဘူဉာဏ်ဖြင့် စွန့်လွှတ်လိုက်၏။ လွှတ်မြောက်ခြင်းက မဂ်ဉာဏ်ဘည်း။ ကမ်းသို့တက်၍ ရပ်ခြင်းကား ဖိုလ်ဉာဏ်။ ပြန်လှန်စဉ်းစားသည်ကား ပစ္စဝေက္ခဏာဉာဏ်။ အေးအေးမြမြ ရှင်ရှင်ပြပြနှင့် နေခြင်းသည်ကား ဖလသမာပတ် အခိုက်၌ နိဗ္ဗာန်ကို အာရုံပြုခြင်းသာတည်း။

---

## (၂၄) ဃရ၊ အိမ်ဥပမာဝတ္ထု (၃)

အိမ်၏ အရှင်ဖြစ်သော လူများသည် ညချမ်းအခါ၌ ထမင်းများကို စားသောက်ပြီး၍ ညအချိန်၌ အိပ်ရာထက်သို့ တက်ကြပြီးတော့ အိပ်ပျော်ကြကုန်၏။ အိပ်၍ပျော်နေစဉ်ပင် အိမ်ကိုမီးလောင်နေတော့၏။ အိမ်သားတို့သည် နိုးလာကြကုန်၍ မီးကိုမြင်ရသော် ကြောက်လန့်ကြကုန်လျက် မီးမလောင်သောနေရာမှ ထွက်ပြေးရသော် ကောင်းလေစွဟု ကြံစည်လျက် ထွက်ပေါက်ကိုရှာတော့ တံခါးပေါက်ကိုမြင်၍၊ ထွက်၍ လျင်မြန်သော အဟုန်ဖြင့် ဘေးမရှိရာအရပ်သို့သွား၍ ရပ်တည်ကြကုန်၏။ ။ထိုဥပမာ၌ အိမ်ရှင်ယောကျ်ားသည် ထမင်းဟင်းစား၍၊ အိပ်ရာ၌အိပ်၍အိပ်မောကျကာ နေသောအခါကဲ့သို့ ဗာလ၊ အန္ဓ ပုထုဇဉ်များသည် ကာမဂုဏ် ခံစား၍၊ မောဟဖြင့် အိပ်ပျော်၍ (ခန္ဓာငါးပါးတို့၌ ငါတဲ၊ ငါ့ဟာတဲ)ဟု ဒိဋ္ဌိဖြင့် အိပ်မောကျလျက် နေခြင်းကို မှတ်ပါ။ နိုးတာနှင့် ဝိပဿနာ အားထုတ်ထာကို မှတ်ပါ။ မီးကိုမြင်တာနှင့် ဓာတ် ၄-ပါး လက္ခဏာရေး ၃-ပါးကို တွေ့တာ မှတ်ပါ။ ကြောက်ထာကား ဘယဉာဏ်။ သေမှာ သိတာကား အာဒီနဝဉာဏ်။ မီးလောင်မှာ စိုးတာကား နိဗ္ဗိန္ဒဉာဏ်။ အပြင်သို့ ထွက်ချင်တာကား မုစ္စိတုကမျတာဉာဏ်။ မီးမလောင်သော နေရာကို ရှာတာက ပဋိသင်္ခါဉာဏ်။ ဟိုရှာ, ဒီရှာကား သင်္ခါရုပေက္ခာဉာဏ်။ တံခါးကို တွေ့တာကား အနုလောမဉာဏ်။ တံခါးဆီ သွားတာကား ဂေါတြဘူဉာဏ်။ တံခါးမှ ထွက်သွားတာက မဂ်ဉာဏ်။ ဘေးလွတ်ရာဌာနသို့ ရောက်တာက ဖိုလ်ဉာဏ်။ ဘေးမှလွတ်ပြီဟု စဉ်းစားတာက ပစ္စဝေက္ခဏာဉာဏ်။

## (၂၅) ဂေါဏော နွားဥပမာဝတ္ထု (၄)

လယ်သမားတဦးသည် ညအချိန်၌ အိပ်ပျော်စဉ် ခြံကိုဖောက်ချိုး၍ နွားတို့သည် ပြေးကြကုန်၏။ ထိုလယ်သမားသည် မိုးသောက်ထအခါ၌ ထိုနွားခြံသို့သွား၍ကြည့်သောအခါ ထိုနွားများ ပြေးသွားသည့် အဖြစ်ကို သိ၍ ခြေရာခံ၍ လိုက်သောအခါ ရှင်ဘုရင်၏နွားများကို မြင်လေ၏။ ထိုနွားတို့ကို ငါ၏နွားတို့သာတည်းဟု မှတ်မှား သိမှား အယူမှား၍ဘမ်းယူကာ ဆွဲဆောင်ခဲ့သည် ရှိသော် မိုးလင်းသော အခါ၌ ဤနွားများကား ငါ၏နွားများမဟုတ်ပါကုန်၊ စင်စစ်မူကား ရှင်ဘုရင်၏ နွားများသာတည်း ဟုသိ၍ အကြင်မျှလောက်ကာလပတ်လုံး ငါ့ကိုဤသူကား ခိုးသူတည်းဟု ဘမ်း၍ မင်းချင်းတို့သည် မနှိပ်စက်, မညှဉ်းဆဲသေးကုန်။ ထိုမဘမ်း သေးမီအတွင်း၌ ရှေးဦးစွာ ပြေးရှောင်တော့အံ့ဟု ကြောက်လန့်လျက် အပြစ်မြင်လျက် ငြီးငွေ့လျက် နွားများကို လက်မှလွှတ်ပြီး လျင်သော အဟုန်ဖြင့်ပြေး၍ ဘေးမရှိရာအရပ်၌ ရပ်တည်ပြီး ဘေးမှလွတ်ပြီတကားဟု စဉ်းစား ဝမ်းမြောက်ကာနေလေ၏။ ဤဥပမာ၌ ငါ၏နွားများဘဲဟူ၍မှား ပြီးခတော့ မင်း၏နွားများကို ယူသကဲ့သို့။ ဗာလ အန္ဓပုထုဇဉ်အား ရုပ်နာမ် ကိုမတွေ့သဖြင့် ငါဘဲ ငါ့ဥစ္စာဘဲဟု ယူမှားခြင်းကို မှတ်ပါ။ မိုးလင်း ခြင်းကား ဓာတ်ပေါ်ခြင်းတည်း။ မင်း၏ နွားတွေဘဲဟု သိခြင်းကား လက္ခဏာရေး ၃-ပါးပေါ်သဖြင့် နိစ္စ၊ သုခ၊ အတ္တမဟုတ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဘဲဟူ၍ အမှန်မြင်ခြင်းတည်း။ ကြောက်လန့်ခြင်းကား ဘယဉာဏ်၊ အဘမ်းခံရမည်ကို သိခြင်းကား အာဒီနဝဉာဏ်၊ နှစ်လုံးမသာယာခြင်းကား နိဗ္ဗိန္ဒဉာဏ်၊ နွားများကိုစွန့်လွှတ်ချင်တာကား မုစ္စိတုကမျတာဉာဏ်၊ ဘယ်လို လွှတ်ရအံ့နည်းဟု ကြံစည်ခြင်းကား ပဋိသင်္ခါဉာဏ်၊ နွားများ၌ ဥပေက္ခာ ထားခြင်းကား သင်္ခါရုပေက္ခာဉာဏ်၊ နွားများကိုလွှတ်ရန် ဆွဲယူခြင်းကား အနုလောမဉာဏ်၊ နွားများ မိမိလက်မှ လွှတ်သွားသည်ကား မဂ်ဉာဏ်၊ ဘေးမဲ့ရာသို့ သွားခြင်းကား ဖိုလ်ဉာဏ်၊ ငါဖြင့် မင်းဘေးမှ ဤလိုလွတ် မြောက်ရသည်ဟု ကြံစည်သုံးသပ်ခြင်းသည်ကား ပစ္စဝေက္ခဏာဉာဏ်တည်း။

## (၂၆) ယက္ခိနီ၊ ဘီလူးမနှင့် ညားသောဝတ္ထု (၅)

တဦးသောယောကျ်ားသည်ဘီလူးမနှင့်အိမ်ထောင်ပြု၍နေ၏၊လူမိန်းမဟု ထင်၏၊ ထိုဘီလူးမသည် ညအချိန်၌ ငါ့ယောကျ်ားသည်ကား အိပ်ပျော် လေပြီတကားဟုသိ၍ အိမ်မှထွက်ပြီး သုသာန်သို့သွား၍ လူသားကိုစား လေ၏။ လင်ယောကျ်ားသည် နိုးသောအခါ ငါ့မယားကား အဘယ် အရပ်သို့ သွားလေသနည်းဟု ခြေရာခံ၍ လိုက်သွားတော့ လူသားကိုစား လျက်နေသော မယားကို မြင်လျှင် ငါ့မယားဟာ လူမိန်းမ မဟုတ်ပါ တကား၊ ဘီလူးမပါတကားဟု သိ၏ ကြောက်လန့်၏ အစားခံရမည့် အပြစ်ကိုမြင်၏၊ ချစ်ခင်ခြင်းအာသာပြတ်၍ စွန့်ချင်၏၊ စွန့်ဘို့အကြောင်း ရှာ၏၊ အမြန်ပြေးမှလွတ်မည်ဟုသိ၏၊ ပြေးရန်အားထုတ်၏၊ ပြေး၏ လွတ်၏၊ လွတ်ရာဌာန၌ဤသို့ပြု၍ လွတ်မြောက်သည်ဟုတွေးကြံကာနေ၏၊ ဤဥပမာ၌ ဘီလူးမနှင့် အိမ်ထောင်ပြုကာ နေသကဲ့သို့ ဗာလ အန္ဓ ပုထုဇဉ်သည် ခန္ဓာ ၅-ပါး၌ ငါဘဲ ငါ့ဉစ္စာဘဲဟု ယူထား၏။ သုသာန်၌ လူသားကိုစားနေ ဒါကိုမြင်၍ ဘီလူးမဘဲဟု သိသကဲ့သို့၊ ခန္ဓာ၌ လက္ခဏာရေး သုံးပါးကို မြင်၍ အနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲဟု သိခြင်းတည်း။ ကြောက်ခြင်း ဘယ ဉာဏ်၊ အပြစ်မြင်ခြင်း အာဒီနဝဉာဏ်၊ အာသာပြတ်ခြင်း နိဗ္ဗိန္ဒဉာဏ်၊ စွန့်ချင်ခြင်း မုစ္စိတုကမျတာဉာဏ်၊ စွန့်ရန်ရှာကြံခြင်း ပဋိသင်္ခါဉာဏ်၊ စွန့်ဘို့ ဉာဏ်ပေါ်ခြင်း အနုလောမဉာဏ်၊ အဟုန်ဖြင့်ပြေးခဲ့ခြင်း ဂေါတြဘူဉာဏ်၊ ဘီလူးမမှလွတ်ခြင်း မဂ်ဉာဏ်၊ ဘေးမရှိရာဌာနသို့ ရောက်ခြင်း ဖိုလ်ဉာဏ်၊ ပြန်စဉ်းစားခြင်း ပစ္စဝေက္ခဏာဉာဏ်တည်း။

---

## (၂၇) ဒါရက၊ သူငယ်ဝတ္ထု (၆)

တဦးသောသားကို အလွန် ချစ်ခင်တတ်သော မိန်းမသည် မြတ်သော ပြာသာဒ်ထက်၌နေလင့်၏၊ လမ်းခရီးအကြား၌ သူငယ်၏အသံကို ကြား၍ ငါ၏သားကို သူဘပါးသည် နှိပ်စက်လေပြီတကားဟု မှတ်မှားပြီး လျင်စွာ သွား၍ သူငယ်ကိုတွေ့လျှင် ငါ့သားဘဲဟု မှတ်မှား၍ သူတပါး၏သားကို ဆွဲယူချီမခဲ့၏။ နောက်မှ သေသေချာချာ ကြည့်မိသောအခါ ငါ့သား

မဟုတ်ပါတကားဟု အမှန်သိ၏။ သိ၍ ထိတ်လန့်လျက် ထိုမှဤမှကြည့်ပြီး သူတပါးတို့က ငါ့ကို ခိုးသူမဟု မစွပ်စွဲမီ နေရာမှချီခဲ့ပြီး ကလေးနေရာ၌ ပြန်ထားခဲ့၍ တဖန် ပြာသာဒ်ထက်သို့ တက်ပြီး အေးဆေးစွာ နေလေတော့၏။ ဤဥပမာ၌ မိမိ၏သားဘဲဟူသော အမှတ်မှားဖြင့် သူတပါး၏သားကို ယူလာသကဲ့သို့၊ ခန္ဓာငါးပါးကို ငါဘဲ ငါ့ဥစ္စာဘဲဟု ယူခြင်းကို မှတ်ပါ၊ သူတပါး၏သားဘဲဟု အမှန်သိသကဲ့သို့ လက္ခဏာရေးသုံးပါး၏ အစွမ်းအားဖြင့် ငါမဟုတ်တော့ပြီ၊ ငါ့ဟာလဲ မဟုတ်တော့ပြီဟု အမှန်သိခြင်းကိုမှတ်ပါ။ ကျန်ဉာဏ်စဉ်များ၌ (၅) (၆) အတိုင်းခွဲ့ပါလေ။

---

## (၂၇) ခုဒ္ဒါ၊ ဝေါ်မွတ်ခြင်းဝတ္ထု (၇)

ခုဒ္ဒါ၊ ပိပါသာ၊သီတာ၊ဉဏှာ၊အန္ဓကာရ၊ဝိသ၊ ဤ(၆)ဌာနကား ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌တည်သောသူ၏ လောကုတ္တရာသို့ ရှေးရှုကိုင်းခြင်း ရှိုင်းခြင်း ညွတ်နေခြင်းတို့ကို ပြသခြင်းငှာ ဖွင့်ဆိုအပ်၏။ ခုဒ္ဒံ ပိပါသံ သီတုဏှံ၊ အန္ဓကာရံ ဝိသေနစာတိ ဣမာ ပန ဆဥပမာ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ဌိတဿ လောကုတ္တရဓမ္မာဘိမုခ နိန္န ပေါဏ ပဗ္ဘာရဘာဝဒဿနတ္ထံ ဝုတ္တာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ် နံ့ပါတ် ၂၆၄၊ ကြောင်းရေ ၊ ၊ သုမူ၌-ဝေါ်မွတ်ဆာလောင်ခြင်းဖြင့် နှိပ်စက်ခံရသော သူသည် အလွန် ကောင်းမြတ်သော ဘောဇဉ်ကို တောင့်တ၍နေ၏။ ဤအတူ သံသရာဝဋ်ဒုက္ခဖြင့် နှိပ်စက်ခြင်း ခံရ၍၊ မဟာသုခကြီး ဝေါ်မွတ်နေသောသူသည် အမတရသကို ပေးနိုင်သော ကာယဂတာသတိကမ္မဋ္ဌာန်းကို တောင့်တ၍နေ၏။

---

## (၂၈) ပိပါသဝတ္ထု (၈)

အလွန်ရေငတ်လှသောသူသည် အလွန်ခြောက်သွေ့သော လည်ချောင်းခံတွင်းရှိသည်ဖြစ်၍၊ အလွန်တရာ အဆောက်အဦ များစွာဖြင့် ပြုလုပ်အပ်သော အဖျော်ကိုတောင့်တ၏။ ဤအတူပင် သံသရာဝဋ်ဒုက္ခကြောင့် မဂ်ရေမရဘဲ ဝေါ်မွတ်နေသော ယောဂီသည် အရိယာမဂ် ရေစင်ကို အလွန်တရာပင် သောက်ချင်တောင့်တရှာပေ၏။

## (၃၀) သိတဝတ္ထု (၉)

အချမ်းဖြင့် တွေ့နေရသောသူသည် အပူကို တောင့်တ၏။ ဤအတူ သံသရာဝဋ်ထဲ၌ တဏှာအအေးမိနေသော ယောဂီသည် ကိလေသာကို ပူပန်စေတတ်သော မဂ်တေဇောကို တောင့်တ၍နေပေ၏။

---

## (၃၁) ဥဏှဝတ္ထု (၁၀)

အပူမိနေသောသူသည် အအေးကို တောင့်တ၏။ ဤအတူ သံသရာဝဋ်ထဲ၌ တဆဲ့တပါးသောမီးတို့ဖြင့် ပူလောင်၍နေသော ယောဂီသည် ဆဲ့တမီးငြိမ်းသော နိဗ္ဗာန်ကို တောင့်တပေ၏။

---

## (၃၂) အန္ဓကာရဝတ္ထု (၁၁)

အမိုက်မှောင်ကြီးဖြင့် နှိပ်စက်ခြင်းကိုခံ၍ နေရသောသူသည် အလင်းရောင်ကို တောင့်တ၏။ ဤအတူ အဝိဇ္ဇာမှောင် မိနေသော ယောဂီသည် ဝိပဿနာဉာဏ်အလင်းရောင်ကို တောင့်တပေ၏။

---

## (၃၃) ဝိသဝတ္ထု (၁၂)

အဆိပ်ကို စားမိသောသူသည် အဆိပ်ပြယ်စေတတ်သော ဆေးဝါးကို တောင့်တ၏။ ဤအတူ ကိလေသာ အကုသိုလ်အဆိပ်ကို စားမိသော ယောဂီသည် ကိလေသာတည်းဟူသော အဆိပ် ပြယ်ပျောက်စေနိုင်သော အမတသြသဓဆေးနှင့် တူသော နိဗ္ဗာန်ကို တောင့်တ၍နေပေ၏။

---

## (၃၄) ကျားအရှင်ကို မြင်းထင်၍စီးကြပုံ (၁၃)

သေဘေး ဆင်းရဲဒုက္ခဘေးတို့ကို အလွန်တဲရာ ကြောက်လန့်တတ်သော ယောကျ်ားသည် နံနက်စောစော လေးနာရီအချိန်၌ ခရီးသွားရန် ကိစ္စရှိချေ၏တကားဟု ဝိတက်ဇောနှင့် အိပ်စက်၏၊ အိပ်ရာမှနိုး၍ နာရီကို ကြည့်သောအခါ ခရီးသွားရမည့် အချိန်နာရီကား နီးကပ်၍ လေးနာရီထိုးဘို့ရန် တမိနစ်ခန့်မျှသာ လိုတော့၏။ ထိုယောကျ်ားသည် ခရီးသွားလို

ဇောက ကြီးနေသဖြင့် မျက်နှာသစ်ခြင်း၊ ဆေးသောက်ခြင်း ကွမ်းစားခြင်းတို့ကိုပင် မပြုလုပ်နိုင်တော့ဘဲ ပူပူဆာဆာ၊ ပြာပြာသလဲ၊ ဇောပါပါနှင့် မြင်းစီး၍သွားရန် မြင်းဇောင်းသို့ သွားလေ၏။ မြင်းဇောင်းထဲ၌ဝင်၍ ခိုအောင်းပုန်းလျှိုးနေသော ကျားကြီးကို အမြန်တက်စီးပြီး ခရီးထွက်ခဲ့လေ၏။ ကျားကြီးကလည်း ငါ့မှာ ဤသူကြောင့် ဘေးရန်မရှိဘဲ ရွာထဲမှ တောထဲသို့ ပြန်ရောက်ရချေတော့မည်ဟု ဝမ်းသာ၍ စီးသောယောကျ်ားကို ရန်မရှာဘဲ လမ်းစဉ်အတိုင်း လာခဲ့လေ၏။ ဤကဲ့သို့ ကျားကလဲ ကျား၏ အလိုဆန္ဒ ပြည့်ဝ၍လာနေဆဲ ယောကျ်ားကလဲ သူ့အလိုပြည့်ဝ၍ စီးလာဆဲ၌ အရုဏ်တက်ပြီးတော့ တဖြည်းဖြည်း မိုးလင်း၍ လာတော့သည်။ ထိုယောကျ်ားသည် မိုးထိန်ထိန်လင်းသောအခါ၌ စီးတော်မြင်းကို သေသေချာချာ ရှုမိသောအခါဝယ် မြင်းကား မဟုတ်ဘဲ အလွန်တရာပင် ကြောက်စရာ လန့်စရာကောင်းလှသော ကျားကြီးမှန်းသိ၍ တုန်တုန်ခိုက်ခိုက် အရှိက်များမှားပြီး ကိုင်း-ကိုင်း-သေဘို့ကိစ္စတော့ ကြုံတွေ့ခဲ့ပြီတကား။ (ခရုမှာ အဆံတဲ့၊ လူမှာလဲ အကြံတဲ့) အသက်ဘေးမှ လွတ်မြောက်ရန် ကြံဖန်ရဦးတော့မည်ဟု လွတ်ဘို့ရန် ကြံစည်ရာ လမ်းဝအပေါ်၌ ကိုင်း၍နေသော သစ်ကိုင်းကိုလဲ မြင်တွေ့ရ၏။ သစ်ပင်ဟိုဘက်၌ တဲ့သွင်သွင် စီး၍နေသော မြစ်ကြီးကိုလဲ တွေ့ရ၏။ မြစ်ကြီး၏ဟိုဘက်၌ အေးချမ်းသာယာလှသော တဘက်ကမ်းကိုလဲ တွေ့မြင်ရ၍ အနည်းငယ် သက်သာရာရပြီး ချော့ကာ မော့ကာနှင့် ကျားကြီးကိုပင်စီး၍ သစ်ကိုင်းအောက်သို့ အရောက်စီးကာ လာရတော့၏။ လမ်း၏အပေါ်သို့ ကိုင်းနေသော သစ်ကိုင်းအောက်သို့ ရောက်သည်နှင့် တပြိုင်နက်ပင် ကြီးလှသော အဟုန်ဖြင့် အကိုင်းကို တအားဆွဲပြီးတော့ (အို-ကြောက်စရာကောင်းလှသော ကျားကြီးခင်ဗျား။ မသိလို့သာ ခင်ဗျားကို စီးခဲ့မိပါတယ်။ ခင်ဗျားမကိုက်မီ ကျွန်ုပ်ကား ထွက်ပြေးပါတော့မည်။ ခင်ဗျား ဘာသာဘာဝ ဤတော၌၊ ဤဘက်ကမ်း၌သာ ကျန်ရှိ၍နေပါတော့။ ကျွန်ုပ်မူကား ခင်ဗျားနှင့်ဝေးအောင် ဟိုဘက်ကမ်းအထိ ရှောင်ပြေးပါတော့မည်ဟု ပြောပြောဆိုဆို သစ်ကိုင်းကို အတင်းခိုပြီး ဆွဲတက်ပြီး သစ်ပင်ထက်သို့ ပြေးသွားတော့၏။) ကျားကြီးသည်ကား ယောကျ်ားကို မော်ကာကြည့်ပြီး ပုံးစိစိနှင့် (သတိကြောင့်လွတ်ထာ၊ သတိ

ရှိလို့ လွတ်ရတာ၊ သတိထားမိလို့ လွတ်ရတာ ဟု ကျွားဟုန်း ဟုန်း၍ တတောလုံးညံ့အောင် ဆူပူလျက် ကျန်ရစ်ရှာတော့၏။ ။ထိုယောကျ်ားသည်ကား သစ်ပင်ထက်သို့ ရောက်ရှိရုံမျှနှင့် ကျွား၏ရန်မှ မအေးရသေးချေ။ မိမိနှင့် ကျွားကား ဤမှာဘက်ကမ်းချင်း တူနေသေးပေ၏။ ဤသစ်ပင်မှ မြစ်ထဲသို့ ခုန်ဆင်းပြီး ရေယဉ်ကြောအလိုက် (မျောလဲမျော၊ ကူးလဲကူး) သို့ကလို ပြုလုပ်ပါမှ အားအင် မကုန်မခန်းဘဲ၊ လူလဲမပမ်းဘဲ ဟိုဘက်ကမ်းသို့ ရောက်ချေတော့မည်ဟု ကြံစည်ပြီးတော့ သစ်ပင် အထက် အကိုင်းဖျားသို့ တက်ပြီး ကမ်းစပ်မှ ဝေးဝေးရောက်အောင် ခုန်ချလေတော့၏။ မြစ်၏ ရေယာဉ်ကြော၌ ရေကြောအလိုက် မျောရင်းကူး၊ မျောရင်းကူးနှင့် ကူး့ကူးပြီး လာလိုက်ထာ ဟိုဘက်ကမ်းသို့ အေးချမ်းစွာရောက်၍ ဩြ်- ငါသည်ကား ကျွား၏ဘေးမှ လွတ်မြောက်ခဲ့ရလေပြီတကား ဟု စဉ်းစား၍ ဝမ်းမြောက်လေသည်။ ။ဤဝတ္ထု၌ ထို ယောကျ်ားနေသော အိမ်ကား သံသရာတည်း။ မြင်းဇောင်းကား ပညတ်တည်း။ မြင်းကား ဒါန၊ သီလ၊ သမထ စသော (၃၅)ပါးသော ကုသိုလ်တည်း။ ကျွားကြီးကား ဒိဋ္ဌိတရား ပင်တည်း။ ကျွားကိုစီး၍ လာခြင်းကား သက္ကာယဒိဋ္ဌိ ကပ်သော အခါ တည်း။ ယောကျ်ားကား (အန္ဓ၊ ဗာလ၊ ပုထုဇဉ်ပင်တည်း)။ လမ်းခရီးကား ဝိသုဒ္ဓိလမ်းစဉ်၊ ပရိညာလမ်းစဉ်၊ ဉာဏ်စဉ် ၁၆-ပါး၊ ဗောဓိပက္ခိယ ၃၇-ပါး လမ်းစဉ်သာတည်း။ မှောင်မိုက်သော အခါကြီးကား အဝိဇ္ဇာရှိ၍နေသော မိုးမလင်းသေးမီ အခါတည်း။ အရုဏ်ဘက်ခြင်းကား ဝိပဿနာတရားကို ကြားနာရသောအခါတည်း။ မိုးလင်းသောအခါကား ဝိပဿနာဓာတ် တရားကို တွေ့သောအခါပင်တည်း။ မြင်းကား မဟုတ်ပြီ၊ ကျွားကြီးသာ ဖြစ်ခဲ့ပြီဟု အမှားပျောက်၍ အမှန်သိခြင်းကား ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ် ဆိုတာ မဟုတ်ပါတကား။ စင်စစ်ကား ရုပ်နာမ်ပါတကား ဟု အမှား စင်ကြယ်၍ အမှန်သိပြီး သက္ကာယဒိဋ္ဌိ ကွာသောအခါတည်း။ ။ကျွားကို ကြောက်ခြင်းကား ဘယဉာဏ်။ ကျွားကိုက်၍ သေရမှာကို သိခြင်းကား အာဒီနဝဉာဏ်။ ကျွားကို မခင်တွယ်ခြင်းကား နိဗ္ဗိန္ဒဉာဏ်။ ကျွားမှ လွတ် ချင်တာကား မုစ္စိတုကမျတာဉာဏ်။ လွတ်ဘို့ရန် ကြံစည်တာကား ပဋိသင်္ခါ ဉာဏ်။ ကျွားကိုဂရုမပြုဘဲ သစ်ကိုင်းကိုသာ ဂရုပြုနေခြင်းကား သင်္ခါရု

ပေက္ခာဉာဏ်။ သစ်ကိုင်းကို ဆွဲကိုင်ထားခြင်းကား အနုလောမဉာဏ်။ တက်၍ သွားခြင်းကား ဂေါတြဘူဉာဏ်။ သစ်ပင်ကြီးပေါ်သို့ ရောက်ခြင်းကား မဂ်ဉာဏ်တည်း။ မြစ်ထဲသို့ခုန်ချပြီး ကူး၍နေခြင်းကား အထက်မဂ် ၃-ပါး၊ အထက်ဖိုလ် ၃-ပါးပင်တည်း။ ဟိုဘက်ကမ်းသို့ ရောက်သွားခြင်းသည်ကား အသင်္ခတဓာတ်မဟာဆိုတဲ့ နိဗ္ဗာန်ပြည်ကြီးပင်တည်း။

## (၃၅) ဘီလူးမနှင့်သူဌေးသားဝတ္ထု (၁၄)

ရှေးအတိတ်အခါက ဗာရာဏသီပြည်ဝယ် သူဌေးကြီးတဦး၌ သား တယောက် ထွန်းပေါက်၍ တဆဲ့ခြောက်နှစ် အရွယ်သို့ ရောက်သော်၊ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင်ကြားရန် လွှတ်လိုက်လေ၏။ သူဌေးသားသည် သွားရောက်ပြီး ပညာသင်ကြားရာ ၃-နှစ်စေ့က ပညာများ တတ်မြောက်သဖြင့် မိဘ ရပ်ထံသို့ ပြန်ရန် ခွင့်ပန်လေ၏။ ဒိသာပါမောက္ခဆရာကြီးသည် တပည့်အား ပြန်ရန်ခွင့် ပြုပြီး လမ်းညွှန်သည်ကား ကပည့်ရေ့ ဟောဟို လမ်းက ငါ့တပည့် ပြန်သွားလျှင် လ,တော့ ကြာညောင်းမည်၊ ဘေးရန် မရှိဘဲ ချေမ်းစွာ ပြန်ရောက်လိမ့်မည်။ ရွာစဉ် ရပ်စဉ် တိုင်းပြည်စဉ်အတိုင်း တွေ့၍သွား ရမှာ ဖြစ်လေတော့ ဒေသန္တရ ဗဟုသုတလဲ ရ၍သွားမှာဘဲကွဲ့၊ အဲဒီ လမ်းကမပြန်ဘဲ ဤလမ်းကပြန်သွားပါလျှင် ဘေးရန်လည်းများ ဘီလူးတွေ စားလို့သေသွားစရာ အကြောင်းရှိတယ်၊ ရက်အနည်းငယ်နဲ့တော့ ရောက်မှာ ဘဲ၊ အဲဒီလမ်း ၂-လမ်းတို့တွင် ကြာမဲ့လမ်းကသာ သွားပါလေ။ ရက်လ များ ကြာချင် ကြာပါစေ၊ ဘေးရန်မရှိလို့ နေ့ရောက်မှာ အမှန်ပါဘဲ။ ဤလမ်းကသွားရင်တော့ ရက်နဲနဲနှင့် ရောက်စရာရှိပေမဲ့ ဝါဠကန္တာရ၊ ယက္ခ ကန္တာရမို့ သားရဲဘေးရန် ဘီလူးဘေးရန်တို့ကြောင့် ရောက်ဘို့ရန်မမြင်ပါ။ သေဘို့ဘလမ်းသာမြင်ပါ၍ ဆရာကတားမြစ်ရတာဘဲတပည့်ရယ်ဟု လမ်းပြ ပေ၏။ သူဌေးသားသည် အတက်ပညာကို အားကိုးသူဖြစ်၍ မြန်မြန်ရောက် တာဘဲကောင်းတယ်၊ သားရဲဘေးရန် ဘီလူးဘေးရန်လောက်တော့ ငါက ဘာမှမမှု ဂရုမပြုဘူးဟု ဆုံးဖြတ်ကာ လမ်းတိုဖြင့်ပြန်သွားလေ၏။ တောဝသို့ ရောက်လျှင် ဝင်းဝင်း ထိန်ထိန် အရှိန်ကြွကြွ အဆင်းလှလှ ယမင်းရုပ်မျ

မကာဘဲ နတ်သမီးတဦးကိုတွေ့၍ သဘောခွေ့ ခွေ့ မနေသာတွေ့ပြီး ဇောဓလေ့ဖြင့် အချောဘက်သို့ ရွှေ့သွားလေ၏။ နတ်သမီးကလဲ အမူအရာ ပြုံပြုံငှါငှါနှင့် သူဇာလိုနွဲ့နှပ်ပြီး ပုးကပ်ဆောင်ဆွဲအပါတွဲ၍ လက်ထပ်ပွဲဆင်ယင်ကျင်းပပြီး ဇနီးမောင်နှံဘဝသို့ ရောက်ကြလေကုန်၏။ နတ်သမီးသည် သူဌေးသားကို ခေါ်၍ သွားသောအခါ ရွှေးတည့်တည့်၌ ကျုံးမြောင်း အုပ်ရိုး ပြရိုး တန်ဆောင်းတွေနှင့် သာသာဝပြော စည်ကားလှသော တိုင်းပြည်ကြီးကို မြင်တော့ သူဌေးသားက အဘယ်ရွှေးတည့်တည့်က တိုင်းပြည်ဟာ တယ်ပြီး သာယာလှပါတကား။ အဘယ်ပြည်ပါနည်းဟု မေးမြန်း၏။ နတ်သမီးက မောင်နှင့်မယ်တို့ ပျော်ဘွယ်ခန့်ညား စံစားနေထိုင်ရမည့် တိုင်းပြည်ပင်ဖြစ်ပါ တော့သည်ဟုပြော၍ ပြည်ထဲသို့ဝင်ကာ ဘုံဗိမာန်တခု၌ ပျော်ရွှင်ခါ နေကြကုန်တော့၏။

ဗာရာဏသီပြည်က မိဘတို့သည် သားရောက်ချိန်၌ မရောက်လာသဖြင့် တက္ကသိုလ်ပြည်သို့ လိုက်လာခဲ့ပြီး ဒိသာပါမောက္ခဆရာထံသို့ဝင်ကာ သား၏ အကြောင်းကိုမေးမြန်းကြကုန်တော့၏။ ဆရာကြီးကလည်း ပြန်၍သွားတာ နှစ်နှစ်ကျော်လေပြီ မိဘထံသို့ ပြန်၍မရောက်သေးတာကတော့ လမ်းတိုကို လိုက်မိလို့ ဘီလူးတွေနှင့်တွေ့ပြီ၊ ရှင်သေးရဲ့လား သေပြီလား ရှင်ပါသေး ရင်တော့ ကယ်နိုင်ပါသေးရဲ့ဟု စိတ်မောပြီး တပည့်ဇောနှင့် တောထဲသို့ သူ့မိဘကိုခေါ်၍ သွားကြရတော့သည်။ ဘီလူးပေါ်တဲ့ တောသို့ရောက်လျှင် ရှာဖွေရာ ကျောက်လိုဏ်ဂူကြီးကို မြင်တော့ကမှ အင်း–နေရာတော့တွေ့ပြီ လူကောဘယ်မှာနေသလဲဟု ရှာဖွေပြန်ရာ သူဌေးသားသည် ဂူကြီး၏အနီး သစ်ပင်အောက်၌ ဘီလူးမက လှဲ့စားထားသည့်အတိုင်း သိကြားမင်းတို့စံရာ တာဝတိံသာကဲ့သို့တင့်တယ်လျက် နတ်သမီးများအလယ်၌ ပျော်ဘွယ်ရာအဖုံဖုံ စားစရာအစုံစုံနှင့် ကာမဂုဏ်ရစ်၍နေတာကို တွေ့မြင်ရရှာလေသတည်း။

ဆရာကြီးက ကဲ–ကဲသင်တို့သားကိုတော့ တွေ့ရပေပြီ၊ ဘီလူးမ လှဲ့ဖျား၍ နတ်သား နတ်သမီးကဲ့သို့ အထင်တွေကြီးပြီး စည်းစိမ်ရစ်၍ နေလေပြီ၊ ငါ၏ပညာတန်ခိုးဖြင့် ဖန်ဆင်း၍ထားတာကို ချိုးလိုက်မယ် အရိုး အမျိုး စဉ်လာ အတိုင်း ဖြစ်ရော့ကွယ်ဟု ဆေးပညာဖြင့် ဖြေလိုက် လေ၏။

သူဌေးသားသည် မိမိနေထိုင်တာဟာ တိုင်းပြည်ကားမဟုတ်၊ တောကြီး မျက်မဲသာ ဖြစ်နေပုံ၊ ဗိမာန်မဟုတ်ဘဲ ကျောက်ဂူကြီးသာ ဖြစ်၍နေပုံ၊ ဥယျာဉ်မဟုတ် သစ်ပင်ချုံနွယ်အောက်၌ ရောက်၍နေပုံကို အမှန် အကန် အတိုင်း တွေ့ရတော့၏။ (ယောဂီ၏ ဉာတပရိညာစခန်းတည်း) သူဌေး သား၏စိတ်မှာ ဆန့်ကျင်ပြင်းမုန်းငြီးငွေ့၍နေတော့၏။ ။တဖန် ဆရာကြီးက မိမိပညာတန်ခိုးဖြင့် ဘီလူးမ ဖန်ဆင်း ထားတာကို ချိုးလိုက်ပြန်ရာ မိမိတို့ စားသုံးနေကျ နတ်ဩဇာ နတ်ယမကာများ ပပျောက် လွင့်စင် သွားသဖြင့် လူသေကောင်ပုပ်, ဝက်သေကောင်ပုပ်, ခွေးသေကောင်ပုပ် တွေသာ ဖြစ်နေတာကို အမှန်အတိုင်း မြင်ရတော့ သူဌေးသားစိတ်မှာ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်ကဲ့သို့ စက်ဆုပ်ရွံရှာ အော့အန်ကာ နေလေတော့၏၊ (တီရဏပရိညာ စခန်းတည်း)။ ။တဖန် ဆရာကြီးက မိမိ၏ပညာတန်ခိုးဖြင့် ဘီလူးမ ဖန်ဆင်းထားတာကို ချိုးလိုက်ပြန်ရာ မိမိ၏ အချစ်ဆုံး နတ်သမီးဇနီးသည် နတ်သမီးမဟုတ်တော့ဘဲ ဘီလူးမစင်စစ် ဖြစ်၍ နေတာကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့် ကြောက်လဲကြောက်၊ လန့်လဲ လန့်၊ လွတ်ချင်ဇော၊ လွတ်ဘို့ကြံစည်၊ ချစ်ထာတွေကို ဥပေက္ခာထားပြီး မနေဘတ်, မထိုင်တတ်ဖြစ်၍ နေရာအရပ်မှ ထွက်သွားတော့၏။ (ယောဂီ၏ ပဟာနပရိညာ စခန်းတည်း)။ ။ထိုအခါမှ ဒိသာပါမောက္ခ ဆရာကြီးက ငါ့ဘာ့ညွှ်ရယ် မကြောက်ပါနဲ့တော့၊ ဆရာရှိနေပါတယ်။ ဟိုဟာက မောင့် ဖခင်တည်း။ ဟောဒါက မောင့်မိခင်တည်း။ ငါက သင့်ဆရာတည်း ဟု အားပေးပြီး ဘီလူးမ ထည့်၍ထားသော (အပင်းများကို) ပပျောက်စေပြီး ဗာရာဏသီပြည်သို့ အရောက် လိုက်၍ပို့လိုက်သဖြင့် ချမ်းစွာ ရောက်ရလေ သတည်း။ ။ဤဥပမာဝတ္ထု၌ ဆရာကြီးကား ဘုရားနှင့်တူ၏။ ဆေးပညာ ကား ဝိပဿနာနှင့်တူ၏။ ဘီလူးမကား သက္ကာယဒိဋ္ဌိနှင့်တူ၏။ အဖကား သံဃာများနှင့်တူ၏။ အမိကား ပရိယတ်ဟရား ရတနာနှင့်တူ၏။ တောကြီး ကန္တာရကား သံသရာကြီးနှင့်တူ၏။ တိုင်းပြည်ထင်ရာမှ တောကြီးမှန်း အမှန်အကန် သိရခြင်းကား ဉာတပရိညာ စခန်းတည်း။ နတ်သုဒ္ဓါ၊ နတ် ဩဇာထင်၍နေရာမှလူသေကောင်, ခွေးသေကောင်ပုပ် စသည်ဘဲဟု အမှန် အကန် သိရခြင်းကား တီရဏပရိညာ စခန်းတည်း။ ဘီလူးမကိုပင် နတ်သမီး

ထင်၍ ချစ်ခင်စွဲလမ်း၍နေရာမှ ဘီလူးမမှန်း မြင်သိသဖြင့် ကြောက်လန့် တုန်လှုပ် အမုန်းဝင် လွင့်ချင် စသော သဘောတရားစုံတို့ကား ပဟာန ပရိညာ စခန်းတည်း။ ဆရာကိုယ်တိုင် လိုက်၍ပို့သည်ကား နိဗ္ဗာန်အထိ တရားဟောပြ ဩဝါဒပေးလိုက်ထာနှင့်တူ၏။ ဗာရာဏသီပြည်သည်ကား မဟာအမတ အသင်္ခတ ရွှေပြည်နိဗ္ဗာန်နှင့် တူလှပေသတည်း။

---

## (၃၆) မလှဖြူနှင့် သားငယ် အစစ်အမှန်ဝတ္ထု (၁၅)

ရှေးရှေး အနှစ်ပေါင်း (၂၃၇) နှစ်လောက်ဆီက ဇာကယ့်ဝတ္ထုတခု ဖြစ်ပွားသည်ကား၊ အောက်မြန်မာပြည်တွင် တခုသောရွာ၌ မလှဖြူ မည်သော မိန်းမတဦးသည် လှလှပပ၊ ပြေပြေပြစ်ပြစ်၊ ချောချောမောမော ရှိလှ၏။ စကားပြောလဲ သာယာလှ၏။ လူပေါင်းလဲ ဆန့်လှ၏။ ဥစ္စာပစ္စည်းလဲ သင့်တင့်လှ၏။ စိတ်စေတနာ ကောင်းမွန်လှ၏။ ထိုထို ဂုဏ်သတင်းတို့ကြောင့် သူ့လိုပြည့်စုံ လှဂုဏ်ရှိသော ယောကျ်ားတဦးနှင့် အိမ်ထောင်ကျကြ၏။ ရရှိသော သားငယ်မှာလည်း မိဘနှစ်ဦးကိုက လှပြီးသားမို့ သားရတနာ မှာလဲ ပိုမို၍ လှပရှာပေ၏။ ဤကား ကုသိုလ်ကံ အရှိန်တက်သဖြင့် အကျိုး ပေးတုန်း အခါပင်တည်း။

ဆင်းရဲလဲ အပင်မဟုတ်၊ ချမ်းသာလဲ အပင်မဟုတ်၊ အနိစ္စနယ်ထဲကမို့၊ ဒုက္ခ အနတ္တ၏ နယ်ထဲကမို့ သူ့ပါဝါတော့ ပြမှာပါဘဲ။ ပဌမအချိန်မှာ အရှိန်နှင့် ထိုးတက်နေသော မလှဖြူမှာ ဒုတိယအချိန် ကုသိုလ်ကံမှေးမှိန်ပြီး အကုသိုလ်များ အရှိန်နှင့် တိုးဝင်လာတော့ အချစ်ဆုံး အားအကိုးဆုံးဖြစ်တဲ့ လင်သည်ယောကျ်ား ဆုံးရှုံးသွားပါရော။ အဲဒါနဲ့ အချစ်ဆုံးယောကျ်ားမို့ သုသာန်ပို့ရာမှာလဲ များစွာ အကုန်ခံလိုက်တယ်၊ ရက်လည်ဆွမ်းလှူဒါန်း၍ အမျှဝေရာမှာလဲ များစွာ အကုန်အကျခံလိုက်ဟယ်။ ဒါနဲ့မပြီးသေးဘူး၊ အဖဆုံးပြန်ပါရော၊ မသာပို့ရာမှာရော သပိတ်သွတ်ရာမှာရော ကုန်ကျခံရ ပြန်တယ်၊ ဒါနဲ့မရပ်သေးဘူး၊ မိခင်ဆုံးပြန်ပါရော၊ အဲဒီလိုဘဲ အကုန်ခံရ ပြန်တယ်၊ အတော်ကြာ မောင်တယောက် ဆုံးပြန်ပါရော၊ ကုန်ကျရပြန် တယ်၊ အတော်ကြာ ညီမ ဆုံးပြန်ပါရော။ အဲဒီကျတော့ ကုန်စရာမရှိတာနှင့်

အရပ်ကိုအပ်ပြီး အကုန် ဇာတ်ကိုသိမ်းလိုက်ရပါတယ်။ (လင်၊ အဖ၊ အမိ၊ မောင်၊ ညီမ) ငါးဦးတို့ဟာ ၂-လအတွင်းမှာပင် ဆုံးရှုံးကြတော့ အိမ်လဲ ရောင်းချရ၊ လယ်ယာမြေကိုလဲ ရောင်းချရ၊ လူငါးဦးလဲ ဆုံးရှုံးရသဖြင့် ရွာမှာပင် မနေချင်၊ နေပြန်လျှင်လည်း အိမ်ကိုမြင်တော့ သတိရ၊ အပူလုံးကြွ ယူကြုံးမရ လူနုံးလျှပြီး တက်မျောရရှာလေသည်။ ငါးဦးတို့အား ထင်ယောင် မြင်ယောင်မို့ သောကကို ဆွနေဘိသကဲ့သို့ ဖြစ်၍သာနေသဖြင့် တပြေ ပြောင်းမှ မေ့လျော့ရမည်ဟု တွေးမိပြီး ချောမောလှပတင့်တယ်တဲ့ သားငယ် ကို ချီပိုးခဲ့ပြီး ရွာမှထွက်၍ သက်သာရာရအောင်ဟု တရွာသို့ ပြောင်းခဲ့ လေသည်။

နေကလဲဝင်ခါနီး မြောက်လေအေးကလဲ တညှင်းညှင်းနှင့် လေပြေ လေညှင်းဆော်ကာသွင်း၍ ဟေမန်အတွင်း အခါသမယမှာ ရွာဝသို့ ရောက်ရှိ လာလေသည်။ထိုရွာဝ၌(ဂဝ)ကျော်အဘိုးကြီးတဦးကလဲ ဖြူဖြူစင်စင် အင်္ကျီ ပါး ဖြူလွှင်စွာဝတ်လျက် မလှဖြူတို့ သားအမိအနီးသို့ ရောက်လာပြီးတော့ ဩော်-ငါ့သမီးက သနားစရာကလေးပါကလား ဒါထက် ငါ့မြေးကလဲ ချစ်စရာဘဲနော်၊ ဘယ်ကလာ၍ ဘယ်ကိုများ သွားမလို့လဲ သမီးရယ်ဟု သနား လှတဲ့အမူအရာ ကယ်ဆယ်မဲ့လူပမာကဲ့သို့ မေးမြန်းတော့ မလှဖြူကလဲ ဖြစ်ခဲ့ သမျှအကြောင်းကို ငိုကာယိုကာနှင့် ပြောပြပေတယ်။ အဘိုးကြီးက အိုဒီလို ဆိုတော့ အဘိုးတို့က ကယ်ဆယ်ရမှာပေါ့ ငါ့သမီးရဲ့၊ ငါတို့မှာ သားလဲမရှိ သမီးလဲမရှိ မြေးလဲမရှိ မြစ်လဲမရှိ ပစ္စည်းတွေသာ အပြည့်နှင့် ဂုဏ်ရှိရှိနေခဲ့ ပါတယ်။ ကဲ-ကဲ လိုက်ခဲ့ပေတော့ဆို၍ ရွာထဲသို့ ခေါ်သွားသောအခါ ထိုရွာမှာ ရန်ကုန်မြို့ပမာကဲ့သို့ လမ်းတာကပြန့်ပြူး ထူးဆန်းတဲ့ အိမ်ဂေဟာ ဆိုင်ကန္တားစုံလင်စွာမို့ သာယာဝပြော စည်ကားသောသဘောဖြင့် တွေ့ရ ပေ၏။ တလမ်းမှတလမ်း တကွေ့မှတကွေ့နှင့် တခွေခွေ လိုက်သွားရာ အဘိုးကြီး၏တိုက်ဘာသို့ မီးထွန်းချိန်အခါ၌ ရောက်သွားလေ၏။ တိုက်သို့ ရောက်လျှင် အဘိုးကြီးသည် မလှဖြူတို့သားအမိအား တိုက်တာကိုလိုက်၍ ပြသ ရွှေခန်းကိုဖွင့်ပြ ငွေခန်းကိုဖွင့်ပြနှင့် အားရစေပေ၏။ ရတနာအခန်း များ စေ့စုံလျှင် ထမင်းဟင်း ကျွေးမွေးပြီး ဧသောသာ စကားစမြိ ပြောရင်း အားပေးရှာလျက် တို့များတိုက်သို့ ရောက်ပြီဟာ ဘာကိုမှ မပူပင်

ပါနှင့် လိုသမျှ စားသုံးပါ၊ ငါတို့မှာ အမွေခံမည့်သူလဲမရှိ သမီးတို့ မြေးတို့ ကံကောင်းလို့သာ ရောက်လာကြပါပေသည်ဟု အားမြှောက်အားပေးလျက် စကားပြောနေကြရာ အချိန် ညဉ့်နက်လှသဖြင့် အိပ်စက်ကြကုန်၏၊ မလှဖြူမှာ အိပ်ရာကနိုးတော့ လူ့ဘဝလဲမဟုတ်၊ သားမှာလဲ လူမဟုတ်တော့ဘဲ ဥစ္စာစောင့်ဘဝသို့ အမိနှင့်သားအလှတို့ ရောက်ကြရပုံကို အသဲတုန်တုန် ရင်ခုန်ခုန်နှင့် ဩော်-ကံများနှယ်ဆိုးလိုက်ထာ အသက်တမ်း ကုန်အောင်မှ မနေရ တစ္ဆေဘဝနှင့် ဥစ္စာကိုစောင့်ရပြီး ကျောက်ဂူမှာဘဲ နေရတော့မှာပါတကားဟု ငို၍သာ ရက်လကုန်ခန်းရတော့သည်။ အဘိုးကြီးကား ဥစ္စာစောင့်ပင်တည်း။ ဥစ္စာစောင့်ဘဝနှင့်နေရတာ ကြာလှသဖြင့် ကိုယ်စားရှာနေရာ ယခုမှပင် တွေ့ရလို့ ကျောက်ဂူမှာ ကိုယ်စားအပ်ပြီးတော့ တဇာတ်သို့ ပြောင်းရွှေ့ကာသွားလေသည်။ မလှဖြူမှာ ကုသိုလ်ကံအရှိန်ထစဉ်က လှဂုဏ်နှင့်ပျော် တရားနှင့်ချော်၊ ဒါနလဲတော်ရုံ၊ သီလမှာလဲမလုံခြုံ၊ သမထမှာ မထုံ၊ဝိပဿနာလဲ မငုံမိလို့၊ နေ့ပုပ် ရက်ပုပ် လပုပ် နှစ်ပုပ်နှင့် ဘဝပါပုပ်၍ တစ္ဆေယုတ်ဘဝကိုလှလှကြီး ရရှာလေတော့သည်။ ၎င်းမလှဖြူသည် ရှေးအခါကဆိုလျှင် သူ့ရှာကို ခဏခဏလာပြီး ပူးခါကပ်ခါနှင့် ငိုကာ ရယ်ကာ ဘဝဖြစ်ပုံသနစ်အစုံကို အကုန်လှန်လှော၍ပြောကာပြသဖြင့် အများပါသိရှိပြီး၊ ဩော်-ဖြစ်မှ ဖြစ်ရပလေ ကံကောင်းတုန်း ဒီလိုနေမိကြလျှင် ဒီပြေသို့ ဒီပုံနှင့် ရောက်ကြရတော့မှာပါတကားဟု ရွာသားများမှာ သတိသံဝေဂ ရကြလေသည်။သံဝေဂရသည့်အတိုင်းပင် ဒါနနှင့်မြဲစွဲ သီလလဲအားခဲ ဘာဝနာလဲပွားမြဲဝိပဿနာလဲ တအားစွဲပြီး ဘုရားနဲ့ တရားနဲ့ စာနဲ့ ပေနဲ့ ရဟန်းနှင့် သံဃာနှင့် မကွေ မကွာစေကြဘဲ၊ တစ္ဆေရွာသို့မရောက်ကြအောင်ဟာ ဒေသနာအရ ရွှေစာကပြတဲ့ အတိုင်း နေရာတကျ အားထုတ်ကြလေတော့သည်။

ယခုလဲ မသေမီအခါကောင်းကလေးမှာ ဒါန သီလ သမထနှင့်ဝိပဿနာတရား လွန်ကြိုးစား၍နတ်ရထားဆိုက် မဂ်တရားပိုက်ရအောင်ဟာ အားစိုက်တော်မူကြပါမည့်အကြောင်း မလှဖြူ၏ အတ္ထုပ္ပတ်လောင်း၍ စာငွေမောင်းတဟီဟီနှင့် နေပြည်တွင် ဘေရီခွန်းရပါပေသည်။

## ဝိသုဒ္ဓိ ၇-ပါးဖြင့် သူဌေးကြီးဖြစ်စေပုံ ဥပမာ (က)

## (၃၇) ရတနာရွှေအိုးကြီးပေးပုံ

(အနောမ သတ္တ ပရိဘောဂံ၊ရတနံ တေန ဝုစ္စတိ) သုတ်မဟာဝါ အဋ္ဌကထာ၊ ဘုန်းရှင် ကံရှင် သမ္မာရှင်နှင့် မဟာဘုရင်တို့သာ သုံးဆောင်ထိုက်သောကြောင့် ရတနာလို့ ဆိုအပ်ပါသည်။ ထိုရတနာ ရွှေအိုးကြီးကို (ရွှေပင်မှာနားတော့ ရွှေကျေး)ဆိုတာလို ရတနာရှိသူနှင့် ပေါင်းသင်းတော့လဲ ရတနာကို ရနိုင်ဘော့၏။ (ဘုရင်မွေး၊ နေ့ချင်းပြီး) ဟူသကဲ့သို့ ဘုရင်နှင့် အလားတူသူများနှင့် ဆက်ဆံပေါင်းသင်းတော့လဲ နေ့ချင်းညချင်း ကြီးပွားနိုင်ပါသည်။ (၅၅၀)ဇာတ်တော်တွင် ဂင်္ဂမာလ ဇာတ်တော်၌ ရေထမ်းသမား လင်မယားမှာ မိနစ်အတွင်းမှာပင် အိမ်ရှေ့မင်း၊ အိမ်ရှေ့ကတော် ရာထူးရ၍ ကြီးပွားချမ်းသာလေသည်။ လူတယောက်သည် အလွန်တရာပင် ဆင်းရဲလှ၏၊ ဆင်းရဲလွန်းလို့ ချမ်းသာရန် အမြဲတမ်းကြံစည်လျက် နေပေ၏။ ကြံရာမရလျှင် နောက်ဆုံး၌ (အကြံကုန် ဂဠုန်ဆားချက်) သဘောမျိုးဖြင့် ဇော်ဂျီခေါ် ဝိဇ္ဇာဓိုရ်နှင့်တွေ့ရှိရန် စိတ်ကူး၏၊ တောင့်တ၏။ ဟနေ့သည်၌ တောသို့ဝင်ခိုက်တွင် အဘိုးကြီး ခန့်ခန့်ညားညားတွေ့၏။ ဒိဗ္ဗစက္ခု အဘိညာဉ်ရသော အဖြူဝတ် ပဏ္ဍာရင်မျိုးဖြစ်သော ဇော်ဂျီဝိဇ္ဇာဓိုရ် အဘိုးကြီးပင်ဖြစ်၏။ ထိုဆင်းရဲသားက ဘိုးဘိုးခင်ဗျား၊ ကျွန်တော့မှာ ဆင်းရဲပင်ပမ်း နွမ်းရိလွန်းလို့ ချမ်းသာရန် နည်းလမ်းများရှိပါလျှင် မ,စခဲ့ပါ ဘိုးဘိုးရယ် ဟု ခယတောင်းပန်ရှာ၏။ ဘိုးဘိုးကြီးကလဲ သနားကြင်နာလှသော လက္ခဏာဖြင့် ကောင်းပြီ-ကောင်းပြီ၊ မ,စရတာပေါ့၊ သို့သော် နဲနဲလောက် အပင်ပန်း ခံနိုင်ရင် တဘဝလုံး ပြုံးပြုံးကြီးနှင့်နေရအောင် ချမ်းသာပါလိမ့်မည်၊ နဲနဲလောက် ပင်ပန်းတာကိုမှ သည်းမခံနိုင်လျှင်ဖြင့် ယခုဘဝရော နောင်သံသရာရော မင်းဟာ မဟာဒုက္ခကြီးနှင့် ရင်ဆိုင်တွေ့ရမယ်ကွဲ့၊နဲနဲလောက် အပင်အပန်း ခံနိုင်ပါ့မလားဟု အကဲခပ်တဲ့လက္ခဏာဖြင့် ကြည့်၍မေး၏၊ ချမ်းသာဆိုလျှင် ငမ်းငမ်းတက် ရမက်စွဲလမ်းနေသော လူဆင်းရဲက (မ,စတော်မူပါ) နဲနဲမဟုတ် များများပင် ပင်ပန်းပါစေတော့။ တဘဝလုံး ချမ်းသာမယ်ဆိုလျှင် ယခုပင် လုပ်ကိုင်ပါတော့မယ်ဟု ဇော

သန်သန်၊ မာန်ပါပါ၊ ဟန်အမူအရာနှင့် ပြောလေသည်။ ကိုင်း ကိုင်း ဒါဖြင့် မ,စရတော့မယ်၊ လာလိုက်ခဲ့ဆိုပြီး ခေါ်ခါသွားပြီး မနီးမဝေးသော နေရာ တခုသို့ရောက်လျှင် အဲဒီနေရာမှာ ရတနာ(၇)မျိုး တထပ်စီ တထပ်စီရှိတယ်။ ဒီမြေကိုတူးဆွတော့ ပဌမဦ ကျောက်ဖျာကိုတွေ့မည်။ တွေ့လျှင် ပေါက်ခွဲ၍ ကျောက်ဖျာအောက်က ငွေရတနာတွေကိုယူ၍ တဘဝလုံး တပြုံးပြုံးနှင့်သုံးစွဲ လော့။ တဖန် တူးဆွပြန်လျှင် ဒုတိယကျောက်ဖျာကိုတွေ့မည်၊ ယခင်လို ထုခွဲပြီး ၎င်းအောက်က ရွှေရတနာတွေကိုယူ၍ သုံးစွဲလော့၊ တဖန် တူးဆွ ပြန်သော် တတိယကျောက်ဖျာကိုတွေ့မည်၊ ထုခွဲပြီး မြရတနာတွေကိုယူ၍ သုံးစွဲလေ။ တဖန် တူးဆွပြန်သော် စတုတ္ထ ကျောက်ဖျာကိုတွေ့မည်၊ ထုခွဲ၍ စိန်ရတနာတွေကိုယူလေ၊ တဖန် တူးဆွပြန်သော် ပဥ္စမကျောက်ဖျာကို တွေ့မည်။ ထုခွဲ၍ ပုလဲရတနာတွေကိုယူလေ၊ တဖန် တူးဆွပြန်သော် ဆဋ္ဌမ ကျောက်ဖျာကိုတွေ့မည်၊ ထုခွဲ၍ ကြောင်မျက်ရွဲ ရတနာတွေကိုယူလေ၊ တဖန် တူးဆွပြန်သော် သတ္တမကျောက်ဖျာကိုတွေ့မည်၊ ထုခွဲ၍ ပတ္တမြား ရတနာကို ယူလေ။

(၁)ငွေ၊ (၂)ရွှေ၊ (၃)မြ၊ (၄)စိန်၊ (၅)ပုလဲ၊ (၆) ကြောင်မျက်ရွဲ၊ (၇)ပတ္တမြားရတနာတွေရှိသည် ဟု ပြောပြ၍ သွားတော့သည်။ ထိုဆင်းရဲသား လူယောကျ်ားသည်လည်း ဝမ်းသာအားရနှင့် နေရာကို မှတ်သားပြီးမှ တူးဆွစရာ တန်းဆာပလာများကို အရရှာ၍ တူးလေရာ ပြောသည့်အတိုင်း ကျောက်ဖျာကို တွေ့တော့၏။ ထိုကျောက်ဖျာကို ထုချေရိုက်ခွဲသော် မာကျောပြင်းတွဲလှပေရကား၊ နဲနဲလုံ့လဖြင့်မရနိုင်။ သို့သော် စိတ်မပျက်ချေ၊ ဟိုဘက်ကလှည့်ထု၊ ဒီဘက်ကလှည့်ထု၊ ဒေါင်ဒေါင်မြည်လျက်သာနေ၏။ ကွဲပုံမပေါ်ချေ။ စိတ်သော်ကား ခက်မာသေး၏။ တရက်လုံး၊ နှစ်ရက်လုံး လာ၍ ထုခွဲသော်လည်း ကွဲပုံမပေါ်ချေ။ စိတ်ဓာတ် အဇတော်ပျက်၍ နေတော့၏။ ထိုအခိုက်တွင် ဘိုးဘိုးကြီး ရောက်လာပြီး ဘယ်လိုလဲတပည့်ရဲ့၊ ဆက်လက်ပြီး မတူးတော့ဘူးလား ဟု မေးလျှင် ဘိုးဘိုးရယ် စိတ်ဓာတ် များလဲ ပျက်လှပါပြီ၊ သား မယားနှင့်လည်း အပြောအဆို မကိုက်တော့ဘူး ဘိုးဘိုးရဲ့ ဟု ပြော၏။ ကဲကဲ တပည့်ရာ မြေကြီးတွေတောင် ဤမျှစုပုံအောင် ခရီးရောက်ပြီးမှ၊ နေ့ရက်တွေတောင် ဤမျှအခြေတည်ပြီးမှ ပျက်ရမယ်

ဆိုလျှင် မတော်ဘူး တပည့်ရ။ နဲနဲကြိုးစားလိုက်ပါအုံး။ ပဌမ ကျောက်ဖျာ သာလျှင် ဤမျှခလောက် ခဲယဉ်းပါတယ်၊ နောက်နောင်ကျောက်ဖျာတို့ကား တခုထက်တခု နူးနူးနေသဖြင့် အထုအခွဲလဲ မခက်ပါဘူး၊ (ခရုအဆံ၊ လူမှာ အကြံ)ဟု ပြောပြီး ပြန်သွားလေသည်။ ဆင်းရဲသားလည်း ကြံပြန်ရာ ဤမျှ မာကျောတဲ့ ကျောက်ခဲတောင် နူးညံ့တဲ့ ထုံးဖြစ်ရသေးပါတယ် ဟု ဉာဏ် ပေါ်၍ ကျောက်ဖျာခပေါ်၌ သစ်ခြောက်တွေပုံပြီး မီးတိုက်ရာ မီးဒဏ် ရှိနေတုန်း ထုခွဲတော့ ကျောက်ဖျာကြီးကွဲပြီး ငွေရတနာများ ပေါ်လာ သဖြင့် သား မယားပါ ကြည်ဖြူပြီး ကျောက်ဖျာ ၇-ချပ်အထိ တူးဖော် ယူငင်၍ သူဌေးကြီးဘဝသို့ ရောက်ရှိတော့၏။ ဤ၌ ဥပမာ ဥပမေယျ စပ်ဟပ်၍ ပြရပါလျှင် (၁)ဆင်းရဲသားကား ယောဂီတည်း။ (၂) ဘိုးဘိုး ကြီးကား ဘုရားပင်တည်း။ (၃)ရွှေအိုးနေရာကား သာသနာတော်ကြီးပင် တည်း။ (၄) တူးသော နေရာကား ခန္ဓာကိုယ်ကြီးပင်တည်း။ (၅) တူးဆွ ခြင်းကား ဝိပဿနာတရားကို အားထုတ်ခြင်းပင်တည်း။ (၆) မြေကို ယက်သယ်ခြင်းကား ခတ်ပေါ်သဖြင့် ကိလေသာတို့ကို ယူပစ်ခြင်းပင် တည်း။ (၇) ပဌမကျောက်ဖျာကား သီလဝိသုဒ္ဓိပင်တည်း။ (၈) ဒုတိယ ကျောက်ဖျာကား စိတ္တဝိသုဒ္ဓိပင်တည်း။ (၉) တတိယ ကျောက်ဖျာကား ဒိဋ္ဌိဝိသုဒ္ဓိ။ (၁၀)စတုတ္ထကျောက်ဖျာကား ကင်္ခါဝိတရဏဝိသုဒ္ဓိ။ (၁၁)ပဥ္စမ ကျောက်ဖျာကား မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ။ (၁၂)ဆဋ္ဌမကျောက်ဖျာကား ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ (၁၃)သတ္တမကျောက်ဖျာကား ဉာဏဒဿနဝိသုဒ္ဓိ တည်း။ (၁၄) သူဌေးကြီး တဘဝလုံး ဖြစ်နေခြင်းကား တသံသရာလုံး အရိယာ၊ မဂ်၊ ဖိုလ်ကိုရ၍ နေခြင်းတည်း။ ပဌမကျောက်ဖျာကွဲလျှင် ငွေကို ရတော့မည်၊ ငွေရလျှင် ငွေ၏သတ္တိလောက် တန်ခိုးရှိပုံ သိကြပါ။ ရွှေကို ရလျှင် ၊ ရွှေ၏သတ္တိလောက် စသည်ဖြင့် တဆင့်ထက်တဆင့် မြင့်မြင့်ပြီး တန်ခိုးရှိပုံ ကြီးပုံကို သိကြပါ။ မီးကြောင့် ကျောက်ခဲတောင်မှ ထုံးဖြစ်ရ သေးသည်။ ဝိပဿနာမီးကြောင့် ကျောက်ခဲနှင့်တူသော ကိလေသာတွေဟာ ထုံးကဲ့သို့ ဘဝပြောင်းပြီး ကုန်ဆုံး ချုပ်ငြိမ်းရလေသည်။ ဈာနသံယုတ် ပါဠိတော်ကြီး၌လည်း (ဈာယထ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အဂ္ဂိနာ)ဟူ၍ လာရှိပါသည်။ ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ အပါယ်သို့

ချချနေတဲ့ ကိလေသာတို့ကို။ ဝိပဿနာ အဂ္ဂိနာ၊ ဝိပဿနာဆိုတဲ့ မီးဖြင့်။ ဈာပယေထ၊ ရှို့၍ပစ်ကြပါကုန်လော့။

ကမ္ဘာကြီးလောက်၊ အကုပျောက်၊ မရောက် အပါယ်ရွာ။
အကုသိုလ်တိုက်၊ မီးဝင်မြိုက်၊ ရှုခိုက် ဝိပဿနာ။
အကုသိုလ် အနန္တ၊ ဝိပဿ်မှ၊ ပြာချနိုင်သည်သာ။

ရတနာ ရွှေအိုးကြီး ပေးပုံကား ပြီး၏။

---

## (၃၈) ဝိသုဒ္ဓိ ၇-ပါးဖြင့် ဘုရင်ဖြစ်စေပုံ ဥပမာ (ခ)

| သီ | စိ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
|---|---|---|---|---|---|---|
| ဘမ်း | ထောင်ချ | မျက်စိဖျက် | လက်ချိုး | နားဖျက် | ခြေချိုး | အသေသတ် |

သီလဝိသုဒ္ဓိ လောကီဉာဏ် ကိလေသာကို လိုက်ဘမ်းနေ၏။ စိတ္တဝိသုဒ္ဓိ လောကီဉာဏ် ကိလေသာကို ထောင်ချထား၏။ ဒိဋ္ဌိဝိသုဒ္ဓိ ကိလေသာကို မျက်စိဖျက်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ကိလေသာကို လက်ချိုး၍ထား၏။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ကိလေသာကို နားဖျက်ထား၏။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ကိလေသာကို ခြေချိုး၍ထား၏။ ဉာဏဒဿနဝိသုဒ္ဓိ ကိလေသာကို အသေသတ်၏။ ယောဂီသည် ဘုရင်ဖြစ်၍တသံသရာလုံး ရွှင်ပြုံးခံစားသွား၏။

## ဝိသုဒ္ဓိ ၇-ပါး၌ ဉာဏ်စဉ် ၁၆-ပါး ရနေပုံ (ဂ)

| သီ | စိ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
|---|---|---|---|---|---|---|
| ကီ | ကီ | နာမရူပ | ပစ္စယ | သံ၊ဉ၊၂ | ၉ | ၃ |

သီလဝိသုဒ္ဓိ၌ လောကီဉာဏ်။ စိတ္တဝိသုဒ္ဓိ၌ လောကီဉာဏ်။ ဒိဋ္ဌိဝိသုဒ္ဓိ၌ နာမရူပ ပရိစ္ဆေဒဉာဏ်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ပစ္စယပရိဂ္ဂဟဉာဏ်။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသနနှင့် ဥဒယဗ္ဗယ ၂-ဉာဏ်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၌ ဘင်္ဂကစ၍ ဂေါတြဘူထိ ၉-ဉာဏ်။ ဉာဏဒဿနဝိသုဒ္ဓိ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ၃-ဉာဏ်။ အစုစု ၁၆-ဉာဏ်တည်း။

## ဝိသုဒ္ဓိ ၇-ပါး၌ စူဠ၊ မဇ္ဈိမ၊ မဟာသောတာပန်များ (ဃ)

| | | | | | | |
|---|---|---|---|---|---|---|
| သီလ | စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ညာဏ |
| စူ | စူ | စူ | စူ | မဇ္ဈိမ | မဇ္ဈိမ | မဟာ |

သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိ ၂-ပါး၌ အနိယတစူဠသောတာပန် ၂-ဆင့်တည်း။ ကလျာဏ ပုထုဇဉ်ဟူ၍လည်း ခေါ်ကြ၏။ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ၂-ပါး၌ နိယတဂတိက စူဠသောတာပန် ၂-ဆင့်တည်း။ မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိနှင့် ပဋိပဒါ ညာဏဒဿနဝိသုဒ္ဓိ ၂-ပါး၌ မဇ္ဈိမ သောတာပန် ၂-ဆင့်တည်း။ ညာဏဒဿန ဝိသုဒ္ဓိ၌ မဟာသောတာပန်တည်း။ ဒိဋ္ဌိဝိသုဒ္ဓိအဆင့်၌ သက္ကာယဒိဋ္ဌိ အကြမ်းဆုံး ပယ်၏။ ကင်္ခါ၌ သက္ကာယဒိဋ္ဌိ အလတ်စားကိုပယ်၏။ မဂ္ဂါ၌ သက္ကာယဒိဋ္ဌိ၊ အနုစားကို ပယ်၏။ ပဋိပဒါ၌ သက္ကာယဒိဋ္ဌိ အနုဆုံးကိုပယ်၏။ ညာဏ၌ သက္ကာယ ဒိဋ္ဌိ၏ အိမ်ကိုပယ်၏။

## ဝိသုဒ္ဓိ ၇-ပါး၌ လမ်းသုံးသွယ် သိထားကြပါ (င)

| သီလဝိသုဒ္ဓိ | စိတ္တဝိသုဒ္ဓိ | ဒိဋ္ဌိ၊ ကင်္ခါ၊ မဂ္ဂါ၊ ပဋိ၊ ညာဏ |
|---|---|---|
| လူ ဘဝ၊ နတ်ဘဝ၊ | ဗြဟ္မာ-၂၀ | မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေသော တရား |
| ၃၁-ဘုံ ရောက်စေသောတရား | | လောကုတ္တရာသို့ဝိုသောတရား |

## ဝိသုဒ္ဓိ ၇-ပါး၌ အဆင့်ဆင့်တက်ပုံ (စ)

| | | | | | | |
|---|---|---|---|---|---|---|
| သီလ | စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ညာဏ |
| ပဋိ | ဖွါး | မင်းသား | ၁၀ | မှူး | ပြည် | စစ်သူကြီး |

သီလဝိသုဒ္ဓိကား ပဋိသန္ဓေ နေတာနှင့်တူ၏။ စိတ္တကား ဖွားမြင်တာနှင့် တူ၏။ ဒိဋ္ဌိကား မင်းသား မြို့စားရတာနှင့် တူ၏။ ကင်္ခါကား တသဲ့ရှစ် ရပ်သော ပညာတတ်လာတာနှင့် တူ၏။ မဂ္ဂါကား မှူးတွေ မတ်တွေနှင့် သင့်မြတ်တာနှင့်တူ၏။ ပဋိပဒါကား ပြည်သူပြည်သားတွေနှင့်တဲ့၍ ချစ်ခင်တာနှင့်တူ၏။ ညာဏကား စစ်သူကြီးနှင့်တဲ့၍ ဘုရင်အဖြစ် ရရှိတာနှင့် တူ၏။

## ဝိသုဒ္ဓိ ၇-ပါး၌ မယ်တော်ခမည်းတော် အလောင်းတော်ရပုံ (ဆ)

| သီလ မယ်ခမည်း | စိတ္တ မယ်ခမည်း | ဒိဋ္ဌိ လောင်း | ကင်္ခါ လောင်း | မဂ္ဂါ လောင်း | ပဋိ လောင်း | ဉာဏ လောင်း |
|---|---|---|---|---|---|---|

ပထမဆင့်၌ မယ်တော်ခမည်းတော် အလောင်းတော် ၃-ဦးကျင့်ကြ၏။ ဒုတိယအဆင့်၌ မယ်တော် ခမည်းတော် အလောင်းတော် ၃-ဦးကျင့်ကြ၏။ ဒိဋ္ဌိ၊ ကင်္ခါ၊ မဂ္ဂါ၊ ပဋိပဒါ၊ ဉာဏ၊ ငါးဆင့်၌ မယ်တော် ခမည်းတော်များ မတက်ကြ မကျင့်ကြဘဲ၊ အလောင်းတော်ကသာ အရိယာမဂ်ဖိုလ်နိဗ္ဗာန်အထိ တက်ရောက်ကြ၍ ကျင့်ကြံသွားပါသည်။ ဥပမာ မိဘလက်ထက်က နှစ်ထပ်တိုက်ကြီး ဆောက်လုပ်ထားခဲ့ရာ သား၏ လက်ထက်၌ မိဘ၏လက်ငုတ်လက်ရာကိုမဖျက်ဘဲ ၎င်း ၂-ထပ်၌ဆင့်၍ ၇-ဆင့်မြင့်အောင် ထပ်ဆင့်၍ နေထိုင်ခြင်းနှင့်တူလှ၏။ မိဘ ၂-ပါးတို့ကား သီလ၊စိတ္တ ၂-ဆင့်၌ ရပ်နေကြ၏။ ဘုရားအလောင်းကား သီလ၊ စိတ္တ၊ ဒိဋ္ဌိ၊ ကင်္ခါ၊ မဂ္ဂ၊ ပဋိ၊ ဉာဏဆင့်၍ နေပေ၏။

## ဝိသုဒ္ဓိ ၇-ပါးနှင့် ကိလေသာသုံးဆင့်ပယ်ပုံ (ဇ)

| သီလဝိသုဒ္ဓိ | စိတ္တဝိသုဒ္ဓိ | ဒိ၊ကံ၊မ၊ပ၊ဉာ ၅-ဆင့် |
|---|---|---|
| ဝီတိက္ကမ ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ်၏။ | ပရိယုဋ္ဌာန ကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်၏။ | အနုသယ ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့်ပယ်သတ်၏။ |

## ဝိသုဒ္ဓိ ၇-ပါး၌ သာသနာသုံးရပ် (ဈ)

| သီလဝိသုဒ္ဓိ | စိတ္တ ဝိသုဒ္ဓိ | ဒိ၊ကံ၊မ၊ပ၊ဉာ ငါးဆင့် |
|---|---|---|
| အဓိသီလသာသနာ | အဓိစိတ္တသာသနာ | အဓိပညာသာသနာ |

## ဝိသုဒ္ဓိ ၇-ပါး၌ သုံးမဂ်ရပုံ (ည)

| သီလ | စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
|---|---|---|---|---|---|---|
| | | မဂ် | မဂ် | မဂ် | မဂ် | မဂ် |

စူဠမဂ် (၂) မဇ္ဈိမမဂ် (၂) မဟာမဂ် (၁)

## ဝိသုဒ္ဓိ ၇-ပါး၌ တွေ့ရပုံအာကာရ (ဋ)

| သီလ၊ စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
|---|---|---|---|---|---|
| | နာမရူပ | ပစ္စယ | ပညတ် ပရမတ် | လက္ခဏာရေး ၃-ပါး | ချုပ်ခြင်း |

## ဝိသုဒ္ဓိ ၇-ပါးနှင့် နေ ၇-စင်းထွက်ပုံ (ဌ)

| | | | |
|---|---|---|---|
| နေ ၁ စင်း | ကျဲကျဲ၊ | သီလဝိသုဒ္ဓိ၊ | ကိလေသာကျဲကျဲ။ |
| နေ ၂ စင်း | ချောင်းခန်း၊ | စိတ္တဝိသုဒ္ဓိ၊ | ကိလေသာရှာဖွေမှုခန်း။ |
| နေ ၃ စင်း | မြစ်ကြီးခန်း၊ | ဒိဋ္ဌိဝိသုဒ္ဓိ၊ | အပါယ်ခန္ဓာ ၅ပါးခန်း။ |
| နေ ၄ စင်း | ၇-အိုင်ခန်း၊ | ကင်္ခါဝိတရဏ၊ | အနုသယ ၇-ခန်း။ |
| နေ ၅ စင်း | သမုဒ္ဒရာခန်း၊ | မဂ္ဂါမဂ္ဂ၌၊ | ဒွါရ ၆-ပါးခန်း။ |
| နေ ၆ စင်း | အခိုးထ၊ | ပဋိပဒါ၌ | နိဗ္ဗိန္ဒအခိုးထ။ |
| နေ ၇ စင်း | ကမ္ဘာပျော့က်၊ | ဉာဏ၌၊ | ပုထုဇဉ်ပျောက်။ |

(လင်္ကာ) တစ်မှာကျဲကျဲ၊ ၂-တွဲကုန္နဒီ၊ ချောင်းမြောင်းမို့၍၊ သုံးမို့ မြစ်ကြီး၊ လေမီးခုနစ်အိုင်၊ ငါးဆိုင်သမုဒ်၊ ခြောက်တုတ်ခိုးဝေ၊ နေခုနစ်စင်း၊ အပြင်းမီးတောက်၊ ကမ္ဘာပျောက်၏။ (ဉာဏစာဂီလင်္ကာ။)

(၁) ပထမနေတစင်း၏ ဒဏ်ချက်ကြောင့် သစ်ပင် တောတောင် တို့၌ ကျဲတဲတဲ ဖြစ်ရတာလို၊ သီလဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ကိလေသာများ ကျဲတဲတဲလျော့ပါးသာ၏။ (၂) နေ ၂-စင်း၏ ဒဏ်ချက်ကြောင့် ချောင်း မြောင်းကုန္နဒီများ၌ ရေများ ခန်းခြောက်ရတာလို၊ စိတ္တဝိသုဒ္ဓိ၏ ဒဏ်ချက် ကြောင့် ရှာဖွေချင်တဲ့ ကိလေသာများ လျော့ပါး လာရ၏။ (၃) နေ သုံးစင်း၏ဒဏ်ချက်ကြောင့် မြစ်ကြီးငါးသွယ်၌ရှိသော ရေများ ခန်းခြောက်

ရတာလို၊ ဒိဗ္ဗဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် အာပါယ်ခန္ဓာငါးပါးတို့ ချုပ်ငြိမ်း ရ၏။ (၄) နေလေးစင်း၏ ဒဏ်ချက်ကြောင့် အိုင်ကြီး ၄-အိုင်၌ ရေများ ခန်းရတာလို၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၏ ဒဏ်ကြောင့် အနုသယ ၇-ပါး လျော့ပါး လာရ၏။ (၅) နေငါးစင်း၏ ဒဏ်ချက်ကြောင့် သမုဒ္ဒရာ ခြောက်စင်း၌ ရေများ ကုန်ခန်း ရတာလို၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ၆-ဒွါရ၌ ကိလေသာများ ခန်းခြောက် ရ၏။ (၆) နေ ၆-စင်း၏ ဒဏ်ကြောင့် တော, တောင်, ရေ, မြေ မြင့်မိုရ်များ၌ အခိုးတဝေဝေ ထွက်၍ နေတာလို၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဒဏ်ကြောင့် နိဗ္ဗိန္ဒအခိုးများ တဝေဝေ တလူလူ ထွက်ခန၏။ (၇) နေခုနစ်စင်း၏ ဒဏ်ကြောင့် ကမ္ဘာမြေကြီး အားလုံး၌ မီးတောက်၍ ကမ္ဘာဟောင်းကြီး ပပျောက်ကွယ်၍သွားတာလို၊ ဉာဏဒဿန ဝိသုဒ္ဓိ၏ ဒဏ်ချက်ကြောင့် ပုထုဇဉ် ကမ္ဘာဟောင်း ပျောက်၍ အရိယာ ကမ္ဘာသစ်ကြီး ဖြစ်ရပါတော့သည်။

## တောသွားနှင့်ဝိဇ္ဇာခိုရ်ကြီး (၃)

တောသွား ခရီးသည် တဦးသည် ကံကောင်း ထောက်မ၍ တောထဲ၌ ဝိဇ္ဇာခိုရ်နှင့်တွေ့၏။ ရွှေများပေးပြီး ရွှေများ ထားသောနေရာကိုပြ၍ ကွယ်သွားလေ၏။ တောသွားခရီးသည်လည်း သစ်ခက်များ ချိုးချ၍ ချိုးချ၍ လမ်းစဉ်ကိုမှတ်ပြီး အိမ်သို့ ပြန်လာခဲ့၏။ ရွှေများဖြင့် တိုက်တာ ဆောက်လုပ်ပြီး ချမ်းသာစွာနေလေ၏။ အလိုရှိတိုင်းပင် ထိုထို ချိုးချထားခဲ့သော လမ်းစဉ် အမှတ်အသားဖြင့် သွား၍ သွား၍ ရွှေတွေကို ယူပြီးတော့ ပထမတန်း သူဌေးလုပ်ခါ နေလေ၏။ အဲဒါ ဥပမာ။ တောကြီးကား သာသနာပင်တည်း။ ဝိဇ္ဇာခိုရ်ကား မြတ်စွာဘုရား ပင်တည်း။ ရွှေကား ဗုဒ္ဓဟူးနံ (၄)ဂဏန်းမို့ ခေတ်လေးပါးပင်တည်း။ သစ်ခက်ချိုး၍ ချထား အမှတ် ပြုခြင်းကား ဝိသုဒ္ဓိ ၇-ပါး အမှတ်ဖြင့် အချိန် ရတိုင်း ရတိုင်း သွားလာယူငင်သုံးစွဲခြင်းပင်။ ပထမတန်းသူဌေးကြီး ဖြစ်ခြင်းကား ခေတ်လေးပါး ပရမတ်ကို ပိုင်နိုင်စွာရ၍ ဘုံစဉ်စံဘဝဖြင့် နိဗ္ဗာန်သို့ရောက်အောင် ခံစား စံစား သွားခြင်းတည်း။

## ရထဝိနီတဒေသနာ (၁)

သာကေတပြည်မှ သာဝတ္ထိပြည်သို့ ကောသလမင်းကြီး သွားတော့ ၇–ဌာနဖြင့် ရထားရော မြင်းရော အသင့်စီမံ၍ သွားသည်။ ပထမနေရာမှ ဒုတိယနေရာသို့ သူ့ရထား သူ့မြင်းဖြင့် သွားသည်။ ဒုတိယမှ တတိယသို့ ရထားမြင်း တဆင့်။ တတိယမှ စတုတ္ထသို့ ရထားမြင်း တဆင့်။ စတုတ္ထမှ ပဥ္စမသို့ ရထားမြင်းတဆင့်။ ပဥ္စမမှ ဆဋ္ဌမသို့ ရထားမြင်းတဆင့်။ ဆဋ္ဌမမှ သတ္တမနေရာ သာဝတ္ထိပြည်သို့ ရထားမြင်းတဆင့်။ ဤသို့ လဲ့ပြောင်းပြီး စီး၍ရောက်ထာလို၊ ယောဂီ ဘုရင်လည်း ပုထုဇဉ်ပြည်မှ အရိယာပြည်သို့ ၇–ဆင့်ဖြင့်ပြောင်းလွဲ၍သွားကြသည်။ သီလဖြင့် စိတ္တဖြင့် ဒိဋ္ဌိဖြင့် ကင်္ခါဖြင့် မဂ္ဂါဖြင့် ပဋိပဒါဖြင့် ဉာဏဖြင့် ဤပုံ ပြောင်းလွဲ၍ ပုထုဇဉ်မှ အရိယာသို့ ရောက်ကြပါသည်။

ဝိသုဒ္ဓိ ၇–ပါးပြချက် ဥပမာ(၁၄)မျိုး ပြီး၏။

---

## (၁၉) ငါးချက်ထွက်မြောက်စဉ် လမ်းရိုးကြီး

(လက်ာ) ဘီလူးဂါမ၊ သိကယထာ၊ ကြောက်ရှာနိဗ္ဗိန်၊ ပြေးရှိန်မင်္ဂရ၊ လွတ်ကဖိုလ်မှန်၊ ပြန်ကြည့်ပစ္စဝေက်၊ နိဗ္ဗာန်တက်သည်၊ ငါးချက်ကျင့်စဉ် လမ်းရိုးဘည်း။ ။လူဘယောက်သည် နွားပျောက်၍ တောဍ်ရှာဖွေရာ၊ စည်ကား သာယာ လှသော ရွာကြီးတခုကို တွေ့နေတော့၏။ ဝမ်းမြောက် လျက်ရှိပေ၏။ အကဲခတ်ရာ ဘီလူးတို့ ရွာမှန်းကို သိရှိရတော့၏။ ဤကား ယထာဘူဉာဏ်စခန်းသို့ ရောက်ရှိပုံတည်း။ ဘီလူးတို့ရွာမှန်းကို အတတ် ကေန်သိလျှင် ကြောက်ရွံ့ထိတ်လန့်လျက် တုန်တုန်ခိုက်ခိုက် ဖြစ်၍ နေရှာ တော့၏။ ဤကား နိဗ္ဗိန္ဒဉာဏ် စခန်းသို့ ရောက်ရှိပုံတည်း။ ကြောက်ရွံ့ ထိတ်လန့်လျှင် ဘီလူးတို့ရွာမှ လွတ်အောင် ပြေးတော့၏။ ဤကား မဂ်စိတ် ပေါ်ပုံတည်း။ ပြေးလျှင် ဘီလူးရွာမှ လွတ်မြောက်၍ လူ့နယ်ထဲသို့ ရောက် သွားတော့၏။ ဤကား ဖိုလ်စိတ်ပေါ်ပုံတည်း။ လွတ်၍ လူ့နယ်ထဲသို့ ရောက်လျှင် ပြေးခဲ့ရပုံကိုရင်း၊ ဘီလူးရွာကိုရင်း၊ ယခုရောက်ရှိနေတဲ့ လူ့နယ်

ကိုဒုင်း ဆင်ခြင်တော့၏။ ဤကား ပစ္စဝေက္ခဏာဉာဏ်အမြင် ပေါ်ပုံတည်း။ လွတ်ခမြောက်ပြီးမှ မိမိလိုရာ အိပ်ဂေဟာသို့ ရောက်တော့၏။ ဤကား နိဗ္ဗာန်သို့ရောက်ပုံတည်း။

---

## (၄၀) လောကီနိဗ္ဗာန်နှင့် ယှဉ်ပြချက်

(လင်္ကာ) ဆန်ရှာပရိယတ်၊ ချက်အပ်ဝိပဿနာ၊ စားတာမဂ်ရ၊ ဖလ ဝဖြိုး၊ အိပ်လုပ်မျိုးသည်၊ ခေါ်ရိုးနိဗ္ဗာန် လောကီတည်း။ ။အလွန်တရာမှ ချမ်းသာခြင်းကို လိုလား တောင့်တ၍ နေသော ဆင်းရဲသား တဦးသည် ချမ်းသာရာချမ်းသာကြောင်း လမ်းကောင်းကို ရှာလျက်နေစဉ် ပညာရှင်နှင့် တွေ့၍ နည်းနာနိဿယကို မုချပိုင်ပိုင် ရရှိတော့၏။ ထိုလူဆင်းရဲသည် အစဦး ဆန်, ဆီ-စသော ချမ်းသာရာ ချမ်းသာကြောင်း ရှာဖွေ စုဆောင်း၏။ ဤကား ပရိယတ်စခန်း ဂန္ထဓုရ ဆောင်ရွက်ပုံတည်း။ ဆန်, ဆီ-စသော ဝတ္ထုကိုရလျှင် အိုးခွက်ဖြင့် ကြိုက်သလို ချက်ပြုတ်တော့၏။ ဤကား ဝိပဿနာပွါးများပုံတည်း။ ဝိပဿနာဓုရကို ထမ်းဆောင်ပုံတည်း။ ချက်ပြုတ်၍ပြီးလျှင် မြိန်မြိန်ရှက်ရှက် စားသုံးတော့၏။ ဤကား မဂ်စိတ် ပေါ်ပုံတည်း။ စားပြီးလျှင် ဝဝဖြိုးဖြိုး လိုအင်ပြည့်ပြည့်နှင့် ချမ်းသာစွာ နေထိုင်တော့၏။ ဤကား ဖိုလ်စိတ် ပေါ်ပုံတည်း။ ဝဝဖြိုးဖြိုး ဖြစ်လျှင် သဘော အတိုင်း အိပ်စက် တော့၏။ ဝါ၊ အလိုရှိရာ အလုပ်ကို လုပ်ကိုင် တော့၏။ ဤကား လောကီနိဗ္ဗာန်ရပုံတည်း။ စပ်ဟပ်၍ ဉာဏ်ဖြင့် သိကြကုန်။

---

## ဇာတံ သရဏတော ဘယံ (၉) ဝတ္ထု

## (၄၁) ပါဠလိစောင်းသမားဝတ္ထု (၁)

ဗာရာဏသီ ပြည်၌ စောင်းသမား လင်မယား ၂-ဦး တို့ဟာ အရက် သောက်ပြီးတော့ ချောင်းအကူးတွင် ရေနစ်၏။ မယားမှာ ကမ်းရောက်၍ မသေဘဲ လင်ထံမှ သီချင်းတောင်း၏။ လင်က၊ ဘဒ္ဒေ၊ရှင်မ။ ဒုက္ခိတံ၊ဆင်းရဲ သောသူကို။ ယေန၊ အကြင်ရေဖြင့်။ သိဥ္စန္တိ၊ သွန်းလောင်း ကြကုန်၏။ အာတုရံ၊ကျင်နာသောသူကို။ ယေန၊အကြင်ရေဖြင့်။ သိဥ္စန္တိ၊ သွန်းလောင်း

ကုန်၏။ အပာံ၊ ငါသည်။ တဿ၊ ထိုရေ၏။ မဇ္ဈေ၊ အလယ်၌။ မရိဿာမိ၊ သေရတော့အံ့။ မေ၊ ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော ရေမှ။ ဘယံ၊သေဘေးသည်။ ဇာတံ၊ဖြစ်ခဲ့ရလေပြီတကား။ ။ရေသည် လူတို့အား အသက်ပေး၏။ ထိုရေကြောင့်ပင် သေဘေး ဆိုက်ရ ပေ၏။ ရုပ်နာမ်သည် မဂ်ဖိုလ်ကို ရစေ၏။ ရုပ်နာမ် ကြောင့်ပင် အကုသိုလ် ဖြစ်ရ၏။ ရုပ်နာမ်ကို အသုံးအစွဲတတ်သူနှင့် ရုပ်နာမ်ကို အလွဲသုံးစွဲသူတို့ ခြားနားပုံ။

---

## (၄၂) အိုးထိန်းသည်ဝတ္ထု (၂)

ဗာရာဏသီပြည်၏ တံခါးအနီး၌ အိုးထိန်းသည်သည် မြေကြီး တူးရာ မြေပွို၍ ဥက္ခောင်းကွဲခံရ၏။ ။ယတ္ထ၊ အကြင်မြေကြီး၌။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ ရုဟန္တိ၊ ပေါက်ရောက်ကုန်၏။ ယတ္ထ၊ အကြင်မြေကြီး၌။ သတ္တာ၊ သတ္တဝါတို့သည်။ ပတိဋ္ဌိတာ၊ တည်ကြရကုန်၏။ သာ၊ ထိုမြေကြီးသည်။ မေ၊ ငါ၏။ သီသံ၊ ဥက္ခောင်းကို။ နိပ္ပိဋ္ဌေတိ၊ နှိပ်စက်၏။ မေ၊ ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သောမြေကြီးမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်ရပြီတကား။ ။မြေကြီးသည် သတ္တဝါ များ၏ ကိုးကွယ်ရာတည်း။ မြေမှပင် ဘေးသင့် ပြန်၏။ ရုပ်နာမ်သည် မဂ်ဖိုလ်ကို ရစေ၏။ ရုပ်နာမ် ကြောင့်ပင် အပါယ်သို့ကျရ၏။ ရုပ်နာမ်ကို အသုံးအစွဲတတ်သူနှင့် ရုပ်နာမ်ကို အလွဲသုံးစားသူတို့ ခြားနားပုံ။

---

## (၄၃) အိမ်မီးလောင်သောယောကျ်ား ဝတ္ထု (၃)

ဘတ္တာနိ၊ထမင်းတို့ကို။ ယေန၊အကြင်မီးဖြင့်။ ပစ္စန္တိ၊ချက်ကုန်၏။ သီတံ၊ အချမ်းကို။ ယေန၊အကြင်မီးဖြင့်။ ဝိဟညတိ၊ဖျောက်၏။ သော၊ထိုမီးသည်။ မံ၊ငါ၏၊ ဂတ္တာနိ၊ကိုယ်တို့ကို။ ဥယှတိ၊လောင်၏။ မေ၊ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာမီးမှ၊ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်ပြီတကား။ ။မီးသည် လူတို့၏ကိုးကွယ်ရာဘည်း။ ၎င်းမီးမှ ဘေးကြီးဖြစ်ရပြန်၏။ ရုပ်နာမ်သည် မဂ်ဖိုလ်ကို ရစေ၏။ ၎င်းရုပ်နာမ်ကြောင့် အပါယ်သို့ ကျရ၏။ ရုပ်နာမ်ကို သုံးစွဲတတ်သူနှင့် ရုပ်နာမ်ကို မသုံးစွဲတတ်သူ ခွဲခြားပုံ။

## (၄၄) အစာမကြေ၍သေရသော ဝတ္ထု (၄)

ပုထုၢ မျှားစွာ ကုန်သော။ ပြာဟ္မဏာဒတ္တိယာ၊ပုဏ္ဏားနှင့် မင်းတို့သည်။ ယေနၢ အကြောင်ထမင်းဖြင့်။ ဇီဝန္တိၢ အသက်ရှင်ကြကုန်၏။ အယံၢ ဤထမင်း အာဟာရသည်။ မံၢငါ့ကို။ ဗျာပါဒေတိ၊သတ်၏။ မေၢငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော အာဟာရမှ။ ဘယံၢ ဘေးသည်။ ဇာတံၢ ဖြစ်ခဲ့ပြီ တကား။

ထမင်း အာဟာရသည် လူတို့၏ ကိုးကွယ်ရာတည်း။ ၎င်းမှ ဘေးကြီး ဖြစ်ရ၏။ ရုပ်နာမ်သည် မဂ်ဖိုလ်ကို ရစေ၏။ ရုပ်နာမ်ကြောင့် အပါယ် ကျရ၏။ ရုပ်နာမ်ကို သုံးစွဲတတ်သူနှင့် ရုပ်နာမ်ကို မသုံးစွဲတတ်သူ ခွဲခြားပုံ။

---

## (၄၅) လေငန်းထ၍သေရသော ဝတ္ထု (၅)

ပဏ္ဍိတာ၊ပညာရှိတို့သည်။ဂိမှာနံ'နွေဥတုတို့၏။ ပစ္ဆိမေ၊နောက်ဖြစ်သော။ မာသေ၊လ၌။ ဝါတံၢလေကို။ ဣစ္ဆန္တိၢအလိုရှိကြကုန်၏။ သော၊ထိုလေသည်။ မံၢ ငါ၏၊ ဂတ္တာနိၢ ကိုယ်တို့ကို။ ဘဉ္ဇတိၢ ဖျက်ဆီး၏။ မေၢ ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော လေမှ။ ဘယံၢ ဘေးသည်။ ဇာတံၢ ဖြစ်ခဲ့ပြီတကား။

---

## (၄၆) သစ်ပင်နှင့် ငှက်တို့ဝတ္ထု (၆)

ရှေးအခါ၌ ဟိမဝန္တာဝယ် အခက် အလက် အခွစသည်နှင့်ပြည့်စုံသော သစ်ပင်ကြီးရှိ၏။အခက်ချင်းပွတ်၍ မီးထတောက်၏၊ ငှက်များလည်း ပြေးရ ကုန်၏။ ။ယံဇာတိရုပံၢ အကြောင်သစ်ပင်ကို။ သကုဏာ၊ ငှက်တို့သည်။ နိဿိတာ၊ မှီ၍နေကုန်၏။ သွာယံၢ ထိုသစ်ပင်သည်။ အဂ္ဂိံၢ မီးကို။ ပမုဉ္စတိၢ လွှတ်၏။ ဝဏ္ဏဂ်ါ၊ ငှက်များတို့။ တုမှေ၊ သင်တို့သည်။ ဒိသာ၊ အရပ်မျက်နှာ တို့သို့။ ဘဇထ၊ ဖဲသွားကြကုန်လော့။ နော၊ ငါတို့အား။ သရဏာတော၊ ကိုး ကွယ်ရာဖြစ်သော သစ်ပင်မှ။ဘယံ၊ဘေးကြီးသည်။ ဇာတံ၊ဖြစ်ခဲ့ပြီတကား။

သစ်ပင်သည် ငှက်တို့၏ ကိုးကွယ်ရာတည်း။ သစ်ပင်မှ ဘေးဖြစ်ရသည်၊ ရုပ်နာမ်သည် မဂ်ဖိုလ်ကိုရစေ၏၊ ရုပ်နာမ်ကြောင့် အပါယ်ကျရ၏၊ ရုပ် နာမ်ကို အသုံးအစွဲတတ်သူနှင့် ရုပ်နာမ်ကို အသုံးမတတ်သူခွဲခြားပုံ။

## (၄၇) ရွှေကိုလိုချင်၍ မီးလောင်ခံရသော မိန်းမဝတ္ထု (၇)

ကာသိကရွာ၌ မိန်းမတဦးရှိ၏၊ သားတဦး ထွန်းကား၏၊ သားသည် မိဘကိုလုပ်ကျွေးပေ၏။သားသည် အလိုမရှိဘဲ သားအဖို့ သတို့သမီးတဦးကို ခေါ်ခဲ့၍ သားနှင့် ထိမ်းမြားရျထား၏။ ချွေးမ၌ သားသမီးရလျှင် ချွေးမသည် မိမိ၏အမေကိုသာ ကျွေးမွေးလို၏၊လင်၏အမေကို သတ်လို၏၊သတ်ရန် ပုဆာ၏၊ပြောပါများတော့ လင်သည် သတ်ရန်ဝန်ခံရ၏။ညအခါ၌ လင်၏ အမိနေသော ညောင်စောင်းကို ကြိုးချည်၍ မှတ်သား၏။လင်သည် ကြိုးကို မယား၏ အမိနေသော ညောင်စောင်း၌ ချည်၍ထား၏။ ညနက်သော် ယူ၍ မိကျောင်းရဲသောမြစ်၌ ပစ်ချ၏၊ မိကျောင်းတို့ စားလေ၏။ လင်၏ အမိကျတော့ သုသာန်သို့ ယူဆောင်ခဲ့ကြ၏။မီးမပါ၍ မီးယူရန် နှစ်ဦးစလုံး ပြန်ကြ၏၊ အမိနိုး၍ ဂူထဲသို့ဝင်ပြီး ပုန်းကာနေပေ၏၊ ထိုအခိုက်၌ ခိုးသူ တဦးသည် ခိုးယူ၍လာသော် ရွာသားတွေ စုရုံးကာ လိုက်လံဘမ်းဆီးကြ သဖြင့် လွှတ်မြောက်ရန် သုသာန်သို့ပြေး၍ ရွှေထုပ်ကို ဂူထဲသို့ပစ်ထားခဲ့ပြီး ချုံကြိုချုံကြားဖြင့် လွတ်မြောက်ကာ သွားလေ၏။သားနှင့် ချွေးမတို့လည်း မိခင်ကို မီးရှို့ရန်ဟု သုသာန်သို့ ပြန်လာပြီးတော့ ညောင်စောင်းနှင့်တကွ အိပ်နေသော အမိ၏ကိုယ်စား သစ်ရွက်ပုံစောင်ခြုံ၍ ထားတာကို မီးရှို့ပြီး အမိသေလေပြီဟုကြံ၍ အိပ်သို့ပြန်ကြကုန်၏။ နံနက်သို့ရောက်သော် ခိုးသူ လာ၍ ပစ္စည်းကိုယူသော် ချောက်လှန့်သဖြင့် သူရဲမှထင်၍ ခိုးသူက ဆရာကို ခေါ်ခဲ့ပြန်၏။ ဆရာသည် ဂူထဲသို့ဝင်ပြီး အမယ်အိုနှင့် ဝေစုခွဲယူရန် ပြောတော့၏။ ယုံကြည်အောင် လျှာကိုထုတ်၍ ကိုက်စေရာ ဆရာ၏ လျှာ ပြတ်၍ မဟာဒုက္ခနှင့် တကာယ်သူရဲ့ဘဲဟု ပြေးလေသည်။ အမယ်အိုသည် ရွှေထုပ်ကိုယူ၍ အိမ်သို့ပြန်လာခဲ့သည်။ ချွေးမသည် ရွှေတို့ကို မြင်ရလျှင် အကျိုးအကြောင်းကို မေးမြန်းလေ၏။ အမယ်အိုက ငါကဲ့သို့ သုသာန်၌ ပုတင်နှင့်တကွ မီးအရှို့ခံနိုင်ပါလျှင် ငါကဲ့သို့ ရွှေထုပ်ကို ရမှာဘဲဟု ပြော လေ၏။ ချွေးမလည်း ရွှေကိုလိုချင်တဲ့ဇောက အားကြီးလှသဖြင့် ပုတင်နှင့် တကွ မိမိကို မီးရှို့စေရာ မီးလောင်၍ သေဆုံးရှာလေသတည်း။ အမိက သားကို ပြောသည်ကား॥ ॥ယံ၊အကြင်မိန်းမကို။ သောမနဿံ၊ ဝမ်းမြောက် ခြင်းကို။ဥပ္ပါဒေတွာ၊ဖြစ်စေ၍။မာလိနိ၊ပန်းပန်၍။ စန္ဒနုဿဒံ၊စန္ဒကူးလိမ်းကျံ

စေ၍။ အာနယိ၊ ဆောင်ယူခဲ့ပါ၏။ သာ၊ ထိုမိန်းမသည်။ မံ၊ ငါ့ကို။ ဃရာ၊ အိမ်မှ။ နိစ္ဆုရာတိ၊ နှင်ထုတ်ခဲ့၏။ မေ၊ ငါအား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သော ချွေးမမှ။ ဘယံ၊ဘေးသည်။ ဇာတံ၊ဖြစ်ခဲ့လေပြီတကား။

ချွေးမသည် ယောက္ခမ၏ ကိုးကွယ်ရာတည်း။ ချွေးမမှ ဘေးကြီးဖြစ်ရသည်။ ရုပ်နာမ်သည် မဂ်ဖိုလ်ကိုရစေ၏၊ ရုပ်နာမ်ကြောင့် အပါယ်သို့ ကျရသည်၊ ရုပ်နာမ်ကို သုံးစွဲတတ်သူနှင့် ရုပ်နာမ်ကို မသုံးစွဲတတ်သူများ ခွဲခြားပုံ။

---

## (၄၈) အဘကိုနှင်ထုတ်သောဝတ္ထု (၈)

ဗာရာဏသီပြည်၌ ယောကျ်ားတဦးသည် သားဆုတောင်းမှ သားကို ရလေ၏။ အဘအိုမင်း၍ မိမိအားရှာ၍ မကျွေးနိုင်သော် ထိုအဘကိုသားက အိမ်မှနှင်ထုတ်၍ ဒုက္ခကြီးစွာ ရောက်စေ၏။ ။ဇာတေန၊ ဖွားလာသော။ ယေန၊အကြင်သားကြောင့်။ နန္ဒိယံ၊နှစ်သက်ခြင်းကို။ လဘာမိ၊ရ၏။ ယဿစ၊ အကြင် သား၏လည်း။ ဘဝံ၊ ဖြစ်ပေါ်လာခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ သော၊ ထိုသားယုတ်မာသည်။ မံ၊ ငါဖခင်ကို။ ဃရာ၊ အိမ်မှ။ နိစ္ဆုရာတိ၊ နှင်ထုတ်၏။ မေ၊ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာဖြစ်သောသားမှ။ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်ခဲ့ရပြီတကား။ ။သားသည် အဖ၏ ကိုးကွယ်ရာတည်း။ သားမှ ဘေးကြီးဖြစ်ရလေသည်။ ရုပ်နာမ်သည် မဂ်ဖိုလ်ကိုရစေ၏။ ရုပ်နာမ်ကြောင့်ပင် အပါယ်သို့ ကျတတ်၏။ ရုပ်နာမ်ကို သုံးစွဲ တတ်သူနှင့် မသုံးစွဲတတ်သူတို့ ခြားနားပုံတည်း။

---

## (၄၉) ပုရောဟိတ် ဘုရင်နှင့် ပဒကုသလ မင်းချင်းယောကျ်ား (၉)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံ၏။ ပဒကုသလသည် မင်းထံသို့ ကပ်၍ ခစားကာ နေ၏။ ပုရောဟိတ်နှင့် ရှင်ဘုရင်သည် မင်းမြှောက်တန်ဆာများခိုး၍ ကန်၌ သိုဝှက်ထား၏။ ပဒကုသလအား ဖော်စေ၏။ ။ မဖော်နိုင်လျှင် သတ်အံ့ဟု အမိန့် ထုတ်၏။ ပဒကုသလက။ ။ရာဇာနေ နာမ၊ မင်းတို့ မည်သည်မှာကား။ ဝိဇိတေ၊ နိုင်ငံတော် အတွင်း၌။ ရဋ္ဌဝါသီနံ၊ တိုင်းသူ ပြည်သား လူအများ တို့၏။ သရဏံ၊ ကိုးကွယ်ရာ ပင်တည်း။

သရဏာတော၊ ကိုးကွယ်ရာဖြစ်သောပုရောဟိတ်နှင့်မင်း၏ထံမှ။ ဘယံ၊ အသတ်ခံရအံ့သော ဘေးသည်။ ဇာတံ၊ ဖြစ်ခဲ့ရပြီတကား။ ။မင်းသည် ပြည်သူပြည်သား တို့၏ ကိုးကွယ်ရာတည်း။ ထိုမင်းမှ ဘေးဖြစ်၏။ ရုပ်နာမ်သည် မဂ်ဖိုလ်ကိုရစေ၏။ ထိုရုပ်နာမ်ကြောင့် အပါယ်ကျရကုန်၏။ရုပ်နာမ်ကို သုံးစွဲတတ်သူနှင့် မသုံးစွဲတတ်သူတို့ ခြားနား ပုံကို ပြပါသည်။ ငါးရာ့ငါးဆယ်ဇာတ်အဝင် နဝနိပါတ် ပဒကုသလဇာတ်မှ ထုတ်ပြသည်။

---

## (၅၀) ဗောဓိပက္ခိယတရား ၃၇-ပါး တန်ခိုးပြ

ဗောဓိပက္ခိယဓမ္မေတိ ဗောဓိ ဝုစ္စတိ၊ စတူသု မဂ္ဂေသု ဉာဏံ၊အထ ဝါ ဗုဇ္ဈတီတိ ဗောဓိ ဘဂဝါ။ တဿာ ဗောဓိယာ ဝါ ဗောဓိဿ ဝါ ပက္ခေ ဘဝါ ဗောဓိပက္ခိယာ၊ ကေ တေ၊ ဗောဓိ ပရိပါစနိယာ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စဗလာနိ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါတိ ဣမေ သတ္တတိံသ ဗောဓိပက္ခိယာ ဓမ္မာ၊တေ တတ္ထ အရိယမဂ္ဂသာဓကော၊ ဒါနာဒယော သာမတိံသ ပါရမီယောစ။

ဇိနာလင်္ကာရဋီကာ၊ နံပါတ်-၅၊ ကြောင်းရေ ၁-သုမ္မ။

ဗောဓိပက္ခိယဓမ္မေတိ၊ မဂ်ဉာဏ်၏ အသင်းအပင်း ဖြစ်သော တရားဆိုသည်ကား။ စတူသု၊ ၄-ပါးကုန်သော။ မဂ္ဂေသု၊ မဂ်စိတ်တို့၌။ဉာဏံ၊ ယှဉ်သော ဉာဏ်ပင်တည်း။ ဝါ၊ မဂ်ဉာဏ် ၄-ပါးကို။ ဗောဓိတိ၊ ဗောဓိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အထဝါ၊ တနည်းသော်ကား။ ဗုဇ္ဈတိ၊ သစ္စာ ၄-ပါးကိုသိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဓိ၊ ဗောဓိမည်၏။ ဘဂဝါ၊ မြတ်စွာဘုရားကို။ လဗ္ဘတိ၊ ရအပ်၏။ တဿာ ဗောဓိယာဝါ၊ ထိုဗောဓိ၏။ တဿ ဗောဓိဿဝါ၊ ထိုဗောဓိ၏။ ပက္ခေ၊ အသင်းအပင်း နယ်၏အတွင်း၌။ ဘဝါ၊ ဖြစ်ကုန်သောတရား ၃၇-ပါးတို့တည်း။ ဗောဓိပက္ခိယာ၊ မဂ်ဉာဏ်၏ အသင်းအပင်း နယ်အတွင်း၌ ဖြစ်ကုန်သော တရား ၃၇-ပါးတို့။ ဝါ၊ မြတ်စွာဘုရား၏ အသင်းအပင်း နယ်အတွင်း၌ ဖြစ်ကုန်သော တရား ၃၇-ပါးတို့။ တေ၊ ထိုဗောဓိပက္ခိယတရား ၃၇-ပါးတို့ ဟူသည်။ ကေ၊ အဘယ်တို့နည်းဟူမူကား။ ဗောဓိပရိပါစနိယာ၊ မဂ်ဉာဏ်ကို

ရင့်ကျက် စေတတ် ကုန်သော။ စတ္တာရောသတိပဋ္ဌာနာ၊ ၄-ပါး ကုန်သော သတိပဋ္ဌာန် တို့ရင်း။ စတ္တာရောသမ္မပ္ပဓာနာ၊ ၄-ပါးကုန်သော သမ္မပ္ပဓာန် တို့ရင်း။ စတ္တာရောဣဒ္ဓိပါဒါ၊ ၄-ပါးကုန်သောဣဒ္ဓိပါဒ်တို့ရင်း။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးကုန်သောဣန္ဒြေတို့ရင်း။ ပဉ္စဗလာနိ၊ ငါးပါးကုန်သောဗိုလ်တို့ရင်း။ သတ္တဗောဇ္ဈင်္ဂါ၊ ၇-ပါးကုန်သောဗောဇ္ဈင်တို့ရင်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်ရင်း။ ဣတိ၊ ဤသို့။ ဗောဓိပက္ခိယာ၊ မဂ်ဉာဏ်၏အသင်းအပင်းဖြစ်ကုန်သော။ ဣမေ သတ္တတိံသ ဓမ္မာ၊ ဤ ၃၇-ပါးကုန်သောတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုဗောဓိပက္ခိယ၌။ အရိယမဂ္ဂသာမဂ္ဂကော၊ အရိယာမဂ်ကိုပြီးစေတတ်ကုန်သော။ ဒါနာဒယော၊ ဒါန အစရှိကုန်သော။ တေ သမတိံသပါရမိယောစ၊ ထို အပြားသုံးဆယ်ကုန်သောပါရမီတို့သည်လည်း။ ဗောဓိပက္ခိယာ၊ မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော ဗောဓိပက္ခိယပင် မည်ကြကုန်၏။

---

## (၅၁) ခေတ်တရားတခုထဲ သဲသဲမဲမဲခွဲ၍ အားထုတ်တော့ ဗောဓိပက္ခိယတရား ၃၇-ပါး ပါဝင်ရရှိ၍လာပုံမှာ

တတ္ထ ကတမာ ဘာဝနာ သမာရောပနာ ယထာဟ ဘဂဝါ၊တသ္မာ ဟိ တွံ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော၊ သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ။ အာတာပီတိ ဝီရိယိန္ဒြိယံ သမ္ပဇာနောတိ ပညိန္ဒြိယံ သတိမာတိ သတိန္ဒြိယံ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿန္တိ သမာဓိန္ဒြိယံ၊ ဧဝံ ကာယေ ကာယာနုပဿိနော ဝိဟရတော စတ္တာရော သတိပဋ္ဌာနာ၊ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ၊ ကေနကာရဏေန ဧကလက္ခဏတ္တာ စတုန္နံ ဣန္ဒြိယာနံ စတူသု သတိပဋ္ဌာနေသု ဘာဝိယမာနေသု စတ္တာရော သမ္မပ္ပဓာနာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ၊ စတူသု သမ္မပ္ပဓာနေသု ဘာဝိယမာနေသု စတ္တာရော ဣဒ္ဓိပါဒါ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ၊ စတူသု ဣဒ္ဓိပါဒေသု ဘာဝိယမာနေသု ပဉ္စိန္ဒြိယာနိ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ၊ဧဝံ သဗ္ဗေ ကေနကာရဏေန

သဗ္ဗဟံ ဗောဓင်္ဂမာ ဓမ္မာ။ ယောဓိပက္ခိယာ နိယျာနိကလက္ခဏေန
ကေလက္ခဏာ၊ တေ ကေလက္ခဏတ္တာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။

(ပဋ္ဌဗလ သတ္တဗောဇ္ဈင် အဋ္ဌမဂ္ဂင်ဖြင့် နည်းတူမှို့မြှုပ်၍ သဗ္ဗေဟိ ဗောဓင်္ဂမာ ဓမ္မာနှင့် ချိုးပြသွားပါသည် သတိပြုပါ)။

နေတ္တိပါဠိတော်။ ။တတ္ထ၊ ထိုပါပနာ,ရောပနာ,သမာရောပနာတို့တွင်။ ဘာဝနာသမာရောပနာ၊ ဘာဝနာသမာရောပနာ နည်းသည်။ ကတမာ၊ အဘယ်နည်း။ ဘာဝါ၊မြတ်စွာဘုရားသည်။ ယထာ၊အဘယ်ကဲ့သို့။ အာဟ၊ ဟောတော်မူခဲ့ပါသနည်း။ (တသ္မာတိဟ တွံ ဘိက္ခု ကာယေ ကာယာ နုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿန္တိ)ဟူ၍။ အာဟ၊ ဟောတော်မူခဲ့ပါသတည်း။ အာတာပီတိ၊ အာတာပီဟူသည်ကား။ ဝီရိယိန္ဒြိယံ၊ ဝီရိယလုံ့လ ပြုခြင်းပင်တည်း။ သမ္ပဇာနောတိ၊ ဟူသည်ကား။ ပညိန္ဒြိယံ၊ ပညာဣန္ဒြေပင်တည်း။ သတိမာတိ၊ ဟူသည်ကား။ သတိန္ဒြိယံ၊ သတိဣန္ဒြေပင်တည်း။ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿန္တိ၊ ဟူသည်ကား။ သမာဓိန္ဒြိယံ၊ သမာဓိဆိုတဲ့ ဣန္ဒြေပင်တည်း။ ဧဝံ၊ဤသို့။ ကာယေ၊ခန္ဓာကိုယ်၌။ ကာယာနုပဿိနော၊ကိုယ်ဟုအဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊နေသောသူအား။ စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ ကေန ကာရဏေန၊ အဘယ် အကြောင်းကြောင့်။ ဂစ္ဆန္တိ၊ရောက်ကုန်သနည်း။ စတုန္နံဣန္ဒြိယာနံ၊ လေးပါး ကုန်သော ဣန္ဒြေတို့၏။ ကေလက္ခဏတ္တာ၊ လက္ခဏာတူသည်၏ အဖြစ်ကြောင့် တည်း။ စတူသု၊ လေးပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တို့ကို။ ဘာဝိယမာနေသု၊ ပွားများအပ်ကုန်သည်ရှိသော်။ စတ္တာရော သမ္မပ္ပဓာနာ၊ လေးပါးကုန်သော သမ္မပ္ပဓာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာပြည့်စုံ ခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။ စတူသု၊လေးပါးကုန်သော။ သမ္မပ္ပဓာနေသု၊ သမ္မပ္ပဓာန်တို့ကို။ ဘာဝိယမာနေသု၊ ပွားများအပ်ကုန်သည်ရှိသော်။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပ္ပါဒ်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတူသု၊ လေးပါးကုန်သော။

ဣန္ဒြိယပါဒေသု၊ ဣန္ဒြိယပါဒ်တို့ကို။ ဘာ၀ိယမာနေသု၊ ပွားများအပ်ကုန်သည်ရှိသော်။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးကုန်သော ဣန္ဒြေတို့သည်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပဉ္စသု၊ ငါးပါးကုန်သော။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့ကို။ ဘာ၀ိယမာနေသု၊ ပွားများအပ်ကုန်သည်ရှိသော်။ ပဉ္စဗလာနိ၊ ငါးပါးကုန်သော ဗိုလ်တို့သည်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပဉ္စသု၊ ငါးပါးကုန်သော။ ဗလေသု၊ ဗိုလ်တို့ကို။ဘာ၀ိယမာနေသု၊ပွားများအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးကုန်သော ဗောဇ္ဈင်တို့သည်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်တို့ကို။ ဘာ၀ိယမာနေသု၊ ပွားများအပ်ကုန်သည်ရှိသော်။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ အရိယာနိ၊ မြတ်စင်ကုန်သော။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့သည်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏၊ ဧ၀ံ၊ ဤသို့။ သတ္တ၊ ခပ်သိမ်းကုန်သော ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးတို့သည်။ ဧကနက္ခဏေန၊အဘယ်အကြောင်းကြောင့်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်သနည်း။ ဟိသစ္စံ၊ မှန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗောဓင်္ဂမာ၊ မဂ်ဉာဏ်၏ အသင်းအပင်း ဖြစ်ကြကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယပင်မည်ကုန်၏။နိယျာနိကလက္ခဏေန၊သံသရာ၀ဋ်မှ ထွက်မြောက်စေတတ်သောလက္ခဏာအားဖြင့်။ ဧကလက္ခဏာ၊ တူသောလက္ခဏာ ရှိကြကုန်၏။ တော၊ ထိုဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးတို့သည်။ ဧကလက္ခဏတ္တာ၊ တူသောလက္ခဏာရှိသည်၏အဖြစ်ကြောင့်။ ဘာ၀နာပါရိပူရိံ၊ ဘာ၀နာပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်တော့၏။

ဤနေတ္တိပါဠိတော်အရ သမာရောပနာ နည်းဖြင့် ခ၀တ်တရား တခုထဲကိုပင် သဲသဲမဲမဲ ရဲရဲရင့်ရင့် အသင့်အတင့် ဉာဏ်မျှဖြင့် စွဲစွဲမြဲမြဲ အားထုတ်၍ နေပါလျှင် ဗောဓိပက္ခိယတရား ၃၇-ပါး ပါရှိပြီးဖြစ်မည်။

---

(၅၂) မဂ္ဂင်ရှစ်ပါး၌ ဗောဓိပက္ခိယ ၃၇-ပါး ပါဝင်နေပုံ

| သမ္မာဒိ | သင်္ကပ္ပ | ဝါစာ | ကမ္မန္တ | အာဇီဝ | ဝါယာမ | သတိ | သမာဓိ |
| --- | --- | --- | --- | --- | --- | --- | --- |
| ၅ပါး | ၁ ပါး | ၁ | ၁ | ၁ | ၉ပါး | ၈ | ၄ ပါး |

(၁) သမ္မာဒိဋ္ဌိ၊ ဝီမံသိဒ္ဓိပါဒ်၊ ပညာဗိုလ်၊ ပညိန္ဒြေ၊ ဓမ္မဝိစယ၊ ငါးခါ ပါ၏။ (၂) ဝိတက် ၁-ပါး။ (၃) သမ္မာဝါစာ ၁-ပါး။ (၄) သမ္မာ ကမ္မန္တ ၁-ပါး။ (၅) သမ္မာအာဇီဝ ၁-ပါး။ (၆) သမ္မာဝါယာမ-၁၊ သမ္မပ္ပဓာန်-၄၊ ဝီရိယိဒ္ဓိပါဒ်-၁၊ ဝီရိယဗိုလ်-၁၊ ဝီရိယိန္ဒြေ-၁၊ ဝီရိယ သံဗောဇ္ဈင် ၁-အားဖြင့် ၉-ပါး။ (၇) သမ္မာသတိ-၁၊ သတိပဋ္ဌာန်-၄၊ သတိဗိုလ်-၁၊ သတိန္ဒြေ-၁၊ သတိသံဗောဇ္ဈင် ၁-အားဖြင့် ၈-ပါး။ (၈) သမ္မာသမာဓိ-၁၊ သမာဓိဗိုလ်-၁၊သမာဓိန္ဒြေ-၁၊ သမာဓိသံဗောဇ္ဈင်-၁ အားဖြင့် ၄-ပါး၊ (ဝီရိယ၌ ၉-ပါးမို့ ကြိုးစားပါ။ သတိ၌ ၈-ပါးမို့ သတိ ထားပါ။ သမာဓိ၌ ၄-ပါးမို့ တည်ကြည်အောင်ပြုပါ။ မဂ်, ဖိုလ်, နိဗ္ဗာန်, ရရှိလတံ့။)

---

(၅၃) ဗောဓိပက္ခိယတရား ၃၇-ပါးဟာ
သာသနာတော်ကြီးတဲ့ (က)

သတိပဋ္ဌာနတ္တိ အာဒိ သာသနံ နာမ။ ။ပဋ္ဌပကိုဏ်အဋ္ဌကထာ။ ။
သတိပဋ္ဌာနတ္တိအာဒိ၊ သတိပဋ္ဌာန် အစရှိသော ဗောဓိပက္ခိယ တရားစုသည်။ သာသနံနာမ၊ သာသနာတော်ကြီး မည်ပေ၏။ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဗိုလ် ၅-ပါး၊ ဣန္ဒြေ ၅-ပါး၊ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး ဟူသော ဗောဓိပက္ခိယတရား ၃၇-ပါးသည် သာသနာ မည်၏တဲ့။ အဲဒီတရားကို မကျင့်ရသေး မတွေ့ရသေးလျှင် သာသနာသို့ရောက်ပြီလား၊ မရောက်ဘူးလား ဆိုတာ မေးမနေနှင့်၊ ကိုယ့် ဟာကိုယ် တွေးကြပါ။

---

(၅၄) ဗောဓိပက္ခိယကား သာသနာ့အုံဘွယ်၌ ရတနာတဲ့ (ခ)

(အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံဘွယ်ဆယ်ပစ်၊ တမည်ဖြစ်ခြင်း၊ မရှင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာဆားကူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာ၊

သာသနာအဖြစ်တည်း) ဟူသော သာသနာ့ အံ့ဘွယ် ရှစ်ဖြာ လက်ာ၌။ (ဆယ်မျိုးရတနာ) ဆိုတာ ဗောဓိပက္ခိယတရားပါဘဲ ဟူ၍ အင်္ဂုတ္တိုရ် ပါဠိတော်ကြီး၊ နံပါတ်-၃၄၊ ကြောင်းရေ ၂၆-ဟံမှု ၌ရှင်း။ စူဠဝါပါဠိတော်ကြီး၊ ဘိက္ခုနီခန္ဓက၊ နံပါတ်-၃၆၅၊ ကြောင်းရေ ၁-ဟံမှု ၌ရှင်း။ တနည်း-နံပါတ်-၃၆၆၊ ကြောင်းရေ ၂၁-ဟံမှု၌ရှင်း ပါရှိလေပြီ။

---

## (၅၅) ဗောဓိပက္ခိယသည် သဒ္ဓမ္မပဏ္ဍိတစမ္မ ဗုဒ္ဓါဒိနစမ္မတဲ့ (ဂ)

သတံ သဒ္ဓမ္မန္တိ ပဏ္ဍိတာနံ ဗုဒ္ဓါဒီနံ သတ္တတိံသဗောဓိပက္ခိယဓမ္မသင်္ခါတံ သဒ္ဓမ္မံ။ ။အသိဘိနိပါတ်၊ မဟာသုတသောမဇာတ်၊ နံပါတ်-၅၃၉၊ ကြောင်းရေ ၂၆-၌။ ။သတံသဒ္ဓမ္မန္တိ၊ သတံ သဒ္ဓမ္မံ ဟူသည်ကား။ ပဏ္ဍိတာနံ၊ ပညာရှိကုန်သော။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏။ သတ္တတိံသ ဗောဓိပက္ခိယဓမ္မသင်္ခါတံ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားဟု ဆိုအပ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏တရားတည်း။ ။ဗောဓိပက္ခိယ ဆိုတာ သဒ္ဓမ္မတရား၊ ပညာရှိကြီးတို့ တရား၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ ရဟန္တာကြီးတို့၏ တရားပါဘဲတဲ့။ သာမန်ပုဂ္ဂိုလ်တို့ သုံးစွဲကျင့်ကြံနိုင်သော တရားမဟုတ်ဘူးတဲ့။ ရှေး၌လည်း ထင်ရှားလတံ့။

---

## (၅၆) ဗောဓိပက္ခိယသည်နိဗ္ဗာနဂတဥဇုဂတမဟာခီဏာသဝ ဝိသုဒ္ဓိဒေဝတို့ သွားရာလမ်း မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်း (ဃ)

အင်္ဂုဝိကေန မဂ္ဂေန နိဗ္ဗာနံ ဂတတ္တာ ဥဇုဂတာနံ မဟာခီဏာသဝါနံ ဥပပတ္တိဒေဝေဟိ ဥတ္တရိတရာနံ ဝိသုဒ္ဓိဒေဝါနံ။ ။သတ္တနိပါတ်၊ ဝိဇ္ဇာဓရေဇာတ် အဋ္ဌကထာ၊ နံပါတ်-၂၉၂၊ ကြောင်းရေ ၁-၌။ ။ဥဇုဂတာနံ၊ ဖြောင့်မတ်စွာ သွားကြ ကုန်သော။ မဟာခီဏာသဝါနံ၊ ရဟန္တာကြီးဟု ဆိုအပ် ကုန်သော။ ဥပပတ္တိဒေဝေဟိ၊ ဥပပတ် နတ်တို့ထက်။ ဥတ္တရိတရာနံ၊ အလွန့်အလွန် မြတ်တော်မူကြကုန်သော။ ဝိသုဒ္ဓိဒေဝါနံ၊ ဝိသုဒ္ဓိနတ် ရဟန္တာ ပစ္စေကာ ဘုရားမြတ်တို့၏။ အင်္ဂုဝိကေန၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေန၊ မဂ်တရားဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂတတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့် တည်း။

## (၅၇) ဗောဓိပက္ခိယမကျင့်လျှင် သာသနာကွယ်ပါသတဲ့ (င)

ယောဗုဒ္ဓေသု မရန္တေသုပိ စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ တဿ သဒ္ဓမ္မော အန္တရဟိတောနာမ။ ။မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ နံပါတ် ၂၄၉၊ ကြောင်းရေ ၂၂-၌။ ။ယော၊ အကြင်သူသည်။ ဗုဒ္ဓေသု၊ မြတ်စွာဘုရားတို့သည်။ မရန္တေသုပိ၊ သက်တော်ထင်ရှား ရှိကုန်သော်လည်း။ စတ္တာရော သတိပဋ္ဌာနေ၊လေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ နဘာဝေတိ၊မပွားများ မကျင့်ကြံပါ။ တဿ၊ ထိုသူအား။ သဒ္ဓမ္မော၊ သာသနာတော်ကြီးသည်။ အန္တရဟိတောနာမ၊ ကွယ်သည်မည်၏။

ဗောဓိပက္ခိယမကျင့်လို့ သာသနာကွယ်သည်မည်ပုံ ပြပါသည်။

---

## (၅၈) ဗောဓိပက္ခိယ၌ ဗောဇ္ဈင် ၇-ပါး စကြာမင်း ရတနာ ၇-ပါး

စကြာသတိ၊ ဆင်ရှိ ဝိစယ၊ဝီရိယမြင်း၊ ရောင်ယင်းမဏိ၊ ခေါ်ပီတိနှင့်၊ ပဿဒ္ဓိမိဖုယား၊ ဌေးအား သမာဓိ၊သားသိ ဥပေက်၊ ခုနစ်ရတနာ၊ မင်းစကြာတည်း။ ။ဝိပဿနာကို အားထုတ်တော့ ဗောဓိပက္ခိယတရား ၃၇-ပါး ပါဝင်၍ လာပါသည်။ ၎င်းအထဲက ဗောဇ္ဈင် ၇-ပါး ပါပြီးသား ဖြစ်ပါတော့သည်။ (၁) သတိသမ္ဗောဇ္ဈင်က စကြာနှင့်တူပါသည်။ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်က ဆင်ပျံရတနာနှင့် တူပါသည်။(၃) ဝီရိယသမ္ဗောဇ္ဈင်က မြင်းပျံရတနာနှင့် တူပါသည်။ (၄) ပီတိသမ္ဗောဇ္ဈင်က ပတ္တမြားရတနာနှင့် တူပါသည်။ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်က မိဖုရားကြီးရတနာနှင့် တူပါသည်။ (၆) သမာဓိသမ္ဗောဇ္ဈင်က ဂဟပတိသူဌေးကြီး ရတနာနှင့် တူပါသည်။ (၇) ဥပေက္ခာသမ္ဗောဇ္ဈင်က သားကြီးရတနာနှင့် တူပါသည်။ ဗောဇ္ဈင် ၇-ပါးက စကြာမင်း၏ စကြာစသောရတနာ ခုနစ်ပါးနှင့် တူပါသည်။ ၎င်းစကြာရတနာ ၇-ပါးကို မဟာသုဒဿနသုတ် ပါဠိတော် အဋ္ဌကထာ ဋီကာဖွင့်အတိုင်း အကျယ်တင်ခဲ့၍ ဟောပြောကြပါကုန်လော့။လောကီ စကြာမင်းနှင့် စကြာစသော ရတနာ ၇-ပါးက တဘာဝသာ အကျိုးရှိသည်။ ကျွန်းကြီး ၄-ကျွန်းနှင့် ဟိမဝန္တာ သီတာ ၇-တန် တောင်စဉ် ၇-ထပ်

စကြာဝဠာအတွင်း၌သာ တဘဝအတွက် သွားလာနိုင်ပါသည်။ ဗောဓိပက္ခိယနယ်က ဗောဇ္ဈင် ၇-ပါးကား ရရှိတဲ့နေ့ကစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ၁၁-ဘုံလုံး အနှံ့အပြား လှည့်လည်နိုင်သည်၊ အပါယ်တံခါးပိတ်နိုင်သည်၊ ဆင်းရဲသံသရာ ဖြတ်နိုင်ပါသည်။ ၎င်းရတနာ ၄-ပါးနှင့် ဝဝဖြိုးဖြိုး တက်တက်တိုးကိုး အကျိုးအနန္တ မိုးမက ဖြိုးကြွပြီး အစိုးရ၍ သွားနိုင်ပါသည်။ (အစိန္တေယျ၊အပ္ပမေယျ၊အသင်္ချေယျ၊အနန္တ၊အပရိမာဏ၊ အပရိစ္ဆိန္န၊မဟပ္ပလ၊မဟာနိသံသတည်း။ ဉာဏစာဂီရှိ၍ ဟောသကဲ့သို့ ဟောပြောကြပါကုန်လော့)။

---

## (၁၉) ဗောဓိပက္ခိယအဝင် မဂ္ဂင် ၈-ပါးသည် ဗြဟ္မယာန၊ အနုတ္တရ၊သင်္ဂါမဝိဇယ မည်ပါသတဲ့ (ဆ) နာနာကြည့်ကြပါ

ဣမဿေဝ ခေါ တော် အာနန္ဒ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ ဗြဟ္မယာနံ ဣတိပိ ဓမ္မယာနံ ဣတိပိ အနုတ္တရော သင်္ဂါမဝိဇယော ဣတိပိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နံပါတ် ၄၊ ကြောင်းရေ ၁၈-ဟံမူ၌။ ။ အာနန္ဒ၊ချစ်သားအာနန္ဒာ။ ဗြဟ္မယာနံဣတိပိ၊ ဗြဟ္မာပြည်သို့သွားရာ ယာဉ်ဟူသောအမည်သည်၎င်း။ ဓမ္မယာနံဣတိပိ၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားသို့သွားရာ ဓမ္မယာဉ်ဟူသော အမည်သည်၎င်း။ အနုတ္တရော၊ အတုမရှိသော။ သင်္ဂါမဝိဇယောဣတိပိ၊စစ်မြေပြင်၌ အောင်ပွဲရသော သူဟူသော အမည်သည်၎င်း။ အတ္တိ၊ ရှိပါပေ၏။ တော်အဓိဝစနံ၊ ဤအမည်အနန္တသည်။ အရိယဿ၊ ဖြူစင်သော။ ဝါ၊မြတ်လှစွာသော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဣမဿေဝ မဂ္ဂဿ၊ ဤမဂ်တရား၏သာလျှင်။ ဝါ၊ ဤမဂ္ဂင်ရှစ်ပါး၏ သာလျှင်။ အဓိဝစနံ၊ အမည်ပင်တည်း။ ။ဤ ပါဠိတော်ကို ထောက်၍ ဗြဟ္မာပြည်သို့ သွားနိုင်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားနိုင်သည်။ ၁၅၀၀-ကိလေသာစစ်ပွဲကို အောင်စွမ်းနိုင်သည်ဟု ဘုရားရှင်ကြီး ဟောခဲ့ပါသည်။

## (၆၀) ဗောဓိပက္ခေနန်းအောင်မြေပြခဏ်း (၉)

၁။ ဗောဓိပက္ခေ၊ နန်းအောင်မြေ။ နင်းလေသတ္တဝါ။
၂။ အောင်မြေနင်းက၊ တန်ခိုးရှ၊ မိုးဝတက်ဘို့သာ။
၃။ သိဒ္ဓိကိုးတန်၊ အောင်ပွဲခံ၊ တက်ပြန်ဘုံစဉ်ပါ။
၄။ ဘုရားပစ္စေ၊ သံဃာတွေ၊ တက်လေဤနည်းပါ။
၅။ သံသရာဘဝ၊ ခုန်ကျော်ကြ၊ မုချဖောင်ပမ ။

ဤလင်္ကာ ၅-ပုဒ်အရ အဓိပ္ပါယ် လိုရင်းကား ဗောဓိပက္ခိယ တရား ၃၇-ပါးဟာ အောင်မြေမို့ အတွင်းဝင်ပြီး အောင်မြေနင်းကြပါ။ အရာရာ လောကီဘက်ကရော လောကုတ္တရာဘက်ကရော အောင်ပွဲကြီးရ၍ နိဗ္ဗာန်သို့ သွားကြရပါ လိမ့်မည်တဲ့။ ကပ္ပိလဝတ်ပြည် တည်ကာနီးတော့ ကပ္ပိလ ရသေ့ကြီး၏ ကျောင်းသခ်မ်းမြေကား အောင်မြေ ဖြစ်သောကြောင့် ဖားက မြွေကိုနိုင်သည်၊ ကြွက်က ကြောင်ကိုနိုင်သည်၊ သမင်က ကျားကိုနိုင်သည်၊ ဤလို အောင်မြေမှန်းသိ၍ ကပ္ပိလဝတ်ပြည် တည်ထောင်သည်။ ထိုဗောဓိ ပက္ခိယအောင်မြေကိုနင်း၍နေကြသော အယုတ်, အလတ်, အမြတ်တို့ကား တန်ခိုးစူးရှ အမျိုးမျိုးက ဦးချခြင်းခံရ၍၊ မိုးဝဖြဟ္မာ နိဗ္ဗူတာအထိ တက် သွားကြ ပါသည်။ သိဒ္ဓိကြီး ကိုးတန် ဆယ်တန်ရ၍ ဘုံစဉ်စံပြီး နိဗ္ဗာန်သို့ တက်ကြပါသည်။ ဘုရားတို့ ပစ္စေကဗုဒ္ဓါတို့ သာဝကတို့ အရိယာတို့ ရဟန္တာ တို့ဟာလဲ ဤနည်းအထိုင်း နိဗ္ဗာန်သို့ တက်ကြ ပါသည်။ သံသရာ ဘဝမှ ခုန်ကျော်ကြ၍ အမတနိဗ္ဗာန်သို့ စိုးစံကြ ပါသည်။ အဲဒါတွေဟာ ဗောဓိ ပက္ခိယတရား၏ တန်ခိုးတေဇော် အာနုဘော်အစွမ်းသတ္တိတို့ပါဘဲ၊အောင်မြေ နင်းကြပါကုန်။

---

## (၆၁) ဗောဓိပက္ခိယထဲက သတိ၏ တန်ခိုးတော်

(၁) ကပ္ပရုက္ခေ၊ ပင်ပဒေ၊ ရှင်စေသတိသာ။ (လင်္ကာ)

ဓာတ်တရား, ကလာပ်တရား, ပရမတ်တရား, ခန္ဓာ, အာယတန, သစ္စာ, ပဋိစ္စသမုပ္ပါဒ် တရားတို့ ပေါ်လာတိုင်း ပေါ်လာတိုင်း သတိ ထားခြင်း သည်ကား ကပ္ပရုက္ခလို့ ခေါ်ဆိုရသတဲ့။ (ပဒေသာပင်ကြီး)ကို တသံသရာ

လ ရရှိ သုံးစွဲ နိုင်ပါတော့သည်။ ထိပ်တန်းက အချမ်းသာဆုံး ဖြစ်ပါ ပြော့သည်။ ဘုရားရှင်ကြီးကလဲ (သတိံ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထကံ ဝဒါမိ) ဟူ၍ ဟောခဲ့ပါသည်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ သတိံ၊ ပဒေသာပင် ကြီးနှင့် တူလှသော သတိတရားကို။ ခေါ၊ စင်စစ်။ သဗ္ဗတ္ထကံ၊ လိုရာကို ပေးနိုင်သော ဟာရားကြီးဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော် မူခဲ့ပေ၏။ ။အကျဉ်းမျှပြပါသည်။

(၂) သမ္မပ္ပဓာန်၊ တန်ခိုးထန်၊ လေးတန်ဝီရိယာ။ (လင်္ကာ)

သမ္မပ္ပဓာန် ၄-ပါး ဆိုတဲ့ ဝီရိယဟာ အရာခပ်သိမ်း ပြီးငြိမ်း စေနိုင် ပါတယ်။ ဘုရားရှင်ကြီးက (ဝီရိယဝတော ကုတောနာမ နသမိဇ္ဈတိ)ဟူ၍ ဟောခဲ့ပါသည်။ ။ဝီရိယဝတော၊ သမ္မပဓာန်ဝီရိယရှိသော သူမြတ်အား။ ကုတောနာမ၊ အဘယ် မည်သော အကျိုး အစီးအပွါးသည်။ နသမိဇ္ဈတိ၊ မပြည့်စုံဘဲ ရှိပါအံ့နည်း။ သမိဇ္ဈတိဝေ၊ ပြည့်စုံရမြဲ သာလျှင်တည်း။ ။ (၁) ဖြစ်ပြီးသော အကုသိုလ်ကို သမုစ္ဆေဒပဟာန် အထိ ပယ်သတ်နိုင် သည်ကား၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ပင်တည်း။ (၂) မဖြစ်ရသေးသော အကုသိုလ်တို့ လုံးဝ မဖြစ်ပေါ် လာဘို့လည်း ဝိပဿနာဉာဏ် မဂ်ဉာဏ်၏ ကိစ္စသာတည်း။ (၃) မရသေးသော ကုသိုလ်တို့ကို ရအောင် အားထုတ် ရမည်ဆိုတာလဲ ဝိပဿနာဉာဏ် မဂ်ဉာဏ်ကစ၍ အထက်က လောကုတ္တရာ ကုသိုလ်များကို ရအောင် ပြုကြဟုဆိုတာပါ။ (၄) ရရှိပြီးသော ကုသိုလ် များကို အတိုင်းထက် အလွန် ပွါးများအောင် ပြုကြ ဆိုတာကတော့ အကျဉ်းအားဖြင့် (ဒါန, သီလ, သမထ, ဝိပဿနာ) လေးဘက် လေးတန် စုံအောင်ပြုကြ အားထုတ်ကြပါဟု ဘုရား အာဏာတော် ထားခဲ့ပါသည်။ ဇနကဝတ္ထု၊ ထောင်ထုပ်ပျောက် ရအောင် အားထုတ် ဝတ္ထုဖြင့် ဝီရိယ အကျိုးကြီးမားလှကြောင်းကို သူတော်ကောင်းတို့ သိရှိကြပြီးသားပါဘဲ။

(၃) မြေလျှိုးမိုးပျံ၊ တန်ခိုးထန်၊ လေးတန်ဣဒ္ဓိပါ။ (လင်္ကာ)

ဣဒ္ဓိပါဒ် လေးပါးကတော့ ဆန္ဒိဒ္ဓိပါဒ်၊ ဆန္ဒတရား အားကြီး သန်မာ ရမည်။ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယ လုံ့လ ဉဿာဟ အားကြီး သန်မာ ရမည်။ စိတ္တိဒ္ဓိပါဒ်၊ စိတ်တရား ကြီးထွား ခိုင်မာရမည်။ ဝီမံသိဒ္ဓိပါဒ်၊ ပညာအမြော် အမြင် ကြီးထွားထက်သန်ခိုင်မာရမည်။ အဲဒါ ဣဒ္ဓိပါဒ်လေးပါးပါဘဲ။

ဆန္ဒ,ဝီရိယံ၊ စိတ်,ဝီမံ၊ ပြီးရန်ပါဒလေး။ (လင်္ကာ)
ပရိဉ်,ပဟာန်၊ သစ္ဆိကန်၊ ဘာဝန်ဣဒ္ဓိလေး။ (လင်္ကာ)

ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ အဲဒီအခြေခံ ပါဒလေးပါး ရှိနေခဲ့ပါလျှင် (၁) ပရိညာဣဒ္ဓိ၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာတို့ကို ပိုင်းခြားသိနိုင်သော တန်းခိုးကြီးကိုရမည်။(၂)ပဟာနဣဒ္ဓိ၊ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ၊ ဒိဋ္ဌိ၊ဝိစိ၊သီလဗ္ဗတပရာမာသတို့ကို ပယ်စွမ်းနိုင်သော တန်းခိုးကြီးကိုရမည်။ (၃) သစ္ဆိကာဘဣဒ္ဓိ၊ နိဗ္ဗာန်ကိုတွေ့မည် သိမည်၊ မြင်မည်တဲ့။ (၄) ဘာဝနာဣဒ္ဓိ၊ မဂ္ဂင် ၈-ပါးဖြင့် မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး တဆင့်တဆင့် ရင့်ရင့်ပြီး မြင့်မြင့် ပွားများ၍ တက်တက်သာမည်။ အဲဒါ ဣဒ္ဓိပါဒ် ၄-ပါး၏ အစွမ်းတည်း။

(၄) ကိလေမှန်ကာ၊ကြိတ်ချေပြ၊ငါးဝဖိုလ်အင်္ဂါ။ (လင်္ကာ)

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ပညာ၊ ဤဖိုလ်ငါးပါးဖြင့် ကြိတ်ချေလျှင် ကိလေသာ ၃-ပါး၊ ၁၀-ပါး၊ ၁၅၀၀-အားလုံး ကျေညက်ရလေသည်။ အကျိုးမပေးနိုင်တော့ပြီ၊ ဖိုလ်ငါးပါးအားကား ကြီးမားလေစွတကား။

(၅) ကိလေသာယုတ်၊ နှင်ကာထုတ်၊ ငါးလုပ်ဣန္ဒြေပါ။ (လင်္ကာ)။

သဒ္ဓါ၊သတိ၊ဝီရိယ၊သမာဓိ၊ပညာ ဆိုတဲ့ ဣန္ဒြေငါးပါးကား ကိလေသာ အယုတ်အညံ့တွေကို နှင်ထုတ် ဖယ်ရှားနိုင်ပါသည်။

(၆) ဖိုလ်နယ်အတွင်း၊ ဆောင်ယူသွင်း၊ အသင်းဗောဇ္ဈင်္ဂါ။ (လင်္ကာ)

ယောဂီတို့ကို မဂ်နယ်, ဖိုလ်နယ်, နိဗ္ဗာန်နယ်သို့ ဆောင်ယူပို့သနေတာ ဗောဇ္ဈင် ၇-ပါး တရားပါဘဲ၊ ဘယ်မျှသတ္တိရှိသလဲလို့ တွေးကြပါကုန်။

(၇) ကိလေသာသတ်၊ နိဗ္ဗာန်ရပ်၊ ဆောင်တတ်မဂ္ဂင်ပါ။ (လင်္ကာ)

ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ-ဆိုတဲ့ မဂ္ဂင် ၈-ပါး တရားဟာ အကုသိုလ် ကိလေသာ ရန်သူတို့ကိုလဲ သတ်နိုင်သည်။ ယောဂီကို မဂ်ဖိုလ်နိဗ္ဗာန်သို့လဲ ပို့ဆောင်နိုင်ပါသည်။ တသံသရာလုံး အားကိုးလောက်တဲ့ ၃၇-ပါးပါဘဲ၊ ဤ ဗောဓိပက္ခိယတရား ၃၇-ပါးကို ရှေး၌လည်း ကိုယ်တွေ့နှင့် ပြဦးမည်ဖြစ်၍ငင်း၊ နောက်နောက်ကလည်း ငါအရိယာ ဖြစ်ပြီလားကျမ်း၊ ပဋ္ဌမတွဲ မျက်နှာနံပါတ်-၁၃၅၊

ကြောင်းရေ ဂ-ကစ၍ မျက်နှာ ၁၄၁-ကြောင်းရေ ၁၇-အထိ၊ ရေးပြ ဟောပြောပြီးသားဖြစ်၍အကျဉ်းချုံးလိုက်ရပါသည်၊ အကျယ်ကြိုက်သော ခေတ်မှီ ခေတ်အလိုက် ချုံးလိုက်ရခြင်းဖြစ်ပါသည်။

---

## (၆၂) ဗောဓိပက္ခိယတရားသာလျှင် နိယျာနိက သာသနာတော်အစစ်တဲ့

ယော ခေါ တေ ဂေါတမိ ဓမ္မေဇာနေယျာသိ၊ ဣမေဓမ္မာ ဝိရာဂါယ သံဝတ္တန္တိ၊နော သရာဂါယ၊ ဝိသညောဂါယ သံဝတ္တန္တိ၊ နော သညောဂါယ၊ အနုပါဒါနာယ သံဝတ္တန္တိ၊ နော ဥပါဒါနာယ၊ အပ္ပိစ္ဆတာယ သံဝတ္တန္တိ၊ နော မဟိစ္ဆတာယ၊ သန္တုဋ္ဌိယာ သံဝတ္တန္တိ၊ နော အသန္တုဋ္ဌိယာ၊ ဝီရိယာရမ္ဘာယ သံဝတ္တန္တိ၊နော ကောသဇ္ဇာယ၊ ပဝိဝေကာယ သံဝတ္တန္တိ၊ နော သင်္ဂဏိကာယ၊အပစယာယ သံဝတ္တန္တိ၊ နော အာစယာယ၊ ဧကံသေန ဂေါတမိ ဇာနေယျာသိ ဧသော ဓမ္မော ဧသောဝိနယော ဧတံ သတ္ထုသာသနန္တိ။

စူဠဝါပါဠိတော်နှင့် ကမ္ဘဝိဘင်္ဂသဒ်ပကျမ်း နံပါတ်-၄၊ ကြောင်းရေ ၂၁-၌ တွေ့ရပုံတည်း။ ။ဂေါတမိ၊ အို-မိထွေးတော်ဂေါတမီ။ ခေါ၊အမှန် စင်စစ်သော်ကား။ ယေဓမ္မာ၊ အကြင် တေဘူမကတရားတို့သည်။ သန္တိ၊ ထင်ရှားရှိကြပါကုန်၏။ တေဓမ္မေ ထိုတေဘူမကတရားတို့ကို။ တွံ၊ သင်သည်။ ဇာနေယျာသိ၊ ခွဲခြား၍ သိထားပါလော့။ ဣမေဓမ္မာ၊ ဤစတုဘူမကတရား တို့သည်။ ဝိရာဂါယ၊ ရာဂမှကင်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သရာဂါယ၊ ရာဂနှင့်တကွ ဖြစ်ခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတု ဘူမကတရားတို့သည်။ ဝိသညောဂါယ၊ ဝဋ္ဋဆင်းရဲကို မယှဉ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သညောဂါယ၊ ဝဋ္ဋဆင်းရဲကို ယှဉ်စေခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ အနုပါဒါနာယ၊ ဥပါဒါန်ကင်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သဉပါဒါနာယ၊ ဥပါဒါန်နှင့်တကွ ဖြစ်ခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤ စတုဘူမက တရားတို့သည်။ အပ္ပိစ္ဆတာယ၊ လောဘနည်းခြင်းငှာ။ သံဝတ္တန္တိ၊

ဖြစ်ကုန်၏။ မဟိစ္ဆတာယ၊ လောဘကြီးခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ သန္တုဋ္ဌိယာ၊ ရောင့်ရဲတင်းတိမ် ခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ အသန္တုဋ္ဌိယာ၊မရောင့်ရဲ မတင်းတိမ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမကတရားတို့သည်။ ဝီရိယာ ရမ္ဘာယ၊ဝီရိယဖြင့် အားထုတ်ခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမကတရား တို့သည်။ ပဝိဝေကာယ၊ ဆိတ်ငြိမ်ခြင်းငှာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သင်္ဂဏိ ကာယ၊အပေါင်းအဖော်၌မွေ့လျော်ခြင်းငှာ။နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ဣမေ ဓမ္မာ၊ ဤစတုဘူမကတရားတို့သည်။ အပစယာယ၊ ဝဋ်ဆင်းရဲကိုမဖြစ်စေ ခြင်းငှာ။သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အာစယာယ၊ ဝဋ်ဆင်းရဲကို ဖြစ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဂေါတမိ၊ အို-မိထွေးတော်ဂေါတမီ။ ဧသော ဤဗောဓိပက္ခိယတရားသည်သာလျှင်။ ဓမ္မော၊ ငါဘုရား၏ တရားတည်း။ ဧသော၊ဤဗောဓိပက္ခိယတရားသည်သာလျှင်။ဝိနယော၊ငါဘုရားထားသော ဝိနည်းတည်း။ တေ၊ဤဗောဓိပက္ခိယ တရားသည်သာလျှင်၊ သတ္ထုသာသနံ၊ ငါဘုရား၏သာသနာတော်ကြီးပေတည်း။ဣတိ၊ဤသို့၊ ဧကံသေန၊ စင်စစ်မုချ အားဖြင့်။ဓာရေယျာသိ၊သိ၍ထားပါလော့။ ။ဤပါဠိတော်မြတ်၏အလို၊ ဘွင်းဘွင်းနှင့် ရှင်းရှင်းပြောရသော်။ ဓာတ်ကြီး ၄-ပါး၊ ရုပ်နမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ခန္ဓာ ၅-ပါး၊အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး၊ ၁၈-ပါး၊ ပရိညာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ်စဉ် ၁၀-ပါး၊ ၁၆-ပါး စသော ဗောဓိပက္ခိယ တရားတို့သည် သာလျှင် သဒ္ဓမ္မအစစ်တဲ့။ ဗုဒ္ဓဝိနည်းအစစ်တဲ့။ ဘုရားသာသနာ အစစ်တဲ့ ခင်ဗျား။ ဤဗောဓိပက္ခိယတရား ၃၇-ပါးသည် အဘယ့်ကြောင့်သဒ္ဓမ္မ၊ သတ္ထုဝိနယ၊သတ္ထုသာသနာမည်ပါသလဲဆိုတော့ ဤဗောဓိပက္ခိယတရားကို ပွားများနေသော ယောဂီအား (၁)ရာဂကင်းခြင်းငှာသာဖြစ်၏။ ရာဂနှင့် ယှဉ်ခြင်းငှာမဖြစ်ပြီ။ (၂) ဝဋ်ဆင်းရဲ၌ မဖြစ်စေခြင်းငှာသာ ဖြစ်တော့၏။ ဝဋ်ဆင်းရဲ၌ဖြစ်စေခြင်းငှာ မဖြစ်တော့ပြီ။ (၃)ဥပါဒါန် မဖြစ်ခြင်းငှာသာ ဖြစ်၏။ဥပါဒါန်ဖြစ်ခြင်းငှာမဖြစ်ပြီ။(၄)အလိုနည်းခြင်းငှာသာဖြစ်၏။ အလို ကြီးခြင်းငှာမဖြစ်ပြီ။ (၅) ရောင့်ရဲ တင်းတိမ်ခြင်းငှာသာဖြစ်၏။ မရောင့်ရဲ

မတင်းတိမ်ခြင်းငှာမဖြစ်ပြီ။ (၆) ဝီရိယကြီးခြင်းငှာသာဖြစ်၏။ ပျင်းရိခြင်းငှာမဖြစ်ပြီ။ (၇) ဆိတ်ငြိမ်ခြင်းငှာသာ ဖြစ်၏။အပေါင်းအဖော်၌မွေ့လျော်ခြင်းငှာမဖြစ်ပြီ။ (၈) ဝဋ်ဆင်းရဲ မရှည်ခြင်းငှာသာဖြစ်၏။ ဝဋ်ဆင်းရဲ ရှည်ခြင်းငှာမဖြစ်ပြီ။ အို–မိထွေးတော် ဂေါတမီ၊ဗောဓိပက္ခိယ တရားကိုပွားများပါလျှင် ဤလိုအရိပ်နိမိတ်၊ တန်းခိုးတေဇော်အာနုဘော်ထွက်၍ပြလိမ့်မည်။ ဤအရိပ်နိမိတ်လက္ခဏာကိုမြင်၍ ဤဗောဓိပက္ခိယ တရားကားသဒ္ဓမ္မပင်တည်း။ သတ္ထုဝိနယ ပင်တည်း။ သတ္ထုသာသနပင်တည်း။ ဘုရားသာသနာတော်ကြီးအစစ်ဟူ၍၊ မုချသိထားပါတဲ့။

သာသနာမစစ်တဲ့တရားကို ဘုရားဟောပြပုံမှာ။

ယောခေါ တွံ ဂေါတမိ၊ဓမ္မေဇာနေယျာသိ၊ဣမေဓမ္မာ သရာဂါယ သံဝတ္တန္တိ၊ နောဝိရာဂါယ၊ သံယောဂါယသံဝတ္တန္တိ၊ နောဝိသံယောဂါယ၊ သဉပါဒါနာယ သံဝတ္တန္တိ၊ နောအနုပါဒါနာယ၊ မဟိစ္ဆတာယ သံဝတ္တန္တိ၊ နောအပ္ပိစ္ဆတာယ၊ အသန္တုဋ္ဌိယာ သံဝတ္တန္တိ၊ နောသန္တုဋ္ဌိယာ၊ ကောသဇ္ဇာယ သံဝတ္တန္တိ၊ နောဝီရိယာရမ္ဘာယ၊ သင်္ဂဏိကာယ သံဝတ္တန္တိ၊ နောပဝိဝေကာယ၊ အာစယာယသံဝတ္တန္တိ၊ နောအပစယာယ၊ ဧကံသေနဂေါတမိဇာနေယျာသိ၊ နေသောဓမ္မော၊ နေသောဝိနယော၊ နေတံသတ္ထုသာသနန္တိ။ စူဠဝါပါဠိတော်၊ ဘိက္ခုနီခန္ဓကနှင့်၊ ကမ္မဝိဘင်္ဂသခြေပကျမ်း၊ နံပါတ်(၂) ကြောင်းရေ(၁၀)၌။ ။ဂေါတမိ၊ အို–မိထွေးတော်ဂေါတမီ၊ ခေါ၊အမှန်ကေန် စင်စစ်အားဖြင့်။ ယေဓမ္မာ၊ အကြင်တေဘူမကတရားတို့သည်။ သန္တိ၊ ထင်ရှားရှိကြပါကုန်၏။ တေဓမ္မေ၊ ထိုတေဘူမက တရားတို့ကို။ တွံ၊ သင်ဂေါတမီသည်။ဇာနေယျာသိ၊ ခွဲခြား၍သိထားပါလော့။ဣမေဓမ္မာ။ ဤတေဘူမက တရားတို့သည်။ သရာဂါယ၊ ရာဂနှင့်တကွဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရားတို့သည်။ သံယောဂါယ၊ ဝဋ်ဆင်းရဲရှည်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိသံယောဂါယ၊ ဝဋ်ဆင်းရဲ မရှည်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရားတို့သည်။ သဉပါဒါနာယ၊ ဥပါဒါန်နှင့်တကွဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အနုပါဒါနာယ၊ ဥပါဒါန်နှင့်တကွမဖြစ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်

ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရားတို့သည်။ မဟိစ္ဆတာယ၊ လောဘ ကြီးခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပ္ပိစ္ဆတာယ၊ လောဘနည်းခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ဤတေဘူမက တရားတို့သည်။ အသန္တု ဋ္ဌိယာ၊ မရောင့်ရဲမတင်းတိမ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သန္တုဋ္ဌိယာ၊ ရောင့်ရဲတင်းတိမ်ခြင်းငှာ။နောသံဝတ္တန္တိ၊မဖြစ်ကုန်။ဣမေဓမ္မာ၊ဤတေဘူမက တရားတို့သည်။ ကောသဇ္ဇာယ၊ပျင်းရိခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ဝီရိယာ ရမ္ဘာယ၊ ဝီရိယကြီးခြင်းငှာ။နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေ ဘူမကတရားတို့သည်။ သင်္ဂဏိကာယ၊ အပေါင်းအဖော်နှင့် မွေ့လျော်ခြင်း ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပဝိဝေကာယ၊ဆိတ်ငြိမ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ဣမေဓမ္မာ၊ ဤတေဘူမကတရားတို့သည်။အာစယာယ၊ ဝဋ္ဋဆင်းရဲ ကို ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပစယာယ၊ဝဋ္ဋဆင်းရဲကို မဖြစ် စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဂေါတမိ၊အို-မိထွေးတော်ဂေါတမီ။ ဧသော၊ ဤတရားသည်။ နဓမ္မော၊ ငါဘုရား၏တရားမဟုတ်ပါ။ ဧသော၊ ဤတရားသည်။ နဝိနယော၊ ငါဘုရားပညတ်ထားတဲ့ဝိနည်းမဟုတ်ပါ။ ဧတံ၊ ဤတရားသည်။ နသတ္ထုသာသနံ၊ ငါဘုရား၏ သာသနာတော် မဟုတ်ပါ။ ဣတိ၊ ဤသို့။ ဧကံသေန၊ မုချစင်စစ်အားဖြင့်။ ဓာရေယျာသိ၊ သိ၍ထား ပါလော့။

ဤပါဠိတော်၏ လိုရင်းစကားမှာ ဗောဓိပက္ခိယတရားမှ တပါးသော တရားအားလုံးကား သဒ္ဓမ္မ မဟုတ်ပါ။ သတ္ထုဝိနယလဲမဟုတ်ပါ။ သတ္ထု သာသနလဲမဟုတ်ပါ။ မဟုတ်ကြောင်းကို ဟောဒါလို အရိပ် နိမိတ်ပြ၍နေ ပေသည်။ ဗောဓိပက္ခိယမဟုတ်တဲ့တရားကို ရှုပွားနေလို့ပင် (၁) ရာဂနှင့် တကွသာဖြစ်၍ နေပေ၏။ ရာဂမကင်းနိုင်။ (၂)ဝဋ္ဋဆင်းရဲတို့ရှည်ခြင်းငှာသာ ဖြစ်၏။ ဝဋ္ဋဆင်းရဲတို့မရှည်စေခြင်းငှာမဖြစ်။ ရှည်စေခြင်းငှာသာဖြစ်၏ (၃) ဥပါဒါန်နှင့်တကွဖြစ်စေခြင်းငှာသာ ဖြစ်၏။ ဥပါဒါန်ကင်းခြင်းငှာမဖြစ်။ (၄) လောဘ ကြီးခြင်းငှာသာ ဖြစ်၏။ လောဘနည်းခြင်းငှာ မဖြစ်နိုင်။ (၅) မရောင့်ရဲခြင်းငှာသာဖြစ်၏။ ရောင့်ရဲခြင်းငှာမဖြစ်နိုင်။ (၆) ပျင်းရိ ခြင်းငှာသာဖြစ်၏။ ဝီရိယကြီးခြင်းငှာမဖြစ်နိုင်။ (၇) အပေါင်းအဖော်နှင့် မွေ့လျော်ခြင်းငှာသာဖြစ်၏။ ဆိတ်ငြိမ်ခြင်းငှာမဖြစ်နိုင်။ (၈) ဝဋ္ဋဆင်းရဲ

ဖြစ်ဘို့သာဖြစ်၏။ ငွေ့ဆင်းရဲ လွတ်ဘို့ကား မဖြစ်နိုင်။ ဤသို့သောအရိပ်နိမိတ် ရှစ်ပါးရှိသော တရားကား ငါဘုရား၏ တရားလဲမဟုတ်ပါ။ ငါဘုရား၏ ဝိနည်းလဲမဟုတ်ပါ။ ငါဘုရား၏ သာသနာတော်လဲမဟုတ်ပါ။ အဲဒါကို ကောန်မုချ သိရှိထားပါလော့ တဲ့။ ဘုရားကမှာထားပုံတည်း။ မြတ်စွာဘုရားသခင်ကြီးက မိထွေးတော်ဂေါတမီအား သာသနာဟုတ်ထာနှင့်မဟုတ်ထာကို။ ခွဲ၍ပြထားခဲ့ပါသည်။ သို့ကြောင့် သာသနာအစစ်ဖြစ်တဲ့ ဗောဓိပက္ခိယ တရား ၃၇-ပါးဟာခန္ဓာကိုယ်ထဲမှာ ရှိပြီးသားတွေ့ပြီးသား၊ ဌာပနာပြီးသားဖြစ်အောင် လုလ္လကြိုးကုတ် အားထုတ်ကြရာသတည်း။

---

## (၆၃) ဗောဇ္ဈင်္ဂ ကိုယ်တွေ့နှင့်အကျိုးပြ

ဗောဇ္ဈင်္ဂတရားဆိုတာ။ ။ဗောဓိတပုဒ် အင်္ဂတပုဒ်ဟူ၍ ၂-ပုဒ်ခွဲ၍ မှတ်ရမည်၊ ဗောဓိဆိုတာကို စစ်ဆေး၍ကြည့်တော့။ ။သမ္မာသမ္ဗောဓိန္တိ အရဟတ္တမဂ္ဂဉာဏဥ္စေဝ သဗ္ဗညုတညာဏဥ္စ။ ။ဟူသော သုတ္တနိပါတ်အဋ္ဌကထာ၌ဆိုထားရကား အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ဟာ ဗောဓိ၏ အရပါဘဲတဲ့။ (ဝါ) သမ္မာသမ္ဗောဓိပါဘဲတဲ့။ ။အနက်ကား။ သမ္မာသမ္ဗောဓိန္တိ၊ သမ္မာသမ္ဗောဓိ ဟူသည်ကား။ အရဟတ္တမဂ္ဂညာဏဉ္စေဝ၊ အရဟတ္တမဂ်ဉာဏ်သည်၎င်း။ သဗ္ဗညုဘညာဏဥ္စ၊ သဗ္ဗညုတဉာဏ်သည်၎င်း။သမ္မာသမ္ဗောဓိ၊ သမ္မာသမ္ဗောဓိမည်ပေ၏။ စရိယာပိဋကအဋ္ဌကထာ၌ မူကား သဗ္ဗညုတဉာဏ်ကို သမ္မာသမ္ဗောဓိဟူ၍ယူထား၏။ တနည်း၊ သဗ္ဗညုတဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်ကို ယူပြန်၏။ ။ဗောဓိဝုစ္စတိစတူသုမဂ္ဂေသု ဉာဏံ။ ။ဟူသော နိဒ္ဒေသပါဠိတော် ၂-ကျမ်း၌ အဆိုရှိ၏။ ။စတူသု၊ လေးပါးကုန်သော။ မဂ္ဂေသု၊ မဂ်တို့၌။ ဉာဏံ၊ ဉာဏ်ကို။ ဗောဓိ၊ ဗောဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဗောဓိဆိုတာ မဂ်စိတ် ၄-ခု၌ယှဉ်သောဉာဏ် ၄-ပါးတည်း။ တနည်း။ ။ပတ္တာန ဗောဓိ အမတံ အသခ်တံ။ ။ဟူသော ပါဠိတော်၌ နိဗ္ဗာန်ကိုလည်း ဗောဓိဟူ၍ ယူရပြန်သေး၏။

### ဗောဓိအရ တရားကိုယ်ပြချက်

၁။ သောတာပတ္တိမဂ်ဉာဏ် ဗောဓိတမျိုး။
၂။ သကဒါဂါမိမဂ်ဉာဏ် ဗောဓိတမျိုး။
၃။ အနာဂါမိမဂ်ဉာဏ် ဗောဓိတမျိုး။
၄။ အရဟတ္တမဂ်ဉာဏ် ဗောဓိတမျိုး။
၅။ သဗ္ဗညုတဉာဏ် ဗောဓိတမျိုး။
၆။ အသခ်တနိဗ္ဗာန် ဗောဓိတမျိုး။

ဤခြောက်မျိုးကို ဗောဓိဟူ၍ ကောက်ယူရပါသည်။ ဗောဓိသဒ္ဒါကား ပြခဲ့ပြီးသော မဂ်ဉာဏ်စသောခြောက်မျိုးတည်း။ အင်္ဂသဒ္ဒါကား အသင်းသားအစိတ်အပိုင်း အကူနေ ယှဉ်ဘက်တွဲဘက်တည်း။ ။ပေါင်းစပ်တော့ (ဗောဓိယာ+အင်္ဂေါ ဗောဇ္ဈင်္ဂေါ)ဟူသတည်း။ဗောဓိယာ၊ ဗောဓိမည်သော အသိဉာဏ် ခြောက်မျိုး၏။အင်္ဂေါ၊ အသင်းသားတည်း။(ဝါ)အစိတ်အပိုင်းတည်း။(ဝါ)အကူနေပင်တည်း။(ဝါ)ယှဉ်ဘက်-တွဲဘက်တည်း၊ဗောဇ္ဈင်္ဂေါ၊ ဗောဓိမည်သော အသိဉာဏ်ခြောက်မျိုး၏ အသင်းသား အစိတ်အပိုင်း အကူနေ ယှဉ်ဘက် တွဲဘက်တရားတဲ့။ ဗမာလိုတော့ ဗောဇ္ဈင် ၇-ပါးတရားများဟာ ဗောဓိမည်သော အသိဉာဏ် မဂ်ဉာဏ်ခြောက်မျိုး၏ အသင်းသား ပါတဲ့။ အစိတ်အပိုင်းပါတဲ့။ အကူနေပါတဲ့။ ယှဉ်ဘက်-တွဲဘက်ပါတဲ့။ ။ ဥပမာ လူနှင့်လူ့အင်္ဂါကဲ့သို့မှတ်ရမည်။ လူဆိုတာ တကိုယ်လုံးကိုယူကြသည်။ လူ့အင်္ဂါဆိုတာ ခေါင်း လက် ကိုယ် ခြေ စသောအစိတ်အပိုင်းကို ယူကြပါသည်။ လူနှင့်လူ့အင်္ဂါသည် ယှဉ်တွဲဖက်စပ်၍နေတာလို ဗောဓိနှင့်အင်္ဂသည် ယှဉ်တွဲဖက်စပ် နေကြပါသည်၊ ဤအင်္ဂါကိုတွေ့ရလျှင် ဗောဇ္ဈင်္ဂ-ဗောဇ္ဈင် တရားပါတဲ့၊ မဂ်ဉာဏ်အပင်းအသင်းသို့ရောက်ရှိ၍နေပါပြီဟု ဆိုရပါသည်။

ထိုဗောဇ္ဈင် ၇-ပါး၌ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါဟူ၍ ၇-ပါး ဟောထားပါသည်။

### ခန္ဓာ၌ ကိုယ်တွေ့သမ္ဗောဇ္ဈင် ၇-ပါး

ဝိပဿနာတရားကို အားထုတ်တော့ ရှေးဦးစွာ ပေါ်တဲ့ခဏကို သတိပြုရပါသည်။ အဲဒါ သတိသမ္ဗောဇ္ဈင်ရနေပုံတည်း၊ (၃) ခဏပေါ်တော့

ဒါက ပထဝီဘဲ ဒါက အာပေါဘဲ ဒါက တေဇောဘဲ ဒါက ဝါယောဘဲ စသည်ဖြင့် အသိဉာဏ်ပေါ်ပါသည်။အေးပေါ်တာကရုပ်တရားဘဲ၊သိတာက နာမ်တရားဘဲဟူ၍ ရုပ်နှင့် နာမ်လဲကွဲ၍သိရပြန်ပါသည်။ အေးတဲ့ခါတ်မှာလဲ စ၍ဖြစ်ထာက ဥဒယဘဲ။ ပျက်၍သွားတာက ဝယဘဲဟူ၍ ဥဒယဗ္ဗယဉာဏ်လဲ သိရပါသည်။ အေးတာကခေါင်းဌာနမှာ။သိတာကရင်ဌာနမှာ မရောတာက ဌာနအာကာသ စသည်ဖြင့် သိရပြန်ပါသည်။ ဤသို့စသည်ဖြင့် လက္ခဏာ ၃-ပါးသိ, ဝိသုဒ္ဓိ ၇-ပါး တပါးပါးသိ, ဉာဏ်စဉ် ၁၆-ပါး တပါးပါး သိခြင်း စသည်တို့ကား ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုရရှိနေပုံတည်း။ (၃)ဤလို အသိဉာဏ် ကျယ်ကျယ်လာတော့ အမိဋ္ဌာန်ဖြင့် နာရီ မျှားစွာရအောင် အချိန်ကာလကြာမြင့်အောင် အားထုတ်မှုဝီရိယ ပိုမိုတိုးပွား၍ လာပါသည်။ အဲဒါက ဝီရိယသမ္ဗောဇ္ဈင်ပါဘဲ။ (၄)ဤလို အားထုတ်လေ အသိဉာဏ်တိုး ပွားလေ ဖြစ်သဖြင့် ပီတိတရားရရှိ၍ လာပါတော့သည်။ အဲဒါက ပီတိ သမ္ဗောဇ္ဈင်ပါဘဲ။ (၅)ပီတိဖြစ်တော့ ကိုယ်ရော စိတ်ရောငြိမ်းအေး၍ နေပါ တော့သည်။ အဲဒါက ပဿဒ္ဓိသမ္ဗောဇ္ဈင်ပါဘဲ။ (၆)ပေါ်တဲ့ တရားကိုယ်တွေ့ ၌သာသမာဓိရ၍ နေပါတော့သည်။အဲဒါက သမာဓိသမ္ဗောဇ္ဈင်ပါဘဲ။ (၇) ဟရားလှိုင်လှိုင်ကြီးတွေ့ရတော့ အပြင်ဗာဟိရကိစ္စတွေကို ဥပေက္ခာသဘော အဖြစ်ဖြင့် လျစ်လျူရှုပြီးသားဖြစ်သွားပါတော့သည်။ အဲဒါက ဥပေက္ခာ သမ္ဗောဇ္ဈင်ပါဘဲ။ဤလိုအဆင့်အဘန်းနှင့်ဗောဇ္ဈင် ၇-ပါးအထိ မြင့်၍မြင့်၍ သွားရခြင်းမှာ ဗျာပါရကြောင့်ကြမှုကြောင့်မဟုတ်ဘဲ။ အဗျာပါရ အနတ္တ အစစ်ဖြင့် တရားသဘောအတိုင်း တက်ရောက်ရရှိတာဖြစ်၍ ဓာရေတီတိ ဓမ္မောအရ သူ့ဟာသူ ဆောင်ပို့တက်ရောက်ထာပါဘဲ။ ။တရားအား ထုတ်တော့ ဗောဇ္ဈင် ၇-ပါးတွေ့ရပုံတည်း။

### ဗောဓိပက္ခိယကိုတွေ့ရပုံ

ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ။ ။ယေဓမ္မာ၊ အကြင်တရား တို့သည်။ ဗောဓိယာ၊ မဂ်ဉာဏ် ၄-ပါး၊ သဗ္ဗညုတ၊ နိဗ္ဗာနခြောက်ပါးတို့၏။ ပက္ခေ၊ အပင်းအသင်း နယ်အတွင်း၌။ ဘဝါ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။တေဓမ္မာ၊ထိုတရားစုတို့သည်။ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယတရား မည်ကုန်၏။

သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဗိုလ်ငါးပါး၊ ဣန္ဒြေ ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊ ပေါင်း ၃၇-ပါးတရားတို့သည် မဂ်ညာဏ် ၄-ပါး သမ္ပယုတ္တညာဏ် အမတနိဗ္ဗာန် ယင်းဗောဓိခြောက်ပါးတို့၏ နယ်အတွင်း၌ အသင်းအပင်း အစိတ်အပိုင်း အဖြစ်ဖြင့် ရောက်ရှိ၍နေသောကြောင့် ဗောဓိပက္ခိယတရားမည်ကုန်၏။ ။ဥပမာ- မြန်မာပြည်ထဲ၌ ပေါက်ပွားကုန်သော မြန်မာပြည်သားဟူ၍ မှတ်ပုံတင်ထားကုန်သော တရုပ် ကုလား အင်္ဂလိပ်စသော လူမျိုးကွဲများကိုလည်း မြန်မာပြည်သားဘဲဟူ၍ အခွင့်အရေးပေးရဘာလို ဗောဓိပက္ခိယ တရားစုကိုလည်း မဂ်ဘုရား ဖိုလ်တဲရား နိဗ္ဗာန်တရားတွေ၏ အသင်းအပင်းမို့ မဂ် ဖိုလ် နိဗ္ဗာန် နယ်သားဟူ၍ သိရမည်။

ဝိပဿနာတရားကိုအားထုတ်တော့ (၁)အရာရာပေါ်တာကို သတိပြုရသည်။ သတိပဋ္ဌာန် ၄-ပါးရပုံတည်း။ (၂)အကုသိုလ် အနုသယကို တိုက်ဖျက်အားထုတ်ရသည်။ အဲဒါသမ္မပ္ပဓာန် ၄-ပါးတည်း။ (၃)အားထုတ်တော့ ဆန္ဒ၊ဝီရိယ၊စိတ္တ၊ပညာ၊ကြီးထွားလာသည်။ အဲဒါ ဣဒ္ဓိပါဒ် ၄-ပါးတည်း။ (၄)သဒ္ဓါသတိ စသော ဗိုလ်များ အားကောင်း၍လာသည်။ အဲဒါ ဗိုလ်ငါးပါးတည်း။ (၅) ဣန္ဒြေငါးပါး ကောင်း၍လာပါသည်။ အဲဒါဣန္ဒြေ ၅-ပါးတည်း။ (၆) ဗောဇ္ဈင် ၇-ပါး သမ္ပယုတ္တ ဖြစ်ပွားလာသည်။ အဲဒါ ဗောဇ္ဈင် ၇-ပါးတည်း။(၇)မဂ္ဂင် ၈-ပါး ပါဝင်၍ လာသည်။ အဲဒါမဂ္ဂင် ၈-ပါးတည်း။ အဲဒါကိုဗောဓိပက္ခိယ ၃၇-ပါး ပါဝင်၍လာပါသည်။

---

## (၆၄) သတိပဋ္ဌာန် ၄-ပါးရရှိပုံ

ခန္ဓာကိုယ်၌ ဝိပဿနာတရား အားထုတ်ရှာဖွေတော့ ခဏတ်ပေါ်တာကိုပင် သတိပြုပြုနေရသည်။ သတိပဋ္ဌာန် ၄-ပါး အပြည့်အစုံ ပါဝင်သည်။ ဘယ်လိုများပြည့်စုံပါသလဲဆိုရင် ခဏတ်ပေါ်မှုသက်သက်ကို သတိပြု၍နေရတာက ကာယာနုပဿနာ သတိပဋ္ဌာန်ပါဘဲ။ ခဏတ်ပေါ်တော့ ဖဿရော ဝေဒနာခံစားမှုရော သတိပြုရပြန်သည်။ ဝေဒနာခံစားမှုကို သတိပြုရတာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါဘဲ။ သိမှုသက်သက်ကိုသတိပြုတော့ စိတ္တာ

နုပဿနာ သတိပဋ္ဌာန်ပါဘဲ။ အကုသိုလ်ငြိမ်းနေမှု နိဝရဏတွေငြိမ်းနေမှုကို ၎င်း။ သူ့သဘော သူဆောင်မှုကို သတိပြုတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘဲ။ ဤလို ဝိပဿနာ အားထုတ်တော့ သတိပဋ္ဌာန် ၄-ပါးဟာ ပါရမီအတိုင်း ပါဝင်ပြည့်စုံ၍နေပါတယ်။

---

## (၆၅) သမ္မပဓာန် ၄ ပါး ပါဝင်နေပုံမှာကား

ဝိပဿနာတရားကို အားထုတ်လျက် အဖြစ်အပျက်တရားကို ရှု၍နေဘော့ သံသရာလဆန်း တရက်နေ့ကစ၍ ဖြစ်ပွားရှိနေကြသော အကုသိုလ်များ ဒိဋ္ဌိဝိစိကိစ္ဆာများ ပျက်ပြုန်းချုပ်ဆုံးပျောက်ကွယ်ရပါသည်။ အဲဒါက ဥပ္ပန္နာနံပါပကာနံပဟာနာယဝါယာမောဆိုတဲ့ဖြစ်ကုန်ပြီးသောဒိဋ္ဌိဝိစိကိစ္ဆာအဝိဇ္ဇာတို့ကို ပျက်ပြုန်းအောင် ချုပ်ဆုံးအောင် လုလ္လပြုခြင်းဆိုတဲ့ သမ္မပဓာန်ပါဘဲ။ ဖြစ်ပျက်ကိုအားထုတ်တော့ မဖြစ်ကုန်သေးသော အကုသိုလ်များ မဖြစ်ရတော့ဘဲ။ ကုသိုလ်များသာဖြစ်၍ နေပါသည်။ အဲဒါကတော့ အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယဝါယာမောဆိုတဲ့ မဖြစ်သေးတဲ့အကုသိုလ်ကို မဖြစ်ရအောင် လုလ္လပြုတဲ့သမ္မပဓာန်ပါဘဲ။ ဖြစ်ပျက်ကိုအားထုတ်တော့ မဖြစ်ရသေးသော ဝိသုဒ္ဓိ ၇-ပါး ကုသိုလ်များ ဉာဏ်စဉ် ကုသိုလ်များ လက္ခဏာရေး ၃-ပါးဆိုတဲ့ကုသိုလ်များ အသစ်အသစ်ကုသိုလ်များကိုရရှိ၍ ပွားလျက်နေပါသည်။ အဲဒါကတော့ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယဝါယာမောဆိုတဲ့သမ္မပဓာန်ပါဘဲ။ ဝိပဿနာဖြစ်ပျက်ကို အာရုံပြု၍ နေတော့ ရရှိခဲ့ပြီးသော သီလကုသိုလ် သမာဓိကုသိုလ်များကို ထပ်မံ၍ ပွားများတိုးတက်လာစေပါသည်။ အဲဒါက ဥပ္ပန္နာနံ ကုသလာနံဘိယျောဘာဝါယဝါယာမော ဆိုတဲ့သမ္မပဓာန်ပါဘဲ။ ဝိပဿနာအားထုတ်တော့ သမ္မပဓာန် ၄-ပါးလဲ အပြည့်အစုံပါဝင်ရရှိ၍ နေပါတော့သည်။

---

## (၆၆) ဣဒ္ဓိပါဒ် ၄-ပါး ပါဝင်ရရှိနေပုံမှာ

ဖြစ်ပျက်ကိုအာရုံပြု၍နေတော့ ဝိသုဒ္ဓိ ၇-ပါးတက်ရောက်ရန် ဉာဏ်စဉ် ၁၆-ပါးတက်ရောက်ရန် ဆန္ဒပြင်းထန်၍နေပါသည်။ အဲဒါဆန္ဒိဒ္ဓိပါဒ်ပါဘဲ။

ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ရရှိရန် ဝီရိယဖြင့် အားထုတ်၍ နေပါသည်။ အဲဒါ ဝီရိယိဒ္ဓိပါဒ်ပါဘဲ။ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ရရှိရန် စိတ်ကလဲရှိ၍ နေပါသည်။ အဲဒါ စိတ္တိဒ္ဓိပါဒ်ပါဘဲ။ ခေတ်ခွဲသိ ရုပ်နာမ်ခွဲသိ အာကာသခွဲသိ လက္ခဏာ ရေးသုံးပါး ခွဲသိခြင်းစသည်တို့ကတော့ ဝီမံသိဒ္ဓိပါဒ်ပါဘဲ။ ဝိပဿနာတရား အားထုတ်တော့ ဣဒ္ဓိပါဒ် ၄-ပါး ပါဝင်ရှိပါသည်။

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ၄-ပါးက ပါဒ ၄-ပါးတည်း။

ပရိဉ်၊ ပဟာန်၊ သစ္ဆိကံ၊ ဘာဝန် ၄-ပါးက။ ။ဣဒ္ဓိ ၄-ပါးတည်း။

၎င်း ၂-ခုရောစပ်တော့မှ ဣဒ္ဓိပါဒ ဣဒ္ဓိပါဒ် ၄-ပါးဖြစ်ပါသည်။

(၁) ပရိညာဣဒ္ဓိကိုရရှိပုံမှာဖြစ်ပျက်ကိုအာရုံပြုတော့ ပူတာအေးတာက တေဇောခေတ်ဘဲ။နုတာ မာတာကပထဝီခေတ်ဘဲ။စေးထန်းတာက အာပေါ ခေတ်ဘဲ။ ယိမ်းယိုင် လှုပ်ရှားတာက ဝါယောခေတ်ဘဲဟူ၍ ခေတုပရိညာ ဣဒ္ဓိကိုရရှိပါသည်။ တဖန်ပေါ်တာက ရုပ်တရားဘဲ။ သိတာကနာမ်တရားဘဲ ဟူ၍ နာမရူပ ပရိညာဣဒ္ဓိကို ရရှိပါသည်။ ပူတာကရုပ်၊ သိတာက နာမ်၊ မရောတာက အာကာသ ဟူ၍ ပရိစ္ဆေဒပရိညာကို ရရှိပါသည်။ တဖန် စဖြစ်ထာက ဥဒယ ပျက်သွားတာက ဝယဘဲဟူ၍ ဥဒယဗ္ဗယ ပရိညာကိုရရှိပါသည်။ တဖန် ရုပ်နာမ်တွေ့၍ ငါငါ သူသူ လူလူ နတ်နတ် ပျောက်ထာက ဒိဋ္ဌိဝိသုဒ္ဓိ။ ကံ စိတ် ဥတု အာဟာရကြောင့် ရုပ်တရား ပေါ်တာဘဲဟု ယုံမှားခြင်းကင်းတာက ကင်္ခါဝိတရဏဝိသုဒ္ဓိ။ အလင်းရောင် စသည်က အမဂ္ဂပညတ်တရားဘဲ။ ပူတာ အေးတာက မဂ္ဂပရမတ် တရား ဘဲဟု ကွဲပြားစွာသိတာက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။အနိစ္စ ဒုက္ခ အနတ္တကို သိတာကစ၍ ဉာဏ်စဉ်တက်၍သွားတာက ပဋိပဒါဉာဏဒဿဝိသုဒ္ဓိ၊ ပဝတ္တံ သင်္ခါရံ အပဝတ္တံ နိဗ္ဗာနံ ဆိုတဲ့ပါဠိအရ ဖြစ်ပျက်သင်္ခါရကိုလဲတွေ့၍ မဖြစ် မပျက်တဲ့ အသင်္ခါတကိုလဲ တွေ့ရတာက ဉာဏဒဿနဝိသုဒ္ဓိဟူသောအသိတရား အမျိုးမျိုးကိုရရှိနေတာက ပရိညာဣဒ္ဓိရရှိပုံတည်း။

(၂) ပဟာနဣဒ္ဓိကား ခေတ်ကိုတွေ့တော့ဒိဋ္ဌိကွာ၊ ပရမတ်ကိုတွေ့တော့ ပညတ်ကွာ၊ အနိစ္စတွေ့တော့ နိစ္စဝိပလ္လာသကွာ၊ ဒုက္ခကိုတွေ့တော့ သုခ ဝိပလ္လာသကွာ၊အနတ္တကိုတွေ့တော့ အတ္တဝိပလ္လာသကွာ၊အသုဘကိုတွေ့တော့

သုဘာဝိပလ္လာသကဲ့သို့ခြင်းစသော အကွာမျိုးတွေ အပယ်မျိုးတွေကိုခွါနိုင်တာ ပယ်နိုင်တာက ပဟာနကိစ္စ ရရှိပုံတည်း။

(၃) သစ္စိကတကိစ္စကား ဖြစ်ပျက်ခတွေ့ပေါ်တော့ အဝိဇ္ဇာချုပ်ငြိမ်းမှု ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းမှု စသော အသင်္ခေျအနန္တ ပြန်မလာရ တော့ဘဲ ချုပ်ငြိမ်းမှုတို့ကို မျက်မှောက်ပြု၍နေပါသည်။

(၄) ဘာဝနာ ကိစ္စရရှိပုံကား ဖြစ်ပျက်ကို အာရုံပြုရင်း တစက္ကန့်မှ ၂-စက္ကန့်၊ တမိနစ်မှ ၂-မိနစ်၊ တနာရီမှ ၂-နာရီ၊ တရက်မှ ၂-ရက်၊ တလမှ ၂-လ၊ တနှစ်မှ ၂-နှစ်စသည်ဖြင့် ရှုရင်း ရှုရင်း ကံများလဲ ပွား၍နေသည်။ အတွေ့လဲပွား၍နေသည်။ အသိလဲပွား၍နေသည်။ အရှိန်လဲပွား၍နေသည်။ ရင်းတို့ကား ဘာဝနာကိစ္စကို ရရှိနေပုံတည်း။ ။ဝိပဿနာ အားထုတ်တော့ ကိစ္စပါဒ်လေးပါး ပါဝင်ရရှိ၍နေပါသည်။

---

## (၆၇) ဣန္ဒြေငါးပါးရရှိပုံကား

ဖြစ်ပျက်ကိုအာရုံပြု၍နေတော့ ကာမဂုဏ်အရာ တံခါးငါးပေါက်လုံခြုံ၍ ဓမ္မာရုံတပေါက်သာရှိသည်၊ ထိုအခါတွင် ဖြစ်ပျက်ကို သိနေသော စိတ်၌ စေတသိက် ၃၈-ပါးတွဲ၍ပါလာရာ သဒ္ဓါ ဝီရိယ သတိသမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါးဟာ ပါရှိ၍နေပါသည်။ ကျင့်တိုင်း တွေ့ရမှာဘဲဟု ယုံကြည်နေတာက သဒ္ဓိန္ဒြေ၊အမျိုးမျိုးတွေ့အောင် သိအောင် အားထုတ်၍နေတာက ဝီရိယိန္ဒြေ၊ တွေ့သောအာရုံ၌သတိပြု၍ နေတာက သတိန္ဒြေ၊ တွေ့သောအာရုံ၌သာတည်ကြည်၍နေတာက သမာဓိန္ဒြေ၊ တွေ့သောအာရုံကိုသိတဲ့ ပညာက ပညိန္ဒြေငါးပါး ပါရှိ၍နေပါသည်။

---

## (၆၈) ဗိုလ်ငါးပါးရရှိနေပုံကား

ဖြစ်ပျက်ကိုအာရုံပြု၍နေတော့ ပဉ္စဒွါရ ငါးတံခါးပိတ်၍ ငါးပေါက်က လုံခြုံ၍ ဓမ္မာရုံတပေါက်သာရှိသည်။ ထိုအခါတွင်ဖြစ်ပျက်ကို သိသေ:စိတ်၌ စေတသိက် ၃၈-ပါးတွဲ၍ ပါလာရာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဆိုတဲ့ ဗိုလ်ငါးပါးဟာ ပါရှိလျက်နေတော့၏။ အားထုတ်လျှင် ရမှာဘဲဟူ၍ ယုံကြည် နေတာက သဒ္ဓါဗိုလ်ပါဘဲ။ အမျိုးမျိုးတွေ့အောင် သိအောင်

အားထုတ်နေတာကဝီရိယဗိုလ်ပါဘဲ။တွေ့ရသောအာရုံ၌သတိပြု၍နေတာက သတိဗိုလ်ပါဘဲ။ အာရုံ၌တည်ကြည်နေတာက သမာဓိဗိုလ်ပါဘဲ။ အာရုံကို ခွဲသိ ခြားသိနေတာက ပညာဗိုလ်ပါဘဲ။ အဲဒါလို ဝိပဿနာအားထုတ်တော့ ဗိုလ်ငါးပါး ပါရှိနေပါသည်။

ဗောဇ္ဈင် ၇-ပါးရှေးကပြခဲ့ပြီး ပြန်ကြည့်ပါ။

---

(၆၉) မဂ္ဂင် ၈-ပါးကိုယ်တွေ့တွေ့ရပုံကား

ဖြစ်ပျက်ကို အာရုံပြုတော့ ဖြစ်ပျက်နှင့် အေးတဲ့ဓာတ်ကိုတွေ့ရ၏။အဲဒါ သမ္မာဒိဋ္ဌိ၊အေးတာကိုကြံဆနေတာကသမ္မာသင်္ကပ္ပ၊ အေးတာကိုအောက်မေ့ နေတာက သမ္မာသတိ၊ အေးတာ၌ အားစိုက်နေတာက သမ္မာဝါယာမ၊ အေးတာမှာတည်ကြည်ငြိမ်သက်နေတာက သမ္မာသမာဓိ၊ အေးတာကိုအာရုံ ပြု၍ပြောဆိုနေတာက သမ္မာဝါစာ၊ အေးတာကို ပြုလုပ်နေတာက သမ္မာ ကမ္မန္တ၊ အေးတာမှာ စင်ကြယ်နေတာက သမ္မာအာဇီဝဟူ၍ မဂ္ဂင် ၈-ပါး ပါဝင်၍တွေ့ရပါသည်။

တနည်းမှာ ဖြစ်ပျက်ကို အာရုံပြုတာက ကုသိုလ်စိတ်ပင်ဖြစ်၏။ ၎င်း ကုသိုလ်စိတ်၌ စေတသိက် ၃၈-ပါးယှဉ်လျက် တွဲလျက်ပါလာရာ ခွဲစိတ်၍ ကြည့်တော့ ပညိန္ဒြေသမ္မာဒိဋ္ဌိ၊ဝိတက်သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ဝိရတီ ၃-ပါး၊ ဝီရိယဆိုတဲ့ သမ္မာဝါယာမ၊ သတိဆိုတဲ့ သမ္မာသတိ၊ ဧကဂ္ဂတာဆိုတဲ့ သမ္မာသမာဓိကိုတွေ့ရပါသည်။

နိဂုံး။ ။ဤသတိပဋ္ဌာန် ၄-ပါး၊သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊မဂ္ဂင် ၈-ပါးအားဖြင့် ယင်း ၃၇-ပါးကို ဗောဓိပက္ခိယလို့ခေါ်ပါသည်။ ဗောဓိဆိုတဲ့ မဂ်ဉာဏ် ၄-ပါး၊ သဗ္ဗညုတဉာဏ်၊ အမတနိဗ္ဗာန်တို့၏ အပင်းအသင်း နယ်သူနယ်သား အစိတ် အပိုင်းအဘို့ဘာဂ ဘက်တော်သားဖြစ်၍ ဗောဓိပက္ခိယတရားဟု ခေါ်ရ ပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်တို့၏ အသင်းထဲ၌ ပါဝင်တဲ့တရားပါဘဲတဲ့။

မဂ္ဂင်၌ မဂ္ဂတပုဒ်၊ အင်္ဂတပုဒ်ဟု ပုဒ်ဖြတ်ပါ၊ မဂ္ဂဆိုတာ ကိလေသာကို သတ်ခြင်း၊ နိဗ္ဗာန်သို့ပို့ခြင်း၊ သတ္တိရှိသော စိတ်နှင့်စေတသိက်ကို သမ္ဗယုတ္တ အနေဖြင့် မဂ်ဟုခေါ်ရပါသည်။ ။အင်္ဂဆိုတာ ထိုမဂ်၏ အစိတ်အပိုင်း

အင်္ဂါပါဘဲ။ ပေါင်းစပ်တော့ မဂ္ဂင် မဂ်တရား၏အစိတ်အပိုင်း မဂ်နှင့်တွဲတွဲ နေတဲ့ သဘောတရားပါဘဲ။ ဝိပဿနာကို အားထုတ်တော့ ပြခဲ့ပြီးသော တရားကိုယ်အတိုင်း မဂ္ဂင် ၈-ပါးတရားကို ကိုယ်တွေ့ရှိပါသည်။ မဂ်၏ နယ်အတွင်း မဂ်၏စည်းဝိုင်းထဲ၌ ရောက်၍နေပါသည်။

မဂ်ဆိုတာက။ ။ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါတဲ့။ ကိလေသေ၊ဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာ စသောကိလေသာတို့ကို၊ မာရေန္တော၊ သတ်ဖြတ်လျက်။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားရောက်တတ်ပါ၏။ ဣတိတသ္မာ၊ ထိုသို့ကိလေသာကို သတ်ခြင်း နိဗ္ဗာန်သို့သွားခြင်းရှိသော သတ္တိကြောင့်။ မဂ္ဂေါ၊ မဂ်တရားမည်၏။ လူပြိန်းသိဘို့ အနက်ပြန်သည်၊ ။မဂ္ဂဿအင်္ဂေါ မဂ္ဂင်္ဂေါ။ ။မဂ္ဂဿ၊ မဂ်ဉာဏ် ၄-ပါး၏။ အင်္ဂေါ၊ အစိတ်အပိုင်းအင်္ဂါတည်း။ မဂ္ဂင်္ဂေါ၊ မဂ်ဉာဏ် ၄-ပါး၏အစိတ်အပိုင်းအင်္ဂါ။ ။ဥပမာ-လူသည်မဂ်နှင့်တူ၏။ ခေါင်း ခြေ လက် စသော အစိတ်အပိုင်းသည် အင်္ဂါနှင့်တူ၏။ ခွဲသာဆိုရသည်။ လူပါလျှင် ခေါင်း ခြေ လက်စသော အစိတ်အပိုင်းများပါလာသကဲ့သို့ မဂ်ဆိုလျှင် အင်္ဂါများလည်း ပါလာရတော့သည်။ မဂ္ဂင်ဆိုလျှင် မဂ်လည်း ပါဝင်ရတော့သည်။ အဝိနာဘာဝနည်းတည်း။ မကောင်းတာကို ဆိုလျှင် မကောင်းရာလည်း ပါဝင်ရတော့၏။ (နာနာနယနိပုဏဂမ္ဘီရံ) စာပေအခြေခံနည်းက သိခဲ့စွ၊ လူပြိန်းများသိဘို့ရန် ဥပမာအမျိုးမျိုးပြ၍ဟောကြပါကုန်။

---

## (၇၀) သံသာရတိုင်းပြည်

ကက်ဘိနက် အဖွဲ့ဝင်များ စည်းဝေးနေကြပုံ။ ။ဥပမာ-ဗမာပြည်၌ လွတ်လပ်ရေးရ၍ အစိုးရဖွဲ့၏၊ ၎င်းအစိုးရနယ်ထဲ၌ ပြည်ထဲရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ပညာရေးဝန်ကြီး၊ သာသနာရေးဝန်ကြီး စသဖြင့် သူ့ဌာနနှင့်သူ သူ့တာဝန်နှင့်သူ ဌာနတွေရယူ၍ဆောင်ရွက်ကြရ၏။ ထိုမှတဖန် ၎င်းဝန်ကြီးများကိုကူညီရန် အတွင်းဝန်များခန့်ရပြန်၏။ ထိုမှတဖန် တိုင်းမင်းကြီး၊ အရေးပိုင်၊ ဝန်ထောက်၊ မြို့ပိုင်၊ မြို့အုပ်စသည်ဖြင့် ခန့်ရပြန်၏။ ဤလိုနှင့်တိုင်းပြည်ကို အုပ်ချုပ်ရပေ၏။

အဲဒီ ဥပမာလိုပါဘဲ သံသာရတိုင်းပြည်ကြီး၌ ဝန်ကြီးများ၊ အတွင်းဝန်များ၊ အပြင်ဝန်များ အဆင့်အတန်းအလိုက် ဆောင်ရွက် လုပ်ကိုင်ကြရသည်။ ထိုရာထူးဌာနန္တရယူသော အစည်းအဝေးကြီး၌ စည်းဝေးတိုင်ပင်ကြသည်ကား ယခုကျွန်ုပ်တို့ အခြေစိုက်လျက် မှီတင်းနေထိုင်ရာ သံသာရတိုင်းပြည်ကြီးတွင် ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်ရန်သူတော်ကြီးများ ဖြစ်ကြကုန်သော အာဠာရဆိုတဲ့ ကမ္ဘာ့အာဇာနည်ကြီးတဦး၊ ဥဒကဆိုတဲ့ကမ္ဘာ့အာဇာနည်ကြီးတဦး၊ ကာဠဒေဝိလ ဆိုတဲ့ ကမ္ဘာ့ အာဇာနည်ကြီးတဦး ရယ်လို့ ရန်သူတော်ကြီး ၃-ဦးပေါ်ပေါက်၍ နေပါပြီ။ ၎င်းတို့သုံးဦးဟာ အလွန်ပင် သတ္တိဗျတ္တိလဲ ပြင်းထန်၍ နေကြပါတယ်။ ကမ္ဘာသူ ကမ္ဘာသားတွေကလဲ သူတို့ကို အလွန့်အလွန်ပင် ယုံကြည် အားထားကြ ပါတယ်။ သူတို့ ၃-ဦးဟာ ကျွန်ုပ်တို့၏ သံသရာနယ်ကြီးထဲက ထွက်မြောက်၍သွားပါလျှင် နောက်ကလိုက်ပါမည့် လူတွေဟာ တပုံကြီးပါဘဲ။ အဲဒီလူမော်၊ လူဇော်၊ လူကျော်ကြီးတွေက ခေါင်းဆောင်ပြီး သံသရာနယ်ထဲက ထွက်မြောက်၍သွားကြပါလျှင် ကျွန်ုပ်တို့အုပ်စိုးနေတဲ့ သံသာရ တိုင်းပြည်ကြီးဟာ သုသာန်တစ သင်းချိုင်းဝကဲ့သို့ ခြောက်ခြောက် သွေ့သွေ့ကြီးဖြစ်လျက် ကျန်ရစ်ခဲ့တော့မည်။ ကျွန်ုပ်တို့ တည်ထောင်ထားတဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဆိုတဲ့ အပါယ် ထောင်ကြီး များဟာလဲ ဟာလာဟင်းလင်းကြီး၊ လတာပြင်ကြီး၊ သောင်ပြင်ကြီးသဖွယ် ဖြစ်၍ ကျန်ရစ်ရှာတော့မည်။ အဲဒါထက်ပင်ခက်အုံးမည့် အရေးကတော့ ကျွန်ုပ်တို့ဘက်က စီမံထားတဲ့ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား၊ ဗျသနတရားစသောရုံးကြီးတွေ၊ ဂါတ်ကြီးတွေ၊ စစ်တန်းလျား တွေဟာလဲ အာဏာမရှိ ပါဝါမရှိ ဘာမရှိနှင့် တဲအိမ်ဆွေး ပမာ ကျန်ရစ် ရှာတော့မယ်။ ဒီကိစ္စ၌ နိုင်နင်းအောင်ဟာ ဘယ်သူ့ကို ဥက္ကဋ္ဌတင်၍၊ ဘယ်သူ တာဝန် ဆောင်၍ ပြုလုပ်သွားမယ်ဆိုတာ ရွေးချယ်ဘို့ပါဘဲ။ ။နာရီဝက်ခန့်မျှ စည်းဝေးပြောဆိုကြရာ (မောဟ)ကို အားလုံးက သဘောတူညီ၍ (အဝိဇ္ဇာဘုရင်)ဆိုတဲ့ဘွဲ့ကြီးနှင့် ပြည်ပိုင်ရာထူးကို အပ်နှင်းကြပါရော။

အတိုချုပ် ပြောရလျှင် အောက်ပါအတိုင်းပါဘဲ။

(၁) မောဟက အဝိဇ္ဇာဘုရင်၏ရာထူးနှင့် ပြည်ပိုင်ဖြစ်သွားပါတယ်။

(၂) ဒိဋ္ဌိက (သက္ကာယဒိဋ္ဌိ)ရာထူးနှင့် ဝန်ကြီးချုပ် ဖြစ်သွားပါတယ်။

(၃) တဏှာက (ဂါဟ)ရာထူးနှင့် ဝန်ကြီးတနေရာ ရသွားတယ်။

(၄) မာနက (ပပဉ္စ)ရာထူးနှင့် ဝန်ကြီးတနေရာ ရသွားတယ်။

(၅) ဝိစိကိစ္ဆာက (ဥမ္မတ္တက၊ဝိပလ္လာသ)ရာထူးနှင့် ဝန်ကြီးပေါ့လေ။

အတွင်းဝန်များကတော့ သူ့ပါတီနှင့် သူ့အစုအဝေး စုံ၍ပြဦးမည်။

| | | | | | |
|---|---|---|---|---|---|
| စက္ခုဝိညာဏ်က | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | တစုတာဝန်ယူသည်။ |
| သောတဝိညာဉ် | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | ၎င်း။ |
| ဃာနဝိညာဉ် | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | ၎င်း။ |
| ဇိဝှါဝိညာဉ် | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | ၎င်း။ |
| ကာယဝိညာဉ် | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | ၎င်း။ |
| မနောဝိညာဉ် | ၁။ စေကရ။ | ဇောစေက ၅၂။ | ရုပ်က ၂၀။ | ၎င်း။ |

အပြင်ကမ္ဘာ့ဝန်၊ ရွာစားတို့မူကား–

မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဒစ္စ, လောဘ,ဒိဋ္ဌိ,မာန,ဒေါသ, ဣဿာ, မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ, ၁၄–စုတို့ကလဲ တာဝန်ယူကြပါတယ်။

ကိလေသာ (၁၅၀၀) တို့ကတော့ တပ်မတော်ကြီး စစ်ဖက်က ယူကြပါတယ်။

လက်နက်များကား (က)ဘေး၊ (ခ)ဘေး၊ (ဂ)ဘေး၊ (ဃ)ဘေးကြီးများပင်ဖြစ်၏။

အဝိဇ္ဇာဘုရင်၏ မိန့်ခွန်းကြီးမှာ–

ငါတို့အစိုးရအဖွဲ့က အုပ်ချုပ်လျက်နေသော သံသရာတိုင်းနိုင်ငံကြီးတွင် ရုပ်နယ် နာမ်နယ် ခွဲခြားပြီး (အာဋ္ဌာရ, ဥဒက, ဒေဝီလတို့) လူစုတွေဟာ ထွက်မြောက်၍မသွားနိုင်အောင် ပြုကြရမည်။

ဆိုလိုရင်းက (**သဘော။ တရား**) အဲဒါဟာ အချုပ်အချာ ပါဘဲ။ သဘောသည် တရားပါဘဲ၊ တရားကလဲ သဘောပါဘဲ။ ၎င်းသဘောဆိုတဲ့ တရားကို သူတို့ ၃–ဦးက တွေ့မြင်၍သွားပါလျှင်၊ အမှားတွေ စင်ကြယ်ပြီး။ ဝါ၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီး။ ဝါ၊ သက္ကာယဒိဋ္ဌိကွာပြီး။ အကုသိုလ်ကလဲမတတ်နိုင်။ ကိလေသာကလဲမတတ်နိုင်၊ ဝိပါက်ကလဲမတတ်နိုင်၊ အပါယ်လေးဘုံကလဲ

မတတ်နိုင်တော့ပြီ။ (က)ဘေး၊ (ခ)ဘေး၊ (ဂ)ဘေး၊ (ဃ)ဘေးများလဲ သူ့ဘို့ကို လက်လျှော့၍ ပေးကြရ တော့မည်။ သူတို့ကို ဘမ်းလို့လဲ မမိပြီ၊ ချုပ်လို့လဲမရ၊ သတ်လို့လဲ မသေ၊ ချော့မရ၊ မော့မရနှင့် ငါတို့ရဲ့ သံသာရ တိုင်းပြည်ကြီးမှလွတ်မြောက်၍ သွားကြတော့မည်။

## သဘောတရား၊ တရားသဘော

ဂင်းဟာ အဘိဓမ္မာတဲ့၊ အလွန့်အလွန် ပို့ဆောင်နိုင်တဲ့သတ္တိ ရှိလို့ပါဘဲ။ ဂင်းဟာ ပရမတ်တဲ့။ အမြတ်ဆုံး အကျိုးကို ဖြစ်စေနိုင်တဲ့ သတ္တိ ရှိလို့တဲ့။ ဂင်းဟာ အစိခန္တယျတဲ့။ ကြံစည်လို့မရအောင် အကျိုးပေးတဲ့သတ္တိရှိလို့တဲ့။ အဲဒီသဘောတရားကို သူတို့ ၃-ဦး တွေ့မြင်၍ သွားပါလျှင် မဂ်ရ, ဖိုလ်ရ, နိဗ္ဗာန်ရနှင့် အပါယ်တံခါးလဲပိတ်၊ ဆင်းရဲသံသရာလဲပြတ်၊ ဘုံစဉ်လဲစံ၊ သိဒ္ဓိ ကိုးတန်လဲရ၊ (၆၇)ဆင့်ရ၍ လွတ်မြောက် ကြတော့ မှာဘဲကွယ်။ ။ သူတို့ ၃-ဦးဟာ (ဂင်းသဘောတရား)ကို မတွေ့ရအောင် ဖုံး၍ထားကြဘို့၊ ဖိ၍ထားကြဘို့၊ ကွယ်၍ထားကြဘို့၊ မှောင်ကြီးဆင်၍ထားကြဘို့ အရေး ဟာ အကြီးဆုံး ပါဘဲ၊ ဂင်းသဘောတရားကို မတွေ့ရလျှင် သူတို့လူစု ကြီးဟာ။

(၁) မှားမြင်ဆိုတဲ့ စိတ္တဝိပလ္လာသ အမှောင်ထုကြီး။
(၂) မှားမှတ်ခြင်းဆိုတဲ့ သညာဝိပလ္လာသ အမှောင်ထုကြီး။
(၃) မှားယူခြင်းဆိုတဲ့ ဒိဋ္ဌိဝိပလ္လာသ အမှောင်ထုကြီး။
(၄) မှားစွဲလမ်းခြင်းဆိုတဲ့ ဒိဋ္ဌုပါဒါန် အမှောင်ထုကြီး။

အဲဒါတွေနှင့် အိမ်ထောင်ကျပါရော၊ အဲဒီ ၄-ပါးကိုပင် မခွဲနိုင် မခွါ နိုင်နှင့် ရစ်ပတ်ဖွဲ့စည်း၍ အချစ်ကြီးချစ် အခင်ကြီး ခင်တွယ်ပါရော၊ အဲဒီ စိတ်တွေနှင့် ထပ်မံကာတွဲပြန်လျှင် ဒုစရိုက်တွေ မိုက်မိုက်ကာဏ်းကာဏ်း ပြုဦးမယ်ကွဲ့၊ဒုရာဇီဝတွေ အားရပါးရ ပြုဦးမယ်ကွဲ့။အဲဒီအခါမှာ ငါတို့၏ သံသရာ နယ်ထဲက ထောင်တန်းသို့ ကျပြန်ပါရော၊ ဒါမှ မဟုတ်သေးလျှင်, အထက်က ပြခဲ့ပြီးသော ၁-၂-၃-၄ တွေနှင့် အိမ်ထောင် ကျနေပါလျှင် ဂင်းမှားစွဲကြီး ၄-ချက်ကြောင့် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ဝိဇ္ဇာ အဘိညာဉ်သမာပတ် စျာန်ချမ်းသာတွေကို တောင့်တသဖြင့်(လူလာ

နတ်ကုတ်)ဥပဒေနှင့် ငြိပြန်၍ သံသရာ၌ သောင်တင်ပြန်ရဦးမည်၊ သို့မဟုတ် လျှင်လဲ(နတ်အောင်ကိုရှယ်)ဆိုတဲ့ ဥပဒေနှင့်ငြိ၍ သောင်တင်ပြန်ရဦးမည်။ ကဲကဲ-မှားအောင် လုပ်ကြပါစို့ရဲ့။

ကံလက်သမား၊ပန်းပု၊ပန်းချီက မှားအောင် ပြုပြင်တော့မည်။

(၁) ဝါး,သစ်,ကျော်,သက်ကယ် စသည် သူ့ဟာသူ နေရလျှင် အိမ် ကျောင်း ဇရပ် တန်ဆောင်းဟူသော ပုံစံသဏ္ဍာန် မဖြစ်နိုင်ပါ။ ။လက် သမားက တာဝန်ခံ၍ ပြုပြင်ပေးလိုသာ အိမ်ဘဲ ကျောင်းဘဲ ဇရပ်ဘဲ တန် ဆောင်းဘဲဟူ၍ ထင်မှား မြင်မှား အယူမှား စွဲမှားရလေသည်၊ လက်သမား ကြောင့်တည်း။

(၂) သစ်သားများသည် သူ့ဟာသူ နေရပါလျှင် လူရုပ်,နတ်ရုပ်, ဗြဟ္မာရုပ် စသည်ဖြင့် သဏ္ဍာန် မပေါ်နိုင်ပါ။ ။ပန်းပုသမားက ပြုပြင် ပေးမှသာလျှင် ဒါကလူရုပ်ဘဲ ဒါကနတ်ရုပ်ဘဲ ဒါကဗြဟ္မာရုပ်ဘဲ စသည် ဖြင့် ထင်မှား မြင်မှား ယူမှား စွဲမှား ရပါသည်။ ဝိပလ္လာသ ၄-ပါးနှင့် ညားမိပုံကို ဥပမာပြသည်။

(၃) ဖြူ,နီ,စိမ်း,ဝါ,ပြာ,မဲစသော ဆေးသည် သူ့ဟာသူနေရပါလျှင် ဒါကလူပုံ ဒါကနတ်ပုံ ဒါကဗြဟ္မာပုံစသည်ဖြင့် ပုံစံသဏ္ဍာန်မဖြစ်နိုင်ပါ။ ။ ပန်းချီသမားက ပြုပြင်၍ပေးမှသာလျှင် ဒါကလူပုံဘဲ ဒါကနတ်ပုံဘဲ ဒါက ဗြဟ္မာပုံဘဲဟု ထင်မှား မြင်မှား ယူမှား စွဲမှားရပါသည်၊အဲဒါ ဥပမာတွေ ပါဘဲ။

(၄) အဲဒီဥပမာလိုပင် အသံပရမတ်, ဩဇာပရမတ်, အနံ့ပရမတ်, လေ ပရမတ် ဓာတ်လေးပါး၏ သတ္တိတန်ခိုးတွေဟာ သူ့ချဉ်းသက်သက် ရှိ၍ နေပါလျှင် ဘယ်သဏ္ဍာန်မှ မပေါ်ရပါ၊ ဘယ်ပုံစံမှ မဖြစ်လာရပါ၊ မဖြစ် ခဲ့သော် လူဘဲ နတ်ဘဲ ဗြဟ္မာဘဲဟု သဏ္ဍာန်စွဲပြီး အမှားတွဲလွဲနှင့် လွဲမှား၍ ခေါ်စရာ ထင်စရာမရှိပါ။ ဩဇာဟာလဲ ဩဇာတွင်ရပ်၍ နေတော့၏။ အနံ့ ဟာ အနံ့ပါဘဲ၊ အသံဟာအသံပါဘဲ၊ လေဟာလေပါဘဲ၊ ၎င်း(ဩဇာ,အနံ့, အသံ,လေ)တို့ဟာ သဘောသက်သက်လောက်သာ ဖြစ်၍ သဘာဝလောက် သာပြ၍ အရှိန်မျှ ဓာတ်မျှ သတ္တိမျှသာဖြစ်၍ ပင်ကိုမူလအတိုင်းနေပါသည်။ သူတို့ကို အပေါင်း အစု အစိုင် အခဲ အမှုန့် အဖြုံး အတုံး အတစ် ၄-ဒေါင့်

၃-ဒေါင့် အဝိုင်း အရှည် အတို အနိမ့် အမြင့် အလှ မလှ စသည်ဖြင့် ဘာနှင့်ဘဲစွဲလမ်း၍ ကြည့်စမ်းပါ၊စွဲလမ်း၍မဖြစ်နိုင်ပါ။ငါထင်လဲမရ သူထင်လဲမရ၊လူထင် နတ်ထင်လဲမရ စွဲနေကြ ၁၆-ပါးနဲ့ဘဲ စွဲကြည့်စမ်းမရတော့ပါ။ နို့ ဒင်း(သဘောတရားတွေဟာ)စွဲမရ လှမ်းမရ ဘာနဲ့မှမရဘဲနှင့် ယခုတော့ ဘာပြုလို့(သဘောတရား)တွင်ရပ်တန်းက ရပ်၍မနေဘဲ ပရမာနုမြူတွဲ၊အနုမြူတွဲ၊ တဇ္ဇာရီနုမြူတွဲ၊ ရထရေနုမြူတွဲ၊ လိက္ခာမြူတွဲ၊ သန်းဥကျောင်းတွဲ၊ စပါးတလုံးတွဲ။ လူသဏ္ဍာန်,နတ်သဏ္ဍာန် စသည်ဖြင့် မြင်ရတဲ့ လူများက အမြင်များ အထင်များ အမှတ်များရအောင် ဘယ်သူကပြုပြင်ပေး၍ ဖြစ်ရတာလဲဟု စစ်တမ်းထုတ်ကြပါ၊ပြုပြင်ပေးတဲ့ လက်သယ်ကို ရှာကြပါ။တွေ့လျှင် ယုံမှားခြင်းကင်း၍ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်း ပေါက်ရောက်ပါလိမ့်မည်။

(၁) ပြုပြင်ပေးတဲ့ လက်သယ်တွေ ဘမ်းမိပုံမှာ။

ပြုပြင်ခြင်းခံရတာက ဓာတ်သဘောတရား အရှိန် သတ္တိများပါဘဲ။ ပြုပြင်လို့တမျိုးဖြစ်တာက သမူဟ ဃန သဏ္ဍာန သန္တတိ နာမပညတ်ပါဘဲ၊ ပြုပြင်လို့ ပေးနေတာက ကံ စိတ် ဥတု အာဟာရ လေးပါးပါဘဲ၊ ထင်မြင်ယူမှားတာက ဒိဋ္ဌိစေတသိက်ပါဘဲ၊ မမြင်အောင် ဖုံးကွယ်ထားတာက မောဟအဝိဇ္ဇာပါဘဲ၊အမှားတွေ အကပ်ခံ၍ နေရတာက စိတ်မနောဝိညာဉ်ပါဘဲ၊ မှားလျှင် ရမ်းကားသောင်းကျန်းတာက အကုသိုလ် စေတသိက်ပါဘဲ။

(၂) သဘောတရားတွေကို အထယ်ဟု ဒြပ်ဟု သဏ္ဍာန်ဟု ထင်မှားရအောင် ပြုလုပ်သူ သုံးဦး၊ဒုတိယလက်သယ်က ဘမ်းမိပြန်ပြီ၊ ကြည့်ကြစမ်းပါလေ။ (ပထဝီ၊ အာပေါ၊ ဝဏ္ဏော၊ ဖက်စပ်၊ ဘေးကြီးညှပ်၊ မြင်အပ်ဒြပ်ကိုင်း)။ ပထဝီဓာတ်ကို ဥပမာဆိုလျှင် မှုံမှုန့်တွေနှင့်တူပါသည်။ မရောနှောသေးဘဲ သူ့ကလာပ်နှင့်သူပင် နေကြပါတယ်။ အာပေါက အမှုန့်တွေ မကွဲအောင် တသားထဲနေအောင် ရောစပ်၍ ပြုပြင်ပေးပါသည်။ ဝဏ္ဏောက ရောပြီးသားကို စိမ်းစိမ်း ဝါဝါ ပြာပြာ ဖြူဖြူ နီနီ စသည်ဖြင့် ကြည့်ရှုသူ မြင်ရအောင် ပြုပြင်၍ ပေးပြန်တော့၊ (သမူဟပညတ်ဖြစ် ဃနပညတ်ဖြစ်၊ သဏ္ဍာနပညတ်ဖြစ်၊ သန္တတိပညတ်ဖြစ်၊ နာမပညတ်ပေါ်ရသည်)။ အဲဒါက ဆက်ခေါ်သဖြင့်၊ ငါငါ သူသူ လူလူ နတ်နတ် ပညတ်တွေ ပေါ်မှား

မြင်မှား ထင်မှား ယူတဲ့ ဝိပလ္လာသတွေပေါ့။ ဒါနဲ့ အကုသိုလ်တွေဖြစ်ကုန်။ ဒုစရိုက်မှုတွေ ပြုလုပ်၊ အပါယ်သို့ ကျကုန်ကြ ပါရောတဲ့။ (မှားစရိုလျှင်၊ မှားချင်ချင်တည့်)စသော လက်ာအတိုင်း ရှုတ်ပြရှင်းပြပါ။

(၃) သဘောတရားတွေကို အသက်ရှင်သည်၊ သေသည်ဟု ထင်မှား ရအောင် ပြုပြင် ပေးသော တတိယ လက်သယ်၊ ဘမ်းမိ ပုံကား။ ။ (တေဇော လှည့်ပတ်၊ ရှေ့နောက်စပ်၊ ထင်လတ် အသက်တိုင်း)။ ပထဝီ အာပေါ ဝဏ္ဏော ဆိုတဲ့ လက်သယ်များက အထင်မှားအောင် ဒြဗ်ဟု အထယ်ဟု၊ ကိုယ်ကြီးဟု၊ ထင်ရုံ မြင်ရုံ ယူရုံ စွဲလမ်းရုံမျှသာ ပြုနိုင်ကြ ပါသည်။ ၎င်းတို့ ၃-ဦးကြောင့် လူသေကောင်ကြီးလို ကျောက်ရုပ် သစ်သားရုပ် ရွှံ့ရုပ် စသည်ဖြင့် အရုပ်မျှသာ ပြု၍ပေးနိုင်ကြ ပါတယ်။ ဟောဗျ-ယခုလာတဲ့ တတိယလက်သယ်ဖြစ်တဲ့ တေဇောဓာတ်ကြောင့် ဒီရုပ် ကြီးဟာ မသေပါဘူး၊ သွေးတွေတိုး၍ နေပါသေးတယ်၊ ပူပူနွေးနွေးဘဲ ရှိပါသေးတယ်၊ အဲဒါတွေ မတွေ့ရပြန်တော့လဲ ဒီသူဟာ သေ၍သွားပါပြီ၊ မရှင်တော့ပါဘူးဟု ထပ်ပြီးမှားအောင်၊ သေတယ်၊ ရှင်တယ်ဟု အစွဲ မှားအောင် တေဇောက ပြုလုပ်ပေးတာပါဘဲ။

(၄) သဘောတရားတွေကို သတ္တဝါဘဲ နူးညံ့တာဘဲ ကြမ်းတာဘဲ ကောင်းတာဘဲ ဆိုးတာဘဲဟု ထင်မှားအောင် ပြုပြင်ပေးသော စတုတ္ထ လက်သယ်ကား၊ (လှည့်ပတ်ဝါယော၊ အရှင်သောနှယ်၊ ၂-သွယ်ဝိညတ်၊ ရုပ်စုံဓာတ်၊ ထင်မှတ် သတ္တဝါတိုင်း)။ ၁-၂-၃-လက်ာ ၃-ပုဒ်ဟာ မိုးညွှင်း လက်ာတည်း။ ဒုတိယ လက်သယ်က ဒြဗ်ဟု ထင်မှားအောင်။ တတိယ လက်သယ်က အသက်ဟု ထင်မှားအောင် ပြုပြင်ပေးလို့ အားရေသဖြင့်။ ဟောဗျ-ယခု စတုတ္ထ လက်သယ်က သတ္တဝါဟု ထင်မှားအောင် ပြုပြင်၍ ပေးကြ သည်မှာ ဝါယောလှည့်ပတ်၊ ကာယဝိညတ်၊ ဇဝီဝိညတ်၊ ရုပ်စုံ ဓာတ်က၊ နုပုံ ကြမ်းပုံ ပြုံးပုံ မဲ့ပုံ သာယာပုံ မသာယာပုံ စိတ်ရွှင်ပြုံ စိတ်ညှိုးနွမ်းပုံတို့ကိုပါ အစုံပြ၍ မိစ္ဆာဘဝသို့ ရောက်ကြပါတော့သည်။ စု၍ ပြချက်ကား၊ (တကိုယ်လုံးဖြစ်၊ ဆဲ့နှစ်အထယ်၊ ခြယ်လှယ်ခြောက်ဖြာ၊ မူရာ ငါးပါး၊ ဘေး လေးပါးနှင့်၊ ကလာပ်ခြား တစ်၊ နှစ်ဆဲ့ရှစ်၊ ခွဲစစ် ရုပ်ပေါင်းမှတ်)။ လက်ာ။

(၁) အဋ္ဌကလာပ်၊ဘာဝစပ်၊ကာယဟဒယဇီဝိတေ။ ၁၂-အထယ်ပြုဖ်ရုပ်။
(၂) စက်သောဃာဇိ၊ ဟဒယိ၊ တလီသဒ္ဒပေ။ ၆-ပါးချယ်လှယ်ရုပ်။
(၃) ဝိကာရငါး၊ မူရာထား၊ ၅-ပါးကအမူအရာရုပ်။
(၄) လေးပါးဘေးလက်ပေ။ ၄-ပါးကဘေးရုပ်ကြီးတည်း။
(၅) ကလာပ်ခြားမှား အာကာသာ၊ ပေါင်းကာဋ္ဌဝီသေ။ ၁-ပါးက ခွဲပေးတဲ့ရုပ်။
(၆) ငန္ဒွားလူမိုက်၊ အရက်တိုက်၊ ဖျက်လိုက်ရွာတိုင်းပြည်။

ဤလူစုတွေက အဲဒီလို မှားအောင်ပြု၍ ဆွဲထားကြသဖြင့်၊ အာဋ္ဌာဝရ, ဥဒက, ကာဋ္ဌဒေဝီလ, ရသေ့ အာဇာနည်ကြီး ၃-ဦး တို့မှာ နောက်လိုက် နောက်ပါ လူတွေနှင့်တကွ၊ ဝိပလ္လာသ လက်ထိပ် ခတ်ခြင်း ခံကြရသဖြင့်၊ ယခုအထိ သံသာရ တိုင်းပြည်က မထွက်မြောက် နိုင်ကြဘဲ၊ ယခုအခါမှာ ဆိုလျှင် ရုပ်ပြစ် ရှစ်ပါးတွင် ပါဝင်သော အရူပနယ်မှာ၊ ထောင်ကျတုန်း အချုပ်ခံရတုန်းပင်ဖြစ်ကြရပါသည်။ဒါကိုမြင်၍ မြတ်စွာဘုရားကြီးက (မဟာ ဇာနိယော ဝတ ဘော အာဋ္ဌာရော ဥဒကော ဒေဝီလော- ဟူ၍) ငြီးတွား ခြင်းခံကြရပါသည်။ ။ဘော၊ အို-ကမ္ဘာသူကမ္ဘာသားတို့။ အာဋ္ဌာရော၊ ဈာန်ယာဉ်ကိုစီးနေတဲ့ အာဋ္ဌာရ ရသေ့ကြီးသည်ငင်း။ ဥဒကော၊ အဘိညာဉ် စီးနေတဲ့ ဥဒကရသေ့ကြီးသည်ငင်း။ ဒေဝီလော၊ သမာပတ်ကိုစီးနေတဲ့ ဒေဝီလ ရသေ့ကြီးသည်ငင်း။ မဟာဇာနိယောဝတ၊ အရှုံးကြီးရှုံး လူ့ ကျောက်တုံးကဲ့သို့ စုံးစုံးမြုပ်ခါ ရုပ်ပြစ်ရွာ၌ ချာချာလယ်၍ ဆုံးရှုံးရလေစွ တကား။ ။ဤရသေ့ကြီး ၃ ပါးမှာ ဒါန, သီလ, သမထ-စသော ကုသိုလ်ကြီး ၃၅-ပါး ပြည့်ဝ၍နေကြပေမဲ့ ခေတ်လေးပါးကို မတွေ့သေးဘဲ ဒိဋ္ဌိမကွာသေးဘဲနှင့် နေမိရကား၊ ၃၁-ဘုံက မထွက်မြောက်ကြရသေးဘဲ၊ သံသရာလယ်၍ နေကြရပါသည်။ ယခုလူတွေဟာ ခပ်မြန်မြန်ကြီး ခေတ်ကို ရှာ၍ ဒိဋ္ဌိခွါကြပါ၊ နိဗ္ဗူတာသို့ ရောက်ပါလိမ့်မည်။

---

## (၇၁) ဗမာပြည်၌ ပဒေသာပင်ကြီး လေးပင်

ဗမာပြည်သည် တိုက်ကြီး ၆-တိုက်၊ကမ္ဘာ့မြေပုံတွင် အရောင်တဝင်းဝင်း တထိန်ထိန် တလင်းလင်းနှင့် မွေးရန်ပျံ့သင်းသော ကိုင်းပြည်တခု ဖြစ်၍

နေသည်ဟု အင်္ဂလန်, အမေရိကန်, ဂျာမန်,ရုရှား စသော ကမ္ဘာသားတို့က အသိအမှတ်ပြု၍ ထားရပါကြောင်း။ ဗမာပြည်မှာ တိုင်းကြီး (၇) တိုင်း၊ ခရိုင်ကြီး(၃၆) မြို့ရံပေါင်း(၁၇၀) ရွာပေါင်း(၂)သောင်းကျော်၊ လူဦးရေ (၁၇)သန်းကျော် ရှိပါသည်။

## (၁) သာသနာ့ ပဒေသာပင်ကြီး ဗမာပြည်

ဗမာပြည်သည် သာသနာ့ပဒေသာပင်ကြီးဖြစ်၍ နေပုံကား(၁)ပရိယတ္တိ သာသနာဆိုတဲ့ စာပေကျမ်းဂန် သင်ကြားမှုလည်း မျက်မြင်တွေ့ရ၏။ ခရိုင်မြို့ကြီးများနှင့် မြို့ငယ်များ ရွာကြီးများ၌ပင် ရှိလျက်နေကြ၏၊အထူးသဖြင့် ပခုက္ကူမြို့,မန္တလေးမြို့,ရန်ကုန်မြို့များ၌ ပိုမိုထင်ရှား၏။ (၂)ပဋိပတ္တိသာသနာ ဆိုတဲ့ ကျင့်ကြံမှု၌လည်း များစွာတွေ့ရ၏။ ဒါနဆိုတဲ့ ပဋိပတ္တိအကျင့်မှာ တနိုင်ငံလုံးပင်ဖြစ်၏၊ သီလပဋိပတ္တိအကျင့်မှာ ၁၇–သန်းကျော်ပင် ကျင့်ကြ၏၊ သမထပဋိပတ္တိအကျင့်မှာ တသိန်းခန့် ကျင့်ကြ၏၊ ဝိပဿနာပဋိပတ္တိ အကျင့်မှာ ဂိုဏ်းဂဏပေါင်း ၂၂–မို့ ၃–သန်းကျော်ခန့်ကျင့်ကြ၏။( ၃) ပဋိဝေဓသာသနာဆိုတဲ့ ခေတ်တွေ့သူ ကလာပ်တွေ့သူ ဉာဏ်စဉ်တွေ့သူ မဂ်ဖိုလ် ရသူတို့ကား များစွာပင်တည်း။ကျောင်း ကန်တွေမှာလည်း ၃–သောင်းခန့် ရှိမည်။ စေတီတွေမှာလည်း ပုဂံမြို့ထဲ၌ပင် (လှဲဝင်ရိုးသံတည်ညံ့ ပုဂံဘုရား ပေါင်း)ဟူသော လင်္ကာနှင့်အညီ (၄၄၄၆၇၃၃) အဆူပေါင်း ရှိပေ၏။ ဘိုးဝင်းတောင် တနေရာထဲ၌ပင် (ရွှေလသာ၀ါ၀ါဝင်း ဘိုးဝင်းတောင်မှာ လင်း)ဟူသောလင်္ကာနှင့်အညီ(၄၄၆၄၄၄)အဆူပေါင်းရှိပေ၏၊ မြို့ကြီးတိုင်း, မြို့ငယ်တိုင်း, ရွာတိုင်းမှာဆိုလျှင် အဆူဆူပေါင်း တကုဋေမက ရှိပေမည်။ ရခိုင်ပြည်မြို့ဟောင်း၌ မင်းဗာကြီးဖွားစောတို့ တည်ခဲ့သော ၇–သောင်း ဂူဘုရားနှင့် သားတော်တည်ခဲ့သော ၉–သောင်း ဂူဘုရားများရှိချေသေး၏။ လူတိုင်း လူတိုင်းတို့၏ ခန္ဓာကိုယ်သည် စေတီအိမ်များသာ ဖြစ်ကြတော့၏။ အကြောင်းကား အက္ခရာတလုံးလျှင် ဘုရားတဆူနှင့် စာပေအက္ခရာများ ခန္ဓာ၌ ကိန်းအောင်းဌာပနာထားသောကြောင့် ဖြစ်၏။ သိက္ခာပုဒ်တခုသည် ဘုရားတဆူပင်ဖြစ်ရကား ငါးပါးသီလတည်သူ၌ ဘုရားငါးဆူ ၈–ပါးသီလ တည်သူ၌ ဘုရား ၈–ဆူ၊ ဌာပနာထားရကား ခန္ဓာတိုင်း စေတီဖြစ်ပြန် တော့၏။ ဗမာပြည်၌ ယောကျ်ားမှန်လျှင် ရှင်ပြုပြီးသား များလှပေ၏။

ရှင်မပြုရလျှင် ခေါင်းကိုက်၍ နေသလို ဖြစ်ကြ၏။ဗမာပြည်၌ ဒုတိယကမ္ဘာ့စစ်ကြီး မဖြစ်မီက ရှင်ရဟန်းဦးရေမှာ (ရှစ်သောင်းကျော်) ဖြစ်ပေ၏။ ယခုမှာ(သုံးသောင်းကျော် ရှိ၏)သီလရှင် ရသေ့မ ပရဗိုဇ်မှာ တသောင်းကျော်ခန့် ရှိတော့သည်။

## (၂) ကုသိုလ်ပဒေသာပင်ကြီး ဗမာပြည်

ရှင်ရဟန်း သီလရှင်များအတွက် တနေ့လျှင် လှူရသော (၈)ပေါင်းမှာ ရှင်ရဟန်းက (၃)သောင်းကျော်၊သီလရှင်က (၁)သောင်းကျော်မို့ တပါးတပါးလျှင် (၈) စီထား၍ (၈)ပေါင်း ၄–သောင်းကျော်တည်း။ ဇရပ်တန်ဆောင်း ဂူကျောင်း စေတီ သပိတ် သင်္ကန်း ဆေးစသော အလှူများ မပါတော့ချေ။ ၁၃၁၇- ခုနှစ် ကြော်ငြာအရ၊ဆူးလေစေတီ ရွှေချရန်အတွက် စုရငွေပေါင်းမှာ (၅) သိန်းကျော်ဟု တွေ့ရ၏၊ စေတီ (တရာ)ကို ရွှေချရန် (သိန်းတရာနှင့်ခန့်လေ)။

ရှင် ရဟန်း သီလရှင်အတွက် တနေ့လှူငွေမှာ။

| | |
|---|---|
| တရက်လျှင် ပဲပေါင်း.... .... .... .... | ၃၂၀၀၀၀ |
| တလလျှင်ပဲပေါင်း.... .... .... .... | ၉၆၀၀၀၀၀ |
| တနှစ်လှူပဲ့ပေါင်း .... .... .... | ၁၁၅၂၀၀၀၀၀ |

ထို့ကြောင့် ဗမာပြည် ကုသိုလ်ပဒေသာပင်ကြီး ဖြစ်၍ နေတော့၏။ ဗမာပြည်၌ကုသိုလ်မိုးကြီး ရွာချနေသကဲ့သို့ ပြုလုပ်ကြသောကုသိုလ်ပဒေသာပင်ကြီးကား....(ဒါန သီလ သမထ သုစရိုက် ပုညကြိယာ ပါရမီ စရိယာ) စွန့်ခြင်းကြီး ဓုတင် ရသေ့ပြု ရှင်ပြု ရဟန်းပြု စာပေသင် ပိဋကတ်ပို့ချ ဝိဇ္ဇာ အဘိညာဉ် သမာပတ် ဈာန် ဝိပဿနာစသော အကျင့် ၁၈–ပါးတို့ကို ကျင့်ကာ ကြံကာနှင့် အနေကောင်း အသေကောင်းဘို့ ပြုကြပါသည်။

ပတ္တမြားတပြိုး ဆန်တပြီတဲ့၊ သတိလဲ ပြုကြပါ။

### သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာတဲ့၊ ကျမ်းဂန်လာပုံ

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-ဆိုတဲ့ ပါဠိတော်အရဖြင့်၊ ကမ္ဘာမှာ အစာသာလျှင် သတ္တဝါတို့အတွက် အရေးအကြီးဆုံးဖြစ်ရာ၊ အခြားသော နိုင်ငံများမှာ ဆန်,စပါး-စသော အစာ အာဟာရ အတွက် ၃၀–ရာခိုင်နှုန်း ၄၀–ရာခိုင်နှုန်းမျှသာ ထွက်ကြ၏။ ဗမာပြည်၌မူကား ဆန်,စပါးမှာ ၉၅–

ရာခိုင်နှုန်းမျှထွက်ပေရာ၊ အသက်ပဒေသာပင်ကြီးဖြစ်တဲ့ ဗမာပြည်ဟု ချီးမွမ်းခံခဲ့ရတော့၏။ ဗမာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက နှစ်စဉ်နှစ်တိုင်း ဆန်တန်ချိန်ပေါင်း ၇-သန်းခန့်ထွက်လျက် တန်ချိန် သုံးသန်းခွဲ ကမ္ဘာ့ ဆန်ရောင်းဝယ်ရေး လုပ်ငန်း၏ ၄၆-ရာခိုင်နှုန်းမျှကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သဖြင့်၊ ဗမာနိုင်ငံ၏ အရေးပါအရာရောက်ပုံကို ချင့်တွက် ခန့်မှန်းနိုင်လေသည်။ ကမ္ဘာ့ထက်ဝက်သည် ဗမာဆန်ဖြင့် အသက်ရှည်လျက်နေကြရ၏။ လူဦးရေ ၁၈-သန်းခန့်ရှိ၍ ဗမာ့သယ်ယာကေမှာ ၁၇-သန်းကျော်ခန့် ရှိပေသည်။ ဗမာလူဦးရေကို ၃-ပုံပုံ၍ ၂-ပုံသည် လယ်ယာလုပ်သူများဖြစ်ကြ၏။ ဗမာပြည်သည် တောင်ဘက် ဝိတိုရိယအငူမှ မြောက်ဘက် နယ်ခြားအထိ မိုင်ပေါင်း ၁၃၀၀-ကျော် ရှည်လျား၏။ ပင်လယ် ကမ်းရိုးတန်း မှာလည်း ရခိုင်ပြည်မြောက်ပိုင်းနယ်စပ်မှ ဝိတိုရိယအငူအထိ မိုင်ပေါင်း ၂-ထောင်ခန့် ရှည်လျား၏။ အနံမှာ အရှေ့ အနောက် မိုင်ပေါင်း ၇၀၀-ကျော် ရှိပြန်၏။ ဗမာနိုင်ငံ၏ အကျယ် အဝန်း စတုရမ်း မိုင်ပေါင်းမှာ ၂၆၁၆၁၀-ဖြစ်၍ ဗြိတိသျှကျွန်းစုထက် ၂-ဆခန့်ကျယ်ဝန်း၏။ ရာသီဥတုညီမျှ၏။ သာယာဝပြောလှပေ၏။

## (၃) အာဟာရ ပဒေသာပင်ကြီး ဗမာပြည်

ဗမာပြည်ပဒေသာပင်မှထွက်သော စားသုံးစရာများကား

| အမျိုးအမည် | ကေပေါင်း |
|---|---|
| ဆန်,စပါးအမျိုးမျိုး | ၁၂၀၃၆၀၀၀ |
| နှမ်းအမျိုးမျိုး | ၁၄၇၈၀၀၀ |
| မြေပဲအမျိုးမျိုး | ၆၀၃၀၀၀ |
| ခွံပြောင်း,ဆန်ပြောင်း | ၅၇၆၀၀၀ |
| ဟင်းသီးဟင်းရွက် | ၅၀၉၀၀၀ |
| ဥယျာဉ်ထွက်အထွေထွေ | ၄၄၀၀၀၀ |
| ဝါဂွမ်း | ၄၀၄၀၀၀ |
| ဖွုးစားပြောင်း | ၂၀၅၀၀၀ |
| ကုလားပဲ | ၂၀၄၀၀၀ |

| အမျိုးအမည် | ကေပေါင်း |
|---|---|
| အထွေထွေအသီးအနှံများ | ၂၀၄၀၀၀ |
| ပဲကြီး | ၁၅၄၀၀၀ |
| ပဲဖြူကလေး | ၁၂၄၀၀၀ |
| ပဲကြား | ၁၀၆၀၀၀ |
| ငရုပ်အမျိုးမျိုး | ၉၃၀၀၀ |
| ဆေးအမျိုးမျိုး | ၈၁၀၀၀ |
| ကြံ | ၃၃၀၀၀ |
| ဂျုံစပါး | ၃၀၀၀၀ |
| ကွမ်းသီး | ၃၀၀၀၀ |
| ထန်းလျက် | ၂၂၀၀၀ |
| | အစုစုကေ ၁၇၃၃၇၀၀၀ |

## (၄) ရတနာပဒေသာပင်ကြီး ဗမာပြည်

(၁) နမ္မတူမှာ ဘော်ငွေများထွက်သည်။ (၂) မြစ်ကြီးနားနယ်မှာ ရွှေထွက်သည်။ (၃) ဟူးခေါင်းတောင်ကြားနယ်မှာ မြဆိုတဲ့ကျောက်စိမ်း ထွက်သည်။ (၄) မိုးကုတ်နယ်မှာပတ္တမြားထွက်သည်။ (၅) ရေနံချောင်း။ (၆) ရေနံကြပ်။ (၇) ချောက်၊ (၈) မင်းဘူး။ (၉) သရက်နယ်များမှာ ရေနံထွက်၍ ရေနံဆီ ခဲတတ်ဆီ ကတ္တရာများ ထွက်သည်။ (၁၀) သရက်နယ် များမှာ ဘိလပ်မြေထွက်သည်။ (၁၁) မော်ချီမိုင်း။ (၁၂) ထားဝယ်မိုင်း။ (၁၃) ဘိတ်နယ်များမှာ ဝူဖရန်း စသော သတ္တုများ ထွက်သည်။ (၁၄) ထားဝယ်နယ်မှာ ခဲများစွာထွက်သည်။ (၁၅) တောတောင်များမှာ ကျွန်းသစ်, ပျဉ်းကတိုးသစ်-စသော အဘိုးတန် သစ်များ ထွက်သည်။ ဆန်ရောင်း၍ရသောငွေများပင် ကုဋေ ၅၀-မှ ကုဋေ ၆၀-အထိရရှိနေရကား ပြခဲ့ပြီးသော ၂၈-ဌာနမှ ရငွေကား တနှစ်လျှင် ကုဋေ ၁၄၀၀-အထိ ရရှိပြီ ဟုသိရာ၏။

## (၇၂) ဗမာပြည် ၂-ခါလွတ်ပြီ

ပဌမကျွန်ဘဝမှ လွတ်လပ်ရေးရသောပြည်။
ဒုတိယသံသရာမှ လွတ်လပ်ရေးရသောပြည်။

ယခုရှိသော ဗမာပြည်သည် မဇ္ဈိမဒေသမှ ရောက်ရှိလာကြသော သာကီဝင်မင်းမျိုး အဘိရာဇာမှ အစပြု၍ ဗမာလူမျိုးများ ဖြစ်လာကြပါသည်။ ဗမာဟုခေါ်ရခြင်းမှာ ကမ္ဘာတည်စ ကမ္ဘာဦး၌ ကမ္ဘာဦးက ပညာရှိများနှင့် ဗမာအစ၌ အဘိရာဇာအစရှိသော သာကီဝင်တစုတို့သည် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ)ဟူသော ဗြဟ္မစိုရ်တရားနှင့် နေထိုင်ကြသူများဖြစ်ကြ၍ အထက် ဗြဟ္မာ့ပြည်က ဗြဟ္မာကြီးများနှင့် စိတ်နေ စိတ်ထား ကျင့်ကြံနေထိုင်ကြပုံပါ အလွန်တူသောကြောင့်၊ ၎င်းတို့ကို (ဗရဟမာ) ဟူ၍၎င်း ၊(ဗြဟ္မာ)ဟူ၍၎င်း၊ (ဗမာ)ဟူ၍၎င်း၊ (မြန်မာ)ဟူ၍၎င်း အမည်လေးမျိုးဖြင့် အခေါ်ခံခဲ့ကြရကုန်၏။

ဤကဲ့သို့ ကိုယ့်မင်း ကိုယ့်ချင်းနှင့် စိုးစံ၍ (အမျိုး ဘာသာ သာသနာ ပညာ စီးပွားရေး ချမ်းသာ) နှင့် တိုးပွား စည်ကားကာ နေခဲ့ကြရာ၌၊ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ မြင်းစိုင်းခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ မန္တလေးခေတ်ဟူ၍ အသစ် အသစ် ဆက်စပ်ခါ ကြီးပွားထွန်းကားလာခဲ့လေသည်။

## အင်္ဂလိပ်လက်တွင်း ကျွန်ရာသို့ အသွင်းခံရပုံ

(၁) အိုး။အင်း။ရှိုး။သံ။ကုလားမြန်။ဝေရုံ ပဌမ။ (လက်ာအရ)

၁၁၈၆-ခုနှစ်တွင် မြန်မာနှင့်အင်္ဂလိပ်တို့ ပဌမအကြိမ် စစ်ဖြစ်ကြရာ၊ အာသံပြည်,မဏိပူရ ကသဲပြည်,ရခိုင်ပြည်,တနင်္သာရီတိုင်းများကို အင်္ဂလိပ်တို့က သိမ်းယူခဲ့၍ မရှုမလှ ခံခဲ့ရသဖြင့် အမျိုးဘာသာ သာသနာ ပညာ စီးပွားရေးပါ အားလုံးအညွန့်တုံး၍ ကျွန်းလုံးလုံးကြီး ဖြစ်ခဲ့ရပါသည်။

(၂) အောက်ကအလံ၊ခိုက်ထူပြန်၊ဝေရုံ ဒုတိယ။ (လက်ာအရ)

၁၂၁၄ ခုနှစ်တွင် မြန်မာနှင့် အင်္ဂလိပ်တို့ ဒုတိယအကြိမ် စစ်ဖြစ်ပြန်ရာ ပဲခူးတိုင်း ,ဧရာဝတီတိုင်း, မကွေးတိုင်း တဝက်၊သရက်မြို့ အာလံမြို့အထိ အသိမ်းခံရ၍ အမျိုး ဘာသာ သာသနာ ပညာ စီးပွားရေးပါ ရှုံးခဲ့ရပြန်၏။

(၃) အင်္ဂလိပ်တက်၊မန်းမြို့ပျက်၊ရန်ဆက် တတိယ။

(၄) ဦးကောင်းလိမ်တုတ်၊မင်းဆက်ပြုတ်၊ကျွန်စုတ်ဖြစ်ခဲ့ရ။ (လက်ာအရ)

ဇမ္ဗူသာယာ ၄၆၁-၂၄

၁၂၄၇-ခုနှစ်တွင် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့၌ ဗမာပြည် အားလုံးသိမ်းကျုံး၍ ကျွန်စာရင်း၌ အသွင်းခံရပြန်ပါသည်။

ပဥ္စမ လွတ်လပ်ရေးရသော ဗမာပြည်။ ။၁၃၀၉-ခုနှစ်၊ ပြာသို လဆုတ် ၉-ရက် နံနက် ၄-နာရီ မိနစ် ၂၀-အချိန်တွင် မဘိုက်ခိုက်ရတော့တဲ့ အင်္ဂလိပ်တို့၏လက်မှ ထွက်မြောက်သော ဗမာပြည် ဖြစ်ခဲ့ရ၏။တဖန် ဒုန်တဲ့ လျက် သံသရာနယ်ကြီးထဲမှ ထွက်မြောက်ရသော ဗမာပြည်ဟု ဘွဲ့ဘာံဆိပ်ကို ဒုတိယအကြိမ် ရရှိကြရန်၊ ဝိပဿနာသာသနာကြီးဆိုတဲ့ တကဲ့လက်နက်ကြီး ဖြင့် အောင်မြင်လျက် တစဘာစ ရရှိပြန်တော့၏။ ယခုအခါတွင် ပြည်စွန် ပြည်ဖျား ရွာငယ် ရွာကြီး အသီးသီးနှင့်တကွ မြို့ငယ် မြို့ကြီး ဝိပဿနာ နေရောင် ထိန်ထွန်းပြောင်၍ အရောင်တဝင်းဝင်း မှောင်ကိုခွင်းပြီး အလင်း ကိုသာ ပေးလျက်ရှိနေရကား (ဒါန သီလ သမထ ဝိပဿနာဆိုတဲ့) ဗုဒ္ဓ ဩဝါဒ သာသနာတော်ကြီးသည် ယခုမှပင် လေးဘက် လေးတန် တန်ခိုး လျှံ၍ စိုးစံကာနေနိုင်ပေတော့သဖြင့် (အဟော ဗုဒ္ဓေါ၊ အဟော ဓမ္မော၊ အဟော သံဃော)ဟု အားရဝမ်းသာ ကျူးရင့်ရရှာပါသည်။ ။ဗမာ့ ဂုဏ်ရောင်ပြကြပါ၊ ဘဂဝါ့ဂုဏ်ရောင်ပြကြပါ၊ သာသနာ့ဂုဏ်ရောင်ပြကြပါ၊ ဆရာ့ဂုဏ်ရောင်ပြကြပါ၊ ဗမာလူမျိုးတိုင်း ဗမာပြည်သားတိုင်း(ဒါန သီလ သမထ ဝိပဿနာ)လေးဘက်လေးတန် စုံကြပါစေကုန်သတည်း။

---

## (၇၃) အမှန်နှင့်အမှား ဆွေးနွေးခန်း

တနေ့သ၌ ဆရာတော်ကြီးတပါးသည် ဦးခင်ဟုတွင်နေသော ၇၀-ကျော် ဒါယကာကြီးကို ခေါ်ပြီး ရှေ့သို့ရောက်တော့....ဟေ့-မောင်ခင်ရ၊ မင်းဟာ တရားတွေ့ပြီဆို။ ။မှန်ပါတယ်ဘုရား တွေ့၍နေပါပြီ၊ ဘယ်မှာ တွေ့သလဲ မောင်ခင်ရ။ ။မှန်ပါ ခန္ဓာမှာရှိတော့ ခန္ဓာကဘဲ တရားကပြလို့ ခန္ဓာမှာဘဲ တွေ့ရပါတယ်ဘုရား။ ။ဘယ်ပုံလို တွေ့ရသတုန်းဟ ပြောစမ်းပါအုံး။ ။ ဦးခင်က ဆရာတော်ကြီးဟာ စာပေ၌ သန်နေတာသိလို့ ဓမ္မပဒပါဠိ တော်မှာ....ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ၊ ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ-ဟု ဘုရား ဟောထား ပါသည်။ ဘုရားဟော ပါဠိ အတိုင်းပင် ယထာ ပုဗ္ဗုဠကံ ပဿေ-အရ၊ ခန္ဓာထဲမှာ

ရေပွက်များလို ဖောက်ပြန်နေတဲ့ ရုပ္ပနသဘောတွေ ဝိပရိဏာမသဘောတွေ မမြဲတာတွေ ဆင်းရဲတာတွေ အစိုးမရတာတွေကို တွေ့ရပါတယ်ဘုရား။ နို့ပြီးတော့လဲ ယထာ ပသော မရီစိကံ-ဆိုတဲ့ ပါဠိအရဖြင့်၊ ခန္ဓာထဲက တရိပ်ရိပ်နှင့် တလျှပ်လျှပ်နှင့် တရှိန်ရှိန်နှင့် တံလျှပ်များလို တွေ့ရပါတယ်။ နို့ပြီးတော့လဲ လျှောက်ထားခဲ့ပြီးအတိုင်း ရေပွက်များလိုတွေ့ရတာတွေဟာ တံလျှပ်များလိုတွေ့ရတာတွေဟာ ကုဋေတသိန်းလဲမကပါ၊ ကုဋေတသန်းလဲ မကပါ၊ ဒီလို တကိုယ်လုံးမှာ ဖြစ်ပျက်နေတဲ့ အပျက် အနိစ္စ ဒုက္ခ အနတ္တ တွေကို ကိုယ်တွေ့ဖြင့် တွေ့ရတော့ (ဧတ္ထန္တရေ အနေကာနိ ကောဋိသတ သဟဿ သင်္ခါရာနိ ဥပ္ပဇ္ဇန္တိ စ ဝယန္တိ စ)ဟု ဖွင့်ပြထားတဲ့ သဂါထာဝဂ္ဂ သံယုတ်ပါဠိ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ ဝိဘင်းအဋ္ဌကထာ ပါဠိနှင့် လုံးဝ ညီညွတ်စွာတွေ့ရလို့ အမှန်ဘဲဟု ဆုံးဖြတ်ပါတယ် ဘုရားဟု လျှောက်ထားတော့။ ။ဆရာတော်ကြီးက မောင်ခင်ဟာက အတွေး တရားလား အတွေ့တရားလားကွယ်။ ။အရှင်ဘုရား တကယ်သိလိုပါလျှင် ၁၀-မိနစ်လောက် ကျင့်၍ပြီးမှ ဒါဟာ အတွေးတရားဘဲ။ သို့မဟုတ် အတွေ့တရားဘဲဟု ဆုံးဖြတ်နိုင်မှာပါဘုရား။ ။ငါ့ကို အကျင့်ခိုင်း၍ မနေ ပါနဲ့ မင်းတွေ့တာဘဲ ပြောပြပါကွယ်။ ။တပည့်တော် တွေ့တာ ကတော့ (ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ)ဆိုတဲ့ ပါဠိအတိုင်း၊ ဌာနနဲ့ သဘာဝနဲ့ ပမာဏနဲ့ ကလာပနဲ့ ပဟာနနဲ့ ဉာဏနဲ့ အာနုဘာဝနဲ့ တွေ့ရပါတယ်။ ရုပ်တွေ့လို့ ဝေဒနာပါ ဖြစ်ပေါ်ပါတယ်ဘုရား။ ။အေး-အေး၊ သာဓု-သာဓု၊ အမှန် တွေ့နေပြီကွယ်။ မောင်ခင်ရ တို့များလဲ အားထုတ်ပါတယ်ကွယ်၊ အားထုတ် တော့ မျက်စိထဲမှာရော စိတ်ထဲမှာရော နှင်းတွေကျကျနေသလို မိုးဖွဲတွေ ကျကျနေသလို ပိုးစုံးဖြူတွေ စုပုံပြီးတော့ ပျက်ပျက်နေသလို မိုးရွာ၍ နေသလို တွေ့ရတယ်။ အဲဒါကိုကော မောင်ခင်က အမှန်ဆိုမလား၊အမှားဘဲ ဆိုမလား ထင်တာပြောစမ်းပါ။ ။(အဖြေစကားထဲ၌ မျက်စိကမြင်တယ်၊ စိတ်ကမြင်တယ် ဟု ပြောကထဲကပင် (တောက်တဲ့-တောက်တဲ့)ဟု မြည်နေ ပြီဖြစ်၍၊ ခန္ဓဝဂ္ဂသံယုတ်၌ မြတ်စွာဘုရား ဟောတဲ့ (မာယူပမဉ္စ ဝိညာဏံ) ပါဠိနှင့်ညီညွတ်နေသောကြောင့်ရင်း။(ဝိညာဏ်လက်ဖွဲ့၊ မျက်လှည့်သဏ္ဌာန်)

ဆိုတဲ့ မြန်မာဂါထာနှင့် ညီညွတ်နေ သောကြောင့်ရင်း၊ ဝိညာဏ်မြင်ဟာ မျက်လှည့်မြင်၊ အမှားမြင်၍ နေသောကြောင့်ရင်း၊ ဝိညာဏ်မြင်၏ အပြစ်တွေကို အဋ္ဌကထာများ၌၊ ပါဠိများစွာ တွေ့ထားသောကြောင့်ရင်း၊ ပညတ်မြင်ဖြစ်ရကား၊ မကျေနပ်လို့ ဘာမျှမပြောတဲ ငြိမ်၍နေလေ၏)။ ဆရာတော်ကြီးသည် အကဲ ခတ်မိပြီးတော့၊ ငါတွေ့ထားတဲ့ တရားကို သူမကြိုက်ဘူးဟု သိ၍၊ မောင်ခင်ကမှားတယ်ထင်မှာဘဲ၊ မှားတယ်လို့ ထင်ရင်သာ ထင်ရမယ်၊ တခုမှမမြဲဘူးကွဲ့၊ တာဟာ အနိစ္စတွေပေါ့။ ။တပည့်တော် လျှောက်ထားပရစေ၊ ဉာဏစာရီဘုန်းတော်ကြီးဟောတဲ့အတိုင်း။

---

## (၇၄) ပုံစံကိုထောက်၍ ကြည့်ပါဘုရား

| | | | | | | |
|---|---|---|---|---|---|---|
| အရိယာအတွေ့ (၁) | | ပုထုဇဉ်အတွေ့ငါးဌာန၊ | | | | |
| ပရမတ် | | သမူဟ၊ | ဃန၊ | သဏ္ဌာန၊ | နာမ၊ | သန္တတိ၊ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |

အရှင်ဘုရား တွေ့ထားတဲ့ တရားကို ပုံစံ ၆–ဌာနနှင့် နေရာချ၍ ကြည့်တော့။ နှင်းလို ပုံစံသဏ္ဌာန်၊ မိုးဖွဲလို ပုံစံသဏ္ဌာန်၊ မိုးရွာသလို ပုံစံသဏ္ဌာန်၊ ပိုးစုံးဖြူများစုပြုံ၍ပျက်သလို ပုံစံသဏ္ဌာန်ကိုပါ အနိစ္စနှင့် တွဲတွဲပြီး ပျက်ထာကိုတွေ့ပါသောကြောင့်၊ (၄) နံပါတ် သဏ္ဌာနပညတ် ဖြစ်၍နေပါတယ်။ ပညတ် အနိစ္စပါ ဘုရား။ ပရမတ်ဆိုတာ လူမျက်စိ, နတ်မျက်စိ, ဗြဟ္မာမျက်စိနဲ့တောင်မှ မတွေ့ရပါ။ ယခုတွေ့ရတာဟာ လူမျက်စိနှင့် မြင်ရတာမို့ ဝိညာဉ်လိမ်အမှားမြင်ပါဘုရား။ ။ငါ့တရားမှားကြောင်းကို တမျိုးသက်သေပြပါအုံး။

---

## (၇၅) အမြင်သုံးမျိုး သတိပြုတော်မူပါဘုရား

တစ္ဆာရီမှုကို လူတို့မျက်စိနှင့်မြင်ရပါသည်။
အနုမှုကို နတ်တို့ဒိဗ္ဗစက္ခုနှင့်မြင်ရပါသည်။
ပရမာနုမှုကို ဗြဟ္မာစက္ခုနှင့်မြင်ရပါသည်။

ရင်းအမြင်ဖြင့်မြင်တဲ့ ၃–ဦးကို ဖဘုရားကြီးက (အန္ဓိဘူတော အယံ လောကော–တဲ့)။ ဤလူ,နတ်,ဗြဟ္မာတွေဟာ အကာဏ်းတွေချည်းဘဲတဲ့။

နို့ပြီးတော့လဲ၊ (အန္ဓိဘူတသ္မိံ လောကသ္မိံ၊ အာဟညိံ အမတဒုန္ဒုဘိံ)တဲ့။ အကာဏ်းတွေသာ စုပြုံပျော်ပါးကာ နေကြတဲ့ ၃–ဘုံလောကကြီးထဲ၌၊ ငါဘုရားသည် အမတနိဗ္ဗာန်စည်တော်ကြီးကို တီးခပ်နှိုးဆော်သိ ထင် ကျွတ်လွတ်စေတော့အံ့။ အဲဒါဟာ တဇ္ဇာရီမြူမျှ မြင်ရတဲ့လူတွေ အနုံမြူမျှမြင်ရတဲ့နတ်တွေ ပရမာနုမြူမျှ မြင်ရတဲ့ ပြဟ္မာတွေကို ဤပါဠိ ၂–ပုဒ်ဖြင့် အကာဏ်းတွေ အရမ်းတွေ အနှမ်းတွေ စသည်ဖြင့် ဉာဏစာဂိဒ်ပြလွှာ၌ရင်း၊သာသနာ့ဝိနိစ္ဆယကျမ်း၌ရင်း ၁၂–မျိုး ဘုရားဟောထားတာကို တွေ့ရပါတယ်ဘုရား။ပရမာနုမြူ ပြဟ္မာအမြင်၌ မြင်တော့ မြူတခုထဲသာ မြင်ရပါတယ်။ ဆန်းစစ်၍ကြည့်တော့ ပရမာနုမြူတခု၌ အင်္ဂကလာပ်ပေါင်း ၅၀၊ရုပ်သဘာဝပေါင်းက ၄၀၀–ရှိနေ စုဝေးနေတာ ဖြစ်၍ သမူဟပညတ်ပါဘုရား၊တခဲထဲတလုံးထဲဟု ထင်အောင် ဖြစ်၍နေတာက ဃနပညတ်ပါဘုရား၊ မြူ၏ ပုံစံသဏ္ဌာန်ပေါ်နေတာက သဏ္ဌာနပညတ်ပါဘုရား၊ ပုံစံကြောင့် ပရမာနုမြူဘဲဟု နာမယ်တပ်ရတာက နာမပညတ်ပါဘုရား၊ ကလာပ်ပေါင်း ၅၀–တွေ့ရမှာကို မတွေ့ဘဲ ရုပ်သဘာဝပေါင်း ၄၀၀–တွေ့ရမှာကို မတွေ့ဘဲ ဖြစ်၍ အစဉ်ကြီးဖုံးလွှမ်းထားတာက သန္တတိပညတ်ပါဘုရား၊ ပြဟ္မာတွေ တွေ့မြင်ထားတဲ့ ပရမာနုမြူ ပြဟ္မာတွေအမြင်တရား၌ ပညတ်ငါးပါး ဖြစ်၍ နေပါတယ်၊ပရမတ် မဟုတ်သေးပါ။(ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတပရမတ္ထဝသေန) ဟူသော ပါဠိကပညတ်ကို လွှတ်ထား၍ ပရမတ်သက်သက်ကိုသာ ရှုပွားမှ ဝိပဿနာဟု ဆိုပါသဖြင့် ဝိပဿနာကား မဟုတ်သေးပါ၊သမထသာ ရှိပါသေးတယ်၊ ပရမတ်ကား မဟုတ်သေးပါ၊ ပညတ်မျှသာ ရှိပါသေးတယ်ဘုရား။

အသက် ၇၀–ကျော် ဒကာခင်ကြီးက ဉာဏစာဂိဘုန်းတော်ကြီး ဟောပြသကဲ့သို့ ဆန်းစစ်၍ပြတောကမှ ဆရာတော်ကြီးက ဒေ–မောင်ခင်ရေ၊ ငါတော့ ဘုရားကပယ်ရှားထားတဲ့ ပညတ်နယ်မှာဘဲ သောင်တင်၍ နေပါပေါ့ကလား၊ ပရမတ်နယ်တောင် မရောက်ရသေးပါကလားကွယ်။ (ဆရာမရှိ ငါးပိတောင် ကျက်အောင် မဖုတ်တတ်ဘူး)ဆိုတာ ငါဘဲကွဟု အားလျှော့တဲ့ပုံဟန်ဖြင့် ခေါင်းကိုကုတ်ခါ မှိုင်တွေချ၍ နေရှာလေသည်။

ထို့နောက်မှ ကိုင်းကိုင်း ပြဟ္မာအမြင် ပရမာနုမြူဟာ ပညတ်မလွတ်ကြောင်းကိုပြလို့ သိရပါပြီ။ နတ်များအမြင် အနုမြူဟာ ပညတ်မလွတ်ကြောင်းကို ဟောပြပါအုံးကွယ်။ ။နတ်များမြင်နေတဲ့ အနုမြူတခုထဲမှာပင် အဋ္ဌကလာပ်ပေါင်းက (၁ဂဝဝ) စု၍ နေပါတယ်၊ ရုပ်သဘာဝပေါင်းကတော့(၁၄၄ဝဝ)စု၍ နေပါတယ်။အဲဒီလို စု၍နေတာက သမူဟပညတ်ပါဘုရား။နို့ပြီး များများကြီး စုနေပါလျက်နှင့် တစုထဲ တလုံးထဲ တပြင်ထဲထင်ရတာက ဃနပညတ်ပါဘုရား၊ နို့ပြီး အနုမြူ၏ ပုံစံသဏ္ဌာန် ပေါ်၍ နေတာက သဏ္ဌာနပညတ်ပါဘုရား၊ ပုံစံကြောင့် အနုမြူဘဲဟု နာမည်တပ်ထာက နာမပညတ်ပါဘုရား၊ အဋ္ဌကလာပ်ပေါင်း (၁ဂဝဝ) အပျက်ကိုလဲ မတွေ့ရ၊ရုပ်သဘာဝပေါင်း (၁၄၄ဝဝ) အပျက်ကို မတွေ့ရအောင် အစဉ်ဖြင့် ဖုံးလွှမ်း၍ထားတာက သန္တတိပညတ်ပါဘုရား။ အဲဒါလို နတ်များမြင့်ရတဲ့ အနုမြူတခုထဲ၌ပင် ပညတ်ငါးပါးဝင်၍ နေပါတယ်။ ဝိပဿနာကား မဟုတ်သေး သမထသာ ရှိပါသေးတယ်။ပရမတ်ကား မဟုတ်သေး ပညတ်သာ ရှိပါသေးတယ်။ ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတပရမတ္ထဝသေန–ဆိုတဲ့ ပါဠိကို တော်လှန်ငြင်းဆန်၍ နေကြပါတယ်ဘုရား။

ဤလို ဦးခင်ကြီးက လျှောက်ထားတော့၊ဆရာတော်ကြီးက မောင်ခင်ရာငါတို့တပ်ထားတာက ပရိယတ် သူငယ်တန်းကိုကွဲ့။ ယခု မင်းပြောတာက ပဋ္ဌပတ် ကိုးတန်း, ဆယ်တန်းဆိုတော့ အကွာကြီး ကွာခြား၍ ကျန်ရစ်ခဲ့ပြီကွယ်။ရှေးရှေးကစကားပုံမှာလဲ မြစ်မမြင်ဘူးတော့ မူးကိုမြစ်ထင်ဟူသကဲ့သို့ လွဲလွဲချော်ချော်ဖြစ်၍ ပညတ်နယ်၌ သောင်ကင် ပြန်တာဘဲကွယ်ဟု ငြီးငြူပြီးမှ အတန်ကြာတော့၊ ကဲကွယ် လူများမြင်ရတဲ့ တဇ္ဇာရီမြူဟာ ပညတ်မလွှတ်ကြောင်းကို ဟောပြပါအုံး။ ။လူများမြင်နေတဲ့ တဇ္ဇာရီမြူတစုထဲ၌ အဋ္ဌကလာပ်ပေါင်းက (၆၄ဝဝဝ) စု၍ နေပါတယ်၊ ရုပ်သဘာဝပေါင်းက (၅၁ဂ၃ဝဝ) တို့ဟာ စုပုံ၍နေပါတယ်။အဲဒါလို စုနေလို့ သမူဟပညတ်ပါဘုရား။ တခုထဲ တလုံးထဲ တပြင်ထဲဖြစ်၍နေတာက ဃနပညတ်ပါဘုရား၊ တဇ္ဇာရီမြူ၏ ပုံစံသဏ္ဌာန် ပေါ်၍နေတာက သဏ္ဌာနပညတ်ပါ ဘုရား၊ ပုံစံကြောင့် တဇ္ဇာမြူဟု နာမည်တပ်ထာက နာမပညတ်ပါဘုရား၊ အဋ္ဌကလာပ်ပေါင်း(၆၄ဝဝဝ)အပျက်ကို မမြင်ရ၊ရုပ်သဘာဝပေါင်း(၅၁ဂ၄ဝဝ)

အပျက်ကို မမြင်ရအောင် အစဉ်ဖြင့် ဖုံးလွှမ်း၍ထားတာက သန္တတိပညတ်ပါဘုရား၊အဲဒါလို လူများမြင်ရကဲ့ တဇ္ဇာရီမြူတခုထဲ၌ ပညတ်ငါးပါးဝင်၍ နေပါတယ်။ ဝိပဿနာကား မဟုတ်သေး သမထသာဖြစ်ပါသေးတယ်။ ပရမတ်ကား မဟုတ်သေး ပညတ်သာ ဖြစ်ပါသေးတယ်။ (ပညတ္တိ ထပေတ္တာ)ပါဠိနှင့် လုံးဝဆန့်ကျင့်လျက် ရန်ဖြစ်၍ နေပါသည်။

(၁) ဗြဟ္မာတို့အမြင် ပရမာနုမြူမှာ၊ အမှုန်း (၅၀)။ အမှုန်း (၄၀၀) ကပ်၍ နေပါသည်။ (၂) နတ်တို့အမြင် အနုမြူမှာလဲ အမှုန်း (၁၈၀၀)။ အမှုန်း(၁၄၄၀၀) ငြိကပ်၍ နေပါသည်။ (၃) လူတို့အမြင် တဇ္ဇာရီမြူမှာလဲဘဲ အမှုန်း (၆၄၀၀၀)။ အမှုန်း (၅၁၁၄၀၀)တို့ ငြိကပ်၍ နေပါတယ်။ (လျှော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ) ကြည့်ပါဦး အရှင်ဘုရား။ (၁) ဤစာအုပ်တနေရာတွင်လဲ မိစ္ဆာဒိဋ္ဌိ တွန်းလှန်ရေးအခဏ်းနှင့်လဲ ယှဉ်၍ကြည့်ပါဘုရား။ (၂) ဟောဒီကနိဗ္ဗာန်ဝင်တရားတော်စာအုပ်ကလေး၌ရေးထားတဲ့ ဝိနိစ္ဆယလဲ ဖတ်ပြီးတော့ ယှဉ်ပြိုင် နှိုင်းဆ၍ ကြည့်တော် မူပါဘုရား။ (၃) ဗမာပြည်မှာ ပရမတ်အစစ်ဘုရားပေါ်၍နေပြီ။ အခဏ်းဤစာအုပ်တွင် တနေရာရာ ပါရှိပါသည်။ ၎င်းနှင့်လဲ ယှဉ်ပြိုင်၍ ကြည့်တော်မူပါ ဘုရား။ (၄)ငါအရိယာဖြစ်ပြီလားစာအုပ်ပထမတွဲ၌နံပါတ် ၉၉၊ကြောင်းရေ ၁၅-၌ အစစ်ခံပြီး ဆွေးနွေးခဏ်းနှင့်လဲ ချိန်ဆတော်မူပါဘုရား။

---

## (၇၆) စာမတတ်တဲ့ ဒကာကြွယ်ဖြေဆိုပုံ

ဒကာကြွယ်ရေ။ ။ဘုရား။ ။သင်တို့ ငါတို့ အားလုံးရဲ့ ခန္ဓာကိုယ်ထဲ၌၊ အဘယ်တရားတွေ စုဝေးပြီး နေပါသလဲ။ ။ဖြေ။ ။ဓာတ်တရားတွေ စုဝေး၍ နေပါတယ် ဘုရား။ ။မေး။ ။ဘယ်လို ဓာတ်တရားတွေလဲ။ ။ဖြေ။ ။ပထဝီ,အာပေါ,တေဇော,ဝါယော-ဆိုတဲ့ဓာတ်တရားတွေပါ ဘုရား။ ။မေး။ ။ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း ရှိ၍ပေါ်နေတဲ့ ရှိန်ရှိန် လှုပ်လှုပ် ဒိတ်ဒိတ် ရွရွ မွမွ ပွပွ ကြွကြွ ပူပူ နွေးနွေး အေးအေး ရှိန်းရှိန်း စူးစူး ဖြန်းဖြန်း ဖိန်းဖိန်း ယိမ်းလိုက် ယိုင်လိုက်

လှုပ်လှုပ် စစ်စစ်-စသော တရားတွေကို ဘာတွေဟု ခေါ်ရမှာလဲ။ ။ဖြေ။ ။အဲဒါတွေဟာ ခတ်ပေါ်နေတာဘဲ၊ အနိစ္စဘဲ၊ ဒုက္ခဘဲ၊ အနတ္တဘဲလို့ ပြောဆိုခေါ်ဝေါ်ရမှာပါဘုရား။ ။မေး။ ။ဘာကို ထောက်ထားလို့လဲ။ ။ဖြေ။ ။ခန္ဓာကိုယ်ကြီးတခုလုံးဟာ ခတ်တုံး ခတ်ခဲ ခတ်၏ အစုအဝေးကြီးမို့ ခတ်ပေါ် တယ်လို့ ခေါ်ရမှာပါ ဘုရား။ ။မေး။ ။ဥပမာပြစမ်းပါအုံး။ ။ဖြေ။ ။မီးထွန်း၍ထားတဲ့ အိုးကို စမ်း၍ ကြည့်ပါလျှင်၊ မီး၏သတ္တိကိုသာ တွေ့ရတာလို၊ ဤ ဥပမာ အတိုင်းပါဘဲ။ ခတ်ခန္ဓာကိုယ်ထဲကပေါ်လျှင်ခတ်ဘဲပေါ်မှာပါဘုရား။ ။မေး။ ။ဒါဖြင့် ခန္ဓာကိုယ်ထဲက ခတ်သဘောအတိုင်း၊ အလိုလိုပေါ်နေတဲ့ ရှိန်ရှိန် လှုပ်လှုပ်-စသော သဘောတွေကို ခတ်ပေါ်တာမဟုတ်ဘူး၊ ဖြစ်ပျက်တာမဟုတ်ဘူး၊ အနိစ္စ ဒုက္ခ အနတ္တ မဟုတ်ဘူးဟု တချို့ကများ အကယ်၍ ပြောခဲ့ ပါလျှင်၊ ဘယ်လိုများ ဒကာကြွယ်က ထုချေအုံးမှာလဲ။ ။ဖြေ။ ။တပည့်တော်လောက် အတွေးအဆ ရောက်ပါလျှင်၊ တပည့်တော်နှင့် အဖက်တန်ပါသည်။ တပည့်တော်လောက်မှ အတွေးအဆ မရောက်သူကိုတော့ အဖက်မတန် တသက်ပန် လက်မခံ မဆက်ဆံဝံ့ပါဘုရား။ ဘုရားရှင်ကြီးကလဲ (အသေဝနာစ ဗာလာနံ) ဟူ၍ ဥပဒေပုဒ်မ ထုတ်ပြ၍ထားခဲ့ပါသည်။ ။မေး။ ။ဘယ်လို ပါဠိများ ရထားလို့ ပါလဲဗျာ။ ။ဖြေ။ ။ပါဠိတွေရထားတာကတော့ အများကြီး ရှိပါတယ်ဘုရား၊ ဒါပေမဲ့ ခန္ဓာကိုယ်ထဲက တွေ့ရတဲ့တရားကို ပရမတ်တရား၊ အနိစ္စ ဒုက္ခ အနတ္တ တရားဘဲဟု ဆိုတာကတော့၊ (ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ) ဟူ၍ ပါဠိတိုက်ရိုက် ရှိပါသဖြင့်၊ ကိုယ်ထဲက ပေါ်တာကိုမှ တရားမှန်း အနိစ္စမှန်း ဒုက္ခမှန်း အနတ္တမှန်း ဖြစ်ပျက်မှန်း ခယဝယမှန်း ရုပ်ပွနမှန်း ဝိပရိဏာမမှန်း မသိတဲ့လူကို၊ ဘာနဲ့ပြောပြော ဘာနဲ့ဟောဟော သဘောပေါက်မှာမဟုတ်ပါ အရှင်ဘုရားတဲ့။ ဤကား-စာမတတ်တဲ့ ရွှေမိုင်မြို့က ဒကာကြွယ် ဖြေဆိုပုံတည်း။ ဤစာကို ဖတ်ပြပြီး ဦးခင်က လျှောက်တော့၊ အောင်မယ် ဒကာကြွယ် ကတောင် တို့များထက် အယူအဆ တော်နေပါပကော မောင်ခင်ရတဲ့။

## (၇၇) မုံရွာနယ် မိုးညှင်းဆရာတော်၏စာကို ဖတ်ပြပုံ

မုံရွာနယ်က မိုးညှင်းဆရာတော်၏စာမှာ–

(၁) ခန္ဓာကိုယ်မှာ၊ ခွေတ်များစွာ၊ စိုက်ခါဖြမ်းကြလေ။

(၂) ခွေတ်ပေါ်၍လာ၊ လက္ခဏာ၊ မကြာတင်ပါလေ။

(၃) အနိစ္စမှ၊ အနတ္တ၊ ဒုက္ခသဘောပေ။

(၄) ဤသို့မြင်ချက်၊ ဉာဏ်စဉ်တက်၊ ဖိုလ်မဂ်မဝေးပေ။

ဆိုလိုရင်းမှာ–ခန္ဓာကိုယ်မှာ ခွေတ်များစွာ ရှိ၍နေပါတယ်၊ ၎င်းခွေတ်များကိုစိုက်၍ ဖြမ်းကြပါ။ ခွေတ်ပေါ်၍ လာလျှင် လက္ခဏာရေး တင်ပြီး ရှုကြပါ။ အနိစ္စ ဒုက္ခ အနတ္တ တွေ့ပါလျှင် ဉာဏ်စဉ်တက်၍ ဖိုလ်မဂ်နှင့် မဝေးတော့ပြီ၊ ဘုရားသခင်၏ အမိန့်တော်ကြီးအတိုင်း ရေးသားမှတ်ထား လျက် လမ်းမှန်ကြီးကို ပြခဲ့ပါသည်၊ငြင်းချက်မထုတ်နိုင်ပါ။

### မိုးညှင်းဆရာတော်၏ ကမ္မဋ္ဌာန်းထိုင်ပုံကာ

ရှေးကပြခဲ့တဲ့အတိုင်း မလှုပ်ရှားဘဲ ငြိမ်သက်စွာနေကြသော ဣရိယာပုထ်တိုင်းတို့မှာ ခြေလက်စသည် မလှုပ်မရှားစေဘဲ မျက်စိကိုမှိတ်ပြီး မိမိကိုယ်ကောင်ကြီးအတွင်းသို့ ဉာဏ်ထွင်းလျက် ငြိမ်ငြိမ်သက်သက် အတန်ကြာအောင် ရှုကြည့်လိုက်ပါမူ၊ (ဤစကားစုကား ကမ္မဋ္ဌာန်းထိုင်ပုံ, ခွေတ်ဖြမ်းပုံ,အာဒိကမ္မိက ပြုပုံပြထားပါသည်)။ ။ဣရိယာပထ၊ သန္တာပခွေတ်မီးတို့ အပြီးတိုင် လောင်မြိုက်မှုကြောင့် (ဤစကားစုကား ပစ္စယဆိုတဲ့ အကြောင်းကို ပြထားပါသည်)။ ။သွေးကြောတွေက တဒိတ်ဒိတ် တိုးကြွ တရှန်းရှန်းပျက်စီးကာ လိုက်ပါကြ၏။ (ဤစကားစုကား ပစ္စယုပ္ပန္န အကျိုးပေါ်ပုံကိုပြထားပါသည်)။ ။ဟိုနေရာကလဲ ဒီနေရာကလဲ (ဤစကားစုကား ခွေတ်ပေါ်သောဌာနကို နေရာချ၍ ပြပါသည်)။ ။ခန္ဓာကိုယ် ဟိုနေရာသည်နေရာမှ ကိုက်ကိုက် ခဲခဲ စိုးစိုး စစ်စစ် ဒိုးဒိုး ဒိတ်ဒိတ် ရှိုးရှိုး ရိပ်ရိပ် စသည်ဖြင့် (ဤစကားစုကား ခွေတ်ပေါ်ပုံ အခြင်းအရာ အာကာရကို အတိအလင်း ဖော်ပြထားပါသည်)။ ။ဖြစ်ချင်သလို ဖြစ်ချက်(ဥဒယ)ကို အမူအရာ အချက်အလက်နှင့်တကွ ပျက်ချင်သလို ပျက်လိုက်နှင့်နေသော (ဝယ)အပျက်ကိုလည်း (ဤစကားစုသည် ဖြစ်ချင်သလိုဖြစ် အနတ္တပြ၏။

ပျက်ချင်သလိုပျက် အနတ္တပြ၏)။ တနည်း၊ ဖြစ်ချင်သလိုဖြစ် ပျက်ချင်သလို ပျက် ဟူသော စကားစုသည် (အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု) ဝိဂ္ဂဟ်ပါဠိအရ၊ဓာတ်အဖြစ်နှင့် ဓာတ်အပျက် ဥဒယဗ္ဗယဉာဏ်ရပုံကိုပြ၏။ဤ စာကို ဖတ်၍ပြသောအခါ၊ ဆရာတော်ကြီးသည် နေနေရာကျလိုက်လေကွာ၊ မင်းဆရာဉာဏစာဂီ ပြနေတာနှင့်တော့ တကိုက်ထဲ တနည်းထဲ တသဘောထဲ ဘဲကွ။

———

## (၇၈) ဉာဏစာဂီနှင့် မင်းကွန်းပဌမဆရာတော်ကြီးဆွေးနွေးပုံ

(၁) နိဗ္ဗာန်အာရုံ၊ ကိစ္စခြုံဘိယာအရိ၊ ပဋိဝေဓပေါ၊ သိပါယ်ဆိုက်ပွား၊ ၄-ပါးကိုစွခြုံ၍ နိဗ္ဗာန်အာရုံကို အာရုံပြုသော ပုဂ္ဂိုလ်သည် ပဋိဝေဓအရိယာ မည်တော့၏။(ပဝတ္တံ သင်္ခါရံ၊ အပဝတ္တံ နိဗ္ဗာနံ)ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိ တော်အရ၊ရွရွ မွမွ စသည်ဖြင့် တကိုယ်လုံးခြုံ၍ တွေ့ရသော သင်္ခါရရုပ်နာမ် ကိုရင်း၊ ခန္ဓာကိုယ်ကြီးပါ ခေတ္တမျှချုပ်ငြိမ်းပြီး ပျောက်ပြီး ဓာတ်အပေါ် တွေ့ပါ ရုပ်နာမ်လျက် ဘာမျှမတွေ့ရတော့ဘဲ လောက၌ ဥပမာပြစရာ မရှိ အောင် မြနေသော သန္တိသုခဟု ဆိုအပ်သော နိဗ္ဗာန်ဟူသော အသခ်တ ချုပ်ငြိမ်းမှုကြီးကိုရင်း ကိုယ်တွေ့ တွေ့ရသောသူသည် ပဋိဝေဓ အရိယာ မည်၏၊မဟာသောတာပန် အစစ်ပင်တည်း။

ဤစခန်းနှင့်ပတ်သက်၍ သထုံမြို့ မင်းကွန်းဆရာတော် ဘုရားကြီးအား ကိုယ်တိုင် သွားရောက်၍ လျှောက်ထားရာ ခန္ဓာကိုယ်ထဲက ဘယ်လိုများ ပေါ်လို့တုံးဟု ခမေးတော့ တကိုယ်လုံးမှာ ရွရွ မွမွ ပွပွ ကြွကြွနှင့် မျက်စိ တမှိတ်ခန့်၌ ကုဋေ (ငါးထောင်ကျော် ဖြစ်ပျက်၍) အမြဲတမ်း တွေ့တွေ့ နေသော ရုပ်သင်္ခါရကိုရင်း၊ လင်မနစ်ပုလင်းကို ဖွင့်သောအခါ တပုလင်းလုံး ဆူပွက်၍နေသော ဥပမာကဲ့သို့ တကိုယ်လုံး ဆူပွက်၍နေသော ရုပ်သင်္ခါရ ကိုရင်း၊ (ဤ၌ ဓမ္မပဒပါဠိတော်လာ (ယထာ ပုဗ္ဗုဠကံ ပဿေ)အတွေ့မျိုး၊ (ယထာပဿေမရီစိကံ)အတွေ့မျိုး ဖြစ်ပါသည်၊ ဤကား အမှာတည်း)။ သဲကမ်းပါးကို ရေစားသောအခါ သဲများတဖွားဖွားနှင့် ကျနေသကဲ့သို့ ခန္ဓာကိုယ်ထဲ၌ ရုပ်တရားတို့ တဖွားဖွားနှင့် အဆက်မပြတ် တွေ့နေရသော ရုပ်သင်္ခါရကိုရင်း တွေ့ရပါသည်ဘုရား၊ ဒီလိုတွေ့တော့ (ထွေ့ထ္တရေ အနေ

ကာနိ ကောဋ္ဌိသတသဟဿာနိ သင်္ခါရာ ဥပ္ပဇ္ဇန္တိစ၊ ဝယန္တိစ-ဟူသော သဂါထာဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်,နိဒါနဝဂ္ဂသံယုတ် ၃-ကျမ်းနှင့် ဝိဘင်းအဋ္ဌကထာ ၄-ကျမ်းနှင့် တသားတည်း ကိုက်ညီ၍ နေပါသည်အရှင်ဘုရား။ ထို့နောက် တွေ့နေသောရုပ်များ ဖြုံးကနဲ ချုပ်ငြိမ်း၍ သွားပါသည် အရှင်ဘုရားဟု လျှောက်ထားပါသည်။

ဆရာတော်ဘုရားကြီးက ဒီလိုမြင်နိုင်တာမျိုးဟာ ဘုရားများသာ မြင်နိုင်တယ်၊ ဘုရားအရာပါကလားဟု ပြောပြတော့ မိမိကငဂ် ကောင်းကင်ကို ညအချိန်၌ မော်၍ကြည့်တော့ ကြယ် နက္ခတ်တာရာများကို လူ့နတ်,ဗြဟ္မာ သတ္တဝါမကျန် တိရစ္ဆာန်များပါ မြင်နိုင်ပါသည်။ ရုပ်နာမ်ကိုလဲ ဤနည်းအတူ မြင်တွေ့ရပါမည်။ သတ္တဝါတိုင်း နက္ခတ်တာရာ ကြယ်များစွာကို မြင်ရသော်လဲ အမည်နှင့် နာမနှင့် မပြောနိုင်ပါ။ အရေအတွက်ကိုလဲ မပြောပြနိုင်ပါ။ များမှန်းတော့ သိကြပါသည်။ ဤကား သာဝကတို့၏ အရာပါဘုရား၊ ဘုရားရှင်ကြီးများကတော့ (၁) မြင်လဲ မြင်ရပါသည်။ (၂) အမည်နာမကိုလဲပြောပြနိုင်ပါသည်။ (၃) ကုဋေငါးထောင်ကျော်ဟု အရေ အတွက် နှင့်တကွ တိတိကျကျ ဟောပြ နိုင်ပါသည်၊ သတ္တဝါများလဲ မြင်နိုင်ကြပုံ များမှန်းသိကြပုံကို။ နေတ္တိပါဠိတော်ကြီး။ ၎င်းအဋ္ဌကထာကြီး။ ၎င်းဋီကာကြီးများ၌ အာဂမယုတ္တိ ပြပုံကား (ယထာ ဣဓ ပုရိသော တာရကရူပါနိ ပဿေယျ၊ နော စ ဂဏန သင်္ကေတေန ဇာနေယျ)။ နေတ္တိပါဠိတော်၊ ၁၅-နံပါတ်၊ ၁၀-ကြောင်းရေ၊ ပြည်ကြီးမဏ္ဍိုင်မှု၌ တိုက်ရိုက်ပင်ပြဆိုထားပါသည်။ ထို့ပြင်လည်း (တဿ ပုရိသဿ တာရကရူပါနိ ပဿန္တဿာပိ တွေကာနိ သတာနိ တွေကာနိ သဟဿာနီတိ အာဒိနာ ဂဏနသင်္ကေတေန အဇာနနံ ဝိယ၊ လောကဿ ရူပါဒိ အာရမဏာံ ကထဉ္စိ ဇာနန္တဿာပိ အနိစ္စာဒိလက္ခဏတ္တယာဝ ဗောဓောတိ) ဟူသော. နေတ္တိ အဋ္ဌကထာပါဠ်၊ နံပါတ်-၇၂၊ ကြောင်းရေ-၁၁၊ ပြည်ကြီးမဏ္ဍိုင်မှု၌ တိုက်ရိုက်ပင်ဖွင့်၍ပြထားပါသည်။ ထို့ပြင်လည်း (ဧကစ္စော ပုရိသော အာကာသေ တာရကရူပါနိ ပဿေယျ ဂဏနသင်္ကေတေန တွေကာနီတိ နော စ ဇာနေယျ) ဟူသော နေတ္တိဝိဘာဝနီ ဋီကာကြီး၌ တိုက်ရိုက် ဖွင့်ပြထားပါသည်။ ဤပါဠ် ၃-ပုဒ်က အာဂမယုတ္တိပါဘုရား။ (မှတ်ချက်။ ။ဤအကြောင်း

အရာကို ပိုမိုခိုင်မြဲရအောင်ဟု နောက်မှ ရေးသားအပ်သော ကုဋ္ဌေတသိန်း တွေ့ရပုံကျမ်း၌ အာဂမယုတ္တိ များစွာ ပြထား ပါသည်။ သာဓက အလိုရှိသူများ ၎င်းကျမ်း၌ ပါဠိ ယူကြပါ၊ ဟောကြပါ၊ ပြောကြပါ၊ ဤကား အမှာတည်း)။

ဥပမာ။ ။(၁) သဲသောင်ပြင်ကြည့် သတ္တဝါများ မြင်ရ၏။ အရေအတွက်မပြောနိုင် များမှန်းသိ၏၊ မမြင်လို့မဟုတ်ပါ။ ဘုရားများကတော့ မြင်လဲ မြင်၏။ အရေအတွက်ပါ ပြောနိုင်၏။ ဤလို ကွာခြား ပါသည်။ (၂) ကြယ်တာရာကြည့်။ (၃) သစ်ပင်တွေကြည့်။ (၄) ထမင်းအိုးမှ အငွေ့တွေကြည့်။ (၅) လဘက်ရည်ငွဲ့ရာ၌အငွေ့တွေကြည့်။ (၆) မီးခွက်မှအခိုးတွေကြည့်။ (၇) မိုးရွာတော့မိုးပေါက်တွေကြည့်။ (၈) နှင်းကျတော့ နှင်းပေါက်တွေကြည့်။ (၉) မြူမှုန့်တွေကြည့်။ (၁၀) တံလျှပ်တွေကိုကြည့်။ အားလုံး မျက်စိရှိသူတိုင်း မြင်ကြပါသည်။ အမည်နာမကို မပြောနိုင်ပါ။ အရေအတွက်ကို မပြောနိုင်ပါ၊ များမှန်းသိ၍ ခန့်မှန်းခြေနှင့်သာ မည်မျှဟု ပြောနိုင်ပါသည်။ ဘုရားရှင်ကြီးများ မူကား ၁-၂-၃-၄-အထိ သိနိုင်ပြောနိုင်ပါသည်။ ဘုရားရှင်နှင့်သတ္တဝါများ ကွာခြားပုံတည်း။ အဲဒါ တွေ့ကတော့ သတ္တဝါများ ကုဋ္ဌေ ငါးထောင်ကျော် ရုပ်အဖြစ် အပျက်ကို တွေ့မြင်နိုင်ပုံ သဘာဝယုတ္တိပါဘုရားဟု လျှောက်တော့၊ မင်းကွန်းဆရာတော်ဘုရားကြီးက အခြေမရှိဘဲနှင့် အထက်တန်း ကျလွန်း လှသည်ဟု ဆုံးဖြတ်တော်မူပါသည်။

မုဒုံမြို့ ဆရာကြီးတဦးကလဲ ဒီအတိုင်းမြင်လျှင် ရဟန္တာပေါ့ဟု ဆုံးဖြတ်ချက်ချလေသည်။ ဘီလူးကျွန်း ကွမ်သဲရွာ ပရမတ် ဆရာကြီး တဦးကလဲ ဒီအတိုင်း တွေ့ပါလျှင် အရိယာ အစစ်ပေါ့ကွဟု ဆုံးဖြတ်ချက် ချမှတ်လေသည်။ ဘယ်လိုပင်ဆုံးဖြတ်သော်လဲ (ကိုယ့်ဟာကိုယ်ကြည့်၊ မှတ်မိပါရဲ့) ဟူသော ပေါရာဏသက်ကြီးတို့စကားနှင့်အညီ၊ ရောဂါပျောက်၍ ချမ်းသာဒါသာ ပဓာနပါ။ ဘာဖြစ်ပြီ ဘယ်ဇတန်း ရောက်နေပြီ ဆိုတာကား ပစ္စေကဗုဒ္ဓါများသော်လည်း မပြောဆို ရလည်း မပြု အမှုလည်း မထား ဥပေက္ခာသာ ထားကြပါသည်ဟု သတိပြုကြပါကုန်။

ထို့ကြောင့် ဉာဏစာရီမဟာထေရ်က (ပဋိဝေဓ အရိယော၊ သောတာပန် ခရီးဆိုက်သဖြင့် ပြည်နိဗ္ဗာန် အပြီးပိုက်လို့မို့ စီးလိုက်ကြသော ပဋိဝေဓ အရိယာ သည့်ဂုဏ်း။ တော၊ ထိုလေးမျိုး လေးစား လေးပါး သာလျှင် ရှိကြကုန်သော အရိယာကြီးတို့သည်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ဆိုတဲ့ ပြည်ကြီးသို့၊ နိဗ္ဗာနပုရံ၊ ဘေးမခရန်မသန်း အေးချမ်းလှသောနိဗ္ဗာန်ပြည်ကြီးသို့။ နိဗ္ဗာန ပုရံ၊ ကိဒလသာ မှန်သမျှ အနန္တတို့က ဆလန် အတန်တန် သ,ရတဲ့ နိဗ္ဗာန် ပြည်ကြီးသို့။ နိဂစ္ဆန္တိ၊ ရောက်ကြရလေကုန်၏။ နိဂစ္ဆန္တိ၊ ရောက်ကြရတော့ မှာပါတကား။ နိဂစ္ဆန္တိ၊ သံသရာ ဗွေခေတ်ရဲ့ နေရစ်ဟော့ ငါမဆိုင်းပြီဟု ဝဋ္ဋဂိုဏ်းကို ခြေနင်း၍ ခွဲခွါခြင်း ပြုကြလေကုန်သတည်း ဟူ၍ အနက်ပြန် ဆိုခဲ့လေသည်။

ဒကာခင်ကစာဖတ်ပြီးလျှောက်တော့ ဆရာတော်ကြီးက အေး–အေး ဒီလို အာဂမယုတ္တိ သဘာဝယုတ္တိ ရှိမှလဲ စိတ်ချ ရတော့ မှာပေါ့ကွာဟု ဝမ်းမြောက်တော်မူရှာလေသည်။

---

## (၇၉) ပိဋကတ်အစွယ်ချီး

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ။ ဝယဓမ္မာ သင်္ခါရာ အပ္ပမာ ဒေန သမ္ပါဒေထ။ ။မဟာပရိနိဗ္ဗာနသုတ်တော်။ ။အပျက်တရားကို မမေ့ပါနှင့်တဲ့။ ပါဠိသာ ခကထုတ်ပြီးသားမှာ ဘဏ်တိုက်ကြီး၌ ပုဒ်ပေါင်း ၃၀–ပါရှိပြီး။ ဤပါဠိတို့ရှိပါလျက်နှင့် ဘုရားစကားကို မယုံကြည်သကဲ့သို့ ဟိုပြော ဒီပြော ကြားရ လေသည်။ (လျှော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ) ဘယ်သူကို ဖိမှာလဲ သတိရှိလေ။

မုံရွာမြို့ အနီး ဆားတုံးကြီး မြို့နေ တပည့် မောင်ရောင်နီသို့ လယ်တီ ဆရာတော်ကြီးက ရေးပေးသော ပိဋကတ်အစွယ်ချီး တေးထပ်။

တပိုင်းကြောင်–ကျက်စာရရုံနှင့်၊ ခက်ပါလှ–သဘောဉာဏ်၊ ထက်မာန– အပြောသန်တယ်၊ ဒေါသမာန်–ထူပွါး။ စောဒက–တုဘက်လာလျှင်၊ သူ့ ထက်ငါ–ညင်းတဲ့လူစား။ ။ဘုရားဟော–မြတ်ဓမ္မက္ခန်ကို၊ တတ်လေဟန်– ယောင်ဝါး၊ ပရမတ်ပြန်–အကြောင်သမားတွေတို့၊ ထောင်လွှားကြ–သူ့

ထက်ငါ၊ အသိဉာဏ်-တထွာလောက်ကယ်နှင့်၊ ညှာမထောက်-ဟောတတ်လှပါ။ ပရိသတ်-ထောမနာအောင်၊ စောဒနာ-ဉာဏ်အကောက်တွေနှင့်၊ ကန်အကြောက်-အတင်းမရှောင်၊ ငြင်းကြလူ့ဘောင်၊ ပိဋကတ်-အစွယ်ထောင်လျှင်၊ အပါယ်တောင်-ဆင်းရလိမ့်လေး။

---

## (၁၀) အဘိဓမ္မာဆရာကြီးအား ဆုံးမရတု

၁၂၅၃-ခုနှစ်အတွင်း အဘိဓမ္မာတရားအရာတို့၌ အထူးထူး အထွေထွေ ကြံစည်၍ ပြောဟော ငြင်းခုံကြသည်နှင့် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ အဘိဓမ္မာ ဆရာကြီး ဦးတောက်အား ရေးသား ဆုံးမတော်မူသည်မှာ။ ။ဆိုပိမ့်ဟုတ်ရာ၊ စေ့စေ့နာလော့၊ သဒ္ဒါပရမတ်၊ မနူးနပ်ဘဲ၊ လူတတ်တဆူ၊ ငါကောဟူ၍၊ အယူထွေဆန်း၊ မရဲလွန်းနှင့်၊ ကျမ်းတဲ့ဂန်တဲ့၊ မရွဲ့စသာ၊ လေးမြတ်ပါမှ၊ ပညာတိုးပွါး၊ အကျိုးများလိမ့်၊ လေးပါးပင်လယ်၊ နက်ဝှမ်းကျယ်ကို၊ ယုန်ငယ်သေးကွေး၊ မလောက်လေးမူ၊ သေဘေးမနှောင်း၊ မြဲစတောင်းတည်း၊ ခါကောင်းသမယ၊ နဝမတို့၊ ဘဝအခိုက်၊ မကြိုက်စသာ၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မိစ္ဆာယှဉ်က၊ လူတင်လုံးလုံး၊ အပြစ်ရှုံး၏၊ ထုံးဟောင်းတန္တီ၊ ကျမ်းဂန်ညီနှင့်၊ ဂမ္ဘီရဓာတ်၊ ပရမတ်ကို၊ အဘာတ်တွေးတော၊ မဟောပြောနှင့်၊ သဘောသကာ၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိတ်မိဘဲ၊ ဟုတ်လိမ်းနိုး၊ ဆင်ကန်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမူ၊ ဗရမ်းဗတာ၊ စိတ်သညာဖြင့်၊ ထင်ရာထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိဒိမြစ်၊ စုံးစုံးနစ်သည်၊ လူဖြစ် ဤတွင် အဆုံးတည်း။ ။(ဤအတိုင်းပြုမိလျှင် နစ်နာလှ၏)။

နဲနဲမှား၊ လတ်လတ်မှား၊ အမှားကြီးမှား၊ အလွန်အကျွန်မှား။

---

## (၁၁) မိစ္ဆာဉာဏ်ကိုတိုက်ထုတ်ရေး

မိစ္ဆာဉာဏ် ဆိုတာ၊ ဥပမာ။ ။ကုလားတယောက် လာ၍ နေသည်ကို မြင်သောသူ၏ စိတ်ထဲ၌၊ ဘိုးသူတော် လာတာဘဲဟု မှား၍ထင်၏၊ မှား၍ မြင်၏။ အဲဒါဟာ မိစ္ဆာဉာဏ်ဘဲတဲ့။ ၊ဥင်းထက်ပင် လေးနက် လှသော

အများတို့၌ မိစ္ဆာဉာဏ်ကား သာလွန်၍ ဆိုးဝါး တော့မည်။ ဤမိစ္ဆာဉာဏ်ကို တိုက်ထုတ်နိုင်ရန် အခြေခံအဖြစ်ဖြင့် လက်သည်ကိုရင်း၊ တိုက်၍ မထုတ်နိုင်က အပြစ်ရမည်ကိုရင်း ညွှန်ပြခြင်းငှာ ဒုကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌။ ။(၁) ဒွေ မေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ၊ ကတမေ ဒွေ၊ ဒုန္နိက္ခိတ္တဉ္စ ပဒဗျဉ္ဇနံ အတ္ထော စ ဒုန္နိက္ခိတ္တော၊ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ။(၁) အက္ခရာ ပုဒ် ပါဌ် ဝါကျ သဒ္ဒါ-တို့ကို မှားမှားယွင်းယွင်း ဖောက်ဖောက်ပြန်ပြန် ထားခြင်းတပါး။ (၂) အနက်ကို မှားမှား ယွင်းယွင်း ဖောက်ဖောက် ပြန်ပြန် ထားခြင်း တပါး။ ဤ ၂-ပါးဟာ မိစ္ဆာဉာဏ်ဖြစ်ပေါ်ဘို့ မူလဘူတ ပကတူပ အကြောင်းရင်း ပင်တည်း။ ရင်းအများကြီး ၂-ပါးရှိလျှင် သာသနာတော်ကြီး နှစ်မြုပ်ဘို့ ပါဘဲတဲ့။ သာသနာတော်ကြီး ကွယ်ပျောက်ဘို့ပါဘဲတဲ့။ ။(၁) ပုဒ်မှား ခဲ့သော်။ (၂) အနက် မှားမည်၊ အနက် မှားခဲ့သော်။ (၃) အဓိပ္ပါယ် အယူအဆ မှားမည်၊ အဓိပ္ပါယ် အယူအဆ မှားခဲ့သော်။ (၄) အသိဉာဏ် မှားမည်၊အသိဉာဏ်မှားခဲ့သော်။ (၅) အကျင့်မှားမည်၊အကျင့်မှားခဲ့သော်။ (၆) အပါယ်ကျ၍ မဂ်,ဖိုလ် နိဗ္ဗာန်နှင့်လွဲတော့မည်၊ ဤမျှလောက် အရေးကြီးလှပေသတည်း။

အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ သမ္မောသာယ၊ နှစ်မြုပ်ခြင်းငှာ။အန္တရဓာနာယ၊ကွယ်ပျောက်ခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ဒွေ၊ နှစ်ပါးကုန်သော တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ပဒဗျဉ္ဇနဉ္စ၊အက္ခရာ,ပုဒ်,ဗျည်း,ပါဠိ,သဒ္ဒါကိုလည်း။ ဝါ၊သည်လည်း။ ဒုန္နိက္ခိတ္တံ၊ မကောင်းသဖြင့်ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ အတ္ထောစ၊ အနက်ကိုလည်း။ ဝါ၊သည်လည်း။ ဒုန္နိက္ခိတ္တော၊ မကောင်းသဖြင့် ထားအပ်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊ချစ်သားတို့။ ဒုန္နိက္ခိတ္တဿ၊ မကောင်းသဖြင့် ထားအပ်သော။ ပဒဗျဉ္ဇနဿ၊ အက္ခရာ,ပုဒ်,ဗျည်း,ပါဠိ,သဒ္ဒါ၏။ အတ္ထောပိ၊ အနက်ကိုလည်း။ ဝါ၊သည်လည်း။ ဒုန္နယော၊သိနိုင်,မြင်နိုင်ခဲသည်။ ဟောတိ၊

ဖြစ်၏။ ဘိက္ခဝေ၊ချစ်သားတို့။ ဒွေ၊နှစ်ပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရား တို့သည်၊ သဒ္ဓမ္မဿ၊သာသနာတော်ကြီး၏။ သမ္မောသာယ၊ နစ်မြုပ်ခြင်းငှာ။ အန္တရဓာနာယ၊ကွယ်ပျောက်ခြင်းငှာ။သံ၀တ္တန္တိ၊ဖြစ်ကုန်၏။

## (၂) ဘုရားသခင်ကို စွပ်စွဲပုံ မိမိကိုယ်ကို တူးဖြိုပုံကား

အတ္တနာ ဒုဂ္ဂဟိတေန၊ အမှေ့စေဝ အဗ္ဘာစိက္ခသိ၊ အတ္တာနဉ္စ ခနသိ။ ဗဟုဉ္စ အပုညံ ပသဝတိ။ ။ဝိနည်းပါဠိတော်။ ။အတ္တနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ မကောင်းစွာ ယူအပ်သော ဝါဒဖြင့်။ အမှေ့စေဝ၊ ငါဘုရားတို့ ကိုလည်း။ အဗ္ဘာစိက္ခသိ၊စွပ်စွဲ၏။ အတ္တာနဉ္စ၊ မိမိကိုယ်ကိုလည်း။ ခနသိ၊ တူးဖြို၏။ ဗဟုဉ္စ၊များစွာလည်း။ အပုညံ၊မကောင်းမှုအကုသိုလ်ကို။ ပသဝတိ၊ ပွားများစေဘော၏။ ။(နစ်နာဆုံးရှုံး လုံးလုံး မဟာဒုက္ခကြီး တွေ့ရ လိမ့်မည်)။

## (၃) ဘုရားသခင်ကို စွပ်စွဲပုံ ၂-မျိုး

ဒွေ မေ ဘိက္ခဝေ တထာဂတံ အဗ္ဘာစိက္ခန္တိ၊ ကတမေ ဒွေ၊ ယောစ နေယျတ္ထံ သုတ္တန္တံ နီတတ္ထော သုတ္တန္တောတိ ဒီပေတိ၊ယောစ နီတတ္ထံ သုတ္တန္တံ နေယျတ္ထော သုတ္တန္တောတိ ဒီပေတိ၊ဣမေ ခေါ ဘိက္ခဝေ ဒွေ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ။ဒုကအင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ဣမေဒွေ၊ ဤနှစ်ပါးတို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲ ကြကုန်၏။ ကတမေဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ ယောစ၊ အကြင် သူသည်ကား။ နေယျတ္ထံ၊ ဆောင်ယူအပ်သော အနက်ရှိသော၊ သုတ္တန္တံ၊ သုတ္တန်ကို။ နီတတ္ထော၊ တိုက်ရိုက်အနက်ရှိသော။ သုတ္တန္တောတိ၊ သုတ္တန်ဟူ၍။ ဒီပေတိ၊ ပြ၏။ ယောစ၊ အကြင်သူသည်ကား။ နီတတ္ထံ၊ တိုက်ရိုက်အနက် ရှိသော။ သုတ္တန္တံ၊ သုတ္တန်ကို။ နေယျတ္ထော၊ ဆောင်ယူအပ်သောအနက် ရှိသော။ သုတ္တန္တောတိ၊သုတ္တန်ဟူ၍။ ဒီပေတိ၊ပြ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣမေခေါဒွေ၊ဤနှစ်ပါးသောတရားတို့သည်။ တထာဂတံ၊မြတ်စွာဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲကြကုန်၏။ ။အဓိပ္ပါယ်ကား၊ နီတတ္ထကို နေယျတ္ထဟု ပြောဆိုခြင်းတပါး။ ။နေယျတ္ထကို နီတတ္ထဟု ပြောဆိုခြင်း တပါး၊ အဲဒီ ၂-ပါးဟာ ဖဘုရားကို စွပ်စွဲတာဘဲတဲ့။ မဟုတ်မမှန်သော အဘူတဝတ္ထုကို

ဘူတာဝတ္တုဟု ထင်ကာမျှနှင့်တောင်မှ မိစ္ဆာဉာဏ်ပါဘဲတဲ့၊ ဟုတ်မှန်သော ဘူတာဝတ္တုကို အဘူတာဝတ္တုဟု ထင်ကာမျှနှင့်ပင် မိစ္ဆာဉာဏ်ပါဘဲတဲ့။ ။ (မိစ္ဆာဉာဏ်ဖွင့်ပုံသာဓကစုံ ၁၇-ပုဒ်ထုတ်ပြအံ့)။

၄။ မိစ္ဆာဉာဏေန ယုတ္တောဟိ သဒ္ဒေါ။ ။သဒ္ဒတ္ထဘေဒစိန္တာပါဌ်။

၅။ အပြာဟ္မဏောပိ ကြိယာ ဂုဏသဏ္ဌာနာဒီဟိ တံသဒိသတ္တမာဂမ္မ ပြာဟ္မဏော ယမီတိ ပရဿ မိစ္ဆာဉာဏေ ဇာတေ။ ။ဘေဒစိန္တာဒီပနီဋီကာ။

၆။ မိစ္ဆာဉာဏဘူတာ နယုတ္တော။ ။ဘေဒစိန္တာဋီကာဟောင်းပါဌ်။

၇။ ယဒိ ပရဿ ကဒါစိ မိစ္ဆာဉာဏံ ဥပဇာတံ ဘဝေယျ။ ။ နျာသပါဌ်။

၈။ အယံဇနော ပြာဟ္မဏောတိ ပရဿ မိစ္ဆာဉာဏ်ကဿ ဇနဿ မိစ္ဆာဉာဏံ။ ။သံပျင်ဋီကာပါဌ်။

၉။ ပရဿ မိစ္ဆာဉာဏတ္တာ ချာပနာယော ပပဇ္ဇတေ။ ။ပဒရူပသိဒ္ဓိပါဌ်။

၁၀။ မိစ္ဆာဂါဟံ ဂဟေတွာ ဋှိတဿ ပရဝါဒိနော၊ မိစ္ဆာဂါဟ ဘာဝဿ ချာပနတ္ထံ ယုဇ္ဇတေ၀။ ။ပဒရူပသိဒ္ဓိဋီကာပါဌ်။

၁၁။ သက်နိုး ဝတ်ရုံခြင်းစသော ရဟန်းကောင်းတို့၏ အသွင်အပြင်ဖြင့် လှည့်လည်သော အလဇ္ဇီဒုဿီလကိုမြင်လျှင် ဤရဟန်းသည် ရဟန်းကောင်း ပင်တည်းဟု မှတ်ထင်ရာ၌ (မိစ္ဆာဂါဟဘဲတဲ့၊ မိစ္ဆာဉာဏ်ဘဲတဲ့) ဤပုံကို ယူသကဲ့သို့ ပုဏ္ဏားတုဖြစ်သော ဘိုးသူတော်ကိုမြင်လျှင် ဤသူကား ပုဏ္ဏား ပင်တည်းဟု ထင်မှတ်ရာ၌(မိစ္ဆာဂါဟ မိစ္ဆာဉာဏ်)ပင်တည်းဟု ဖွင့်ကြသည် ကား ပရဿ မိစ္ဆာဉာဏဿ ချာပနာယော ပပဇ္ဇတေ။ ။ကာရိကာပါဌ်။

၁၂။ ပရဿ မိစ္ဆာဉာဏဿ ချာပနာယော ပဇ္ဇတေတိ ပရဿ ဝိပ္ပလ္လာ ဗုဒ္ဓိနော (ဝိပလ္လာသဗုဒ္ဓိနော) ဇနဿ ချာပနာယ ကထနာယ ဥပပဇ္ဇတေ ပဝတ္တတိ။ ။ကာရိကာဋီကာပါဌ်။

၁၃။ မိစ္ဆာဉာဏ နိဝါရဏတ္ထ သမ္ဘဝတော ဉာပကဟေတုမှိစ ကတ္တာ တိ မိစ္ဆာဉာဏံ ဟောတီတိ နိဝါရဏတ္ထံ အကတ္တရိတိ ဝုတ္တန္တိ။ ။သုတ္တ နိဒ္ဒေသပါဌ်။

၁၄။ မိစ္ဆာဉာဏာဠ္ဌ အဘူတဿာပိ ဘူတဿ ဝိယ ဝိပရိတတော ဇာနန ဘူတော မောဟော။ ။မဏိသာရမဉ္ဇူသာဋီကာ။

၁၅။ မိစ္ဆာဉာဏန္တိ ပါပကြိယာသု ဥပါယစိန္တာဝသေန ပါပံ ကတွာ သုကတံ မယာတိ ပစ္စဝေက္ခဏာ ကာရေနစ ဥပ္ပန္နော မောဟော ဝေဒိတဗ္ဗော။ ။မူလပဏ္ဏာသအဋ္ဌကထာ။

၁၆။ မိစ္ဆာဉာဏန္တိ အယထာ ဘာဝေ ယထာ ဘာဝ ပညာ။ ။သံပျင်ဋီကာ။

၁၇။ အယောနိသော မနသိကရောတော ဘိက္ခုဝေ အနုပ္ပန္နာနိစ အကုသလာနိ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာနိစ အကုသလာနိ ဘိယျော ဝဍ္ဎန္တိ။ ။ပါဠိတော်။

၁၄-၁၅-၁၆-နံပါတ် ပါဠိများ၏ အနက် ၃-ပုဒ်။

၁၄။ မိစ္ဆာဉာဏာဠ္ဌ၊ မိစ္ဆာဉာဏံဟူသည်ကား။ အဘူတဿာပိ၊မဟုတ်မမှန်သော ဝတ္ထုအားလည်း။ ဘူတဿဝိယ၊ ဟုတ်မှန်သကဲ့သို့။ ဝိပရိတတော၊ ဖောက်ပြန်သောအားဖြင့်။ ဇာနနဘူတော၊ သိကာမျှဖြစ်သော။ မောဟော၊ မောဟသည်။ မိစ္ဆာဉာဏံ၊ မိစ္ဆာဉာဏ်မည်၏။ ။မမှန်တာကိုပင် မှန်တယ် လို့သိသော မောဟကား မိစ္ဆာဉာဏ်ပါတဲ၊ အဲဒီ မဏိသာရမဉ္ဇူသာ ဋီကာ အနက်ဘည်း။

၁၅။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏံဟူသည်ကား။ ပါပကြိယာသု၊ ယုတ်မာသောအမှုတို့၌။ ဥပါယစိန္တာဝသေန၊ အကြောင်းဥပါယ်တမည်ကို ကြံစည် သည်၏အစွမ်းအားဖြင့်။ ပါပံ၊ မကောင်းမှုကို။ ကတွာ၊ ပြုပြီး၍။ မယာ၊ ငါသည်။ သုကတံ၊ ကောင်းစွာပြုအပ်ပြီတကား။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခဏာ ကာရေနစ၊ ဆင်ခြင်သောအခြင်းအရာအားဖြင့်လည်း။ ဥပ္ပန္နော၊ ဖြစ်သော။ မောဟော၊ မောဟ စေတသိက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ဤကား မူလပဏ္ဏာသအဋ္ဌကထာ၏အနက်တည်း။

၁၆။ မိစ္ဆာဉာဏန္တိ၊ မိစ္ဆာဉာဏံဟူသည်ကား။ အယထာဘာဝေ၊ မဟုတ် မမှန် သည်၌။ ယထာဘာဝပညာ၊ ဟုတ်မှန်သည်ဟု သိသော မောဟ ပင်တည်း။ ။ဤကား သံပျင်ဋီကာ၏ အနက်တည်း။ အစုစု ၁၇-ပုဒ်ကား

တိုးသူတော်ကို ပုဏ္ဏားဘဲဟု အထင်မှား အသိမှားလို့ မိစ္ဆာဉာဏ် မောဟ အဖွင့်တို့တည်း။

မောဟတရား မိစ္ဆာဉာဏ်ကား (၁၇)ပုဒ်ဖြင့် သိသာလောက်ပါပြီ။

## မိစ္ဆာဒိဋ္ဌိဟူသည်၌ ဒိဋ္ဌိစေတသိက်အရကား

သုတ်သီလက္ခန် ပါဠိတော်၌ရင်း၊ အဋ္ဌကထာ ဋီကာ၌ရင်း၊ အနုမဓုယော ဇနာဂဏ္ဍိတို့၌ရင်း၊ ၆၂-ပါးသောမိစ္ဆာဒိဋ္ဌိ၊ ၃-ပါးသော နိယတမိစ္ဆာဒိဋ္ဌိ၊ ၁၀-ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိ၊ ၂၀-သော သက္ကာယဒိဋ္ဌိ၊ ၉၆-ပါးသော ပါသဏ္ဍဒိဋ္ဌိများ၌ ဒိဋ္ဌိစေတသိက်ကို သီးခြား၍ ဖွင့်ကြပါသည်။ ခွဲခြားပြီး ယူကြရန်မှာ-

(၁) မိစ္ဆာဉာဏ်၌ မောဟစေတသိက်က ပြဋ္ဌာန်းပါသည်။

(၂) မိစ္ဆာဒိဋ္ဌိ၌ ဒိဋ္ဌိစေတသိက်က ပြဋ္ဌာန်းပါသည်။

စေတသိက်ချင်းပင် မတူကြပါ။ လွန်စွာပင် ကွဲလွဲထူးခြား၍နေပါသည်။ ပုဂ္ဂိုလ် သုံးမျိုးနှင့် ဝေဘန်သော်။ ၁-ပုထုဇဉ် ပုဂ္ဂိုလ်များ၌ မိစ္ဆာဉာဏ် မောဟရော မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိစေတသိက်ရော ၂-ပါးစုံ ရှိလျက် နေကြ၏။ (၂) သောတာပန်, သကဒါဂါမ်, အနာဂါမ်-များ၌ မိစ္ဆာဉာဏ်ခေါ်တဲ့ မောဟ စေတသိက် အရေး သိတ်ပြီး မကြီးတာသာ ကျန်တော့၏။ (၃) ရဟန္တာများ၌မူကား မိစ္ဆာဉာဏ်ရော မိစ္ဆာဒိဋ္ဌိရော ကုန်ခန်းသွားပါပြီ။ ဤကား-ပုဂ္ဂလာဓိဋ္ဌာန်ဖြင့် ခွဲပြပုံတည်း။

## လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ၊ လွတ်အောင်သိလော့

မိစ္ဆာဒိဋ္ဌိံ ပုရက္ခိတွာန သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ဓမ္မပဒပါဠိတော်။ ။ မိစ္ဆာဉာဏ် မိစ္ဆာဒိဋ္ဌိ ရှိ၍နေပါလျှင် အပါယ်လေးဘုံသို့ စုန်ဆင်းရမည်။ (အက္ခရံ ကေမေကဥ္စ ဗုဒ္ဓရူပသမံ သိယာ) စာတလုံး ဘုရားတဆူမို့၊ စာတလုံးပျက်က ဘုရားတဆူကွယ်မှာဘဲ။ ထို့ကြောင့် အက္ခရာတလုံးကိုပင် လွဲတာမြင်ကြပါလျှင် ကျွန်ုပ်အား သတိပေးကြပါ၊ ပြင်လဲ ပြင်ဆင်ကြပါ။ သတိပေးခြင်း၊ ပြင်ဆင်ခြင်းကို ပြုတဲ့အတွက် ကျေးဇူး အထူးတင်ပါမည်။ အမြင်မှား အထင်မှား အမှတ်မှား အသိမှားကို နတ်သွီးမြင် ငါးမျိုး၌ ထင်ရှားပြပါလတ့်၊ဤစာအုပ်တွင် တနေရာ၌ တွေ့ကြရပါလိမ့်မည်။

## (၈၂) မဟာစည်နှင့် ဂီ၊မေး၊ဖြေ

ဓာတ်ဟာရေးကို သက်သေခံပြီ။

(အရင်လို–လမ်းအိုလိုက်) စကားပုံ (၄) (၁)

အဖြေမြင်၊အတင်သိ၊မိ၏ကျမ်းရိုးအနေတည်း။ (နိယံလက်ာ)မဟာစည် ဆရာတော်၏ အဖြေကိုမြင်၍ အတင်ဖြင့် မေးမြန်းအပ်သော (အမေးနှင့် အဖြေကား)။

(၁) ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရာ၌ အဘယ်တရားက စပြီး အားထုတ်ရှုပွားရမည်နည်း။

(၁) မဟာစည် ဆရာတော်၏ အသံလွှင့် တရားစာအုပ်နံပါတ်–၅၈၊ ကြောင်းရေ ၂–၌ အတိအလင်း ဖြေဆိုထားသည်ကား(ရုပ် ၂၈–ပါးမှာလဲ အကြမ်းဆုံးဖြစ်တဲ့ မဟာဘုတ် ရုပ်ကြီးတွေက စပြီး ရှုရမယ်လို့ ဆိုထား ပါတယ်)။ ဓာတ်ကြီးလေးပါးကစ၍ ရှုရမယ်၊ မဟာဘုတ်ကစ၍ ရှုရမယ်၊ ဘူတရုပ်ကစ၍ ရှုရမယ်၊ ၎င်းစကားများဟာ အတူတူပါဘဲ။ (ပထဝီ၊ အာပေါ၊တေဇော၊ဝါယော)ကို စ၍ ရှုကြပါတဲ့။

(၂) ဓာတ်ကြီးလေးပါးကို သိရုံနှင့်ရှုရမှာလား၊ သို့မဟုတ် တွေ့ထိပြီး ရှုရမှာလား၊ ဖြေပါ။

(၂) မဟာစည်ဆရာတော်၏ အသံလွှင့် တရားစာအုပ် နံပါတ် ၅၈–၌ ဒီမဟာဘုတ်ကြီးလေးပါးထဲက ပထဝီ၊တေဇော၊ဝါယောဆိုတဲ့ ဓာတ်ကြီး ၃–ပါးဟာ(တွေ့ ထိပြီး သိရတဲ့ ဖောဋ္ဌဗ္ဗရုပ်ကြီးဘဲ)။

(၃) ဓာတ်ကြီးလေးပါးထဲက တပါးပါး တွေ့ရပုံကို ဖြေပြပါ။

(၃) မဟာစည်ဆရာတော်၏ အသံလွှင့်တရားစာအုပ် နံပါတ် ၅၈–မှာ ဒီဓာတ်ကြီးလေးပါးထဲက ဝါယောဓာတ် သိပုံတခုကိုတော့ ပြလိုက်ရဦးမည်။ သွားတယ်,ရပ်တယ် စသည်ဖြင့် မှတ်တဲ့အခါမှာ ထောက်ကန်တောင့်တင်းမှု ကို သိ–သိသွားတာက ဝါယောဓာတ်ကို ဝိတ္ထမ္ဘနလက္ခဏာနဲ့ သိတာဘဲ၊ တရွေ့ချင်း ရွေ့ရှားမှုကို သိ–သိသွားတာက သမုဒီရဏ(ရသ)နဲ့သိတာဘဲ၊ ဆွဲဆောင်နေသလို တွန်းပို့နေသလို သိ–သိသွားတာက အဘိနီဟာရပစ္စု ပဋ္ဌာန်နဲ့ သိတာဘဲ။ (သေသဘူတတ္တယပဒဋ္ဌာနံ) ကျန်ဓာတ် ၃–ပါးက ပဒဋ္ဌာန်နှင့် သိတာဘဲ။

(၁) အဖြေမှာ။ ။သာဝကာဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။မူလပဏ္ဏာသအဋ္ဌကထာနှင့် ပါဠိပေါင်း ၇၅၃-ပုဒ် နှင့်ရင်း ညီညွတ်လှပေ၏။

(၂) အဖြေမှာ။ ။ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ-စသော သံယုတ် ပါဠိနှင့်ရင်း၊ အလားတူပါဠိ ၇-ပုဒ်နှင့်ရင်း ညီညွတ်လှပေ၏။

(၃) အဖြေမှာ။ ။ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံဝါ ယံဇနေတိ ဝါယော ဝိညတ္တိံ ဇနေတိ၊စိတ္တကြိယဝါယောဓာတု ဝိပ္ဖါရေန သကလဿ ကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။ ဌာနာဒီသုပိ ဧသေဝန ယော (သတိပဋ္ဌာနသုတ်) အဋ္ဌကထာ အဖွင့်နှင့်ရင်း၊ ပါဠိ ၉-ပုဒ်နှင့်ရင်း ညီညွတ်၏။

---

## (၈၃)ရန်ကုန်မြို့ သာသနရိပ်သာ
## မဟာစည်ဆရာတော် ဆုံးဖြတ်အပ်သော
## ပရမတ်တရားပေါ်ပုံနှင့် ပညတ်တရားပေါ်ပုံဝိနိစ္ဆယ

ဧင်းမဟာစည်ဆရာတော် ရေးသားအပ်သော (ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ) တတိယနှိပ်ခြင်း၊ ၁၃၁၂-ခုနှစ်ထွက် စာအုပ်စာမျက်နှာ နံပါတ် ၁၈-တွင် ပါရှိပုံကား။ ။သမာဓိအား အထူးကောင်းလာလျှင် များစွာသော ယောဂီတို့မှာ (ယားမှု, ပူမှု, နာကျင် ကိုက်ခဲမှု, လေးလံမှု, တင်းကြပ်မှု) စသော မခံသာတဲ့ ဝေဒနာ အမျိုးမျိုးတို့ကို ထင်ရှား တွေ့တတ်ကုန်၏။ မမှတ်ဘဲ ရပ်နားလိုက်လျှင် ထိုဝေဒနာမှာ ချက်ချင်းပင် ပျောက်သွား၏။ မှတ်မြဲ မှတ်ပြန်လျှင် တဖန် ပေါ်လာပြန်၏။ ဤလို ဝေဒနာမှာ (ရောဂါ မဟုတ်) တရားသဘောအတိုင်း ထင်ရှားပေါ်လာတဲ့ (ဝေဒနာ) ဟူ၍သာ ဆုံးဖြတ်ပါ၊ မကြောက်နဲ့။ ထိုဝေဒနာကိုသာ စူးစိုက်၍ အတင်းမှတ်နေပါ။ တဖြေးဖြေး သေးငယ်၍ သေးငယ်၍ ပျောက်ကင်း သွားပါ လိမ့်မည်။ (အဲဒါက ပရမတ်ဓာတ်ပေါ်ပုံ အဆုံးအဖြတ်တည်း)။

(ဧင်းစာနှင့်တဆက်ထဲဆက်၍ရေးပြန်သည်မှာ) ထို့ပြင် အမျိုးမျိုးသော အဆင်းသဏ္ဌာန် အာရုံများကိုလဲ ရှေ့နားတွင် မျက်စိနှင့် မြင်ရသလိုပင်

အထင်အရှား တွေ့မြင် ရတတ်၏။ ရောင်ခြည်တော် များနှင့်တကွ အလွန် သပ္ပါယ်သော ဘုရားသခင် ကြွလာ သကဲ့သို့ရင်း၊ ကျောင်းကင်မှ သံဃာ တော်များ ကြွလာ သကဲ့သို့ရင်း၊ ဆင်းတုတော် စေတီတော်များ မျက် မှောက်မှာ ရှိနေသကဲ့သို့ရင်း၊ကြည်ညို ခင်မင်သော ပုဂ္ဂိုလ်များ ရောက်လာ သကဲ့သို့ရင်း၊ သစ်ပင်, တောတောင်, ဥယျာဉ်, တိမ်တိုက်များကို တွေ့နေရ သကဲ့သို့ရင်း၊ ဖူးဖူး ရောင်သော သူသေကောင် အရိုးစု ကောင်ကြီးများ အနီးမှာ ရှိနေသကဲ့သို့ရင်း၊ အိမ်, တိုက်, ကျောင်းဆောင်, လူကောင် ကြီးများ ရှေ့နားတွင် ဖရိုဖရဲ ကြေမွပျက်စီး သကဲ့သို့ရင်း၊ မိမိ၏ ကိုယ်မှာ ဖောင်းပွလျက် သွေးသံရဲရဲ ဖြစ်လျက် နှစ်ပိုင်း သုံးပိုင်း ပြတ်လျက် အရိုးစု မျှဖြစ်လျက် တမျိုးတမည် ဖောက်ပြန်သွား သကဲ့သို့ရင်း၊ ကိုယ်ထဲက အရိုး အသား,အခြေ,အူ,အသဲ,ပိုးကောင်များကို တကယ် မြင်ရ သကဲ့သို့ရင်း၊ ငရဲဘုံနတ်ဘုံများ၊ငရဲသူငရဲသားများ၊ ပြိတ္တာများ၊နတ်သမီး နတ်သားများကို တကယ် တွေ့နေရ သကဲ့သို့ရင်း၊ ဤသို့ စသည်ဖြင့် ဆန်းဆန်း ရိုးရိုး အမျိုးမျိုးသော အဆင်း သဏ္ဌာန် အာရုံများကို ထင်ရှား တွေ့ရတတ်၏။ (သမာဓိ အဟုန်ကြောင့် စိတ်က ညွတ်မိတိုင်း) ထင်ပေါ်လာသော (ပညတ်) အာရုံမျှချည်းသာတည်း။ (အဲဒါက ပညတ်တရားပေါ်ပုံ အဆုံး အဖြတ်ပင်တည်း)။

ဤမဟာစည်ဆရာတော် ရေးသား အပ်သော (ပရမတ်တရားပေါ် ပုံနှင့် ပညတ်တရားပေါ်ပုံ ဝိနိစ္ဆယ) ကို မြင်ရ သိရ တွေ့ရ နားလည်သော ပုဂ္ဂိုလ်များက ၎င်းအဆုံးအဖြတ်သည်၊ ဉာဏစာရီ မဟာထေရ်၏ ရေးသား ဟောကြား ပြသအပ်သော ဓာတ်တရား, ကလာပ်တရား, ပရမတ်တရား တို့ကို ချွင်းချက် ချန်ထားချက်မရှိဘဲ လုံးဝ ထောက်ခံသော အဆုံးအဖြတ် ပင်တည်းဟု ဝမ်းမြောက် ကြသည်။ ဤသာသနာတော်ကြီး၌ (ဝါဒကွဲ-ဝါဒပြား)မရှိ၊ လုံးဝတူညီကြပြီး စိတ်ချလက်ချနှင့် တူမျှသောဝါဒအတိုင်း ကျမ်းဂန် အတိုင်း အားထုတ် ရကြတော့မည် ဟူလို....။ ဝါဒ အတွက်နှင့် တဖက်နှင့်တဖက် ငြင်းချက်လဲ မရှိ၊ အကုသိုလ် ဖြစ်ချက်လဲ မရှိ ကင်းရ တော့မည်။

## (၀၄) (၆) နံပါတ် မဟာစည် ဌာန် ၄-ပါး ခွဲပြပုံ
## ဓာတ်တရားကိုသက်သေခံပြီ။
## (အရင်လို-လမ်းအိုလိုက်) စကားပုံ (၁) (၄)

မဟာစည် ဆရာတော် အသံလွှင့်၍ ဟောပြခြင်း စာအုပ်ထုတ်၍ ဖြန့်ချီခြင်းပြုသော (တရားတော်ကြီး)၌ မျက်နှာနံပါတ်-၅၀၊ ကြောင်းရေ ၂-၌၊ အတိအကျဟောပြထားသည်ကား (ပြီးတော့ ရုပ် ၂၈-ထဲမှာလဲ အကြမ်းဆုံးဖြစ်တဲ့ မဟာဘုတ်ရုပ်ကြီးတွေကစပြီး ရှုရမည်လို့ ဆိုထားပါတယ်။ ဒီမဟာဘုတ်ကြီး လေးပါးထဲက ပထဝီ,တေဇော,ဝါယော,ဆိုတဲ့ ဓာတ် ၃-ပါးဟာတွေ့ထိပြီးသိရတဲ့ ဖောဋ္ဌဗ္ဗရုပ်ချည်းဘဲ)ဟူ၍ငင်း၊ပြီးတော့ကြောင်းရေ ၂၁-၌ ဒီဓာတ်ကြီး လေးပါးထဲက ဝါယောဓာတ် သိပုံ တခုကိုတော့ ပြလိုက်ရဦးမည်။ သွားတယ် ရပ်တယ် စသည်ဖြင့် မှတ်တဲ့အခါမှာ (ထောက်ကန်တောင့်တင်းမှု)ကို သိသိသွားတာက ဝါယောဓာတ်ကို ဝိတ္ထမ္ဘန လက္ခဏာနဲ့ သိတာဘဲ။ ။တရွေ့ရွေ့ခြင်း ရွေ့ရှား မှုကို သိသိသွားတာက (သမုဒီရဏ ရသနဲ့ သိတာဘဲ) ဆွဲဆောင်နေသလို တွန်းပို့နေသလို သိသိသွားတာ (အဘိနိဟာရ ပစ္စုပဋ္ဌာန်နဲ့ သိတာဘဲ)။ သွားချင်တဲ့ စိတ်ကြောင့်ဘဲလို့ သိသိသွားတာက (ပဒဋ္ဌာန်ဘဲ)။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် စေ့အောင်အပြည့်နှင့်တကွ ဖော်ပြခြင်းဖြစ်ပါသည်။

သေသဘူဘတ္တာယ ပဒဋ္ဌာနံ ပါဠိ အမှန်ကို သိကြပါ။

### လူပြိန်း လူအ လူန လူညံ့-များပါ သိရှိအောင် ခွဲပြပုံ

ပညတ်အခေါ် (သွားတယ်) ပရမတ်အတွေ့မှာ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-လေးပါ ဘဲ။

ထောက်ကန် တောင့်တင်းမှုက ဝါယောဓာတ် ဝိတ္ထမ္ဘန လက္ခဏာနှင့် တွေ့ရပုံ။

ရွေ့ရှားရွေ့ရှားနေမှုက သမုဒီရဏ ရသနှင့် တွေ့ရပုံ။

ဆွဲဆောင်သလို တွန်းပို့သလို နေမှုက အဘိနိဟာရ ပစ္စုပဋ္ဌာန်နှင့် တွေ့ရပုံ။

သွားချင်လို့အကြောင်းက ပ၊အာ၊တော၊ပစ္စုပဋ္ဌာန်နှင့် တွေ့ရပုံ။

ဤပုံစံအတိုင်း ဝါယောဓာတ်ကို တွေ့ရတော့ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်လေးပါးစလုံး တွေ့ကြရပါသည်၊ အမည်ဖြင့် ထုတ်ဖော်၍ မခေါ် တတ်ကြလို့ပါ။

———

## (၈၅) ဘာဘဲဖြစ်ဖြစ် မူလမင်းကွန်း

## ပဋ္ဌမဆရာတော်ဘုရားကြီးက ထောက်ခံနေပါပြီ

မြန်မာနိုင်ငံတော် မူလမင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီး၏ ဝိပဿနာဉာဏ်စဉ်ကြီး၌ အတိအလင်း ထောက်ခံနေပုံကား—

(က) မျက်နှာနံပါတ်–၈၅၊ ကြောင်းရေ ၁၇–၌ တွေ့ရပုံကား၊ဉာဏ် အမြင် စင်ကြယ်အောင် ရုပ်ကို သုခ်သင်ရှင်းလင်းသဖြင့် ပိုးရွက်ဆိတ် သွား သလို တရွရွ–တလှုပ်လှုပ်၊ခြသွားသလို တရွရွ–တလှုပ်လှုပ်၊ပဓူအုံလို တဆွေ့ ဆွေ့–တခုန်ခုန်၊ ပျားအုံလို တဆွေ့ဆွေ့ တခုန်ခုန်၊ဤလို တရွရွ–တလှုပ်လှုပ် တဆွေ့ဆွေ့ တခုန်ခုန် အာရုံပြုသော နာမ်အစဉ် အလိုလိုထင်၏။

(ခ) မျက်နှာနံပါတ်–၈၇၊ကြောင်းရေ ၁၁–၌(က) အမှတ်အတိုင်းပင် ရေးသား ထောက်ခံပြန်၏။

(ဂ) မျက်နှာနံပါတ်–၉၀၊ ကြောင်းရေ ၁၈–၌ (က) အမှတ်သဘော ပင် ရေးသား၍ ထောက်ခံပြန်၏။

(ဃ) မျက်နှာနံပါတ်–၁၉၆၊ကြောင်းရေ ၂၅–၌ သန္တတိ သမူဟ ကိစ္စ အာရမ္မဏ ဃန အစိုင် အခဲ ပြိုကွဲ၍ တသဲသဲ တယုတ်ယုတ် တမဟုတ်မျှ မသစ်ဖြစ်သောသဘောကို ဥဒယဟု ပျက်သောသဘောကို ဝယဟုရှုနည်းကို နယဝိပဿနာဖြင့်။

(င) မျက်နှာနံပါတ်–၁၉၇၊ ကြောင်းရေ ၂၇–၌ဒ၄င်း၊ မျက်နှာနံပါတ် ၁၉၈၊ ကြောင်းရေ ၂၇–၌ဒ၄င်း (ဃ) အမှတ်အတိုင်း ရေးသားထောက်ခံ၏။

(စ) မျက်နှာနံပါတ်–၃၂၃၊ ကြောင်းရေ ၂၄–၌ ထူးကဲသော မိုးသေး မိုးမွှား မိုးပေါက် အားကြီးသောမိုး ရွာသည်ရှိသော် ရေပြင်၌ များစွာ များစွာသော ရေသေး ရေမွှား ရေတဖွားဖွား ရေတဗွက်ဗွက် လျင်စွာ လျင်စွာ ဖြစ်၍ ပျက်သည်ကို မြင်ရသကဲ့သို့ ထို့အတူ။

(ဆ) မျက်နှာနံပါတ် ၅၀၃၊ ကြောင်းရေ ၁၀–၌၊ ထိုသင်္ခါရပေကွာ ဉာဏ်သည်ကား ဗန်းစကော၌ မုံ့ညက်ကို ဆင့်သကဲ့သို့ တဖွားဖွား၊ ဖတ်အပ်သော ဝါဂွမ်းဆိုင်ကို ဖဘ်သကဲ့သို့ တဖွားဖွား အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် သင်္ခါရကို သိမ်းဆည်း ဆင်ခြင်၍ များစွာရေး၍ ထောက်ခံသော်လည်း ဤမျှသာထုတ်ယူ၍ ဖော်ပြရခြင်း ဖြစ်ပါတော့သည်။ ထို့ပြင် မိုးညှင်းဆရာတော်ဘုရားကြီး၏ ထောက်ခံချက် လယ်တီဆရာတော် ဘုရားကြီး၏ ထောက်ခံချက် စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ထောက်ခံချက်စသော ထောက်ခံချက်ပေါင်း ၁၉–ခုကို ထောက်ခံပုံနှင့်တကွ သိလို, ဖတ်လို, ရှုလိုသော ပုဂ္ဂိုလ်များသည် (၆–ပဲ)တန် (သောတာပန်ဖြစ်ခဏ်း လမ်းမှန် တွေ့ရပြီးကျမ်း၌) ဖတ်ရှုဆင်ခြင်တော် မူကြပါမည့် အကြောင်း။

ဉာဏစာဂီ၏ ခာ၀ကမ္မဋ္ဌာန်းကို ဗမာနိုင်ငံလုံးဆိုင်ရာ မဟာသံဃအဖွဲ့ချုပ်ကြီးမှရှင်း၊ ဂိုဏ်းပေါင်းစုံ သံဃအဖွဲ့ချုပ်ကြီးမှရှင်း ထောက်ခံအားပေးသည့်ပြင် ဉာဏစာဂီမဟာထေရ်ကို ထိုသံဃအဖွဲ့ချုပ်ကြီးမှ ယိုးဒယားပြည်သို့ သာသနာပြုလွှတ်ရန်ပင် အမိန့်တော်မြတ် ချမှတ်ထားခဲ့လေသည်။ ဤကား သက်သေပင်တည်း၊ဤမျှမကသေး နိုင်ငံကျော် ဦးညေယျခေါ် သာဃာဝတီ ဆရာတော်ဘုရားကြီးကလည်း မိမိနှင့်တကွ အောင်ခြင်းအဖွဲ့ဝင် တပည့်များနှင့်ပါ လုံးလုံးလျားလျား အားပေးမြှောက်စား ချီးမြှင့်ခြင်းခံရလေသည်။

အဲဒါ တရားစစ်, တရားမှန်ဖြစ်လို့ဟု တထစ်ချယုံမှတ်ပြီး လူတိုင်းပင် တိုင်ပင် အားထုတ်ကြစေလိုကြောင်း။

---

## (၈၆) ပရမတ်အစစ်ဘုရား ပေါ်နေသော ဗမာပြည်ကြီး
## ရုပ်အစစ် ပရမတ်အစစ် ဆွေးနွေးခဏ်း

တမြို့တွင် ရပ်ကွက်ကြီးတခုရှိ၏၊ထိုရပ်ကွက်၌ ဓမ္မသာကစ္ဆာရုံတခုလဲရှိ၏။ ပညာရှိ ကဝိ,ကဝိန် သုခမိန်တို့ကို ပင့်ဖိတ်၍ ပင့်ဖိဘ်၍ စုစုပြီးတော့ ဆွေးနွေးလေ့ရှိ၏။ "တခါသော် ထိုရုံ၌ လူပြန်တော် ပညာရှိ သုခမိန် တဦးက

ပြောပြသည်မှာ၊ (ရုပ်အစစ် ပရမတ်အစစ် ဆိုတာဟာ၊ ရုပ်ရုပ်, ထိုင်ရုပ်, ထရုပ်, လှုပ်ချုပ်, သွားရုပ် ပါဘဲ-ဟူ၍ အမူအရာနှင့်တကွ ရုပ်၍ပင် ပြ၏။ ထိုင်၍ ပြ၏၊ ထ၍ ပြ၏။ လှုပ်၍ ပြ၏။ သွား၍ပြ၏။ ဒီအမူအရာ တွေဟာ ရုပ်အစစ်ပေါ့၊ ပရမတ်အစစ်ပေါ့-ဟု နေရာအကျ ပြောပြပေ၏။

ထိုအခါ၊ ဂီ-က ပညတ်ရုပ် ကိုသာ ဆိုရာ ရောက်ပါသည်။ ပရမတ်ရုပ် အစစ်ဟာ ရပ်လို့လဲမရပါ၊ ရွေ့လို့လဲမရပါ၊ ထိုင်လို့လဲမရပါ၊ ထလို့လဲမရပါ၊ လှုပ်လို့လဲမရပါ၊ သွားလို့လဲမရပါ၊ (၁) ပထမ သာဓကမှာ။ တွေ့န္တရေ အနေကာနိ ကောဋ္ဌိသတသဟဿာနိ သခ်ါရာ ဥပ္ပဇ္ဇန္တိစ ဝယန္တိစ-ဟူသော သံယုတ်က ၃-ကျမ်း။ ဝိဘင်းကျမ်းများ၌ ဥဒယဗ္ဗယ ဉာဏ်ကို ပဇာနာတိ၊ အပြားအားဖြင့် သိကြရပုံကိုပြရာ၌။ တစက္ကန့် အချိန်မှာပင် ကုဋေတသိန်း မက ပျက်ပျက်နေသောကြောင့် ဆရာပြသောရုပ်တို့သည် ပရမတ်ရုပ်အစစ် မဟုတ်နိုင်ပါ၊ ပညတ်ရုပ်တွေသာ ဖြစ်ပါတော့သည်။ ဤမျှလောက် ကုဋေ တသိန်း ပျက်ပျက်နေတဲ့ ရုပ်တွေဟာ ထမရ, ထိုင်မရ, ရွေ့မရ, ယူမရပါ။ ဆရာပြသောရုပ်ကား ထလို့ရ, ထိုင်လို့ရပါသဖြင့်၊ ပထမပါဠိနှင့် ဆန့်ကျင်၍ နေပါတယ်။

(၂) ပရမတ် အစစ် ရုပ်တရား တွေဟာ၊ ကေတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဇဝံမမ္မတာနည်းနှင့် တွေ့ရတာမို့ ဆရာပြတဲ့ရုပ်နှင့် နိုင်းချိန် ပါလျှင်၊ စိတ်က ပြုပြင် ပေးတိုင်း ဖြစ်ရလို့ ဆရာပြတဲ့ ရုပ်တွေဟာ စိတ္တဇ ရုပ်တွေပါဘဲ၊ ဗျာပါရရုပ်တွေပါဘဲ၊ အနတ္တ ၄-ချက်နှင့် ဆန့်ကျင်၍နေပြန် ပါတော့သည်။

(၃) ပရမတ်ရုပ်အစစ်ဆိုတာဟာ။ ။တတ္ထ တတ္ထေဝ ဘိဇ္ဇန္တိ ခီယန္တိ စဝန္တိ မီယန္တိ ဝိပရိဏာမ ဓမ္မံ ဂစ္ဆန္တိ-စသော အဋ္ဌကထာ ပါဠိများနှင့် စစ်ဆေးကြည့်တော့၊ ထိုထို ဖြစ်ရာ အရပ်၌ပင် ကုဋေ တသိန်းမက ပျက်ရ ကုန်၏၊ ကုန်ခန်းရကုန်၏၊ ရွေ့လျော့ရကုန်၏၊ သေရကုန်၏၊ ဖောက်ပြန်ခြင်း သဘောသို့ ရောက်ရ ကုန်၏-တဲ့။ ဆရာ၏ ထရုပ်, ထိုင်ရုပ် တွေနှင့် မညီ ညွတ်ပါ။

(၄) ပရမတ်ရုပ် အစစ် ဆိုတာဟာ။ ။ပရမတ္ထမ္မောနံ ဟိ ကေသဂ္ဂ မတ္တမ္ပိ ဒေသန္တရံ န သင်္ကမတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆိုရာဝယ်၊ ပရမတ္ထ

တရား မှန်ပါလျှင်၊ ဖြစ်ရာဌာနမှ တဆံဖျားမျှပင် အရပ်တပါးသို့ ရွေ့လို့ မရပါဘူးတဲ့ဗျား။ ။ယခုဆရာ့ ထရုပ်,ထိုင်ရုပ်–စသည်တို့ကတော့၊ ရွေ့လို့ပင် ရနေရကား၊ ပရမတ္ထ ရုပ်တော့ မဖြစ်နိုင်ပါ။ ပညတ်ရုပ်မျှသာ ဖြစ်ပါတော့သည်။

(က) အပရေဝါဒကပြသော ရုပ်ကား။ ရပ်ရုပ် ထိုင်ရုပ် ထရုပ် လှုပ်ရုပ် သွားရုပ်တို့တည်း။ ဤသာဓကပါဠိလေးပုဒ်နှင့် မညီပေ။

(ခ) သမာနဝါဒက ပြသော ရုပ်ကား။ အသံရုပ် ညှော်ရုပ် အနံ့ရုပ် လေရုပ်။ ၎င်းတို့ကား ပြခဲ့ပြီးသော ပါဠိလေးပုဒ်နှင့်လဲ ကိုက်ညီပါပေ၏။

(ဂ) အသံ ညှော် အနံ့ လေ ရုပ်တို့ကား ပရမတ် အစစ်မို့ လူမျက်စိနဲ့လဲ မမြင်နိုင်၊ နတ်မျက်စိနဲ့လဲ မမြင်နိုင်၊ ဗြဟ္မာမျက်စိနဲ့လဲ မမြင်နိုင်။ ဆရာ ပြသော ထိုင်ရုပ် ထရုပ် ရပ်ရုပ်တို့ကား၊ သာမန် လူတိုင်းပင် မြင်ရသဖြင့်၊ ပရမတ်ကား မဖြစ်နိုင် တော့ပါ။ ပညတ် ရုပ်သာ ဖြစ်နိုင် ပါသည်။ ယင်းပညတ်ရုပ်ဖြင့် တဒင်္ဂဝိဇ္ဇာခွါတို့ ဣရိယာပထ အောက်တန်း ဝိပဿနာ လောက်သာ ရှိပါသေးသည်။ ။အပရေ ဆရာကား၊ ဆိတ်ဆိတ်သာ နေပေတော့သည်။ ဤကား–ပညတ်ရုပ် ပရမတ်ရုပ် ခွဲပြဆွေးနွေးပုံတည်း။ ပရမတ်ရုပ် ဆိုတာ သဏ္ဌာန်မရှိရ အာကာရ ဝိကာရ ကြိယာမျှသာတည်း။ သဗ္ဗေပိ ပရမတ္ထဓမ္မာ နာမ သဗ္ဗသော သဏ္ဌာနရဟိတာ ဟောန္တိ။ အာကာရ ဝိကာရ ကိရိယ မတ္တာဧဝ။ အနုမတ္တောပိ သဏ္ဌာနေ ဒိဿမာနေ တသ္မိံ ဝတ္ထုသ္မိံ အနေကာ ပရမတ္ထဓမ္မာ ပဝတ္တန္တိ။ ။သုတ္တနိပါတ်အဋ္ဌကထာ။ ။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပရမတ္ထဓမ္မာနာမ၊ ပရမတ္ထတရားတို့ မည်သည်ကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ သဏ္ဌာနရဟိတာ၊ သဏ္ဌာန် ကင်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာကာရ ဝိကာရ ကြိယာမတ္တာဧဝ၊ အခြင်းအရာမျှ ဖောက်ပြန်ခြင်းမျှ အမူအရာကိရိယာမျှ သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုမတ္တောပိ၊ အနုမြူမျှလည်း။ သဏ္ဌာနေ၊ သဏ္ဌာန်သည်။ ဒိဿမာနေ၊ မြင်ရသော။ ဝတ္ထုသ္မိံ၊ ဝတ္ထု၌။ အနေကာ၊ မရေ မတွက်နိုင်ကုန်သော။ ပရမတ္ထဓမ္မာ၊ ပရမတ္ထ တရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။

ဤပါဠိအလိုအားဖြင့် ပရမတ္ထတရား အားလုံးဟာ သဏ္ဌာန်လဲ ကင်းရမယ်၊ အာကာရတဲ့ အခြင်းအရာမျှသာ ဖြစ်ရမယ်၊ ဝိကာရတဲ့ ဖောက်ပြန်

ရုံမျှသာ ရှိရမယ်၊ ကြိယာမတ္တာဝေတဲ့ ကြိယာ အမူအရာ မျှသာ ဖြစ်ရမယ်တဲ့ဗျား။ အကယ်၍အနုမြူမျှ ပရမာနုမြူမျှပင် သဏ္ဌာန်ထင်ခဲ့သော် ထိုထို ဝတ္ထု၌ ပရမတ္ထတရားတွေဟာ မရေနိုင်ပြီတဲ့ခင်ဗျား။ သမူဟ၊ဃန၊သဏ္ဌာန၊ သန္တတိ၊နာမ၊ပညတ်များ မလွတ်နိုင်ဘူးတဲ့ဗျား။

(၇) ခေတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဤလေးဖြာ၊မြဲစွာပါမြဲတည်း။ ။ထိုခေတ်ရှစ်ပါး၊မပြားမကွဲ၊တသားထဲမှတ်။ အဋ္ဌကလာပ်၊ ခေတ်ခဲတခု၊ ခေါ်ရိုးပုံကြ၊ နှိုင်းတုစရာ'ပမာ မရ၊ သေးငယ်လှသော သဘောမျှသာတည်း)။ အဲဒါမှ ပရမတ်အစစ်ပါ ခင်ဗျား။ (အဋ္ဌကလာပ်၊ ခေတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာ,အပျော့၊အပေါ့,အလေး၊ အသေး,အကြီး ၊အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည်,အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာပြန်သည်၊ မှားရန်အကြောင်း နိမိတ်တည်း။ ။ဟူသော လယ်တီဆရာတော်ကြီး၏ လင်္ကာနှင့်ပင် ရှင်း၍နေပါသည်။

(၈) ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ၊ဣတရီတရံ ကောဋ္ဌာသံ အပတ္တွာ တတ္ထ တဓေတ္ထဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တ တိလာဝိယ တဋတဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ဣတိ၊ဤသို့။ တတ္ထတတ္ထ၊ထိုထိုသောအရပ်ဌာန၌။ ဥပ္ပန္နာ၊ဖြစ်ကုန်သော ပရမတ္ထတရားတို့သည်။ ဣတရီတရံ ကောဋ္ဌာသံ၊တပါး ပါးသောနေရာ ကောဋ္ဌာသသို့။ အပတ္တွာ၊ မရောက်မူ၍။ (ဝါ) ရွှေ့လဲမရ ပြောင်းလဲမရမူ၍။တတ္ထတဓေတ္ထဝ၊ထိုထိုဖြစ်ရာ ဌာနန၌သာလျှင်။ ပဗ္ဗံပဗ္ဗံ၊အဆစ် အဆစ်။ သန္ဓိသန္ဓိ၊အစပ်အစပ်။ ဩဓိဩဓိ၊ အပိုင်းအပိုင်း။ ဟုတွာ၊ ဖြစ်ကြကုန်၍။ တတ္တကပါလေ၊ ရဲရဲတောက်သော အိုးကင်း၌။ ပက္ခိတ္တတိလာဝိယ၊ ထည့်ခဲ့သောနှမ်းများကဲ့သို့။ တဋတဋာယန္တာ၊ဖြစ်ဖြစ်–ဖြစ်ဖြစ် မြည်ကုန်လျက်။ သင်္ခါရာ၊သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ၊ပျက်ရကုန်၏။ တသ္မာ၊ထို့ကြောင့်။ အနိစ္စာ၊ အမြဲမရှိကြကုန်။ ဒုက္ခာ၊ဆင်းရဲလှကုန်၏။ အနတ္တာ၊ အစိုးမရကြပါကုန်။ ဤပါဠိအရ၊ပရမတ္ထတရားဆိုတာ ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်ကုန်သည်ရှိသော် တနေရာသို့ တဌာနသို့ ပြောင်းမရ,ရွှေ့မရဘဲ ထိုထို ဖြစ်ပေါ်ရာအရပ်၌ သာလျှင် အဆစ်အဆစ် အစပ်အစပ် အပိုင်းအပိုင်းဖြစ်၍ ပျက်ရကုန်၏။

ဥပမာပြရသော် လောလောပူသော အိုးကင်းထဲ၌ နှမ်းကိုထည့်၍ လှော်ခဲ့သော် ထိုနှမ်းတို့သည် တဖြစ်ဖြစ်မြည်၍ ပျက်ရကုန်၏။ အဲဒါကြောင့် မမြဲခြင်း အနိစ္စ၊ဆင်းရဲခြင်း ဒုက္ခ၊အစိုးမရခြင်း အနတ္တဖြစ်ကြရပါတယ်။

(၉) နဟိ ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမနံနာမ အတ္ထိ။ ။ဝိဘင်းအဋ္ဌကထာ။ ။ဟိသစ္စံ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်တရား နာမ်တရားတို့အား။ ဥပ္ပါဒဒေသေ၊ ဖြစ်ရာအရပ်၌။ အနိရုဇ္ဈိတွာ၊ မချုပ်ပါဘဲ။ ကေသဂ္ဂမတ္တမ္ပိ၊ တဆံဖျား မျှလည်း။ ဒေသန္တရ သင်္ကမနံနာမ၊ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမည်သည်။ နအတ္ထိ၊ မရှိပါ။ ရုပ်တရား, နာမ်တရားဆိုတာ ဖြစ်ရာအရပ်၌ပင် ချုပ်ရမည်, ပျက်ရမည်၊ ဖြစ်ရာအရပ်၌ မချုပ်ပါဘဲ တဆံဖျားမျှပင် အရပ်တပါးသို့ ရွှေ့ပြောင်း၍ မရတော့ပါ။ ဥပမာ၊ (အသံ,လေ,ညှော်,အနံ့) ၎င်းတို့ကို ရွှေ့ကြည့်ပါ၊ ပြောင်းကြည့်ပါ၊ ရွှေ့ပြောင်းလို့ ရရဲ့လားဆရာ။ ။ဆရာပြသော ထရုပ်, ထိုင်ရုပ်, ရပ်ရုပ်, သွားရုပ်တွေကတော့ ထလဲရ, ထိုင်လဲရ, ရပ်လဲရ, သွားလဲရပါသဖြင့် ဓမ္မတာရုပ်မျှသာ ပညတ်ရုပ်မျှသာ ဖြစ်ပါသည်ဟု ပြောလျှင် အာမဘန္တေ သဘောဖြင့် ဝန်ခံလေ၏။

---

## (၁၇) ပညတ်လွတ်သော ဗမာပြည်ကြီး

ပဉ္စတ္တိံသထပေတ္တာ(ပါဠိအရာပြသပုံ) နိဗ္ဗတ္တိတပရမတ္ထဝသေန၊ ဝိဝိဓာ ပဃာတိတိ ဝိပဃာနာ

| က | ခ | ဂ | ဃ | င | စ |
|---|---|---|---|---|---|
| အမှား | အမှား | အမှား | အမှား | အမှား | အမှား |
| ၃၂ | ၄၂ | ၆၆ | ၉၆ | ၂၆ | ဝိပလ္လာသ ၁၂-ပါး |
| လွန်မှ | လွန်မှ | လွန်မှ | လွန်မှ | လွန်မှ | လွန်မှ |

တကိုယ်လုံး ကုဋေတသိန်း

(၁) ပဉ္စတ္တိံ ထပေတွာ နိဗ္ဗတ္တိတပရမတ္ထဝသေန ဝိသေသေန ဝိဝိဓာဝါ ပဃာတိတိ ဝိပဃာနာ။ ။မဟာဋီကာပါဠိ။ ။ပညတ်မှန်လျှင် အားလုံးကို စွန့်ထား၍ ပညတ်တရား အရိပ်အရောင်မျှ မပါစေဘဲ ပရမတ်သက်သက် သဘောသက်သက် ဓာတ်သက်သက်ကို အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာ ပေါ်

အောင် ရှုနိုင်မှ ပရိညာ၊ဝိသုဒ္ဓိ၊ဉာဏ်စဉ်၊မဂ်စဉ်၊ဖိုလ်စဉ် ပေါက်ရောက်အောင် ရှုနိုင်မှ ဝိပဿနာတရား အစစ်အမှန်ပါတဲ့။

(၂) ခန္ဓေသု လောကိယ မဟာဇနေန ပဿိတံ ဣတ္တိ ပုရိသာဒိကံ နိစ္စ သုခါဒိကဥ္စ အတိက္ကမိတွာ။ ။မဟာဋီကာ၊ ပရမတ္ထဒီပနီ၊ အင်္ဂုရဋီကာ၊ မဟာအတုလဋီကာ လေးကျမ်း အဆို။ ။ခန္ဓာကိုယ်၌ ရှုတော့ အနတ္တ သဘောဖြင့် သူ့ဓမ္မတာ အမြဲတမ်းဖြစ်၍နေတဲ့၊ (ယထာ ပုဗ္ဗဥ္ဇကံ ပဿေ) ရေပွက်ပမာလို၊ (ယထာ ပဿေ မရီစိကံ) ဖြန်းဖြန်း ရှိန်းရှိန်း ဖြိုးဖြိုး ဖျင်းဖျင်း–စသော တံလျှပ်ပမာ ရုပ်အနိစ္စ ကုဋ္ဌေ တသိန်းမျှကို တွေ့၍၊ လောကီလူများမှား၍ ထင်မြင်ယူဆကာနေသော မိန်းမ ယောကျ်ား စသော ပညတ် အထင်မှား ကိုရင်း၊ နိစ္စ သုခ အတ္တ သုဘ–ဟူသော အယူမှား တို့ကိုရင်း လွန်မြောက်၍၊ ဝိပဿနာ အနိစ္စ ဒုက္ခ အနတ္တသို့ ရောက် တော့၏တဲ့။

(၃) ပညတ္တိံ ထပေတွာ ပရမတ္ထဝသေနေဝ ပဿိတဗ္ဗံ–ဟူသော ဂဏ္ဌိ ပုဒ်အရ၊ အတ္ထပညတ် ၉–ပါး၊ သဒ္ဒပညတ် ၆–ပါးမှ လွန်မြောက်၍ ပရမတ် ကိုသာ ရှုပါတဲ့။

(၄) သမ္မုတိံ ထပေတွာ။ ။မဟာဋီကာ အရ အခေါ် အဝေါ် အမည် နာမ ပညတ် အားလုံးတို့ကို စွန့်ပစ်၍၊ သဘောအမှန် ခတ်အမှန် ကိုသာရှုပါတဲ့။ ။၃၂–ကောဋ္ဌာသ, သမူဟ, ဃန, သဏ္ဌာန, သန္တတိ, နာမ ပညတ်ပါရှိတဲ့ ပညတ်တရား ၃၂–ပါးကို စွန့်ပယ်၍ ခတ်သဘောကိုသာ ရှုကြပါတဲ့ဗျား။

(၅) သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ ဘာဝနာယ ဝစ္စမာနာယ ပညတ္တိံ သမ တိက္ကမိတွာ သဘာဝေယေဝ ဌာတိ။ ။သုတ်ပါထေယျအဋ္ဌကထာ။ ။ အစပထမ၌တော့ ပညတ်ကိုဘဲ ရှုရမှာဘဲတဲ့၊ ဘာဝနာ တိုးပွားလာတော့ ပညတ် ၃၂–ပါး၊ ၄၂ ပါး၊ ၆၆–ပါး၊ ၉၆–ပါး၊ ဝိပလ္လာသ ၁၂–ပါးကို လွန်မြောက်၍၊ ခတ်သဘောမျှ၌ ကြိယာမျှ၌သာရှု၍နေမှာ အမှန်ဘဲတဲ့။

(၆) တေသံ ဝိပဿိတဗ္ဗာကာရံ ဒဿေတုံ အနိစ္စန္တိ အာဒိ အာရဒ္ဓံ။ ။ ဝိဘင်း။ ဝိပဿနာဆိုတာ ဘယ်ပုံရှုရမှာလဲ ဟူသော အမေး၌၊ ဝိပဿနာရှုပုံ ရှုနည်းကိုပြခြင်းငှါ အနိစ္စံ,ဒုက္ခံ,အနတ္တာ–ဟူ၍ ဖြေဆိုရပါသည်တဲ့။

(၇) အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ ။ ခေတ်ပေါ်လာတော့ ပေါ်တဲ့ခေတ်ကိုပင်တွေ့မြင်၍၊ အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသည်တို့ဖြင့်၎င်း၊ ပရိညာဝိသုဒ္ဓိဉာဏ်စဉ် စသည်တို့ဖြင့်၎င်း၊ အထူးထူးသော အခြင်းအရာတို့ဖြင့် ခေတ်သဘောတရားတို့ကို ရှုလို့ ဝိပဿနာဟုခေါ်ပါသည်။ ဝိပဿနာဟာ ဉာဏ်ပညာ၏ အမည်တည်း။ ပထမ၌ ပါဠိ ကိုးပုဒ်၊ ဒုတိယ၌ ပါဠိခုနစ်ပုဒ် အရေးကြီးလို့ ပြသည်။

## ပုံစံ ၇-မျိုး ရှင်းလင်းချက်

(က) ၃၂-ပညတ်ကို စွန့်ပယ်၍ ရှုရမည် ဆိုတာ၊ (ဆံပင်, မွေးညှင်း, ခြေသည်း,လက်သည်း,သွား,အရေထူ,အရေပါး၊ (၅) အသား,အကြော, အရိုး,ရိုးတွင်းခြင်ဆီ,အညှို၊ (၅) နှလုံး,အသည်း,အမှေး,အဖျဉ်း,အဆုတ်၊ (၅) အူမ,အူသိမ်,အစာသစ်, အစာဟောင်း, ဦးနှောက်၊ (၅) သည်းခြေ, သလိပ်,ပြည်,သွေး,ချွေး,အဆီခဲ၊ (၆) မျက်ရည်,ဆီကြည်,တံတွေး,နှပ်, အစေး,ကျင်ငယ် ဟူသော ၃၂-ကောဋ္ဌာသ သမူဟ,ဃန,သဏ္ဍာန,သန္တတိ, နာမ,ပညတ်ပါရှိတဲ့ ပညတ်တရား ၃၂-ပါးတို့ကိုစွန့်ပယ်၍ ခေတ်သဘောကိုသာ ရှုကြပါတဲ့ခင်ဗျား။

(ခ) ၄၂-ကောဋ္ဌာသကို စွန့်ပယ်ရမည်ဟုဆိုတော့ ၄၂-ကား ဆံပင်, မွေးညှင်း (လ) အစေး, ကျင်ငယ် ဆိုတဲ့ ၃၂-ကောဋ္ဌာသထဲ၌ (ရက်ခြားပူ၊ ရက်ဆက်ပူ၊ အစာကျက်ပူ၊ ရင့်ယော်ပူ-ဆိုတဲ့) တေဇော ၄-မျိုးထည့်ပါ။ ထို့နောက် (ဆန်လေ၊ စုန်လေ၊ ဝမ်းလေ၊ ကောဋ္ဌာသလေ၊ အင်္ဂါ ရှောက်သောလေ၊ ထွက်သက် ဝင်သက်လေ) ဝါယော ၆-ပါးထဲ့။ ၄၂-ပါး ဖြစ်၏။ ၎င်း ၄၂-ကောဋ္ဌာသလည်း ပညတ်ငါးပါး မလွတ်၍၊ စွန့်ပယ်ပါ လေတဲ့။

(ဂ) ၆၆-ပါး ပညတ်များ စွန့်ပယ်ရမည် ဆိုတာကတော့၊ (ဆံပင် ငယ်ထိပ် ခေါင်း နဖူး ဆံစပ် မျက်နှာ နား မျက်ခုံး မျက်ခွံ မျက်လုံး မျက်ဝတ် မျက်ရည် မျက်နက် မျက်တောင် နှာ နှုတ်ခမ်း ပါးစပ် သွား သွားဖုံး လျှာ မေးစေ့ နောက်စေ့ ပါး ၂-ဖက် နသယ် လည်ပင်း ပခုံး လက်ရုံး

လက်ဆစ် လက်ကောက်ဝတ် လက်ခုံ လက်ဝါး လက်ချောင်း လက်သဲ လက်မ လက်ညှိုး လက်လယ် လက်သူကြွယ် လက်သန်း လက်ကြား ချိုင်းကြား ဘယ်လက် ညာလက် ကျောက်ကုန်း ရင်ပတ် ချက် နံဘေး ခါး ဆီးစပ် တင်ပဆုံ ပေါင်ရင်း ပေါင် ဒူးဆစ် ခြေသလုံး ကြွက်သား ခြေကျင်းဝတ် ခြေမျက်စိ ခြေခုံ ခြေဘဝါး ခြေချောင်း ခြေမ ခြေညှိုး ခြေလယ် ခြေသူကြွယ် ခြေသန်း ခြေသဲ ဝစ္စမဂ် ပဿာဝမဂ် အကြော အရိုး အသား အပေါ်ရေ အတွင်းရေ ပေါင်း ၆၆–ပါး ပညတ်တည်း။

(ဃ) ၉၆–ပါးကိုစွန့်ပယ်ရမည်ဆိုတာက ရောဂါ ၉၆–ပါးတည်း။

(င) ဝိပလ္လာသ ၁၂–ပါးကို စွန့်ပယ်ရမည်ဆိုတာက သညာဝိပလ္လာသဌ် နိစ္စ၊သုခ၊အတ္တ၊သုဘ ၄–ပါး၊ စိတ္တဝိပလ္လာသဌ် နိစ္စ၊သုခ၊အတ္တ၊သုဘ ၄–ပါး၊ ဒိဋ္ဌိဝိပလ္လာလဌ် နိစ္စ၊သုခ၊အတ္တ၊သုဘ ၄ပါး၊ ပေါင်း ၁၂–ပါးကို စွန့်ပယ်ပါလေ။

(စ) ၂၆–ပါးကို စွန့်ပယ်ပါဆိုတာကတော့ နသတ္တော၊ သတ္တပါမဟုတ်စသဖြင့် သာသနာ့အဆီ ဒုတိယတွဲဌ် ပါတာကို စွန့်ပယ်ကြပါတဲ့။ က၊ခ၊ဂ၊ ဃ၊င၊စ ၎င်းတို့ကို စွန့်ပယ်ပြီး သဘောကိုရှုမှ ဝိပဿနာပါတဲ့။

## ⬬ နိမိတ် သာသနာ (၂၅၀၀)ပြည့်ခါနီးမို့

၁။ ဝလုံးများ အနှံ့အပြား ပေါ်သည့်ကိစ္စ ဘီလူးဝင်ပြီး ရေမသောက်နိုင်ရန် ဖြစ်သည်ဆိုခြင်း၊ ၁၃၁၇–ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၄–ရက် အင်္ဂါနေ့ထုတ် မြန်မာ့အလင်းသတင်းစာ မျက်နှာ–၅၊၂–ကော်လံဌ် တွေ့မြင်ဖတ်ရှုရသည်ကား၊ ယခုဘလော အင်းစိန်မြို့ပေါ်တွင် အိမ်တိုင်းစေ့ ရေအိုးများပါမကျန်(ဝ–သုံးလုံးစီ)ရေးသားထားသည်ကို တွေ့မြင်ရသဖြင့် မည်သို့နည်းဟု လိုက်လံစုံစမ်းကြည့်ရာ၊ ပဌမတွင် သူများတကာ ရေးတာတွေ့၍ ရေးဘာပါ။ဘာရယ်လို့တော့ မဟုတ်ပါဘူးဟု ပြောကြပြီး နောက်ပိုင်းတွင် အစရှာမရအောင် သတင်းမှာ ပျောက်ဆုံးသွားတော့ကြောင်း။

ဟဖန် နောက်များမကြာမီ ရက်အတွင်းတွင် ဗမာအိမ်များတွင်သာမက တရုပ်,ကုလား အိမ်များတွင်ပင် ဤနည်းနှင်နှင်(ဝ)သုံးလုံးစီ ရေးသားထားကြသည်ကို တွေ့ရပြန်သဖြင့် ဆက်လက်၍ စုံစမ်းကြည့်ပြန်ရာ၊ အိမ်

တအိမ်တွင် ဘီလူးတကောင်က ရေဝင်ရောက် တောင်းသောက်ရာ အိမ်ရှင်က ဘီလူးမှန်းသိရှိပြီး ရေမပေးဘဲနေရာ ၎င်းဘီလူးက ရေမပေးချင်နေ မကြာခင် နင်တို့ကို ငါအားလုံးစားပစ်မည်ဟု ကြိမ်းဝါးပြီး မျက်စိအောက်တွင် ပျောက်ကွယ်သွားသည်ဆိုကြောင်း။

သို့နှင့် အိမ်ရှင်များခကြောက်လန့်ကာကြား ခေါင်းနားဘန်းကြီးလာကာ ကြံရာမရဖြစ်လျက် ဘုန်းတော်ကြီးကျောင်းသို့ ပြေး၍ ဘုန်းတော်ကြီးအား အကြောင်းစုံလျှောက်ဘင်ရာ၊ ဒီလိုဆိုရင် ဒင်းတို့ မကောင်းဆိုးဝါးများ အိမ်တွင်းသို့ မဝင်ရောက်နိုင်အောင် အိမ်တိုင်းစေ့(ဝ)သုံးလုံးစီ ရေးသားကြဟု ဘုန်းတော်ကြီးက ပြောလိုက်သည်ဆိုကြောင်း။ ထို့ကြောင့် ဘီလူးရန်ကာကွယ်ရန် ဤကဲ့သို့(ဝ)သုံးလုံးစီ ရေးသားရခြင်း ဖြစ်သည်ဆိုကြောင်း။

အချို့ကလည်း သာသနာတော် ၂၅၀၀-ပြည့်ကို ကြိုဆိုရန်ဆိုပြီး၊ အချို့ကလည်း ဗမာပြည်ကြီး(ဝပြောသာယာ)တော့မည့်အတိတ်ကို ပြသ နိမိတ်ပြေးသည်ဟု အမျိုးမျိုးကောဋ္ဌာဟလ ပြောဆိုသံများ ကြားရကြောင်း။ ။ မြန်မာ့အလင်း သတင်းစာမှ။

၂။ အလှူများအတွက် ဖျာသင်ဖြူးငှားတော့ ဖျာရှင်များက မိမိဖျာ မပျောက်ရအောင်(ဝ)ကွင်း၍ အမှတ်ပြုကြသည် နိမိတ်ပင်တည်း။

၃။ ကလေးများကို ကျောင်းသို့ အပ်တော့ ဆရာများက ကလေးများအား ပဌမဦးစွာပင်(ဝဝဝဝဝဝ)တွေ အရေးခိုင်းသည့် နိမိတ်ပင်။

၄။ ဘိုးဘိုးအောင်၏(ဝ)ဟာ တလုံးဖျက် ၂-လုံးပေါ် နိမိတ်ပင်။

၅။ ဂျာန်ဝင်စက အိမ်တိုင်းမှာ(ဝ)ကွင်း၍ ထားသည့် နိမိတ်ပင်။

၆။ ဝ,ရှိမှ ဝိ,နိုင်သည်၊ ဝမရှိလျှင် မဝိနိုင်၊ တဘောင်ပေါ်ခဲ့သည်။

၇။ ဝိတ်ကေ ဇွာရေဇွာရေ ဝိတ်ကေဟု တဘောင်ပေါ်ခဲ့သည်။

၈။ ဆယ်သန်းမဂ္ဂဇင်း၌(၁၀၀၀၀၀၀၀)နိမိတ်ပင်။

၉။ ဘုရား၏မျက်နှာတော် နဖူးမှာ(ဝ)များ ပေါ်ဘူးသည်နိမိတ်ပင်။

၁၀။ ဝ ပုံစံကြည့်တော့ ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်ဝဝ နိမိတ်ပင်။

၁၁။ ဝိပဿနာ၌ ဝိက ဦးစီးနေသည် နိမိတ်ပင်။

| | | | | |
|---|---|---|---|---|
| ၁၂။ ကက္ကုသံ | ကောဏာဂုံ | ကဿပ | ဂေါတမ | နိမိတ်ပင်။ |
| ၄၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၁၀၀ | |

ရှုခွာသဿ ၄၆၁-၂၈

၁၃။ ဝ-ဟာ သုညဘဲ၊သုညဟာ အနတ္တပါတဲ့ နိမိတ်ပင်။
ဝ-နိမိတ်အရ ဉာဏ်ရှိကိုင်း ချဲ့၍ပြ။

ရန်ကုန်မြို့မှစ၍ ဗမာနိုင်ငံ ပျံ့နှံ့၍သွားပုံ၊ ၁၃၁၇-ခုနှစ် ရန်ကုန်မြို့၌ တပို့တွဲ လဆန်းကစ၍ ကျောက်ရောဂါများ ကပ်ကြီး ဆိုက်ရောက်၍ အတုံးအရုံး ပျက်စီး ကြတော့၊ ရေတိုင်ကီ ရေစည်များ၌ ထိ-ပုံစံ အတိုင်း (ဝ)သုံးလုံး အတိတ်နိမိတ်များ ပေါ်လာ လေသည်။ ထိုအခါ ဦးထွန်းအုံ မည်သော သူဌေး တဦး၌ ဉာဏ်ပေါ် သည့်ကား၊ လူအားလုံးကို မင်းတို့ တတွေ ကြောက်ကြတော့ လန့်ကြတော့ဟု ကျောက်ရောဂါက သတိပေး နိမိတ် ပြနေပါပေါ့ တကား။ ။ကြောက်လန့်လျှင် (ဝ)သုံးလုံး နိမိတ် အတိုင်း ကိုယ်တွေ့ အနိစ္စ ဒုက္ခ အနတ္တ-ရှိတဲ့ ဝိပဿနာ စည်းဝိုင်း ထဲသို့ ဝင်ကြပါတော့ဟု (ဝ)သုံးလုံးကပင် နိမိတ်ပြ၍ နေပါပေါ့တကား။ ။ (ဝ)သုံးလုံးရေးတာ၌ စဉ်းစားတော့။ ရေတိုင်ကီ ရေစည်များ၌ ရေးထား တာဖြစ်၍၊ (ဝ)ဆိုတဲ့ ဝိပဿနာ ၃-မျိုးကို ရှုပွါးကာနေခဲ့လျှင်၊ အထဲမှာ ရေရှိတာမို့၊ ရေကဲ့သို့ အေးအေး မြမြ ရွှင်ရွှင် ပြပြ ပီတိ သောမနဿနှင့် ပြုံးပြုံးကလေး နေရမည်ဟု နိမိတ်ပြ၍နေပါတကား။ ရေဆိုတာ လာသမျှ မီးကို ချုပ်ငြိမ်းအေးမြစေနိုင်သော သတ္တိရှိတာလို၊ ဝိပဿနာ (ဝ)သုံးလုံး ရေသည်လည်း အပါယ်မီး, ဆင်းရဲမီး, မီးဆဲ့တပါး ဝဋ္ဋ ၃-ပါးမှစ၍ မီး အပူ အားလုံးကို အေးမြ ငြိမ်းချုပ် ပျောက်စေ နိုင်ပါတယ်ဟု နိမိတ်ပြ၍ နေပါပေါ့တကားဟု ဉာဏစာရီ မဟာထေရ်ထံ လာရောက် လျှောက်ထားရာ သတိရ၍ (ဝ)နိမိတ်ခဏ်း၌ ရေးသားထည့်သွင်း ဖော်ပြနိုးဆော် တိုက်တွန်း အပ်ပါသည်။ ဝိမုတ္တိယုဂခေတ်မို့ ဝိပဿနာနှင့် နေထိုင်ကြပါလေ။ နိုင်ငံရှိ တပည့်တွေ။

---

## (၈၈) တရားပြရာ၌ ပုဂ္ဂိုလ်မရွေးရ

အသင်သည် ယခု ယနေ့ကစ၍ နိဗ္ဗာန်အထိ၊ သံသရာ တလျှောက်လုံး ထိပ်ဆုံးက ကမ္မဋ္ဌာန်ကိုခြုံ၍ ချမ်းသာကြွယ်ဝ အေးမြမွေးထုံ သတင်းဂုဏ်နှင့် ပြည့်စုံပိုလျှံ၍ သွားရမည့် အရေးမို့၊ ပုဂ္ဂိုလ် မရွေး ပါနှင့်။ ငါ့ကို တရား

ဟောတဲ့သူဟာ တရားပြတဲ့သူဟာ ဂုဏ်မရှိဘူး ဂက်မရှိဘူး၊ ဘာမျိုးထဲကဘဲ စသည်ဖြင့် ဂုဏ်–ဂက် တွေလိုက်၍ မနေပါနှင့်။ တရားမှန်မမှန်နှင့် မြန်မမြန် ကိုသာ ရွေးချယ်ပါတော့။

ယော ဟိ ကောစိ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ ဥပါသိကာဝါ ဒေဝေါဝါ သက္ကောဝါ မာရောဝါ ဗြဟ္မာဝါ ဓမ္မံ ဒေသေတု ပကာသေတု၊ သဗ္ဗော သော သတ္ထာရာ ဒေသိတော ပကာသိတောဝ နာမ ဟောတိ။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ ။ယောဟိကောစိ၊အမှတ်မရှိ တစုံတယောက်သော။ ဘိက္ခုဝါ၊ ရဟန်း သည်ငှင်း။ ဘိက္ခုနီဝါ၊ ရဟန်းမိန်းမ သည်ငှင်း။ ဥပါသကောဝါ၊ ဥပါသကာသည်ငှင်း။ ဥပါသိကာဝါ၊ ဥပါသိကာမသည်ငှင်း။ ဒေဝေါဝါ၊ နတ်သည်ငှင်း။ သက္ကောဝါ၊ သိကြားမင်းသည်ငှင်း။ မာရောဝါ၊ မာရ်နတ်သည်ငှင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်ငှင်း။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတုဝါ၊ ဟောမူလည်း ဟောငြားအံ့။ ပကာသေတုဝါ၊ ပြမူလည်း ပြငြားအံ့။သောသဗ္ဗော၊ထိုအလုံးစုံသော ဟောခြင်းပြခြင်းသည်။ သတ္ထာရာ ဒေသိတောဝ၊ ဘုရားဟောခြင်းသည်သာလျှင်။ ပကာသိတောဝနာမ၊ ဘုရား ကိုယ်တိုင် ပြခြင်းမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်တော့၏။

ဤပါဠိကိုထောက်၍ ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ၊ နတ်သိကြား၊ မာရ်နတ်၊ ဗြဟ္မာတို့တွင် ဘယ်သူပင်ဟောဟော ဘယ်သူပင် ပြပြ ဘုရားဟောမည်တာပါဘဲ။ ဘုရားပြခြင်းမည်တာပါဘဲ။ ဘုရားဖြစ်၍ တဝါ ရစက ရဟန်းများကို။ ချစ်သားတို့၊ အရပ်မျက်နှာသို့ ဒေသစာရီ လှည့်ကြပါ။ ငါဘုရား ဟောသကဲ့သို့ ဟောကြပါ ဟု ဝိနည်း မဟာဝါ၌ အတိအကျ ဟောပြထားပါသည်။ ။သာမာဝတီ အမှူးရှိသော မိဖုရား ငါးရာတို့သည် ကျွန်မ ခုဇ္ဇုတ္တရာကို အမြင့်ကထား၍ မိမိတို့ကား အနိမ့်မှာ နေ၍ တရားနာကြရာ ငါးရာစလုံး သောတာပန် တည်ကြပါသည်။ ။ အရှင်သာရိပုတ္တရာ လကျာတော်ရံကြီးကို ရှင်သူငယ် ကလေးက သင်္ကန်း မြေ၌ကျနေကြောင်းဖြင့် သတိပေးမိရာ အရှင်သာရိပုတ္တရာက ရှင်သူငယ် ကလေးကို လက်အုပ်ချီပြီး နောက်နောင်လဲ ဤပုံ ဆုံးမဩဝါဒ ပေးတော် မူပါဟု အရိုအသေ ပြုတုံသေး၏။ ။ပုထုဇဉ် ရဟန်းတော် ခြောက်ကျိပ်

တို့ထံမှ မာတိကာ ဒါယိကာမကြီး တရားယူပြီး ကျင့်ကြံရာ ၃-မဂ် ၃-ဖိုလ် အနာဂါမ်အထိ ရသွားပုံ။

တဿ တတ္ထ ပါဠိတော်အတိုင်း နတ်များ တရားဟောတော့၊ ဗြဟ္မာများတရားဟောတော့၊ သတိပေးတော့၊ မဂ်ဖိုလ်ရကြပုံ။ ပိဋကတ်ကျမ်းဂန်များ၌များစွာပင် တွေ့ရပါသည်။ အားရှိစရာ ဝမ်းမြောက်စရာတည်း။

တေရသနိပါတ်၊ အမ္ဗဇာတ်တော်၊ နံပါတ်-၈၊ ကြောင်းရေ ၂၄-ဟံမှု၌။

ခတ္တိယာ ဗြာဟ္မဏာ ပဿာ၊ သုဒ္ဒါ စဏ္ဍာလ ပုက္ကုသာ။

ယမှာ ဓမ္မံ ဝိဇာနေယျ၊ သော ဟိ တဿ နရုတ္တမော။

ခတ္တိယာ၊ မင်းထံမှဂင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားထံမှဂင်း။ ဝဿာ၊ကုန်သည်ထံမှဂင်း။ သုဒ္ဒါ၊ ဆင်းရဲသား ထံမှဂင်း။ စဏ္ဍာလာ၊ စဏ္ဍာလထံမှဂင်း။ ပုက္ကုသာ၊ ပန်းမှိုက်သွန် ဘုရားကျွန်ထံမှဂင်း။ ယမှာ၊ အကြင် သူ၏ထံမှ။ ဓမ္မံ၊တရားကို။ ဝိဇာနေယျ၊ သိငြားအံ့။ သောဟိ၊ထိုတရားပြသော သူသည်ကား။တဿ၊ထိုတရားရသောသူ၏။ နရုတ္တမော၊လူထူးလူမြတ် ဇာနည်ဥက္ကဋ္ဌ လူတို့၏ နတ်ပင်တည်း။

---

## (၈၉) တရားကလဲ့ ပုဂ္ဂိုလ်မရွေးပါဘူး

တရားကို လက်ခံသောသူအား တရားကပင် ချမ်းသာ ၃-မျိုးသို့ ပို့မှာပါဘဲတဲ့၊ဘယ်အမျိုး ဘယ်အစားထဲကဘဲကျင့်ကျင့် ချမ်းသာ ၃-မျိုး ရနိုင်ပါသည်။

ခတ္တိယာ ဗြာဟ္မဏာ ဝဿာ၊သုဒ္ဒါ စဏ္ဍာလ ပုက္ကုသာ။

ဣဓ ဓမ္မံ စရိတွာန၊ဘဝန္တိ တိဒိဝေ သမာ။

ပဉ္စကနိပါတ် သီလဝီမံသဇာတ် နံပါတ်-၅၂၊ ကြောင်းရေ ၂-ဇံမှု၌-

ခတ္တိယာစ၊ မင်းမျိုးတို့သည်ဂင်း။ ဗြာဟ္မဏာစ၊ ပုဏ္ဏားမျိုးတို့သည်ဂင်း။ ဝဿာစ၊ ကုန်သည်မျိုးတို့သည်ဂင်း။ သုဒ္ဒါစ၊ သူဆင်းရဲမျိုးတို့သည်ဂင်း။ စဏ္ဍာလာစ၊စဏ္ဍာလမျိုးတို့သည်ဂင်း။ပုက္ကုသာစ၊ပန်းမှိုက်သွန်ဘုရားကျွန်မျိုးတို့သည်ဂင်း။ဣဓ၊ဤလူ့ဘဝ၌။ဓမ္မံ၊တရားတော်ကို။ စရိတွာန၊ကျင့်ကြံကြပါသောကြောင့်။ တိဒိဝေ၊ကာမဘုံ့၊ရူပဘုံ့၊အရူပဘုံမျိုး၌။ သမာ၊ အကျိုးပေး တူမျှကြကုန်သည်။ဘဝန္တိ၊ဖြစ်ကြကုန်တော့၏။နူ့ရှဲနေသော သုပ္ပဗုဒ္ဓလူနူကြီး။

တင်ါအရိယာ၊ပဗ္ဗတမုဆိုး၊ကုက္ကုဋ္ဌမိတ္တမုဆိုး၊ခိုးသားကိုးရာ၊ ခိုးသားခုနစ်ရာ၊ ခိုးသားငါးရာ၊ အင်္ဂုလိမာလ၊ သူ့သားမယား ဖျက်ဆီးနေတဲ့ ခေမကသူဌေး သား၊မိုက်ရှူးနေတဲ့ ကာလသူဌေးသား၊အရက်မူး ကားကြူးနေတဲ့ သန္တတိ အမတ်ကြီး ၊ကပြစားနေတဲ့ ဥဂ္ဂသေန၊လူသတ်မှူးကြီး တမ္ဗဒါဋ္ဌိက၊ ရူးနေတဲ့ ပဋာစာရီ၊အယူမှားချဲနေတဲ့ ဇမ္ဗုက၊ ဗာဟိယ၊သုသိမ၊ဥပါလိသူဌေး-စသော မရေတွက်နိုင်အောင် များပြားလှတဲ့ လူညံ့တွေဟာ ကျွတ်ကြကုန်ပြီ။

---

## (၉၀) ပဲခူးမြို့အသောကာရုံ ဦးသာသနက အတိုနည်းအမြန်နည်းဖြင့်ပြသပုံ

တနေ့သ၌ ဉာဏစာရိမဟာထေရ်၏တပည့်ဖြစ်သော ပဲခူးမြို့ အသော ကာရုံ ကမ္မဋ္ဌာန်းတိုက် အရှင်ဦးသာသနထံသို့ ဒါယကာတဦး လာရောက်၍ အရှင်ဘုရား ပရမတ္ထတရားဆိုတာ အလွန်ပင်ခက်ခဲ နက်နဲသိမ်မွေ့လှပါသည်။ လွယ်လွယ်ကလေးနဲ့ တွေ့ရတယ်ဆိုတာ တပည့်တော်၏ သဘောအရဖြင့် မယုံကြည်နိုင်အောင် ဖြစ်ရပါသည်ဟု လျှောက်ထား၏။ ။ဦးသာသနက ဒါယကာ၏အကဲကိုခပ်ပြီး ပြောသည်ကား။ ။ဒါယကာကြီး(ပဉ္စသု ဥပါ ဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟရတိ) ဆိုတဲ့ ပါဠိတော်ဘုရားဟောကို ယုံကြည်ပါရဲ့လား။ ။ဒါယကာကြီး။ ။ဒီပါဠိကို အနက်ကလေးပေး၍ ပြပါအုံးအရှင်ဘုရား။ ။ဦးသာသနက အနက်ပြန်ဆိုပြသည်ကား။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့၌။ ဥဒယဗ္ဗယာနုပဿီ၊ အဖြစ်အပျက်ကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ဝိပဿနာပွားများ၍နေ၏။ ။ ဒါယကာကြီး၊ အဲဒီ ပါဠိနှင့်အနက်ဟာ အမှန်ပါဘဲဘုရား။ ဒီကိုယ်ကြီးထဲ၌ အဖြစ်တရားနဲ့ အပျက်တရားကို ရှုပြီးနေရမယ်လို့ ဆိုပါတယ်။တရားက သိမ် မွေ့လွန်းလို့ တွေ့နိုင်ပါ့မလားဘုရား။ ။ဦးသာသန၊ နေပါအုံးလေ ပါဠိ အနက်ဟာ မှန်ပါရဲ့လား ဖြေပါ။ ။ဒါယကာကြီး၊ အမှန်ပါဘဲဘုရား။ ။ ဦးသာသန၊ နို့ပြီး (တရားရှာ ကိုယ်မှာတွေ့)ဆိုတဲ့စကားကိုကော ယုံကြည် ပါရဲ့လား။ ။ဒါယကာကြီး၊ယခင်ပါဠိအနက်နဲ့ ယခုစကားပုံဟာ တကိုက် ထဲမို့ ညီညွတ်ပါတယ်, မှန်ပါတယ်, ယုံကြည်ပါတယ်ဘုရား။ ။ထိုအခါ ဦးသာသနသည် လက်ဖြင့် ကိုယ်ကြီးကို သုံးသပ်ခါ ပြပြီးတော့ (၁) ပဌမ

ပါဠိ အနက်ကတော့ ဥပါဒါနက္ခန္ဓာ ကိုယ်ကြီးထဲမှ အဖြစ်တရား အပျက်တရားကိုရှု၍ နေရမယ်တဲ့။(၂)ဒုတိယစကားပုံကတော့ တရားရှာ ကိုယ်မှာ ပင် တွေ့မယ်တဲ့။အဲဒါတွေကို ဒေသနာနည်းနဲ့ ပြောတော့သာ ဂမ္ဘီရ၊နက်နဲတယ်။ နိပုဏ၊သိမ်မွေ့တယ်။ ဒုဒ္ဒသ၊ မြင်နိုင်ခဲဘယ်။ ဒုရနုဗောဓ၊ ထိုးထွင်း၍ သိနိုင်ခဲတယ်ဟု ဆိုပါတယ်။ကိုင်းကိုင်း–လွယ်ပုံ လက်တွေ့ပြမယ်။ ဒါယကာကြီး၏ လက်နှစ်ဘက်နဲ့ နားနှစ်ဘက်ကိုပိတ်ထားစမ်းပါ၊ငါးမိနစ်ခန့်လောက်ဟု ပြောပြောဆိုဆို အလုပ်ခိုင်းတော့၏။ ဒါယကာကြီးလဲ နားနှစ်ဘက်ကို လက်နှစ်ဘက်နဲ့ ပိတ်ပြီးနေရာ ငါးမိနစ်ခန့် ကြာတော့။ ။ကိုင်းကိုင်း–ဖွင့်တော့၊နားထဲမှာ ဘာတွေဖြစ်၍ နေပါသလဲ။ ။ဒါယကာကြီး၊နားကိုလက်နဲ့ ပိတ်၍ထားတော့ ခန္ဓာကိုယ်ထဲမှာ အော်၍နေတဲ့ အသံတွေဟာ ဝုန်းဝုန်းတွေရော ဝူးဝူးတွေရော အမျိုးမျိုးသော အသံတွေကိုကြားရပါတယ်ဘုရား။ ။ဦးသာသန၊ အဲဒီအသံတွေဟာ ရုပ်တရား အဖြစ်နဲ့အပျက်တွေချည်းဘဲ။ ဒါယကာကြီးရဲ့၊ ကြားဒါကတော့ အသိဆိုတဲ့ စိတ်နာမ်တွေချည်းဘဲ။ပရမတ္ထရုပ်နဲ့ ပရမတ္ထနာမ်ကို တွေ့ပြီဘဲ။ (၁) ပထမ ပါဠိ အနက်နဲ့ရော။ (၂) ဒုတိယ စကားပုံနဲ့ရော ကိုက်ညီတာကို တွေ့ရတယ်မဟုတ်လားဟု လက်တွေ့ပြရာ၊ ဒါယကာကြီးမှာ ထူးထူးခြားခြား သဒ္ဓါစိတ်တွေပေါက်ပြီး၊ တယ်လွယ်ပါကလား ကိုယ်တော်၊တပည့်တော် အရှင်ဘုရားတပည့်ခံပါပြီ၊ မသေမချင်း အားထုတ်ပါတော့မည်ဟု တရားယူ၍ ကျင့်ကြံတော့သတည်း။

အတိုနည်း အမြန်နည်းနဲ့ ပြသပုံ ပြီး၏။

---

## (၄၁) သရက်မြို့ ဥယျာဉ်တိုက် ဦးဝါယမ အတိုနည်း အမြန်နည်းနဲ့ ပြသပုံ

အာလံမြို့နယ် ပျောင်းကွမ်းလောင်း ဆရာတော်၏ တပည့် ဉာဏစာရီ မဟာထေရ်၏ တပည့် ဖြစ်သော သရက်မြို့ ဥယျာဉ်တိုက်၊ ကမ္မဋ္ဌာနာစရိယ အရှင်ဦးဝါယမသည်၊ သရက်ဒိစတြိတ်မှ လာသမျှကို တရားပြ၍ နေရှာပေ၏။ ။တနေ့သောအခါ၊ စာပေ ကျမ်းဂန် ကြွယ်ဝလှသော ဒါယကာတဦးသည် ဦးဝါယမထံသို့ရောက်လာ၍၊ ယခု တရားအားထုတ်ကြကာများ

အတွေ့ မြန်လွန်းလှပါတကား ဘုရား။ တရားအစစ် တရားအမှန် ဖြစ်လျှင် ဒါလောက် မြန်နိုင်ပမလား။ ဂမ္ဘီရတဲ့, နိပုဏတဲ့, သုခုမတဲ့, ဒုဒ္ဒသတဲ့, ဒုရနုဗောဓတဲ့, အတက္ကာဝစရတဲ့, နက်နဲလှတယ်, သိမ်မွေ့လှတယ်, နူးညံ့လှတယ်, မြင်နိုင်ခဲလှတယ်, ထိုးထွင်း၍သိနိုင်ခဲလှတယ်, ကြံစည်၍သိနိုင်ခဲလှတယ်-ဟု စာပေ ကျမ်းဂန်ထဲ၌ ဆိုထားပါလျက်၊ အခု အားထုတ်လျှင် အခုဘဲတွေ့တယ်ဆိုတာကို မယုံကြည်နိုင်အောင် ဖြစ်၍နေပါတယ်၊ တွေ့တဲ့ တရားကလဲ ပူတယ်တဲ့, အေးတယ်တဲ့, ရွတယ်တဲ့။ ဒါတွေဟာ တရားမှ ဟုတ်ပါရဲ့လား အရှင်ဘုရားဟု ဝိစိကိစ္ဆာသံနှင့် လျှောက်ထားပေ၏။

ထိုအခါ ဦးဝါယမက ဒါယကာအား တရားဆိုတာဘာလဲ။

ဒကာ။ ။တရားဆိုတာ သဘောပါဘဲ။

ဦး။ ။သဘောကကော ဘာလဲ။

ဒကာ။ ။သဘောလဲ တရားပါဘဲ။

ဦး။ ။အေးဟုတ်ပြီ၊ ကဲ-ကဲ-မီးကိုပြပြီးတော့ ဒီမှာ ကြည့်စမ်းပါ။

ဒကာ။ ။မီးကိုမြင်ပါတယ်ဘုရား။

ဦး။ ။မီးအပြင်ကော ဘာကိုမြင်သေးသလဲ။

ဒကာ။ ။သဏ္ဌာန်ကိုမြင်ပါတယ်။

ဦး။ ။နို့ပြီးတော့ကော ဘာကိုမြင်သေးသလဲ။

ဒကာ။ ။ဝါဝါလိုလို နီနီလိုလို ဝဏ္ဏအဆင်းကို မြင်ပါတယ်။

ဦး။ ။ကဲ-ကဲ-စစ်ဆေးတော့မယ်။

ပူတဲ့သဘောဟာ ဝါဝါဘဲလား ဖြေပါ။

ပူတဲ့သဘောက တေဇောဓာတ်ပါ၊ ဝါဝါက ဝဏ္ဏဓာတ်ပါ မတူပါဘူး။

ပူတဲ့သဘောဟာ နီနီဘဲလား ဖြေပါ။

ပူတာက တေဇောဓာတ်ပါ၊ နီနီက အဆင်းဓာတ်ပါ မတူပါဘူး။

ပူတဲ့သဘောမှာ သဏ္ဌာန်ရှိသလား ဖြေပါ။

ပူတာက တေဇောပါ၊ သဏ္ဌာန်က ပညတ်ပါ မတူကြပါ။

မီးဟာ ဝါဝါဘဲလား ဖြေပါ။

မီးဟာ နီနီဘဲလား ဖြေပါ။

မီးဟာ သဏ္ဌာန်ဘဲလား ဖြေပါ။

ဒကာက။ ။(၁) မီးဆိုတာ နာမ ပညတ်ပါ။ (၂) ဝါဝါဟာ အဆင်းဓာတ်ပါ။ (၃) နီနီလဲ အဆင်းဓာတ်ပါ။ (၄) သဏ္ဌာန်လဲ ပညတ်ပါ။ (၅) ပူတဲ့သဘောသာ တေဇောဓာတ် ပရမတ်ပါ။ ။ဤပုံ ဉာဏ်ထဲမှာ လင်းရုံမျှ ရိပ်မိရုံမျှ ရှင်းလင်းရုံမျှ မေး–ဖြေ လုပ်၍ ပြတော့ကမ္မ ဒါယကာကြီးမှာ သဘောကျလာပြီးလျှင်၊ အရှင်ဘုရားများ ပြသသော နည်းအတိုင်း အားထုတ် ပွါးများ ပါတော့မည်၊ တရား ပြတော်မူပါဟု လျှောက်သဖြင့် ဦးဝါယမသည် တရားထိုင်ရပုံ၊ တရားတွေ့တတ်ပုံ၊ အာရုံ ပြုရပုံ ဥဿုံတို့ကို ဟောပြပြီးလျှင်၊ ဒါယကာကြီးအား ဂူထဲသို့ဝင်စေပြီး ခုနစ်ရက် အဓိဋ္ဌာန်ဖြင့် အားထုတ်စေ၏၊ တရားများ တွေ့သောအခါ၊ ဒါယကာကြီးမှာ ထိပေါက်သကဲ့သို့ အားရဝမ်းမြောက်စွာနှင့် တရားယူ၍ ပြန်လေ၏။ ။အတိုနည်း အမြန်နည်း ပြသပုံ။

---

## (၉၂) ဉာဏစာဂီ မဟာထေရ်၏ အတိုနည်း ဝါးခြစ်ဓာတ်ပေါ်ပုံ

ကြက်သောင်းဝါးခြောက်ခြောက်ကို လက်သဲနှင့်ခြစ်တော့၊ နားထောင် နေတဲ့ သူတွေ၏ ကိုယ်မှာ ၃–ဌာနနှင့် ဓာတ်ပေါ်ရပေ၏။ (၁) နားက ကြားစိတ်ပေါ်။ (၂) ရင်၌သိစိတ်ပေါ်။ (၃) သွား၌ ကျဉ်တဲ့ရုပ်ဓာတ် ပေါ်တာကို တွေ့ရပါသည်။ (လျှင်မြန်လှ၏)။

---

## (၉၃) အချဉ်ပြော သွားရေယိုပုံ

လက်ထဲ၌ တကယ့်ကို မှန်ကန်လှသော သမ္ဘာရာသီးတို့ ရှောက်သီးတို့ မရမ်း သီးတို့ မန်ကျီးသီးတို့ မရှိပါ ဘဲလျက်၊ အခေါ် သက်သက် နာမ ပညတ် သက်သက်ဖြင့်၊ သမ္ဘာရာသီးက ချဉ်တယ်၊ ရှောက်သီးကချဉ်တယ်၊ မရမ်းသီးက ချဉ်တယ်၊ မန်ကျီးသီးကချဉ်တယ်ဟု ပြောပြောနေလျှင်၊ နားထောင်သော သူများ တရာရှိလျှင် တရာလုံးပင် (၁) နား၌ကြားစိတ်ဓာတ် ပေါ်ရ၏။ (၂) ရင်၌ သိတဲ့ စိတ်ပေါ်ရ၏။ (၃) ပါးစောင် ၂–ဖက်၌ သွားရေယို၍ အာပေါ်ဓာတ် ပေါ်ရ၏။

## (၉၄) တောင် သစ်ပင် ဘားကစားပြပုံ

လူတရာလောက်သည် တောင်ကမ်းပါးအောက်က ကြည့်၍ နေကြ၏။ ဂျွန်းသမား ဘားကစားသူ တဦးကား၊ ထိုတောင်ကမ်းပါးထိပ်၌ ပေါက်ရောက်၍နေသော သစ်ပင်၏အကိုင်း၌၊ ခြေဖြင့်ချိတ်၍လွဲကာ ကစားပြ၏။ လက်တဘက်ဖြင့် ချိတ်၍ ကိုယ်ကို လွဲပြီးတော့ ကစားကာ ပြသ နေ၏။ ကစားပြသောသူ၌ ဘာမှမဖြစ်သော်လည်း အောက်ကကြည့်၍နေကြသော လူတရာလောက် မှာတော့ (အသဲက ယားယား၊ အူထဲက ယားယား)နှင့် ရှုပွတီတိ ရှုပံ-တွေ ပေါ်၍နေပြန်၏။ ရှုပ်ဖောက်ပြန်မှုတွေ ရင်ထဲ၌ ကိုယ်တွေ့ သိကြရ၏။ အဲဒါ မယုံကြည်သူကို ယုံကြည်အောင် ပြောပြရ ခြင်းတည်း။ ဓာတ်ကူးပေါ်တယ်ဆိုတာ ဒါမျိုးပါဘဲ။

---

## (၉၅) ဟံသာဝတီ တရားပြ ဦးဝါယမိန္ဒ၏ အတိုနည်း တရားပြသပုံမှာ

၁၃၀၆-ခုနှစ်၊ ခုနစ်ခုနှစ် လောက်က၊ မီးရထားလမ်း သဲကုန်း မြို့တွင်၊ ဆရာမာ မည်သော ဆရာကြီး တဦးသည် သတိပဋ္ဌာန် နည်းဖြင့် ယောဂီ တို့အား တရား ပြလျက် ရှိ၍ နေပေ၏။ ။ရန်ကုန်မြို့ ကြည့်မြင်တိုင်ရပ် ဟံသာဝတီကွက်သစ် ဘာဝနာ လမ်းတွင်၊ ဗုဒ္ဓသာသနာ့ပဋိပတ္တိ အဖွဲ့ကြီး၌ ယောဂီတို့အား ဓာတ်ကမ္မဋ္ဌာန်း ပြသလျက်ရှိသော ဦးဝါယမိန္ဒကိုယ်တော် သည်၊သဲကုန်းမြို့ ဆရာတော် ဦးဇဝနထံသို့ အေးအေးနေပြီး တရား အား ထုတ်ရန်ဟု သွားလေ၏။ ၎င်းသဲကုန်းမြို့မှ တဖန် ရွှေကျောင်းဆောင်သို့ သွားရန် စီမံကြရာ၊ သဲကုန်းမြို့ ဆရာမာကြီး၏ အိမ်၌ တညမျှ တည်းခိုပြီး သွားကြရန်ဖြစ်တော့၏။ ဆရာမာကြီးက သတိပဋ္ဌာန်နည်းဖြင့် ဆရာတော် ဦးဇဝနက ဓာတ်ကမ္မဋ္ဌာန်းနည်းဖြင့် ဆွေးနွေးကြရာ၊ ညသန်းခေါင်ကျော် သော်လဲ အယူမမျှ၊ တဦး အယူအဆကို တဦးက မကျေနပ်ဘဲနှင့် စကား ရပ်ပြီး အိပ်စက်ကြရ၏။ နံနက် သုံးနာရီထိုးလောက် အချိန်ရောက်တော့ အာရုံဆွမ်းများထ၍ချက်ကြသောအခါ၌လည်း ဆရာမာကြီးနှင့် ဆရာတော် ဦးဇဝနသည် သူ့ရှုံးငါနိုင် ပြောကြပြန်တော့၏။

ဤအခါကျမှ ဦးဝါယမိန္ဒ ကိုယ်တော်က တောင်းပန်ပြီး၊ မိမိနှင့်တလွဲ ဆွေးနွေးရန် တာဝန်ယူပြီး၊ ဆရာမကြီးအား ပြောသည်ကား ဆရာကြီးရယ်၊ ဟော-ဟော-ကြည့်စမ်းပါ၊ လက်ကောက်ဝတ်၌ (ဒိတ်ဒိတ် ဒိတ်ဒိတ်) နှင့် အဲဒါဟာ ဘာလဲ။ ။ဆရာ။ ။အဲဒါဟာ သွေးတိုး တာပေါ့ ဘုရာ့။ ။ဦးဝါယမိန္ဒ။ ။အရပ်ခေါ် မှာတော့ သွေးတိုးတာ ပါဘဲ၊ပညတ်အခေါ်မှာလဲ သွေးတိုးတာပါဘဲ၊ ပရမတ်အခေါ်ဖြင့် ဘယ်လို မျိုးခေါ်မှာလဲ။

ဆရာ။ ။ပရမတ် ထဲမှာ သွေးမှ မရှိဘဲဟာ၊ သွေးတိုးတာ ရယ်လို့ ဘယ်မှာရှိပါမလဲ၊ ဝါယောဓာတ် လှုပ်ရှားတာလို့ ခေါ်မှာပါဘဲဘုရား။ ။ ဦးဝါယမိန္ဒ။ ။အေး-အေး၊ ဟုတ်ပြီ-ဟုတ်ပြီ၊ ဝါယောဓာတ်လှုပ်ရှားတာ ဖြစ်ချင်၊ ဝါယောဓာတုံ ခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ ဝိစိကိစ္ဆံ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ- ဆိုတဲ့ ရာဟုလောဝါဒ သုတ်အတိုင်း ရှုရတာနှင့် မညီညွတ်ဘူးလား။ ။ ဆရာ။ ။ဩော်-ဝါယောဓာတ် ပေါ်၍ နေတာကိုးဘုရာ့၊ ဒီအတွေ့နှင့် ဒီပါဠိဟာ ကိုက်ညီ၍ နေတာပေါ့ ဘုရာ့။ ။ဦးဝါယမိန္ဒ။ ။အဲဒီ ဒိတ်ဒိတ်ဟာ မိမိက ပြုလုပ် ပေးတာလား၊ သူ့သဘောအတိုင်း သူဖြစ်၍ နေတာလား။ ။ဆရာ။ ။ပြုလုပ်၍ပေးတာမဟုတ်ပါ၊ သူ့သဘောအတိုင်း သူဖြစ်၍နေတာပါ။ ။ဦးဝါယမိန္ဒ။ ။သူ့သဘော သူဆောင်ရင် အတ္တ နော သဘာဝံ ဓာရေတီတိ ဓမ္မော-ဆိုတဲ့ ပါဠိအရဖြင့် (သူ့သဘော သူ ဆောင်တာဟာ တရားအစစ်ပါဘဲ) ဓာတ်အစစ်ပါဘဲ၊ (ဒိတ်ဆိုဖြစ်လာ ဒိတ်ဆိုပျက်သွား)နှင့် အမြဲတမ်းပေါ်၍ မနေပါဘူးလား။ ။ဆရာ။ ။ ဖြစ်လိုက် ပျက်လိုက်နဲ့ ပေါ်နေပါတယ်။ ။ဦးဝါယမိန္ဒ။ ။ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ (ဝယဓမ္မာသင်္ခါရာ) အပ္ပမာဒေန သမ္ပာဒေထ ဆိုတဲ့ ဘုရားပရိနိဗ္ဗာန် စံဝင်ခါနီးမှာ အရေးတကြီး မှာပြစ်ခဲ့တဲ့ မှာတမ်းနဲ့ မညီပါဘူးလား။ (သင်္ခါရဆိုတာဟာ ပျက်မြဲတဲ့။ အဲဒါကို မမေ့ကြပါနဲ့လို့ ဘုရား မှာခဲ့တာဘဲ။ ။ဆရာ။ ။ဒိတ်ဒိတ်တွေ ဖြစ်နေတာလဲ သင်္ခါရ အပျက်တွေဘဲ ဘုရာ့။ ။ဦးဝါယမိန္ဒ။ ။ဒီနေရာမှာတော့ ဒိတ်ဒိတ်နဲ့ တွေ့ရတယ်။ နှိုတကိုယ်လုံးကော။ ။ဆရာ။ ။ဒီနေရာမှာ ဒိတ်ဒိတ်တွေ့ရ

ရင် တကိုယ်လုံးမှာလဲ ဒိတ်ဒိတ်တွေနဲ့ ပျက်ပျက်နေမှာပေါ့ ဘုရား။ ။ ဦးဝါယမိန္ဒ။ ။တနေရာမှာ ဒိတ်ဒိတ်နဲ့ အပျက်ကိုတွေ့ရပါလျှင် တကိုယ်လုံးမှာလဲ ဒိတ်ဒိတ်နဲ့ပျက်တာတွေကို ကိုယ်တွေ့ တွေ့အောင် ဆရာကြီးအားထုတ်ဘို့သာ လိုတော့တယ်။ ။ဆရာ။ ။ဪ-ကိုယ်တော်တို့ ရှုတဲ့တရားက လွယ်လဲ လွယ်တယ်၊ မြန်လဲမြန်တယ်၊ သက်သာတယ်၊ ချောင်ချိတယ်၊စိတ်က မကူးရဘူး။တရားကပြမှ သိရုံမျှသာ တယ်ဟုတ်ပါကလားဘုရားဟု ဝမ်းသာလျက် တရားယူ၍ ကျင့်ကြံဘော့သည်။ ။နောက်နောင်သတင်းကို နားထောင်ကြည့်တော့။သဲကုန်းမြို့ ဆရာကြီး ဦးမဟာ ဧတ်တရားကိုသာပြ၍ နေသတဲ့၊ ဟောလဲ ဟောသတဲ့၊ လူများလဲ ကျင့်ကြ ကြံကြသတဲ့-ဟူသော သတင်းကောင်းကို ကြားရသဖြင့် ဦးဝါယမိန္ဒမှာ ဝမ်းမြောက်ဝမ်းသာ ရှိရှာလေသည်။

## အတိုနည်း အလွယ်နည်း

ယခု ရေးပြခဲ့သော အတိုနည်း, အလွယ်နည်း, အမြန်နည်း သည်ကား ကျင့်ကြံမည့်ယောဂီများ သဘောပေါက်ဘို့ ယုံကြည်နိုင်ဘို့သာ ရည်ရွယ်၍ ရေးသားရခြင်း ဖြစ်ပါသည်။ ယုံကြည်သည့်အတိုင်း အားထုတ်ခဲ့ပါမူ၊ တကိုယ်လုံးမှ (အဖြစ်အပျက်) ဥဒယဗ္ဗယကို တွေ့မြင်သဖြင့် သူ့သဘော အတိုင်း ပရိညာစဉ်၊ ဝိသုဒ္ဓိစဉ်၊ ဉာဏ်စဉ်များ တက်၍တက်၍ သခ်ါရနှင့် ၎င်းသခ်ါရတို့ ချုပ်ဆုံးမှုဆိုတဲ့ (နိဗ္ဗာနနိရောဓသစ္စာ) ကို ကေန်ဒိဋ္ဌ စိတ်ချလောက်အောင် မျက်မှောက် ပြုကြရပါလိမ့်မည်။ ဥပမာ၊ ကောက်ရိုးပုံ၌ မီးစလောင်လျှင် မီးငြိမ်းခြင်း,မီးချုပ်ခြင်း နိရောကို ကေန်မျက်မှောက် ပြုရသကဲ့သို့ ယခုလည်း ဤအတိုင်း မျက်မှောက်ပြုကြရပါလိမ့်မည်။ ပြည်သူအများ ကြိုးစားကြကုန်ရာသတည်း။

---

## (၉၆) ဦးရသေ့၏ အတိုနည်း

ရန်ကုန် ၈-မိုင် ဉာဏာစာရိကမ္မဋ္ဌာန်းတိုက်နေ ဦးရသေ့က ပရမတ်ဓာတ်ကို အမြန်ဆုံး, အလွယ်ဆုံးနည်းဖြင့် ပြသည်ကား။ ။ဘယ်ဘက်လက်ဝါးနှင့် ညာဘက်က လက်ဝါးကို တမိနစ်ခန့်မျှ ပွတ်သော် လက်ဝါးနှစ်ဖက်၌ ပူတဲ့

တေဇောဓာတ်များ ပေါ်၍ လာလိမ့်မယ်။ ပူတဲ့သဘောက ဓာတ်တရား ရုပ်ပါဘဲ၊ပူတာကိုသိတာက နာမ်တရားပါဘဲ၊သတိထားတာက သတိပဋ္ဌာန် ပါဘဲ။ (၁) ပူတာ၊ (၂) သိတာ၊ (၃) သတိထားတာ၌ ငါမရှိ,သူမရှိ, လူ,နတ်,ဗြဟ္မာမရှိ ၂၆–မျိုး မရှိပါ။ အဲဒါ (အတ္တအနေနှင့် ဗျာပါရ အနေနှင့် ဒိဋ္ဌိကွာတာပါ။ ပူတာ၊ သိတာ၊ သတိထားတာ၊ ခြားနေတာက အာကာသ ပေါက်၍ ဃနပျောက်ပုံပါဘဲ) ။ နာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ်ခွဲပြ၊ စူဠသောတာပန်ဖြစ်အောင် လုပ်ငန်းအလွယ်ဆုံး နည်းတည်း။

---

## (၉၇) စစ်တွေမြို့၌ ရှီးသားတဦးအား အလွယ်နည်းပြခဲ့ပုံမှာ

တပည့်ဟာ ၄–ဖာလုံတိတိ ခပ်မြန်မြန်လှမ်းပြီး ၄–ဖာလုံ စေ့တော့၊ ဗြုံးကနဲရပ်ပြီး ခန္ဓာကိုရှုပါ၊ တကိုယ်လုံးမှာ ဖောက်ပြန်တဲ့ ရုပ်ပွနတွေ၊ သိတဲ့ နာမ်တွေဟာ ကိုယ်နှင့်အမျှ တွေ့မှာပေါ့ တပည့်ရဲ့။ ပေါ်သမျှကရုပ်ဘဲ၊ သိသမျှကနာမ်ဘဲ၊ သဘောမရောတာက အာကာသခြားတာဘဲ။ အာကာသ ပေါက်တော့ ဃနပေါက်၍ ဒိဋ္ဌိကွာလေပြီတကား။ တကိုယ်လုံးမှာ ဖြိုးဖြိုး ဖျင်းဖျင်း မျိုးစုံပေါ်တဲ့ရုပ်ကြောင့် နာမ်ကသိရတယ်။ ရုပ်ကအကြောင်း၊ သိတဲ့နာမ်က အကျိုးပေါ့၊ရုပ်ပေါ်တာက ပဋ္ဌိစ္စ၊နာမ်သိတာက သမုပ္ပါဒ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ပါရ၍ စူဠသောတာပန်ဘဝသို့ လှလှကြီး ရောက်ပေတော့ သည်ဟု ၂–မျိုးပြရာ၊ အာဒိကမ္မိကပရမတ် ရှာနည်းလွယ်လွယ်ကို ရသွား လေ၏။

---

## (၉၈) ယောဂီများ သဘောပေါက်အောင် ယုံကြည်အောင်ပြနည်း

အတိုနည်း တမျိုးမှာ ဆီအိုးထဲသို့ နှိုက်၍ ကြည့်ပါက ဆီကိုသာလျှင် တွေ့ရတာလို ရေအိုးထဲသို့ နှိုက်၍ကြည့်က ရေကိုသာလျှင် တွေ့ရတာလို ဆားအိုးထဲသို့ နှိုက်၍ကြည့်ပါက ဆားကိုသာလျှင် တွေ့ရတာလို ဆေးအိုး ထဲသို့ နှိုက်၍ကြည့်ပါလျှင် ဆေးကိုသာလျှင် တွေ့ရတာလို ပြခဲ့ပြီးသော ဉပမာအတိုင်းပင် ခန္ဓာကိုယ်ထဲ၌ ရုပ်နာမ် ၂–ပါးသာ ရှိတာမို့၊ သတိထား

သမာဓိရစေ၊ လက်တွေ့ ယထာဘူတပညာဖြင့် နှိုက်၍ကြည့်တော့ ရုပ်နာမ် ၂-ပါးကိုသာ တွေ့ရမည်။ ရုပ်နာမ်မှတပါး အခြားဘာကိုမျှ မတွေ့ရပါ။ ဓာတ် ၄-ပါးရှိ၍ နေတာမို့ ဓာတ် ၄-ပါးကိုသာ တွေ့မည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာသာ ရှိ၍နေတာမို့ ၎င်းလက္ခဏာရေး ၃-ပါးကိုသာ တွေ့ရမည်။

---

## (၉၉) ကိုယ်တွေ့ရှာပြီး ပါရမီကိုစစ်ဆေးခဏ်း

မှန်ကြီး၏ရှေ့တည့်တည့်၌ ဗမာရင်လျှင် ဗမာအရိပ်သာ ထင်၏၊ကုလား ရပ်လျှင်ကုလားအရိပ်သာထင်၏။အရာရာ ဤပုံပါဘဲ၊ဝဝရပ်လျှင် ဝဝအရိပ်၊ ပိန်ပိန်ရပ်လျှင် ပိန်ပိန်အရိပ် ထင်သည်။ အဲဒါက ဥပမာပါဘဲ။ ဤအတူ သာလျှင် ခန္ဓာကိုယ်၌ သတိထားတော့ သမာဓိတည်လာသည်။ သမာဓိ ရလာတော့ ပညာရလာသည်။ ၎င်းပညာဖြင့် ရှေးပါရမီအတိုင်း တွေ့ကြရ ပါသည်။ တွေ့ရပုံကား ဟိုရှေးရှေးက ပထဝီဓာတ်နှင့် ပါရမီဖြည့်ဆည်းပူး ခဲ့သော် ယခုအခါ၌ ပထဝီဓာတ်ကစ၍ တွေ့ရတတ်ပါသည်။ (အာပေါ တေဇော ဝါယော၌ နည်းတူဆိုပါလေ)။ အဲဒါက မူလဓာတ် ပါရမီဗီဇကို ရှာပုံတည်း။ တနည်း၊ ဟိုရှေးရှေးက အနိစ္စနှင့် ဖြည့်ခဲ့ရိုး မှန်ပါလျှင် ယခု အခါ၌ အနိစ္စကို ဦးစွာတွေ့ရတတ်ပါသည်။ (ဒုက္ခ၊ အနတ္တ၌ ဤနည်း ဆိုပါလေ)။အဲဒါက ဖြည့်ခဲ့သော မူလဝိပဿနာကို ရှာပုံတည်း။

တနည်း၊ ဟိုရှေးရှေးက ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် ပါရမီ ဖြည့်ခဲ့ပါလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်ပင် ပေါ်တတ်ပါသည်။ (ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၌ ရှေးအတိုင်း ဆိုပါ လေ)။အဲဒါက မူလသတိပဋ္ဌာန်ကို ဖော်ပြနည်းပါဘဲ။ တနည်း၊ယောဂီသည် ကေဗီဇအလောင်းဖြစ်အံ့ ကေဗီဇပေါ်နည်းအတိုင်း တွေ့တတ်ပါသည်။ ယောဂီသည် ကောလံကောလ အလောင်းဖြစ်အံ့ ကောလံကောလ အတိုင်း ပေါ်တွေ့တတ်ပါသည်။ ယောဂီသည် သတ္တက္ခတ္တုပရမအလောင်းဖြစ်အံ့ သတ္တက္ခတ္တုပရမအတိုင်း ပေါ်တွေ့တတ်ပါသည်၊ တနည်း၊ ယောဂီသည် ဒိဋ္ဌိစရိတဖြစ်အံ့ ၎င်းအတိုင်း တဏှာစရိတဖြစ်အံ့ ၎င်းအတိုင်း မာနစရိတ ဖြစ်အံ့ ၎င်းအတိုင်း တွေ့တတ်ပါသည်။ အားထုတ်၍ အပေါ်ဖြင့် ဗီဇကို

ချိန်ပြီးမှ ဗီဇအတိုင်း တရားအတိုင်း၊ ဒါးသွေးသော ဥပမာ၊ လှတိုက်သော ဥပမာ၊ မီးပွတ်သော ဥပမာအတိုင်း ရှုပွားရပါသည်။ (ကေဗီဇကောလံ ကောလ သတ္တက္ခတ္တုပြရမတို့ကို ပုဂ္ဂလပညတ်နှင့် နေတ္တိပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ရှုကြပါကုန်။ ဒိဋ္ဌိစရိတ၊တဏှာစရိတ၊မာနစရိတ တို့ကို ပဋိသမ္ဘိဒါ မဂ်ပါဠိတော် အဋ္ဌကထာ, နေတ္တိပါဠိတော်အဋ္ဌကထာတို့၌ ရှုကြပါ)။

## (၁၀၀) တွင်းများနှင့် တွင်းအောင်းသတ္တဝါ ဥပမာ

ဥပမာ၊ လူတယောက်သည် တွင်းပေါင်းများစွာကိုမြင်ရ၏။မြင်သော်လဲ ဘာတွင်းမှန်း မသိရပေ။ သိချင်လျှင် တွင်း၌သတိထား၍ နာရီဝက်ခန့် ရှုနေပါ။ချကောင်အစအနမြင်လျှင် ချတွင်းဘဲဟုသိရ၏၊ ပရွက်ဆိတ်ကောင် အစအနမြင်ရလျှင် ပရွက်ဆိတ်တွင်းဘဲဟု သိရ၏။ ဤပမာလို ခန္ဓာ၌ သတိ ထား၍ ရှုကာနေတော့ အမှန်ဖြစ်တဲ့ သဘာဝတွေကို တွေ့ရပါလိမ့်မည်။

## (၁၀၁) သံနှင့်ကျောက်ခတ် မီးထွက်သောဥပမာ

လက်တဖက်၌ သံတုံးကိုကိုင်၍ ကျန်လက်တဖက် ကျောက်တုံးကို ကိုင်၍ ခတ်သော် မီးပွင့်သကဲ့သို့ ထို့အတူ ခန္ဓာထဲမှ ပေါ်နေသော ဓာတ်ရုပ်ကို အသိဆိုတဲ့ ဓာတ်နာမ်ဖြင့် ပေါ်သိ-ပေါ်သိဟု အမြဲခပ်နေခဲ့သော် ပရိညာ ၃-ပါးမီးပွင့်မည်၊ ဝိသုဒ္ဓိ ၇-ပါးမီးပွင့်မည်၊ ဉာဏ်စဉ် ၁၀-ပါးမီးပွင့်မည်၊ မဂ်လေးပါး, ဖိုလ်လေးပါး နိဗ္ဗာန်မီးပွင့်မည်၊ ခပ်၍သာ ကြည့်ကြပါ။ ၂၄-သခေျ ကုဋေ ၆၀၊ ဗိုလ်ချေ တသိန်းတို့ဟာ ဤပုံခပ်သဖြင့် ဤပုံပုထုဇဉ် ဘဝမှ အရိယာဘဝသို့ ရောက်ကြပါသည်။

## (၁၀၂) ဖန်ချိုင့် ရေ,ငါး ဥပမာ

လူတဦးသည် ငါးတို့၏ပျော်မြူးပုံကို ကြည့်လိုသဖြင့် ဖလ်ချိုင့်၌ ရေထည့် ပြီး ငါးတို့ကိုထည့်ကာ စားစရာထားပြီး ကြည့်ရှုလေ၏။ ပထမသော် ထိုလူ၏ မျက်မြင်၌ ဖလ်ချိုင့်လဲ မြင်၏၊ အပိုဘည်း။ ရေကိုလဲ မြင်၏၊ အပိုတည်း။ ငါးတွေကိုလဲ မြင်၏၊ သဘာဝတည်း။ အပိုမြင်ကား အဝိဇ္ဇာမြင်။ ဒိဋ္ဌိ

မြင်နှင့်တူ၏။ ဘာဝိတော အရ တကြည့်ထဲ ကြည့်သော်။ ဗဟုလီကတော အရ ထပ်ခါထပ်ခါ ကြည့်သော်၊ ဖလ်ချိင့်အမြင် ပျောက်၏။ အဝိဇ္ဇာကွာ ပုံတည်း။ တဖန် ရှေးနည်း အတိုင်း ကြည့်သော်၊ ရေအမြင် ပျောက်၏။ ဒိဋ္ဌိ ကွာပုံတည်း။ တဖန် ရှေးနည်း အတိုင်း ကြည့်သော်၊ ငါးသက်သက် ကိုသာ မြင်ရ၏။ ခါတ်ဝိဇ္ဇာရပုံတည်း။ တဖန်ရှေးနည်းအတိုင်းကြည့်သော်၊ ဤငါးကား အထက်သို့တက်လိမ့်မည်ဟု အမူအရာကိုမြင်၍ သိ၏။ ထိုငါး မူကား အောက်သို့ သွားလိမ့်မည်ဟု အမူအရာကိုမြင်၍ သိ၏။ ဤပမာလို ခန္ဓာ၌ သတိထားသော အခါ၊ ဓာတ်ပေါ်, ကလာပ်ပေါ်, အနိစ္စပေါ်, ဒုက္ခပေါ်, အနတ္တပေါ်, ပရိညာ, ဝိသုဒ္ဓိ, ဉာဏ်စဉ်မှစ၍ နိဗ္ဗာန်အထိတွေ့ သွားပါမည်။

---

## (၁၀၃) မီးပွတ် ဥပမာ

မီးပွတ်သမား တဦးသည် မီးကိုလိုချင်၍ ထင်း ၂-ခုကို ပွတ်ခါနေ၏။ ပွတ်တိုင်း-ပွတ်တိုင်း တိုးတိုး ပူလာပြီး မီးထွက်ခါနီးတော့ ရပ်နားပြန်ရာ၊ ပြန်၍အေးသွားသဖြင့် မီးမရ။ ဤနည်းသာ ပွတ်၍ နေခဲ့သော်၊ ထင်းသာ ကုန်မည် မီးရမှာမဟုတ်ပေ။ စပွတ်တဲ့ အချိန်ကစ၍ မီးထွက်သည့် အချိန် ထိအောင် ပွတ်သော်ကား မီးရ၍ ကိစ္စပြီးနိုင်သည်။ ဤဥပမာလိုပင် ပေါ်သိ ပေါ်သိနှင့်နေ၍၊ ပရိညာ ဝိသုဒ္ဓိ စသည်တို့ ပေါ်ကာနီးမှ ရပ်နားသော်၊ ပရိညာ ဝိသုဒ္ဓိ စသည်တို့ကို မရနိုင်ပါ။ သို့ဖြစ်၍ ခန္ဓာထဲက ပေါ်တိုင်းသိ ပေါ်တိုင်းသိနှင့် အရှိန်နှင့်ရှုသွားသော်၊ ပရိညာ ဝိသုဒ္ဓိ ဉာဏ်စဉ်မှစ၍ မဂ် ဖိုလ်အထိ ရမည်။

---

## (၁၀၄) ရေကန်၌ ဖား, ငါး, ပုဇွန်, လိပ် ကြည့် ဥပမာ

ရေကန်တခု၌ ရေအနက်ကား ၁၀-တောင်ခန့်နက်သည်။ ထိုရေကန်ထဲ၌ တဒေါင့်၌-ဖား၊ တဒေါင့်၌-ငါး၊ တဒေါင့်၌-ပုဇွန်၊ တဒေါင့်၌-လိပ်တို့ နေကြသည်။ ၎င်း ၄-မျိုးကိုမြင်လိုသော သူသည်၊ လှေဖြင့် သွား၍ ကြည့် တော့ ရေတွေ ဖုံး၍ မမြင်ရပါ။ ဒီလို နည်းနှင့်သာ ကြည့်ခဲ့လျှင် ရက်ကုန် လကုန် နှစ်ကုန် ဘဝသာကုန်မည်၊ မြင်ရမည် မဟုတ်။ အမေရိကန် ပြည်မှ

၇-ကုဋေ တန်သော မှန်ပြောင်းကြီးကို လှေ၌ တပ်ဆင်ပြီး မျက်စိဖြင့် ကြည့်ရာ၊ မှန်ပြောင်း၏ တန်ခိုးကြောင့် ၁၀-တောင် ရေကိုဖောက်ပြီး ဤကား ဖားတည်း၊ ဤကားငါးတည်း၊ ဤကားပုဇွန်တည်း၊ ဤကား လိပ်တည်း-ဟု ယထာဘူတ အတိုင်း မြင်ရ၏။ ဤကား-ဥပမာတည်း။ ရေကန်ကား ခန္ဓာကိုယ်နှင့်တူ၏၊ ဖား,ငါး,ပုဇွန်,လိပ်-တို့ကား ဓာတ်ကြီး ၄-ပါးနှင့်တူ၏။ ဖုံးလွှမ်းသောရေကား အဝိဇ္ဇာနှင့်တူ၏။ လှေကား မဂ္ဂင်နှင့် တူ၏။ မှန်ပြောင်းကား ဝိပဿနာပညာနှင့် တူ၏။ ဖောက်၍ ဖား,ငါး, ပုဇွန်,လိပ် တို့ကို မြင်ရခြင်းကား အဝိဇ္ဇာကို ဝိဇ္ဇာဖြင့်ထိုးဖောက်၍ ဓာတ်ကြီး ၄-ပါးကို တွေ့ရတာနှင့်တူ၏။ ကြည့်သူကား ယောဂီနှင့်တူ၏။

## (၁၀၅) မျဉ်းကြိုးအတိုင်း လွှတိုက် ဥပမာ

လွှတိုက်သမားတို့သည် မျဉ်းကြိုးသား၍ ထိုမျဉ်းကြိုး အမှတ်အသားကို အမြဲတမ်း သတိပြု၍ လွှဆွဲကြရ ကုန်၏။ ဤတော့မှ လမ်းဖြောင့်၍ သစ်ကောင်း ပျဉ်ကောင်း ရကုန်၏။ ဤဥပမာလို ဝိပဿနာ ကမ္မဋ္ဌာန်း ရှုစီးဖြန်းသော ယောဂီ သည်လည်း ခန္ဓာကိုယ်ထဲမှ ပါရမီက ပေါ်၍ မျဉ်းပြထားသော ဖြစ်ပျက် ဥဒယဗ္ဗယ မျဉ်းကြိုးကို အမြဲသတိပြု၍ အဓိဋ္ဌာန် နာရီ စေ့အောင်၊ သို့မဟုတ် ကြေနပ်သော မိမိရည်မှန်းထားသော အတွေ့ အမြင်မျိုးသို့ ရောက်အောင် ကြိုးစားရမည်။ ဖြစ်ပျက် မျဉ်းကြိုး အတိုင်း သတိထား၍ရှုပွားသော်၊ ပရိညာ, ဝိသုဒ္ဓိ, ဉာဏ်စဉ်, မဂ်စဉ်, ဖိုလ်စဉ်,နှင့် နိဗ္ဗာန်သို့ဝင်ပါလိမ့်မည်။ အဲဒါ အရိယာတို့လမ်းစဉ်တည်း။

## (၁၀၆) ဗျိုင်းငှက် တရားဖက် ပဏ္ဍုကမ္ဗလာတက်ပုံ

ဗျိုင်းငှက်တကောင်သည် ဤသို့ကြံ၏။ ငါသည် ဤတောင်ထိပ်မှာပင် နေ၍၊ တောင်ခြေရင်း၌ရှိသော ဂင်္ဂါမြစ်ရေသည် ဓမ္မတာကလွှန်၍ တောင် ပေါ်သို့ စီးပါမူကား ကောင်းလေစွ၊ တောင်ပေါ်သို့ ဂင်္ဂါမြစ်ရေ စီးပြီး အသက်မရှိသောငါးသေများပါလာ၍ စားသောက်ရသော် ကောင်းလေစွ ဟုကြံစည်ပြီး အဓိဋ္ဌာန်နှင့် သဟာဇာတ ပစ္စည်း

တပ်၍ ပေါင်းသင်း၍ အောင်မြင်ကြ ကုန်သည်။ ငါလည်း အဓိဋ္ဌာန် ပြုတော့အံ့၊ ဂင်္ဂါမြစ် ရေသည် တောင်ပေါ်သို့ စီးလာပါစေ သတည်း၊ ငါးအသေလဲ ပါရှိပါစေသတည်း၊ တောင်ပေါ်သို့ ရေတွေ စီးမလာဘဲ ငါသည် မသောက်တော့အံ့။ ငါးသေမပါဘဲ ငါသည် မစားတော့အံ့ဟု အဓိဋ္ဌာန်လိုက်ရာ၊ အဓိဋ္ဌာန်ချက်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လူ့ပြည်မှ စာတုမဟာရာဇ် နတ်ပြည်အထိ ယူဇနာပေါင်း (၄၂၀၀၀)ခုတ် တန်ခိုးတက်သွားတော့၏။ ၎င်းမှတဖန် ယူဇနာပေါင်း(၄၂၀၀၀)တက်ပြန်၍ တာဝတိံသာ နတ်ပြည်တွင် ပင်လယ် ကသစ်ပင်၏ အောက်၌ ထားရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ အတွင်း၌၊ အဓိဋ္ဌာန်ခုတ်များ ဝင်ရောက်၍ အလျားအားဖြင့် ယူဇနာ-၆၀၊ အနံအားဖြင့် ယူဇနာ-၅၀၊ အထုအားဖြင့် ယူဇနာ ၁၅-ယူဇနာ ကျယ်ဝန်းထူထဲလှသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ (၁) တင်းမာသော ပထဝီခုတ်များပေါ်၍နေခြင်း။ (၂) ပူပြင်းလှသော တေဇောခုတ်များ ပေါ်၍နေခြင်း။ (၃) လှုပ်ရှားသော ဝါယောခုတ်များပေါ်၍နေခြင်းကြောင့်၊ သိကြားမင်းသည် အကြောင်းကားအသို့နည်းဟု ဆင်ခြင်သော်၊ ဇျိုင်းငှက်၏ အဓိဋ္ဌာန်ချက်ကြောင့် ဖြစ်ပုံအလုံးစုံကို သိ၍ ဇျိုင်းငှက်ထံသို့ ရောက်လာပြီး စုံစမ်းလျက် ဇျိုင်းငှက်၏ အလိုဆန္ဒအတိုင်း ဂင်္ဂါမြစ်ရေကို တောင်ပေါ်သို့စီးစေခြင်း၊ အသက်သေတဲ့ငါးကို မျောစေခြင်းဖြင့် ကူညီဖန်ဆင်း၍ ပေးရလေ၏။ ဇျိုင်းငှက်မှာလည်း အဓိဋ္ဌာန် သတ္တိတန်ခိုးကို တရားတော်ဂုဏ် ၆-ပါးအတိုင်းတွေ့ရ၍ ထွက်မြောက်ရန် ဗီဇ ထူတောင်လေသတည်း။ ဇျိုင်းတောင်မှ တန်ခိုးကို အရယူနိုင်သေးလျှင် သာသနာတွင်း၌ လူဖြစ်ကြသော ငါတို့ကား ဇျိုင်းငှက်ထက် အဆပေါင်း အသင်္ချေမက ယူနိုင်ကြပါလိမ့်မည်။


သောတံ အာဒိတော ပဉ္စ° သု ပါပုဏိ° သူတိ သောတာပန္နာ။ ။စူဠ သောတာပန္နာ စူဠသောတာပန္နာ။ ။မဟာဝဂ္ဂ သံယုတ် အဋ္ဌကထာနှင့် လယ်တီဆရာတော်ကြီး၏ဝါဒ၌ ဝိသုဒ္ဓိ ၇-ပါးကို ပွားများအားထုတ်မှုသည် ဗောဓိပက္ခိယတရားကို ပွားများမှုပင်ဖြစ်၏။ ထိုဝိသုဒ္ဓိ ၇-ပါးတွင်လည်း စိတ္တဝိသုဒ္ဓိမှာ သမထယာနိကပုဂ္ဂိုလ်၌သာ လိုအပ်၏။ မဂ္ဂါမဂ္ဂဉာဏဒဿန

ဣန္တာသယ ၄၆၁-၃၀

ဝိသုဒ္ဓိမှာ မဂ်ဖိုလ်သို့ မရောက်သေးဘဲလျက် ရောက်ပြီဟုထင်သော အဓိမာန ပုဂ္ဂိုလ်၌သာ လိုအပ်၏။ သီလဝိသုဒ္ဓိမှာ ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလ စောင့်လျှင် ပြီး၏။ ဗောဓိပက္ခိယဒီပနီ၊ နံပါတ် ၉၀-၌ကြည့်ပါလေ။ ဒိဋ္ဌိ ဝိသုဒ္ဓိမှာ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏ-ဓာတ် ခြောက်ပါး တခုခုပိုင်နိုင်လျှင် ပြီး၏။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ကြ၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမှာလဲ ပထဝီ, အာပေါ, တေဇော, ဝါယော။ အာကာသ၌ ကံ, စိတ်, ဥတု,အာဟာရ-တပါးပါးကြောင့်ဖြစ်ပုံ သိရ၏။ ဝိညာဉ် ခြောက်ပါးမှာလဲ အာရုံ ခြောက်ပါးနှင့် ဝတ္ထု ၆-ပါးတို့ ထိခိုက်မှုကြောင့် ပေါ်ပုံကိုသိရ၏။ တွေ့လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီးစီးနိုင်တော့၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမှာ ဓာတ်တရား တပါးပါး၌ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေး ၃-ပါးတွေ့လျှင် ပြီးစီးနိုင်၏။ လောကုတ္တရာ ဉာဏ ဒဿနဝိသုဒ္ဓိမှာ လောကုတ္တရာမဂ် ၄-ပါးတွင် တပါးပါးရလျှင် ပြီးစီး တော့၏။ ဗောဓိပက္ခိယဒီပနီကျမ်း၊ နံပါတ် ၉၂-၌ ရေးသားခဲ့သော လယ်တီ ဆရာတော်ဘုရားကြီး၏ လိုရင်းအကျဉ်းချုပ် ဝါဒတည်း။ ဒိဋ္ဌိဝိသုဒ္ဓိသို့ ရောက်လျှင် သာသနာတော်ကြီးကို တွေ့ရပြီ၊ မြင်ရပြီ၊ ကြုံရပြီ၊ ကြိုက်ရပြီ၊ သာသနာ့အမွေတော်ကြီးကို ရလေပြီ၊ သာသနာမကွယ်ပြီ၊ သာသနာအမြစ် တွယ်ပြီ၊ သက်သာယာကြီးကိုရလေပြီ၊ ထောက်ရာတည်ရာကြီးကိုရလေပြီ၊ အပါယ်တံခါးပိတ်လေပြီ၊ ဆင်းရဲသံသရာကြီးပြတ်လေပြီ၊ ဘုံစဉ်စံဘဝကို လှလှကြီး ရခဲ့လေပြီ၊ တခဖြေးဖြေး တစစ အေးအေးမြမြနှင့် လောကုတ္တရာမဂ် ကို ရလေ့တော့မည်၊ စူဠသောတာပန်ဘဝသို့ ရောက်ရှိတော့သည်၊ စိတ်ချ ယုံကြည်ကြပါကုန်။

## (၁၀၈) လမ်းမှားလမ်းကောက်နှင့် လမ်းဖြောင့်လမ်းမှန်ကြီး




ဤပုံစံ၌၊ စစ်ဆေးကြည့်တော့၊ လူတိုင်း, နတ်တိုင်း, ဗြဟ္မာတိုင်းဟာ၊ ဒါန,သီလ,သမထ-စသော ၃၅-ပါးသောကုသိုလ်ကံတွေကြောင့် ကုသိုလ်၏ အကျိုးဖြစ်သော ဝိပါက်ခန္ဓာကိုရလေသည်။ ထိုခန္ဓာ၌စိတ်သည် အကြီးအမှူး ဘုရင်ပင်ဖြစ်သည်။(မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ မနောမယာ မနသာ စေပသန္နေန ဘာသတိ ဝါ ကရောတိ ဝါ)စသော ဂါထာ ၂၃-ကို ဓမ္မပဒ ပါဠိတော်၌ တွေ့ရ ပါသည်။ထိုစိတ်ဖြင့် ပရမတ်ကို ရှုပွားရမည်။ တာမေမဲ့ ပြသမဲ့ လူကမရှိ မိမိကလဲ မသိခြင်းကြောင့် ထိုစိတ်ဖြင့် ပုံစံအတိုင်း သမူဟ ပညတ်, ဃန ပညတ်, သဏ္ဌာန ပညတ်, သန္တတိ ပညတ်, နာမ ပညတ်များကို ရှုပွားမိလေတော့ ပညတ်တရားကို တွေ့ရတော့သည်။ပညတ် တရားတွေ့လို့ပင် ဒိဋ္ဌိကပ်ပြန်သည်၊ ဒိဋ္ဌိမကွာဘဲ ဒါန, သီလ, သမထကို ပြုပြန်တော့ ဒါန,သီလ,သမထ,ကံကုသိုလ်များ ရရှိတော့၏၊ ထိုကံကြောင့် ဝိပါက် ခန္ဓာငါးပါး ပေါ်လာပြန်ပါသည်။ထိုခန္ဓာ၌ ပါဝင်သော စိတ်ဖြင့် တရားကိုကျင့်ပြန်တော့ ပညတ်တရားကိုသာ ကျင့်မိပြန်သည်။ အဲဒါ လမ်း ကောက် လမ်းကွေ့ ဝဋ္ဋလယ်ပုံ, ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံတည်း။ စိတ်ဖြင့် ပညတ်ကိုသာ ရှုပွားနေပါလျှင် ပြပြီး ရေးခဲ့ပြီးသောအတိုင်းသာ၊ ကရွတ် ကင်းရှောက် လယ်၍နေတော့မည်။ အကြောင်းကား၊ စိတ်ဖြင့် ပညတ်ကို

မရှုရပါ၊ ပရမတ်ကိုသာရှုရပါမည်။ တာပေမဲ့ ပရမတ်ကိုပြနိုင် သ,နိုင်တဲ့ ဆရာက လက်တွေ့ပြမှ ပရမတ်ကို ရှုနိုင်မည်ဖြစ်ပါသည်။ ပရမတ်ကိုမရှုဘဲ ပညတ်ကိုသာ ရှုပွားလာခဲ့ကြလို့ သံသရာကြီး ဤမျှလောက် ရှည်လျားရ၍ လာခဲ့ရခြင်း ဖြစ်ပါသည်။ အဲဒါကြောင့် မြတ်စွာဘုရားက (ပညတ္တိံ ထပေတွာ)ဟု နာနာကြီး မိန့်ခဲ့ပါသည်။ပညတ်ဆိုလျှင် ဘာကိုမှ မရှုရတဲ့။ (နိဗ္ဗတ္တိတပရမတ္ထဝသေန ဝိသေသေန ဝိဝိဓာဝါ ပဿတီတိ ဝိပဿနာ)တဲ့။ ပရမတ်သက်သက်ကိုသာ ရှုကြပါတဲ့ဗျား။ ရှင်းလိုက်တာ လွန်ပါရော။ ။ ဟောဗျုလမ်းဖြောင့် လမ်းမှန် ပရမတ်ကိုသာ ရှုပွားတော့မည်။ ။ပုံစံကို ပြန်၍ကြည့်တော့ ဒါန,သီလ,သမထကြောင့် ကံဇနကကိုရသည်၊ငင်းကြောင့် ဝိပါက်ခန္ဓာကို ရသည်၊၎င်းခန္ဓာထဲက စိတ်ဖြင့်ပရမတ်ကိုရှုတော့ ပုံစံအတိုင်း လမ်းစဉ်အတိုင်း မဂ်ကိုရသည်၊ ၎င်းမဂ်ကြောင့် ဖိုလ်ကိုရသည်၊ နောက် နိဗ္ဗာန်ကိုရသည်၊စီတန်း၍ကြည့်တော့(ဒါ သီ ထ၊ခန္ဓာ၊စိတ်၊ပရမတ်၊မဂ် ဖိုလ် နိဗ္ဗာန်)လမ်းဖြောင့်ကို တွေ့ရသည်၊ပဋ္ဌမပုထုဇဉ် လမ်းကောက်ကို စီတန်း၍ ကြည့်တော့ကာ (ဒါ သီ ထ၊ခန္ဓာ၊စိတ်၊ပညတ်၊ ဒိဋ္ဌိ၊ဒါ သီ ထ၊ခန္ဓာ၊စိတ်၊ ပညတ်)ဟုသာ လယ်၍နေပုံကိုတွေ့ရပါသည်။သင်ပုံးကြီး၌ ရေးရေးပြီး မေး ဖြေပြမှ ပိုမိုရှင်းလင်းပါသည်။ (ဒိဋ္ဌိ၊ ပညတ်၊ ပရမတ်၊ ကံ ၂-ကံ၊ အဝိဇ္ဇာ) လယ်၍နေပုံတည်း။ ဒိဋ္ဌိဆိုတာ ပညတ်ကြောင့် ဖြစ်သည်။ ပညတ်ဟာလဲ ပရမတ်ရှိမှပညတ်ရသည်။ပရမတ်ကလဲ ကုသိုလ်,အကုသိုလ် ၂-ကံရှိမှ ကံ ၂-ကံလဲ အဝိဇ္ဇာရှိမှ၊ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟု ပဋိစ္စသမုပ္ပါဒ်၌ ဘုရားဟောခဲ့ပါသည်။

---


## (၁၀၉) သံသရာလယ်ပုံနှင့် ပြတ်ပုံကား

ပထမပုံစံ၌။

ဒိ၊ ကိလေသ (၁) (၁) ဥပမာ၊ လူ့ဘဝလိုချင်တဲ့ ကိလေသဝဋ္ဋ်
ဒိ၊ ဝိပါက(၃)+ဒိကမ္မ(၂) ကြောင့် လူ့ဘဝကိုရရန်ဒါသီထကံ ပြုကြပါ၏။
ဒါသီထကမ္မဝဋ္ဋ်ကြောင့် လူ့ဘဝခန္ဓာကိုယ် ဝိပါကဝဋ္ဋ်ကို ရရှိပါသည်။
(၃) ဝိပါကဝဋ္ဋ်ထဲက စိတ်ကတဏှာနှင့်တွဲပြီး တဖန်လူ့ဘဝကို ရလိုချင်ပြန် ပါသည်၊ ကိလေသဝဋ္ဋ်။ လိုချင်တော့ရရန် ဒါသီထကံပြုရပါသည်၊ ကမ္မဝဋ္ဋ်။

ကမ္မဝဋ်ကြောင့် လူ့ဘဝကို ရပြန်ပါသည်၊ ဝိပါကဝဋ်။ ဤလိုဝဋ် ၃-ပါး လယ်၍ နေကြပါသည်။ သံသရာ တလျှောက်လုံးလဲ ဤပုံနှင့် လယ်ခဲ့ရ ပါသည်။

ဒုတိယပုံစံ




ဒုတိယပုံ ဝဋ် ၃-ပါးကို ပိုင်းပိုင်းကြီးမြင်ရတဲ့ ဝိပဿနာဖြင့် စီးချထားတော့ ဝိပဿနာဖြင့် ဘမ်းချုပ်၍ထားတော့ ဒိဋ္ဌိမပါဘဲ လိုချင်တာမို့ ကိလေသဝဋ် မဖြစ်ဘဲ၊ဒါသီထကံပြုတာမို့ ကမ္မ ဝဋ်မဖြစ်၊ကမ္မဝဋ်မဖြစ်လို့ ခန္ဓာရပေမဲ့ ဝိပါက ဝဋ်မဖြစ်၊ဝိပဿနာကြောင့် ၃-ဌာန ဒိဋ္ဌိကွာ၍ ဝဋ်မလယ်နိုင်ပြီ။

ပုံစံ ၂-ခုယှဉ် ကြည့်ပါရန်။ ဒိဋ္ဌိကွာတာနှင့် မကွာတာ သိရအံ့။ပဌမ၌ ကိလေသဒိဋ္ဌိပါ၊ ကမ္မဒိဋ္ဌိပါ၊ ဝိပါကဒိဋ္ဌိပါ။ (ရိုးရိုးမို့) ဒုတိယ၌ ကိလေသ×××ကမ္မ×××ဝိပါက×××ဝိပဿနာပွားလို့။

ဆိုလိုရင်းမှာ ဝိပဿနာပွားတော့ ဒိဋ္ဌိမပါတဲ့ကိလေသ၊ ဒိဋ္ဌိမပါတဲ့ကမ္မ၊ ဒိဋ္ဌိမပါတဲ့ ဝိပါကမို့ ဝဋ်ပြတ်သွားရပါသည်။ ပုထုဇဉ်မှာတော့ ဒိဋ္ဌိပါတဲ့ ကိလေသ၊ဒိဋ္ဌိပါတဲ့ ကမ္မ၊ဒိဋ္ဌိပါတဲ့ ဝိပါကကြောင့် ဝဋ်ဖြစ်၍ အစဉ်မပြတ် လယ်၍နေရပါသည်။ ထို့ကြောင့် ငွေဖြစ်တဲ့ ဒိဋ္ဌိကိုသာ သဲသဲမဲမဲ မြဲမြဲစွဲစွဲ ရဲရဲကဲကဲ အနဲနဲရှုပွားပြီး သတ်ဖြတ်ကြပါ။ဒိဋ္ဌိသေ ဝဋ္ဋသေပါရောဗျ။

## (၁၁၀) ရုပ်တန်းရပ်-အရိယာ၊ ရုပ်တန်းမရပ်-ပုထုဇဉ်

**အရိယာတို့ ပုံစံကိုကြည့်ကြပါ**

ဒါန,သီလ,သမထ (၁)
ရိပ်ရိပ်ရိပ်ရိပ်ရုပ်များ (၂)
ပရိညာ,ဝိသုဒ္ဓိ,ဉာဏ်,မ,ဖ,နိ

**ပုထုဇဉ်တို့ပုံစံကိုကြည့်ပါ**

ဒါန,သီလ,သမထ, (၁)
ရိပ်ရိပ်ရိပ်ရုပ် (၂)
သမ္မုဟ ကျော သင်္ခါရ (၃)
ဃန ကျော သင်္ခါရ (၄)
သဏ္ဌာန ကျော သင်္ခါရ (၅)
နာမ ကျော သင်္ခါရ (၆)
သန္တတိ ကျော သင်္ခါရ (၇)

အရိယာတို့ပုံစံ၌၊ ဒါန, သီလ, သမထ, ကံကြောင့်၊ ရိပ်ရိပ် ရိပ်ရိပ်နှင့် ရုပ်ကလာပ်တွေ မူလ အတိုင်း ဖြစ်၍ နေပါသည်။ (ယထာ ပသော မရီစိကံ) ပါဠိ အရတည်း။ ၎င်း ရိပ်ရိပ် ရုပ်တွေကို နာမ်က သိရတော့၊ လက္ခဏာရေး ၃-ပါး ပရိညာစဉ်,ဝိသုဒ္ဓိစဉ်, ဉာဏ်စဉ် တက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်-ကို ရပါတော့သည်။

**ပုထုဇဉ်ပုံစံ၌**

ဝိပဿနာမရှုဘဲ၊ ဒါန, သီလ, သမထ, ပြုတော့၊ ရိပ်ရိပ် ရိပ်ရိပ်နှင့် ကလာပ်ရုပ်တရား တွေကို မတွေ့ရ တော့ပါ။ မတွေ့ရသဖြင့်၊ သမ္မုဟ,ဃန,သဏ္ဌာန,နာမ,သန္တတိ, ပညတ်အထိ ရုပ်တန်းမှာ မရပ်နိုင်တော့ဘဲ၊ ဘိနပ်တန်းသို့ရောက်၍ ပညတ်ကိုတွေ့ပြီး ဒိဋ္ဌိ ကပ်ရပါတော့သည်။ ဒါသီထကြောင့် ရုပ်ဖြစ်တုန်းကတော့ ရိပ်ရိပ် စသော ကလာပ်ရုပ်တွေပါဘဲ။ ဒါပေမဲ့ ဝိပဿနာဝိဇ္ဇာရ၍ မထား သောကြောင့် ၎င်းဒါသီထ ပြုစဉ်ကပင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ လှချင်တဲ့တဏှာက သင်္ခါရဆိုတဲ့ ကံ, စိတ်, ဥတု, အာဟာရ, လက်သမားကို ငှားပြီးခိုင်းတော့၊ ကလာပ်စုပြီး သမ္မုဟပညတ် ဖြစ်ရပါတယ်။ဒိဋ္ဌိကပ်ပါရော၊ အစုအဝေးဟု ထင်မှားရလေပြီ။ (၄) ဒါသီထ ပြုစဉ်တုန်းက ချောချော မွေ့မွေ့ကလေးလိုချင်တဲ့ တဏှာက သင်္ခါရဆိုတဲ့ ကံ, စိတ်, ဥတု, အာဟာရ, လက်သမားကိုငှားပြီးခိုင်းတော့၊ တသားထဲ တပြင်ထဲဟု ဃနပညတ် ဖြစ်ရပါတယ်။ အာကာသမတွေ့ရဘဲ ဒိဋ္ဌိကပ်ပြန်ပါရော။ တယ်ပြေပြစ်ပါကလား တယ်ချော ပါလားတဲ့။ ဒိဋ္ဌိကပ်သွားပုံ။ (၅) ဒါသီထ ပြုစဉ်တုန်းကပင် အပြစ် ၆-ပါးကင်းတဲ့ ဂိုက်ကျ စကိုင်ကျတဲ့ ခန္ဓာကိုယ်ကိုလိုချင်တဲ့ တဏှာက

သင်္ခါရဆိုတဲ့ ကံ, စိတ်, ဥတု, အာဟာရ,ကို ငှားပြီးခိုင်းတော့ အချိုးကျလှတဲ့ သဏ္ဌာန် သဏ္ဌာနပညတ်ကို ရ၍လာတယ်။ တယ်ပြီး အချိုးအဆစ် ကျပါ ကလားဟု ဒိဋ္ဌိကပ်ပြန်ပါရော။ (၆) ဒါသီသကို ပြုစဉ်တုန်းကပင် သုမနဟု နာမည်နှင့် အနော်ဇာ ဟု နာမည်နှင့် ရ၍နေပါ စေသတည်း ဟု နာမည် လှုချင်တဲ့ တဏှာက သင်္ခါရဆိုတဲ့ ကံ, စိတ်, ဥတု, အာဟာရ, လက်သမား သင်္ခါရကိုငှားခိုင်းတော့ သုမန-နာမည်၊ အနော်ဇာ-နာမည် နာမပညတ်ကို ရရှိပြန်ပါတယ်၊ ဒိဋ္ဌိကပ်ပါရော။ တချို့မှာတော့ မွေးဖွား၍ ၇-ရက်စေ့လျှင် ကင်မွန်းတပ်ပြီး နာမည်မှည့်ကြရန် နာမည် လှလှကောင်းကောင်းကို ရှာ ကြတယ်။ မိရော ဖရော ဆွေရော မျိုးရော နာမည်ရှာကြတယ်။ သဘော ကျတဲ့ နာမည်ကို တွေ့မိ ရရှိတော့ သမီးကို တင်တင်, ရင်ရင်, ခင်ခင်, ကျင်ကျင်-ဟူ၍ရင်း၊ မေရီ, ဒေစီ, လေဒီ-ဟူ၍ရင်း၊ သူတပါး တဏှာက သင်္ခါရဆိုတဲ့ ကံ,စိတ်,ဥတု,အာဟာရ,လက်သမားကိုငှားပြီး နာမည်မှည့်ကြ ပါတယ်။ ဒီနာမည်ဟာ ငါဘဲဟု ဒိဋ္ဌိကပ်ပြန်ပါရော။ (၇) ဒါသီထပြုစဉ် တုန်းက လူ့ဘဝ နတ်ဘဝ ရခဲ့သော် မကောင်းသောအနံ့ မကောင်းသော အမြင်ဆို ဘာမှမတွေ့ရဘဲ၊ အာခံတွင်းက ကြာညိုနံ့လှိုင်သင်း၍ ခန္ဓာကိုယ်မှ စန္ဒကူးနံ့ ထွက်ရပါစေသား၊ ၉၆-ဖြာ ဝေဒနာဆိုလျှင် ဘာမျိုးမှ မရောက် စေသားဟူ၍ တဏှာက သင်္ခါရဆိုတဲ့ ကံ,စိတ်,ဥတု,အာဟာရ, လက်သမား ကိုခိုင်းတော့၊ တစက္ကန့်အတွင်း၌ ကုဋေ တသိန်း ကုဋေ ငါးထောင်ကျော် သော သဘာဝဖြစ်ပျက် အနိစ္စ,ဒုက္ခ,အနတ္တတို့ကို မတွေ့ရတော့ဘဲ၊ သန္တတိ ပညတ်ကြီး ဖုံးဖိကွယ်ဝှက်၍ ထားပါရောတဲ့။ ဒါ့ကြောင့် ဒိဋ္ဌိတွေ ကပ်ပြီး အမှား အထပ်ထပ်ဖြင့် မနားမရပ်တော့ ချားရဟတ်ကဲ့သို့ သံသရာလယ်၍ နေရကြပါသည်။ အဲဒါ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဆိုတဲ့ မိဋ္ဌာပဋ္ဌိပဒါသုတ် တော်၏ အဓိပ္ပါယ်ကို ဖော်ထုတ်၍ ပြခြင်းပါဘဲ။ ။အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယ မူလကေန သင်္ခါရေန ဇနိယမာနံ။ ။သင်္ဂြိုဟ် ပါဠိ အရပင်တည်း။

## (၁၁၁) ဝိပဿနာရှုတယ်ဆိုတာဟာ

ဓာတ် ၄-ပါးညီညွတ်၍ ကောင်းမွန်နေတဲ့သူကို၊ ရောဂါကို အရှာခိုင်းတာပါဘဲ။ အဘယ့်ကြောင့်နည်းဟူမူကား၊ ကောင်းမွန်နေပါလျက် ပူတာတွေအောင်၊ အေးတာ, အုံတာ, လေးတာ, စူးတာ, နာတာ, ကိုက်ခဲတာ, ထုံကျဉ်တာတွေအောင် ရှာ၍ရှုရသောကြောင့်၊ ရောဂါကို ရှာ၍ ရှုတာနှင့် တူပေ၏။ဝိပဿနာအားထုတ်မှုရပ်စဲလိုက်တော့ ထုံတာ ကျဉ်တာ ကိုက်တာ ခဲတာတွေ အားလုံးပျောက်ပျက်သွားတော့၏။

ပင်ကိုက ဓာတ် ၄-ပါးမညီညွတ်၍ ထုံကျင် ကိုက်ခဲသူများကား ရှာစရာပင် မလိုတော့ပါ။ရှုရုံမျှသာ ဝီရိယစိုက်ထုတ်ရပါတော့သည်။ ရုပ်တရားတွေ ကိုးရိုးကားယား ဖြစ်၍နေခြင်းကား ရုပ္ပနဆိုတဲ့ ဖောက်ပြန်တဲ့သဘော ပရမတ်ပင်တည်း၊ ဝိပရိဏာမဆိုတဲ့ ဖောက်ပြန်မှုပင်တည်း၊ ဓာရေတီတိ ဓာတု-ဆိုတဲ့ သူ့သဘော သူဆောင်ကာပြနေတဲ့ ဓာတ်တရားပင်တည်း၊သူ့အလိုလို ကံ, စိတ်, ဥတု, အာဟာရကြောင့် ဖြစ်တာမို့ အနတ္တ ပင်တည်း၊ မြဲ၍မနေတာမို့ အနိစ္စပင်တည်း။ ထိုထိုမမြဲတဲ့ အနိစ္စပင်လျှင် သေခြင်း၊ သာယာဘွယ်မရှိခြင်း၊ နှစ်သက်ဘွယ်မရှိခြင်း၊စုံမက်ဖွယ်မရှိခြင်း၊ အားထားစရာမရှိခြင်း၊ ထောက်တည်ရာမရှိခြင်း စသည်တို့ကြောင့် ဒုက္ခတရားပင်တည်း၊ခန္ဓာကိုယ်မှာပေါ်တာနှင့်သိတာ ၂-ခုတဲ့တွေ့ရတာမို့ ရုပ်နာမ် ၂-ပါးပင်တည်း။ ခန္ဓာထဲက ဖြစ်ပေါ်သမျှဟာ သစ္စာ ၄-ပါးထဲက တပါးပါးမို့ သစ္စာကို တွေ့ရခြင်းပင်တည်း။ (စတုသစ္စဝိနိမုတ္တောဓမ္မောနာမနတ္ထိ ပါဠိကို ထောက်ထားပါလေ)။ ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ နေသမျှ လက္ခဏာရေး ၃-ပါးပင်တည်း။ (လက္ခဏတ္တယ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ) ပါဠိကို ထောက်မျှော်ပါလေ။ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်နေသမျှဟာ ကမ္မဋ္ဌာန်းချည်းပါဘဲ။ (ကမ္မဋ္ဌာနဝိနိမုတ္တောဓမ္မောနာမနတ္ထိ)ပါဠိကို ထောက်မျှော်ပါလေ။ ခန္ဓာကိုယ်ထဲမှာ ဓာတ် ၄-ပါးသာ ရှိတာမို့ ပေါ်လာသမျှ ဓာတ်တရားချည်းဘဲ။ (စတုဓာတုဝိနိမုတ္တောဓမ္မောနာမနတ္ထိ) ကို ထောက်မျှော်ပါလေ။ ခန္ဓာကိုယ် တခုလုံးဟာ ပဋိစ္စသမုပ္ပါဒ်ချည်းဖြစ်တာမို့ ခန္ဓာထဲက တွေ့ရသမျှဟာ ပဋိစ္စသမုပ္ပါဒ်ချည်းဘဲ၊ခန္ဓာကိုယ် တခုလုံးဟာ ပဋ္ဌာန်းတရားချည်း ဖြစ်၍နေတာမို့ ခန္ဓာထဲက တွေ့ရသမျှဟာ ပဋ္ဌာန်းတရားချည်းပါဘဲ။

## (၁၁၂) ဓမ္မတာဖျောက်မှ သာသနာရောက်မည်

ရုပ်နာမ်
၂-ပါး

ခန္ဓာကိုယ်မှာ သဘာဝနဲ့ ပရမတ်နဲ့ အဟုတ်အမှန်တကယ်ရှိ ၍နေတာကတော့၊ပေါသော ရုပ်တရားနှင့် သိသောနာမ် တရား ၂-ပါးသာ ရှိပါတယ်၊အဲဒီ တကယ့်ကိုရှိ၍နေတဲ့ သဘာဝပရမတ် ရုပ် နာမ် ၂-ပါးကို တွေ့နိုင်မြင်နိုင်တဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်နှင့် မရှာဘဲ မတွေ့နိုင် မမြင်နိုင်ပါ။ ။အချိုကား ပရမတ်သဘာဝကိုတွေ့ချင်လို့ ဒါနနှင့် ရှာကြ,သီလနှင့်ရှာကြ,သမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ်စျာန်ကိုးစျာန်နှင့် ရှာကြတယ်။ ဘယ်အခါကမှ မတွေ့ကြဘူး။ သာသနာပ ရှာနည်းနှင့်ရှာလို့ မတွေ့ရတာပါ။သာသနာတွင်း ရှာနည်းဆိုတဲ့ ဝိပဿနာ ခေတ်ကမ္မဋ္ဌာန်းနှင့် ရှာမှ ရုပ်နာမ် အစစ်အမှန်ကိုတွေ့မည်။ ။အရှာအဖွေလွဲပုံမှာ သာသနာပက ရသေ့ သူတော်ကောင်းကြီးတွေဟာ ဒါသီထစသော ၉-ပါးနှင့် ရှာမိသဖြင့် ပညတ်ရုပ်,ပညတ်နာမ်ကို တွေ့သွားပြီးတော့ နာမ်တရားကား ဆိုးဝါးလှ၏၊ နာမ်တရားကြောင့် ဒုစရိုက် ပြုရသည်၊ ကိလေသာ (၁၅၀၀) ဖြစ်ရသည်။ စားချင်ရ၊အိပ်ချင်ရ၊ လောဘ၊ဒေါသထွက်ရသည် စသည်ဖြင့် နာမ်တရား၌ အပြစ်မြင်၍(မီနာမံ မီနာမံ)ဟု စီးဖြန်းပွားများ အားထုတ်ရာ စုတေလျှင် အသညသတ်ပြဟ္မာ့ဘုံ၌ ရုပ်သက်သက်ဖြစ်၍ ရပ်ပြစ်ရှစ်ပါးအဝင်အပါဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်မှလွဲချော် ဆုံးရှုံးရလေသည်။

တစုကား၊ ဒါန သီလ သမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ် စျာန်ကိုး စျာန်စသောတရား ၉-ပါးနှင့် ရှာပြန်ရာ ပညတ်ရုပ် ပညတ်နာမ်ကို တွေ့ သွားပြီး ရုပ်၌ အပြစ်မြင်၍ (မီရူပံ၊မီရူပံ)ဟု စီးဖြန်းပွားများ အားထုတ်ရာ စုတေလျှင် အရူပလေးဘုံ၌ နာမ်ချည်းသက်သက်ဖြစ်၍ ရပ်ပြစ်ရှစ်ပါး အဝင် အပါဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်မှ လွဲချော်ဆုံးရှုံးရလေသည်။ ။အသညသတ်မှာ ကမ္ဘာ (၅၀၀) မဂ်ဖိုလ်နှင့် ဝေးခဲ့ရသည်။ အရူပပုဂ္ဂိုလ်များမှာတော့ ကမ္ဘာ ပေါင်း ၂-ခသောင်း၊၄-သောင်း၊၆-သောင်း (၈၄၀၀၀)မျှ မဂ်ဖိုလ်နှင့် ဝေးခဲ့ ရပါသည်။ အဲဒါဟာ သာသနာပက ရှာနည်း ဖွေနည်းပါဘဲ။ ။သာသနာ တွင်းက ၂၄-သင်္ချေတို့၊ ကုဋေ ၆၀-တို့၊ ဗိုလ်ခြေတသိန်းတို့ကတော့ ခန္ဓာ ကိုယ်ထဲမှ(ယထာပသော မဂ်ဒီစိကံ)အရ၊တရိပ်ရိပ် တလျှပ်လျှပ်နှင့် ရုပ်ပျက်ကို နာမ်ကသိရလေသည်။(ယထာ ပုဗ္ဗုဠုကံ ပဿေ)အရ၊ခန္ဓာကိုယ်ထဲမှ ရေပွက်

ပမာကဲ့သို့သောရုပ်များကို နာမ်ကတွေ့၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြပါသည်။သာသနာနယ်၌ပရမတ်ဝိပဿနာနှင့်ရှာဖွေတော့ စာ တွေ့ ငါတွေ့ကျမ်း အတိုင်း ၇၂-အမျိုးဖြင့် တွေ့ရပါသည်။ငါအရိယာဖြစ်ပြီလား ကျမ်းအတိုင်း ၄၀-အမျိုးဖြင့် တွေ့ရပါသည်။ သဘာဝဓမ္မမှန်ပြ ကျမ်းအတိုင်း ၃၄-မျိုးနှင့် တွေ့ရပါသည်။ ၉-မျိုး တွေ့ရပုံ၊ နောက် ၉-မျိုး တွေ့ရပုံ၊ ၇- မျိုးတွေ့ရပုံ များကိုတော့၊ ဝိပဿနာ တက္ကသိုလ်ကျမ်းကြီး၊ ဝိပဿနာဆရာများလက်စွဲ အခဏ်း၌ အစေ့အစုံ ကြည့်ရှုကြပါကုန်။

သာသနာပခေတ်က သမူဟ, ဃန, သဏ္ဌာန, နာမ, သန္တတိ-ပညတ် ငါးမျိုးမှမလွတ်သော ဓမ္မတာ ရုပ်ရှာ ထုံးစံ ရုပ်မျိုးကိုရှာမိကြရာ၊အချို့မှာ ပညတ် ငါးပါး မလွတ်သော ၃၂-ကောဋ္ဌာသရုပ်များ၊ ၄၂-ကောဋ္ဌာသ ရုပ်များ၊ ၆၆-မျိုးသော ရုပ်များ၊ ၉၆-မျိုးသော ရုပ်များ၊ ၂၆-မျိုးသော ရုပ်များ။ ၁၂-မျိုးသောရုပ်များကိုသာ တွေ့ရသဖြင့်၊ ဟိုရှေးရှေးက ကမ္ဘာဦးသူ လူပညာရှိကြီးများက မှည့်ခေါ်သမုတ်ထားတဲ့ ရုပ်နာမ်ကိုသာ တွေ့ကြရပြီး အသညသတ် အရူပ ဘုံသို့သာ ရောက်ကြ ကုန်၏။ နစ်နာဆုံးရှုံး လေစွတကား။

---

## (၁၁၃) ဓမ္မတာတရားနှင့် သာသနာတရား

ဓမ္မတာတရားဆိုတာ ကမ္ဘာအစဉ်အဆက် ဓမ္မတာထုံးစံအတိုင်း ကမ္ဘာဦးသူ လူပညာရှိကြီးများက ပညတ်သမုတ် ခေါ်ဝေါ် ပြောဆိုလာခဲ့သော သစ်ပင်အမျိုးမျိုး၊ တောတောင်အမျိုးမျိုး၊ လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး၊ အသုံးအဆောင် စားသောက်ဘွယ် အရာရာသော ဝတ္ထုတို့ကို၊ အမည် အမျိုးမျိုးဖြင့် သမုတ်ပညတ်၍ ထားခဲ့ပါသည်။ (လောက သင်္ကေတ နိမိတ္တာ) ဟူသော ပါဠိကိုထောက်ပါလေ။

သာသနာတရားဆိုတာ မူလအရင်းခံဖြစ်တဲ့ ဓာတ်ကြီးလေးပါး၊ ၎င်း၌ မှီတွယ်နေတဲ့ ဥပါဒါရုပ် ၂၄-ပါး၊ ထိုထိုရုပ်တို့၌ မှီ၍သိသော စိတ်တရား၊ ၎င်း၌မှီ၍ဖြစ်သော စေတသိက်တရား၊ အမည်ကိုဖယ် အခေါ်ကိုလွှတ်ထား ပြီး တကယ်ရှိတဲ့ သဘာဝစု, သဘောစု, ဓာတ်စု, ကလာပ်စု, ပရမတ်စုကို သာသနာ တရားဟု ခေါ်ပါသည်။ ၎င်း ပရမတ် တရားတို့ကို သတ္တိအား

လျော်စွာ ဝေဘန်၍ ခေါ်ကြရာ၌၊ ခန္ဓာ ၅-ပါးတဲ့။ အာယတန ၁၂-ပါးတဲ့။ ဓာတ် ၁၈-ပါးတဲ့။ သစ္စာ လေးပါးတဲ့။ ပဋ္ဌာန်း တရားတဲ့။ ပဋိစ္စ သမုပ္ပါဒ် တရားတဲ့။ ပရိညာ, ဝိသုဒ္ဓိ, ဉာဏ်စဉ်, မဂ်-၄, ဖိုလ်-၄, နိဗ္ဗာန်-ဤသည် တို့ကား သာသနာတရားတို့တည်း။

ဝေဘန်ချက် သတိအထူး ပြုကြပါ။

ဓမ္မတာ တရားကို ကမ္ဘာဦးသူ လူပညာရှိတို့က သမုတ်ခဲ့သည်။ ဒိဋ္ဌိ မကွာသူ၊ အဝိဇ္ဇာမကွာသူ တဏှာ, မာန, ဝိစိကိစ္ဆာ, မကွာသေးသူများက သမုတ်သည်။ ပုထုဇဉ်များက သမုတ်သည်။ ။သာသနာတရားကို သမုဒ် သဲစု ပမာပြုအပ်သော ဘဂဝါဘုရားစုတို့က သမုတ်ခဲ့ ပါသည်။ ဒိဋ္ဌိ, ဝိစိ, တဏှာ, မာန, အဝိဇ္ဇာကွာပြီးတဲ့ ဘုရားများက သမုတ်ခဲ့ပါသည်။ အရိယာ များက သမုတ်ခဲ့ ပါသည်။ တရားချင်းလဲကွာ၊ သမုတ်တဲ့ လူစားချင်းလဲ ကွာခြားလှ၏။

---

## (၁၁၄) ပရမတ်ရှိလို့ ပညတ် ပေါ်လာရသည်

ဥပမာ—ခန္ဓာ၌ သိတဲ့သဘောရှိလို့ စိတ္တံ၊ စိတ်ဟူ၍။ ပညတ် ခေါ်ဝေါ် ရသည်။ ခန္ဓာ၌ ပူအေးတဲ့သဘောတရားရှိလို့ ရူပံ၊ ရုပ်တရားဟူ၍။ ပညတ် ခေါ်ဝေါ်ရသည်။ ခန္ဓာ၌ လိုချင်တဲ့သဘော စိတ်ဆိုးတဲ့သဘော တွေဝေတဲ့ သဘောရှိလို့ စေတသိက၊ စေတသိက်ဟု ခေါ်ဝေါ် ရသည်။ ၎င်း ၃-ပါး ချုပ်ငြိမ်းခြင်းသဘောရှိလို့ နိဗ္ဗာန်ဟု ပညတ်ရပါသည်။ လူ, နတ်, ဗြဟ္မာ, စသည် ခေါ်ဝေါ်ပညတ်ရာ၌လည်း ဤနည်းပင်တည်း။

---

## (၁၁၅) သဏ္ဍာန်, အမြင်, အထင်, ပညတ် ၃-ပါး အမှားဒိဋ္ဌိ ၃-မျိုး

ဥပမာပြမည်၊ ရွှေကား ပရမတ် သဘောဟု ထားကြပါစို့။ ၎င်းရွှေ အထည်ကို ပန်းတိမ်ဆရာက ပြုပြင်တော့၊ ဆင်သဏ္ဍာန် ပေါ်လာသည်။ ပရမတ်က သဏ္ဍာနပညတ် ဖြစ်၍ မှားရ ပုံတည်း။ မျက်စိဖြင့် ကြည့်တော့ ဆင်ကိုမြင်ရပါသည်။ အမြင်လဲပညတ်ဘဲ၊ မှားမြင်ပင်တည်း။ စိတ်မနေဘ

ကလဲ ဆင်ဘဲဟူ၍ ထင်ပါသည်၊ အထင်ပညတ်တည်း။ အထင်မှားတည်း။ အဲဒါ ရှေ့က သဏ္ဌာနပညတ်နှင့် အမှား။ အမြင်ပညတ်နှင့် အမှား။ အထင်ပညတ်နှင့် အမှား။ ၃-ပါးစီ ဖြစ်ပေါ်၍ လာပါသည်။ ၎င်းဆင်ရုပ်ကို ထုချေဖျက် သော်၎င်း၊ အရည်ကျို သော်၎င်း၊ သဏ္ဌာန အမြင် အထင် ပညတ် ၃-ပါးလဲ ချုပ်ရ၏၊ အမှား ၃-ပါးလဲ ချုပ်ရ၏။ ။ရှေ့ကို မြင်း, ကျွဲ, နွား, ခွေး, ကြောင်, ဇွန်း, ပုဂံ, ခရင်း, လူရုပ်, နတ်ရုပ်, ဗြဟ္မာရုပ်-ပြုလုပ်သောအခါ၌၊ ပညတ် ၃-ပါးပေါ်လာပုံ။ အမှား ၃-ပါးဝင်လာပုံနှင့် ဖျက်လိုက်တော့ ပရမတ်မူရင်းအတိုင်း တွေ့ရပြီးလျှင်၊ ပညတ် ၃-ပါးကွာပုံ အမှား ၃-ပါးကွာပုံကို ဤနည်းဖြင့်ချဲ့၍ထွင်၍ ဟောပြောပြသ နည်းပေး ကြပါလေ။

---

## (၁၁၆) ပရမတ်ကုဋ္ဌေတသိန်းက ပညတ်ငါးမျိုးဖြစ်ရပုံ

ကလာပ်ပေါင်း ကုဋ္ဌေတသိန်းဟာ သူ့မူလသဘာဝ အတိုင်း ဖြစ်ပျက် ဖြစ်ပျက်နှင့် နေတော့ ပရမတ်ဟူ၍၎င်း၊ သဘာဝတရားဟူ၍၎င်း ခေါ်ကြ ပါသည်။ ၎င်းသဘောတွေ ကုဋ္ဌေတသိန်းစုမိတော့ သမူဟပညတ်ဖြစ်တော့ သည်၊ တသားထဲဖြစ်သွားတော့ ဃနပညတ် ဖြစ်သွားပါသည်။ ပရမာနုမြူ ပုံသဏ္ဌာန်ကိုမြင်ရတော့ သဏ္ဌာနပညတ် ဖြစ်သွားပါသည်။ ပရမာနုမြူဘဲဟု ခေါ်တော့ နာမပညတ် ဖြစ်သွားပါသည်။ ပရမာနုမြူထဲမှာ ကုဋ္ဌေတသိန်း အနိစ္စ,ဒုက္ခ,အနတ္တတို့ကို မတွေ့ရတော့ သန္တတိပညတ်ဖြစ်သွားပါသည်။အတို ချုပ်မှာ ပရမာနုမြူတခုထဲ၌ပင် ကလာပ်တသိန်းစုလို့ သမူဟ။ တသားထဲ ထင်ရလို့ ဃန။ ပရမာနုမြူပုံသဏ္ဌာန်မို့ သဏ္ဌာန။ ဖြစ်ပျက်မမြင်လို့ သန္တတိ။ ပရမာနုမြူဟုခေါ်ရလို့ နာမ။ပညတ်ငါးပါး ဖြစ်ရတော့သည်။

---

## (၁၁၇) အလှဲသုံးစားအမှုပြစ်နှင့် ဗြဟ္မာကြီးကို ဘမ်း၍လာတော့၏

အဘိဓမ္မာလွှတ်တော် ဝိပဿနာမင်းကြီးထံသို့ ရောက်တော့ ဝိပဿနာ မင်းကြီးက ကိုရှေ့ဗြဟ္မာကြီး ခင်ဗျားကို အလှဲသုံးစားပြုမှုနှင့် ရုံးတော်၌ တရားစွဲ၍ ထားတယ်၊ ဘာပြောချင်သလဲ။ ။ဗြဟ္မာကြီး။ ။ကျွန်တော်

ပြောချင်တာက ကျွန်တော်ဟာ ထွက်မြောက်ချင်လို့ အဓိဋ္ဌာန်ထားပြီး သစ္စာရှိရှိနှင့် အချိန်ရတိုင်း ဝိပဿနာတရားကို အားထားပါတယ်။ စိတ်ကောင်းနဲ့ပါ၊ စေတနာကောင်းနဲ့ပါ၊ သဒ္ဓါကောင်းနဲ့ပါ။ ဒါကြောင့် မဘမ်းသင့်ပါဘူး ပြစ်မှုလဲမရှိပါဘူး။

ဝိ။ ။ခင်ဗျားပြောတဲ့အတိုင်း ထွက်မြောက်ချင်တာ အဓိဋ္ဌာန်ထားတာ သစ္စာရှိတာ ဝီရိယနှင့်အားထုတ်တာ စိတ်စေတနာ သဒ္ဓါကောင်းနဲ့ဆိုတာ ကျွန်ုပ်ယုံကြည်ပါတယ်။ ဒါပေမဲ့ (လျော့လျှင်မိစ္ဆာ၊သာလျှင်ဒိဋ္ဌိ) ဆိုတဲ့ ဥပဒေပုဒ်မအရ၊ ကုသိုလ်ရတို့ ပြုစုခစကာမူ၊ (လျော့လျှင်လဲ မိစ္ဆာ) ပါတဲ့၊အပြစ်မလွတ်နိုင်။ (သာလျှင်လဲ ဒိဋ္ဌိ) ပါတဲ့၊အပြစ်မလွတ်နိုင်၊ဘာများပြောချင်သေးသလဲ။ ။ပြ။ ။အပြစ်ရှိတယ်ဆိုလျှင်တော့ အပြစ်အားလျော်စွာ ခံရမှာပါတဲ့ခင်ဗျား။ ။ဝိ။ ။ကဲကဲ-စစ်ဆေးမယ်၊ မှန်တာကိုသာပြောပါ။ ။ပြ။ ။ဟုတ်ကဲ့စစ်ဆေးပါတော့။ ။ဝိ။ ။ခင်ဗျားဟာ ထွက်မြောက်ချင်လို့ အဓိဋ္ဌာန်နှင့် သစ္စာရှိရှိ ဝီရိယကူ၍ စိတ်၊စေတနာ၊သဒ္ဓါကောင်းကောင်းနဲ့ထားပြီး ဘာကိုရှုပွား၍ နေပါသလဲ။ ။ပြ။ ။ပရမာနုမြူမျှရှိသော ရုပ်အနိစ္စကို ဝိပဿနာရှု၍ နေပါတယ်။ ။ဝိ။ ။၎င်းပရမာနုမြူတခု၌ အနိစ္စ၊ဒုက္ခ၊အနတ္တ တသိမ်းကိုတွေ့ပါရဲ့လား။ ။ပြ။ ။မတွေ့ပါ။

ဝိ။ ။ပရမာနုမြူတခု၌ အနိစ္စ၊ဒုက္ခ၊အနတ္တ တသိမ်းကို မတွေ့လျှင် သန္တတိပညတ်ကြီးဖြစ်၍ နေလေပြီ။ ပညတ်ကိုပရမတ်ဟု အလွဲသုံးစားလုပ်မှု လျော့မိစ္ဆာ၊သာဒိဋ္ဌိဖြစ်၍ အပြစ်တခုရလေပြီ။ ။ဝိ။ ။ပရမာနုမြူတဲ့ဟု မခေါ်ဘူးလား။ ။ပြ။ ။ခေါ်ဆိုပါတယ်။ ။ဝိ။ ။တာဖြင့် ပရမာနုမြူဟု ခေါ်ဆိုခြင်းက နာမပညတ်ပါတကားး၊နာမပညတ်ကို တကယ့်ပရမတ်တရားဟု ထင်မှားခြင်း၊ ယူမှားခြင်း၊ အခေါ်မှားခြင်းဟာလဲ အလွဲသုံးစားပြုမှုပါတဲ့။ လျော့မိစ္ဆာ၊ သာဒိဋ္ဌိ ဖြစ်၍ ဒုတိယအပြစ်တခု ရရှိပြန်သည်။ ။

ဝိ။ ။ပရမာနုမြူမျှဟု ပုံသဏ္ဌာန် မတွေ့ရဘူးလား။ ။ပြ။ ။တွေ့ရပါတယ်။ ။ဝိ။ ။ပရမတ်ဟာ ပုံသဏ္ဌာန် အရိတ်နိမိတ်မရှိဘူး။ သို့ပါလျက် ပရမာအနုမြူမျှဟု ပုံသဏ္ဌာန်ကိုပါ တွေ့နေရတာက သဏ္ဌာနပညတ်ပါ၊အဲဒီသဏ္ဌာန်ပညတ်ကို ပရမတ်လုပ်ပြီး ရှုပွား၍နေခြင်းဟာ အလွဲသုံးစားပြုခြင်းပါတဲ့။ လျော့မိစ္ဆာ၊ သာဒိဋ္ဌိဖြစ်၍ တတိယအပြစ်တခု ရရှိပြန်သည်။ ။

ဝိ။ ။၎င်း ပရမာနုမြူကိုတခုထဲ တသားထဲဟု မထင်မြင်ဘူးလား။ ။ ဖြ။ ။ထင်မြင်ပါတယ်။ ။ဝိ။ ။ပရမာနုမြူတခု၌ ကလာပ်ပေါင်း တသိန်း ရှိပြီး တခုစီ တခုစီနှင့် အာကာသ ခြား၍ ခြား၍ တွေ့ရမှာကို အာကာသ မခြားဘဲ တသားထဲ တပြင်ထဲ တခုထဲဟု ထင်မြင်တွေ့ရခြင်းဟာ ဃနပညတ် ပါဘဲ။ဃနပညတ်ကို ပရမတ်လုပ်ပြီး ရှုပွားခြင်းဟာ အလွဲသုံးစားဖြစ်၍ လျှော့မိစ္ဆာ၊သာဒိဋ္ဌိဖြစ်၍ စတုတ္ထအပြစ်တခု ရရှိပြန်သည်။ ။ဝိ။ ။ပရမာနုမြူ တခု၌ ကလာပ်ပေါင်း တသိန်းရှိပါလျက် မိစ္ဆာဖြင့်စု၍ ပေါင်း၍ ပရမာနုမြူ တခုထဲဟု မရှုဘူးလား။ ။ဖြ။ ။ရှုပါတယ်။ ။ဝိ။ ။တာဖြင့် ကလာပ် တသိန်းကို တခုထဲဘဲဟု သမူဟဖြစ်အောင် စု၍ရုံး၍ရှုပွားတော့ သမူဟ ပညတ် ဖြစ်ထာပေါ့။ ယင်းသမူဟပညတ်ကို ပရမတ်လုပ်၍ ရှုခြင်းဟာ အလွဲသုံးစား ပြုခြင်းပါဘဲ။ လျှော့မိစ္ဆာ၊သာဒိဋ္ဌိ ဖြစ်၍ ပဉ္စမအပြစ်တခု ရရှိပါသည်။ ။ဝိ။ ။အစုစုပြစ်မှုပေါင်း သန္တတိ,နာမ, သဏ္ဌာန, ဃန, သမူဟပညတ်တွေကို ပရမတ် မဟုတ်ပါဘဲ ပရမတ်လုပ်ပြီး ရှုပွားလို့ အလွဲ သုံးစားပြုမှုပါဘဲ၊ လျှော့လျှင်မိစ္ဆာ–သာလျှင်ဒိဋ္ဌိပါဘဲ။ အလွဲသုံးစားပြုလုပ် ခြင်းက ငါးခုမို့ ငါးပြစ်ပေါ့၊ ထို့ပြင် သင့်ကိုယ်မှာ သင့်စိတ်မှာပင် အဝိဇ္ဇာ, တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ–ဆိုတဲ့ သူခိုးဓားပြ သူပုန် ဘုရားရန်သူ တရားရန်သူ သံဃာရန်သူ ငါးဦးတို့ကို လက်ခံထားတာ ခိုးထုပ်နှင့် တကွ တွေ့ရသော ကြောင့်၊ သူခိုး လက်ခံမှု ဓားပြ လက်ခံမှုတွေက သူပုန်ကို လက်ခံမှုတွေက အပြစ် ၃–ပါးတွေ့ရပေပြီ။ အဲဒီအပြုအမူ အလုပ်အကိုင်တွေဟာ ဘုရား၏ သာသနာတော်၌ မရှိပါ။ ။သာသနာပ၌၎င်း၊ ရပ်ပြစ် ၈–ပါး ၌၎င်း ရှိပါသောကြောင့်၎င်း၊ ဘုရားအာဏာတော် ပရမတ်တရားတော်နှင့် ဖီလာ ကန့်လန့်ဖြစ်၍ နေသောကြောင့်၎င်း၊ ဘုရား သာသနာတွင်း၌ မနေထိုက်။ သာသနာပခေတ် ရပ်ပြစ် ၈–ပါးသို့ ဖြဟ္မာကို ဆောင်ယူ၍ ကမ္ဘာပေါင်း ၈၄၀၀၀–ထောင်ချစေဗျား။ အဲဒီ အတွင်း၌ ဘုရားသံ တရားသံ သံဃာသံ မဂ်သံ ဖိုလ်သံ နိဗ္ဗာန်သံ ပရမတ်သံ ဓာတ်သံ ကလာပ်သံ ဆို၍ ဘယ်အသံ ကိုမှ မကြားစေနှင့် အယူခံခွင့်မရှိ။ ၈၄၀၀၀–ကမ္ဘာကုန်အောင် ထောင်ထဲ၌ နေစေဗျား။ ။အဲဒါဟာ ဝိပဿနာ တရားပိုင်မင်းကြီးက ဒီဂရီချတာ ပါဘဲ။ ။(ပညာရှိ ကိုပဏ္ဍိတ်တို့ သတိထားမိပါစေ)။

## ကျမ်းပြုဆရာ၏ မှာတမ်း

(ဓမ္မတာဖျောက်မှ-သာသနာရောက်မည်)အခဏ်းကစ၍၊(အလွဲသုံးစား ပြစ်မှုကြောင့် ပြဟ္မာဘမ်းခဏ်း) အထိ တိုင်အောင် ဆိုခဲ့သော စကားရပ် တို့ကို၊ဉာဏစာဂီ မဟာထေရ်မြတ် ရေးသားအပ်သော (ကမ္ဘာ့အမှုံားကြီး နှင့် သတ္တဝါ့အမှားကြီး) စာအုပ်၌၊ စေ့စေ့စုံစုံ လုံလုံလောက်လောက် အညမည ပစ္စည်းတပ်၍၊ တခုကိုတခုက ခိုင်မြဲပါစေလိမ့်မည်။ ယခုနေရာ၌ သဘောမပေါက်သေးသောသူများသည် (ကမ္ဘာ့အမှားနှင့် သတ္တဝါ့အမှား ကြီးစာအုပ်၌ ရှုကြစေလိုပါကြောင်း)။

---

### (၁၁၈) အဘိဓမ္မာရုံး၌ စွဲချက်တင်ထား ခံရသော ၃-မှု

လူမြင်။ ။ဘဇ္ဇာရီမြူဘခုကို ပရမတ်လုပ်ပြီးရှုသော အမှုတွဲ။
နတ်မြင်။ ။အနုမြူတခုကို ပရမတ်လုပ်ပြီးရှုသော အမှုတွဲ။
ပြဟ္မာမြင်။ ။ပရမာနုမြူတခုကို ပရမတ်လုပ်ပြီးရှုသော အမှုတွဲ။
ငင်းပြင် အမှုတွဲ(၁၇)မျိုး သိထားကြပါရန်။

(၁) သင်သိ ရုပ်နာမ် အမှုတွဲ။ (၂) မေးသိ ရုပ်နာမ်။ (၃) နာသိ ရုပ်နာမ်။ (၄) ဆောင်သိရုပ်နာမ်။ (၅) ဆင်ခြင်သိရုပ်နာမ်၊ (၆) သမူဟ ပညတ်ရုပ်နာမ်။ (၇) ဃနပညတ်ရုပ်နာမ်။ (၈) သဏ္ဍာနပညတ်ရုပ်နာမ်။ (၉) သန္တတိပညတ်ရုပ်နာမ်။ (၁၀) နာမပညတ်ရုပ်နာမ်။ (၁၁) ခန္ဓာ ကိုယ်ကြီးရုပ်နာမ်။ (၁၂) သစ်ပင်နှင့်အသိရုပ်နာမ်။ (၁၃) လူသေကောင် နှင့်အသိရုပ်နာမ်။ (၁၄) သုံးဆဲ့နှစ်ကောဋ္ဌာသ ရုပ်နာမ်။ (၁၅) စမ်းသပ် ထိသိရုပ်နာမ်။ (၁၆) ပိုးစုံးပြူနှင့် နှင်းကျသိ ရုပ်နာမ်။ (၁၇) အာနာ ပါနသိရုပ်နာမ်။ အမှုတွဲ(၁၇)မျိုး။ ဤရုပ်မျိုး ပထမ၌ လူ, နတ်, ပြဟ္မာမြင် ၃-ပါး။ ဒုတိယ၌ (၁၇)ပါးတို့ကား ရုပ်နာမ်ဟု ဆိုရသော်လည်း ပညတ်ကို ပရမတ်ဟု အလွဲသုံးစား ပြုလို့။ ထို့ပြင် (လျော့လျှင် မိစ္ဆာ-သာလျှင် ဒိဋ္ဌိ) ငြိစွန်းနေလို့၊ အဘိဓမ္မာပိဋကတ်ဒေသနာအတိုင်းနှင့်မညီလို့၊ ဝိပဿနာတရား တော်အတွေ့နှင့် စာအဆိုနှင့် မညီလို့၊ (ကုသိုလ်တပါ၊ ငရဲတပိဿာ) နှင့်ငင်း၊

(ခုတ်ရာတခြား၊ ရှရာတပါး)နှင့်ငှင်း ဆုံးဖြတ်ပြီး၊ သာသနာပထဲသို့ ရင်ပြင် ဂ-ပါးထဲသို့ ထည့်ရပါသည်။

---

(၁၁၉) ငါးဦးကို စွဲချက်တင်လို့ ဆုံးဖြတ်ချက်ချထားပုံ

သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိ၊ ဆိုတဲ့ ငါးဦးကို စစ်ဆေးမေးမြန်းတော့၊ သူတို့ဟာ ရုပ်နာမ်ကို တွေ့ပါတယ်လို့ ဆိုတာဟာ၊ တဦးက သင်လို့သိတာပါတဲ့၊ တဦးက မေးလို့သိတာပါတဲ့။ တဦးက နာကြားလို့သိဘာပါတဲ့။ တဦးကပါဠိအနက်အဓိပ္ပါယ်ကိုပါဆောင်ထားလို့သိတာပါတဲ့။ တဦးက ဆင်ခြင်တွေးတောစိတ်ကူးလို့ သိတာပါတဲ့။ အဲဒါ ဖြောင့်ချက်ပေးပုံဘည်း။ ။ဝိပဿနာတရားပိုင်မင်းကဆုံးဖြတ်သည်ကား၊ မောင်တို့ငါးဦးဟာ သိတော့လဲ အသိသားဘဲ။ ဒါပေမဲ့ ဟောဒီ ပါဠိတွေကို ကြည့်ကြစမ်းပါ။ ။(၁) ကာယဋ္ဌ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ။ ။သံယုတ်ပါဠိတော်၌ (ဖဿ)ဖြစ်အောင် ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗရုပ်တို့ ထိခိုက်ပြီးတွေ့ရမယ်။ ဖဿကိုယ်တွေ့ကြောင့်လဲ ဝေဒနာပါ ပေါ်ရမယ်တဲ့။ အဲဒီ ဘုရားဟောနဲ့ နှိုင်းမှ မညီညွတ်ပါ။ (၂) ကာယေနစေဝ ပရမတ္ထသစ္စံ သစ္ဆိကရောတိ၊ ပညာယစ အတိဝိဇ္ဈပဿတိ-ဆိုလဲစတုကအင်္ဂုတ္တိုရ်ပါဠိတော်နံပါတ် ၃၅၆၊ကြောင်းရေ ၁၆ ဟာမှုနှင့်ငှင်း။ (၃) ကာယေနစေဝ ပရမံသစ္စံ သစ္ဆိကရောတိ ပညာယစ တံ ပဋိဝိဇ္ဈ ပဿတိ-ဆိုတဲ့ မဇ္ဈိမပဏ္ဏာသ ပါဠိတော် စင်္ကီသုတ်နှင့်ငှင်း။ (၄) ဓမ္မံ ကာယေန ပဿတိ-ဆိုတဲ့ ဓမ္မပဒပါဠိတော်နံပါတ် ၃၃-နှင့်ငှင်း။ (၅) ဓမ္မံ ကာယေန ပဿယံ-ဟူသော သောဏကဇာတ် ပါဠိတော်နှင့်ငှင်း မညီညွတ်ပေ။ ထို့ပြင် ဝိပဿနာတက္ကသိုလ်ကျမ်းကြီး၌ နံပါတ် ၃၇၀-တွင် ပါဠိပေါင်း ၁၄-ပုဒ် ကိုယ်တွေ့ပါဠိများနှင့် လုံးဝမညီညွတ်ပါ။

ဤမျှသာ မကသေးချေ။ (ကမ္မဋ္ဌာနမှားကြီးနှင့် သတ္တဝါအမှားကြီး) ကျမ်းတွင်ပြထားသော (၁) ပဌမရုပ်နာမ်အတုအပများ။ (၂) ဒုတိယရုပ်နာမ်အတုအပများ။ (၃) တတိယရုပ်နာမ်အတုအပများ။ (၄) စတုတ္ထရုပ်နာမ်အတုအပများ။ (၅) ပဉ္စမရုပ်နာမ်အတုအပများ။ (၆) ဆဋ္ဌမရုပ်နာမ်အတုအပများ။ (၇) သတ္တမရုပ်နာမ်အတုအပများ။ (၈) အဋ္ဌမရုပ်နာမ်

အတုအပများ။ (၉) နဝမရုပ်နာမ် အတုအပများနှင့် ကိုက်ညီတူမျှနေသောကြောင့် ၎င်းတို့ ငါးဦးကိုဘမ်းစေ၊ သာသနာပထောင်၌ချစေ၊ ရုပ်ပြစ်ဂ-ပါးအခန်း၌ ထားစေ။အကြောင်းကား ပညတ်ကို ပရမတ်လုပ်၍ အလွဲသုံးစားမှုကြောင့် လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ ပြုမှုကြောင့် ကာမာဝစရ ကုသိုလ်မျှသာရ၍ အထက် ကုသိုလ်ကြီးများကို မရနိုင်ရကား ကုသိုလ်တပ်ငရဲတပိဿာကဲ့သို့ ဖြစ်၍နေပုံ ခုတ်ရာတခြား ရှရာတပါးဖြစ်၍နေပုံ။(အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိတ္တိခိုင်းတိုင်း သံသရာတလျှောက်လုံး ပြုလုပ်စေဟု ဒီဂရီချလိုက်လေသည်)။

၎င်းငါးဦးတို့ အသိအမြင်ဟာ(ယတော ယတော သမ္မသတိ ခန္ဓာနံ ဥဒယဗ္ဗယံ လဗ္ဘတေ ပီတိပါမောဇ္ဇံ အမတန္တံ ဝိဇာနတံ) ဟူသော ဓမ္မပဒ ပါဠိတော်၌ ဌာနနှင့် သဘာဝနှင့် ကလာပနှင့် ပဟာနနှင့် ဉာဏနှင့် အာနုဘာဝနှင့် ပေါ်တွေ့ရမည်ကို မတွေ့ဘဲ အတွေ့လုပ်ပြီး အဝိဇ္ဇာနယ်၌ နေမိသောကြောင့်၎င်း။ (သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော အမာနုသိ ရတိဟောတိ သမ္မာ ဓမ္မံ ဝိပဿတော)ဟူသော ဓမ္မပဒ ပါဠိတော်နှင့် မညီသောကြောင့်၎င်း။ (ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ အသံဟီရံ အသံကုပ္ပံ တံဝိဒွါမနုဗြူဟယေ) ဟူသော ဥပရိပဏ္ဏာသပါဠိတော်နှင့် မညီသောကြောင့်၎င်း ဆုံးဖြတ်အပြစ်ပေးရပါသည်။

---

## (၁၂၀) နောက်ငါးဦးဘမ်း၍ ရိုးတင်တရားစွဲပြန်သည်

(၁) သမ္မုတိပညတ်ရုပ်နာမ်။ (၂) ဃနပညတ်ရုပ်နာမ်။ (၃) သဏ္ဌာန ပညတ်ရုပ်နာမ်။ (၄) သန္တတိပညတ်ရုပ်နာမ်။ (၅) နာမပညတ်ရုပ်နာမ် တို့ကို စစ်ဆေးတော့ ကျွန်ုပ်တို့ငါးဦးဟာ ကမ္မဋ္ဌာန်းထိုင်ပါတယ်။ထိုင်တော့ မျက်စိမှိတ်၍ ထားပါလျက်နှင့် အမြင်ထဲမှာ အထင်ထဲမှာ မိုးဖွဲတွေကျနေသကဲ့သို့၎င်း၊ နှင်းများ ကျနေသကဲ့သို့၎င်း၊ ပိုးစုံပြုတွေစုစုပြီး လက်နေသကဲ့သို့၎င်း မြင်ရပါသည်၊ တွေ့ရပါသည်။ ပေါ်၍နေတာက ရုပ်တရားပါဘဲ၊ သိသိနေတာက နာမ်တရားပါဘဲဟု စွဲစွဲမြဲမြဲ ယူဆထားပါသည်ဟု ဖြောင့်ချက် ပေးတော့။ ။ဝိပဿနာ တရားပိုင်မင်းက ပရမတ်ဆိုတာ လူမျက်စိ၊ နတ်မျက်စိ၊ ဗြဟ္မာ့မျက်စိနှင့်တောင်မှ မမြင်နိုင်ပါ။ သို့ပါလျက်

မျက်စိထဲက မြင်နေရ၊ မနောထဲက ထင်နေရသဖြင့် ပရမာနုမြူ ပညတ်တို့ အနုမြူပညတ်တို့ တဇ္ဇာရီနုမြူပညတ်တို့ ရထရေနုမြူပညတ်တို့ဖြစ်၍ နေပြန်၏။ ပညတ်ကို ပရမတ်ပြုလုပ်ပြီးရှုတာက အလွဲသုံးစားပြုတာပေါ့၊ လျော့လျှင် မိစ္ဆာ သာလျှင်ဒိဋ္ဌိဖြစ်ထာပေါ့၊ဘုရားရှင်ကလဲ(ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတ ပရမတ္ထဝသေန ဝိသေသေန ပဿတီတိ ဝိပဿနာတဲ့ဗျား)။ ပညတ်ကို ဖယ်ရှားရှောင်ကြဉ်ရမယ်ဆိုတဲ့ အာဏာတော်ကြီးကို လွန်ကျူး၍ ပညတ် ကိုသာ ရှု၍နေခြင်း၊ပရမတ်သက်သက်ကိုသာ ရှုရမယ်ဟုဆိုပါလျက် အာဏာ တော်ကို လွန်ကျူး၍ ပညတ်ကို ရှုခြင်းကြောင့် သာသနာပထောင်၌ချ၍ ရပ်ပြစ်ရှစ်ပါး အခန်း၌ ထားစေဟု ဒီဂရီချလိုက်သည်၊ အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိအခိုင်းကို ခံရတော့မည်။

---

## (၁၂၁) ထို့နောက် ၄-ဦးကို ဘမ်းချုပ်ပြီးစီရင်ပုံ

(၁) ခန္ဓာကိုယ်ရုပ်နှင့် အသိနာမ်။ (၂) သစ်ပင်ရုပ်နှင့် အသိနာမ်။ (၃) လူသေကောင်ရုပ်နှင့် အသိနာမ်။ (၄) သုံးဆဲ့နှစ်ကောဋ္ဌာသ ရုပ်နှင့် အသိနာမ်များကို စစ်ဆေးတော့။ ။ကျွန်တော်တို့ဟာ သူများက ပြော ဟောတဲ့အတိုင်း ဟောဒီကိုယ်ဟာ သစ်ပင်ဟာ လူသေကောင်ဟာ ဆံပင် စသည်ဟာ ရုပ်တွေဘဲ။ အဲဒါတို့ကို သိနေတာက နာမ်တွေဘဲဟု ကမ္မဋ္ဌာန်း ရှုပါတယ်ဟု ဖြောင့်ချက်ပေးကြ၏။ ။ထိုအခါ ဝိပဿနာတရားပိုင်မင်းက အဲဒီရုပ်တွေဟာ ဒါးခုတ်လဲ ရတယ်၊ ဒုတ်ရိုက်လဲ ရတယ်၊ လှံထိုး မီးရှို့လဲ ရတယ်၊ ရွှေ့လို့ရ၊ ယူလို့ရ၊ ကိုင်လို့ရ၊ စမ်းလို့ရ၊ ကြည့်လို့ မြင်ရတယ်။ သဏ္ဌာန်နဲ့ အခဲအလုံးနှင့်ရှိနေလို့ ပညတ်ရုပ်တွေပါ။ ။ပရမတ်ရုပ် ဆိုတာ လူမမြင်နိုင်၊ နတ်မမြင်နိုင်၊ ပြဟ္မာမမြင်နိုင်၊ ဓားနဲ့၊ ဒုတ်နဲ့၊ လှံနဲ့၊ လှံနဲ့၊ မီးနဲ့၊ ပြုလဲမရပါ၊ ရွှေ့လဲမရ၊ ယူလဲမရ၊ ကိုင်လဲမရ၊ စမ်းလဲမရပါ။ ပုံစံမရှိ၊ သဏ္ဌာန်မရှိပါ။ အခဲ့,အလုံး,အတုံး,အတစ်မရှိပါ။ သဘောမျှသာရှိပါတယ်။ သို့အတွက် သင်တို့ဟာ ပညတ်ကိုပရမတ်လုပ်လို့ အလွဲသုံးစား ပြုကြတယ်။ လျော့လျှင်မိစ္ဆာ-သာလျှင်ဒိဋ္ဌိ မလွတ်ဘဲရှိခဲ့တယ်။ ဒါကြောင့် သာသနာပ ထောင်၌ ရပ်ပြစ်ရှစ်ပါးအခန်းဝယ်နေ၍ အဝိဇ္ဇာ,တဏှာ, မာန, ဒိဋ္ဌိ, ဝိစိ-တို့

ခိုင်းတိုင်း လုပ်ကြစေဟု ဒီဂရီချလိုက်တယ်၊ ပရမတ်ကို မရမချင်း ခံရတော့မယ်။

---

## (၁၂၂) တဦးကိုဘမ်းပြီး ထောင်ချပုံမှာ

စမ်းသပ်ပြီးကြည့်တော့၊ ပူအေးကရုပ်ဘဲ သိတာက နာမ်ဘဲဟု ရှုသောယောဂီက၊ အမှန်အတိုင်း ဖြေ၁င့်ချက် ပေးလေသည်။ ထိုအခါ၊ ငိပဿနာတရားပိုင်မင်းက၊ ဘုရားဟောကျမ်းဂန်မှာတော့ အနတ္တာဖြင့် သဘာဝကို တွေ့ရမယ်တဲ့ဗျ။ ယခု အသင်တွေ့ရတဲ့ ဓာတ်သဘာ၀ဟာ (စမ်းကြည့်မှ) ဆိုသဖြင့်၊အတ္တအနေဖြင့် တွေ့ရခြင်းဖြစ်လေသည်။တဖန် အနတ္တလေးချက်မှာ (အဗျာပါရ နည်းနှင့် တွေ့မှတဲ့ဗျာ့)။ ယခု အသင် တွေ့ရတာကတော့ ကြောင့်ကြ စိုက်ပြီး စိတ်ဖြင့် ဟိုစမ်းသပ်ကြည့် ဒီစမ်းသပ်ကြည့်နှင့် ဗျာပါရမှု ကြောင့်ကြစိုက်မှု အားထုတ်မှု တမင်လုပ်မှုကို တွေ့ရတယ်။ အဲဒါတွေဟာ အတ္တဗျ၊ ဗျာပါရဗျ၊ အနတ္တ၊ အဗျာပါရ၊ ပရမတ္ထ၊ သူ့သဘာ၀ အတိုင်း ပေါ်တာကိုမှ ရှုရမယ်ဟု အာဏာတော်ကြီး ထားပါလျက်၊ လွန်ကျူး၍ ကျော်နင်း၍ ဥပဒေကိုဖောက်ဖျက်၍ စည်းကမ်းကိုချိုးဖောက်၍ အတ္တနှင့် ပါဗျာရနှင့် သဘာ၀ကိုရှုခြင်းကြောင့်၊ အာဏာလွန်ကျူးမှုတပ်ပြစ်၊ အတ္တကို အနတ္တလုပ်ထာက အလွဲသုံးစားခြင်း ပြစ်မှုတခု၊ လျော့လျှင်မိစ္ဆာ–သာလျှင်ဒိဋ္ဌိ၊ မလွတ်ထာက ပြစ်မှုတခုကြောင့် သာသနာပ ထောင်ချပြီး၊ ရပ်ပြစ်ရှစ်ပါး အခန်း၌ ထား၍၊ အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိ--တို့၏ ခိုင်းစေသမျှ လုပ်ကြစေဟု အမိန့် ချတော့၏။ ပရမတ်အနတ္တကို မတွေ့ရသမျှ ထောင်တန်းမှ မလွတ်တော့ပြီ။

---

## (၁၂၃) ၂–ဦးကိုဘမ်းပြီး ထောင်ချပုံမှာ

ကမ္မဋ္ဌာန်း အားထုတ်တော့ မျက်စိထဲ မနေသထဲ၌၊ ပိုးစုံးပြူတွေ လက်၍ တွေ့ရသော ရုပ်နှင့် နှင်းကျသလို တွေ့ရသောရုပ်၊ အသိနာမ်၊ နောက်တဦးကတော့ အာနာပါနရုပ်နှင့် အသိနာမ်ရှုသော ယောဂီတို့ကို စစ်ဆေးရာ၊ သူတို့ဆရာပြောလို့ အဟုဘ်ထင် ယုံကြည်ပြီး ကျင့်မိပါတယ်တဲ့၊ ဖြေ၁င့်ချက်

ပေး လဲပုံဘည်း။ ။ထိုအခါ ဝိပဿနာတရားပိုင်မင်းက ပိုးစုံးဖြူလိုတွေ့ရတဲ့ ရုပ်ဟာလဲ သင်္ခါရနဲ့ဗျာ့၊ နှင်းကျသလို တွေ့ရသောရုပ်ကလဲ သင်္ခါရနဲ့ဗျာ့၊ အာနာပါနရုပ်ကလဲ နှာခေါင်းဝနှင့် အပြည့် ထွက်ဝင်နေတာမို့ သင်္ခါရနဲ့ ဗျာ့၊အာနာပါနကို သမထ ၄၀-ကမ္မဋ္ဌာန်း၌ထည့်၍ ပြသထားပါသဖြင့်၊ သမထပါဘဲ ဟူ၍ ဆုံးဖြတ် ကြပါတယ်။ ဤပုဂ္ဂိုလ်များဟာလဲ ပညတ်ကို ပရမတ် လုပ်ခြင်းကြောင့် အလွဲသုံးစားဘဲ။ သမထကို ဝိပဿနာ လုပ်ခြင်း ကြောင့် အလွဲသုံးစားဘဲ။ တနည်း။ ပညတ်ကို ပရမတ် ထင်မြင် ယူဆ ခြင်းကြောင့် မိစ္ဆာဉာဏ်နှင့် မိစ္ဆာဒိဋ္ဌိပါဘဲ။ သမထကို ဝိပဿနာဟု ထင်မြင်ယူဆခြင်းကြောင့် မိစ္ဆာဉာဏ် မိစ္ဆာဒိဋ္ဌိပါဘဲ။ လျော့လျှင်မိစ္ဆာ- သာလျှင်ဒိဋ္ဌိ ဖြစ်ပြန်တော့ အပြစ်မှမကင်းချေ။ ထို့ကြောင့် ထိုပြစ်မှု ရှိသူ များကို ၂၄-သင်္ချေ၊ ကုဋေ-၆၀၊ဗိုလ်ခြေ ကသိန်းတို့ အထဲ၌ မထားကြဘဲ၊ သာသနာပ ထောင်ထဲ၌ချ၍၊ ရုပ်ပြစ်ရှစ်ပါးအခန်း၌ ထွင်းနှောင်ထား ပြီးလျှင်၊ အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ-တို့ ပြုသမျှခံ၍ ခိုင်းသမျှ လုပ်စေဟု ဒီဂရီချလိုက်လေသည်။

ဤဆုံးဖြတ်ချက် တို့ကား၊ သာသနာ့တော် တိုင်းပြည်ဝယ် အဘိဓမ္မာ လွှတ်ရုံးတော်၌ ဝိပဿနာ တရားပိုင်မင်းက၊ ပရမတ္ထတရားနှင့် မညီညွတ်လို့ အဘိဓမ္မာ ဒေသနာနှင့် မကိုက်လို့ ဆုံးဖြတ်ချက် ချထားခြင်းများ ဖြစ် ပါသည်။ ။ခေတ်ဟရားကို အတွေ့ရှာပြီး မရှုပွားလျှင် ပညတ်ရုပ်နှင့် ပညတ်နာမ်ထဲ၌ သောင်တင်၍ နေဘတ်ပါသည်။

---

## (၁၂၄) ဝိပဿနာရှုကြည့်ပုံဥပမာ

ဥပမာဆိုသော် ရေကန်ကြီးတခု၌ မှော်ဖုံး၍ ရေနှင့် ရေထဲကအရာ ဝတ္ထုများကို မတွေ့ရပါ။မတွေ့ပေမဲ့ လှေဖြင့်သွား၍ ရေကန်၌ ဖုံးသော မှော်တို့ကို ရွှေ့ကာ-ရွှေ့ကာ လက်ဖြင့်ဖယ်ရှားတော့ ရေကိုလဲတွေ့ရ၏၊ သောက်ရ, ချိုးရ၏၊ ရေထဲက အရာဝတ္ထုတို့ကိုလဲ မြင်သင့်သမျှ မြင်ရ၏၊ သံသယယုံမှားခြင်း ဝိစိကိစ္ဆာလဲ ကင်းရှင်း၏၊အဲဒါ ဥပမာဘဲ။ရေကန်က ခန္ဓာကိုယ်နှင့်တူ၏၊ရေကခေတ်ကြီး ၄-ပါးနှင့်တူ၏၊ ဖုံးတဲ့မှော်က အဝိဇ္ဇာနှင့်

တူ၏၊ ဖယ်ရှားနေတာက အားထုတ်ထာနှင့်တူ၏၊ အရာရာသော ဝတ္ထုကို တွေ့ရတာက ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာ-စသည့်တို့ကို တွေ့ရတာနှင့် တူ၏၊အမှားပျောက်ထာက ဒိဋ္ဌိကွာတာနှင့်တူ၏၊ ယုံမှားမရှိတာက ဝိစိကိစ္ဆာ ကွာတာနှင့်တူ၏။ ဝိပဿနာအားထုတ်လျှင် ရှိတာကိုတွေ့မှာပါဘဲ။

---

## (၁၂၅) တနည်း ဥပမာပြအုံးမယ်

တိုက်ခန်းကြီးတခု ရှိ၍နေ၏၊ ထိုတိုက်ခန်း၌ မှောင်မိုက်၍ နေ၏၊ဝတ္ထု အစားစားလဲရှိ၍ နေ၏။ တိုးဝှေ့သဖြင့် အသံကြားရာ သူခိုးဘဲဟု အထင် လွဲ၏။ တဖန် သူခိုးဘဲလား၊ သို့မဟုတ် ကြောင်ဘဲလားဟု ဝိစိကိစ္ဆာ ဖြစ်ခဲ့ ပြန်၏။ထိုသူသည် သတိရသဖြင့် လက်နှိပ်ဓာတ်မီးကိုယူပြီး ထိုတိုက်ခန်း၌ ကြည့်ရာ အလင်းကြောင့် အမှောင်ပျောက်ပြီး ကြွက် ၂-ကောင် မုံ့ကို လုစားနေတာကိုတွေ့မှ ဝိစိကိစ္ဆာ ယုံမှားခြင်းကင်းတော့သည်။ တိုက်ခန်းက ခန္ဓာကိုယ်တည်း၊ မှောင်မိုက်က အဝိဇ္ဇာတည်း၊ လက်နှိပ်ဓာတ်မီးကြောင့် လင်းတာက သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်တည်း၊ သူခိုးဟုထင်မှတ်ထာက ဒိဋ္ဌိတည်း၊ သူခိုးလိုလို ကြောင်လိုလိုကား ဝိစိကိစ္ဆာတည်း၊ကြွက် ၂-ကောင်မြင်တော့ အမှားဒိဋ္ဌိ ကွာသွားပြီ၊ ဝိစိကိစ္ဆာလဲကွာသွားပြီ၊ ကြွက် ၂-ကောင်ကား ပဉ္စမတ်တည်း၊ ဝိပဿနာသဘောပေါ်အောင် ဤပုံဥပမာပြ၍ ဟောကြ ပါကုန်၏။

---

## (၁၂၆) အရိယာများတွေ့တဲ့ဌာနနှင့် ပုထုဇဉ်များ တွေ့တဲ့ဌာန

(၁) ဒါနသီလသမထကြောင့် အရိယာတွေ့ဌာန။
(၂) ရုပ်တရားကုဋေ ၅-ထောင်ကျော် အကျိုးပေါ်၏။ ၎င်း။
(၃) နာမ်တရားကုဋေတသိန်းကျော် အကျိုးပေါ်၏။ ၎င်း။
(ပရမာနုမြူတခု၌ ကလာပ်ပေါင်း တသိန်းရှိ၍နေ၏)။
(၄) ကံ,စိတ်,ဥတု,အာဟာရ,သင်္ခါရက ရုပ်ကို ပြုပြင်ထား၏။
(၅) ၎င်းသင်္ခါရကြောင့် ရုပ်တွေစုတော့၏ သမူဟပုထုဇဉ်တွေ့ ဌာန။
(၆) ၎င်း ရုပ်များတပြင်ထဲဖြစ် ဿန၊ ၎င်း။

(၇) ၎င်း ရုပ်များသဏ္ဍာန်ပေါ် သဏ္ဍာန၊ ၎င်း။
(၈) ၎င်း ရုပ်များအတွက်နာမည်ပေါ်နာမ၊ ၎င်း။
(၉) ၎င်း ရုပ်များ၌ဖြစ်ပျက်မတွေ့သန္တတိ၊ ၎င်း။

ဤပုံစံကို စေ့စေ့ငှငှရှုလျှင် အရိယာများသည် မူလပင်ကိုရင်း ၁-၂-၃-၄ာနကပင် ရုပ်နာမ်ကို တွေ့တော့၏။ ပုထုဇဉ်ကား အဝိဇ္ဇာမခွါရသေးလို့ ၅-၆-၇-၈-၉-၄ာနကျရောက်မှ တွေ့ကြရာ၊ အမှားသာဖြစ်တော့၏။ ဒီရှင်အနုရုဒ္ဓါကား လူ့ဘဝက ထမင်းဟာ ရွှေခွက်၌ဖြစ်၏ဟု မှားထင်၏။လယ်သမားများကား ထမင်းဟာ စပါးကစ၍ အဆင့်ဆင့်ဖြင့် ထမင်းဖြစ်သည်ဟု အမှန်သဘောအတိုင်း ဖြစ်ပုံကိုသိ၏။ဤလိုလဲ ဥပမာပြပါလေ။

---

## (၁၂၇) စာသဘောကို ကိုယ်တွေ့သဘောနှင့် ရှာပြပုံ

ကမ္မဿ ကာရကော နတ္ထိ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာအဆို။ ကမ္မဿ၊ကုသိုလ်ကံ အကုသိုလ်ကံကို။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဤကားအနက်။ ။ဒိဋ္ဌိကပ်၍ မှားယွင်းသော ဝိပလ္လာသ သမားများက မူကား ငါသည် ကုသိုလ်ကံကို ပြုတယ်၊ သူသည် အကုသိုလ်ကံကို ပြုတယ်ဟူ၍ သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် ပြုကြပြောကြဆိုကြလေသည်။ဥပမာပြမည်။ မကောင်းတဲ့ အာရုံတခု ပေါ်လာပါရော၊ ပေါ်လာတော့ စိတ်က ကြားတယ်၊ သိတယ်။ စေတသိက်က ဒေါသထွက်တယ်။ ထိုဒေါသကြောင့် ထ၍ ဆဲတယ်။ အကုသိုလ် ဖြစ်ပါရောဗျ၊ ။ခွတ်ခွဲ၍ ကြည့်တော့၊ (၁) မကောင်းတဲ့ အာရုံပေါ်တာက ရုပ်တရားဘဲ၊ ပုဂ္ဂိုလ် မတွေ့ရပါ။ (၂) ကြားတာ သိတာက စိတ်နာမ်တည်း၊ ပုဂ္ဂိုလ်မတွေ့ရပါ။ (၃) ဒေါသထွက်တာက စေတသိက် တရားတည်း၊ ပုဂ္ဂိုလ် မတွေ့ရပါ။ (၄) ထဆဲတာက အကုသိုလ်ကံ စေတနာ တရားတည်း၊ ပုဂ္ဂိုလ် မတွေ့ရပါ။ပရမတ်သဘောနှင့် စမ်းလိုက်တော့ ရုပ်တရား, စိတ်တရား, စေတသိက်တရား, အကုသိုလ်ကံစေတနာတရား ၄-ပါးကိုသာ တွေ့ရ၏။ အဲဒါဟာ အရိယာတို့ အသိအမြင် အယူအဆ သမ္မာဒိဋ္ဌိဉာဏ်ပင်တည်း။ ပုထုဇဉ်များကတော့၊

တရား ၄-ပါးကို တပါးထဲထင်ပြီး၊ ငါပြုတယ် ငါလုပ်တယ် စသဖြင့် အမြင်မှား ဒိဋ္ဌိတန်းလန်းနှင့် ယူဆကြသည်။

---

## (၁၂၈) စာအသိနှင့် ကိုယ်တွေ့

ဧဝံ ခန္ဓေသု သန္တေသု ဟောတိ သတ္တောတိ သမ္မုတိ။ ။ဝိသုဒ္ဓိမဂ်။ ။ ဧဝံ၊ ဤသို့။ ခန္ဓေသု၊ ကိုယ်ခန္ဓာတို့သည်။ သန္တေသု၊ ထင်ရှားရှိကုန်ပါသော်။ သတ္တောတိ၊ သတ္တဝါဘဲ ဟူ၍။ သမ္မုတိ၊ သမုတ် မှည့်ခေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။ ။ပုထုဇဉ်ကား ခန္ဓာကိုယ်ကြီးကို ပုတ်ခါ ပြပြီး၊ ဒါကြီးဟာ သတ္တဝါဘဲကွ၊ ငါဘဲကွဟု မှားယွင်းကြ၏။ အရိယာတို့ကား ဝိပဿနာ အားထုတ် နေစဉ်မို့ ဖြန်းဖြန်းနှင့် ပေါ်တာက ရူပက္ခန္ဓာဘဲ။ ခတ်ပေါ်လို့ ဝမ်းမြောက်တာက ဝေဒနာက္ခန္ဓာဘဲ။ ဖြန်းဖြန်းနှင့် ဝေဒနာကို မှတ်မိတာက သညာက္ခန္ဓာဘဲ။ အား တက်ပြီး ဝီရိယ စသည်တို့ တက်လာတာက သင်္ခါရက္ခန္ဓာဘဲ။ ရှေးက ၄-မျိုးကို သိနေတာက ဝိညာဏက္ခန္ဓာဘဲ။ ၎င်း ငါးမျိုးဟာ မရောကြ, မနှောကြ အာကာသ ခြားတယ်၊ သဘာဝ ခြားတယ်ဟု သမ္မာဒိဋ္ဌိ ဉာဏ်ဝိဇ္ဇာဖြင့် အဝိဇ္ဇာခွါပြီး သိကြ၏။ ၎င်းငါးပါးကို အခေါ် လွယ်အောင် လူ့ပုံစံပေါ်တော့ လူဘဲ၊ နတ်ပုံစံ ပေါ်တော့ နတ်ဘဲ၊ ဗြဟ္မာပုံစံ ပေါ်တော့ ဗြဟ္မာဘဲဟု၊ ပုံစံကို မှာ်သားပြီး ခေါ်ဝေါ်သမုတ်ကြတယ်။ ပုံစံကလဲ သဏ္ဍာန ပညတ်ပါဘဲ။ အမည်နာမကလဲ နာမပညတ်ပါဘဲဟု (၁) ပရမတ်နှင့် (၂) ပညတ်ကို ခွဲခြား၍ သိကြပါတယ်။

---

## (၁၂၉) သူငယ်တန်းပညာလောက်နှင့် ပရမတ်ပညတ် ခွဲပြ

ဗမာပြည်ကိုမှ မရောက် ဘူးသော (လဝ) ပြည်က လူငယ် တဦးကို မျက်နှာတွင် အဝတ် ထူထူဖြင့် ဖုံးအုပ်ပြီး မြေဖြူ အတောင့်ကို သူ့လက်ထဲ ထည့်လိုက်ရာ၊ ထိုလူငယ်သည် မြေဖြူတောင့်ကို စမ်းကာ သပ်ကာနှင့် အေးမှုသဘော ပရမတ်ကိုငင်း၊ နူးညံ့မှုသဘော ပရမတ်ကိုငင်း တွေ့ရမည်၊ သိရမည်၊ နားလည်ရမည်။ ဘာ့ကြောင့်လဲ တကယ်ရှိနေတဲ့သဘောမို့ပါဘဲ၊

ဒါကား မြေဖြူတောင့်ဘဲ ဟူ၍ သူမသိပါ။ ဘာ့ကြောင့်လဲ အဟုတ် မရှိလို့ပေါ့။ အဟုတ် ရှိတာက ပရမတ်ပေါ့။ အဟုတ် မရှိတာက ပညတ်ပေါ့ကွဲပြီ။ ရှုံကိုလုံးပြီး ဆီလိမ်း၍ ခြောက်သွေ့မှ ကိုင်စေရာ၌၊ ထိုသူငယ်သည် အေးမှု ပရမတ်၊ ချောမှု ပရမတ်ကိုတော့ သိ၏။ နားလယ်၏။ တကယ်ရှိလို့ပေါ့။ ဒါဟာ ရှုံတုံးဘဲ ဟူ၍ကား သူမသိတော့ပေ။ ဘာ့ကြောင့်လဲ တကယ်မရှိလို့ပေါ့။ တကယ်ရှိတာက ပရမတ်၊ တကယ် မရှိတာက ပညတ်ကွဲပြီ။ တဖန် ထိုလဝလူမျိုးသူငယ်ကို မျက်နှာ၌ အဝတ်ထူထူဖြင့် ဖုံးအုပ်ပြီး အချောချင်း တူသော သံပြား ကြေးပြား ငွေပြား ရွှေပြားကို စမ်းသပ်စေရာ၊ ထိုလူငယ်ကား ဒါလဲချောချောဘဲ၊ ဟိုဟာလဲချောချောဘဲ၊ ဒီဟာလဲ ချောချောဘဲ၊ ဟိုဒင်းလဲ ချောချောဘဲဟု ချောတဲ့ သဘော ပရမတ်နှင့် အေးတဲ့ သဘာဝပရမတ်ကိုသာ ကေတ္တနည်းဖြင့် အမှန်သိမည်။ ပရမတ်မို့ တကယ်ရှိ အဟုတ်ရှိ အမှန်ရှိ သဘောကရှိနေတာမို့ သိနိုင်ပါသည်။ ပထမ ချောချော အေးအေးက သံပြားဘဲ၊ ဒုတိယ ချောချော အေးအေးက ကြေးပြားဘဲ၊ တတိယ ချောချော အေးအေးက ငွေပြားဘဲ၊ စတုတ္ထ ချောချော အေးအေးက ရွှေပြားဘဲ-ဟု ပညတ်အနေနှင့် မသိနိုင်။ ဘာ့ကြောင့်လဲ သံပြား ကြေးပြား ငွေပြား ရွှေပြား-ဆိုတဲ့ ပညတ်ဟာ တကယ်မရှိလို့ပေါ့။ ကွဲပြီ။

---

## (၁၃၀) ကမ္ဘာလောကကြီး တခုလုံး၌ (၁)ဘဲရှိတယ် ရှိတာက (၁) ဓာတ်တရားတခုထဲပါ

(၁) သဥ်ဘဓာတ်။ (၂) အသင်္ခတဓာတ် ဟု ခွဲတော့ ၂-ပါးဘဲ။ သင်္ခတဓာတ် ပရမတ်ကိုတွေ့မှ အသင်္ခတဓာတ် နိဗ္ဗာန်ကိုရမည်၊ ဘုရားရှင်ကြီး ဟောသမျှကား ဓာတ်ချည်းဘဲ၊ (လွဲမယူကြပါနဲ့)။

အခြေခံမူလကစ၍ ဖွင့်ချပြတော့မယ်။

ပရမတ်ဓာတ်မှ ပညတ်များ ဖြစ်ရသည်၊ ဒိဋ္ဌိကပ်ရသည်၊ ဗုဓဓာတ်၊ တ-ပစ္စည်း သိ-ဝိဘတ်ကို ဗုဒ္ဓေါဟု ပညတ်ရပါတယ်။ဓရဓာတ်၊ ရမ္မပစ္စည်း၊ သိဝိဘတ်ကို ဓမ္မော-ဟု ပညတ်ရပါတယ်။သံဃရှုံးရှိသော ဟနဓာတ်၊ရပစ္စည်း

သိဝိဘတ်ကို သံသောဟု ပညတ်ရပါတယ်။ ရေဓာတ် တုပစ္စည်း သိဝိဘတ်ကို ဓာတုဟု ပညတ်ရပါတယ်။ ရူပဓာတ်အပစ္စည်း သိဝိဘတ်ကို ရူပံဟု ပညတ်ရပါတယ်။ နမုဓာတ် အပစ္စည်း သိဝိဘတ်ကို နာမံဟု ပညတ်ရပါတယ်။ ကမ္ဘာမှာ ရှိတာမှန်သမျှ ဒီအတိုင်းပါဘဲ။ စာတတ်မှ သိတယ်နော်။ ဤပုံစံ၌ ဓာတ်ပရမတ်ကို နောက်မှပင် ပညတ်တတ်ကြပါသည်။ ဓာတ် ပရမတ်မှ မရှိဘဲကို၊ ဘယ်ပညတ်မှ မတတ်နိုင် မတင်နိုင်ပါ။ ဘုရားရှင်ကြီးကလဲ သူ့သားတော်ရာဟုလာကို မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့ချင်တော့ ပထဝီ ဓာတုံ ခေါ ရာဟုလ-စသည်ဖြင့် ဓာတ်တရား မူလ၊ ဘူတ၊ ပကတူပနှင့် အမွေတော် ပေးခဲ့ပါသည်။

ဓာတ်ရုပ်၊ ဥပါဒါရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်-ဆိုတဲ့ အဘိဓမ္မာကို ဟောတော့လဲ မဟာဘုတ် ဓာတ်ကြီးလေးပါးက မူလတည်၍ အခြေခံကို အုပ်မြစ်ချ၍(စတ္တာရိ မဟာဘူတာနိ၊စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ စိတ္တံ စေတသိကံ နိဗ္ဗာနံ-ဟူ၍ ထိုထိုပါဠိတော်ကြီးများနှင့် အဋ္ဌကထာကြီးငယ်များ၊ ဋီကာ ကြီးငယ်များ အနုမဓုယောဇနာ ဂဏ္ဌိများ၌ ဟော ပြထားပါသည်။ နိုင်ချင်လျှင် အခြေကကိုင်ပါလေ)။ (လောကဓာတ်ကြီး) ဟူ၍ တကမ္ဘာလုံးက နိမိတ်အဖြစ် သိနေပါတယ်။ (သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာ တည်စေသော)တဲ့။ သင့်ဘဝမဂ္ဂဇင်း၌ သတိ ပေး၍ ထားလေသည်။ သူတော်ကောင်း ဓာတ်ဟာ တရားမြတ်ပါဘဲတဲ့။ တရားမြတ်ဆိုတာလဲ သူတော်ကောင်း ဓာတ်ပါဘဲတဲ့။ဗမာနိုင်ငံလုံး သုံးစွဲ နေတဲ့ နိမိတ်ကိုလဲ ပြန်၍ စဉ်းစားကြပါ။ မင်း၏ ဓာတ်ကြောကို ငါသိ ပါတယ်ကွတဲ့။ ငါ့သားလေး ဓာတ်ချုပ်၍ နေတယ်တဲ့၊ ငါ့သမီးကလေး ဓာတ်လျော၍ နေတယ်တဲ့။ တလောကလုံးမှာ ဓာတ်ချည်းဘဲ လွှမ်းမိုး နေတယ်။ ဓာတ်စက်၊ ဓာတ်မီး၊ ဓာတ်ရထား၊ ဓာတ်ဆေးမှစ၍ ဓာတ်နှင့် ဆိုင်ရာ အဖြာဖြာတွေ စုံလို့ပါဘဲ။ အဲဒါ သက်သေတွေပေါ့။ မာန်လည် ဆရာတော် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးကလဲ (ဓာတ်မသိတာမို့ ဟေ-ဟတ္ထိကို ယုန်ငယ်ဆင်နှောထင့်)ဟူ၍ ဂုဏ်ပြလေးချိုးကဗျာ၌ ရေးခဲ့လေသည်။

---

ဇူလိုင်သယ ၄၆၁-၃၃

## (၁၃၁) ကံဓာတ်မရောက်တဲ့အသား၊ကံဓာတ်ရောက်တဲ့အသား

ကမ္မဇဓာတ် မရောက်သော အသားကားနူနာစွဲသော အသား၊ ပါး ပေါက်နာရှိသော အသား၊ရိသော ရွဲသော ပုပ်သော သိုးသော အသား တို့၌ ကမ္မဇဓာတ်က ဖုံးအုပ်ချုပ်တဲ၍ မထားသဖြင့် ညှီစော် ပုပ်စော် စိမ်းရွှေသော အပုပ်နံ့များ မခံမရပ်နိုင်သော ညှီစို့စို့ကြီး နံစော်ကာ နေ လေသည်။ကမ္မဇဓာတ် ရောက်ရှိသော အသား၌ ပကတိလိုလိုပင် မနံမစော် ဖြစ်အောင် ကမ္မဇဓာတ်က အပုပ်အသိုးများကို ချုပ်ငြိမ်းအုပ်ဖုံးကာ ထား လေသည်။ ဥပမာ၊ငါးအသားထဲသို့ ဆားဓာတ်ဝင်တော့ ငါးပိဆားနယ် ဘဝသို့ရောက်၍ ကြာရှည်ခံလေသည်။ ရောင်းချရ စားသောက်ရလေ သည်။ ဆားဓာတ်မဝင်သော ငါးအသားမူကား ပုပ်ရိဆွေးရိ၍ ပုပ်စော် နံလေသည်။

---

### ကံဓာတ်တူ ကံဓာတ်မတူ ၂-ဦး ယှဉ်ပြပုံ

ဥပမာ၊ ဘုရင်၏မင်္ဂလာဥယျာဉ်ကြီးတခုရှိသတတ်၊ ဆင်းရဲသားတို့သည် ဥယျာဉ်သို့ဝင်၍ ကြည့်တော့အံ့ဟု သွားကြရာ၊ ဥယျာဉ်သို့ ရောက်တော့ တံခါးမှူးက ဘယ်သွားကြမလို့လဲ ဟု မေးမြန်း၏။ ဆင်းရဲသားတို့က ဥယျာဉ်သို့ဝင်ပြီး ကြည့်မလို့ပါဟုပြောကြ၏။ တံခါးမှူးက အမိန့်မရဘဲ မဝင် ရပါ။အကယ်၍ ဝင်ချင်ပါလျှင် အမိန့်ခံရပါသည်ဟု ပြောပြ၏။ဆင်းရဲသား တို့သည် အတင်းဝင်ကြရာ ဘမ်းချုပ် ရိုက်နှက်ပြီး ချုပ်၍ထားကြလေသည်။ ထိုအခိုက်ဘွင် ဘုရင့်သားတော်လာရာ၊ တံခါးမှူးသည် ပြာပြာသလဲ ဗျာကဲ လျက် တံခါးကိုဖွင့်ပေးပြီး ရိုသေစွာဥယျာဉ်တွင်းသို့ ပို့ကြကုန်၏။အဘမ်းအ ချုပ်ခံရသောဆင်းရဲသားများကဒီလူတွေဟာမတရားဘူး၊ဥယျာဉ်ထဲသို့ငါတို့ ဝင်မယ်လုပ်တော့ ဘမ်းချုပ်တယ် ရိုက်နှက်တယ်၊ ဟိုကောင်လေးလာတော့ ရိုရိုသေသေနဲ့ လိုက်တောင်ပို့ကြသေးတယ်ဟု ပြောတော့ တံခါးစောင့်တဦး က ဟေ့လူဆင်းရဲ မင်းကဘာပြောသလဲ၊မင်းတို့နှင့် မင်းသားဟာ လူ့ဘုံလူ့ ဘဝ လူ့ဌာနချင်း တူတာကိုသာ မင်းတို့သိကြတယ်။ခေါင်းတခု လက် ၂-ခု ခြေ ၂-ခု ကိုယ် တခု တူနေတာမျှကိုသာ မင်းတို့ သိကြတယ်ကွ။ ဒီဥယျာဉ်

ဟာ ဒီမင်းသား၏ အဖေ ခမည်းတော် ဘုရင်၏ ဉယျာဉ်မို့၊ ဘုရင်နှင့် မင်းသားဟာ သွေးစပ်ကြတယ်၊ ကံစပ်ကြတယ်ကွ။ ဉယျာဉ်ကိုပိုင်တဲ့ ဘုရင်နှင့် မင်းတို့ဟာ ဘယ်သွေးမှမစပ်ဘူး၊ ဘယ်ကံမှမစပ်ဘူးဟု ပြောမှု။ဩော်-ဒီလိုပါတကား၊ ငါ့အိမ်ကို ငါ၏သားသမီးသာ ပိုင်ဆိုင်တယ်၊ သူတပါး၏ သားသမီးဟာ မပိုင်ဆိုင်ဘူး။ ဒီဉပမာလိုဘဲ မဂ်နယ် ဖိုလ်နယ် နိဗ္ဗာန်နယ် ဉယျာဉ်ကြီးဟာ ဘုရားသခင်ပိုင်တာမို့ ဘုရားနှင့်သွေးစပ်တဲ့ အရိယာများသာ ဝင်ရနေရတယ်။ သွေးမစပ် ကံမစပ်တဲ့ ပုထုဇဉ်တွေဟာ မဝင်ရ မနေရဘူးဟု နားလည်၍သွားတော့သည်။ ခေတ်, ပရမတ်, လက္ခဏာရေး ၃ ပါး၊ ပရိညာ, ဝိသုဒ္ဓိ-စသည်ကို ဘုရားရ၍ နေ၏။ ၎င်းခေတ်, ပရမတ်, လက္ခဏာရေး ၃-ပါး၊ ပရိညာ, ဝိသုဒ္ဓိ-စသည်ကို အားထုတ်ရနေသူမှ ဘုရားနှင့် သွေးစပ်ကံစပ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ဝင်နိုင်ပါသည်။ ကံမစပ် သွေးမစပ်ပုံမှာ ဘုရားက ခေတ်တွေ၏ပုထုဇဉ်က ခေတ်ကိုမတွေ့တော့။ကံလဲ မစပ် သွေးလဲမစပ်ဘူးပေါ့။ ရုပ်ပေါ်ရာ နာမ်ပေါ်ရာ တို့၌ ဤပုံ စစ်ဆေး၍ ပြုကြပါကုန်။

---

## (၁၃၂) ရတနာတိုက်ကြီးသိလျက် မဖွင့်မယူ

လူတဦးသည် သိုက်စာရ၍ သိုက်လိုက်လာခဲ့ရာ၊ သိုက်ဌာန၌ ကမ္ဘည်း။ ကိုပါတွေ့လျက်၊ ရစ်ပတ်လှည့်လည်၍သာ မဖွင့်တဲ မယူဘဲ နေပေ၏။ အဲဒါ အဝိဇ္ဇာသံ ဗာလတည်း။ ထိုအခိုက်၌ ဝိဇ္ဇာသိ မောင်ပဏ္ဍိတသည် ရောက်လာပြီးတော့ လက်ဖြင့် ဖွင့်ခတော့မည်ပြုရာ။ ပထမ လူ့ဗာလက၊ တားမြစ်သည်ကား၊ ဟေ့-လူရ ဒါဟာ ငါ့သိုက်ကွ၊ ငါအရင်ဦးတာကွနှင့် တား၍ နေတုန်းမှာပင် တံခါးဖွင့်ပြီး ရတနာ ၇-ပါးတို့ကို လှည်းများနှင့် တင်ယူ၍ တိုက်တာကြီးကြီး ဂုဏ်ဖြိုးဖြိုးနှင့် သူဌေးကြီးလုပ်၍ ပျော်စံကာနေတော့၏။ အဲဒါ ဉပမာ။ ခန္ဓာကိုယ်ဟာ ရတနာ ၇-ပါးပြည့်ဝတဲ့ တိုက်ကြီးပါဘဲ။ ပရိယတ်သင်၍ သိတာ သိုက်ကြီးထဲ၌ ရတနာကို ရှိမှန်းသိ၍ နေတာဘဲ။ ပထမလူမှာ ခန္ဓာကိုယ်တိုက်ထဲမှ ရွှေ,ငွေရတနာ ၇-ဖြာကို ဖွင့်နိုင်ယူနိုင်တဲ့ သဒ္ဓါ တရားနှင့် တူသော လက်မရှိခြင်းကြောင့်။ ဝါ၊ လက်က ကျိုး၍

နေခြင်းကြောင့် မဖွင့်မယူရပါ။ ရတနာကို မရ၍ ဆင်းရဲဘဝနှင့် သေရ တာပါဘဲ။ ဒုတိယ လူကား နောက်ကျပေမဲ့ သဒ္ဓါ လက် ရှိခြင်းကြောင့် သဒ္ဓါတရားကောင်းကောင်းနှင့် ဝိပဿနာ ပွားများဖွင့်ပြီး ဉာဏ်စဉ်နှင့်ယူ၍ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန် ချမ်းသာနှင့် နေတော့၏။ အားမထုတ် ချင်သူ ပျင်းသူ ငဲ့သူများကား သိလျက်နှင့် လက်ကျိုး၍၊ မဖွင့်ပါ မယူပါ မရပါသတည်း။

---

## (၁၃၃) ဝိဇ္ဇာနှင့် အဝိဇ္ဇာ၊ဘူတရုပ်နှင့် ဥပါဒါရုပ် ခွဲပြ

တိုက်ခန်းကြီး တခု ရှိ၏။ မှောင်၍ နေ၏။ ထိုတိုက်ခန်းထဲ၌ ခုတင် ကုလားထိုင် နာရီ စားပွဲ ဘီရို ရေအိုးစင် ဆေးလိပ်ခွက် ကွမ်းအစ်များလဲ ရှိပေ၏။ လူတယောက်ဝင်၍ကြည့်သော် ထိုထိုအရာဝတ္ထုတွေ ရှိပါလျက်နှင့် မမြင်ရပါ၊ မသိရပါ။ ဘာပြုလို့၊ မိုက်မှောင်ကြောင့်ဘဲ။ ထိုသူသည် ဉာဏ်ရ၍ ဆလိုက် ဓာတ်မီး ထွန်းလိုက်တော့၊ ရှိသမျှ အရာဝတ္ထုတွေကိုလဲ မြင်ရ၏။ အမှောင်လဲ ပျောက်၏။ အသိလဲ ရ၏။ အမှားလဲ ကင်း၏။ ယုံမှားလဲ ပျောက်၏။ ဝတ္ထုအားလျော်စွာ သုံးစွဲရ၍ ချမ်းသာကာ နေပေ၏။ အဲဒါ ဥပမာဘဲ။ တိုက်ခန်းကြီးက ခန္ဓာကိုယ်တည်း၊ မှောင်မဲနေတာက အဝိဇ္ဇာ တည်း၊ ကုလားထိုင် စသည်တို့ကို မမြင်ဘဲ မှားတာက ဒိဋ္ဌိတည်း၊ ဟို နေရာမှာလိုလို ဒီနေရာမှာလိုလို ယူမှားတာက ဝိစိကိစ္ဆာတည်း၊ ဉာဏ်ပေါ် တာက တရား နာလို့ ကြားဘူးလို့ သိတာပင်တည်း၊ ဆလိုက် ဓာတ်မီး ထွန်းတာက ဝိပဿနာ ဉာဏ်ပင်တည်း၊ အမှောင် ပျောက်ထာက အဝိဇ္ဇာ ကွာပုံတည်း၊ ဟို ဝတ္ထု ဒီ ဝတ္ထု မမှားခြင်းကား ဒိဋ္ဌိ ကွာပုံတည်း၊ ယုံမှား ကင်းတာကား ဝိစိကိစ္ဆာ ကွာပုံတည်း၊ ဝတ္ထု ၇-မျိုးကို တခုစီ သိမြင် တာက ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပရိညာ, ဝိသုဒ္ဓိ, မဂ္ဂင်များကို ရရှိ ပုံတည်း၊ သုံးစွဲရတာက မဂ်, ဖိုလ်, ရပုံတည်း၊ ဆလိုက်မီး၌ ကွမ်းသီးလုံး ခန့်မျှ ပူတဲ့သဘောကား မဟာဘုတ်ထဲက တေဇောဓာတ် အစုပင် ဖြစ်၏၊ တခန်းလုံး လင်းနေတာကား အလင်း အဆင်းဓာတ် ခေါ်တဲ့ ဥပါဒါရုပ် ပင်တည်း၊ မြင်တာက စိတ် ဝိညာဉ်ပင်တည်း၊ အားရတာက စေတသိက်

တည်း၊ တေဇော အဆင်း စိတ် စေတသိက် တခုစီ ပိုင်းခြား သိတာက နာမရူပပရိစ္ဆေဒဉာဏ်ပင်တည်း၊ တေဇောနှင့် အဆင်း မရော၊ အဆင်းနှင့် စိတ် မရောချေ။ စိတ်နှင့် စေတသိက် မရောချေ။ အာကာသခြားလို့ ဃန ပျောက်ပုံ ဒိဋ္ဌိကွာပုံတည်း။ တေဇောဓာတ်နှင့် အလင်းမှာ တေဇောက အကြောင်း ပဋိစ္စ၊ အဆင်းက အကျိုးပစ္စယုပ္ပန်၊ အလင်းနှင့်စိတ်၌ အလင်းက အကြောင်း ပဋိစ္စ၊ စိတ်က အကျိုးပစ္စယုပ္ပန်တည်း၊ စိတ်နှင့် စေတသိက်၌ စိတ်က အကြောင်းပစ္စယတည်း။ စေတသိက်က အကျိုးပစ္စယုပ္ပန်တည်း။ ဤလို ပဋိစ္စနှင့် သမုပ္ပါဒ်ကို ခွဲ၍တွေ့ရခြင်း သိရခြင်းကား ပစ္စယပရိဂ္ဂဟ ဉာဏ်တည်း။ ဤနာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို ရရှိသော ယောဂီကို စူဠသောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ သာသနာတော်၌ ခြေသောက်မြစ်ကြီးတွယ်၍ သာသနာ မကျွယ်တော့ပြီ။ တသံသရာလုံး သက်သာရာ ရတော့ပြီ၊ လောက်ရာ တည်ရာကြီး ရနေတော့ပြီ၊ သုဂတိဘုံတို့၌ ဂတိမြဲ၍ ဒုဂ္ဂတိနှင့်လွဲပြီး အပါယ်တံခါး ပိတ်သွားပါပြီ၊ ဆင်းရဲသံသရာကြီးလည်း ပြတ်တောက်၍ သွားပါပြီဟူလို။

---

## (၁၃၄) ပါရမီကပြ ရုပ်ကပေါ် နာမ်ကသိ သတိပဋ္ဌာန် ၄-ပါးအပြည့်

ဥပမာ၊ ဝိပဿနာအားထုတ်တော့ ကမ္ဘာတရာက ပါရမီလာ၍ ခန္ဓာ၌ ·တေဇောဓာတ် ပေါ်တယ်၊ ကမ္ဘာတထောင်က ပါရမီလာ၍ ခန္ဓာ၌ ပထဝီ ပေါ်တယ်၊ ကမ္ဘာတသောင်းက ပါရမီလာ၍ ခန္ဓာ၌ အာပေါဓာတ် ပေါ်တယ်၊ ကမ္ဘာတသိန်းက ပါရမီလာ၍ ခန္ဓာ၌ ဝါယောဓာတ်ပေါ်တယ်၊ ကမ္ဘာတသန်းက ပါရမီလာ၍ ခန္ဓာ၌ အနိစ္စလက္ခဏာပေါ်တယ်၊ ကမ္ဘာတကုဋေက ပါရမီလာ၍ ခန္ဓာ၌ ဒုက္ခလက္ခဏာပေါ်တယ်၊ ကမ္ဘာပေါင်း ပကောဋိကလာ၍ ခန္ဓာ၌ အနတ္တလက္ခဏာပေါ်တယ်ဟု ဆိုကြပါစို့။ လာ၍ ပြတာက ပါရမီပါ၊ ပူတာက တေဇောဓာတ်ပါ၊ သိတာက စိတ်နာမ်ပါ၊ ဝမ်းမြောက်ထာက ဝေဒနာစေတသိက်ပါ၊ သတိပြုတာက သတိပဋ္ဌာန်ပါ။ အဲဒါလို တခုနှင့်တခု သဘောခြင်းလဲ မရောကြပါ၊ ဌာနချင်းလဲ မရော

ကြပါ၊ ပရမတ်ချင်းလဲ မရောကြပါဘဲ။ ရုပ်, စိတ်, စေတသိက် ပိုင်း၍ တွေ့ရ သိရတော့ နာမရူပပရိစ္ဆေဒဉာဏ်ကို ရပုံတည်း။ ပါရမီက အကြောင်း ပဋိစ္စပါ၊တေဇောက အကျိုးပစ္စယုပ္ပန်ပါ။တဖန် တေဇောက အကြောင်း ပဋိစ္စပါ၊စိတ်က အကျိုးပစ္စယုပ္ပန်ပါ။ တဖန် စိတ်က အကြောင်းပဋိစ္စပါ၊ စေတသိက်က အကျိုးပစ္စယုပ္ပန်ပါ။တဖန် စေတသိက်ကအကြောင်းပစ္စယပါ၊ သတိက အကျိုးပစ္စယုပ္ပန်ပါဟု ကြောင်း, ကျိုး တွေ့ရ သိရတော့ ပစ္စယ ပရိဂ္ဂဟဉာဏ်ကိုပါရပုံတည်း။ ။တဖန် ပါရမီကပြ၊ ရုပ်ကပေါ်၊ နာမ်ကသိ၊ စေတသိက်က ဝမ်းမြောက်၊ သတိကမမေ့ဘဲ မှတ်ရာ၌ ပူတဲ့ရုပ်က ကာယာ နုပဿနာသတိပဋ္ဌာန် တွေ့ရပုံတည်း။ ပူလို့မခံချင်တာက ဝေဒနာနုပဿနာ သတိပဋ္ဌာန် တွေ့ရပုံတည်း။ပူတာကို သိသိနေတာက စိတ္တာနုပဿနာ သတိ ပဋ္ဌာန်ကိုတွေ့ရပုံတည်း။သတိဖြင့် မှတ်မှတ်နေတာက ဓမ္မာနုပဿနာ သတိ ပဋ္ဌာန် တွေ့ရပုံတည်း။ ဤလို နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို ရတော့ စူဠသောတာပန် ဖြစ်ပြီတဲ့။

---

## (၁၃၅) အုဂ်ဖို ဆရာတော်ဘုရားကြီးနှင့် စွယ်တော် ရောင်ခြည်တော်

အုဂ်ဖိုဆရာတော် ဘုရားကြီးသည် သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ ကြွရောက် တော်မူပြီးလျှင် သုံးလူ့သခင် ဘုရားရှင်ကြီး၏ စွယ်တော်ဓာတ်ကို ဖူးမြင် တော့ မျက်စိဖြင့် ဖူးရတာကို အားမရ၍ စွယ်တော်မြတ်ကို ကိုင်ယူ၍ ဥတ္တမင်္ဂ ဦးသိသ၌တင်၍ ကန်တော့လိုကြောင်းဖြင့် စွယ်တော်စောင့် အမတ် ကြီးအား ပြောကြားရာ၊စွယ်တော်စောင့်အမတ်များ စည်းရုံးပြီး တိုင်ပင် ကြတော့ ဥပဒေနှင့် အုပ်ချုပ်ရတာမို့ ဥပဒေကို မဖောက်ဖျက်ဝံ့ပါ။ ဥပဒေ အရကား စွယ်တော်ဓာတ်ကို စောင့်ရှောက်ကာကွယ်ဘို့ ပြုလုပ်ထားသော စည်းမျဉ်းသာတည်း။ စွယ်တော်ဓာတ်ကို လက်ဖြင့် ကိုင်လျှင် ထိုလက်ကို ဖြတ်စေ၊ ခေါင်းပေါ်တင်လျှင် ထိုခေါင်းကိုဖြတ်စေ၊ မျက်စိဖြင့်သာ ဖူးခွင့် ရသည်။ မုတ၊အတွေ့။ ပရမသန၊ သုံးသပ်ခြင်းကို အလျှင်းပင် ခွင့်မပြုချေဟု လျှောက်တော့။ ။ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်ကား၊ သင်–

ဒါယကာတို့လည်း လူ့ဥပဒေအရ ပြုလုပ်ကြတာမို့ အပြစ်မတင်ပါ။ ငါလည်း ဗုဒ္ဓဘာသာဥပဒေအရမို့ ဗုဒ္ဓဘာသာ စည်းမျဉ်းဥပဒေအတိုင်း ကုသိုလ်ပြုမည်ဟု မိန့်တော်မူ၏။ ။စွယ်တော်ထိန်း အမတ်ကြီးများက လူ့ဥပဒေကိုတော့ တပည့်တော်များ သိရှိပါသည်၊ ဗုဒ္ဓဘာသာတို့၏ စည်းမျဉ်းဥပဒေကို အနည်းငယ် အမိန့်တော် ရှိစေချင်ပါတယ်ဟု လျှောက်တော့။ ။ဆရာတော် ဘုရားကြီးက ဒါယကာတို့ ငါတို့ မြတ်စွာဘုရားကို ပြဟ္မာယုပုဏ္ဏားကြီး တွေ့မြင်ဖူးစဉ်က ဘုရားရှင်၏ ခြေဒူးတော် ၂-ဖက်ကို လက်ဖြင့်ဖက်၍ ခြေတော်ကို ပါးစပ်ဖြင့် စုတ်၍ ဖူးမြင်သော အရာမှာ မုတ၊ အတွေ့အထိပင်။ ပရမသန သုံးသပ်လျက်ပင် အရိုးစဉ်လာ ဗုဒ္ဓဘာသာ ထုံးစံရှိသည်။ ပြဟ္မဒေဝ ချွတ်ခန်း၌လည်း၊ သနင်္ကုမာရ ပြဟ္မာမင်းကြီးသည် ပုဏ္ဏားများ အစည်းအရုံးတွင် ကောင်းကင်မှလာ၍ ဘုရားရှင်၏ ဒူးတော် ၂-ဖက်ကို ပွေ့ဖက်ပြီး ဖူးတော် မူလေသည်။ ဤအရာမျိုးကား ကျမ်းဂန်၌ များစွာ ထင်လေသည်။ ငါမူကား ဗုဒ္ဓဘာသာတို့စဉ်လာ ဥပဒေအတိုင်း လက်ဖြင့် ကိုင်၍ ခေါင်းပေါ်၌တင် ဖူးတော့မည်။ အသင်ဒါယကာတို့ကား လူ့ဥပဒေအတိုင်း ပြုလိုရာပြုကြတော့ဟု မိန့်တော်မူပြီး မိမိ၏ အသက်မညှာ ခန္ဓာမငဲ့ဘဲ၊ စွယ်တော်မြတ်ကို လက်ဖြင့်ကိုင်၍ ခေါင်းပေါ်သို့ တင်ပြီး ဖူးလေလျှင်။ (၇-နာရီ ဒင်ဒင် ထိုးနေတုန်းနှင့် ညီညွတ်ပြီး) စွယ်တော်ဓာတ် အပြင် ပုံသဏ္ဍာန်ကို ဖူးမြင် ရရုံမျှ မကဘဲ၊ စွယ်တော်၏အတွင်းမှ ဖြူဖွေးနုထွား ကြည်လင်သန့်ရှင်းလှသော ရောင်ခြည်တော်တို့ ထွက်ပေါ် အဖူးမျှော် ခံလေ တော့သည်။ စွယ်တော်စောင့်များကား၊ ဥပဒေ အတိုင်း လက်ကို မဖြတ်နိုင် ခေါင်းကို မဖြတ်နိုင်ဘဲ စွယ်တော်ဓာတ်မှ ထွက်ပေါ် နေသော ရောင်ခြည်တော် များကို အားပါးတရ ဖူးမျှော်ကြရလေသည်။ ရောင်ခြည်တော်ကား ထိုနေ့နံနက် ၇-နာရီမှ စ၍ ထွက်ပေါ်ဖူးမျှော်ခြင်း ခံ၍နေရာ၊ နက်ဖြန်နံနက် ၇-နာရီ ရောက်မှပင် ပင်ရင်း စွယ်တော်တွင်းသို့ ပြန်၍ ဝင်တော်မူကြ ကုန်သတည်း။ ရောင်ခြည်တော်ထွက်သော အခါ၌၊ အရှေ့ချပ်မျက်နှာ အားလုံး၊ တောင်မျက်နှာ အားလုံး အနောက်မျက်နှာအားလုံး၊ မြောက်မျက်နှာအားလုံး၊ အထက် ကောင်းကင်တပြင်လုံးကိုပင် ပြန့်နှံ့စေ၍၊ ရောင်ခြည်တော်ဖြင့် ဖုံးအုပ်ထား

တော့သည်။ နေ့အခါ၌ နေရောင်လဲမတွေ့ရတော့ချေ။ ညအခါ၌ လရောင် ကြယ်ရောင်လဲ မတွေ့ရ တော့ချေ။ ။အထူးကား၊ ကမ္ဘာ အရပ်ရပ်မှာ ရှိနေကြသော တိဗက်တို့၊ တရုပ်တို့၊ ဂျာပန်၊ အင်္ဂလန်၊ အမေရိကံ၊ ဂျာဝါ၊ မလေး၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား၊ ဗမာ–အစဖြာသော ဗုဒ္ဓဘာသာဝင်များ အထက်တန်းစား တို့သည်၊ သီဟိုဠ်သို့ စွယ်တော် ရောက်ကထဲကစ၍ နှစ်စဉ် သူလာဖူး ငါလာဖူးနှင့် လူအမျိုးမျိုး ဖူးမြင်ကြရာ စွယ်တော်မြတ်မှ ဘာမျှ မပြပါ။ ယခု ဆရာတော် ဘုရားကြီး ဖူးမြင်မှ စွယ်တော်က ရောင်ခြည်တော်ပြကြောင်းကား အံ့ဩဘွယ်ကောင်းလှသော အစ္ဆရိယ ပုဂ္ဂိုလ်မွန်ကြီးပင်တည်းဟု မြတ်နိုးကြလေသည်။ ရောင်ခြည်တော်ကို ဖူး၍လည်း ပစပ်က (ဆားဆား–ဆားဆား–ဆားဆား)ဟု ဆိုသံကို ကြားရကုန်၏။ (ဆာဓု–ဆာဓု–ဆာဓု)ဟု ဆိုလိုသည်။ မြန်မာ လိုတော့ (သာဓု–သာဓု–သာဓု)ဟု ဆိုခြင်း ပါဘဲ။ ထိုအခါ သီဟိုဠ် ရဟန်းတော်များသည်၊ ငါတို့ကား ဤမျှ စွယ်တော်ကို ဖူးမြင်စောင့်ရှောက်ကာနေပါလျက် ရောင်ခြည်တော် မပြချေ။ ဤအရှင်ကား သီလ, သမာ, ပညာ–ရင့်သန် သိက္ခန်ပြည့်တင်း သန့်ရှင်း လှခြင်းကြောင့် စွယ်တော်မြတ်က ရောင်ခြည်တော် ပြပေသည်ဟု ကြံစည်အားကိုး၍ မူရင်းသိက္ခာဟောင်းကို စွန့်လွှတ်ကြပြီးတော့၊ ဆရာတော်ဘုရားကြီးထံမှ သိက္ခာသစ်တင်၍ သီဟိုဠ်ကျွန်း၊ အုဂ်ဖိုရ်ဆရာတော်၏ဂိုဏ်း ဟူ၍ရင်း၊ ရာမညဂိုဏ်း ဟူ၍ရင်း တည်ထောင်ကြ သည်ကား၊ ယနေ့အထိပင် အဆက်အနွယ် မပြတ်ချေတကား။ သီဟိုဠ်မှ ဆက်လက်၍ ရခိုင်ပြည်သို့ ကူးစက်သွားပေရာ၊ ရခိုင်တိုင်း ရက္ခပူရပြည်နယ်တဝှမ်း၌၊ ယခုတိုင်အောင်ပင် ရာမညဂိုဏ်း ကျောင်းပေါင်း တရာ ကျော်မျှရှိ၍၊ အုဂ်ဖိုရ် ဂိုဏ်းနှင့် ဆက်သွယ်ကာ နေကြလေသည်။ ။

စာရေးသူ၏အာသီသမှာကား။

(၁) စွယ်တော်ဓာတ်ဒြပ်မှို အပြင် ပညတ်တည်း။ (၂) ရောင်ခြည်တော် အတွင်းပရမတ်သဘောတည်း။ ယခုအခါ ဝိပဿနာယောဂီတို့သည် အပြင်က ဒြပ်သဏ္ဌာန် ပုံစံပျောက်အောင် ဝိပဿနာရှု၍၊ အတွင်းက မူလပကတိ အတိုင်း ဖြစ်ပျက် နေတဲ့ ဓာတ်ကြီး ၄–ပါး၊ ဥပါဒါ ရုပ်တရား

လက္ခဏာရေး ၃-ပါး ဆိုတဲ့ ရောင်ခြည်တော် များကို ဥပမာ ထား၍ မျှားမျှားကြီး ရှုပွါးကြပါစေကုန်သတည်းဟု မေတ္တာ ဝေရပါတော့သည်။

---

## (၁၃၆) စွယ်တော်မြတ်နှင့် ရှင်ဘုရင်

ပါဋ္ဌလိပုတ်ပြည်တော်ကြီး၌ တတိယ သင်္ဂါယနာတင် သာသနာတော် အထူးပြု၍သွားသော သီရိဓမ္မာသောကမင်းတရားကြီးဆိုလျှင်၊ ကမ္ဘာကပင် အလေးပြုကြ၏။ သာသနာတော်မြတ်ကြီး၌ ရေတွင်းပေါင်း (၈၄,၀၀၀)၊ ရေကန်ပေါင်း(၈၄၀၀၀)၊ ကျောင်းကန်ပေါင်း(၈၄၀၀၀)၊ စေတီပေါင်း (၈၄၀၀၀)၊ စေတီတော်ဝယ် မီးပူဇော်ပွဲကြီး ၇-ရက်အတွင်း၌ မာရ်မဖျက် ဆီးရအောင်၊ အရှင်ဥပဂုတ်က စောင့်ရှောက် ကူညီ ပေးခြင်း၊ မြို့တော်၏ ၄-မျက်နှာ၌၊ ဆီကန် ထောပတ်ကန် ပျားကန် စတုမဓူကန် ဟု ကန်ကြီး ၄-ကန်ဖြင့် ဒါနဝတ်ပြုထားခြင်း။၉-တိုင်း ၉-ဌာနသို့ သာသနာပြုလွှတ်ခြင်း၊ တတိယ သင်္ဂါယနာတင်ခြင်း၊ မဟာဗောဓိ၏ ဒက္ခိဏသာခါကို လူထုနှင့်ပင့် ဆောင်ခြင်း၊ကက္ကုသန်,ကောဏာဂုံ,ကဿပ,ဂေါတမဘုရား ၄-ဆူ၏ ပုံတော် ကို ကာလနဂါး ဖန်ဆင်းပေး၍ကြည်ညိုစွာ ဖူးမျှော်ရခြင်း၊ ဘုရား၏ အသံ တော်ကို ကြားနာချင်တော့ ၄-ကျွန်းဗဟို မြမြင့်မိုရ်ကို ရစ်ခွေဖန်ဖန် ခုနစ်တန်တောင်စဉ် ၇-စဉ်သီဒါအထဲ၌ ကရဝိကတောင်မှ ကရဝိက်ငှက် ဆောင်ယူ၍ တွန်ကျူးမြွက်လေး ရင့်ကြွေးမြည်တွန်၍ ပြရခြင်း၊ ရဟန္တာ တသိန်းကို ကိုးကွယ်ကာနေရခြင်း၊ မြေအောက်တယူဇနာ, ကောင်းကင် ထက်၌ တယူဇနာ အာဏာစက်ပျံ့နှံ့ခြင်း၊ မိမိပိုင်သမျှ နယ်ပယ်အရပ်ရပ်၌ ကျောက်တိုင်စိုက်၍ စာရိတ္တမဏ္ဍိုင် ပြည့်လှိုင်စေခဲ့ခြင်း၊ သားရဟန္တာ မဟာ မဟိန္ဒနှင့် သမီးရဟန္တာထေရီမသင်္ဃမိတ္တာ, မြေးရဟန္တာသုမနတို့အား သီဟိုဠ် ကျွန်း၌ သာသနာထွန်းလင်းတောက်ပစေခြင်း၊ ညီတော် တိဿရဟန္တာနှင့် သာသနာပြု၍နေခြင်း၊ တနေ့တရက်၌ ငါးသိန်း-ငါးသိန်း ဒါနပြုထားခြင်း၊ တကြိမ်တည်းမှာပင် ၉၆-ကုဋေ ဒါနပြုခြင်း-စသော ကောင်းမှုကံတို့ကြောင့် သာသနာ့ရာဇဝင်တွင် မယှဉ်နိုင်သော ကေရာဇ်ဘုရင်ကြီးဖြစ်၍ ကမ္ဘာအနှံ့ အပြား ကျော်ကြားထင်ပေါ်ခဲ့လေသည်။

ဇုဏ္ဍာသယ ၄၆၁-၃၄

## မြေးတော်မင်းမြတ်၌ မိစ္ဆာအမြင်ကပ်နေပုံ

သီရိဓမ္မာသောကမင်းမှ သားတော်စဉ် မြေးတော်ဆက် စိုးစံခဲ့လေရာ၊ မြေးတော်မင်းဖြစ်လာတော့ ဘိုးတော်ခမည်းတော်တို့ကဲ့သို့ မဟုတ်တော့ဘဲ မိစ္ဆာဒိဋ္ဌိတွေကို ကိုးကွယ်၍ သာသနာတော်ကို ညှိုးငယ်ပပျောက်စေခဲ့သည်။ ထိုမင်း၏ပိုင်နယ်မြေဖြစ်သော ကလိင်္ဂတိုင်း ဒန္တပူရိပြည်၌ ဂူဟသီဝမင်းစိုးစံသည်တွင် ထိုဂူဟသီဝမင်းကား မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ကိုးကွယ်၍ နန်းဦးပြာသာဒ်၌ထား၍အမြဲဝတ်ပြုသည်ကို မင်း၏ဆရာ တိတ္ထိများက မင်းကြီး၊ သင်မင်းကြီး၏ ကျေးဇူးရှင်ဖြစ်သော မယ်တော်ကိုရင်း၊ ဖခမည်းတော်ကိုရင်း ကံကုန်လျှင် ပြင်ပသုသာန်ပို့၍ မီးရှို့ပစ်ကြသည်။ အမင်္ဂလာအရိုးကို ပြည်တွင်းသို့ မသွင်းဘဲ အမင်္ဂလာမို့ ပြည်ပ၌ပင် ထားကြသည်။သို့ပါလျက် သင်မင်းကြီး၏ ငယ်ကျွန်တော်ဖြစ်သော ကလိင်္ဂတိုင်း ဒန္တပူရိပြည်မှ ဂူဟသီဝမင်းငယ်ကား ဆွေလဲမတော် မျိုးလဲမစပ်သော ဂေါတမ၏ လူသေရိုးကို နန်းဦး၌ထား၍ ကိုးကွယ်နေသည်ကား အရှင်၏ ဂုဏ်ကိုဖျက်ထာနှင့် တူ၍နေချေပြီ၊ခေါ်ယူ၍ ဆုံးမလော့ဟု ကုန်းတိုက်ကြကုန်၏။

ပါဋလိပုတ်ပြည့်ရှင် ဘုရင်မင်းလည်း ဒေါသ ထွက်လှသဖြင့် ဆင့်ခေါ်မှာယူ၍ လူသေရိုးကို စွန့်ပစ်ရမည်ဟု မိန့်၏။ ဂူဟသီဝမင်းလည်း အသက်ခန္ဓာ မငဲ့ညှာဘဲ ကိုးကွယ်ဘို့ရန်သာ တောင်းပန်တော့သည်။ဘုရင်လည်း ပြင်းစွာ အမျက်ထွက်ရကား ဂေါတမဘုရား၏ စွယ်တော်မြတ်ကို ကျုံး၌ ပစ်ချလေရာ၊အံ့ဘွယ်ဘနမ်း ထူးထူးဆန်းဆန်း ရောင်ခြည်တော် ကွန့်မြန်း၍ တဲန်ခိုးပြလေသည်။

ဘုရင်လည်း ငါ့ကို လူသူလေးပါးအလယ်၌ အရှက်ခွဲတဲ့ လူသေရိုးဘဲဟု ကြုံးဝါးပြီး မစင်ဘင်ပုပ်တွင်း၌ ပစ်ချပြန်သော်၊ ဒုတိယအကြိမ်ဖြင့် မစင်တွေပျောက် ပန်းပေါက်ပေါက်ကဲ့သို့ ပေါ်စေပြီး စွယ်တော်ခတ်မှ ရောင်ခြည်တော် ပြပြန်လေသည်။

ဘုရင်ကား ငါ၏ဂုဏ်ကို အားလုံးစုံ ချိုးဖျက်တဲ့ လူသေရိုးပါတကားဟု ဒေါသထွားထွား စိတ်ဆိုးခြင်းများပြီး စွယ်တော်ကို ထင်းပုံမီးရှို့ မီးကျီးမြှုပ်၌ ပစ်ဖို့ခလောင်ကျွမ်းစေသည်။စွယ်တော်ကား မီးမလောင် မီးအားလုံး

ငြိမ်း၍ အေးအေးမြမြ ဟေမန္တ ပြာသိုလအခါကဲ့သို့ အအေးဓာတ်ဖြင့် ပျံ့နှံ့ကာ ရောင်ခြည်တော် ပြပြန်သည်။

မင်းလည်း ဒေါသကြီးကြီး အရှက်သည်းပြီး ဖျက်ဆီးတော့အံ့ဟု ပန်းဘဲဖိုမှ ပေကိုင်း၊ တူကိုင်း၊ ဗလခွန်အားကောင်းသော လူကိုင်း ခေါ်ယူ၍ စွယ်တော်ဓာတ်ကို ပေပေါ်၌တင်ပြီး ထုနှက်ခွဲဖျက်စေတော့၊ ပွန်းမှုမပွန်း ပြားမှုမပြား ကြေမှုမကြေဘဲ ပေ၌ ၃-ပုံ ၂-ပုံ နစ်၍ ရောင်ခြည်တော်ပြ၍ နေပြန်သည်။


ပေမှစွယ်တော်ဓာတ်ကို ထုတ်ယူသောအခါ အနည်းနည်းဖြင့်ယူသော်လဲ မရဘဲဖြစ်၍နေရကား နိုင်ငံတော်တွင် စည်လည်ရလေသတည်း။ ပေထဲမှ စွယ်တော်မြတ်ကို ထုတ်ယူ၍ ပေးနိုင်ပါလျှင် ယောကျ်ားဖြစ်က အိမ်ရှေ့ ရာထူးရစေမည်၊ မိန်းမဖြစ်က တောင်ညာစံဒေဝီ မဟေသီ နှင်းမည်ဟု စည်လည်စေတော့ ဟိုရှေးရှေးက သာဝတ္ထိပြည် အနာထပိဏ်ကျောင်း ဒါယကာ သူဌေးကြီး၏ အဆက်အနွယ် သွေးစပ်သော လုလင် သုဒတ္တက ယူဆောင်၍ ပေးနိုင်ကြောင်းဖြင့် ဝန်ခံလေရာ၊ သုဒတ္တလုလင်သည် ရှစ်ပါး သီလကို စောင့်ပြီး သစ္စာ ဆိုတော့မှ စွယ်တော် ဓာတ်သည် ကောင်းကင် ရပ်သို့တက်ပြီး ရောင်ခြည်တော် လွှတ်၍၊ ထိုမှဤမှ သွားလာပြီးမှ သုဒတ္တ လုလင်၏ ခေါင်းမြတ်၌ တည်လေသည်။ အဲသည်တော့မှ ဘုရင်သည် မာနကို ချပြီး ဂေါတမ ဘုရားကို ကိုးကွယ် လေတော့၏။ အသက်တော် ရှင်နေစဉ်ကဖြစ်မူ အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း။ ပရိနိဗ္ဗာန်စံ၍ အရိုးမျှ ကြွင်းကျန်တာဘောင် မျက်မြင်တန်ခိုးကြီးပေစွတကားဟု မင်းရော ပြည်သူ တို့ပါ သာသနာ၌ ကြည်ညိုကြပြန်သည်။

ဂုဟာသီဝမင်းငယ်ကို စွယ်တော် အပ်၍ သူ့နေရပ်သို့ ပြန်စေသည်။ ပါဋ္ဌလိပုတ် ပြည်ကား သာသနာ ထွန်းကားရာ ဖြစ်ပြန်တော့၏။ ယခု ပြောလိုတာကတော့ မင်း ၂-ပါးနှင့် ပြည်သူတို့သည်၊ စွယ်တော်မြတ်ဆိုတဲ့ ဒြဗ်နှင့် သဏ္ဌာန်နှင့် ပုံစံနှင့် ပညတ်ခဲကြီးကို ပထမ ဖူးမြင်ရကြ ကုန်၏၊ ဒုတိယအကြိမ်၌ကား ရောင်ခြည်တော် ဓာတ်ကို ဖူးမျှော် ပူဇော် ရကုန်၏။ ထို့အတူ ငါတို့လဲဘဲ ခန္ဓာကိုယ် ဆိုတဲ့ ဒြဗ်ပုံစံ ပညတ်ကြီးထဲမှ ရောင်ခြည်

တော်နှင့်တူတဲ့ ဓာတ်ကြီး ၄-ပါးကို အားရပါးရ ဝိပဿနာပွါး၍ ဖူးကြကုန်အံ့ဟု တဆင့်တက်ကြလေ။

---

## (၁၃၇) အထည်,ဖြစ်,ပုံစံ,ပညတ်မှ ပရမတ်သဘောအထိ ဖူးမြင်ရန် ပုံစံနှင့်ပြမည်




ခန္ဓာကိုယ်မှာ ဒါနနဲ့, သီလနဲ့, သမထနဲ့, ထည့်ထားလို့ တကယ်ရှိတာက ပေါ်သိ ဆိုတဲ့ ရုပ်နာမ် ၂-ပါးသာ ရှိပါတယ်။ ပိုမိုပြီးတော့ ရှာစရာ သိစရာလဲ မလိုတော့ပါဘူး။ ရှိနေတဲ့ ၂-ပါးရုပ်နာမ်ကို မရလျှင် အရရှာဘို့၊ ရလျှင် သိနေဘို့ ကိစ္စတခုပါဘဲ။ အဲဒါ သာသနာ့ အလုပ်ကြီးပါဘဲ။ ရုပ်နာမ် ၂-ပါးကို ခန္ဓာမှတွေ့လျှင် ပရိညာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ်စဉ် ၁၀-ပါး၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးတို့ဟာ အဆင့်အဆင့်ရ၍သွားမှာပါဘဲ၊ ဥပမာ-မျိုးစေ့ကို မြေချ ဝဲထည့် ရေဖြန်းပေးပေးနေတော့ မျိုးစေ့ထဲက အညှောက်,အတန်,အရွက်-မှစ၍ သစ်ပင်ကြီးအထိ ကြီးမြင့်၍ သွားတာကို မြင်ကြသားဘဲ၊ ဒီဥပမာအတိုင်းပါဘဲ။ (ကကပြသူ၊ ရုပ်ကပေါ်သူ၊ နာမ်က သိသူ၊ သတိက မှတ်သူ၊) ပုံစံ၌ ကြည့်ပါ။ ကကပြတော့ ရုပ်က ပူအေး တောင့်တင်းပြီး သဘာဝနှင့် ပေါ်လာရ ပါတယ်။ နာမ်ကလဲ သိသိနေပါတယ်။ ဒါတွေကို သတိကလဲ မှတ်မှတ်နေပါတယ်။ အဲဒါ ပထမဝိပဿနာပါဘဲ။

အဲဒီ မူလ ဘူတ ပကတူပ သဘာဝ ပရမတ္ထ ဘူတတ္ထ သစ္စိကတ္ထဖြစ်တဲ့ ပရမတ် ၄-ပါးအလုပ် လုပ်၍ နေတာကို ဆရာကလဲ မပြနိုင်၊ တပည့်ကလဲ မသိလို့၊ အပြင်ဘက်မှာ ပေါ်နေတဲ့ ၃၂-ကောဋ္ဌာသ။ ၆၆-ကောဋ္ဌာသ။ ၉၆-ကောဋ္ဌာသ။ ၂၆။ ၁၂-များကို တရားဘဲဟု ယုံကြည် ပြီးတော့ ငါ မဟုတ် သူမဟုတ်ဘူးဟု တွေးဆဆင်ခြင်၍ ဒိဋ္ဌိခွါပြီးနေကြပါတယ်။ အဲဒါ သမူဟ,ဃန,သဏ္ဌာန,နာမ,သန္တတိ,ပညတ်နှင့် ဒိဋ္ဌိခွါခြင်းပါဘဲ။ အတွင်းရှိ ပရမတ်တရားနှင့် အနုသယဒိဋ္ဌိခွါပုံကား၊ ခန္ဓာ၌ သတိထားတော့ သမာဓိ

ရသည်။ သမာဓိကြောင့်၊ (ကံကပြု၏၊ ရုပ်ကပေါ်၏၊ နာမ်ကသိ၏၊ သတိက မှတ်၏)။ အဲဒါကို ပြုကျင့်နေတော့ ပရိညာသုံးပါးပေါ်လာသည်။

---

## (၁၃၈) ပရိညာ ၃-ပါး ၂-မျိုး

ပုံစံကား–

| ဉာတပရိညာ၊ | တီရဏပရိညာ၊ | ပဟာနပရိညာ၊ |
| --- | --- | --- |
| ခဏတ်ပေါ်သိ။ | စွ၊က္ခ၊တ္တ၊သိ။ | ဇ္ဇာ၊ဒိ၊ဝိ၊ ခွါ၏။ |

ဉာဘပရိညာဆိုတာ ခဏတ် ၄-ပါးထဲက ပေါ်ကိုင်းသိ ပေါ်တိုင်းသိနှင့် ဖြစ်၍နေတာဘဲ။ တီရဏပရိညာဆိုတာ တကိုယ်လုံး တဖြန်းဖြန်း မမြဲခြင်း အနိစ္စကိုငုင်း၊ တဖြန်းဖြန်း သေခြင်းဒုက္ခကိုရင်း၊ တဖြန်းဖြန်း တားမရခြင်း အနတ္တကိုရင်း ဉာဏ်၌ သိသိနေတာ တွေ့တွေ့ နေတာဘဲ။ ပဟာနပရိညာ ဆိုတာ ပူတာ, အေးတာ, ဖြန်းဖြန်းစသည်တို့၌ ပေါ်တိုင်းသိတော့ ဝိဇ္ဇာ ဖြစ်သည်။ ဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာကွာသည်။ ဖြန်းဖြန်း၌ မိန်းမ, ယောကျ်ား ငါ, သူတပါး ရှာမရလို့ ဒိဋ္ဌိအမှားလဲကွာသည်။ ဖြန်းဖြန်းအပြင် မိန်းမ, ယောကျ်ား,စသည်ဖြင့် ယုံမှ းစရာမရှိလို့ ဝိစိကိစ္ဆာ ကွာသည်။ (အဝိဇ္ဇာ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ၃-ပါး ကွာတာဟာပယ်လို့ ပဟာနပရိညာ ဖြစ်၍ နေတာ ပါဘဲ။ အဲဒါက ဝိပဿနာအခိုက်၌ ဖြစ်ပေါ်တဲ့ ပရိညာ ၃-ပါး ရရှိနေ ပုံတည်း။

| ဉာတပရိညာ။ | တီရဏပရိညာ။ | ပဟာနပရိညာ။ |
| --- | --- | --- |
| ဝယဓမ္မာတွေ့။ | စွ၊က္ခ၊တ္တ၊တွေ့။ | ဖြစ်ပျက်ချုပ်ငြိမ်း။ |

ဉာတပရိညာဆိုတာ အဖြစ်အပျက်ကို တွေ့ပြီးတော့ ပူဖြစ်ပျက်ထဲက ရုပ်တရားဘဲ၊ သိတာက နာမ်တရားဘဲ၊ တစုံ။ခေါင်းက ပညတ်ငါးပါးဘဲ၊ ခေါင်းထဲမှ ပူ ဖြစ်ပျက်က ပရမတ်တရားဘဲ၊ တစုံ။ ပူဖြစ်ပျက်ထဲက အရင် ပေါ် အကြောင်းတရား၊ သိတာက နောက်မှ အကျိုးတရားဘဲ၊ တစုံ။ ဤ သုံးစုံသော အတွေ့နှင့် အသိဉာဏ် ၆-ပါးကို ဉာတပရိညာဟု ဆိုပါသည်။ တီရဏပရိညာဆိုတာ တကိုယ်လုံး၌ တဖြန်းဖြန်း စသည်ဖြင့် မမြဲတာကို တွေ့ရတော့ အနိစ္စဘဲဟု ပိုင်နိုင်၏။ ဖြန်းဖြန်းတွေဟာ ဏေကြ အသေတွေ ဘဲဟု ဒုက္ခကိုပိုင်နိုင်ပြန်၏။ ဒီဖြန်းဖြန်းတွေဟာ တားမရ၊ ဆီးမရ၊ ရွှေ့မရ၊

ယူမရလို့ ငါမပိုင် ငါနှင့်မဆိုင်ဟု ပရသဘော အနတ္တသဘော ပိုင်နိုင်ပြန်၏။ အဲဒါ တီရဏပရိညာပါဘဲ။ ပဟာနပရိညာဆိုတာ တကိုယ်လုံး ၃၂-ကောဋ္ဌာသပညတ်လွန်အောင် တွေ့ရပြီးမှ တခဏမျှ ဥပါဒ်၊ ဌီ၊ ဘင် ခဏမှပြုံးကနဲ ချုပ်၊ပြုံးကနဲရပ်၊ပြုံးကနဲငြိမ်းသွားဒါကို တကယ်ပင် ကိုယ်တွေ့သဘောဖြင့် တွေ့ရတော့။ ပဝတ္တံ သင်္ခါရံ အပဝတ္တံ နိဗ္ဗာနံ။ (၁) ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနံ။ (၂) ဇာတိ သင်္ခါရာ အဇာတိ နိဗ္ဗာနံ။ (၃) ဇရာ သင်္ခါရာ အဇရံ နိဗ္ဗာနံ။ (၄) မရဏံ သင်္ခါရာ အမရဏံ နိဗ္ဗာနံ။၄-ပါးသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရဖြင့် တဖြန်းဖြန်း ဖြစ်ပျက်တာက သင်္ခါရဘဲ။ ၎င်းဖြန်းဖြန်းတွေချုပ်တဲ့ နိရောဓသစ္စာငြိမ်းတဲ့ နိဗ္ဗာနသဘောဟာ နိဗ္ဗာန်ဘဲဟု တွေ့ရသဖြင့် ပဟာနပရိညာသို့ ရောက်ခဲ့ပါပြီ။ အဲဒါက မဂ္ဂဝီထိ လမ်းစဉ်အတိုင်း မဟာသောတာပန် ဖြစ်ပုံပါဘဲ။

---

## (၁၃၉) ရုပ်ခွဲ နာမ်ခွဲ

ခန္ဓာကိုယ်ထဲမှ တဖြန်းဖြန်း တဖျင်းဖျင်း စိုးစိုး စစ်စစ်-စသည်ဖြင့် တွေ့ရသော သဘောကား ရုပ်တရားသာတည်း။ ပေါ်တိုင်းသိနေသော စိတ်ကား နာမ်တရားတည်း။ပုံစံ၊ပူတာရုပ်၊သိတာနာမ်၊အေးတာရုပ်၊သိတာနာမ်၊ ဖြန်းတာရုပ်၊သိတာနာမ်၊ဖြိုးဖြိုးရုပ်၊ သိတာနာမ်၊ဖျင်းဖျင်းရုပ်၊သိတာနာမ်ဟု ရုပ်ပေါ်ပုံ ၃၂-နှင့် သိပုံ ၃၂-ဖြင့် ခွဲခြမ်း၍ ဒိဋ္ဌိကင်္ခာအောင်ပြပါ။ တရားကို အားထုတ်တော့ မျက်စိထဲမှာ ဖြစ်စေ၊စိတ်မနောထဲမှာပင် ဖြစ်စေ ဝင်းဝင်း ဝါဝါ ဖြူဖြူ ပြောင်ပြောင် မဲမဲ လင်းလင်း စသော အရာများကို မြင်ရ ထင်ရ တွေ့ရတတ်ပါသည်။၎င်း ဝင်းဝင်း ဝါဝါ ဖြူဖြူ ပြောင်ပြောင် မဲမဲ လင်းလင်း စသော ဓမ္မာရုံတို့ကား ပညတ်တရားပါဘဲ။ အသားထဲက ပူပူ အေးအေး လှုပ်လှုပ်ရွရွ မူးမူး ဝေဝေ ဖြိုးဖြိုး ဖျင်းဖျင်း ရှိန်းရှိန်း သုတ်သုတ်-စသည်ဖြင့် တကယ်တွေ့ရသော သဘောအာရုံတို့ကား ပရမတ်တရားသာတည်း။

### တနည်း ပညတ် ပရမတ်ခွဲပုံ

ခေါင်းကြီးကား ပညတ်တရား၊ ၎င်းထဲမှ ပူအေးသဘောကား ပရမတ်တရား၊ လယ်ပင်းကား ပညတ်တရား၊ ၎င်းမှ နာတာ ကျင်တာကား ပရမတ်

တရား၊ရင်ကား ပညတ်တရား၊ဎင်းမှ ဒိုးဒိုး ဒိတ်ဒိတ်ကား ပရမတ်တရား စသည်ဖြင့် နိဿယ နိဿိတနှင့် ခွဲပြပါလေ။

## တနည်း ပညတ် ပရမတ်ခွဲ

သမူဟ စုရုံးနေခြင်း၊ဃန အခဲဖြစ်ခြင်း၊သဏ္ဌာန ပုံစံသဏ္ဌာန်ပေါ်ခြင်း၊ နာမပုံစံ ကိုစွဲ၍ ကျွဲ,နွားသမုတ်ခေါ်ဝေါ်ခြင်း၊သန္တတိ ဖြစ်ပျက်မမြင်အောင် အစဉ်ဖြင့် ဖုံးထားခြင်း၊ ဎင်းငါးမျိုးကား ပညတ်တရားတည်း။ ထိုပညတ် ငါးပါးတို့၏ မူလ,ဘူတ ဖြစ်ပေါ်စေနိုင်အောင် ဦးစွာအမှန်ရှိ၍ နေသော အတွင်းသား အဋ္ဌကလာပ် ရုပ်တရားရှစ်ခု သဘောရှစ်ခု (ဝါ၊ ပထဝီ အာပေါ တေဇော ဝါယောနှင့် ဝဏ္ဏ ဂန္ဓ ရသ ဩဇာ) ရုပ်ရှစ်ဖြာကား ပရမတ်တရားတည်း။

ပရမာနုမြူ အနုမြူ တဇ္ဇာရီမြူ ရထရေဏုမြူ ၄-ပါးကား ပညတ်တရား တည်း။ဎင်းတို့၏အထဲမှာ ရှိနေသော အဋ္ဌကလာပ် ရုပ်ဓာတ်ကား ပရမတ် တရားတည်း။

---

## (၁၄၀) အကြောင်းအကျိုးခွဲ ပစ္စယပရိဂ္ဂဟဉာဏ်

သတိထားလို့ သမာဓိရတယ်၌ သတိထားတာက အကြောင်းတရား တည်း။ သမာဓိရတာက အကျိုးတရားတည်း (ပစ္စယပရိဂ္ဂဟဉာဏ်) တဖန် သမာဓိရလို့ ဓာတ်ပေါ် လာသည်၌၊ သမာဓိရတာက အကြောင်း တရား တည်း။ ဓာတ်ပေါ် တာက အကျိုး တရားတည်း။ (ပစ္စယပရိဂ္ဂဟဉာဏ်)။ ဓာတ်ပေါ်လို့ နာမ်ကသိသည်၌၊ဓာတ်ပေါ်တာက အကြောင်းတရားတည်း။ နာမ်သိတာက အကျိုးတရားတည်း။ (ပစ္စယပရိဂ္ဂဟဉာဏ်)။ ဤပုံစံအတိုင်း အကြောင်း-အကျိုးဆက်၍ ဖြစ်ပျက်နေတာကို သိလျှင် တွေ့ရလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ် ရပြီ။ ပဋိစ္စသမုပ္ပါဒ် တွေ့ရပြီ။ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ရပြီ။ ယထာဘူတဉာဏ်ရပြီ။ ဓမ္မဋ္ဌိတိဉာဏ်ရပြီ။ သမ္မာဒဿနရပြီ။ သမ္မာဒိဋ္ဌိဉာဏ် ရပြီ၊ သင်္ခါရပရိဂ္ဂဟဉာဏ်ရပြီ စသည်ဖြင့် မှည့်ခေါ်ကြကုန်၏။

## အကြောင်း အကျိုး တွေ့ရပုံ တနည်း

(၁) တဏှာကြောင့်+ရှာမှီးရ၏။ (၂) ရှာမှီးသောကြောင့်+ရရှိ၏။ (၃) ရရှိသောကြောင့်+ငါ့ဥစ္စာဘဲဟု ဆုံးဖြတ်၏။ (၄) ဆုံးဖြတ်သောကြောင့်+ပစ္စည်း၌ မြတ်နိုး၏။ (၅) မြတ်နိုးသောကြောင့်+ငါ့ဥစ္စာဘဲဟု စွဲလမ်း၏။ (၆) စွဲလမ်း သောကြောင့်+ပစ္စည်းကို သိမ်းဆည်း၏။ (၇) သိမ်းဆည်းသောကြောင့်+ဝန်တိုခြင်း မစ္ဆေရဖြစ်ရ၏။ (၈) ဝန်တိုခြင်းမစ္ဆေရကြောင့်+စောင့်ရှောက်၏။ (၉) စောင့်ရှောက်ထားမှုကြောင့် ဒဏ်ပေးခြင်း၊ လက်နက်ကိုင်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ စော်ကားခြင်း၊ ရန်တိုက်ခြင်း၊ မုသား ပြောဆိုခြင်း-စသော မကောင်းမှု များစွာတို့ ဖြစ်ပေါ်ရ ချေသည်။ ။ဤနဝတဏှာမူလကသုတ်တော်သည် နဝနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၊ နံပါတ်-၁၇၇၊ ကြောင်းရေ ၁၁-ဟံသာဝတီမူ၌ ပါ ၌ရှိပါသည်။ အဓိပ္ပါယ်အတိုင်း သိထားကြလေ။

### ဘီလူးကျွန်း-ချောင်းဆုံမြို့နယ်-ကွမ်သဲရွာ
### ဉာဏစာရီ မဟာထေရ်
### အထူး ဆယ်တင်လိုက်သော

### လူပြိန်းသိ-လူနသိ-လူအသိ-လက်တွေ့-ကမ္မဋ္ဌာန်း ထိုင်နည်း
### နာမရူပပရိစ္ဆေဒဉာဏ် ပြခဏ်း

နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ၊ မိမိကိုယ်၌ သတိထား၍ ရှုနေပါလျှင်၊ ခန္ဓာကိုယ်မှ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ ကြံစည်စိတ်၊ ၆-ပါးတွေ့ဟာ တခုပြီးတခု တမျိုးပြီးတမျိုး မရောကြဘဲ တခြားစီ ခြားနားလျက်။ သူပြီးလျှင် ငါ၊ ငါပြီးလျှင် သူ ဆိုသကဲ့သို့ ဖြစ်နေပုံ-ပျက်နေပုံ တို့ကို တွေ့ရ၏။ အဲဒါ စိတ်နာမ် ပေါ်လို့ ဒိဋ္ဌိကွာတာပါဘဲ။ ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါ,မိန်းမ,ယောကျ်ား-ခေါ်စရာ မရှိ၊ ထင်မှားစရာမရှိ၊ ဒိဋ္ဌိကွာပါပြီ။

နံနက် ၆-နာရီက ညနေ ၆-နာရီအထိ မိမိကိုယ်၌၊ သတိထား၍ ရှုနေပါလျှင်၊ ခန္ဓာကိုယ်ထဲမှ လိုချင်လိုက်၊ စိတ်ဆိုးလိုက်၊ မနာလိုလိုက်၊ နှမြောသိုက်၊ ပျင်းလိုက်၊ ငိုက်မျည်းလိုက်၊ မာနကြီးလိုက်၊ ဆဲချင်ဆိုချင်လိုက်

စသော စေတသိက်နာမ် သဘောတရားတွေဟာ၊ တခုပြီးတခု တမျိုးပြီး တမျိုး မရောကြဘဲ တခြားစီခြားနားလျက်၊ သူပြီးလျှင်ငါ၊ ငါပြီးလျှင်သူ ဆိုတာလို ဖြစ်နေပုံ ပျက်နေပုံတို့ကို တွေ့ရ၏။ အဲဒါ စေတသိက်နာမ်ပေါ်လို့ ဒိဋ္ဌိကွာဘာပါတဲ။ ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါ,မိန်းမ,ယောကျ်ား-ခေါ်စရာမရှိ ထင်မှားစရာမရှိ၊ ဒိဋ္ဌိကွာပါပြီ။

နံနက် ၆-နာရီက ညနေ ၆-နာရီ အထိ မိမိကိုယ်၌ သတိထား၍ ရှုနေပါလျှင်၊ ခန္ဓာကိုယ်ထဲမှ အသားထဲမှ ပူရုပ်၊ အေးရုပ်၊ ကျဉ်ရုပ်၊ ကိုက်ရုပ်၊ ခဲရုပ်၊ တောင့်ရုပ်၊ တင်းရုပ်၊ လှုပ်ရုပ်၊ ရွရုပ်၊ မွရုပ်၊ ပွရုပ်၊ ဖြန်းဖြန်းရုပ်၊ ရှိန်းရှိန်းရုပ်-စသော ရုပ်တရားတွေဟာ တခုပြီးတခု တမျိုးပြီးတမျိုး မရောကြဘဲ တခြားစီကွဲပြားလျက်၊ သူပြီးလျှင်ငါ၊ ငါပြီးလျှင်သူဆိုတာလို ဖြစ်နေပုံ ပျက်နေပုံ မမြဲပုံတို့ကို တွေ့ရ၏။ အဲဒါ ရုပ်ကိုတွေ့လို့ ဒိဋ္ဌိကွာတာပါတဲ။ ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါ,မိန်းမ,ယောကျ်ား-ခေါ်စရာမရှိ ထင်မှားစရာမရှိ၊ ဒိဋ္ဌိကွာပါပြီ။

တခုစီ တမျိုးစီ ဆိုတာက ပရမတ်တခုစီ ကလာပ်တခုစီဟု ဆိုပါသည်။ မရောဘဲ တခြားစီ ကွဲပြားတာက အာကာသခြားတာကို ဆို၏။ မမြဲခြင်း ဖြစ်နှင့်ပျက်တို့က အနိစ္စတွေ့ပုံပါတဲ။

**အကြောင်းနှင့်အကျိုးကို ခြားနား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်ကား**
**အကြောင်းတရား အကျိုးတရား ခြားနားပုံ**
**ပရမတ်ပေါ်၍ တွေ့ရပုံများ**

ကုသိုလ်ကံကြောင့် .... လှရုပ်၊ ချောရုပ်၊ ဌေးရုပ်၊ ရွှင်ပြရုပ်များ ပေါ်နေတာကို တွေ့ရ၏။

အကုသိုလ်ကံကြောင့် .... မလှရုပ်၊ မချောရုပ်၊ မွဲရုပ်၊ ညှိုးရုပ်၊ ပူပန်ရုပ် ပေါ်နေတာကို တွေ့ရ၏။

ကုသိုလ်ကံကြောင့် .... ကောင်းတာတွေကို မြင်ရ၊ကြားရ၊နံရ၊ စားရ၊ ထိရ၊ကြံစည်ရ၏။

အကုသိုလ်ကံကြောင့် .... မကောင်းတာတွေကို မြင်ရ၊ ကြားရ၊နံရ၊ထိရ၊ ကြံစည်ရ၏။

စိတ်ကြောင့် .... .... .... ထိုင်ရုပ်၊ ထရုပ်၊ သွားရုပ်၊ အိပ်ရုပ်၊ ပြောရုပ်၊ ပြုလုပ်ရုပ်များ တွေ့ရ၏။
ဥတုကြောင့် .... .... .... ပူရုပ်၊အေး ရုပ်၊ ချွေးယိုရုပ်၊ အိုက်စပ်ရုပ်နှင့် သိတဲ့ စိတ်,နာမ်ပါ ဖြစ်၏။
အာဟာရကြောင့် .... ချိုရုပ်၊ချဉ်ရုပ်၊ ခါးရုပ်၊စပ်ရုပ်၊ ဆိမ့်ရုပ်၊ငန်ရုပ် များကို တွေ့ရ၏။

ဤနာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးကို အမွေရခဲ့ပါလျှင် နိဗ္ဗာန်အထိ သာသနာကြီး မကွယ်တော့ပြီ။သေတာနှင့် နတ်ပြည် ကေန်ရတော့မည်၊ ရောက်လျှင် မဂ်ဖိုလ် ကေန်ရတော့မည်။ အပါယ်တံခါး ပိတ်ပြီး ဆင်းရဲသံသရာကြီး ပြတ်သွားပြီ။ ဘုံစဉ်စံ ဘဝရပါပြီ။ ၆၇-ဆင့်ကို ရ၍ ထိုတ်ဆုံးကု နေရတော့မည်။ ပဒေသာပင်နှင့် ငေဝေဆာဆာ ခံစားရမည်။နဂါးလည်ပင်းက ပတ္တမြားတောင်မှ လိုချင်တာရသေး၏။ သိန်းထီ ပေါက်တောင်မှ တသိန်းတန်ပစ္စည်းကို လိုချင်တာရသေး၏။ ဘုရားအမွေ ရသူတို့ကား အစိန္တေယျ အကျိုးတည်း။

---

## (၁၄၁) ခန္ဓာငါးပါးတွေ့ရပုံ

ဝိပဿနာအားထုတ်တော့ ပူပူ အေးအေး ရွရွ ဖြန်းဖြန်း စသည်ဖြင့် တွေ့ရသည်။တွေ့တော့ ဝမ်းမြောက်သည်၊ ပူအေးစသည်နှင့် ဝမ်းမြောက်ထာကို မှတ်မိသည်။ ထိုအခါ စေတနာသဒ္ဓါတိုး၍ ဝီရိယပါ ကောင်းလာသည်။ ရှေးလေးမျိုးကို စိတ်က သိသိနေသည်။တခုစီခွဲပြတော့ (၁) ပူပူ အေးအေး ရွရွ ဖြန်းဖြန်း ပေါ်တာက ရူပက္ခန္ဓာတည်း။ (၂) ဝမ်းမြောက်ထာက ဝေဒနာက္ခန္ဓာတည်း။ (၃) ရှေးဦးတွေ့တဲ့ ပူပူ ဝမ်းမြောက်ထာကို မှတ်မိတာက သညာက္ခန္ဓာတည်း။ (၄) စေတနာ သဒ္ဓါ ဝီရိယ တိုးတာက သင်္ခါရက္ခန္ဓာတည်း။(၅)သိသိနေတာက ဝိညာဏက္ခန္ဓာတည်း။ဤကား ကိုယ်တွေ့ ခန္ဓာငါးပါး ပေါ်ပုံတည်း။

### အာယတနတရား ကိုယ်တွေ့

အမျိုးမျိုးပေါ်လာတာက ရူပအာယတနတဲ၊ပေါ်တိုင်းသိသိနေတာက မနအာယတနတဲ ရုပ်အာယတနနှင့် နာမ်အာယတနတဲ ခေါ်သည်။

## ဓာတ်တရားကိုယ်တွေ့

အမျိုးမျိုး ခန္ဓာထဲက ပေါ်တာက ရူပဓာတ်တဲ့၊ သိသိနေတာက မန ဓာတ်တဲ့။ ဤလို ရုပ်နှင့်နာမ်ဓာတ်သာ အမှန်သစ္စာ အနေဖြင့် ပေါ်၍ နေပါသည်။

## သစ္စာတရားကိုယ်တွေ့

ခန္ဓာထဲမှ အမျိုးမျိုးပေါ်နေတာက ဒုက္ခသစ္စာတဲ့၊ပေါ်တော့ သဘော မနော ပြောင်းတာက သမုဒယသစ္စာတဲ့၊ တစတစပယ်ပယ်သွားလို့ သမု ဒယကို ပယ်သည်ဟု ခေါ်ပါသည်။အဝိဇ္ဇာ ဒိဋ္ဌိ ဝိစိ ချုပ်ငြိမ်း သွားတာက နိရောဓသစ္စာတည်း။ ချုပ်ထာငြိမ်းတာကို သိလိုက်ထာက မဂ္ဂသစ္စာတည်း။ ကျမ်းဂန်ပိဋကတ်များ၌ကား ဌာနသို့လိုက်၍ အမျိုးမျိုး အထွေထွေ ခွဲပြ ကြပါသေးသည်၊ သတိပြုပါ။

---

## (၁၄၂) ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့
## သင်ပုန်းကြီးတန်း နေယျနယ်က

(၁) အဝိဇ္ဇာဆိုတာ ဓာတ်လေးပါး ရုပ်နာမ် ၂-ပါးကို မသိတာ၊ မတွေ့တာ။ တနည်း၊ သစ္စာ ၄-ပါးနှင့်တကွသော ရှစ်ဌာနကို မသိတာတဲ့။ (၂) သင်္ခါရဆိုတာ ကုသိုလ်နှင့် အကုသိုလ်တဲ့။ (၃) ဝိညာဉ်ဆိုတာ မြင်တာ၊ ကြားတာ၊ နံတာ၊ လျက်တာ၊ ထိသိတာ၊ ကြံသိတာတဲ့။ (၄) နာမ်ရုပ် ဆိုတာ အေးပေါ်တာနှင့် သိနေတာတဲ့။ (၅) သဠာယတန ဆိုတာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတဲ့။ (ဤ၌ ကြည်လင်လာ၊မှုံလာနှင့် ပြပြ နေသည်)။ (၆) ဖဿဆိုတာ ကိုယ်၌ အာရုံတို့ထိခိုက်သဖြင့် တွေ့ရတာတဲ့။ ဥပမာ၊လက်၌ အေးတွေ့၊ခေါင်း၌ အုံတွေ့၊ရင်၌ ယားတွေ့ခြင်း အားဖြင့် လာလာ ထိတွေ့တဲ့ သဘောတွေတဲ့။ (၇) ဝေဒနာ ဆိုတာ ပူတဲ့ တေဇော ပေါ်လို့ မခံချင်တာ၊ အေးလာလို့မခံချင်တာ၊ ညောင်းလာလို့မခံချင်တာ၊ မခံချင်တာ အားလုံးဟာ ဝေဒနာတဲ့၊ (၈) တဏှာ ဆိုတာ လှတာ မြင်တော့လိုချင်တာ၊ ကောင်းတာတွေ့တော့ လိုချင်တာ။ (၉) ဥပါဒါန် ဆိုတာ လိုချင်အားကြီးလို့ အစွဲအလန်း ပြင်းထန်စွာ လိုချင်နေတာ။

(၁၀) ဘဝဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံတွေဘဲ။ (၁၁) ဇာတိဆိုတာ စ၍ဖြစ်ပေါ်တာဇာတိဘဲ။ ဥပမာ–အေးပေါ်၌ အစဦးစွာဖြစ်မှုဟာဇာတိဘဲ။ မြင်တာ၌ စမြင်တာ ဇာတိဘဲ။ လောဘ၌ စလိုချင်တာ ဇာတိဘဲ။ ရုပ် စိတ် စေတသိက်တိုင်း စဖြစ်ထာ ဇာတိဘဲ။ (၁၂) ဇရာအိုခြင်းနှင့် မရဏ သေခြင်းဆိုတာ အဆက်ရှိသော အသေနှင့် အဆက်ပြတ်သော အသေ ပင်တည်း။ ဥပမာ—အေး၍ ခံတတ်ပေါ်တော့ အစ, အလယ်, အဆုံး ၃–ပါး လုံးပါရှိပါသည်။ အစက ဇာတိဘဲ။ အလယ်က ဇရာဘဲ။ အဆုံးက မရဏဘဲ။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါး၌ အကန့် ၁၁–ပါးပြီး၏။ သောက စိုးရိမ်တာ၊ ပရိဒေဝ ငိုကြွေးတာ၊ ဒုက္ခ ဆင်းရဲတာ၊ ဒေါမနဿ စိတ်နှလုံး မသာတာ၊ ဥပါယာသ ပြင်းစွာပူလောင်တာ။အစုစု ၁၀–ပါး။ပဋိစ္စသမုပ္ပါဒ် တရား ကိုယ်တွေ့ရှာကြပါလေ။

——

## (၁၄၃) ပဋိစ္စသမုပ္ပါဒ်–၁၂၊ အကန့် ၁၁–၌ သစ္စာ ၄–ပါးစီ ရ၍ စတုစတ္တာလီသဉာဏ် ရပုံကား

သစ္စဝိနိမုတ္တံ ကိဉ္စိ ဥေယျံ နတ္ထိ။ ။မူလဋီကာ၊ သမ္မာသမ္ဗုဒ္ဓ အဖွင့်။ သစ္စာလေးပါးမှလွတ်ပြီး တစုံတခုသိအပ်သောတရားဆိုတာ မရှိပြီတဲ့။ ။ စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။ ။သစ္စာ ၄–ပါးထဲက လွတ်၍ နေသောတရားဟာ မရှိဘူးတဲ့။ သစ္စာတရား ကြားထဲမှာ နေတာမို့ အတွေ့ ရှာကြပါလေ။ (သစ္စာဖွဲ့၍ပြနေပါပြီ)။ သင်္ခါရ ဒုက္ခသစ္စံ၊ အဝိဇ္ဇာ သမုဒယ သစ္စံ၊ ဉဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ၊နိရောဓပဇာနနာ မဂ္ဂသစ္စံ–တဲ့ဗျား။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နံပါတ် ၂၇၃–အရ၊ သင်္ခါရာ၊ ကုသိုလ် အကုသိုလ် တို့သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာတည်း။ ဝါ၊ ဆင်းရဲခြင်း အမှန်တည်း။ အဝိဇ္ဇာ၊ ခံတတ်ကြီး ၄–ပါး ပရမတ်တရားကို မသိခြင်းသည်။ သမုဒယသစ္စံ၊ သမုဒယ သစ္စာတည်း။ ဝါ၊ ဆင်းရဲခြင်းကို ဖြစ်စေတဲ့ အကြောင်း အမှန်တည်း။ ဉဘိန္နမ္ပိ၊ အဝိဇ္ဇာ သင်္ခါရ ၂–ပါးတို့မှလည်း။ နိဿရဏံ၊ ထွက်မြောက် ခြင်းသည်။ နိရောဓသစ္စံ၊ နိရောဓ သစ္စာတည်း။ ဝါ၊ ချုပ်ငြိမ်းခြင်း အမှန်တည်း။ နိရောဓပဇာနနာ၊ ချုပ်ငြိမ်း ခြင်းကို

သိခြင်းသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ ပင်တည်း။ ဝါ၊ ချုပ်ငြိမ်း ခြင်းသို့ ရောက်ကြောင်း အကျင့်တည်း။ ၊အဲဒါ ပဋိသမ္ဘိဒါမဂ် ပါဠိတော်အရ သစ္စာ ၄-ပါးဖွဲ့ပြပုံတည်း။

အဝိဇ္ဇာကစ၍ မရဏအထိ ၁၂-ပါးရှိရာဝယ်၊ အဝိဇ္ဇာနှင့် သင်္ခါရ တွဲ၍ တကန့်။ သင်္ခါရနှင့်ဝိညာဉ်တွဲ၍တကန့်။ (လ) ဇာတိနှင့် ဇရာ မရဏ တွဲ၍ တကန့်အားဖြင့် အကန့်ပေါင်း ၁၁-ရှိသည်။ တကန့်တကန့်၌ သစ္စာ ၄-ပါးစီ ရှိနေတာမို့ ၁၁×၄ လီ၊ ၄၄-ဉာဏ်ရသည်။ အဲဒါကို စတုစတ္တာလီသဉာဏ်ဟု ခေါ်သည်။ ပထမ တကန့်ကို သစ္စာ ၄-ပါး ခွဲပြဦးအံ့။ (၁) အဝိဇ္ဇာက သမုဒယ သစ္စာဘဲ။ သင်္ခါရက ဒုက္ခ သစ္စာဘဲ။ အဝိဇ္ဇာ သင်္ခါရ ၂-ပါး ချုပ်ငြိမ်းတာက နိရောဓသစ္စာဘဲ။ထိုချုပ်ငြိမ်းတာကို သိတာက မဂ္ဂသစ္စာဘဲ။ ပထမအကန့်၌ သစ္စာ ၄-ပါးရပုံတည်း။ (၂) သင်္ခါရက သမုဒယသစ္စာ။ ဝိညာဉ်က ဒုက္ခသစ္စာ။ သင်္ခါရဝိညာဉ် ချုပ်ငြိမ်းတာက နိရောဓသစ္စာ။ ချုပ်ငြိမ်းတာကို သိတာက မဂ္ဂသစ္စာတည်း။ (၃) ဝိညာဉ်က သမုဒယသစ္စာ။ နာမ်ရုပ်က ဒုက္ခသစ္စာ။ ဝိညာဉ်နာမ်ရုပ်ချုပ်ထာက နိရောဓသစ္စာ။ သိတာက မဂ္ဂသစ္စာတည်း။ (၄) နာမ်ရုပ်က သမုဒယသစ္စာ။ သဠာယတနက ဒုက္ခ သစ္စာ။ နာမ်ရုပ်သဠာယတနချုပ်တာက နိရောဓသစ္စာ။ ချုပ်ထာကိုသိတာက မဂ္ဂသစ္စာတည်း။ (၅) သဠာယတနက သမုဒယသစ္စာ။ ဖဿက ဒုက္ခသစ္စာ။ သဠာယတန ဖဿ ချုပ်ထာက နိရောဓသစ္စာ။ ချုပ်ထာကို သိတာက မဂ္ဂ သစ္စာတည်း။ (၆) ဖဿက သမုဒယသစ္စာ။ ဝေဒနာက ဒုက္ခသစ္စာ။ ဖဿ ဝေဒနာချုပ်တာက နိရောဓသစ္စာ။ ချုပ်ထာကိုသိတာက မဂ္ဂသစ္စာတည်း။ (၇) ဝေဒနာက သမုဒယသစ္စာ။ တဏှာက ဒုက္ခသစ္စာ။ ဝေဒနာ တဏှာ ချုပ်ထာက နိရောဓသစ္စာ။ ချုပ်တာကို သိတာက မဂ္ဂသစ္စာတည်း။ (၈) တဏှာက သမုဒယသစ္စာ။ ဥပါဒါန်က ဒုက္ခသစ္စာ။ တဏှာ ဥပါဒါန်ချုပ်ထာက နိရောဓသစ္စာ။ ချုပ်ထာ သိတာက မဂ္ဂသစ္စာတည်း။ (၉)ဥပါဒါန်က သမုဒယသစ္စာ။ဘဝက ဒုက္ခသစ္စာ။ဥပါဒါန်ဘဝ ချုပ်ထာက နိရောဓသစ္စာ၊ ချုပ်ထာသိတာက မဂ္ဂသစ္စာတည်း။ (၁၀) ဘဝက သမုဒယ သစ္စာ၊ ဇာတိက ဒုက္ခသစ္စာ၊ ဘဝဇာတိချုပ်ထာက နိရောဓသစ္စာ၊ ချုပ်ထာ သိတာက မဂ္ဂသစ္စာတည်း။ (၁၁) ဇာတိက သမုဒယသစ္စာ၊ ဇရာ မရဏက

ဒုက္ခသစ္စာ၊ ဇာတိဇရာမရဏ ချုပ်ထားက နိရောဓသစ္စာ၊ ချုပ်ထားသိတာက မဂ္ဂသစ္စာတည်း။ ဤစတုစတ္တာလီသ ဉာဏ်တော်ကြီးကို အမွေခံယူ၍ ကိုယ်တွေ့ ရှာကြပါကုန်။ ။ဓာတ်တွေ့တော့ အပါယ်တံခါး ပိတ်၏။ အပါယ်ဘုံ၌ဖြစ်သော ပဋိစ္စသမုပ္ပါဒ်၌ သစ္စာ ၄၄-ပါးတည်း။

---

## (၁၄၄) နိဒါနဝဂ္ဂသံယုတ်နှင့် ဉာဏဝိဘင်း၌ပြခဲ့သော သတ္တသတ္တတိ ဉာဏ်တော်ကြီး ၇၇-ပါး

အဝိဇ္ဇာတည်းဟူသော အကြောင်းခံမှုရှိလျှင် အကျိုးရှိ၏ဟု သိသော ဉာဏ်တပါး၊အဝိဇ္ဇာတည်းဟူသော အကြောင်းခံမှုမရှိလျှင် သင်္ခါရအကျိုး မရှိဟု သိသော ဉာဏ်တပါး။ (အဲဒါ ပစ္စုပ္ပန်အဘို့ဉာဏ် ၂-ပါးတည်း)။ အဝိဇ္ဇာတည်းဟူသော အကြောင်းခံမှု ရှိလျှင် သင်္ခါရအကျိုး ရှိ၏ဟု သိသော ဉာဏ်တပါး၊အဝိဇ္ဇာတည်းဟူသော အကြောင်းခံမှုမရှိလျှင် သင်္ခါရ အကျိုးမရှိဟု သိသောဉာဏ်တပါး။ (အဲဒါ အတိတ်၌ဉာဏ် ၂-ပါးတည်း)။ အဝိဇ္ဇာတည်းဟူသော အကြောင်းခံမှုရှိလျှင် သင်္ခါရအကျိုးရှိ၏ဟု သိသော ဉာဏ်တပါး၊ အဝိဇ္ဇာအကြောင်းခံမှုမရှိလျှင် သင်္ခါရအကျိုးမရှိဟု သိသော ဉာဏ်တပါး။ (အဲဒါ အနာဂတ်၌ဉာဏ် ၂-ပါးတည်း)။အဝိဇ္ဇာနှင့် သင်္ခါရ ၂-ပါးစလုံး၌ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ ငါမရှိ သူမရှိ၊ အနိစ္စ,ဒုက္ခ,အနတ္တသာ တည်းဟု သိသော ဉာဏ်တပါးအားဖြင့် ၇-ပါးတည်း။ အဝိဇ္ဇာသင်္ခါရ၌ ၇-ပါး၊ သင်္ခါရပစ္စယာ ဝိညာဏ်၌ ၇-ပါး၊ ဝိညာဏပစ္စယာ နာမရူပ်၌ ၇-ပါး၊ နာမရူပပစ္စယာ သဠာယတန်၌ ၇-ပါး၊ သဠာယတနပစ္စယာ ဖဿော၌ ၇-ပါး၊ဖဿပစ္စယာ ဝေဒနာ၌ ၇-ပါး၊ ဝေဒနာပစ္စယာ တဏှာ၌ ၇-ပါး၊ တဏှာပစ္စယာ ဥပါဒါန်၌ ၇-ပါး၊ ဥပါဒါနပစ္စယာ ဘဝေါ၌ ၇-ပါး၊ ဘဝပစ္စယာဇာတိ၌ ၇-ပါး၊ ဇာတိပစ္စယာဇရာမရဏ၌ ၇-ပါး အားဖြင့် (၁၁) ကန့်၌ ၇×၁၁-လီမို့ ၇၇-ပါးသော သတ္တသတ္တတိ ဉာဏ်တော်ကြီးကို ရရှိပြန်တော့၏။ ။ဥပမာ၊ မျိုးစေ့ကြောင့် အပင်ဖြစ်၏။ အပင်ကြောင့် မျိုးစေ့ဖြစ်၏ စသည်ဖြင့် သံသရာလယ်နေပုံ၊ ပဋိစ္စသမုပ္ပါဒ် လယ်နေပုံ၊ဝဋ္ဋလယ်၍ နေပုံကိုသိရတော့ ဘဝ၌ဒုင်း၊ယောနိ၌ဒုင်း၊ဂတိ၌ဒုင်း၊

ဝိညာဏင္ဌိတိ၌ရှင်း၊ သတ္တာဝါသ၌ရှင်း အကြောင်းအကျိုး လယ်၍နေတာ ကိုသာ တွေ့ရသဖြင့် ပျင်းမုန်းငြီးငွေ့ ဆန့်ကျင်၍ နေတော့သည်၊ ထွက် မြောက်လာလေပြီ။

---

## (၁၄၅) ပဋ္ဌာန်း ၂၄-ပစ္စည်း ကိုယ်တွေ့

(၁) ခေတ်ကြီး ၄-ပါး ပရမတ်တရားကို ရှုပွားမှသာ ဒိဋ္ဌိကွာမည်၊ အဝိဇ္ဇာကွာမည်၊ ဝိစိကိစ္ဆာကွာမည်ဟု သိရှိနေတာက အမေးဟဟိတ်မို့ ဟေတုပစ္စယော တွေ့တာဘဲ။ (၂) ပေါ်နေတဲ့ခေတ် ၄-ပါးကို ရှုပွားပြီး အာရုံပြု၍နေတာက အာရမ္မဏပစ္စယောတွေ့တာဘဲ။ (၃) စိတ်ထားသန်သန် ဝိရိယသန်သန် ဆန္ဒသန်သန် ပညာသန်သန် မာမာနှင့် ရှု၍နေတာက အဓိပတိပစ္စယောဘဲ။ (၄) ပူပျက်လို့အေးပေါ်၊ အေးပျက်လို့ ယားပေါ် စသည်ဖြင့် တခုပြီးမှတခု ဆက်ဆက် ရှုပွားနေတာက အနန္တရပစ္စယောဘဲ။ (၅) ပူလဲသိ၊ အေးလဲသိ၊ ယားလဲသိ၊ အဲဒါလို တသိပြီးမှ တသိ၊ သိသိနေ တာက သမနန္တရပစ္စယောဘဲ။ (၆) ပေါ်သိ၊ အေးသိ၊ နာသိ၊ အဲဒါလို ရုပ်နှင့်နာမ် တွဲပေါ်-တွဲပျက် စသည်ဖြင့် ကေုပ္ပါဒနှင့် ရှု၍နေတာက သဟ ဇာတပစ္စယောဘဲ။ (၇) ရုပ်ကြောင့်နာမ်၊ နာမ်ကြောင့်ရုပ် ဆက်ဆက် ဖြစ်နေတာကို ရှုနေတာက အညမညပစ္စယောဘဲ။ (၈) ပေါ်တဲ့ရုပ်ကိုမှီ၍ နာမ်ကသိရသည် နိဿယပစ္စယောဘဲ။ (၉) ရှေးရှေးပါရမီအတိုင်း ခေတ် ပေါ်သည်။ ဥပမာ၊ ရှေးရှေးဘဝက ပဋ္ဌဝီနှင့် ပါရမီဖြည့်ခဲ့လို့ ယခုအခါ ပဋ္ဌဝီခေတ်ပေါ်သည်။ အဲဒါ ဥပနိဿယပစ္စယောဘဲ။ (၁၀) အေးတဲ့ တေဇောက အရင်ပေါ်ပြီး ကျေးဇူးပြုလို့ နာမ်ကသိရသည်။ အဲဒါ ပုရေ ဇာတပစ္စယောဘဲ။ (၁၁) မိဘကို နောက်မှဖြစ်တဲ့ သားသမီးက ကျေးဇူး ပြုတာလို ရှေးရှေး ဖြစ်ဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို နောက်မှ ဖြစ်တဲ့ သတိ သမာဓိ, ပညာ, စိတ်, စေတသိက်က ကျေးဇူးပြုတယ်။ အဲဒါ ပစ္ဆာဇာတ ပစ္စယောဘဲ။ (၁၂)ဝီထိချတော့ ဇောပေါင်း ၇-ကြိမ်ကျတယ်။ပဌမဇောက ဒုတိယဇောကို အားဖြည့်။ ဤပုံ ဒုမှတ၊တမှစ၊စမှပ၊ပမှဆ၊ဆမှသတ္တမဇောကို အားပေးတယ်။ အဲဒါ အာသေဝန ပစ္စည်းတဲ့၊ အာသေဝနပစ္စယောဘဲ။

(၁၃) ဒါနကံ၊ သီလကံ၊ သမထကံ၊ ဝိပဿနာကံတို့က လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာ့ပြည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင်၊ သူ့တာဝန်နှင့်သူ သူ့အားနှင့်သူ တင်ပို့ဆောင်ပို့ခြင်းသည် ကမ္မပစ္စယောဘဲ။ (၁၄) ဝိပါကပစ္စယောဆိုတာ ဝိပါက်ဖြစ်တဲ့ ခန္ဓာကြောင့် ရှာစားရ အနာရောဂါရရ လုပ်ရ ကိုင်ရ ရှင်ရ မရှင်ရ စသည်တို့ကား ဝိပါကပစ္စယောဘဲ။ (၁၅) ကံအာဟာရ ဝိညာဉ် အာဟာရ မနောသဉ္စေတနာ အာဟာရ ကဗဠိကာရ အာဟာရ ၄-ပါး ကြောင့် ခန္ဓာ ကိုယ်ကြီး တောင့်တင်း ခိုင်မြဲ သန်မာ ထွားကြိုင်း နေတာ အသက် ရှည်၍ နေတာဟာ အာဟာရ ပစ္စယောဘဲ။ (၁၆) သဒ္ဓါတရား ကြီးလို့ အားထုတ်တာက ဣန္ဒြိယပစ္စယောဘဲ။ (၁၇) ဓာတ်တရားကို နာမ်တရားက သိသိ နေတာက ဈာနပစ္စယောဘဲ။ တနည်း။ ဓာတ်ပေါ် ဘော့ နာမ်က ရှု၍နေစဉ် ဘယ်အကုသိုလ်မှ ဘယ်ကိလေသာမှ မဝင်နိုင်။ နိဝရဏကိုခွဲထားနိုင်တာက ဈာနပစ္စယောဘဲ။ (၁၈) ရုပ်ပေါ်လို့ နာမ်က သိသိနေစဉ် စိတ်၌ မဂ္ဂင် ၈-ပါး ပါဝင် နေတော့၏။ ၎င်းမဂ္ဂင်က သူ၏ ဆန့်ကျင်ဘက် မိစ္ဆာမဂ္ဂင်ကို သတ်ပြီး၊ နိဗ္ဗာန်ဘက်သို့ ကိုင်းရှိုင်းညွတ်တွား နေတာက မဂ္ဂပစ္စယောဘဲ။ အတိုချုပ်မှာ ရုပ်ပေါ်တိုင်း စိတ်က သိသိ နေခြင်း။ (ပေါ်သိ ပေါ်သိ ပေါ်သိ) အဲသည် လမ်းစဉ်ဟာ မဂ္ဂပစ္စယော ဘဲ။ ၎င်းလမ်းစဉ်က သူ့ဆိုင်ရာဖြစ်ပွားအောင် ကျေးဇူးပြု၍ နေပါသည်။ (၁၉) စိတ်ဖြစ်တိုင်း စေတသိက်များ တွဲတွဲ ပါရခြင်းကတော့ သမ္ပယုတ္တ ပစ္စယောဘဲ။ (၂၀) ရုပ်က ပေါ်ပေး၏၊ စိတ်က သိနေ၏၊ ဒါပေမဲ့ (ပေါ်သိ-ပေါ်သိ)နှင့် နာမ်ရုပ်တို့ အာရုံ အာရမ္မဏိက စပ်ပေမဲ့ ရုပ်နဲ့ နာမ်ဟာ မယှဉ်တွဲပါ။ အဲဒါ ဝိပ္ပယုတ္တပစ္စယောဘဲ။ (၂၁) လူ၏ စိတ်၌ ဉာဏ်ပညာရှိ၏။ ထိုဉာဏ်ပညာဖြင့် ပြုလုပ် နေခြင်းဟာ အတ္ထိပစ္စယောဘဲ။ (၂၂) လူ၏စိတ်၌ ဉာဏ်ပညာမရှိ၊ ဉာဏ်ပညာ မရှိတဲ့နှင့် အလွဲလွဲ လုပ်နေ ခြင်းဟာ နတ္ထိပစ္စယောဘဲ။ (၂၃) ဥပမာ-လူမှာ ရွှေငွေ မရှိ၊ ရွှေငွေ မရှိလို့ ပင်ပန်းနွမ်းနယ် ဒုက္ခသုက္ခ ရောက်နေ ခြင်းကား ဝိဂတပစ္စယောဘဲ။ (၂၄) လူမှာ ရွှေ၊ ငွေ ပေါများစွာရှိ၏။ ရွှေ၊ ငွေ ပေါများလို့ ချမ်းချမ်း သာသာ နေရ စားရ ပျော်ရ ပါးရ ရှင်လန်းစွာ နေထိုင်နိုင်ရ ခြင်းကား အဝိဂတပစ္စယောဘဲ။

သင်ပုန်းကြီးတန်းစားများ သိဘို့ တွေ့ဘို့ ပဋ္ဌာန်း ၂၄-ပစ္စည်းကိုယ်တွေ့ ဉာဏ်မြင်ကို သဲလွန်စ ရှာပြရေးသားရခြင်းမျှသာ ဖြစ်ပါတော့သည်။

---

## (၁၄၆) (အေး)ပေါ် တခုထဲ၌ အစုံပါလာပုံ

တရား အားထုတ်တော့ (အေး)ပြီး ပေါ်တယ်။ ထိုအေးခေတ်၌ အစုံ ပါဝင်နေပုံကား၊ အေးခေတ်ဟာ ခန္ဓာပါဘဲ။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်-စသော တဆဲ့ဘပါးသော အသိဉာဏ်တွေ အေးခေတ်၌ စုပေါ်ခြင်းကြောင့်တည်း။ အေးခေတ်ဟာ အာယတနပါဘဲ။ အကြောင်းကား၊ အေးခေတ်သည် နိဗ္ဗာန်အထိ ချဲ့ထွင်သောသတ္တိကြောင့်တည်း။ အေးခေတ်ဟာ ခေတ်တရားပါဘဲ။ အကြောင်းကား၊ သူ့သဘော သူဆောင် လာသောကြောင့်တည်း။ အေးခေတ်ကား သစ္စာပါဘဲ။ အကြောင်းကား၊ ပရမတ်မှန် သစ္စာမှန် ဖြစ်သောကြောင့်တည်း။ အေးခေတ်ကား ပဋ္ဌာန်း တရားတည်း။ အကြောင်းကား၊ ပရမတ်အနေနှင့် ပြဋ္ဌာန်းသော သတ္တိ ၂၄-ပါးတွင် တပါးပါးရှိနေသောကြောင့်တည်း။ အေးခေတ်ကား ပဋိစ္စသမုပ္ပါဒ်တည်း။ အကြောင်းကား၊ ရုပ်နှင့်နာမ် အကြောင်းအကျိုးဆက်ကာ ပေါ်လာသောကြောင့်တည်း။ အေးခေတ်ကား သံသရာပင်တည်း။ အကြောင်းကား၊ အေးခေတ်၌ (ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက်) မပြတ်ဖြစ်၍ နေသောကြောင့်တည်း။ အေးခေတ်ကား လောကပင်တည်း။ အကြောင်းကား၊ အေးခေတ်၌ ဖြစ်ပျက်ခြင်း ရှိနေသောကြောင့်တည်း။ ဤပုံစံ နမူနာအတိုင်း ပေါ်ပေါ် လာတဲ့ ခေတ်တရားအတိုင်း သတ္တိကိုကြည့်ပြီး အမည်တပ်ကြပါကုန်။ အဲဒါ သဲလွန်စ နည်းပြချက်တည်း။ ခေတ်တခု၌ အစုံမပါဘူးဟု ထင်တာဟာ ပညာခံမရှိသေးလို့ပင်တည်း။

အေး၍ခေတ်ပေါ်ရာ၌ အေးခြင်းသဘောကား ပရမတ်။ ၎င်းအေးတာကို တေဇောဟူ၍ နာမည် မှည့်ခြင်း ပညတ်။ (သဘော ပရမတ်၊ အပြော ပညတ်)။ တနည်း-အေးခြင်းသတ္တိက ပရမတ်၊ အေးတာဘဲ အမည်ကား နာမပညတ်တည်း။

အေးဓာတ်ပေါ်၍လာတော့ (စပြီးအေးတာက ဥဒယသဘောအဖြစ်) တည်း။ အေးပြီးတော့ ပျက်၍ သွားတာက ဝယသဘော အပျက်တည်း။ ဤ၌ အဖြစ်သည် အပျက်သို့မရောက်ပါ၊ အပျက်သည် အဖြစ်သို့မရောက်ပါ၊ သူ့နေရာ၌ပင် သူမမြဲဘဲ ချုပ်ရပါသည်။ အနိစ္စသဘော ပျက်ပျက်နေခြင်း၊ ချုပ်ချုပ်နေခြင်း။ မမြဲခြင်းသည် သေခြင်းတမျိုး အသေးစိတ်ပင် ဖြစ်၍ ဒုက္ခသဘောတည်း။ (တနည်း။ ထိုထိုဓာတ်တရားတို့၏ ပျက်ခြင်း၊ ချုပ်ခြင်း၊ မမြဲခြင်း၊ သေခြင်းကို မည်သူမှမနှစ်သက်ကြ၊ မသာယာကြ၊ မစုံမက်ကြ၊ မတောင့်တကြ၊ မလိုလားကြ။ အဲဒါတွေဟာ ဒုက္ခလက္ခဏာ သဘောတို့ပင်တည်း)။ ထိုမမြဲခြင်း၊ ပျက်ခြင်း၊ ချုပ်ခြင်းကို တားမရ, ဆီးမရ, ရွှေ့မရ, ယူမရ, အလိုမလိုက် အကြိုက်မပါ၊ အဲဒါဟာ အနတ္တ သဘောတည်း။ အေးဓာတ်ပေါ်ရာ၌ အနိစ္စ, ဒုက္ခ, အနတ္တပါရှိပုံ နံမူနာတည်း။

---

## (၁၄၇) အေးဓာတ်ပေါ်ရာ၌ ပရိညာသုံးပါး ပါရှိပုံကား

အေးဓာတ်ပေါ်လာတော့ အေးတာက ရုပ်တရားဘဲ၊ သိတာက နာမ်တရားဘဲ။ (ဤကား နာမရူပပရိစ္ဆေဒဉာဏ် ရပုံတည်း)။ အေးတဲ့ရုပ်က အကြောင်းတရားဘဲ၊ သိတာက အကျိုးတရားဘဲ။ (ဤကား ပစ္စယပရိဂ္ဂဟဉာဏ်ရပုံပင်တည်း)။ဤဉာဏ် ၂-ဆင့်တွေ့ရလျှင်(ဉာတပရိညာစခန်း အောင်မြင်ပါပြီတဲ့)။ (အေးပေါ်လို့သိ) ဤရုပ်နာမ်၌ ပြခဲ့ပြီးသော နည်းအတိုင်း အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာပါ တွေ့ရတော့သည်။ (ဤကား တီရဏပရိညာ အောင်မြင်ပုံတည်း)။

အေးတဲ့ရုပ်မှာလဲ ငါမပါ သူမပါဒါတွေ့ရလို့ ဒိဋ္ဌိကွာပါပြီ ဒိဋ္ဌိပယ်ပြီ။ သိတဲ့နာမ်မှာလဲ ငါမပါ သူမပါ ဒိဋ္ဌိကွာပါပြီ ဒိဋ္ဌိပယ်ပြီ၊ ဒိဋ္ဌိပယ်ပြီးတော့ အေးရုပ် သိနာမ် ၂-ပါး၌ ငါသူဘဲလား ငါသူမဟုတ်ဘူးလားဟု ဝိစိကိစ္ဆာလဲကွာပြီ ပယ်နိုင်ပြီ။ရင်းအေးရုပ် သိနာမ်၌ပါရှိတဲ့ အနိစ္စတွေ့သဖြင့် နိစ္စကို ပယ်၏။ ဒုက္ခကိုတွေ့သဖြင့် သုခကိုပယ်၏။ အနတ္တကိုတွေ့သဖြင့် အတ္တကို ပယ်၏။ အဲဒါလို (သက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊နိစ္စ၊သုခ၊ အတ္တ-စသော အမှားမိစ္ဆာတို့ကို ပယ်နိုင် သတ်နိုင်တာကတော့) (ပဟာနပရိညာစခန်း၌ အောင်ပန်းရပုံတည်း)။ ပရိညာ ၃-ပါး တွေ့သွားရပုံ ပြီး၏။

## (၁၄၈) ဝိသုဒ္ဓိခုနစ်ပါး ကိုယ်တွေ့ တွေ့သွားရပုံ

(၁) တရားအားထုတ်၍နေခဲ့ရာ (အေး+သိ၊အေး+သိ အေး+သိ)နှင့် ရှုပွားနေတော့ ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ် လုံခြုံကာ နေဆဲပင်။ ၂၂၇-သွယ်သော သိက္ခာပုဒ်များလဲ လုံခြုံကာ နေဆဲပင်။အဲဒါ ပါတိမောက္ခ သံဝရသီလ လုံခြုံပုံပါဘဲဗျာ။ (အေးသိ၊အေးသိ၊အေးသိ)နှင့် ရှုနေတော့ ဘယ်အာရုံသို့မှ မရောက်တော့ပြီ၊ ဣန္ဒြေ ၆-ပါးလုံ၍ ဣန္ဒြိယသံဝရသီလလဲ လုံခြုံပုံတည်း။ (အေးသိ၊အေးသိ၊အေးသိ) ရှုနေတုန်းမှာ အာဇီဝအသက် မွေးမှု သန့်ရှင်းနေခိုက်မို့ အာဇီဝပါရိသုဒ္ဓိလဲ လုံခြုံပါပြီ။(အေးသိ၊အေးသိ၊ အေးသိ) တွေ့နေရာ ရှုနေရာ၌ မဟာပစ္စဝေက္ခဏာ ပရမတ္ထပစ္စဝေက္ခဏာ ပွားနေတာဖြစ်လို့ ပစ္စယသန္နိဿိတသီလ လုံခြုံပါပြီ။ ဤ ၄-ပါးလုံခြုံမှုကား သီလဝိသုဒ္ဓိ ကိုယ်တွေ့ရပုံတည်း။ (၂) အေးသိ၊အေးသိ၊အေးသိဖြင့် ရှုပွား နေတော့ စိတ်သည် တည်ကြည်၍ နေတော့၏။ နီဝရဏခြောက်ပါး မလာ ချေ။အဲဒါ စိတ္တဝိသုဒ္ဓိ ကိုယ်တွေ့ရပုံတည်း။ (၃)အေးသိ၊အေးသိ၊အေးသိနှင့် ရှုနေတော့ အေးတဲ့ရုပ်၌ ငါမပါ သူမပါ။၊၂၆-ပါး အမှားမပါချေ။ သိတဲ့ နာမ်၌လည်း ငါမပါ သူမပါ၊ အမှား ၂၆-ပါး မပါသဖြင့် ဒိဋ္ဌိပြုတ်ပြီ ဒိဋ္ဌိကွာပြီ၊ အမှားစင်ကြယ်ပြီ၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ကိုယ်တွေ့ရပုံ အောင်မြင် ပုံတည်း။ (၄) အေးသိ၊အေးသိ၊အေးသိနှင့် ရှုပွားကာနေတော့ အေး တာက ရုပ်အကြောင်း တရားဘဲ၊ သိတာက နာမ်အကျိုး တရားဘဲ၊ အကြောင်းကြောင့် အကျိုးဖြစ်ရတာဘဲ။ မှားပြီး ဘုရားဖန်ဆင်းလို့ ဗြဟ္မာဗိဿနိုးဖန်ဆင်းလို့ ထာဝရဘုရားဖန်ဆင်းလို့ နတ်,သိကြားဖန်ဆင်းလို့ မဟုတ်ဘူးဟု ဝိသမဟေတုကဒိဋ္ဌိကို ပယ်သတ်တော့၏။ယုံမှားခြင်း ၈-ပါး ၁၆-ပါး လွန်မြောက်သွားပြီဖြစ်ရကား ကင်္ခါဝိတရဏဝိသုဒ္ဓိ ကိုယ်တွေ့ ရပုံ တည်း။ (၅) အေးသိ၊အေးသိ၊အေးသိနှင့် ရှုပွားနေရာ တခါတရံ လင်းတဲ့ အရောင် အကြည်ဓာတ်ကို တွေ့ရတတ်ပေ၏။အဲဒါ အမဂ္ဂ မဂ်မှား ပညတ် တရားပါဘဲ×အေးသိ၊ အေးသိ၊ အေးသိ တွေ့ရတာကား မဂ္ဂဘဲ၊ မဂ်မှန်ဘဲ၊ ပရမတ်ဘဲ။ဤလို မဂ်မှားနှင့် မဂ်မှန်တွေ့၍ မဂ်မှန်ဘက်သို့လိုက်သွားတာက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ကိုယ်တွေ့ရပုံတည်း။ (၆) အေးသိ၊ အေးသိ၊ အေးသိဘို့၌ အနိစ္စ,ဒုက္ခ,အနတ္တတွေ့ပြီး ရှုနေတာက ပဋိပဒါဉာဏဒဿန

ဝိသုဒ္ဓိကိုယ်တွေ့ရပုံတည်း။ (၇) အေးသိ၊ အေးသိ၊ အေးသိနှင့် တွေ့နေမြဲ အာရုံတွေ ဖြုံးကနဲ ချုပ်သွား ငြိမ်းသွား ပျောက်သွားတဲ့(နိရောဓသစ္စာကို သိတဲ့ မဂ္ဂသစ္စာ)ဖြင့် အာရုံပြု၍ နေတာက ဉာဏဒဿနဝိသုဒ္ဓိ ကိုယ်တွေ့ရပုံ တည်း။ ဤဉာဏဒဿနဝိသုဒ္ဓိ၌(ပဝတ္တံ သင်္ခါရံ၊ အပဝတ္တံ နိဗ္ဗာနံ)စသည်ဖြင့် ယောဂီ၏ ပါရမီအလျောက် တွေ့ရပုံ အမျိုးမျိုးကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် ကြီး၌ ပြထားလေသည်။ အစဝယ် ပြခဲ့ပြီးသော နိဗ္ဗာန်မြင်စခန်း၌ ကိုယ်တွေ့ တွေ့ရပုံ ၄၀-ကို ရေးခဲ့ပြီ ချဲ့ခဲ့ပြီဖြစ်၍ ဤနေရာ၌ မချဲ့ကော့ပြီ။

---

## (၁၄၉) ဉာဏ်စဉ်ဆယ်ပါး ၁၆-ပါး ကိုယ်တွေ့ရသွားပုံ

ဝိပဿနာတရားကို အားထုတ်တော့၊ ခန္ဓာကိုယ်ထဲမှ ဓာတ်ကြီး ၄-ပါး တရားတွေဟာ ဌာနနဲ့ သဘာဝနဲ့ ပမာဏနဲ့ ကလာပနဲ့ ပဟာနနဲ့ ဉာဏနဲ့ အာနုဘာဝနဲ့ ၇-မျိုး ပေါ်လာသည်။ ဥပမာ (၁) အေးအေး ပေါ်တဲ့ သဘောက ရုပ်တရားဘဲ၊ သိသိနေတာက နာမ်တရားဘဲ။ အဲဒါလို ရုပ်နှင့် နာမ် ခွဲခြားပြီး တွေ့ရ သိရတော့ နာမရူပ ပရိစ္ဆေဒဉာဏ် ကိုယ်တွေ့ ရရှိ ပါတော့သည်။ (၂) အေးအေး ပေါ်တာက အကြောင်း ရုပ်တရားဘဲ။ သိသိ နေတာက အကျိုး နာမ်တရားဘဲ စသည်ဖြင့် အကြောင်း အကျိုး ဆက်သွယ်၍ ဖြစ်နေပုံ ကိုရင်း။ ဘုရား ဖန်ဆင်းလို့၊ နတ်,သိကြား,ဗြဟ္မာ ဖန်ဆင်းလို့ မဟုတ်၊ ကံ အကြောင်း စိတ် အကြောင်း ဥတု အကြောင်း အာဟာရအကြောင်း ၄-ပါးတို့ကြောင့်သာလျှင် ရုပ်တရားဖြစ်ရပုံကိုရင်း၊ သိရ တွေ့ရတော့ ပစ္စယပရိဂ္ဂဟဉာဏ် ကိုယ်တွေ့ ရရှိပါ တော့သည်။ (၃) အေးသိ-အေးသိ-အေးသိနှင့် နေတော့ ရုပ်နာမ်တို့၏ မမြဲပုံ အနိစ္စ၊ မမြဲဘာပင် ဒုက္ခ၊ မမြဲဘာကို တားမရ ဆီးရေလို့ အနတ္တဘဲ ဟူ၍ အတိတ် အနာဂတ်, ပစ္စုပ္ပန်, ဒူရ, အာသန္န, ဟီန, ပဏီတ, အဇ္ဈတ္တ, ဗဟိဒ္ဓ, သုခုမ, ဩဠာရိက-အားဖြင့် ၁၃-ဌာနတို့တွင် တပါးပါးသောဌာန၌ လက္ခဏာရေး တွေ့ရလျှင် သမ္မသနဉာဏ် ကိုယ်တွေ့ရပြန်တော့၏။ (၄) အေးသိ-အေးသိ- အေးသိ၌ အေးဆိုတဲ့ ရုပ်တရားဝယ် စဖြစ်ထာက ဥဒယဘဲ။ အဆုံးပျက် သွားတာက ဝယဘဲ။ ဗမာလို ဖြစ်ပျက်ဘဲ။ ပါဠိလိုတော့ ဥဒယဗ္ဗယဘဲဟု

တွေ့တော့ ဥဒယဗ္ဗယ ဉာဏ်သို့ ရောက်ပါတော့သည်။ (၅) ဘင်္ဂဉာဏ် ဆိုတာ အေးသိ-အေးသိ-အေးသိနှင့် ရှုခါနေရင်းပင် ခန္ဓာ ကိုယ်ထဲမှ သဲ ကမ်းပါးကိုရေစားတော့ တဖွားဖွားနှင့် အပျက်ကိုသာ တွေ့ရတော့သည်။ (ယထာ ပုဗ္ဗုဠုကံ ပဿေ) အရဖြင့် ရေပွက်များ ပျက်၍ပျက်၍ နေသလို တွေ့ရ တတ်သည်။ (ယထာ ပဿေ မရီစိကံ) အရဖြင့် တံလျှပ် များလို တလျှပ်လျှပ်နှင့် တရိပ်ရိပ်နှင့် ဖြိုးဖြိုးတွေ ဖြင်းဖြင်းတွေ ရှိန်ရှိန်တွေ သုတ်သုတ်တွေ ရွရွတွေ မွမွတွေ တရှိန်းရှိန်းနှင့် ရိုးတိုးရွတနှင့် စိုးစိုးစစ်စစ်နှင့် တဖြန်းဖြန်းနှင့် ဘင်္ဂ အပျက်တွေကိုသာ တွေ့မြင် ရပါတော့သည်။ အဲဒါ ဘင်္ဂဉာဏ် လက်တွေ့ ပါဘဲ။ (၆) ဘယဉာဏ်သို့ ရောက်တော့၊ ယောဂီ၏ စိတ်ထဲမှာ ဥပမာအားဖြင့်ဆိုရသော်။ (က) ကြံ့အပေါင်း ဆင်အပေါင်း တို့ဖြင့် ဝန်းရံခြင်းကိုခံနေရသော ဆင်ပြောင်ကြီးကဲ့သို့ရင်း၊ ဂဠုန်အပေါင်း တို့ဖြင့် ဝန်းရံမိသော နဂါးကဲ့သို့ရင်း၊ စပါးကြီးမြွေပတ်မိသော ခွေးကဲ့သို့ ရင်း၊ ကျွဲတို့ဖြင့်ဝန်းရံမိသော ဝံကဲ့သို့ရင်း၊ နဂါးသည် အစဉ်လိုက်သတ်အပ် သော ဘားကောင်ကဲ့သို့ရင်း၊ သစ်ဆင်သည် အစဉ်လိုက်အပ်သော သမင် ကဲ့သို့ရင်း၊ အလမ္ပာယ်၏လက်သို့ရောက်ရှိနေသော မြွေကဲ့သို့ရင်း၊ ကြောင်နှင့် တွေ့၍နေသော ကြွက်ကဲ့သို့ရင်း၊ ပယောဂဆရာ၏ လက်တွင်းသို့ ရောက်၍ နေသော မြေဘုတ်ဘီလူးကဲ့သို့ရင်း၊ ရာဟုခံတွင်းသို့ ရောက်၍နေသော လ ကဲ့သို့ရင်း၊ ချိုင့်ထဲသို့ရောက်၍နေသော ငှက်ကဲ့သို့ရင်း၊ ပိုက်ကွန်အတွင်းသို့ ရောက်၍နေသော ငါးကဲ့သို့ရင်း၊ သားရဲပေါသောတောအုပ်ထဲသို့ရောက်၍ နေသော ယောကျ်ားကဲ့သို့ရင်း၊ ဝေဿဝဏ် နတ်မင်းအား ပြစ်မှားမိသော နတ်ဘီလူးကဲ့သို့ရင်း၊ သေခါနီးသောနတ်သားကဲ့သို့ရင်း၊ ကြောက်ခြင်းဘေး ထိတ်လန့်ခြင်းဘေး၊ ကြက်သီး မွေးညှင်း ထခြင်း၊ နှလုံးမသာ တုန်တုန် လှုပ်လှုပ်နှင့် ဘေးကြီး ထင်၍ မြင်၍ ဆန့်ကျင်၍ မပျော်ရွှင်ဘဲ ဖြစ်ရတတ် ပါသည်။

(၇) အာဒီနဝဉာဏ်ရောက်ရှိလာတော့ ခန္ဓာကိုယ်ကြီး၏ အပြစ် ၎င်း၌ ဖြစ်ပေါ် နေသော လောဘ, ဒေါသ, မောဟ-စသော အကုသိုလ် ကိလေသာများ တစက္ကန့်အချိန်၌ နှင်းကျသလို ဝင်လာသော အပြစ် ထိုထို အကုသိုလ် ကိလေသာ တို့ကြောင့် အပါယ်သို့ ကျရဦးမည်။ အပြစ် အနာ

အဆာတို့ကို တွေ့လာလေသည်။ လက်တွေ့ ခံစားရဟာ ကြုံတွေ့ လာလေသည်။ ဉာဏစာဂိ မဟာထေရ် ရေးသားအပ်သော အဝိဇ္ဇာနှင့်ဝိဇ္ဇာ တိုက်ပွဲကြီးကို ဖတ်ရလေ၊ အပြစ်တွေမြင်လာလေ၊ ကိုယ်တွေ့ ခံစားရလေ ဖြစ်၏။ အဲဒါ အာဒီနဝဉာဏ်ပါတဲ။ (၈) နိဗ္ဗိန္ဒာဉာဏ် ပေါ်လာတော့၊ ဘယဉာဏ်ပေါ်စဉ်က ဘေးကြီးတွေ အာဒီနဝဉာဏ်ပေါ်စဉ်က အပြစ် အနာ အဆာတွေကို တွေ့တွေ့ပြီး ငြီးငွေ့ပြင်းထန်၍ လာတော့၏။ (၉) မုစ္စိတုကမျတာဉာဏ် ပေါ်ချိန်၌မူကား ယခင် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိန္ဒာဉာဏ်တို့က ကျေးဇူးပြုထားသဖြင့် ဘဝမှရင်း၊ ယောနိမှရင်း၊ ဂတိမှရင်း၊ ဝိညာဏဋ္ဌိတိမှရင်း၊သတ္တာဝါသမှရင်း၊အလွန့်အလွန်ပင် ကျွတ်ချင်လွတ်ချင်ပါတော့သည်။ (ဂါထာလေးပုဒ် ကြည့်ပါ)။

(၁) လှောင်၊ခြံ၊တိုင်၊ထူး၊ရုံထူး ထောင်ပါ၊မျိုး၊ဇောင်းအတွင်း၊မီးခြင်းသံသရာ၊ထွက်ဘို့ရေးနှင့်၊ကြံတွေးနှစ်ဖြာ။ အဟိတ်သား၊ထိပ်ထားတင်စရာ။

(၂) ပိုက်ကွန်နှင့်ငါး၊မြွေကားတသွယ်၊ချိုင့်တွင်းငှက်များ၊ ကြော့ကွင်းသားနှယ်။ အလမ္ပါယ်ရောက်၊ မြွေဟောက်သဖွယ်၊ ညွန်နစ်ကြ၊ဆင်လှရုန်းကြတယ်။

(၃) ဂင္ဒုန်နှုတ်ဖျား၊ နဂါးသဖွယ်၊ ရာဟုခံတွင်း၊ လမင်းပုံနှယ်၊ ရန်သူဝိုင်းထား၊ယောကျ်ားသဖွယ်၊လွတ်ချင်ကြ၊ရုန်းကြအသွယ်သွယ်၊

(၄) မြွေနှင့်မိကျောင်း၊ ထပ်လောင်းငှက်ပါ။ တောခွေး, အိမ်ခွေး၊ ခုန်ပြေးမျောက်သာ၊ တိုက်တွင်းလှောင်မွေး၊ ထွက်ပြေးဘို့ရာ။ အားထုတ်ကြ၊ဗုဒ္ဓဥပမာ–ဆိုတဲ့ မြန်မာဂါထာအတိုင်း။

(၁) လှောင်အိမ်ထဲ၌နေရသော ငှက်ပမာ။ (၂) ခြံထဲ၌ထား၍ အချုပ်ခံနေကြရသော နွား,ကျွဲ,သမင်များကဲ့သို့ရင်း။ (၃) တိုင်၌အချည်ခံရသော နွား,မြင်းကဲ့သို့ရင်း။ (၄) ထူးအဖွဲ့ခံရသောဆင်ကဲ့သို့ရင်း။ (၅) နွားရုံ, ကျွဲရုံ၌နေရသော သတ္တဝါကဲ့သို့ရင်း။ (၆) ထောင်ထဲ၌နေရသော အကျဉ်းသားကဲ့သို့ရင်း။ (၇) မြုံး၌နေရသော ငါး,ပုဇွန်ကဲ့သို့ရင်း။ (၈) ဇောင်း၌ အောင်းရသော မြင်းကဲ့သို့ရင်း။ (၉) ပိုက်ကွန်ထဲက ငါးကဲ့သို့ရင်း။ (၁၀) အလမ္ပါယ်လက်ထဲက မြွေကဲ့သို့ရင်း။ (၁၁) ချိုင့်ထဲကငှက်ကဲ့သို့ရင်း။

(၁၂) မြေ၏ပါးစပ်ထဲက ဘားကဲ့သို့ရင်း။ (၁၃) ကြော့ကွင်းမိသော သားနှင့်ငှက်ကဲ့သို့ရင်း။ (၁၄) ညွန်၌နစ်သောဆင်ကဲ့သို့ရင်း။ (၁၅) ဂဠုန် လက်ထဲက နဂါးကဲ့သို့ရင်း။ (၁၆) ရာဟုခံတွင်းက လမင်းကဲ့သို့ရင်း။ (၁၇)ရန်သူဝိုင်းထားခံရတဲ့ယောကျ်ားကဲ့သို့ရင်း။(၁၁)ဥပမာတနည်းသော် ကား တိုက်ကြီးတခုအတွင်း၌ (မြွေရယ် မိကျောင်းရယ် ငှက်ရယ်၊တောခွေး ရယ်၊အိမ်ခွေးရယ်၊မျောက်ရယ်)ယင်း ခြောက်မျိုးကိုထည့်လှောင်ထားတော့၊ မြွေကား ချုံနှိုရာသို့ စိတ်ကူးသည်။ မိကျောင်းကား ရေထဲက ကျောက် နံရံကိုစိတ်ကူးထည့်နေသည်။ ငှက်ကား ကောင်းကင်ကို စိတ်ကူးနေပါသည်။ တောခွေးကား တူးတွင်းကို စိတ်ကူးထည့်ကာ နေပါသည်။ အိမ်ခွေးကား ရွာတွင်းကို စိတ်ကူး၍နေပါသည်။မျောက်ကား သစ်ပင်ခွကြားကို စိတ်ကူး ၍ နေပါသည်။ အားလုံးတို့ဟာ လွတ်ဘို့ ကျွတ်ဘို့ကိုသာ လမ်းစရှာကြ ပါသည်။ အဲဒါ မုစ္စိတုကမျတာဉာဏ်ပါဘဲ။ (၁၀) ပဋိသင်္ခါဉာဏ်ဆိုတာ လွတ်ချင်ပြီးမှ လွတ်ဘို့အကြောင်းကို ရှာတော့၊ တွေ့နေတဲ့ သင်္ခါရ, အနိစ္စ, ဒုက္ခ,အနတ္တတို့ကို အားတိုက်ရှုမှ လွတ်မည် ကျွတ်မည်ဟု ဆင်ခြင်သော ဉာဏ်သာတည်း။ (၁၁) သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ရှာမှု, ဖွေမှု, အိမ်မှု, ယာမှုတို့ကို ဥပေက္ခာ ပြုထား၍ အားထုတ်သော ဉာဏ်သာတည်း။ (၁၂) အနုလောမဉာဏ်ဆိုတာ ဝီထိချတော့(ပရိကံ၊ ဥပစာ၊ အနုလုံ)ဆိုတဲ့ ဉာဏ်မျိုးတည်း။ တနည်း၊ရှေးရှေးက တွေ့ခဲ့ပြီးသော သစ္စာမျိုး အာရုံမျိုး နှင့် နောက်အဘို့ မဂ်ဖိုလ်၌ တွေ့ရလတံ့သော သစ္စာမျိုး အာရုံမျိုးတို့ကို လျော်စွာ အညီအညွတ် တသဘောတည်း ဖြစ်စေနိုင်သော ဉာဏ်မျိုး တည်း။ (၁၃) ဂေါတြဘူဉာဏ်ဆိုတာ ပုထုဇဉ်အနွယ်ဖြတ်၍ မဂ်ကဲ့သို့ နိဗ္ဗာန်အာရုံပြုသော (ဝါ) ဖြုံးကနဲ ဖြစ်ပျက်ချပ်သွားသော မဖြစ် မပျက်၌ အာရုံပြုနေသော အသိဉာဏ်ပင်တည်း။ (၁၄) မဂ်ဉာဏ်ဆိုတာ ဂေါတြဘူ ဉာဏ်ကဲ့သို့ပင် ဖြစ်ပျက်များ ပျောက်သွား ချုပ်သွားပြီးတော့ မဖြစ်မပျက် နိရောဓကိုသာ ဒုတိယအကြိမ်၌ အာရုံပြုသော စိတ် ဉာဏ်မျိုးတည်း။ (၁၅) ဖိုလ်ဉာဏ်ဆိုတာ မဂ်ကဲ့သို့ပင် မဖြစ်မပျက်တရား နိရောဓချုပ်ခြင်း ငြိမ်းခြင်းကို ၂-ကြိမ်ဖြစ်စေ, ၃-ကြိမ်ဖြစ်စေ၊ လစ်ကနဲ လစ်ကနဲ့နှင့် အာရုံ ပြုလျက် တွေ့ရသော စိတ်ဉာဏ်မျိုးသာတည်း။ (၁၆) ပစ္စဝေက္ခဏာဉာဏ်

ဆိုတာကတော့၊ ငါ့စိတ်၌ ကိလေသာ အဘယ်မျှလောက် ကုန်ခန်းပြီ။ (၁)၊ အဘယ်မျှလောက် ကိလေသာများ ကြွင်းကျန်သေးသည်။ (၂)၊ မိမိ လာခဲ့သော မဂ်လမ်းစဉ်နှင့် (၃)၊ ရောက်ခဲ့သောဖိုလ်အကျိုးပါ။ (၄)၊ မဖြစ် မပျက်သော နိရောဓ ချုပ်မှု ငြိမ်းမှုနိဗ္ဗာန်။ (၅) အားဖြင့် ယင်းငါးပါးကို အာရုံပြုနေသော ဉာဏ်မျိုးပင်တည်း။ဤ၌ကိုယ်တွေ့ကား ကိုယ်သာတည်း။ စာရေး၍မရပါ၊ ပြောဟော၍မရပါ။ တွေ့ဘူးသူမှ ကျပ်ပြည့် တင်းပြည့် ယုံကြည်ပါလိမ့်မည်။ ဒီဉာဏ်စဉ်အတွေ့မျိုးဟာ ပရမတ်မို့ ပညတ်တင်ပြီး ရေးလို့ရတာမျိုး မဟုတ်ပါ။ ရေးလျှင် စာထဲက တရားပင် ဖြစ်ပါမည်။ သို့အတွက် တွေ့ပြီးသူများ မိမိတွေ့ပြီးသားတို့မို့ စာကိုမြင်ရုံ ဖတ်ရုံနှင့်ရိပ်စား မိရုံမျှသာ ကိုယ်တွေ့ ဉာဏ်စဉ်ကို သဲလွန်စအနေဖြင့် ရေးရပါသည်။

---

## (၁၅၀) အတိုချုပ် မဂ်, ဖိုလ်, နိဗ္ဗာန်, ကူးရောက်သွားပုံမှာ

သစ္စံ ဂယှာတိ ပုဗ္ဗဘာဂေ ဘာဝနာယ ဝဍ္ဍမာနာယ ပညတ္တိံ သမတိက္ကမိတွာ သဘာဝေ ယောဝ ဌာတိ။ (သုဘ်ပါထေယျ အဋ္ဌကထာ)။ ။ပဝတ္တံ သင်္ခါရံ အပဝတ္တံ နိဗ္ဗာနံ။ (ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်)။ ၂-ကျမ်းအဆိုပါတဲ့။

ဝိပဿနာရှုပွားတော့ ပထမဦးစွာဝယ်၊ ခေါင်းမှပူ လက်မှအေးနှင့် ပညတ်နှင့် ပရမတ်ပင် တွဲတွဲပြီး ပေါ်မှာသိမှာ အမှန်ပါဘဲတဲ့။ ဒုတိယ ရောက်တော့ ဘာဝနာအရှိန် ပြင်းထန်လာသဖြင့်၊ ဘာဝနာ တိုးပွား လာတော့ ပညတ်တရားတွေ ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊ ၆၆-တို့၊ ၉၆-တို့ဆိုတဲ့ သဏ္ဌာန်,အရိပ်,နိမိတ်,ပညတ်များ ပျောက်ချုပ် သွားပြီးလျှင်၊ လင်မနစ်ပုလင်း ဖွင့်တော့ တပုလင်းလုံး ရှိသမျှရေတွေ ဆူသကဲ့သို့ တကိုယ်လုံး အနိစ္စ၊ တကိုယ်လုံး ဒုက္ခ၊ တကိုယ်လုံး အနတ္တကို သဘောမျှသာ တွေ့ရတတ်ပါသည်၊ တတိယ ရောက်တော့ ဖြစ်ပျက်ကား သင်္ခါရ။ ၎င်းကို အာရုံပြုတာကား ဝိပဿနာဟူ၍၎င်း။ မဖြစ်မပျက်ကား နိဗ္ဗာနနိရောဓ။ ၎င်းကိုသိတာကား မဂ်ဉာဏ်တည်းဟု ကူးမြောက်တော့၏။

### တနည်း အကျဉ်းချုပ် နိဗ္ဗာန် ကူးရောက် သွားပုံမှာ

(၁) ဇာတံ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနောဓာတု မနော ဝိညာဏဓာတု ဘေဒန တဿ အနေကတံ။ (၂) စက္ခု ရူပါဒိ ပစ္စယာ

ယထာ ဝုတ္တိတာယ။ (၃) အနိစ္စတဋ္ဌ ပကာသေတွာ ဒီဃရတ္တာနုသယိတံ ဇီဝသညံ သမူဟနိတုကာမေန ဘဂဝတာ အဋ္ဌာရသဓာတုယော ပကာသိတာ။ ။(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ဒု၊ နံပါတ်-၁၀၄၊ ကြောင်းရေ ၇-သုမူ ပထမဥ္စ၊ စက္ခု သောတ စသော ဓာတ် ၆-ပါး ၇-ပါးတွေ့တို့ ပဓာနတည်း။ ဒုတိယ-စက္ခု ရူပ ဆုံ၍ ကြောင်းကျိုးဖြစ်ပုံတွေ့တို့ ပဓာနတည်း။ တတိယ-၎င်းဓာတ်များ၏ အနိစ္စ ဒုက္ခ အနတ္တ တွေ့တို့ ပဓာနတည်း။ ထိုအခါ အစဉ်ကိန်းနေတဲ့ ဇီဝသညာချုပ်၍ မဂ်, ဖိုလ်-က အာရုံပြုပြီးတော့ အပဝတ္တ နိဗ္ဗာန်သို့ ရောက်ခတော့သည်။

အကျဉ်းဆုံးဉာဏ်စဉ် ပြီး၏။

---

## (၁၅၁) ယောဂီ အမေး-ဉာဏစာဂီ အဖြေ

မေး။ ။မြတ်စွာဘုရား သခင်သည် ရုပ်နာမ်ကို ဟောရာ၌။ ။ တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ။ ။ဟူ၍ ရုပ်၌ ၁၁-ပါး။ ဝေဒနာ၌ ၁၁-ပါး။ သညာ၌ ၁၁-ပါး။ သင်္ခါရာ၌ ၁၁-ပါး။ ဝိညာဏာ၌ ၁၁-ပါးဖြင့် ဟောပြောခဲ့ပါသည်။ ယခုတပည့်တော်များမှာ တခုကိုပင် အားထုတ်ရမည်လော။ သို့မဟုတ် ဘုရားဟောအတိုင်း ၁၁-မျိုးအထိ အားထုတ်ရမည်လော။

၁။ ။ဦးစွာ သိထားကြပါရန်။ (၁) ဧကော ဓမ္မော ဘိက္ခဝေ-တဲ့။ (၂) ဧကာယနော-တဲ့။ တခုသောတရားကိုသာ ဒါးသွေးသောယောကျ်ားကဲ့သို့ အားထုတ်ကြရမည်တဲ့။ အဲဒီလို အားထုတ် ကြတော့။ ဧကာယနော၊ နိဗ္ဗာန်သို့ တကြောင်းတည်းဖြင့် တည့်တည့် မတ်မတ် ရောက်ကြမည်တဲ့။ (အဲဒါက ပဋိပတ်နည်းပါ)။ ယံ ကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ-စသည်ဖြင့် ၁၁-ပါးဟောကြားခြင်းကတော့ ပရိယတ္တိနည်းပါ၊ ဒေသနာနည်းပါ၊ ပဋိသမ္ဘိဒါနည်းပါ၊ ဘာမှမဆိုင်ပါ။

စပါးတပုံနှင့် တင်းတောင်း ၁၁-လုံး ထည့်ပုံ

စပါးတပုံထဲက စပါးများကို တင်းတောင်း တဆဲ့တလုံးသို့ ရွှေ့ပြောင်းထည့်ပြီးထားတော့၊ တင်းတောင်းသာကွဲလွဲ၍ စပါးမှာတော့ ပထမ စပါးပုံ

ထဲကပင်တည်း။ စပါးမှာ-ငစိန်လေ့၊ ငကြဲလေ့၊ ဗျပ်လေ့၊ ကရင်လေ့၊ ကရဲလေ့နှင့် ခွဲခြားစရာမလိုပါ။ အထည့်ခံရတဲ့ တောင်းကိုစွဲ၍ အတိတ်စပါး အတိတ်ရုပ်၊ ပစ္စုပ္ပန်စပါး ပစ္စုပ္ပန်ရုပ်၊ အနာဂတ်စပါး အနာဂတ်ရုပ်၊ စသည်ဖြင့် တောင်းကိုစွဲ၍သာ ခွဲ၍ခေါ်ရပါသည်။ ဒီစပါးပါဘဲ၊ ဒီရုပ်နာမ် ပါဘဲဟု သိကြပါကုန်။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာလဲ။ ။နာမရူပေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ။ ။ဟူ၍ ပဋိပတ်လုပ်ကိုင်နည်း အားထုတ်နည်း၌ ကွင်းကွင်းကွက်ကွက် ပြထားပါသည်။ ဤလို အားထုတ်ပုံ မျိုးလည်း ပါဠိတော်အဋ္ဌကထာဋီကာများ၌ များစွာပြထားပါသေးသည်။

(အနက်ကား)။ နာမရူပေ၊ နာမ်နှင့်ရုပ်ကို။ ပရိညာတေ၊ ဒါကနာမ်ဘဲ ဒါကရုပ်ဘဲဟု ပိုင်းခြားနိုင်ခဲ့သည်ရှိသော်။ အရိယသာဝကဿ၊ အရိယာ သာဝကအား။ ကိဉ္စိ၊ တစုံတခုသော။ ဥတ္တရိ၊ အလွန်။ ကရဏီယံ၊ ပြုဘွယ် ကိစ္စသည်။ နတ္ထိ၊မရှိတော့ပါ။ ။ရုပ်နာမ်ကို တွေ့လျှင် ရုပ်နာမ်မှ အပိုအမို ရှာစရာလဲမလို လုပ်စရာလဲ မလိုတော့ပါ။ တွေ့ရှိထားတဲ့ ရုပ်နာမ်ကိုပင် ပရိညာစဉ်၊ဝိသုဒ္ဓိစဉ်၊ဉာဏ်စဉ်ပေါ်အောင်သာ ထပ်တလဲလဲ ရှုကြပါတဲ့။

ဤမျှအကျဉ်းဖြေသဖြင့် အကျယ်ကို သိနိုင်လောက်ပါပြီ။

၂။ ။ဝိပဿနာအားထုတ်တော့ တဉာဏ်၌ တရုပ်နာမ်၊ ၂-ဉာဏ်၌ တမျိုးရုပ်နာမ်။ဤသို့ ဉာဏ်စဉ်တက်သလောက် ရုပ်နာမ်လဲ ပြောင်းပြောင်း လာသည် မဟုတ်ပါလော။

၂။ ။ဥပမာဖြင့်သိအောင်ပြဉီးအံ့။ဉီးသီဟသည်ပဌမ၌ ကျောင်းသား ထို့နောက် မြို့ပိုင်၊ထို့နောက် ဝန်ထောက်၊ထို့နောက် အရေးပိုင် ဖြစ်သွား ပါသည်။ဤဥပမာ၌ ကျောင်းသားလဲ ဒီခန္ဓာ၊မြို့ပိုင်လဲ ဒီခန္ဓာ၊ဝန်ထောက်လဲ ဒီခန္ဓာ၊အရေးပိုင်လဲ ဒီခန္ဓာပင်။ရာထူးဌာနန္တရသာထူး၍ ခန္ဓာမှာကား ဤ ခန္ဓာပင်တည်း။ ။ဝိပဿနာအရာ၌လည်း နာမရူပလဲ ဤရုပ်နာမ်၊ ပစ္စယ ပရိဂ္ဂဟလဲ ဤရုပ်နာမ်။ဉာဏ်စဉ်သာ ထူးခြား၍ ရှုအပ်သော ရုပ်နာမ်ကား မထူးခြားပါ။ ပုံစံ (ရန်ကုန်)☆☆☆☆☆☆(မန္တလေး) ဥပမာ၊ ရန်ကုန်မြို့မှ မန္တလေးသို့ လေယာဉ်ပျံ စီး၍သွားရာ၊ လေယာဉ်ပျံလဲ ဒီလေ ယာဉ်ပင်တည်း၊ စီးသူလဲ ဒီသူပင်တည်း၊ မပြောင်းပါ။ ဒါပေမဲ့ ရောက်ရာ

ဌာန ဘူတာစဉ်ကား ပဌမ ရန်ကုန်၊ဒုတိယ သာယာဝတီ၊တတိယ ပြည်မြို့၊ စတုတ္ထ မကွေး၊ပဉ္စမ မိတ္ထီလာ၊ဆဋ္ဌမ မန္တလေးဟူ၍ ဘူတာသာ ပြောင်းပါသည်။ ရုပ်လေယာဉ်ပျံနှင့် စီးသူနာမ်ကား မပြောင်းပါ။ ။ထို အကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒု-အုပ် နံပါတ်-၂၀၅၊ ကြောင်းရေ ၆-သုမှ၌၊ ။(တေသေဝပန နာမရူပဿ ပစ္စယပရိဂ္ဂဟေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ) ဟူ၍ ဖြေထားအပ်လေပြီ။

ပန၊ ရုပ်နာမ်မပြောင်းရဘဲ ဉာဏ်စဉ်စသည်တို့သာ ပြောင်းသွားပုံကို ပြဆိုပါဦးအံ့၊ တေသေဝ နာမရူပဿ၊ အောက်ဉာဏ်တုန်းက ရှုလာခဲ့သော ဤရုပ်နာမ်၏သာလျှင်။ ပစ္စယပရိဂ္ဂဟေန၊ အကြောင်းကိုသိမ်းဆည်းသဖြင့်။ တီသု အဒ္ဓါသု၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်တို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာ၊လွန်မြောက်၍။ ဌိတံ၊တည်သော။ဉာဏံ၊ဉာဏ်သည်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်ပေ၏။ (၁) နံပါတ်၌ပြခဲ့သော (နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဉတ္တရိ ကရဏီယန္တိ) ဟူသော နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ကို မြင်ရုံနှင့် ရုပ်,နာမ် တမျိုးထဲက အဆုံးအထိ သွားနိုင်ပုံသိပါ။ဤမျှအကျဉ်းမြင်ရုံနှင့် အကျယ်ကိုလည်း သိနိုင်လောက်ပါပြီ။

၃။ မိမိခန္ဓာကရုပ်နာမ်ကိုမြင်ရုံနှင့် အလုံးစုံပြီးစီးနိုင်ပါသလော။

၃။ (၁)နှင့်(၂)ဖြင့် ဖြေပြီး ဖြစ်တော့၏။ (သဗ္ဗာဝယောနိဂတိ ဋ္ဌိတိ နိဝါသေသု ဟေတုဖလ သမ္ဗန္ဓဝသေန ပဝတ္တမာနံ နာမရူပမတ္တမေဝ ခါယတိ) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုအုပ်နံပါတ်-၂၀၉၊ ကြောင်းရေ ၃-သုမှ၌သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ သဗ္ဗာဝ ယောနိဂတိဋ္ဌိတိ နိဝါသေသု၊ အလုံးစုံသော ဘဝကြီး ကိုးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသကိုးပါးတို့၌။ ဟေတုဖလသမ္ဗန္ဓဝသေန၊ (ကြောင်းကျိုး၊ ကြောင်းကျိုး၊ ကြောင်းကျိုး) ဤလို ဆက်၍နေတာကို မြင်ရသည်၏ အစွမ်းအားဖြင့်။ ပဝတ္တမာနံ၊ ကံ,စိတ်,ဥတု,အာဟာရ-စသော အကြောင်းတို့ကြောင့် ဆက်ကာ-ဆက်ကာ ဖြစ်၍ နေသော။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်။ ခါယတိ၊ ထင်မြင်၍ နေတော့၏။ ။(သမုဒ္ဒတော

ကောဋိန္နုဿ ရသေ ပဋိဝိဒ္ဓေ သေသဉဒကဿ ပဋိဝေဓောဝိယ ကောခမ္မေ အနိစ္စာဒိတော ပဋိဝိဒ္ဓေ သဗ္ဗေပိ ပဋိဝိဒ္ဓါဝ ဟောန္တိ)။ပဋ္ဌပကြိုဏ် အဋ္ဌကထာ။ ။သမုဒ္ဒဝတာ၊ သမုဒ္ဒရာကြီးထဲမှ၊ ကောဋိန္နုဿ၊ ရေတပေါက်၏။ ရသေ၊ငန်သောအရသာကို။ ပဋိဝိဒ္ဓေ၊ ထိုးထွင်း၍ သိသည်ရှိသော်။ သေသဉဒကဿ၊ ကြွင်းကျန်သောရေကို။ ပဋိဝေဓောဝိယ၊ ထိုးထွင်း၍ သိသကဲ့သို့။ ကောခမ္မေ၊ တခုသောတရားကို။ အနိစ္စာဒိတော၊ အနိစ္စ အစရှိသည်ဖြင့်။ ပဋိဝိဒ္ဓေ၊ ထိုးထွင်း၍သိသည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံကုန်သော တရားတို့ကိုလည်း။ ပဋိဝိဒ္ဓါ၊ထိုးထွင်း၍သိအပ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

သမုဒ္ဒရာမှရေကို လက်ဖြင့်ယူ၍ လျှာပေါ်တင်တော့ ငန်သောအရသာကို (ကိုယ်တွေ့ သိရပါတယ်။ အဲဒါဟာ ပဋိဝေဓပေါ့ဘဲ) ဤလို သိသဖြင့် ကျန်သော သမုဒ္ဒရာရေအားလုံးဟာ ငန်တာပါဘဲဟု သိရတော့၏။ ဤ ဉပမာလိုပင် တခုသောတရား၌ အနိစ္စအားဖြင့် ကိုယ်တွေ့ ပဋိဝေဓ သိလျှင် အားလုံးသော တရားတို့ကိုလည်း သိပြီးဖြစ်တော့၏။

သမုဒ္ဒရာရေကို လျက်တော့ ငန်သည်ကို တွေ့ရသည်ကား (ပဋိဝေဓသိ) အကျန်ကိုလဲ ဒီအတိုင်းဘဲဟု သိရခြင်းဟာလဲ (ပဋိဝေဓသိ) ပါဘဲ။ စာသိနှင့် မှန်းဆ၍သိခြင်းကား အနုမာနသိ၊အနုဗောဓသိဟု ခွဲပါ။

---

## (၁၅၂) ဗုဒ္ဓုပ္ပါဒ လူ့ဘဝ ၃၁-ဘုံထက် မြတ်လှပုံ

(ဗုဒ္ဓုပ္ပါဒ၊ လူ့ဘဝ၊ ရခဲပါလှ၊ ခုရကြ။ ဤဒုလ္လဘ၊ အမြတ်မှတ်။ အရတော်ကြ၊မသိပ)။

(၁) သာသနာပခေတ်၌ ဇောတိက၊ ဇဋိလ၊ ကာကဝလိယ၊ မဟာပုဏ္ဏ၊ မေဏ္ဍက-ဆိုတဲ့ သူဌေးကြီးများလို ဌေးသောဘဝနှင့် ယခုလူများ ပြိုင်ကြပါလျှင်။

(၂) သာသနာပခေတ်၌ ပဒေသရာဇ်၊ကေရာဇ်များလို ချမ်းသာသော ဘဝနှင့် ယခုလူများ ပြိုင်ဆိုင်ကြပါလျှင်။

(၃) သာသနာပခေတ်၌ စကြဝတေးမင်း၊ မန္ဓာတ်မင်းများနှင့် ယခုလူများ ပြိုင်ဆိုင်ကြပါလျှင်။

(၄) သာသနာပခေတ်၌ နတ်ပြည်ခြောက်ထပ်က နတ်မင်းကြီး ၆-ဦး နှင့် ယခုလူများ ပြိုင်ဆိုင်ကြပါလျှင်။

(၅) သာသနာပခေတ်၌ သုဒ္ဓါဝါသချန်၍ ကျန်သော ပြဟ္မာတွေနှင့် ယခုလူများ ပြိုင်ဆိုင်လျှင်။

(၆) သာသနာပခေတ်၌ ၃၀-ဘုံက လူတွေနှင့် ယခုလူများ ပြိုင်ဆိုင်ကြပါလျှင် ယခုလူတွေက အမြဲတမ်းနိုင်၍ချည်း နေကြပေလိမ့်မည်။ ၆-ဌာနက လူ,နတ်,ပြဟ္မာတွေမှာ (ရုပ်,နာမ်,ခန္ဓာ,ဓာတ်, သစ္စာကို မသိကြပါ)။ ယခုလူတွေမှာ (ရုပ်,နာမ်,ခန္ဓာ,ဓာတ်, သစ္စာကို စာသိ ငါသိ သိကြပါတယ်)။

ပြဟ္မာနတ်နှင့် လူမြတ် လူကသာပုံ

ပြဟ္မာတွေမှာ လူ့ဘဝကပုဆိုးကို ဒုဿဖေစတီပြု၍ ကိုးကွယ်ရပါသည်။ နတ်တွေမှာ လူ့ဘဝက ဆံပင်ကို စူဠာမဏိလုပ်၍ ကိုးကွယ်ရပါသည်။ လူတွေမှာ ဘုရားစစ်နှင့် (ဓမ္မက္ခန္ဓာ-၈၄၀၀၀) ကို ကိုးကွယ်ရပါသည်။

သုံးဌာနထက် လူက ၃-ဌာနဖြင့် လွန်ကဲပုံ

ရှေ့၊ နောက်၊ မြောက် ၃-ကျွန်းထက် တောင်ကျွန်းလူက ၃-ဌာနဖြင့် မြတ်၏။

နတ်ပြည် ၆-ထပ်ထက် တောင်ကျွန်းလူ ၃-ဌာနဖြင့် မြတ်၏။
ပြဟ္မာပြည်ထက် တောင်ကျွန်းလူက ၃-ဌာနဖြင့် မြတ်၍နေ၏။

တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပိကာမနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ၊ ဒေဝေစ တာဝတိံသေ။ ကတမေဟိ တီဟိ၊သူရာ သတိမန္တော ဣဓ ပြဟ္မစရိယဝါသောတိ။ ။တိကအင်္ဂုတ္တိုရ်ပါဠိတော်။

သုံးဌာနထက် လူက သာသနာအပ်ခံရလို့ မြတ်ပုံ

ပြဟ္မာပြည် ၂၀-၌ သာသနာကိုမအပ်၊ဒါကြောင့် မမြတ်။
နတ်ပြည် ၆-ထပ်၌ သာသနာကိုမအပ်၊ဒါကြောင့် မမြတ်။
ရှေ့၊နောက်၊မြောက် ၃-ကျွန်း၌ သာသနာကိုမအပ်၊ဒါကြောင့် မမြတ်။
တောင်ကျွန်းလူ၌ သာသနာအကုန်အပ်၊ဒါကြောင့် မြတ်လှပုံ။

## အရိယာအတွေ့ကျမ်းကို ညွှန်ပြခြင်း

၁။ သာသနာပခေတ်၌သူဌေးများ ရုပ်နာမ်ခန္ဓာဓာတ်သစ္စာမရ၍ မမြတ်ကြပါ။
၂။ သာသနာပခေတ်၌ အောက်မင်းများ ရုပ်နာမ်ခန္ဓာသစ္စာမရ၍ မမြတ်ကြပါ။
၃။ သာသနာပခေတ်၌ စကြာမန္တာတ်များ။ ၎င်း။ ၎င်း။ ၎င်း။
၄။ သာသနာပ၌ နတ်မင်းများ။ ၎င်း။ ၎င်း။ ၎င်း၊
၅။ သာသနာပ၌ ဗြဟ္မာကြီးများ။ ၎င်း။ ၎င်း။ ၎င်း။
၆။ သာသနာပ၌ ၃၁-ဘုံသားတွေ။ ၎င်း။ ၎င်း။ ၎င်း။
၇။ သာသနာတွင်း၌ ယခုလူများမှာ ရုပ်နာမ်ခန္ဓာဓာတ်သစ္စာရ၍ မြတ်ကြပုံ။

ဤဇယား၌ ၁-၂-၃-၄-၅-၆ တို့က လူစုနှင့် ၇-ကလူစု၏ ကွာခြားရခြင်းမှာ (ရုပ်, နာမ်, ခန္ဓာ, ဓာတ်,သစ္စာ)တို့ကို သိခြင်း ရရှိခြင်းနှင့် ၎င်း ရုပ်, နာမ်,ခန္ဓာ, ဓာတ်,သစ္စာ တို့ကို မသိခြင်း မရခြင်းတို့ကြောင့် ခြားနားခြင်းဖြစ်ရကား ယခုနေ့ကစ၍ နိဗ္ဗာန်ရသော ဘဝတိုင်အောင် အမြင့်ဆုံး အမြတ်ဆုံး ထိပ်ဆုံးကချည်း ဖြစ်ကာ ဖြစ်ကာ နေနိုင်ကြစေရန်၊ ရုပ်,နာမ်, ခန္ဓာ, ဓာတ်, သစ္စာတို့ကို သိကြစေတို့ ကိုယ်တွေ့ ရကြစေတို့ဟာ အရိယာ အတွေ့ကျမ်း၌ ပရိယတ်နည်း, ပဋိပတ်နည်း ခွဲခြား၍ ရေးသားအပ်ပါသည်။

---

## (၁၅၃) (ဂ) သာသနာအစစ် တွေ့ပြီ ကြုံပြီ ရပြီလား
### (၂၄) သာသနဝိနိစ္ဆယ

ယေ ခေါ တေ တွံ ဂေါတမိ ဓမ္မေဇာနေယျာသိ၊ဣမေ ဓမ္မာ ဝိရာဂါယ သံဝတ္တန္တိ၊နော သရာဂါယ၊ ဝိသညောဂါယ သံဝတ္တန္တိ၊ နော သညောဂါယ၊ အနုပါဒါနာယ သံဝတ္တန္တိ၊နော ဥပါဒါနာယ၊ အပ္ပိစ္ဆတာယ သံဝတ္တန္တိ၊နော မဟိစ္ဆတာယ၊ သန္တုဋ္ဌိယာ သံဝတ္တန္တိ၊နော အသန္တုဋ္ဌိယာ၊ ဝီရိယာရမ္ဘာယ သံဝတ္တန္တိ၊နော ကောသဇ္ဇာယ၊ပဝိဝေကာယ သံဝတ္တန္တိ၊ နော သင်္ဂဏိကာယ၊ အပစယာယ သံဝတ္တန္တိ၊နော အာစယာယ၊ ဧကံသေန ဂေါတမိ ဇာနေယျာသိ၊ ဧသော ဓမ္မော ဧသောဝိနယော ဧတံသတ္ထုသာသနန္တိ။ ။စူဠဝါပါဠိတော်နှင့် ကမ္မဝိဘင်္ဂသခေ်ပကျမ်း နံပါတ်-၄၊ ကြောင်းရေ ၂၁-၎င်း၌ တွေ့ရပုံတည်း။

ဂေါတမိ၊ အို-မိထွေးတော် ဂေါတမီ။ ခေါ၊ အမှန် စင်စစ်သော်ကား။ ယေဓမ္မာ၊ အကြင်စတုဘူမကတရားတို့သည်။ သန္တိ၊ ထင်ရှား ရှိကြပါကုန်၏။

တေဓမ္မေ၊ ထိုစတုဘူမကတရားတို့ကို။ တံ၊ သင်သည်။ ဇာနေယျာသိ၊ ခွဲခြား၍ သိထားပါလော့။ ဣမေဓမ္မာ၊ဤစတုဘူမကတရားတို့သည်။ ဝိရာဂါယ၊ရာဂမှ ကင်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣမေဓမ္မာ၊ ဤ စတုဘူမကတရား တို့သည်။ သရာဂါယ၊ ရာဂနှင့်တကွဖြစ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ ဝိသညောဂါယ၊ ဝဋ်ဆင်းရဲကို မယှဉ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သညောဂါယ၊ ဝဋ်ဆင်းရဲကို ယှဉ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ အနုပါဒါနာယ၊ ဥပါဒါန်ကင်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သဉပါဒါနာယ၊ ဥပါဒါန်နှင့်တကွ ဖြစ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ ဤစတုဘူမကတရားတို့သည်။ အပ္ပိစ္ဆတာယ၊ လောဘ နည်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ မဟိစ္ဆတာယ၊ လောဘကြီးခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ သန္တုဋ္ဌိယာ၊ ရောင့်ရဲတင်းတိမ်ခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ အသန္တုဋ္ဌိယာ၊ မရောင့်ရဲ မဘင်းတိမ်ခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤ စတုဘူမက တရားတို့သည်။ ဝီရိယာရမ္ဘာယ၊ ဝီရိယဖြင့် အားထုတ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရားတို့သည်။ ပဝိဝေကာယ၊ ဆိတ်ငြိမ် ခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ သင်္ဂဏိကာယ၊အပေါင်းအဖော်၌ မွေ့လျော် ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤစတုဘူမက တရား တို့သည်။ အပစယာယ၊ဝဋ်ဆင်းရဲကို မဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ အာစယာယ၊ ဝဋ်ဆင်းရဲကို ဖြစ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဂေါတမိ၊ အို-မိထွေးတော် ဂေါတမီ၊ ဧသောဓမ္မော၊ ဤဗောဓိပက္ခိယ တရားသည်သာလျှင်။ ဓမ္မော၊ အရိယာတို့၏ တရားမည်၏။ ဧသော၊ ဤ ဗောဓိပက္ခိယတရားသည်သာလျှင်။ ဝိနယော၊ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒဝိနည်းမည်၏။ ဧတံ၊ ဤဗောဓိပက္ခိယ တရားသည်သာလျှင်။ သတ္ထု သာသနံ၊ မြတ်စွာဘုရား ထားခဲ့သော သာသနာမည်ပေ၏။ ဣတိ၊ ဤသို့။ ဧကံသေန၊ မုချစင်စစ်အားဖြင့်။ ဇာနေယျာသိ၊ သိ၍ထားပါလော့။

ဤပါဠိတော်မြတ်အလို ဘွင်းဘွင်းနှင့် ရှင်းရှင်းပြောရသော်၊ ခါတ်ကြီး ၄-ပါး၊ ရုပ်နာမ် ၂-ပါး၊ လက္ခဏာရေး ၃-ပါး၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊သစ္စာ ၄-ပါး၊ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး ၁၀-ပါး၊ ပရိညာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ်စဉ် ၁၀-ပါး ၁၆-ပါး-စသော ဗောဓိ ပက္ခိယ တရားသည်သာလျှင် သဒ္ဓမ္မအစစ်တဲ့ ဗုဒ္ဓဝိနည်းအစစ်တဲ့ ဘုရား သာသနာ အစစ်တဲ့ခင်ဗျား။

ဤဗောဓိပက္ခိယတရား ၃၇-ပါးသည်အဘယ့်ကြောင့်သဒ္ဓမ္မ၊သတ္ထုဝိနယ၊ သတ္ထုသာသနာ မည်ပါသလဲ ဆိုတော့။ဤဗောဓိပက္ခိယတရားကို ပွားများ နေသော ယောဂီအား (၁) ရာဂကင်းခြင်းငှာသာ ဖြစ်၏၊ ရာဂနှင့် ယှဉ် ခြင်းငှာ မဖြစ်ပြီ။ (၂) ဝဋ်ဆင်းရဲမဖြစ်ခြင်းငှာသာ ဖြစ်တော့၏၊ ဝဋ်ဆင်းရဲ ဖြစ်စေခြင်းငှာ မဖြစ်တော့ပြီ။ (၃) ဥပါဒါန် မဖြစ်ခြင်းငှာသာ ဖြစ်၏၊ ဥပါဒါန်နှင့်တကွ ဖြစ်ခြင်းငှာ မဖြစ်တော့ပြီ။ (၄) အလိုနည်းခြင်းငှာသာ ဖြစ်၏၊အလိုကြီးခြင်းငှာ မဖြစ်တော့ပြီ။ (၅) ရောင့်ရဲတင်းတိမ်ခြင်းငှာသာ ဖြစ်၏။ မရောင့်ရဲ မတင်းတိမ်ခြင်းငှာ မဖြစ်တော့ပြီ။ (၆) ဝီရိယကြီးခြင်း ငှာသာဖြစ်၏၊ ပျင်းရိခြင်းငှာ မဖြစ်တော့ပြီ။ (၇) ဆိတ်ငြိမ်ခြင်းငှာဖြစ်၏၊ အပေါင်းအဖော်နှင့် မွေ့လျော်ခြင်းငှာကား မဖြစ်တော့ပြီ။ (၈) ဝဋ်ဆင်းရဲ မဖြစ်ခြင်းငှာသာ ဖြစ်၏၊ ဝဋ်ဆင်းရဲဖြစ်ခြင်းငှာကား မဖြစ်တော့ပြီ။ အို- မိထွေးတော်ဂေါတမီ၊ ဗောဓိပက္ခိယတရားကို ပွားများပါလျှင်၊ ဤလို အရိပ်နိမိတ် တန်ခိုးတေဇော် အာနုဘော်ထွက်ပြ၍ လာချိမ့်မည်။ ဤအရိပ် နိမိတ် လက္ခဏာကိုမြင်၍ ဤဗောဓိပက္ခိယ တရားကား သဒ္ဓမ္မပင်တည်း။ သတ္ထုဝိနယပင်တည်း။ သတ္ထုသာသန၊ ဘုရား သာသနာတော်ကြီး အစစ် ပင်တည်း ဟူ၍ ကေန်မုချ သိထားပါလေတဲ့။

သာသနာမစစ်တဲ့တရားကို ဘုရားဟောပြခဲ့ပုံမှာ

ယေ ခေါ တေ တွံ ဂေါတမိ ဓမ္မ ဇာနေယျာသိ ဣမေ ဓမ္မာ သရာ ဂါယ သံဝတ္တန္တိ၊ နော ဝိရာဂါယ၊ သံယောဂါယ သံဝတ္တန္တိ၊ နော ဝိသံယော ဂါယ၊ သဥပါဒါနာယ သံဝတ္တန္တိ၊ နော အနုပါဒါနာယ၊ မဟိစ္ဆတာယ သံဝတ္တန္တိ၊ နော အပ္ပိစ္ဆတာယ၊အသန္တုဋ္ဌိယာ သံဝတ္တန္တိ၊ နော သန္တုဋ္ဌိယာ ကောသဇ္ဇာယ သံဝတ္တန္တိ၊ နော ဝီရိယာရမ္ဘာယ၊ သင်္ဂဏိကာယ သံဝတ္တန္တိ၊

နော ပဝိဝေကာယ၊ အာစယာယသံဝတ္တန္တိ၊ နော အပစယာယ၊ ဧကံသေန ဂေါတမိ ဇာနေယျာသိ နေသော ဓမ္မော နေသော ဝိနယော နေတံ သတ္ထု သာသနန္တိ။ ။စူဠဝါ ပါဠိတော်၊ ဘိက္ခုနိခန္ဓကနှင့် ကမ္မဝိဘင်္ဂသင်္ခေပကျမ်း နံပါတ်-၂။ ကြောင်းရေ ၁၀၊

ဂေါတမိ၊ အို-မိထွေးတော်ဂေါတမီ။ ခေါ၊ အမှန်ကေန်စင်စစ်အားဖြင့်။ ယေဓမ္မာ၊ အကြင်တေဘူမကတရားတို့သည်။ သန္တိ၊ ထင်ရှားရှိကြပါကုန်၏။ တေဓမ္မေ၊ ထိုတေဘူမကတရားတို့ကို။ တွံ၊ သင်ဂေါတမီသည်။ ဇာနေယျာသိ၊ ခွဲခြား၍သိထားပါလေလော့။ ဣမေဓမ္မာ၊ ဤ တေဘူမက တရားတို့သည်။ သရာဂါယ၊ ရာဂနှင့်တကွဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိရာဂါယ၊ ရာဂကင်းခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရားတို့သည်။ သံယောဂါယ၊ ဝဋ်ဆင်းရဲရှည်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ ဝိသံယောဂါယ၊ ဝဋ်ဆင်းရဲ မရှည်စေ ခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရား တို့သည်။ သဥပါဒါနာယ၊ ဥပါဒါန်နှင့်တကွ ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အနုပါဒါနာယ၊ ဥပါဒါန်နှင့်တကွ မဖြစ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမကတရားတို့သည်။ မဟိစ္ဆတာယ၊ လောဘကြီးခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပ္ပိစ္ဆတာယ၊ လောဘနည်းခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမကတရားတို့သည်။ အသန္တုဋ္ဌိယာ၊ မရောင့်ရဲမတင်းတိမ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သန္တုဋ္ဌိယာ၊ ရောင့်ရဲတင်းတိမ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤတေဘူမက တရား တို့သည်။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝီရိယာရမ္ဘာယ၊ ဝီရိယဖြင့် အားထုတ်ခြင်းငှာ။ နောသံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤ တေဘူမက တရားတို့သည်။ သင်္ဂဏိကာယ၊ အပေါင်းအဖော်၌ မွေ့လျော် ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပဝိဝေကာယ၊ ဆိတ်ငြိမ် ခြင်းငှာ။ နော သံဝတ္တန္တိ၊ မဖြစ်ကုန်။ ဣမေဓမ္မာ၊ ဤ တေဘူမက တရား တို့သည်။ အာစယာယ၊ ဝဋ်ဆင်းရဲကိုဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အပစယာယ၊ ဝဋ်ဆင်းရဲကိုမဖြစ်စေခြင်းငှာ။ နောသံဝတ္တန္တိ၊မဖြစ်ကုန်။ ဂေါတမိ၊အိုမိထွေး တော် ဂေါတမီ။ ဧသော၊ ဤ တရားသည်။ နဓမ္မော၊ ငါဘုရား၏ တရား

မဟုတ်ပါ။ ဧသော၊ ဤတရားသည်။ နဝိနယော၊ ငါဘုရားပညတ်ထားတဲ့ ဝိနည်းမဟုတ်ပါ။ ဧတံ၊ ဤတရားသည်။ နသတ္ထုသာသနံ၊ ငါဘုရား၏ သာသနာတော်မဟုတ်ပါ။ ဧကံသေန၊ မုချစင်စစ်အားဖြင့်။ ဓာရေယျာသိ၊ သိထားပါလော့။

ဤပါဠိတော်၏ လိုရင်းစကားမှာ၊ ဗောဓိပက္ခိယတရားမှ တပါးသော တရားအားလုံးကား သဒ္ဓမ္မ မဟုတ်ပါ။ သတ္ထုဝိနယလဲ မဟုတ်ပါ။ သတ္ထု သာသနာလဲ မဟုတ်ပါ။ မဟုတ်ကြောင်းကို ဟောဒါလို အရိပ်နိမိတ် ပြ၍ နေပေသည်။ ဗောဓိပက္ခိယမဟုတ်တဲ့တရားကို ရှုပွားနေလို့ပင် (၁) ရာဂနှင့် တကွသာ ဖြစ်၍ နေပေ၏၊ ရာဂ မကင်းနိုင်။ (၂) ဝဋ်ဆင်းရဲတို့ ရှည်စေ ခြင်းငှာသာဖြစ်၏။ ဝဋ်ဆင်းရဲကို မရှည်စေခြင်းငှာ မဖြစ်။ (၃) ဉပါဒါန် နှင့်တကွ ဖြစ်စေခြင်းငှာသာ ဖြစ်၏။ ဉပါဒါန် ကင်းခြင်းငှာ မဖြစ်နိုင်။ (၄) လောဘကြီးခြင်းငှာသာ ဖြစ်၏။ လောဘနည်းခြင်းငှာ မဖြစ်နိုင်။ (၅) မရောင့်ရဲခြင်းငှာသာဖြစ်၏။ ရောင့်ရဲခြင်းငှာမဖြစ်နိုင်။ (၆) ပျင်းရိ ခြင်းငှာသာဖြစ်၏။ ဝီရိယအားထုတ်ခြင်းငှာမဖြစ်။ (၇) အပေါင်းအဖော်၌ မွေ့လျော်ခြင်းငှာသာဖြစ်၏။ ဆိတ်ငြိမ်ခြင်းငှာမဖြစ်။ (၈) ဝဋ်ဆင်းရဲဖြစ်ဘို့ သာဖြစ်၏။ ဝဋ်ဆင်းရဲ လွတ်ဘို့ကား မဖြစ်စေ။ ဤသို့သော နိမိတ် အရိပ် ရှစ်ပါး ရှိသော တရားကား ငါဘုရား၏ တရားလဲ မဟုတ်ပါ။ ငါဘုရား ပညတ်ထားတဲ့ ဝိနည်းလဲ မဟုတ်ပါ။ ငါဘုရား၏ သာသနာတော်ကြီးလဲ မဟုတ်ပါ။ အဲဒါကို ကေန်မုချ သိ၍ ထားပါလော့တဲ့။ မြတ်စွာဘုရားက မိထွေးတော်ဂေါတမီအား သာသနာဟုတ်ထာနှင့် သာသနာ မဟုတ်ထာကို ခွဲ၍ ပြထားသဖြင့်၊ သာသနာ အစစ် ဖြစ်တဲ့ ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်အောင် အားထုတ်ကြရာသတည်း။

## (၂၅) သာသနဝိနိစ္ဆယ

အနုကမ္ပကဿ ကုသလဿ၊ ဩဝါဒမှိ အဟံ ဌိတာ။
အဇ္ဇဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။

ဝိမာနဝတ္ထုပါဠိတော်အဋ္ဌကထာ။ သောတာပန် နတ်သမီး ဝတ္ထုမှ။ ။
အဟံ၊ အကျွန်ုပ်သည်။ ကုသလဿ၊ အကုသိုလ်ကို အပြီးတိုင် ဖြတ်တော်

မှုထသော။ အနုကမ္ပကဿ၊ သတ္တဝါအား သားရဟုလာ ကဲ့ပမာသို့ လွန်စွာသနားတော်မူသော မြတ်စွာဘုရား၏။ ဩဝါဒမို၊ သာသနာအဆုံး အမဥ္ဇ၊ ငွိဘာ၊ တည်၍ကျင့်ခဲ့ပါ၏။ တေန၊ ထိုအကျင့်ကြောင့်။ အစ္စုတံ၊ စုတေခြင်းလည်း မရှိထသော။ အမတံ၊ သေခြင်းလည်း ကင်းထသော။ သန္တိံ၊ ငြိမ်းအေးလှစွာ ထသော။ နိဗ္ဗာနံ၊ တဏှာလည်း မရှိထသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ရရှိခဲ့လေပြီ တကား။ ။ဤဂါထာ၏ အလိုကား ဗောဓိပက္ခိယတရား ၃၇-ပါးဆိုတဲ့ ဩဝါဒသာလျှင် သာသနာတော် အစစ် တဲ့ဗျား။

## (၂၆) နိယျာနိကမှ သာသနာအစစ်တဲ့

ဝေရူပေ နိယျာနိကသာသနေ ပဗ္ဗဇိတွာ သမဏမ္မံ ကရောန္တော ဝီရိယံ ဩသဇ္ဇိတွာ အာဂတောတိ။ ။ဝဏ္ဏုပထဇာတ်၊ ဧကနိပါတ် ဇာတ်အဋ္ဌ ကထာ၊ နံပါတ်-၅၇၊ ကြောင်းရေ ၂-ကဝိရတနာမူမှ။ ။ဘိက္ခုချစ်သား ရဟန်း။ ဝေရူပေ၊ ဤသို့ သဘောရှိသော။ နိယျာနိကသာသနေ၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော သာသနာတော် မြတ်ကြီး၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ သမဏဓမ္မံ၊ ဝိပဿနာတရားတော်ကို။ ကရောန္တော၊ ပြုလျက်။ ဝီရိယံ၊ ဝီရိယကို။ ဩသဇ္ဇိတွာ၊ စွန့်လွှတ်၍။ အာဂတော၊ လာဘိ သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းတော်မူလေပြီ။ ။သာသနာဆိုတာ အောက်အောက်၌ ပြခဲ့ပြီးအတိုင်း၊ ဗောဓိပက္ခိယမှ သာသနာ အစစ်ပါ။ ဗောဓိပက္ခိယမှ နိယျာနိက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသည်။

## (၂၇) ကြည့်ဦးလေ၊ မိလိန္ဒမေး-ရဟန္တာအဖြေ

မိလိန္ဒမင်းသည်၊ အရှင်ဘုရား-ခပ်သိမ်းသော သူအပေါင်း တို့ပင်လျှင် နိဗ္ဗာန်ကိုရကုန်သလောဟု မေး၏၊ အဖြေကား။ မင်းကြီး- အလုံးစုံသော သူတို့သည်သာလျှင် နိဗ္ဗာန်ကို မရကုန်ဟု ဆို၍။ မင်းကြီး- အကြင် ပုဂ္ဂိုလ် သည် ကောင်းစွာ ကျင့်သည်ဖြစ်၍ ထိုးထွင်း၍ သိအပ်သော တရားတို့ကို သိ၏။ ပိုင်းခြားအပ်သောတရားတို့ကို ပိုင်းခြား၍သိ၏။ ပယ်အပ်သောတရား တို့ကို ပယ်၏။ ပွားစေအပ်သောတရားတို့ကို ပွားစေ၏။ မျက်မှောက်ပြုအပ် သော တရားတို့ကို မျက်မှောက် ပြု၏။ ထိုသူမြတ်သည် နိဗ္ဗာန်ကို ရ၏ဟု

ဖြေတော်မူ၏။ ။ဤအဖြေကို မြင်သဖြင့် ဒါန, သီလ, သမထ-စသော ၃၅-ပါးသော ကုသိုလ် သက်သက်ဖြင့် နိဗ္ဗာန်ကို မရနိုင်ပါ။ ယခုပြတဲ့ (သိ၊ ပယ်၊ ဆိုက်၊ ပွား) ၄-ပါးကိစ္စ အပိုင်ရမှ နိဗ္ဗာန်ရနိုင်ပါသည်။

(၂၈) သမုဒ္ဒရာလေးစင်းရှိ သဲစုမက မြတ်ဗုဒ္ဓအားလုံးတို့၏ နိယျာနိက သာသနာတော်ကြီးအစစ်ကား

သဗ္ဗပါပဿ အကရဏံ။ ။သီလသာသနာတည်း။
ကုသလဿ ဥပသမ္ပဒါ။ ။သမာဓိသာသနာတည်း။
သစိတ္တပရိယောဒါပနံ။ ။ပညာသာသနာတည်း။
ဧတံ ဗုဒ္ဓါန သာသနံ။ ။ဧင်းသုံးဆင့်ဟာသာသနာပါတဲတဲ့။

ဓမ္မပဒပါဠိတော်၊ ပါရာဇိကဏ် အဋ္ဌကထာ ပထမအုပ် စသည်၌ များစွာ တွေ့ရ ပါသည်။ ။အနက်ကား။ ။သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ အကရဏံ၊ မပြုမလုပ်ခြင်းသည်။ သီလံ၊ သီလသာသနာတည်း။ ကုသလဿ၊ ဈာန်,သမာပတ်-စသော ဂရုက် ကုသိုလ်များကို။ ဥပသမ္ပဒါ၊ ပြည့်စုံစွာနေခြင်းသည်။ သမာဓိ၊ သမာဓိ သာသနာတည်း။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကိုဖြူစင်စေခြင်းသည်။ ပညာ၊ ပညာသာသနာတည်း။ ဧတံ၊ ဤ၌ ပြခဲ့သော (သီလ, သမာဓိ, ပညာ) ဆိုတဲ့ မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော သိက္ခာ ၃-ပါးသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရား၏။ သာသနံ၊ နိယျာနိကအစစ် ဖြစ်သော သာသနာတော်ကြီးပင်တည်း။

(၂၉) သိက္ခာ ၃-ပါး၊ သာသနာ ၃-ပါး

သီလံ သမာဓိ ပညာစ၊ ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိ။

ဣတိဝုတ်ပါဠိတော်။ ။ယဿ၊အကြင်ယောဂီအား။ သီလံ၊ မဂ္ဂင်သီလ သည်၎င်း။ သမာဓိစ၊ မဂ္ဂင်သမာဓိသည်၎င်း။ ပညာစ၊ မဂ္ဂင်ပညာသည်၎င်း။ ဧတေ၊ဤသိက္ခာ ၃-ပါး သာသနာသုံးရပ်တို့ကို။ သုဘာဝိတာ၊ ကောင်းစွာ ပွားများလေ့လာအပ်ကုန်၏။ တဿ၊ထိုယောဂီအား။ မာရဓေယျံ၊ ကိလေသ မာရ်စသော မာရ်ငါးပါးနှင့် မာရ်ဆယ်ပါးကို။ အတိက္ကမ္မ၊ လွန်မြောက်၍။ အာဒိစ္စောဝ၊နေမင်းကြီးကဲ့သို့။ ဝိရောစတိ၊တင့်တယ်၍သာ နေရတော့၏။

(၃၀) နာမရူပပစ္စယရလျှင် သာသနာကြီး၌ အမြစ်တွယ်ပါပြီတဲ့

ဇေဝံသခ်ါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလ သာသာနေ မူလံ ဩတိဏ္ဏံနာမ ဟောတိ၊လဒ္ဓဿာသော လဒ္ဓပ္ပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နောနာမ။ ။ဝိဘင်းအဋ္ဌကထာ။ ။ဧဝံ၊ဤသို့။ သခ်ါရေ၊ ရုပ်နာမ်ဓမ္မ သခ်ါရတို့ကို။ သလ္လက္ခေတွာ၊ ကောင်းစွာ ပိုင်းခြား မှတ်သား၍။ ဌိတဿ၊ တည်ရှိသော။ ဘိက္ခုနောပန၊ ရဟန်းအားကား။ ဒသဗလသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌။ မူလံ၊သာသနာ့ ရေသောက်မြစ်ကြီးသည်။ ဩတိဏ္ဏံနာမ၊ သက်ရောက် တည်တံ့သည် မည် သည်။ဟောတိ၊ဖြစ်၏။ လဒ္ဓဿာသော၊တသံသရာလုံး သက်သာယာကြီးကို ရရှိတော့၏။ လဒ္ဓပ္ပတိဋ္ဌော၊ တသံသရာလုံး ထောက်ရာ တည်ရာကြီးကို ရရှိ တော့၏။ နိယတဂတိကော၊ တသံသရာလုံး ဂတိလည်း မြဲ၍ သွားတော့၏။ စူဠသောတာပန္နောနာမ၊ သောတာပန် အငယ်စား မည်သည်။ ဟောတိ၊ ဖြစ်တော့၏။

သာသနာ့ဝိနိစ္ဆယကျမ်း၌ သာမဏေပေါင်း-၂၃၊ ၂၄-ပါရှိလေပြီ။ ဤ ဌာန၌ကား ကျန်သမျှကိုစု၍ ၂၄-ကစ၍ ၃၀-အထိ ထပ်မံပြရခြင်းတည်း။ သာသနာ့ဝိနိစ္ဆယ၌ ၁-ကစ၍ ၃၀-အထိ၊သာမဏေရှင်းချက်ကို သိမြင်ရသော ပညာရှိတို့ကား ဒါန,သီလ,သမထ စသော ၃၅-ပါးသော စရဏကုသိုလ် များကို သာသနာအစစ်အမှန်၌ ဘယ်နည်းနှင့်မှ ထည့်ဝံ့တော့မည် မဟုတ် ပါ။ ဗောဓိပက္ခိယဝင် ဝိပဿနာမဂ္ဂင်ဝင် သီလ, သမာဓိ, ပညာသာလျှင် သာသနာ အစစ်ဘဲဟု တထစ်ချ ဆုံးဖြတ်မှတ်သား ကျင့်ကြံကြမည်ဟု ယုံကြည်ပါ၏။

---

(၁၅၄) ဉာဏာစာရီမဟာထေရ် စီရင်အပ်သော ကျမ်းစာများ

ကော်ပီမူ တွေ့သမျှကို ရေးရသဖြင့် နှစ်စဉ်, လစဉ်, ရက်စဉ် မကျ တော့ပါ။

| ကျမ်းအမည် | | ခု | လ | ရက် | |
|---|---|---|---|---|---|
| နာမဂမ္ဘီရတ္တာပုစ္ဆာဝိသဇ္ဇနာကျမ်း | .... | ၁၂၉၄ | ၉ | ဂ | ပြီး |
| ဆါစတုကောက်နည်းကျမ်း | .... | ၁၂၉၄ | ၉ | ဂ | |

| ကျမ်းအမည် | | ခု | လ | ရက် | |
|---|---|---|---|---|---|
| သဒ္ဒါဖြစ်ပေါ်လာပုံငါးချက် | .... | ၁၂၉၄ | ၁၀ | ၂ | ပြီး |
| နိဗ္ဗာန်ဆော်ပါဌ်အနက်ဂါထာများ | .... | ၁၂၉၈ | ၁၁ | ၁၇ | |
| တိဇက်အဖြေပေါင်းချုပ် | .... | ၁၃၀၀ | ၁၁ | ၁၃ | |
| ပဋ္ဌိသန္ဓေခန်းနှင့် ရသေ့ပဉ္စာအဖြေ ပေါင်းချုပ်ကြီး (၇၀) | .... | ၁၂၉၆ | ၆ | ၁၅ | |
| ဇက်တီ၏ပဏ္ဏာသနိယာမအဖြေ | .... | ၁၂၉၅ | ၁၂ | ၄ | |
| အက္ခရက္ကမဝိနိစ္ဆယ | .... | ၁၂၉၆ | ၃ | ၁၄ | |
| သာဓန ၃-ပါးအလိုက် ဝါကျနိယံ | .... | ၁၂၉၆ | ၃ | ၂၇ | |
| ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း၌ပြားပုံ | .... | ၁၂၉၆ | ၄ | ၁၅ | |
| ကာရကနှင့်သာဓနရှင်းပုံ | .... | ၁၂၉၆ | ၄ | ၁၆ | |
| ဓာတုဓာတွတ္ထ | .... | ၁၂၉၆ | ၄ | ၁၆ | |
| ပစ္စယပစ္စယတ္ထ | .... | ၁၂၉၆ | ၄ | ၁၆ | |
| အန္တတ် အန္တတ္ထ | .... | ၁၂၉၆ | ၄ | ၁၆ | |
| ဗာဟျတ် ဗာဟျတ္ထ | .... | ၁၂၉၆ | ၄ | ၁၆ | |
| ဝစနဆက္ကကောက်ယူပုံ | .... | ၁၂၉၆ | ၄ | ၁၆ | |
| သမ္ဗတ္တိနှင့် ဝိပတ္တိဝိနိစ္ဆယ | .... | ၁၂၉၅ | ၁ | ၂၄ | |
| သုသာန်နှင့် သင်းချိုင်းအထူး | .... | ၁၂၉၅ | ၁၂ | ၂၅ | |
| အသမပုဂ္ဂိုလ် ၄-ပါး | .... | ၁၂၉၅ | ၁၂ | ၂၅ | |
| သဗြဟ္မစာရီခေါ်ပုံ | .... | ၁၂၉၅ | ၁၂ | ၂၅ | |
| ဗြာဟ္မဏအာစရိယခေါ်ပုံ | .... | ၁၂၉၅ | ၁၂ | ၂၅ | |
| ယင်ဇကြီးငါးပါး | .... | ၁၂၉၅ | ၁၂ | ၂၅ | |
| မေဓာဝိဋ္ဌိကာပါဠိလို | .... | ၁၂၉၂ | ၄ | ၁၆ | |
| ဝိနယမှတ်စု | .... | ၁၂၉၁ | ၁၀ | ၂၀ | |
| ဆောင်းပါးအမေး-အဖြေ | .... | ၁၂၉၁ | ၁၂ | ၁၆ | |
| လပြည့်အဆုံးအဖြတ် | .... | ၁၂၉၄ | ၆ | ၁၅ | |
| ဝိနည်းမှတ်စုဒေသာ (ပထမ) | .... | ၁၂၉၄ | ၈ | ၁ | |
| မနောဒွါရအဆုံးအဖြတ် | .... | ၁၂၉၄ | ၃ | ၂၃ | |

| ကျမ်းအမည် | | ခု | လ | ရက် | |
|---|---|---|---|---|---|
| ဝါကျွတ်နှစ်ရပ်အဆုံးအဖြတ် | .... | ၁၂၉၄ | ၁၀ | ၅ | ပြီး |
| တာဝကာလိကတသက်လျှာဝိနိစ္ဆယ | .... | ၁၂၉၅ | ၄ | ၅ | |
| ဝိနည်းမှတ်စုပဒေသာ (ဒုတိယ) | .... | ၁၂၉၅ | ၃ | ၄ | |
| ဘုန်းတော်ဖွဲ့ပါဠိနိဿယ | .... | ၁၂၉၄ | ၆ | ၁၃ | |
| သုတဝဇ္ဇနခဏ်း (၁၀၈) | .... | ၁၂၈၈ | ၁၀ | ၁၅ | |
| အမေးအဖြေ ၇-ရပ် | .... | ၁၂၈၉ | ၃ | ၈ | |
| အစ္ဆရိယအဗ္ဘုတဒီပနီ | .... | ၁၂၉၁ | ၁၀ | ၂ | |
| ဉာဏစာရီပါဠိဗဟုဿုတ | .... | ၁၂၉၇ | ၈ | ၂၅ | |
| ဗဟုဿုတသန္နိစ္စယဋီကာကြီး (ပ) | .... | ၁၂၉၁ | ၁၁ | ၆ | |
| ၎င်း (ဒု) | .... | ၁၃၀၁ | ၇ | ၃ | |
| ၎င်း (တ) | .... | ၁၃၀၁ | ၁၄ | ၇ | |
| စေတနာဝိနိစ္ဆယ | .... | ၁၂၉၇ | ၁ | ၆ | |
| မောင်ရွှေဆောင်းပါးဖြေ | .... | ၁၂၉၂ | ၄ | ၉ | |
| သန္ဓိနှင့်နာမ်နိယံအဖြေ | .... | ၁၂၈၆ | ၈ | ၁၀ | |
| ကာရကနိယံအဖြေ | .... | ၁၂၈၆ | ၁၀ | ၃ | |
| သမာသ်နိယံအဖြေ | .... | ၁၂၈၆ | ၁၁ | ၇ | |
| တဒ္ဓိတ်နိယံအဖြေ | .... | ၁၂၉၇ | ၆ | ၅ | |
| စုံဒ်စောဒနာနိယံအဖြေ | .... | ၁၂၉၇ | ၆ | ၉ | |
| အဗျယီ၊ဒိဂု၊ဒွန်၊တပ္ပုရိသ်၊သမာသ၊မဟာဂဏ္ဌိ | | ၁၂၉၇ | ၆ | ၂၅ | |
| ကမ္မဓာရယ်၊ဗဟုဗ္ဗိ၊သမာသ၊မဟာဂဏ္ဌိ | .... | ၁၂၉၇ | ၈ | ၄ | |
| အတ္ထနီတိဥပဒေသ | .... | ၁၂၉၈ | ၈ | ၂ | |
| ဓာတုအတ္ထဒွါရ | .... | ၁၂၉၅ | ၄ | ၈ | |
| ၎င်းနိဿယ | .... | ၁၂၉၅ | ၄ | ၂၀ | |
| အပြင်အောင်ခြင်းဋီကာ | .... | ၁၂၉၉ | ၆ | ၁၅ | |
| သင်္ဂိုဟ်မဓုဋီကာ | .... | ၁၂၉၈ | ၁ | ၆ | |
| အရုဏဂဏ္ဌိ | .... | ၁၂၉၉ | ၇ | ၄ | |
| ဓမ္မသဝနဝါသနာဂဏ္ဌိ | .... | ၁၂၉၉ | ၇ | ၉ | |

| ကျမ်းအမည် | | ခု | လ | ရက် | |
|---|---|---|---|---|---|
| ဒက္ခိဏေယျသံဿာဂဏ္ဌိ | .... | ၁၂၉၉ | ၇ | ၁၅ | ပြီး |
| ဗုဒ္ဓါဒိပဿနဂဏ္ဌိ | .... | ၁၂၉၉ | ၇ | ၂၁ | |
| ဗုဒ္ဓါဒိစတုအဂါရဝဂဏ္ဌိ | .... | ၁၂၉၉ | ၇ | ၂၇ | |
| စူဠသောတာပန္နဂဏ္ဌိ | .... | ၁၂၉၉ | ၈ | ၆ | |
| အဿာသပဿာသဂဏ္ဌိ | .... | ၁၂၉၉ | ၈ | ၁၁ | |
| မြို့ဂဏ္ဌိ | .... | ၁၂၉၉ | ၈ | ၁၇ | |
| ကြာဂဏ္ဌိ | .... | ၁၂၉၉ | ၈ | ၂၃ | |
| သဒ္ဒါတူဂဏ္ဌိ | .... – | ၁၂၉၃ | ၅ | ၈ | |
| အသ္မာဒိပက္မာပိန္ဒဂဏ္ဌိ | .... | ၁၂၉၃ | ၅ | ၁၂ | |
| ပဋ္ဌမဟာပရိစ္စာဂါဒိဂဏ္ဌိ | .... | ၁၂၉၉ | ၈ | .၂၇ | |
| အတ္ထဝိစာရဏာဂဏ္ဌိ | .... | ၁၂၉၉ | ၉ | ၄ | |
| ဘားအံနဂရဂဏ္ဌိ | .... | ၁၂၉၉ | ၉ | ၁၀ | |
| မာတုဂါမဂိဟိကာသာဝဂဏ္ဌိ | .... | ၁၂၉၉ | ၉ | ၁၇ | |
| အာယတဂီတဂဏ္ဌိ | .... | ၁၂၉၉ | ၉ | ၂၅ | |
| သရဘညဂဏ္ဌိ | .... | ၁၂၉၉ | ၉ | ၂၉ | |
| ဒီဃာသနဂဏ္ဌိ | .... | ၁၂၉၉ | ၁၀ | ၇ | |
| ပဟာနဂဏ္ဌိ | .... | ၁၂၉၉ | ၁၀ | ၁၃ | |
| ကမ္မဝါစာဝိကပ္ပဂဏ္ဌိ | .... | ၁၃၀၁ | ၁၀ | ၅ | |
| သာဝတ္ထီဂဏ္ဌိ | .... | ၁၃၀၀ | ၉ | ၂၆ | |
| သမ္ဗန်အငုတ်ဖော်ပုံဂဏ္ဌိ | .... | ၁၃၀၀ | ၉ | ၁၃ | |
| အငုတ်ဖော်ပုံဂဏ္ဌိ | .... | ၁၃၀၀ | ၉ | ၂၈ | |
| ကတ္တားငုပ်ဖော်ပုံဂဏ္ဌိ | .... | ၁၃၀၀ | ၁၀ | ၂ | |
| ဝါကျငုပ်ဖော်ပုံ | .... | ၁၃၀၀ | ၁၀ | ၄ | |
| မုနိန္ဒဂဏ္ဌိ | .... | ၁၃၀၀ | ၁၀ | ၂ | |
| ကတီပယဂဏ္ဌိ | .... | ၁၃၀၀ | ၂ | ၆ | |
| စတုသာရဂဏ္ဌိ | .... | ၁၃၀၀ | ၃ | ၁၅ | |
| ဆသင်္ကာယနဂဏ္ဌိ | .... | ၁၃၀၀ | ၁၁ | ၁၅ | |

| ကျမ်းအမည် | | ခု | လ | ရက် | |
|---|---|---|---|---|---|
| အကြောသာပရိဘာသဂဏ္ဌိ | .... | ၁၃၀၀ | ၅ | ၆ | ပြီး |
| ရာဇတော၀ါစောရတော၀ါဂဏ္ဌိ | .... | ၁၃၀၀ | ၁၂ | ၂၆ | |
| ဝိသေသန ဝိသေသယပြင်းခုံချက် ဝိနိစ္ဆယ | .... | ၁၃၀၀ | ၁၂ | ၂၆ | |
| ဒိဗ္ဗတိဝါဒန္တရ | .... | ၁၃၁၀ | ၁၂ | ၂၆ | |
| ရာဇပုတ္တောဒ္ဒ နိပ္ဖန္နာ နိပ္ဖန္နပြင်းပုံ | .... | ၁၃၀၀ | ၁၂ | ၂၅ | |
| တဒ္ဓိတ်အနက်ပေးပုံဝါဒ ၂-မျိုးရှင်းချက် | | ၁၃၀၀ | ၁၂ | ၂၆ | |
| ပဌမသုတ်၏ ဝိစိတြတ္ထ | .... | ၁၃၀၀ | ၃ | ၇ | |
| ပဌမသုတ်၏ ဝိစိတြထွက်တက်ပုံ(၅၃၇၆၀) | | ၁၃၀၀ | ၂ | ၁၅ | |
| ကံဖြင့်ဆို၍ရှိခိုးခြင်းအမြစ်ရှိ,မရှိသာဓကများ | | ၁၃၀၀ | ၃ | ၁၅ | |
| ချီးမွမ်းကဲ့ရဲ့ ၇-ရက်ဂဏ္ဌိ | .... | ၁၃၀၁ | ၉ | ၁၀ | |
| ဥပမာဝိရုဒ္ဓဖြေပြချက် | .... | ၁၂၉၉ | ၈ | ၂၅ | |
| သုက္ကသံသယဖြေပြချက် | .... | ၁၂၉၉ | ၈ | ၂၅ | |
| ရတနဟတ္ထအလင်းပြဂဏ္ဌိ | .... | ၁၃၀၀ | ၁ | ၈ | |
| ဥပတ္ထမ္ဘကမှတ်ပုံ | .... | ၁၃၀၁ | ၁ | ၁၀ | |
| ဉာဏာစာဂီပုစ္ဆာအဖြေကျမ်း | .... | ၁၃၀၁ | ၁၀ | ၁၃ | |
| ဘက္ကာဒေယျဂဏ္ဌိ | .... | ၁၂၉၅ | ၈ | ၁၅ | |
| မ·:ဓသတ်ပုံကျမ်း | .... | ၁၂၉၅ | ၈ | ၂၀ | |
| ရှေးကဝိပါက် ၇-ရက် ဝိနိစ္ဆယ | .... | ၁၃၀၁ | ၄ | ၁ | |
| အာဟာရဇရုပ် ဂမ္ဘီရဝိသဇ္ဇနာ | .... | ၁၃၀၀ | ၄ | ၃၀ | |
| ဥဿာဓာတုဝိနိစ္ဆယ | .... | ၁၃၀၀ | ၈ | ၁၂ | |
| ပသာဒနိယပဥ္စာဝိသဇ္ဇနာ | .... | ၁၃၀၁ | ၆ | ၅ | |
| အဘိဓမ္မာဂုဠ္ဌတ္ထဝိသဇ္ဇနာ | .... | ၁၂၉၄ | ၅ | ·၂ | |
| မိစ္ဆာဒိဋ္ဌိဂဏ္ဌိ | .... | ၁၃၀၁ | ၁၂ | ၁၂ | |
| မေတ္တာဂဏ္ဌိ | .... | ၁၃၀၁ | ၁၂ | ၁၂ | |
| ဆန်းမှတ်စုဂဏ္ဌိပဌမ | .... | ၁၃၀၂ | ၄ | ၁၉ | |
| ဗဟုဿုတသန္နိစ္စယဋီကာစတုတ္ထ | .... | ၁၃၀၂ | ၆ | ၁၅ | |
| ၎င်း ပဉ္စမ | .... | ၁၃၀၂ | ၈ | ၁၇ | |

ဇန္တာသယ ၄၆၁–၃၉

| ကျမ်းအမည် | | ခု | လ | ရက် |
|---|---|---|---|---|
| ဗဟုဿုတသန္ဒိစ္စယဋီကာ ဆဋ္ဌမ | .... | ၁၃၀၃ | ၈ | ၁၅ |
| နိဿိဒနသန္တတဂဏ္ဌိ | .... | ၁၃၀၃ | ၈ | ၁၇ |
| သက္ကရာဇ်ဝိနိစ္ဆယ | .... | ၁၃၀၃ | ၈ | ၁၅ |
| ဇာနှင့်စာဝိနိစ္ဆယ | .... | ၁၃၀၃ | ၈ | ၂၅ |
| သုဒ္ဓရဆောမိတသြဘာစာဂါထာ များပါဌ်အနက် | .... | ၁၃၀၀ | ၁၁ | ၁၂ |
| ဝိပရိတဒေါသဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၃ |
| မဟာဒီပဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၃ |
| ဆဒ္ဒန္တဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၄ |
| မဏ္ဍာကိနီဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၄ |
| သတ္တရုက္ခဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၄ |
| တာဝတိံသာဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၅ |
| အသုရာပုရဂဏ္ဌိ | .... | ၁၂၉၉ | ၁၂ | ၅ |
| ဆန်းမှတ်စုဂဏ္ဌိ ဒုတိယ | .... | ၁၃၀၄ | ၉ | ၁၃ |
| ဝိပဿနာအကျဉ်းချုပ် | .... | ၁၃၀၄ | ၈ | ၁၁ |
| ပဋ္ဌမသုတ်စာစပ် ၁၂-ကုဋ္ဌေကျော် | .... | ၁၃၀၃ | ၅ | ၂၆ |
| အတ္ထနယ ဆပ္ပစ္စယ တွက်ပုံပြပုံ | .... | ၁၃၀၃ | ၅ | ၁၂ |
| ဂဏဝိကပ္ပ ဆပ္ပစ္စယတွက်ပုံ | .... | ၁၃၀၃ | ၅ | ၁၄ |
| ဝဏ္ဏဝုတ္တိ ဆပ္ပစ္စယတွက်ပုံ | .... | ၁၃၀၃ | ၅ | ၁၆ |
| ဝိဿာသဂါဟဂဏ္ဌိ | .... | ၁၃၀၄ | ၉ | ၂၂ |
| သံဝါသဂဏ္ဌိ | .... | ၁၃၀၄ | ၉ | ၂၃ |
| သမ္ဘောဂဂဏ္ဌိ | .... | ၁၃၀၄ | ၉ | ၂၃ |
| ပရိဘောဂဂဏ္ဌိ | .... | ၁၃၀၄ | ၉ | ၂၃ |
| အတ္ထယောဇနာနယနှင့်ကမ္မဝိနိစ္ဆယ | .... | ၁၂၉၄ | ၅ | ၈ |
| ဆရာ၏သင်နည်းမှတ်ချက်အထူး ၁၉-နံပါတ် | | ၁၃၀၁ | ၄ | ၂၆ |
| တိပိဋကမှတ်စုချုပ်(ပ) ၁၇-နံပါတ် | .... | ၁၂၉၆ | ၄ | ၁၅ |
| ရင်း (ဒု) ၁၈-နံပါတ် | .... | ၁၂၉၆ | ၄ | ၁၅ |

| ကျမ်းအမည် | ခု | လ | ရက် | |
|---|---|---|---|---|
| သုတ္တန္တဂါထာယောဇနာပါတ် ၁၆-နံပါတ် | ၁၃၀၅ | ၈ | ၁၅ | ပြီး |
| ထေရထေရီအပဒါန်ဘာသာပြန်ချုပ် ၁၆-နံပါတ် | ၁၃၀၄ | ၄ | ၁၅ | |
| လောကဓာတုလင်္ကာကျမ်း ၁၆-နံပါတ် | ၁၃၀၅ | ၆ | ၁၉ | |
| ဓမ္မဝိနယအမိန့်တော်ပြန်တမ်း၏နိဒါန | ၁၃၀၅ | ၁၀ | ၂၀ | |
| သီလကြီး ၃-ပါးနှင့်ဓုမပါနဝိနိစ္ဆယ .... | ၁၃၀၅ | ၁ | ၁၅ | |
| နဝင်္ဂုပေါသထသီလဝိနိစ္ဆယ .... | ၁၃၀၅ | ၉ | ၁၆ | |
| မြန်မာဝါဒကွဲ ၄-မျိုး .... | ၁၃၀၅ | ၉ | ၁၆ | |
| တင်းလျက်ချွင်းချက် .... | ၁၃၀၃ | ၃ | ၄ | |
| ၉၈-ခုနှစ်အရေးတော်ပုံမှတ်ပုံမှတ်တမ်း | ၁၃၀၅ | ၁၂ | ၁၆ | |
| မူလဇစ်မြစ်ဖော်ပြလျှစ် .... | ၁၃၀၅ | ၁၂ | ၂၇ | |
| ဝါဒန္တရပဟာနပဌမပိုင်း .... | ၁၃၀၅ | ၁၂ | ၃၀ | |
| ဝါဆိုဝါကပ်အရေးတော်ပုံနိဒါန်း .... | ၁၃၀၆ | ၄ | ၁၄ | |
| ဒီအကွဲကားဟိုအကွဲထက်ခက် .... | ၁၃၀၅ | ၁၃ | ၃ | |
| ဒုတိယဝါဒန္တရပဟာန .... | ၁၃၀၅ | ၁၃ | ၃ | |
| ကြားကပညာရှိများအတိအလင်း သိလောက်ပြီ | ၁၃၀၆ | ၂ | ၈ | |
| မန္တလေးဝါဒ၏မှားယွင်းချက်အစုစု .... | ၁၃၀၆ | ၄ | ၂ | |
| ရုပ်နာမ်တွေ့လျှင်ခန္ဓာ အာ ဓ စသည်တွေ့ပုံ | ၁၃၀၆ | ၁၂ | ၅ | |
| ချေပချက် .... | ၁၃၀၆ | ၁၂ | ၇ | |
| ဗဟုဿုတသန္နိစယဋီကာသတ္တမ .... | ၁၃၀၆ | ၉ | ၁၅ | |
| ၎င်း အဋ္ဌမ .... | ၁၃၀၆ | ၁၂ | ၂ | |
| ရှင်ကျင့်ဝတ်အစုံလင်္ကာများ .... | ၁၃၀၆ | ၁၂ | ၁၆ | |
| ပဒ(၈)ဝါကျ(၉)ဝါကျတ္ထ ဒေါသထွက်တက်ပုံ | ၁၃၀၀ | ၁၁ | ၂၂ | |
| ဉာဏစာဂီနိယံများ .... | ၁၂၉၃ | ၁၁ | ၁၇ | |
| ရသဝါဟိနီနိဿယ .... | ၁၂၉၄ | ၄ | ၁၆ | |

| ကျမ်းအမည် | ခု | လ | ရက် |
|---|---|---|---|
| သဒ္ဒါကြီးစာစပ်နိယံဖြေအင်္ဂပူနိယံဖြေ.... | ၁၃၀၀ | ၁၁ | ၁၉ |
| နာမ်ရုပ်ပိုင့်ပိုင်ဟောပြနိုင်အင်္ဂါ .... | ၁၃၀၁ | ၅ | ၁၇ |
| သက္ကာယဒိဋ္ဌိကောက်ချက်ချ .... | ၁၃၀၃ | ၁၁ | ၁၅ |
| ဉာဏစာဂီနည်း(၄၀)နိယံအဖြေ .... | ၁၃၀၃ | ၉ | ၃ |
| ၅၅၀-ဇာတ်ဝတ္ထု အကျဉ်း စ,ဆုံး .... | ၁၃၀၅ | ၃ | ၁၂ |
| ဥပရိပဏ္ဏာသပါဠိတော်(၁၀)သုတ်နိဿယ | ၁၂၈၆ | ၈ | ၁၅ |
| သုတ္တဝိဘာဂယောဂဝိဘာဂဆုံးဖြတ် .... | ၁၃၀၀ | ၁၁ | ၁၃ |
| ကာလိကဝါဒအယူအဆ .... | ၁၃၀၂ | ၁၂ | ၃ |
| ယုတ်သိမ်းစာ .... | ၁၃၀၆ | ၅ | ၂၂ |
| နာနာသံဝါသကဂဏ္ဌိ .... | ၁၃၀၇ | ၂ | ၁၆ |
| နာနာသံဝါသကဝိနိစ္ဆယ .... | ၁၃၀၇ | ၂ | ၁၉ |
| အာဘောဂဒီပနီ .... | ၁၃၀၇ | ၂ | ၁၆ |
| ဘုရားလက်ထက် ၈-ဂိုဏ်းရှိပုံ .... | ၁၃၀၇ | ၂ | ၁၇ |
| ကံပျက်စီးပုံဇယားပုံ(၈၉) .... | ၁၃၀၇ | ၂ | ၁၉ |
| ကံကြီးကံငယ်(ဘေဒ)၁၈-ပါးပြချက် | ၁၃၀၇ | ၂ | ၂၁ |
| ဒါနဝိရာဓဝိနိစ္ဆယ .... | ၁၃၀၈ | ၁၀ | ၁၄ |
| ကင်္ခါဝိတရဏီစာတမ်း .... | ၁၃၀၈ | ၉ | ၇ |
| စက်ပရိတ်ဝိဝါဒစာတမ်း .... | ၁၃၀၈ | ၁၂ | ၁၉ |
| အပြစ်တင်ချက်ဖြေရှင်းပုံ .... | ၁၃၀၆ | ၆ | ၇ |
| ကာယေကာယာနုပဿီရှင်းချက် .... | ၁၃၀၈ | ၆ | ၇ |
| ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံလယ်ပုံ .... | ၁၃၀၈ | ၆ | ၇ |
| နီဝရဏဝိက္ခမ္ဘနခွါပုံ .... | ၁၃၀၈ | ၇ | ၁၅ |
| တိလောကမဟိတာ၌လိင်ဝုစ်ဝိဘတ်ကြံ၍ပြုပုံ | ၁၃၀၈ | ၇ | ၁၅ |
| သင်္ဂြိုဟ်ပဏာမချုရာစစ်ခန်းများ .... | ၁၃၀၀ | ၁၀ | ၈ |
| သဒ္ဒါချရာသုတ်တိုင်းစစ်ခန်းများ .... | ၁၃၀၅ | ၅ | ၁၆ |
| ၃-ဉာဏ်ခဖော်ခန်းကျင့်စာတမ်း .... | ၁၃၀၇ | ၉ | ၁၁ |

| ဝိပဿနာဆိုင်ရာကျမ်းစာများ | | ဦးရေ | နှစ် | လ | ရက် | |
|---|---|---|---|---|---|---|
| ဝိပဿနာအကျဉ်းချုပ် | ၃ ကြိမ် | ၆၆၀၀ | ၁၃၀၄ | ၄ | ၁ | ပြီး |
| သဘာဝဓမ္မမှန်ပြ | ၄ ။ | ၁၇၀၀၀ | ၁၃၀၇ | ၉ | ၁၅ | |
| စက္ကဝတ္တိဒါယာဒ | ၃ ။ | ၆၀၀၀ | ၁၃၀၉ | ၅ | ၇ | |
| ငါအရိယာဖြစ်ပြီလား ပဋ္ဌမတွဲ | ၄ ။ | ၆၀၀၀ | ၁၃၁၀ | ၈ | ၂၃ | |
| စာတွေ့ငါတွေ့ညှိပြ | ၂ ။ | ၈၆၀၀ | ၁၃၁၀ | ၉ | ၁၅ | |
| နိဗ္ဗာန်ခရီးလမ်းမကြီး | ၁ ။ | ၄၀၀၀ | ၁၃၁၀ | ၁၀ | ၁ | |
| သောတာပန်ဖြစ်ခဏ်း | ၂ ။ | ၃၀၀၀ | ၁၃၁၀ | ၁၁ | ၁၂ | |
| ငါမဂ်ရပြီလား | ၁ ။ | ၄၀၀၀ | ၁၃၁၁ | ၈ | ၁၀ | |
| ကိုယ်တွေ့နိဗ္ဗာန်ရှာပုံကျမ်း | ၂ ။ | ၅၀၀၀ | ၁၃၁၁ | ၆ | ၁၇ | |
| တဏှာသတ်ခဏ်း ခေတ်ကမ္မဋ္ဌာန်း | ၁ ။ | ၂၀၀၀ | ၁၃၁၁ | ၁၀ | ၁၅ | |
| ဝိပဿနာအနုမြူဗုံး | ၂ ။ | ၂၀၀၀ | ၁၃၁၂ | ၁၀ | ၁၉ | |
| ၃၃-ဆင့်ဝိပဿနာ ပ-တွဲ | ၁ ။ | ၂၀၀၀ | ၁၃၁၂ | ၄ | ၁၅ | |
| ၃၃-ဆင့်ဝိပဿနာ ဒု-တွဲ | ၁ ။ | ၃၀၀၀ | ၁၃၁၂ | ၆ | ၂ | |
| ဒိဋ္ဌိသတ် တဏှာသတ် | ၁ ။ | ၃၀၀၀ | ၁၃၁၂ | ၅ | ၁၉ | |
| ကုဋ္ဌေတသိန်းတွေ့ရပုံ | ၁ ။ | ၃၁၀၀ | ၁၃၁၃ | ၅ | ၉ | |
| မဂ်၏ရှေ့တော်ပြေး | ၁ ။ | ၃၁၀၀ | ၁၃၁၂ | ၇ | ၁၂ | |
| ပရမတ်နိုင်ငံထူထောင်ရန် | ၁ ။ | ၃၀၀၀ | ၁၃၁၃ | ၅ | ၂၈ | |
| ဒိဋ္ဌိတိုင်းပြည်လူစီစီ | ၁ ။ | ၃၀၀၀ | ၁၃၁၃ | ၁၂ | ၅ | |
| ဒိဋ္ဌိကပ်ခွါဒေသနာ | ၁ ။ | ၃၀၀၀ | ၁၃၁၂ | ၁၂ | ၉ | |
| အရိယာအတွေ့ | ၁ ။ | ၅၀၀၀ | ၁၃၀၅ | ၂ | ၁၅ | |
| ချာန်သမာပတ် ၈-ဌာနရပြီ | ၁ ။ | ၇၀၀၀ | ၁၃၁၅ | ၁၀ | ၈ | |
| ဝိပဿနာတန်ခိုးပြ | ၁ ။ | ၃၀၀၀ | ၁၃၁၆ | ၁၀ | ၁၄ | |
| ယောဂီကြေးမုံ | ၁ ။ | ၂၀၀၀ | ၁၃၁၀ | ၂ | ၁၅ | |
| အရိယစက္ခု | ၃ ။ | ၉၀၀၀ | ၁၃၁၄ | ၈ | ၂၈ | |

| ဝိပဿနာဆိုင်ရာကျမ်းစာများ | | | ဦးရေ | နှစ် | လ | ရက် |
|---|---|---|---|---|---|---|
| ကျမ်းစာကြည့်နည်း နိဿယည်း | ၁ | ။ | ၅၀၀၀ | ၁၃၁၅ | ၃ | ၈ |
| ဝဓက | ၁ | ။ | ၅၀၀၀ | ၁၃၁၅ | ၃ | ၂၃ |
| ဖြေလွှာ | ၁ | ။ | ၅၀၀၀ | ၁၃၁၅ | ၄ | ၂၉ |
| ဉာဏစာဂိကျမ်းကြီး | ၁ | ကြိမ် | ၁၀၀၁ | ၁၃၁၆ | ၂ | ၁၅ |
| နိဗ္ဗာန်အလင်းပြ | ၁ | ။ | ၄၀၀၀ | ၁၃၁၅ | ၉ | ၉ |
| ဝဋ္ဋဝိဝဋ္ဋရှင်းတမ်းကြီး | ၁ | ။ | ၄၀၀၀ | ၁၃၁၆ | ၅ | ၁၅ |
| သာသနဝိနိစ္ဆယရှင်းတမ်း | ၁ | ။ | ၃၂၀၀ | ၁၃၁၆ | ၆ | ၈ |
| ဝိပဿနာအဆီ | ၁ | ။ | ၂၀၀၀ | ၁၃၁၃ | ၁၀ | ၃ |
| နိဗ္ဗာနဝိနိစ္ဆယ | ၁ | ။ | ၄၀၀၀ | ၁၃၁၆ | ၁၀ | ၁၂ |
| အရိယာလက်စွဲ ဗျာဒိတ်တော် | ၁ | ။ | ၁၅၀၀ | ၁၃၁၆ | ၁၂ | ၂၆ |
| ဝိပဿနာတက္ကသိုလ်ကြီး | ၁ | ။ | ၁၀၀၀ | ၁၃၁၇ | ၇ | ၁၀ |
| နိဗ္ဗာန်ဝင်တရားတော် | ၂ | ။ | ၆၀၀၀ | ၁၃၁၇ | ၄ | ၁၅ |
| သာသနာ့အဆီ ပဌမ | ၂ | ။ | ၁၀၀၀၀ | ၁၃၁၃ | ၈ | ၁၅ |
| ၎င်း ဒုတိယ | ၂ | ။ | ၁၀၀၀၀ | ၁၃၁၃ | ၈ | ၁၅ |
| ၎င်း တတိယ | ၂ | ။ | ၁၀၀၀၀ | ၁၃၁၃ | ၈ | ၁၅ |
| ၎င်း စတုတ္ထ | ၁ | ။ | ၅၀၀၀ | ၁၃၁၃ | ၈ | ၁၅ |
| ၎င်း ပဉ္စမ | ၁ | ။ | ၅၀၀၀ | ၁၃၁၃ | ၉ | ၁၂ |
| ၎င်း ဆဋ္ဌမ | ၁ | ။ | ၅၀၀၀ | ၁၃၁၃ | ၉ | ၂၀ |
| ၎င်း သတ္တမ | ၁ | ။ | ၅၀၀၀ | ၁၃၁၃ | ၁၁ | ၄ |
| ၎င်း အဋ္ဌမ | ၁ | ။ | ၅၀၀၀ | ၁၃၁၄ | ၂ | ၇ |
| ၎င်း နဝမ | ၁ | ။ | ၅၀၀၀ | ၁၃၁၄ | ၃ | ၈ |
| ၎င်း ဒသမ | ၁ | ။ | ၅၀၀၀ | ၁၃၁၄ | ၄ | ၁၃ |
| ဝိပဿနာဝတ္ထုများ | | | .... | ၁၃၁၆ | ၆ | ၁၀ |
| အဝိဇ္ဇာဝိဇ္ဇာကိုက်ပွဲကြီး | | | .... | ၁၃၁၇ | ၄ | ၁၅ |
| ခေတ်သတိပဋ္ဌာန်တရားတော် | | | | ၁၃၁၄ | ၈ | ၄ |

| | | | | |
|---|---|---|---|---|
| နိဗ္ဗာနပါရဂူ | .... | ၁၃၁၆ | ၁၀ | ၁ |
| ငါမဂ်ရပြီလား ဒုတိယတွဲ | .... | ၁၃၁၅ | ၄ | ၂ |
| ငါအရိယာဖြစ်ပြီလား ဒုတိယတွဲ | .... | ၁၃၁၄ | ၇ | ၈ |
| ဗုဒ္ဓဗျာဒိတ်တော်ကျမ်း ဒုတိယ | .... | ၁၃၁၆ | ၁၂ | ၂၉ |
| ဝိပဿနာတန်ခိုး ထိတ်ကမိုး | .... | ၁၃၁၇ | ၂ | ၁၀ |
| အရိယဒီပနီကျမ်းကြီး | .... | ၁၃၁၄ | ၁၂ | ၁၅ |
| ကမ္ဘာအစပြဿဟာက | .... | ၁၃၁၇ | ၆ | ၂ |
| ကမ္ဘာ့အမှားကြီးသတ္တဝါ့အမှားကြီး | .... | ၁၃၁၇ | ၂ | ၁ |
| သမထယာနိကဝိပဿနာ | .... | ၁၃၁၇ | ၃ | ၁၀ |
| နိဗ္ဗာနသာရဒီပနီ | .... | ၁၃၁၇ | ၉ | ၂ |
| လက်တွေ့ဉာဏ်စဉ်ကျမ်းကြီး | .... | ၁၃၁၈ | ၁ | ၂၆ |
| ဓာတုဒေသနာတော်ကြီးဓာတ်ဆက် ဓာတ်ပေါ်ဓာတ်ဝင်ပုံ | .... | ၁၃၁၈ | ၂ | ၁ |


---

## (၁၅၅) တိတ္ထိယတို့ကျင့်ဝတ်

အစေလကော၊ အဝတ်မဝတ်။ မုတ္တာစာရော၊ ထလျက် ကျင်ကြီးကျင်ငယ်စွန့်၏။ ဟတ္ထာပလေခနော၊ လက်ဖြင့် ကျင်ကြီးကျင်ငယ်ကို ခံယူပြီး လျှာဖြင့်လျက်၏။ န ဧဟိ၊ အရှင်ကောင်း လာလှည့်ဆိုတဲ့ဆွမ်းကို မခံမယူ။ န တိဋ္ဌ၊ အရှင်ကောင်း ရပ်ပါဦး ဆိုသော ဆွမ်းကို မခံမယူ။ အဘိဟဋံ၊ လောင်းမည်ဟုရှေးရှုဆောင်အပ်သောဆွမ်းကိုမခံမယူ။ ဥဒ္ဒိဿကံ၊ ရည်ညွှန်းထားသော ဆွမ်းကို မခံမယူ။ နိမန္တနံ၊ ပင့်ဖိတ်သော ဆွမ်းကို မခံမယူ။ ကုမ္ဘိမုခါ၊ အိုးဝမှ။ ဥဒ္ဓရိတွာ၊ ထုတ်၍။ ဒိန္နံ၊ လှူအပ်သောဆွမ်းကို မခံမယူ။ ကဠောပိမုခါ၊ တောင်းဝမှ။ ဥဒ္ဓရိတွာ၊ ထုတ်၍။ ဒိန္နံ၊ လှူအပ်သောဆွမ်းကို မခံမယူ။ ဧဠကမန္တရံ၊ တံခါးခုံကိုကျော်၍ လှူအပ်သော ဆွမ်းကို မခံမယူ။ ဒဏ္ဍမန္တရံ၊ တုတ် လုံတံကို ကျော်၍ လှူသော ဆွမ်းကို မခံမယူ။ မုသလမန္တရံ၊ ကျည်ပွေ့ကို ကျော်၍ လှူသော ဆွမ်းကို မခံမယူ။ ဒွိန္နံ ဘုဉ္ဇမာနာနံ

ကောသို့ ဥဋ္ဌာယ ဒေဒန္တေ၊ နှစ်ယောက်ထမင်းစားနေစဉ် တယောက်ကထ၍ လောင်းသော ဆွမ်းကို မခံမယူ။ ဂဗ္ဘိနိယာ၊ ကိုယ်ဝန် ဆောင်သော မိန်းမ လောင်းသောဆွမ်းကို မခံမယူ။ ပါယမာနာယ၊ သားကို နို့တိုက်စဉ် ထ၍ လောင်းသောဆွမ်းကို မခံမယူ။ ပုရိသန္တရဂတာယ၊ ယောကျ်ားနှင့် အတူ သွားလာနေသောမိန်းမလောင်းသောဆွမ်းကို မခံမယူ။ သံကိတ္တီသု၊ အများ စုပေါင်း၍ လှူသော ဆွမ်းကို မခံမယူ။ ယတ္ထ သာ ဥပဋ္ဌိတာ တံ န ဂဏှာတိ၊ အကြင်ဆွမ်း၌ မိန်းမရှိ၍ ရပ်တည်၏၊ ထိုဆွမ်းကို မခံမယူ။ ယတ္ထ မက္ခိကာ သဏ္ဍသဏ္ဍစာရိနီ တံ န ဂဏှာတိ၊ အကြင်ဆွမ်း၌ ယင်များ စုစုနားနေ၏၊ ထို ဆွမ်းကို မခံမယူ။ မစ္ဆံ၊ ငါးကို မခံမယူ။ မံသံ အသားကို မခံမယူ။ သုရံ၊ သေရည်မျိုးကို မခံမယူ။ မေရယံ၊ အရက်ငါးမျိုးကို မခံမယူ။ သောဝီရကံ၊ သောဝီရက ဆေးကို မခံမယူ။ ဧကာဂါရိကော၊ တအိမ်သာ ဆွမ်းခံစား၏။ ဧကာလောပိကော၊ တလုပ် ထဲသာ စား၏။ ဒွါဂါရိကော၊ နှစ်အိမ်သာ ဆွမ်းခံ၏။ ဒွါလောပိကော၊ နှစ်လုပ် ထဲသာ စား၏။ ဧကိဿာဒတ္တိယာ၊ ခွက်ငယ်တခုခံ၍စား၏။ ဒွီဟိဒတ္တိဟိ၊ ခွက်ငယ်နှစ်ခုတို့ဖြင့် ခံ၍စား၏။ ဧကာ ဟိကမ္ပိ၊ တရက်ခြား ဆွမ်းခံ၍ စား၏။ သာကဘက္ခောဝါ၊ ဟင်းရွက်စိမ်း ကိုသာ စား၏။ သာမာကဘက္ခောဝါ၊ ဆန်စိမ်းကိုသာ စား၏။ နီဝါရ ဘက္ခောဝါ၊ ကျိတ်စပါးကိုသာ စား၏။ ဒဒ္ဒုလဘက္ခောဝါ၊ သားရေအဖတ် ကိုသာ စား၏။ ဟဋဘက္ခောဝါ၊ ရေးရှူဆောင်သော ဆွမ်းကို စား၏။ ကဏဘက္ခော၊ ဆန်ကွဲကို စား၏။ အာစာမဘက္ခော၊ ထမင်းချိုးကို စား၏။ ပိညာကဘက္ခော၊ နှမ်းဖတ်ကို စား၏။ တိဏဘက္ခော၊ မြက်ကို စား၏။ ဂေါမယဘက္ခော၊ နွားချေးကို စား၏။ ဝနမူလဖလာဟာရော၊ တောမှ သစ်မြစ် သစ်သီး အာဟာရ စား၏။ ပဝတ္တဖလ ဘောဇနော၊ အလိုလို ကြွေကျသောအသီးကိုသာစား၏။ (ဆွမ်းများ ပြီး၏)။ သာဏာနိ၊ ပိုက်ဆံ လျှော်သက်န်းကိုဝတ်၏။ မသာဏာနိပိ၊ ရောနှောရက်သောသက်န်းကိုဝတ်၏။ ဆာဒုဿာနိ၊ လူသေကောင် အဝတ်ကို ယူ၍ဝတ်၏။ ပံသုကူလာနိ၊ မြေမှုန့် အလိမ်းလိမ်းကပ်သောအဝတ်ကိုစပ်ချုပ်၍ဝတ်၏။ တိရိတာနိပိ၊ သစ်ခွံဖြင့် ပြုအပ်သောလျှော်ကိုဝတ်၏။ အဇိနံပိ၊ သစ်နက်ရေကို ဝတ်၏။ အဇိနက္ခိပံပိ၊ ခွါနှင့် တကွသော သစ်နက်ရေကို ဝတ်၏။ ကုသစီရံပိ၊ သမန်း မြက်ဖြင့်

ရက်သော သက်န်းကို ဝတ်၏။ ဝါကစီရံပိ၊ လျှော်တေ သက်န်းကို ဝတ်၏။ ဖလကစီရံပိ၊ ပျဉ်ချပ်စီသောသက်န်းကို ဝတ်၏။ ကေသကမ္ဗလံပိ၊ ဆံပင်ဖြင့် ရက်သော သက်န်းကို ဝတ်၏။ ဝါဠကမ္ဗလံပိ၊ အမြီးမျှင်ဖြင့် ရက်သော သက်န်းကို ဝတ်၏။ ဥလုကပက္ခိပံပိ၊ ခင်ပုတ်တောင်ဖြင့်ရက်သော သက်န်းကို ဝတ်၏။ ကေသမဿုလောစကောာ၊ ဆံပင်ရိတ်ခြင်း, မုတ်ဆိတ်ပြုပြင်ခြင်းဖြင့် နေထိုင်၏။ ဥဗ္ဘဋ္ဌိကောပိ၊ ဖနောင့်ဖြင့်သာရပ်၏။အာသနပဋိက္ခိတ္တော၊နေ့ရာကို ပယ်သည့်, နေရာ၌ မနေ။ ဥက္ကုဋိကော၊ ဆောင့်ကြောင့်သာ ထိုင်သည်။ ကဏ္ဋကာပဿယိကော၊ ဆူးပေါ်၌ခင်း၍အိပ်သည်။ ဖလကသေယျမ္ပိ၊ ပျဉ်ချပ် ပေါ်၌ အိပ်သည်။ ထဏ္ဍိလသေယျံ၊ မြင့်သော မြေအရပ်၌ အိပ်သည်။ ဧကပဿသာယိကောပိ၊ နံပါးတဖက်ဖြင့်သာ အိပ်သည်။ ရဇောဇလ္လဓရော၊ မြူအညစ်အကြေးဆောင်၍နေသည်။ အဗ္ဘောကာသိကော၊ လွင်တီးခေါင်၌ နေသည်။ ယထာသန္ထတိကောပိ၊ ရသမျှနေရာ၌နေသည်။ (ဝေကဋိကောပိ၊ ကျင်ကြီးကိုသာစားသည်။ ဝိကဋဘောဇနာနုယောဂံ၊ ကျင်ကြီးစားခြင်းနှင့် ယှဉ်ခြင်းကို လုံ့လ ပြု၏။ အပါနကောပိ၊ ရေမသောက်ဘဲ နေသည်)။ ဤကား-ဆွမ်း၌ပါဝင်၏။ ။သာယတိယံ၊တနေ့လျှင် ၃-ကြိမ်မျှ။ ဥဒကော ရောဟဏံ၊ ရေဆင်းပြီးချိုးလေ့ရှိ၏။ ။အဲဒါ တိတ္ထိယတို့ကျင့်ဝတ်တည်း။

---

(၁၅၆) နိယတာဂတိက သာခက ၁၈-ပါး

ဗုဒ္ဓမြတ်စွာ၏ ဩဝါဒ သာသနာ

(၁) သီလအမျိုးမျိုးရှိနေရုံဖြင့် ကိစ္စမပြီးသေးတဲ့။
(၂) စာတတ်,ပေတတ်,ဗဟုသုတရှိရုံနှင့် ကိစ္စမပြီးသေးတဲ့။
(၃) သမထ,ဈာန်,အဘိညာဉ်ရရုံနှင့် ကိစ္စမပြီးသေးတဲ့။
(၄) တော,တောင်,ဆိတ်ငြိမ်စရာရရုံနှင့် ကိစ္စမပြီးသေးတဲ့။
(၅) အနာဂါမ်တည်ရုံလောက်နှင့်လည်း ကိစ္စမပြီးသေးတဲ့။
(၆) အာသဝက္ခယရောက်ပါမှသာလျှင် ကိစ္စပြီးဆုံးပါသည်။

ဓမ္မပဒ ပါဠိတော်ကြီး၌

န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။

ဣဿာသယ ၄၆၁-၄၇၀

ဖုသာမိ နေက္ခမ္မံ သုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခု ဝိဿာသမာပါဒိ၊ အပတ္တော အာသဝက္ခယံ။

(အနက်ကား)။ ။ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ အာသဝက္ခယံ အပတ္တော၊ အရဟတ္တဖိုလ်သို့ မရောက်သေး ပါဘဲလျက်။ သီလဗ္ဗတမတ္တေန၊ သီလ စင်ကြယ်ရုံမျှ ခုတင်ဆောင်နိုင်ရုံ မျှဖြင့်။ ဝိဿာသံနအာပါဒိ၊ စိတ်ချ လက်ချ သက်သာယာရပြီ ဟူ၍ မနေလိုက်ပါလင့်။ ဗာဟုသစ္စေန ဝါ ပန၊ စာတတ် ပေတတ် ကျမ်းဂန်ဘတ်သည်ဖြစ်၍ ပိဋကတ် ၃-ပုံ နှုတ်ငုံဆောင် နိုင်ရုံမျှနှင့်။ ဝိဿာသံနအာပါဒိ၊ စိတ်ချ လက်ချ သက်သာယာရပြီ ဟူ၍ မနေလိုက်ပါလင့်။ အထဝါ၊ တနည်းသော်ကား။ သမာဓိလာဘေန၊ ဈာန် အဘိညာဉ် သမာပတ်ကို ရရုံမျှနှင့်။ ဝိဿာသံ နအာပါဒိ၊ စိတ်ချ လက်ချ သက်သာယာရပြီဟူ၍ မနေလိုက်ပါနှင့်။ ဝိဝိတ္တသယနေန ဝါ၊ ဆိတ်ငြိမ်သော တောကျောင်း၌ ကိန်းအောင်းရပြီဟူ၍လည်း။ ဝိဿာသံနအာပါဒိ၊ စိတ်ချ လက်ချ သက်သာယာရပြီဟူ၍ မနေလိုက်ပါနှင့်။ အပုထုဇ္ဇနသေဝိတံ၊ ပုထုဇဉ် တို့မမှီဝဲနိုင်သော။ နေက္ခမ္မံသုခံ၊ အနာဂါမိဖိုလ်ချမ်းသာကို။ ဖုသာမိ၊ တွေ့နိုင် ရောက်နိုင်၏ ဟူ၍လည်း။ ဝိဿာသံနအာပါဒိ၊ စိတ်ချ လက်ချ သက်သာယာ ရပြီဟူ၍ မနေလိုက်ပါနှင့် ငါ့ချစ်သား။ ။အဲဒါ ဗုဒ္ဓဩဝါဒ သာသနာ တော်ကြီးတည်း။

တသံသရာလုံး အပါယ်တံခါးပိတ်။
စူဠသောတာပန်, အရိယာဘွဲ့တော်ရ။
လဒ္ဓဿာသ လဒ္ဓပတိဋ္ဌ နိယတဂတိက။
ဝိပဿနာမှ၊ ဤခြောက်ဝ၊ မုချဆောင်နိုင်သည်။
ဝိပဿနာတရား၊ အားကိုးထား၊ မလားအပါယ်ပြည်။

ဝိသုဒ္ဓိနတ်လှမ်းညွှန် ပါဠိတော်ကြီး။

ကတမော စ ခေါ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါတိ ဝိပဿနာ အယံ ဝုစ္စတိ အသင်္ခတဂါမိမဂ္ဂေါတိ။ ။အသင်္ခတသံယုတ် ပါဠိတော်ကြီး။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့သွားရာ လမ်းမကြီး သည်။ ကတမောစ၊ အဘယ်တရား ပေနည်း။ ဣတိအယံ၊ ဤသည်ကား။

ပုစ္ဆာ၊ မေးမြန်းပုံတည်း။ ။ဘိက္ခဝေ၊ ချစ်သားတို့။ အယံ ဝိပဿနာ၊ ဤဝိပဿနာကို။ အသင်္ခတဂါမိမဂ္ဂေါတိ၊နိဗ္ဗာန်သို့သွားရာ လမ်းမကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ ။ဤဝိပဿနာသည် နိဗ္ဗာန်သို့သွားရာ လမ်းမကြီး ပါပေတည်း။

ဝိပဿနာသည် နိဗ္ဗာန်သို့ ကေန်အမှန် ရောက်စေတတ်သောကြောင့် အပါယ်သို့ ကျနေစရာပင်မရှိ။ ဂတိမမြဲစရာပင်မရှိ၊ လဒ္ဓဿာသ၊ တသံသရာလုံး သက်သာယာကြီးကိုရဘို့။ လဒ္ဓပ္ပတိဋ္ဌ၊ တသံသရာလုံး ထောက်ရာတည်ရာကြီး ရသွားဘို့သာရှိပေသည်။ ပြလတ့်သော ပါဠိသာခကေနှင့် ငွေ့သာခက(၉၃) (၁၀၀)ကျော်ကို သေချာစေ့ငှ ကြည့်ရှုသော်။ အသဲစွဲပင် ယုံကြည်အားကိုး ကြပေမည်၊ သာခက(၉၃)ကို ပြတော့အံ့။

နိဗ္ဗာန်သို့ တကြောင်းတည်းသွားသည့် ဝိပဿနာ

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်။ ။ဘိက္ခဝေ၊ရဟန်းတို့။ ဧကာယနော၊ တကြောင်းတည်း တလမ်းတည်းသာ သွားရာဖြစ်သော။ အယံမဂ္ဂေါ၊ ဤ သတိပဋ္ဌာန် ၄-ပါး ခေတ်တရားဆိုတဲ့ လမ်းမကြီးသည်။ သတ္တာနံ၊သတ္တဝါ တို့၏။ ဝိသုဒ္ဓိယာ၊ အကုသိုလ် ကိလေသာတို့မှ စင်ကြယ်စေခြင်းငှာရင်း။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ ကောင်းစွာလွန်မြောက်ခြင်းငှာရင်း။ ဒုက္ခဒေါမနဿာနံ၊ဆင်းရဲခြင်း, နှလုံး မသာယာခြင်းတို့ကို။ အတ္ထင်္ဂမာယ၊ချုပ်စေခြင်းငှာရင်း။ဉာယဿ၊မဂ်ဉာဏ်ကို။ အဓိဂမာယ၊ ရရှိစေခြင်းငှာရင်း။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာရင်း။ သံဝတ္တတိ၊ ဖြစ်စေနိုင်ပေ၏။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးကုန်သော အကြင် သတိပဋ္ဌာန်တို့သည်။ အတ္ထိသန္တိ၊ ရှိကြပေကုန်၏။ ။အယံ၊ဤသတိပဋ္ဌာန်သည်။ ဧကာယနော၊ တကြောင်း တည်း တလမ်းတည်း သွားရာ ဖြစ်သော။ မဂ္ဂေါ၊ မဂ်ပင်တည်း။ ဝါ၊လမ်း ပင်တည်း။

ခန္ဓာကိုယ်ထဲမှ ဓာတ်ပေါ်တိုင်း ပေါ်တိုင်း သတိဖြင့် ရှု၍နေသော ဝိပဿနာသည် (၁) နိဗ္ဗာန်သို့ ရောက်ရာ တခုသော လမ်းပင်တည်း။ (၂) သတ္တဝါများ အကုသိုလ် ကိလေသာမှ ငင်ကြယ်ဘို့လည်း ဝိပဿနာပင်တည်း။ (၃) သောကပရိဒေဝမှ လွတ်မြောက်ဘို့လည်း ဝိပဿနာမှ စွမ်းဆောင်နိုင်၏။ (၄) ဒုက္ခဒေါမနဿကို ချုပ်ငြိမ်းဘို့လည်း ဝိပဿနာမှသာ စွမ်းဆောင်နိုင်၏။ (၅) မဂ်ဉာဏ်လေးပါးကို ရဘို့ရန်လည်း ဝိပဿနာမှ စွမ်းဆောင်နိုင်၏။ (၆) နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရန်လည်း ဝိပဿနာမှ စွမ်းဆောင်နိုင်ပေ၏။ ဤသို့လျှင် ဝိပဿနာ၏ တန်ခိုးသတ္တိကို ဘုရားသခင် ကိုယ်တော်တိုင် ဟောကြားထားခဲ့ပေရာ (အပါယ်တံခါးပိတ်ဘို့, ဆင်းရဲပြတ်ဘို့, ဘုံစဉ်စံရဘို့, သက်သာယာရဘို့, ထောက်ရာတည်ရာရဘို့, ဂတိမြဲဘို့လောက်ကလေးကား တွေးတောကြောင့်ကြနေစရာပင် မလိုတော့ပါ၊တန်ခိုးခြောက်ပါး၌ ပါဝင်ပြီးသားဖြစ်၍ နေပါတော့၏)။

(ဤအကွင်းတွင်ပါသော စကားစုကား နံပါတ်တိုင်း လိုက်ရန်၊ ထည့်ရန်၊ ဖြည့်ရန်၊ သတိပေးရန် ညွှန်ပြရန် ဖြစ်ပါသည်။ ဤကား အမှာစကားချပ်)။

ဓာတ်တရားတွေ့ အပါယ်တံခါးပိတ်သတဲ့

စတုန္နံ ဓာတူနံ အညတ္ထတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ နတ္တေဝဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။ ။တိကအင်္ဂုတ္တိုရ်ပါဠိတော်နံပါတ် ၁၈၊ ကြောင်းရေ ၁၀ ဟံမှု၌။ ။စတုန္နံ၊ လေးပါးကုန်သော။ ဓာတူနံ၊ ဓာတ်တရားတို့၏။ အညတ္ထတ္တံ၊ဘခြားစီ တပါးစီနေကြပုံကို စေဇာနေယျ၊အကယ်၍သိငြားအံ့။ ပထဝီဓာတုယာ၊ တောင့်တင်းခြင်းစသော ပထဝီဓာတ် ၄၃-ပါးကိုရင်း။ အာပေါဓာတုယာ၊ စီးထန်းခြင်းစသော အာပေါဓာတ် ၂-ပါးကိုရင်း။ တေဇောဓာတုယာ၊ပူအေးနွေးရှိန်ခြင်းစသောတေဇောဓာတ် ၆-ပါးကိုရင်း။ ဝါယောဓာတုယာ၊ ယိမ်းယိုင်ခြင်းစသော ဝါယောဓာတ် ၁၁-ပါးကိုရင်း။ ဓမ္မေ၊ ဓာတ်တရား ၃၂-ပါး၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ

ဟာပည့်သွားသည်။နိရယံဝါ၊အသဲတုန်စရာကောင်းတဲ့ငရဲဘုံသို့ရင်း။ တိရစ္ဆာန ယောနိံဝါ၊ အဆိပ်တွေ ထန်လှတဲ့ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ထိတ်စရာစုံလှတဲ့ ပြိတ္တာဘုံသို့ရင်း။ အသုရကာယ ယောနိံဝါ၊ ဇမ္ဗူတနယ် မှာဖြင့် အလှူခံတွကွယ်နေတဲ့ အသုရကာယ်၏ဘုံသို့ရင်း။နတွေဝ ဥပပဇ္ဇိဿတိ၊ ခတ်က မြောက်သဖြင့် ဘယ်တော့ကမှ မရောက်နိုင် တော့သည်သာ လျှင်တည်း။

ခတ်တရားတွေလျှင် အပါယ်မရောက်နိုင်ပြီဟု ဘုရားကိုယ်တိုင်ကပင် ဟောကြားသဖြင့် အပါယ်တံခါးပိတ်၊ ဆင်းရဲသံသရာပြတ်၊ ဘုံစဉ်စံ၊ သိဒ္ဓိ ကိုးတန်ရ၊ ၆၇-ဆင့်ဖြင့် မြဲမြဲတက်ရ၊ သက်သာယာကြီးရ၊ ထောက်ရာ တည်ရာကြီးရ၍။ နိယတဂတိက ဖြစ်ရပုံ, စူဠသောတာပန် ဖြစ်ရပုံကိုပြပြီး ပါဠိနှင့် ချိန်ဆပြလတ့်သော ပါဠိတရာကျော်နှင့် ညီမျှ၍ အတည်အကျ ဝသီကရဏဖြင့် ဒီဘဝကစ၍ ယုံကြည်ကြပါရန် ကိုးကား၍ ပြကာရေးသွား ပါအံ့။

ခတ်တရားတွေ့ သေမင်း မမြင်နိုင်

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံအဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ဓမ္မပဒ ပါဠိတော်၊ ပဥ္စသတဝိပဿကဘိက္ခု၊ နံပါတ်-၂၂၊ ကြောင်းရေ ၂၅-သုမူ။ ၊ပုဗ္ဗုဠကံ၊ မြစ်ပြင် ပင်လယ်ပြင် သမုဒ်နယ်က ရေပွက်ကို။ •ပဿေယျယထာ၊ ကိုယ်တွေ့ ဉာဏ်တွေ့ အမြင်တွေ့ ရသကဲ့သို့ရင်း။ မရီစိကံ၊ အိုင်စပ် ခရေပ် နေရှိန် ဟပ်တော့ တံလျှပ် အရိပ်ကို၊ ပဿေယ်ယထာ၊ ကိုယ်တွေ့ဉာဏ်တွေ့ အမြင်တွေ့ရသကဲ့သို့ရင်း။ ဧဝံတထာ၊ ထိုနည်းထားယူ အသားတူသာလျှင်။ လောကံ၊ ဖြစ်ပျက်တဲ့ ခတ်လောကကို။ အဝေက္ခန္တံ၊ ပေါ်တိုင်းရှု၍နေတဲ့ ယောဂီကို။ မစ္စုရာဇာ၊ ရှင်သေမင်းသည်။ န ပဿတိ၊ မတွေ့မမြင်နိုင်တော့သတည်း။

ဝိပဿနာအားထုတ်တော့ ဟိုနေရာကပွက်ပေါ် ဒီနေရာကပွက်ပေါ်နှင့် တွေ့ရသော ပုဗ္ဗုဠက ခတ်အပေါ်ကို တွေ့သော ယောဂီများ။ ထို့ပြင် တဖြန်းဖြန်း တရှိန်းရှိန်း တလျှပ်လျှပ်နှင့် တံလျှပ်လိုပေါ်တဲ့ ခတ်အပေါ်

မျိုးကို တွေ့ရသော ယောဂီများ။ ၎င်းတို့ကို သေမင်းပိုင်နက်မှ ကျွတ်ထွက်သဖြင့်၊ သေမင်း မမြင်နိုင်ဘူးတဲ့။ နိယတဂတိက ဆိုတဲ့ အဓိပ္ပါယ်ဟာပါ၍ သွားလေပြီ။

### သေမင်းနိုင်ငံမှလွတ်၍ သေမင်းမမြင်နိုင်

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

သုတ္တနိပါတ်ပါဠိတော်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

မောဃရာဇ၊ အို-ချစ်သားမောဃရာဇ။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိရှိသည်ဖြစ်၍။ လောကံ၊ ဖြစ်ပျက်ဆိုတဲ့လောကကို။ သုညတော၊ ငါ ငါ သူသူ လူလူ နတ်နတ်မှ ဆိတ်သုဉ်းသော အနတ္တအနေအားဖြင့်။ အဝေက္ခဿု၊ ရှုပွားပါလော့။ အတ္တာနုဒိဋ္ဌိံ၊ ငါ ငါ သူသူ လူလူ နတ်နတ် မှားထင်သည့် အတ္တာနုဒိဋ္ဌိကို။ ဥဟစ္စ၊ စွန့်ခွါ ပါလော့။ ဧဝံ၊ ဤသို့ အနတ္တ တွေ့၍ ဒိဋ္ဌိကွာသည် ရှိသော်။ မစ္စုတရော၊ သေမင်း၏ နိုင်ငံမှ လွတ်မြောက်သည်။ သိယာ၊ ဖြစ်ခဲ့ရာ၏။ ဧဝံ၊ ဤသို့။ လောကံ၊ ဖြစ်ပျက် လောကကို။ အဝေက္ခန္တံ၊ ရှု၍နေသော ယောဂီကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင် တော့ပါ။

### အပါယ်လေးဘုံ အလုံးစုံကို စွန့်နိုင်ပါပြီ

တသ္မာ ရက္ခိတ စိတ္တဿ၊ သမ္မာသင်္ကပ္ပ ဂေါစရော။
သမ္မာဒိဋ္ဌိံ ပုရက္ခာရော၊ ဉတွာန ဥဒယဗ္ဗယံ၊
ထိနမိဒ္ဓါဘိဘူ ဘိက္ခု၊ သဗ္ဗ ဒုဂ္ဂတိယော ဇဟေ။

နေတ္တိပါဠိတော်၊ နံပါတ်-၃၈၊ ကြောင်းရေ ၂၃-ပြည်ကြီးမဏ္ဍိုင်မူ။

တသ္မာ၊ ထို့ကြောင့်။ ရက္ခိတစိတ္တဿ၊ စောင့်ရှောက် အပ်သောစိတ် ရှိထသော။ သမ္မာသင်္ကပ္ပဂေါစရော၊ သမ္မာသင်္ကပ္ပဖြင့် ကျက်စားခြင်း ရှိထသော။ သမ္မာဒိဋ္ဌိပုရက္ခာရော၊ သမ္မာဒိဋ္ဌိကို ရှေးသွားပြုထသော။ ထိနမိဒ္ဓါဘိဘူ၊ ထိနမိဒ္ဓကို နှိပ်စက်လေ့ ရှိထသော။ ဘိက္ခု၊ ရဟန်း ယောဂီသည်။ ဥဒယဗ္ဗယံ၊ အဖြစ် အပျက်ကို။ ဉတွာန၊ သိမြင်၍။ သဗ္ဗဒုဂ္ဂတိယော၊ အလုံးစုံသောအပါယ် ၄-ဘုံတို့ကို။ ဇဟေ၊ စွန့်နိုင်တော့၏။

ဘဏ်တိုက်ကြီး၌၊ ပထမ(၆၄)ပုဒ်။ ဒုတိယ (၉၃)ဖြင့်၊ ရုပ်နာမ် မြင်တွေ့သဖြင့်အပါယ်တံခါးပိတ်ပုံကို အကျယ်ပြခဲ့လေပြီ။

အရိယာလေပါး တပါးရ အပါယ်လွတ်ပါပြီ

စတ္တာရောဟိအရိယာ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ ။တိကနိပါတ်၊ တိလမုဋ္ဌိဇာတ် အဋ္ဌကထာ၊ ။ ဟိ၊ ပုထုဇဉ်နှင့်အရိယာကို သိသာအောင် ခွဲ၍ပြဦးအံ့။ အရိယာ၊ အပါယ်လည်းကင်း ဆင်းရဲလည်းလွတ် ဒုက္ခမှကျွတ်ကြသဖြင့် မုချပင်ကင်းလွတ်ကြကုန်သော အရိယာကြီးတို့သည်။ စတ္တာရော၊ ရေတွက်စစ်ပွါး အတွေးမမှားရအောင် လေးပါးသာ ရှိကြပေကုန်၏။ အာစာရအရိယော၊ ရုပ်ယာဉ်နှင့်နာမ်ယာဉ်ကိုအမှန်ပင်စီးတော့မည်ဟု တွင်တွင်ကြီးအားထုတ်သော အာစာရအရိယာသည်ဧင်း။ ဒဿနအရိယော၊ အဝိဇ္ဇာပျောက် အလင်းရောက်သဖြင့် ခေတ်ပေါက်ရုပ်မြင် နာမ်အစဉ်ပါ အမှန်ပင်မြင်ရသော ဒဿနအရိယာသည်ဧင်း။ လိင်္ဂအရိယော၊ ပုထုဇဉ်နဂိုရ်ဟောင်းမှ ရှုစဉ်ပင်ခေတ်စုံပြောင်းသဖြင့် အဖော်အပေါင်း တရားတမျိုးထွင်ပြီး အားကိုးချင်အောင် ကမ္မဋ္ဌာန်းစိတ်ဖြင့် တစခန်းချိဘ်သော လိင်္ဂအရိယာသည်ဧင်း။ ပဋိဝေဓအရိယော၊ သောတာပန် ခရီးဆိုက်သဖြင့် ပြည်နိဗ္ဗာန် အပြီးပိုက်လို့မို့ စီးလိုက်သော ပဋိဝေဓ အရိယာသည်ဧင်း။ တေ၊ ထို ၄-မျိုး ၄-စား ၄-ပါးသာလျှင် ဖြစ်ကြ ကုန်သော အရိယာကြီး တို့သည်။ နိဗ္ဗာနပုရံ၊ ဘေးမခ ရန်မသန်း အေးချမ်းလှတဲ့ နိဗ္ဗာန်ပြည်ကြီးသို့၊ နိဗ္ဗာနပုရံ၊ ကိလေသာမှန်သမျှ အနန္တတို့က ဆလံအတန်တန်သရတဲ့ နိဗ္ဗာန်မြို့ကြီးသို့။ နိဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။ နိဂစ္ဆန္တိ၊ ရောက်ကြရတော့ မှာပါတကား။ နိဂစ္ဆန္တိ၊ သံသရာဗွေခေတ်ကဲ့ နေရစ်ခဲ့တော့ ငါမဆိုင်းနိုင်ဟု ဝဋ္ဋဂိုဏ်းကို ခြေနင်းပြီး ဩြဘ်-ခွဲခွါခြင်းပြုကြရလေကုန်သတည်း။

တမ္ဗဒါဌိက လူသတ်မှူး နိယတဂတိက

သော ထေရေ အနုမောဒန် ကရောန္တေ ကောဂ္ဂစိတ္တော ဟုတွာ ဓမ္မံ သုဏန္တော သောတာပတ္တိမဂ္ဂဿ ဩရတော "အနုလောမိကံ ခန္တိံ နိဗ္ဗတ္တေသိ။ ။ဓမ္မပဒအဋ္ဌကထာ။ တမ္ဗဒါဌိကဝတ္ထု။

သုဘာသိတံ သုဏိတွာန၊နဂရေ စောရဃာတကော။
အနုလောမခန္တိံ လဒ္ဓါန၊မောဒတိ တိဒိဝံဂတော။

ထေရေ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်သည်။ အနုမောဒနံ၊ ဝိပဿနာတရားတော်ကို။ ကရောန္တေ၊ ဟောပြစဉ်။ သော၊ ထိုတမ္ဗဒါဌိက သူသတ်မှူးကြီးသည်။ ဧကဂ္ဂစိတ္တော၊ တည်ကြည်သော စိတ်ရှိသည်၊ ဟုတွာ၊ ဖြစ်၍။ ဓမ္မံ၊ဝိပဿနာတရားတော်ကို။သုဏာန္တော၊ကြားနာရသည်ရှိသော်။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဩရတော၊ ဤမှာဘက်၌၊ အနုလောမိကံ၊ မဂ်ညာဏ်အားလျော်သော။ ခန္တိံ၊ သင်္ခါရုပေက္ခာ ညာဏ်ကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေပြီ။

နဂရေ၊ ရာဇဂြိုဟ်မြို့၌။ စောရဃာတကော၊ ခိုးသူသတ်ကြီး ဖြစ်သော တမ္ဗဒါဌိကသည်။ သုဘာသိတံ၊ ကောင်းစွာ ဟောကြားအပ်သော။ ဓမ္မံ၊ ဝိပဿနာတရားတော်ကို။ သုဏိတွာန၊ ကြားနာရ၍။ အနုလောမခန္တိံ၊ မဂ်ညာဏ်အားလျော်သော သင်္ခါရုပေက္ခာ ညာဏ်ကို။ လဒ္ဓါန၊ ရရှိ၍၊ တိဒိဝံဂတော၊ တုသိတာနတ်ပြည်သို့ ရောက်လျက်။ မောဒတိ၊ ဝမ်းမြောက်ရလေ၏။

ဤဝတ္ထု၌ အရှေ့မျက်နှာမှ ခိုးသားငါးရာ၊ တောင်မျက်နှာမှ ခိုးသားငါးရာ၊အနောက်မျက်နှာမှ ခိုးသားငါးရာ၊မြောက်မျက်နှာမှ ခိုးသားငါးရာနှင့်တကွ၊ ၅၅-နှစ် ကာလပတ်လုံး ခိုးသားတွေကိုသတ်၍ နေငြားသော်လည်း အရှင်သာရိပုတ္တရာကဲ့သို့သော ကလျာဏမိတ္တကိုရ၍ငင်း၊ ဝိပဿနာကဲ့သို့သော (ဓမ္မမုဍ္ဍမ) ကို နာရ၍ငင်း၊ ငင်းအကုသိုလ်များ အကျိုးမပေးနိုင်တော့ဘဲ၊ တုသိကာနတ်ပြည်၌ ၅၇-ကုဋေနှင့် ၆-သန်း ဝမ်းမြောက်စွာနေရပုံကို ထောက်၍။ ပရမော အဝိပရိတော အတ္တော ပရမတ္တော။ ။ ပရမော၊ မြတ်လှစွာသော။ အဝိပရိတော၊ ဖောက်ပြန်ခြင်း မရှိသော။ အတ္တော၊ သဘောအနက်ပင်တည်း။ ပရမတ္တော၊ မြတ်လှစွာသော သဘောအနက်။ ဝါ၊ ဖောက်ပြန်ခြင်းမရှိသော သဘောအနက်။ ။တရားကိုကမြတ်၍နေပေရာ သူနှင့်တွဲမိလျှင် မြတ်ရာသို့ရောက်ရတော့၏။ တရားကိုကမဖောက်မပြန်ဘဲ သတ္တိရှိနေပေရာ သူနှင့်တွဲမိလျှင် မဖောက်မပြန်ဘဲ အကျိုးပေးမြဲရမည်။ ။တနည်းကား။ ။ပရမဿ သဗ္ဗညုတညာဏဿ အတ္တော

ဂေါစရေရတိ ပရမတ္ထော။ ။ပရမသ၊မြတ်လှစွာသော။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတရွှေညာဏ်တော်ကြီး၏။အတ္ထော ဂေါစရော၊ ကျက်စားရာပင်တည်း။ ဇာတိတသ္မာ၊ထို့ကြောင့်။ ပရမတ္ထော၊ပရမတ္ထမည်၏။သဗ္ဗညုတရွှေညာဏ်တော်ကြီး၏ အာရုံဖြစ်ပါသောကြောင့်လည်း မြတ်သောအကျိုးကို ဆောင်မှုနိုင်ပါသည်။ ။တနည်း။ ။အဘိအတိရေကော ဓမ္မော အဘိဓမ္မော။ အဘိအတိရေကော၊ အလွန်အမင်း ကဲပိုစွာ။ ဓမ္မော၊ ဆောင်ပို့နိုင်သော တရားပင်တည်း။ အဘိဓမ္မော၊ အလွန်အမင်း ကဲပိုစွာ ဆောင်ပို့နိုင်သော တရား။ ။တနည်း။ ။(ဗုဒ္ဓဓမ္မော အစိန္တိယာ) ဗုဒ္ဓဓမ္မော၊ မြတ်စွာဘုရား၏ ပရမတ်တရားတော် တို့သည်။ အစိန္တိယာ၊ ကြံစည်အံ့သြ၍ မကုန်နိုင်ကုန် ပါတဲ့၊ တမ္ဗဒါဠိကဝတ္ထုကား ဝိပဿနာတရား၏ စံပြသက်သေ ဖြစ်သော ဝတ္ထုပင်တည်း။ ဤပုံစံလို ၂၂-ဝတ္ထု ရှိသေး၏။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿတိ။

ရာဟုလောဝါဒသုတ်တော်။ ။ရာဟုလ၊ ချစ်သားရာဟုလာ။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး အပေါင်းဖြစ်တဲ့ ခန္ဓာကိုယ်ကြီး၌။ အနိမိတ္တဉ္စ၊ သမူဟ, ဃန, သဏ္ဌာန, သန္တတိ, နာမ-စသော နိမိတ်,ပုဂ္ဂလ,သတ္တ-စသော နိမိတ်များ လွန်မြောက်၍ ခတ်တရား သက်သက်ကိုလည်း။ ဘာဝေဟိ၊ တွေ့တိုင်း-တွေ့တိုင်း ရက်မဆိုင်းတဲ့ နေ့တိုင်းပင် ပွားများပါလော့။ မာနာနုသယံ၊ ငါသာတတ်, ငါသာမြတ် စသော မာနအနုသယကိုလည်း။ ဉဇ္ဇဟ၊ ခွါစွန့် ပါလော့။ တတောမာနာဘိသမယာ၊ ထိုမာနကို စွန့်ခွါနိုင်ခြင်းကြောင့်။ ဥပသန္တော၊ ငြိမ်းအေးလျက်။စရိဿတိ၊နိဗ္ဗာန်သို့ သွားရလတံ့။

သဟာယမပိစေ ဝါစာ၊ အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံသုတွာ ဥပသမ္မတိ။

ဓမ္မပဒ တမ္ဗဒါဠိကဝတ္ထု။ ။အနတ္ထပဒသံဟိတာ၊ အကျိုးကို မပြတတ် သော ပုဒ်တို့ဖြင့် ဖွဲ့စပ်၍ ဆိုအပ်သော သီချင်းနှင့်တူသော။ ဝါစာ၊ စကား သည်။ သဟဿမ္ပိ၊ တထောင်မျှ များပြားစေကာမူ။ ပါပိကာဝေ၊ ယုတ်ညံ့

ဇုန္ဓာသယ ၄၆၁-၄၁

သည်သာလျှင်တည်း။ ယံ၊အကြင်ပုဒ်ကို။ သုတွာ၊ ကြားနာရ၍။ ဥပသမ္မတိ၊ ကိလေသာမီးငြိမ်း၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ အတ္ထပဒံ၊ ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ-စသော အနက် ရှိသော ပုဒ်သည်။ သေယျော၊ တခွန်းပင် ဖြစ်သော်လည်း။ သေယျော၊ မဂ်,ဖိုလ်,နိဗ္ဗာန်,ရသဖြင့် မြတ်လှတော့သည် သာလျှင်တည်း။

ဗျာဒိတ် ၄-ချက်ပါဝင်သော သာဓကပါဠိတော်

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ အဿ။

စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။ ။တဿ၊ ထိုလူ့ပြည်က တရားအားထုတ်သောယောဂီအား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာစွာ။ ဓမ္မပဒါနိ၊ တရားအစုံတို့သည်။ ပလဝန္တိ၊ ပေါ်၍လာကြကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သတုပ္ပါဒေါ၊ ငါနတ်သားဖြစ်ပြီဟုသတိရခြင်းသည်။ ဒန္ဓော၊ နောက်ကျ သေး၏။ အထခေါ၊ စင်စစ် သော်ကား။ သော သတ္တော၊ ထို ယောဂီသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်, ဖိုလ်, နိဗ္ဗာန်အဘို့ရှိသည်။ အဿ၊ ဖြစ်ရာ၏။

(၁) ဝိပဿနာအားထုတ်၍သေလျှင် နတ်ဖြစ် မဂ်,ဖိုလ်ရ။ (၂) ဝိပဿနာ အားထုတ်၍ သေလျှင် သူတပါး တရားဟောတော့ မဂ်,ဖိုလ်ရ။ (၃) ဝိပဿနာအားထုတ်၍ သေလျှင် သူတပါး နတ်, ဗြဟ္မာ, ဘိက္ခုက တရားပြတော့ မဂ်,ဖိုလ်ရ။ (၄) ဝိပဿနာအားထုတ်၍သေလျှင် သူတပါး သတိပေးတော့ မဂ်,ဖိုလ်ရ။ ဤဗျာဒိတ်လေးပါးတွင် တပါးပါး မှာတော့ စွဲမှာပါဘဲ၊ စိတ်ချပါ၊ ယုံကြည် ကြပါကုန်။ ပရမတ်တရား ဆိုတာဟာ မဖောက်မပြန် မြတ်တဲ့သဘောပါဘဲ။ ပရမတ်ကိုရလျှင် အကျိုးလဲမဖောက် ပြန်တော့ဘူးဆိုတာကိုလဲ သိထားရမည်။ ပရမော အဝိပရိတော အတ္ထော-ဆိုတဲ့ (အတ္ထော)ဟာ ဘာတဲ့လဲလို့ စဉ်းလဲ စဉ်းစားကြပါဦးတော့။ ပရမဿ

သဗ္ဗညုတညာဏာ အတ္တော ဂေါစရော-ကိုလဲ စေ့စေ့ငုငုနှင့် ကြည့်ရှုကြပါဦး။ (ဗုဒ္ဓ ဓမ္မာ အစိန္တေယျာ) ဒီပါဠိကိုလဲ ကြည့်ကြပါဦး။

အန္ဓီဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဓမ္မပဒပါဠိတော်၊ ပေသကာရဓီတုဝတ္ထု၊ နံပါတ်-၂၃၊ ကြောင်း ၁၀-သုမှ၌။ ။အယံလောကော၊ ဤလူများ အပေါင်းသည်။ အန္ဓီဘူတော၊ သံသရာဘေးကို မြော်ခတွေး ဆင်ခြင် ဝိပဿနာ ဉာဏ်အမြင် ပညာ စက္ခုမှ ကင်းသဖြင့် သူကန်းကဲ့၏ နယ်အတွင်း၌ သက်ဆင်း ပါဝင်၍ နေတော့၏။ ဧတ္ထ၊ ဤသူကန်းသဖွယ်ဖြစ်သော လူအပေါင်းတွင်။ တနုကော၊ အနည်းငယ်သော သူသည် သာလျှင်။ ဝိပဿတိ၊ ခန္ဓာ ငါးတန် ရုပ်နှင့် နာမ်ကို အဖန်ဖန်ရှု၍ နေပေ၏။ ဇာလမုတ္တော၊ အုပ်မိသော ပိုက်ကွန်တွင်းမှ လွတ်သော။ သကုဏော၊ ငှက်သည်။ အပ္ပေါဝ၊ နည်းပါးသကဲ့သို့။ အပ္ပေါ၊ နည်းပါးသော သူသည်။ သဂ္ဂါယ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်သော ဘုံသို့။ ဂစ္ဆတိ၊ သွားရောက်ရလေ၏။ ။လူ, နတ်, ဗြဟ္မာ အများတွင် ဝိပဿနာ သမား နည်းလှ ပေ၏။ ငှက်အများတွင် တကောင်တလေသာ ပိုက်ကွန်မှ လွတ်၏။ နည်းပါးသော ဝိပဿနာ သမားသာ လူ, နတ်, နိဗ္ဗာန် ရောက်နိုင်၏။

အဋ္ဌကထာ၏ အနုသာသနီ

ဣတိ အနေကေဟိ နာမေဟိ၊ ကိတ္တိတာယာ မဟေသိနာ။
ဝဋ္ဋာနုဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။

ဣတိ၊ ဤသို့။ အနေကေဟိ၊ များစွာကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ ဝဋ္ဋာနုဂါမိနီသန္တာ၊ မဂ်သို့ ရောက်ကြောင်းဖြင့် ကိလေသာကို ငြိမ်းစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော။ ယာဝိပဿနာ၊ အကြင် သံသရာဝဋ်မှ လွတ်မြောက် စေတတ်သော ဝိပဿနာကို။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ကိတ္တိတာ၊ ဟောကြားတော်မူအပ် လေပြီ တကား။ ။(သံသရာ ဝဋ်မှ လွတ်မြောက် စေတဲ့ ဝိပဿနာတဲ့)။ အတို

ချုပ်လိုရင်းမှာ၊ ဝိပဿနာ တရားတော်သည် ပရိသုဒ္ဓဂုဏ် ရှိပေ၏။ အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ စသော ဘေးတို့မှငင်း၊ ဝဋ် ၃-ပါးမှငင်း စင်ကြယ် စေပါ၏။ ဝုဋ္ဌာနဂါမိနီ သန္တာ ဂုဏ်လဲ ရှိပေ၏။ အပါယဘေး၊ ဘေဘူကဘေး၊ သံသရာဘေး ဒုက္ခအပေါင်းမှ တစတစ တဆင့်တဆင့် ထမြောက်၍ လာစေတတ်ပါ၏။ ထိုကြောင့် မြတ်စွာဘုရားက ဝိပဿနာကို နာမည်အမျိုးမျိုးဖြင့် ဟောခဲ့ရပါပေ၏။ ဘုရားဖြစ်စဉ် မွေကြားဟော တော့လည်း ဝိပဿနာတရားပါဘဲ။ အလယ်တွင် ၄၅-ဝါပတ်လုံး ဝိနည်း ဟောသည်း အဘိဓမ္မာ သတ်ရသည်။ သုတ္တန် ဟောလည်း အဘိဓမ္မာ သတ်ရပါသည်။ (၅၅၀)ဇာတ်တော်ကိုဟောသည့် အဆုံးအဆုံး၌လည်း သစ္စာ အုပ်၍ ဟောရပါသည်။ ဘုရားပရိနိဗ္ဗာန် စံကာနီးတော့လည်း (ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ) ဟူ၍ သေတမ်းစာ သဘောဖြင့် ဝိပဿနာ အုပ်၍ပင် နိဗ္ဗာန် ဝင်စံတော် မူပါသည်။ ဝိပဿနာထက် အရေးကြီးသောတရားမရှိပုံကို သိသာစေ၏။

ဝိပဿနာဖြင့် နိဗ္ဗာန်ဆိုသွားပုံ

ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာ ဒိသာ။
ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတ္တော။
ဟိရိ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိံ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။
ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ။
သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်။ ။သမဏ နတ်သား ဝတ္ထု။ ။ ဒေဝပုတ္တ၊ ငါ၏ချစ်သား အိုနတ်သား။ သောမဂ္ဂေါ၊ ထိုမဂ္ဂင်ရှစ်ပါးတည်း ဟူသော လမ်းခရီးသည်။ ဝါ၊ နိဗ္ဗာန်ခရီး လမ်းမကြီးသည်။ ဥဇုကောနာမ၊ မကွယ်မထောင့် အလွန်ဖြောင့်မှန်သော လမ်းခရီးကြီး မည်၏။ သာဒိသာ၊ ထိုနိဗ္ဗာန် တည်းဟူသော အသခ်တအရပ်သည်။ အဘယာနာမ၊ ဘေးရန် အန္တရာယ် ရန်စွယ် မရှိသော အရပ် မည်၏။ ဓမ္မစက္ကေဟိ၊ တရား

တည်းဟူသော ရထား လှည်းဘီး တို့နှင့်။ သံယုတ္တော၊ မကျွတ်နိုင်အောင် ကောင်းစွာ စွပ်ယှဉ် အပ်သော။ ရထော၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရထားကြီးသည်ကား။ အကူဇနေ္နာနာမ၊ ဆိ,ရေ,မထိုးသော်လည်း မကျိုး မပြည်သောရထားမည်၏။

ဟိရိ၊ မကောင်းမှု ဒုစရိုက်မှ ရှက်တတ် ကြောက်တတ်သော ဟိရိ, သြတ္တပ္ပ, တရား ၂-ပါးသည်။ တဿ၊ ထိုမဂ္ဂင်ရထားကြီး၏။ အပါလမ္ဗော၊ မှီရာတံကဲ မည်၏။ သတိ၊ ကုသိုလ်အာရုံကို မပျောက်ရအောင် အောက်မေ့ တတ်သောသတိသည်။ အဿ၊ ထိုမဂ္ဂင် ၈-ပါး ရထားကြီး၏။ ပရိဝါရဏံ၊ ရံတိုင်မည်၏။ သမ္မာဒိဋ္ဌိပုရေဇဝံ၊ ဝိပဿနာသမ္မာဒိဋ္ဌိလျှင် ရှေးသွားရှိသော။ ဓမ္မံ၊ လောကုတ္တရာသမ္မာဒိဋ္ဌိဉာဏ်ကို။ သာရထိ၊ ရထားထိန်းကြီးဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ဝေဒပုတ္တာ၊ ငါ၏ချစ်သား အိုနတ်သား။ ယဿာဒိသံ ယာနံ၊ ထိုသို့သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ရထား သည်။ အတ္ထိ၊ ရှိသည်ဖြစ်အံ့။ သသော၊ ထိုမိန်းမယောကျ်ား ဟူသမျှသည်။ ဧတေနယာနေနဝေါ၊ ဤမဂ္ဂင်ရှစ်ပြာ ယာဉ်ရတနာ ဖြင့်သာလျှင်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်တည်းဟူသော ဘေးမဲ့ရာမြို့တော်ကြီးသို့။ ဝေကေန္တေနာ၊ စင်စစ်အမှန် အားဖြင့်။ သန္တိကေ၊ အနီးကပ်၍ ရောက်နိုင်လေတော့၏။(ကောက်ချုပ်)။

(ဒါ-သီ-ထ-ဝိ) ၄-ဘက် ၄-တန်စုံမှ နိဗ္ဗာန်ရ၊ဉာဏစာဂိဝါဒနှင့်ညီ၏။ (ဒါ-သီ-ထ)၃-ခုထဲက တခုခုနဲ့နိဗ္ဗာန်ရ၊အခြားဝါဒနှင့်လုံးဝမညီပါ။ (သီဝံ ပဲတွေထ ဘိက္ခဝေ သီဝံ ပတ္တေတွာန ဒါနံ ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ ဘာဝနာ ဘာဝေတဗ္ဗာ)ဆိုတဲ့ ပါဠိနှင့် ဉာဏစာဂိဝါဒ ညီညွတ်လှ၏။

ချိန်ဆ၍ ကြည့်ကြပါရန်

တသက်လုံး ဟောသူ၏ အဇ္ဈာသယကို မူလထားပြီး အတွေး နက်ကြ ပါရန်၊ အချက် ကျကြပါရန်၊ အမှန် သိကြပါရန်။ ။(၁) ဘုရားရှင်ကြီး

ပြုစေလိုတာက၊ (ဒါ-သီ-ထ-ဝိ) လေးဘက် လေးတန် စုံဘို့ပါဘဲ။ ။ ယခုပြု၍ နေကြတာက ယေဘုယျအားဖြင့် (ဒါန-သီလ-သမထ) အတု လောက် အရောင်လေးကပ်ပါ။ ဒါနမှာလည်း ထိထိရောက်ရောက်မဟုတ်ကြ။ သီလမှာလည်း ထိထိရောက်ရောက် မဟုတ်ကြ။ သမထမှာလည်း ကျမ်းဂန် အဆိုနှင့် မကိုက်ညီ ကြပါ။ ဝိပဿနာမှာကား လုံးဝမရှိဘဲ ဆုံးရှုံး နစ်နာကြ ပါသည်။

---

## (၁၅၇) သာယာဝတီ ဦးဥာဏ်ယျ၏ ဆုံးမစာ

### မြတ်စွာဘုရား၏ သားတော်သမီးတော်များ အထူးစဉ်းစားစရာ

ခေါင်းတုံးကို ပြောင်အောင်ရိတ်၍ သပိတ် ဘဲ ဣန္ဒြေ၀တ် သင်္ကန်းနှင့် ပိတ်ဖြူကိုဆင်မြန်း၍နေကြခြင်းသည် ဘယ်ကဲ့သို့သော အကြောင်းကြောင့် ဆိုတာ မိမိကိုယ်ကို စစ်ဆေးမေးမြန်း စုံစမ်းဆင်ခြင်ရန် အရေးကြီးလှပါ သဖြင့် အောက်ပါ ကိစ္စတို့ကို နဖူးပေါ်လက်တင်၍ ဆင်ခြင်တော် မူကြစေ လိုခြင်း ကြောင်း။

(၁) ဗုဒ္ဓသာသနာတော်ကြီးသည် သင့်နှင့်ဘယ်လိုသက်ဆိုင်ပါသလဲ။

(၂) သာသနာတော်၏ အရိပ်အရောင်ကြောင့် သည်အနေ အစားမျိုး နေထိုင်စားသောက်ရတယ်ဆိုတာ တွေးဘူး၍ ဘုရားကို ကျေးဇူး တင်မိကြပါရဲ့လား။

(၃) သင်၏ ယခုနေခြင်းသည် သာသနာတော်ကို ပြုဘို့လား၊ဖျက် ဘို့လား။

(၄) မြတ်စွာဘုရား၏ သာသနာတော်ကို သင်ဘယ်နည်းနဲ့ ပြုဘူးပါ သလဲ။

(၅) ထင်ထင်ရှားရှား ဘာတခုမျှ သာသနာတော်ကြီး အတွက် မပြုစု မစောင့်ရှောက်ရသေးသော်၊ ပြုစုစောက်ရှောက်အုံးမည်ဟု ဘယ်

နှစ်ခါ စိတ်ကူးထဲမှာ ထည့်ဘူးပါသလဲ....ဒီလိုနဲ့ အသေခံတော့မှာလား။

အဲဒီ ငါးမျိုးလောက်ကို အခေါက်ခေါက် စဉ်းစားကာ ဆွမ်းခံစားရုံဘောဖိတ်,မြို့ဖိတ်နေ့ ဆွမ်းဆန်ခံစားရုံဖြင့် တင်းတိမ်သာယာ၍ မနေပါဘဲ မသေခင်နေရတဲ့ရက်မှာ သာသနာတော်ကြီးရဲ့အတွက် အသက်သေသေ အရေစုတ်စုတ် သာသနာပြုတဲ့ အလုပ်ကို လုပ်ပါသော်ကောလို့ ကောင်းမြတ်သော အာရုံကို စောနိုင်ကြပါစေ၊သားတော်,သမီးတော်တွေတို့....။

ဝိပဿနာလက်တွေ့ ဉာဏ်စဉ်ကျမ်းကြီး ပြီးဆုံးပါပြီ။